ရန်အောင်စာပေ ၂

# ဓနုမလေးမပိုင်း

ရန်အောင်

ဒု တိ ယ အ ကြိ မ်





# ဓနုမလေးမဝိုင်း

ရန်အောင်

ရန်အောင်စာပေ – ၂
စာအုပ်အမှတ် ( ၁၃၂ )

စီစဥ်သူ

နီနီအောင်

အမှတ် (၈၅၅)၊ ဦးဌေးကိုင်လမ်း၊ (၄၁) ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်တိုင်း။
✆ ၀၉ ၅၁၉၅၆၂၉

မနုမလေး မပိုင်း
ရန်အောင်

**ပုံနှိပ်မှတ်တမ်း**
ဒုတိယအကြိမ်၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ
**အုပ်ရေ** – ၅၀၀

□

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**
ဦးရင်မောင်ထွဋ်၊ သိန်းမင်းပုံနှိပ်တိုက်၊ (မြ–၀၁၂၄၈)
နံပါတ် ၅၃၊ နတ်မောက်လမ်းသွယ်၊ ဗဟန်းမြို့နယ်။

□

**စီစဉ်ထုတ်ဝေသူ**
နီနီအောင်

□

**ထုတ်ဝေသူ**
ဒေါ်နီနီအောင် (မြ–၀၅၁၁၀)
၈၅၅/ ၄၁၊ ဦးငွေကိုင်လမ်း၊ ၄၁ ရပ်ကွက်၊
ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်မြို့။

□

**တန်ဖိုး – ၃၀၀၀ ကျပ်**
**ကွန်ပျူတာ** – Dream City
**မျက်နှာဖုံးဓာတ်ပုံ** – Su San

၈၉၅.၈၃

ရန်အောင်

မနုမလေး မပိုင်း/ ရန်အောင်။ – ရန်ကုန်
ရန်အောင်စာပေ (၂) ၊ ၂၀၁၆။
၃၄၀–စာ၊ ၁၃ x ၂၁ စင်တီ။
(၁) မနုမလေး မပိုင်း

ခနမလေး မဝိုင်း

**ရန်အောင်**

# (၁)

ဝိုင်းစက်သော လမင်းသည် တောင်တန်းကြီးများကို ကျော်လွန်မြင့်တက်လာကာ တောင်တန်းများ၏ အလယ်ရှိ ကျောက်တောရွာကလေးကို စိန်းစိန်းကြည့်နေသယောင် ရှိလေသည်။

ကျောက်တောရွာတွင် အိမ်ခြေ ၁၅ အိမ်မျှသာရှိသည်။ သက်ကယ်မိုးထရံကာလျက် ဝါးကြမ်းခင်းထားသည့် အိမ်တွေကများ၏။

ရွာလယ်ရှိ ဦးမာလာ၏ နှစ်ဆောင်ပြိုင်အိမ်တစ်လုံးသာလျှင် ပျဉ်ခင်း၍ထားသည်။ ထိုအိမ်ပေါ်ရှိ မီးဖိုကြီးအနီးတွင် ဦးမာလာ ထိုင်ကာ မီးလှုံနေသည်။ ဦးမာလာကား တောင်ရိုးအမျိုးသား ဆေးဆရာတည်း။ ရွာမိရွာဖလည်း ဟုတ်၏။ ပညာဗဟုသုတကြွယ်သူလည်း မှန်သည်။ ရပ်ရွာစလေ့ထုံးစံအတိုင်း လယ်ယာအလုပ်ကိုလည်း လုပ်ကိုင်သည်။

ဦးမာလာ၏အနီးတွင် သားငယ်ကိုနို့တိုက်နေသော အရီးနန်းကြာထိုင်ကာ မီးလှုံနေသည်။ အရီးနန်းကြာကား ရှမ်းအမျိုးသမီးတည်း။

နတ်တော်လဖြစ်ရာ ခိုက်ခိုက်တုန်အောင် ချမ်းသောရာသီဖြစ်၏။

"ဆရာကြီး... မာတယ်နော..."ဟူသော မေးသံနှင့်အတူ အသက်အစိတ်ရွယ် လူတစ်ယောက်တက်လာကာ မီးပုံအနီးတွင် ထိုင်၏။

"အိမ်း... မာရဲ့...၊ ငပုတို့ နက်ဖြန် တောင်ယာခုတ်ရမယ်ထင်တယ်" ဟု ဦးမာလာကမေးသည်။

"ဟုတ်တယ်... ခုတ်ရမယ်၊ အနိမ့်ပိုင်းလယ်က နည်းတော့ တောင်ယာစပါးလည်း လုပ်ရမယ်"

ငပုဆိုသူကား ဓနုအမျိုးသားဖြစ်သည်။

ထိုအခိုက် လူတစ်ယောက်တက်လာရာ "ငခိုင်... လာဟေ့"ဟု ဦးမာလာက ခေါ်လိုက်ရာ ငခိုင်ဆိုသူသည် ဦးမာလာ၏ဘေး မီးဖိုအနီးတွင် ထိုင်သည်။ ငခိုင်ဆိုသူကား အင်းသားလူမျိုးတည်း။

ဦးမာလာတို့ ဒေသတစ်ဝိုက်တွင် တောင်ရိုး၊ ဓနု၊ အင်းသားဟူသော လူမျိုးသုံးမျိုးတို့ အများအပြားနေထိုင်ကြသည်။ ထိုလူမျိုးသုံးမျိုးစလုံးပင် ဗမာစကားကိုချည်း ပြောဆိုကြသည်။ သို့သော် ပြောပုံချင်း အတန်ကွဲပြား၏။

တောင်ရိုးလူမျိုးတို့၏ စကားမှာ ရခိုင်စကားနှင့် အတော်တူသည်။ အင်းသားလူမျိုးတို့၏စကားမှာ ထားဝယ်စကားနှင့် ဆင်ဆင်တူလျက် ဓနုလူမျိုးတို့၏စကားမှာ ဗမာစကားအတိုင်းလိုပင်ဖြစ်သည်။

အဆိုပါလူမျိုးသုံးမျိုးတို့၏ ဘာသာစကား အရင်းအမြစ်ချင်း တူညီမှုကြောင့်တစ်ကြောင်း၊ တစ်ဦး၏ လေယူလေသိမ်းကို တစ်ဦးက နားလည်မှုကြောင့်တစ်ကြောင်း၊ ပြောပါ ကြားပါများ၍ နားရည်ဝနေသောကြောင့်တစ်ကြောင်း လူမျိုးတစ်မျိုး၏ စကားကို အခြားလူမျိုးတစ်မျိုးက နားလည်သည်။ တစ်ယောက်၏စကားကို တစ်ယောက် နားပေါက်သည်။

ဦးမာလာနှင့် ငခိုင်ဆိုသူ ငပုဆိုသူတို့ စပ်မိစပ်ရာ စကားများပြောဆိုနေကြစဉ် အခြားယောကျာ်းနှစ်ဦးနှင့် မိန်းမတစ်ဦးတို့ တက်လာကာ မီးလှုံကြရင်း စကားဝိုင်းဖွဲ့နေကြသည်။

"ညွှန့်က ဝလိုက်တာဟဲ့... လာစမ်း... ထွေးတော်စီ..."

အမျိုးသမီးက ပြောပြောဆိုဆို ဒေါ်နန်းကြာ၏ ရင်ခွင်တွင်းမှ ကလေးငယ်ကို ဆွဲယူပွေ့ချီကာ ချော့မော့နေသည်။

သူတို့တစ်တွေသည် အထက်တွင်ဆိုခဲ့သည့်အတိုင်း တောင်ရိုးအင်းသားနှင့် ဓနုလူမျိုးများတည်း။ ဗမာ့အဆက်အနွယ် ဗမာ့မိသားစုများသာတည်း။ ဗမာ့သို့ရာတွင် အရပ်ဒေသ ဓလေ့သဘာဝအလျောက် အမျိုးသားတို့ ကဆောင်းဘီများဝတ်ဆင်ထားကြရာ အဝတ်အစားကို ကြည့်လျှင် ရှမ်း၊ ပအို့ဝ်၊ တောင်ရိုး၊ အင်းသား၊ ဓနုတို့မှာ ခွဲခြား၍မရ၊ တစ်သွေးတည်း၊ တစ်ဆင်တည်း၊ တစ်မျိုးတည်းလို ဖြစ်နေလေတော့သတည်း။

"ကိုရင်ချုံတို့ကော နက်ဖြန် တောင်ယာခုတ်ရမှာပဲလား..."ဟု ကိုရင်ပုက မေးလိုက်သည်။

"ခုတ်ရမှာပ... မိရိုးဖလာအလုပ်ပေးကိုး..."ဟု ကိုရင်ချုံ ဆိုသူက ပြန်ပြောသည်။

ဦးမာလာသည် ထင်းချောင်းများကို မီးဖိုတွင် ထပ်ဖြည့်ကာ မီးတောက်ကြီးလာအောင်ပြုသည်။ ထိန်လင်းသော မီးရောင်တွင် တစ်ယောက်၏မျက်နှာကို တစ်ယောက်က သဲကွဲအောင်မြင်ရ၏။

"အရိုးနန်းကြာမလဲ... ကျွန်တော်တို့ရွာမှာ ရှမ်းအမျိုးသမီး တစ်ယောက် တည်းဖြစ်နေတော့ ပျင်းများနေမလားပဲ..."ဟု ကိုရင်ချုံက မေးလိုက်သည်။

"ဒီရွာမှာကတော့ တောင်ရိုးလူမျိုးတွေ များသကိုးကွယ့်...၊ ငါ့ယောက်ျားကလည်း တောင်ရိုးပဲ၊ သို့ပေမဲ့ဟယ်... တောင်ရိုးရယ်၊ ရှမ်းရယ်၊ ခနုရယ် ခွဲခြားနေဖို့မလိုပါဘူး။ တစ်မိတည်း တစ်ဖတည်းက ပေါက်ဖွားလာကြတဲ့ ညီအစ်ကိုမောင်နှမတွေပါကွယ်... "

အရိုးနန်းကြာက ရှမ်းသံကလေး ဝဲဝဲဖြင့်ပြော၏။ ဘာသာစကားချင်း အတန်ငယ်စီ ကွဲပြားကြသဖြင့် လေယူလေသိမ်း ဝဲပုံဆွဲပုံချင်း မတူသော်လည်း နားလည်ကြသည်။

"အရိုးတို့ ဒီရွာရောက်လာရတဲ့ ဇာတ်ထုပ်ကလေး ပြောပြစမ်းပါဦး..."ဟု ကိုရင်ပုက တောင်းပန်လိုက်သည်။

"အရိုးနန်းကြာသည် ထိန်လင်းသော မီးပုံကြီးကို ငေးစိုက်ကာ ကြည့်နေသည်။ သူ့မျက်စိအောက်တွင် မီးပုံကြီးပျောက်သွားကာ အတိတ်မှ ဖြစ်ရပ်တို့ တရိပ်ရိပ်ပေါ်လာလေသည်။

အရိုးနန်းကြာ စကားစလေပြီ။

"ဗမာဘုရင် သီပေါမင်းကို ကုလားဖြူတွေ ဖမ်းသွားစဉ်ကပေါ့ကွယ်၊ အဲဒီအချိန်မှာ အရိုးက အပျိုပဲရှိသေးတယ်၊ တို့ပင်လောင်းစော်ဘွားကြီးကလည်း ဗမာဘုရင်ပါသွားတာ မကျေနပ်လို့ ကုလားဖြူတွေကို ခံတိုက်တယ်၊ အဲဒီတိုက်ပွဲမှာ တို့အဖေလည်းပါတာပေါ့..."

နားထောင်နေသူများ၏ စိတ်အစဉ်သည်လည်း အရီးနန်းကြာ၏နောက်သို့ လိုက်ပါကာ အတိတ်ဆီသို့ ရောက်သွားသည်။

"အမျိုးထိ၊ မချိအောင်နာ"ဟူသော ရှမ်း ဗမာစကားပုံအတိုင်း ရှမ်းအမျိုးသားတို့သည် သွေးရင်းသားရင်းဖြစ်သော ဗမာဘုရင်အတွက် မခံမရပ်နိုင်ဖြစ်ကာ ရရာလက်နက်ဆွဲလျက် ကုလားဖြူကို အလုံးလုံး အထွေးထွေး တိုက်ခိုက်သတ်ဖြတ်ခဲ့ပုံများကို အရီးနန်းကြာ၏ ပြောစကားအရ နားထောင်နေသူများ ထင်မြင်လာကြသည်။

အရီးနန်းကြာက စကားဆက်ပြန်၏။

"အဲဒီလို ရှမ်းတွေနဲ့ ကုလားဖြူဘက်က စစ်သားတွေ အသေအလဲ တိုက်ခိုက်နေကြတော့ တို့နေတဲ့ ပင်လောင်းမြို့ဟာ မလုံခြုံတော့ဘူး၊ အန္တရာယ်များလာတယ်။ အသက်စိုးရိမ်ရတယ်၊ ဒီတော့ အရီးတို့အမေနဲ့ အရီးက ဘေးရန်ကင်းတဲ့ ဟောဒီကျောက်တောရွာကို ပြောင်းလာကြတယ်၊ အဖေက တော့ ကုလားဖြူတွေကို တိုက်ကျန်ရစ်တယ်"

"ကျွန်တော်တို့သာ အဲဒီတုန်းက အရွယ်ရောက်တဲ့ လူတွေဖြစ်ရင် ဒီလိုပဲ ကုလားဖြူကို ခံသတ်မှာပဲ..."ဟု ကိုရင်ချိုက လက်သီးလက်မောင်း တန်းကာ ပြော၏။

"အရီးတို့အဖေလည်း ရှင်ရွှေထီး သေမြေကြီးဆိုပြီး တိုက်တာပဲ၊ ရွှေထီးတော့ မရလိုက်ဘူး၊ မြေကြီးထဲပဲ ရောက်သွားရှာတယ်..."

အရီးနန်းကြာက ဝမ်းနည်းသံနှောကာ ပြောသည်။

"အိမ်း ... အဲသည်တုန်းကပေါ့..."

ဦးမာလာက စကားဆက်လိုက်၏။

"မိနန်းကြာတို့သားအမိ ငါတို့ရွာရောက်လာတော့... သူတို့ကို တစ်ရွာလုံးက သနားကြတယ်၊ တို့ရွာမှာက တောင်ရိုးတွေများတယ်၊ သူတို့ သားအမိပဲ ရှမ်းဖြစ်နေတော့ မျက်နှာမငယ်ရအောင် တစ်ရွာလုံး ဂရုစိုက်ကြတယ်၊ သူတို့နေဖို့ အိမ်ကို ဝိုင်းပြီးဆောက်ပေးကြတယ်၊ သူတို့လယ်ကို ဝိုင်းပြီးလုပ်ပေးကြတယ်၊ သူတို့လယ်ကို ဒိုင်ခံပြီးလုပ်ပေးတာက ငါပဲပေါ့၊ အိမ်း... နောက်တော့..."

ဦးမာလာက စကားဖြတ်ထားကာ အရှီးနန်းကြာ၏ မျက်နှာကို လှည့်ကြည့်လိုက်သည်။

"ဆရာကြီးက လယ်လုပ်ပေးတော့ ... အရှီးနန်းကြာတို့သားအမိက ကျေးဇူးတင်ပြီး ကျေးဇူးဆပ်တဲ့အနေနဲ့ အရှီးနန်းကြာကို ဆရာကြီးနဲ့ပေးစားလိုက်တာပေါ့နော ..."ဟု ကိုရင်ခိုင်ကမေး၏။

ဦးမာလာနှင့် အရှီးနန်းကြာတို့က ပြုံးကြသည်။ အခြားသူများက တခစ်ခစ်ရယ်ကြသည်။

ဦးမာလာနှင့် အရှီးနန်းကြာတို့သည် ငယ်စဉ်အခါ လူပျို အပျိုဘဝကို သတိရကာ စိတ်ကြည်နူးချမ်းမြေ့သလို ဖြစ်သွားကြသည်။

○

# (၂)

ကျောက်တောရွာ အနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းများတွင် ခုတ်သံ၊ ထစ်သံ၊ သစ်ပင်လဲကျသံများ ဆူညံ၍နေလေသည်။

အရပ်ရှစ်မျက်နှာတစ်ခို ဘယ်ဆီကိုပဲကြည့်ကြည့် တောင်နိမ့်တောင်မြင့် အဆင့်ဆင့်ကိုသာလျှင် တွေ့မြင်ကြရ၏။

ကျောက်တောရွာသား တောင်ယာခုတ်သမားတို့သည် မိမိတို့ကြိုက်ရာတောင်ကို ရွေးချယ်ကာ အင်တိုက်အားတိုက် ခုတ်ကြသည်။ တောင်ကုန်းတွေကများ လူဦးရေကနည်းသဖြင့် လုယက်နေစရာမလို၊ မြေပြဿနာမပေါ်၊ မြေအတွက် လောဘထွက်စရာ ဒေါသထွက်စရာ အကြောင်းမရှိ။ ဤအရပ်ကား မြေတွေပေါကာ လိုချင်သလောက်ရနိုင်သည့် မြေပဒေသာအရပ်တည်း။

တောင်ပေါ်သစ်တောကား အပင်မျိုးလည်းစုံလှသည်။ သစ်ပင်ပဒေသာဟုပင် ခေါ်နိုင်၏။

တောက်ဆတ်၊ သစ်ရာ၊ သစ်နီ၊ သစ်နူး၊ ကျွဲဆူး၊ ရင်းတိုက်၊ သစ်သဖွဲ၊ ကျောက်ကျိုနက်၊ ကျောက်ကျိုဖြူ၊ ကျောက်ကျိုနီ၊ ယင်းမာ၊ ထင်းရှူး၊ ကတွတ်၊ ခွာအောင်၊ သစ်ဆိမ့်၊ ကတ်ဖို၊ ကတ်မ၊ လဲလူဖို၊ လဲလူမ၊ ညောင်ချဉ်၊ ညောင်ဆိမ့်၊ ညောင်လဒ၊ ဗောဓိညောင်၊ ကန့်ပလူ၊ စွယ်တော်၊ ကန့်ပလာ၊ ပလူ၊ စွယ်တော်၊ ကန့်ပလာ၊ ဖက်ရဲ၊ တော်ပို့လုလင်၊ ကြခတ်ဝါး၊ ကြိမ်စသည်ဖြင့် ပင်စောက်ပင်နွယ်စုံလှသည်။

တောင်ယာခုတ်သူများသည် အရိုးခိုက်အောင်အေးသည့် ဆောင်းရာသီဖြစ်ပါလျက် ချွေးဒီးဒီးကျအောင် ခုတ်ကြရရှာသည်။

သစ်ပင်ကြီးတစ်ပင်၏ ခြေရင်း မြေနှင့်နီးကပ်သည့်နေရာတွင် ဓား ရာတစ်ချက်ပေးလိုက်သည်။ ထို့နောက် ဆက်ကာ ဆက်ကာ ထပ်ကာ ထပ်ကာ ခုတ်သည်။ ခုတ်လိုက်တိုင်း ခုတ်လိုက်တိုင်း ဓားချက်ကြောင့် ဖွာ၍ ဖွာ၍ ထွက်လာသော သစ်စများကို ကြည့်ကာ သစ်ခုတ်သမားမှာ ဝမ်းသာ၍ သာ၍ သွားသည်။

လူ့အင်အားသည် ဓားအကူအညီဖြင့် သစ်ပင်တွင် လုပ်ငန်းဖော်ခြင်း တည်း။

သစ်ပင်ကြီးသည် လူ့အားမာန်ကြောင့် ချိုင့်၍ ချိုင့်၍ ခွက်၍ ခွက် ၍ လာရတော့သည်။ ပင်စည်တစ်ဝက်ကျော်ကျော် ခုတ်မိသောအခါတွင် သစ်ခုတ်သမားသည် အားပို၍တက်လာ၏။ လေးပုံသုံးပုံခန့် ခုတ်မိသောအခါ တွင်ကား သစ်ပင်ကြီးသည် ခုတ်ထစ်ထားသည့် ဟိုမှာဘက်သို့ ယိမ်းယိုင်လဲ ကျသွားလေသတည်း။

ထိုအခါတွင် သစ်ခုတ်သမားသည် ခါးကိုဆန့်ကာ အပန်းဖြေလိုက် ၏။ တုံးလုံးလဲ၍ နေပြီဖြစ်သော သစ်ပင်ကြီးက လူ့အားမာန်ကို အရှုံးပေး ကြောင်း သာဓကပြနေသည်။

သစ်ခုတ်သမားသည် တစ်ပင်ပြီးတစ်ပင် ခုတ်လှဲလေတော့သည်။ အပင်တို့သည် အတုံးအရုံးဖြစ်နေကြလေပြီ။

လူ့အားမာန်ကား အံ့ဖွယ်သာတည်း။ တစ်နေ့လျှင် ဆန်ကလေး တစ်ခွက်ချက်မျှသာ စားထားသည့် ခန္ဓာကိုယ်မှ ဤမျှလောက် အားတွေ အင်တွေ ထွက်ရခြင်းမှာ အံ့ဖွယ်ကောင်းလှသည်။ ဤသည်ကိုပင်လျှင် လူ့ဘုန်း လူ့ကံဟု ခေါ်ရလေမည်လားမသိ။

မည်သို့ပင်ခေါ်စေကာမူ လူ့အားသည် အဓိက၊ လူသာလျှင် ပဓာန ဖြစ်ကြောင်း တောင်ယာခုတ်သူများက သာဓကပြခဲ့လေသည်။ တောင်ယာခုတ် သူတစ်ဦး၏ အော်ဟစ်၍ ဆိုလိုက်သည့် သီချင်းသံကို အနီးအနားရှိ တောင် ယာခုတ်သမားများပင် ကြားကြရသည်။

"တောင်ဆတ်၊ သစ်ရာ၊ သစ်နီ၊ သစ်နူးနဲ့၊ ကျွဲလူး၊ ရင်းတိုက်၊ သစ်သပွဲသာ၊ ကျောက်ကျိ ဖြူ–နက်–နီ၊ ယင်းမာပြင်၊ ထင်းရှူး၊ ကတွတ်ပါ၊ ခွာအောင်နှော။ ကတ်ဖို၊ ကတ်မ၊ သစ်ဆိမ့်ပါတယ်၊ လဲလူဖို့–မသာ ညောင်ချဉ်

ညောင်ဆိမ့်ရောဲ့ ။ ညောင်ဒလ, ညောင်ဗောဓိ, ကန့်ပလူတဖြာ၊ စွယ်တော်, ကန့်ပလာအလွန်ပေါ။ တောင်ပို့လုလင် တဖြာနှောလို့, ဖက်ရဲတောက လွှမ်းကာခြုံ, ကြခတ်ဝါး, ကြိမ်ဖြာဖြာအုပ်လို့, သစ်ပင်တွေရှုပ် နွယ်မြက်ထူလှချုံ။ တောင်ပေါ်သစ်မျိုး အလွန်စုံတယ်၊ အားကုန်အင်ကုန် ခုတ်ထွင်ရှင်းလို့၊ ထမင်းတွက်ပ စိုက်ပျိုးတောင်သူတွေ, ဝမ်းခါးလှုဖို့ပေ။ တောင်ပေါ်သားတို့ နားမနေတယ်, စပါးဆန်ရေ ပြည့်ဖြိုးစေဖို့လေး။ ။"

သီချင်းသံသည် လေဟုန်စီးကာ ပျံ့နှံ့သွားလျက် အနီးပတ်ဝန်းကျင်ရှိ တောင်ယာခုတ်သမားတို့ ကြားရလေရာ စိတ်ကြည်နူးသွားကြသည်။ အားသစ်အင်သစ် တိုးတက်ပြည့်ဖြိုးစေသည်။ ကဗျာ၊ သီချင်း၊ ဂီတ ဟူသည် စိတ်အား တိုးဆေးတည်း။

အဆိုပါသီချင်းကို ဆရာကြီး ဦးမာလာ ရေးစပ်ခြင်းဖြစ်သည်။ ဦးမာလာကား တောင်ရိုးအမျိုးသား ဆရာတော်ဘုရားထံတွင် ပညာရင့်နို့ သောက်စို့ခဲ့ကာ လောကီ လောကုတ္တရာ ပညာဗဟုသုတကို သာလျှင်မက ကဗျာ လင်္ကာ သီချင်း တေးချင်း ရေးစပ်သီဆိုနည်းတို့ကိုပါ သင်ကြားဆည်းပူးခဲ့သူဖြစ်သည်။

ဦးမာလာကား တော်ရိုးလူမျိုးဖြစ်သည်။ တောင်ရိုးလူမျိုးတို့ ပြောဆိုသုံးနှုန်းကြသည့် စကားနှင့် ဝေါဟာရမှာ ရခိုင်စကားနှင့်တူသည်။ အင်းသားလူမျိုးတို့၏ စကားအသုံးအနှုန်းကား ထားဝယ်နှင့်ဆင်သည်။ ဓနုလူမျိုးတို့၏စကားကား ရှေးဟောင်းမြန်မာပေါရာဏ စကားများသာတည်း။

ထို့ကြောင့် ဓနု၊ တောင်ရိုး၊ အင်းသားတို့၏ မူလဘူတ ဘာသာစကားမှာ မြန်မာစကားပင်ဖြစ်သဖြင့် တစ်ယောက်၏စကားကို တစ်ယောက် နားလည်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် နားပေါက်ကြသည်။

တောင်ယာခုတ်သူများသည် နံနက်စောစော တောင်ယာသို့လာခါနီးတွင် ထမင်းကြမ်းကြော်ကို စားလာခဲ့ကြသည်။ မွန်းတိမ်း မွန်းယိမ်း အချိန်လောက်တွင်ကား စားခဲ့သမျှ အစာတွေ ကြေပျောက်ကာ ဝမ်းဟာနေကြပြီ။ ဆာလောင်မွတ်သိပ်ကြပြီ။ ထို့ကြောင့် သစ်ခုတ်ရင်း ထမင်းပို့လာမည့်သူကို မျှော်ကာ မျှော်ကာ ကြည့်ရှုနေကြသည်။

လာပေပြီ။ အိမ်မှ သားမယား တို့သည်လည်းကောင်း၊ သားသမီးတို့သည်လည်းကောင်း၊ ထမင်းတောင်းကလေးတွေ ကိုယ်စီထမ်းကာ ရှက်ကာတောင်ယာသို့လာကြချေပြီ။

တောင်ယာခုတ်သူများ ဝမ်းသာသွားကြ၏။ ဝမ်းသာသည့်အရှိန်ဖြင့် စိတ်အားထက်သန်ကာ သစ်ပင် တစ်ပင်စ နှစ်ပင်စကို ခုတ်မိအောင် ခုတ်ချလိုက်ပေသေးသည်။

ပို့လာသည့် ထမင်းဟင်းများကို စားသောက်ကြချေပြီ။ ထမင်းကားတောင်ပေါ်ယာထွက် ဆန်ကိုချက်ထားခြင်းဖြစ်သဖြင့် နီကြမ်းကြမ်းတည်း။ ယင်းဆန်နီ ဆန်ကြမ်း သည်ပင်လျှင် အလုပ်ကြမ်းသမားတို့အတွက် အဆာခံသော သင့်လျော်သော အာဟာရဖြစ်နေပေသည်။ ဟင်းမှာကား တိုင်ပင်၍ ချက်ထားသည့်နှယ် ပဲလုံးဟင်း၊ ဂျူးသုပ်၊ ငရုတ်သီးနှင့် ပဲပုပ်ကြော်တို့သာတည်း။

မောလှ၊ ပန်းလှ၊ ဝမ်းဟာလှပြီဖြစ်သဖြင့် နင်း၍ သိပ်သည့်နှယ် ထမင်းဝင်ကြသည်။ ထမင်းကြမ်း ဟင်းကြမ်းသည်ပင်လျှင် ဆာလောင်မွတ်သိပ်နေသော တောင်ယာသမားတို့အတွက် အရသာထူးလှသော အစာဖြစ်နေသည်။

တောင်ယာခုတ်သူများ ထမင်းစား၍ပြီးကြလျှင် အချို့က မြစိမ်းလိပ် (သနပ်ဖက်ဆေးလိပ်)ကို သောက်ဖွာလျက် အချို့က ဆေးအိုးတံ (ဆေးတံ)ကို ခဲလျက် တအောင့် တစ်ခဏ အနားယူကာ အားအင်ဖြည့်တင်းသည်။

ထို့နောက် အင်တိုက်အားတိုက် သစ်ခုတ်ကြပြန်သည်။ ခုတ်ထစ်သံများသည်လည်းကောင်း၊ သစ်ပင်လဲကျသံများသည်လည်းကောင်း တောင်အနှံ့တောအနှံ့ လွှမ်းဖုံးသွားတော့သည်။

သစ်ပင်တစ်ပင် လဲ၍ လဲ၍ သွားတိုင်း ကိစ္စတစ်ရပ် ပြီးဆုံးပြီဟု အမှတ်ပြုကာ ဝမ်းသာ၍ သာ၍ သွားသည်။ ပြုံးရယ် ရွှင်မြူးမိကြသည်။

သစ်ပင်လဲသံများ အဆက်မပြတ်လို ထွက်ပေါ်လာအောင် ခုတ်နိုင်သူက ဂုဏ်ယူသည်။ ပီတိဖြစ်သည်။ မိမိ၏ အားအင်အတွက် မာန်တက်သည်။

ညနေ နေဝင်ရီတရော အမှောင်ချိန်တွင် "ဟင်း ..."ခနဲ သက်ပြင်း

ကြီးများချလိုက်ကြသည်။ တစ်နေ့တာ အလုပ်ပြီးဆုံးပြန်ပြီဖြစ်သဖြင့် လူပေါ့ စိတ်ပေါ့ဖြစ်သွားသည်။

တောင်ယာခုတ် လက်နက်ကိရိယာဖြစ်သော ဓား၊ ပုဆိန်တို့ကို ထမ်းကာ မိမိတို့အိမ်အသီးသီးသို့ ပြန်ကြ၏။

တောင်ယာမှ ထွက်ခွာခါနီးတွင် မိမိတို့၏ ကြိုးပမ်းမှုလက်ရာများကို ငေးစိုက်ကြည့်သည်။ အတုံးအရုံး လဲနေကြသော သစ်ပင်များက လုပ်အား၏အတိုင်းအတာ ပမာဏကို ပြနေသယောင်ဖြစ်သည်။

တောင်ယာခုတ်သမားတို့သည် ပြုံးရွှင်စွာ အိမ်သို့ ပြန်ကြ၏။ အိမ်သို့ ရောက်၍ မိမိတို့၏ချစ်မယား ချစ်သား ချစ်သမီးတို့ကို တွေ့မြင်ရသောအခါ တွင်ကား ပို၍ပြုံး ပို၍ရွှင်ကြလေတော့သတည်း။

○

(၃)

ဦးမာလာ၏အိမ်နောက်ဘက်ရှိ ပန်းပဲဖိုအတွင်းတွင် လူကြီးလူငယ် လူရွယ် လူလတ် အတော်များများ ရောက်ရှိလာကြလျက် ဦးမာလာ၏ လုပ်ငန်းကို အထူးအဆန်းသဖွယ် ဝိုင်းအုံကြည့်ရှုနေကြ၏။

ဦးမာလာကား ပန်းပဲလုပ်၍နေ၏။ သုံးထွာဆိုင်ခန့်အလုံးရှိလျက် သုံးတောင်မျှရှည်သော သစ်လုံးကြီးနှစ်လုံးကို ဝဲယာယှဉ်ကပ်ထားသည်။ ထိုသစ်လုံးကြီးနှစ်လုံး၏ အခေါင်းတွင်းမှာ ထိုးတံတစ်ခုစီရှိ၏။

ဦးမာလာသည ရှမ်းဘောင်းဘီကဲ့သို့သော ရိုးရာဘောင်းဘီကို ဝတ်ထားသည်။ အင်္ကျီကားမပါ။ ပလာ ကိုယ်တုံးလုံးနှင့်ဖြစ်၏။ ဦးမာလာသည် ဖော်ဂျီဖို၏အနီးတွင် မတ်တတ်ရပ်ကာ ဖိုထိုးတံနှစ်ချောင်းကို ဝဲယာတစ်ဖက် စီကိုင်လျက် ထိုးလေသည်။

ဝဲလက်က ထိုးတံကို ဆွဲမြှောက်လိုက်စဉ် ယာလက်က ထိုးတံကို နှိပ်ချလိုက်သည်။ ထို့အတူပင် ယာလက်က ထိုးတံမြှောက်စဉ် ဝဲလက်က ထိုးတံကိုနှိပ်သည်။

ထိုးတံကို နှိပ်လိုက်တိုင်း နှိပ်လိုက်တိုင်း ဖိုဝမှထွက်လာသော လေ အရှိန်သည် မီးသွေးများ ဖုံးဖိထားအပ်သော မီးဖိုကို မှုတ်ပေးကာ မီးတရဲရဲဖြစ် ပေါ်စေသည်။

ဦးမာလာကား ဖော်ဂျီဖိုကို မရပ်မနား ထိုးနေ၏။ ပန်းပဲဖိုမှ မီးတောက် မီးလျှံတို့သည် တိုးကာပွားကာ အလျှံတပြောင်ပြောင်တောက်၍နေသည်။

ဖိုထဲတွင် ထိုးစိုက်ထားသည့် သံတုံးမှာ နီရဲဝင်းပြောင်လျက် မီးရောင် မီးလျှံလို ဖြစ်နေသည်။

ပန်းပဲဖိုအတွင်းသို့ ရောက်လာကြသူများသည် ဦးမာလာ လုပ်ကိုင်နေပုံကို တအံ့တသြ ငေးမောကြည့်ရှုနေကြသည်။

ဖိုထိုး၍နေသော ဦးမာလာ၏ လက်မောင်းကြွက်သားကြီးများသည် ဖောင်းကြွလာလိုက် ပိန်ချိုင့်သွားလိုက်နှင့် ကြည့်၍ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဦးမာလာ၏ ရင်အုပ်သားကြီးများသည်လည်း နိမ့်ချည် မြင့်ချည်ဖြင့် အားရစရာ အားကျစရာကောင်းလှသည်။

ဦးမာလာသည် အတန်ကြာအောင်ပင် အဆက်မပြတ် ဖိုထိုးနေပြီးနောက် ရပ်နားကာ မီးပုံအနီးသို့ ချဉ်းကပ်လာသည်။ မီးပုံထဲမှ ရဲရဲနီနေသော သံတုံးကို ညှပ်ဖြင့် ညှပ်ယူကာ ပေပေါ်တွင်တင်လျက် တူဖြင့် အားစိုက်အင်စိုက်ထုသည်။

ဦးမာလာ တူဖြင့်ထုလိုက်တိုင်း ထုလိုက်တိုင်း သံတုံးမှ မီးပွား မီးပွင့်တို့ လွင့်စဉ်ဖွာကျသွားကြသည်မှာ မီးပန်းရှို့လွှတ်လိုက်သည့်နှယ် ကြည့်၍ ကောင်းလှပေသည်။

ဦးမာလာသည် သံတုံးကို လိုချင်သည့်ပုံရအောင် နေရာ အမျိုးမျိုးတွင် ထုနှက်သည်။ သံတုံးသည် ကြည့်ရင်း ကြည့်ရင်း မသိမသာ ပြား၍ ပြား၍သွား၏။

ရဲရဲနီနေသော သံတုံးသည် ထုရင်းပင် အရောင်မှိန်၍ မှိန်၍သွားသည်။ တူဖြင့်ထုလိုက်သော်လည်း သိသိသာသာပြားမသွားဘဲ တောင့်ခံနေသည်။ သံတုံးအေး၍သွားပြီဖြစ်သောကြောင့်တည်း ...။

ဦးမာလာသည် သံတုံးကို ဖိုထဲသို့ ထိုးထည့်လိုက်၏။ မီးသွေးများ ထပ်မံအုပ်ဖုံးပြီးနောက် ဖိုထိုးရန် ဟန်အပြင်တွင် ...

"ဆရာကြီး ... ကျွန်တော် ထိုးကြည့်စမ်းပါရစေ"ဟု ကိုရင်တုတ်က ပန်ကြားသည်။

"အိမ်း ... ထိုးချင်သပဆိုရင် ထိုးကြည့်ပေါ့ကွာ ..."

ကိုရင်တုတ်သည် ဇော်ဂျီဖိုအနီးသို့ ချဉ်းကပ်သွားကာ ထိုးတံကို ကိုင်ဆုပ်သည်။ ထို့နောက် ဆရာကြီးဦးမာလာ ပြသကဲ့သို့ပင် ဘယ်မြင့် ညာ

နှိမ့် ညာမြှင့် ဘယ်နှိမ့် ထိုးသည်။ အတန်ငယ်ကြာလျှင် ကိုရင်တုတ် လက်နှေးလာ၏။ တစ်ကိုယ်လုံးမှ ချွေးများ စိမ့်၍ စိမ့်၍ ထွက်လာ၏။

"ငတုတ် ... ကြိတ်လိုက်ကွ ..."ဟု ကြည့်နေသူများက ညာသံပေးကြသည်။ ကိုရင်တုတ်ကား ကြာကြာမထိုးနိုင်။ လက်ပန်းကျကာ ရပ်လိုက်ရလေရာ ကြည့်နေသူများက ဟားတိုက်၍ရယ်ကြသည်။

"ကျွန်တော် ထိုးဦးမယ် ..."

ကိုရင်ပုက ပြောပြောဆိုဆို ဝင်၍ထိုး၏။ ကိုရင်တုတ် ထိုးသလောက်ကြာလျှင် ကိုရင်ပုလည်း လက်လျှော့လိုက်ရသည်။

"တယ်ပင်ပန်းသကိုး ... တောင်ယာခုတ်ရတာထက်တောင်မှ ပင်ပန်းသေးသဗျ ..."ဟု ကိုရင်ပုက ညည်းညည်းညူညူပြော၏။

ဆရာကြီး ဦးမာလာက "ကျွမ်းကျင်ရာလိမ္မာဆိုတာမျိုးပေါ့ကွာ ... တောင်ယာခုတ်တာရော၊ ပန်းပဲလုပ်တာရော၊ အားစိုက်အင်စိုက်လုပ်ရတဲ့လုပ်ငန်းတွေဖြစ်လို့ ပင်ပန်းတာချည်းပါပဲ၊ လုပ်နေကျအလုပ်ဖြစ်တော့ ပင်ပန်းတယ်လို့ မထင်ကြဘူးပေါ့ကွာ ..."ဟု ပြောလိုက်သည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ကိုရင်တုတ် ဖိုထိုးသော်လည်း သံချောင်းမှာ မီးချိန်မကိုက်သေး။ တစ်ဖန် ကိုရင်ပု ဆက်လက်ထိုးသော်ငြားလည်း မီးချိန်မှီအောင် သံချောင်းမဖြစ်သေး။ ထို့ကြောင့် ဆရာကြီး ဦးမာလာသည် ဆက်လက်၍ မနားမနေ ထိုးသောအခါတွင်မှ မီးချိန်ကိုက်ကာ သံချောင်းကို ပေတွင်တင်လျက် တွင်တွင်ကြီး ထုရိုက်နိုင်လေတော့သည်။

ယင်းသို့ ဆရာကြီးဦးမာလာ၏ ပန်းပဲဖိုကို ယောက်ျားတစ်တွေ ဝိုင်းဝန်းကြည့်ရှုနေကြသည့် အချိန်တွင်ပင် ဆရာကတော် အရီးနန်းကြာ၏ ရက်ကန်းစင်တွင်လည်း မိန်းမတစ်သိုက် ဝိုင်းရံကြည့်ရှုနေကြလေသည်။

အရီးနန်းကြာကား ရှမ်းအမျိုးသမီးဖြစ်သဖြင့် ရက်ကန်းကို စင်ဖြင့်ရက်တတ်သူဖြစ်သည်။ ခနုအမျိုးသမီး၊ တောင်ရိုးအမျိုးသမီး၊ အင်းသားအမျိုးသမီးတို့သည်ကား စင်မြင့်ရက်ကန်း မရက်တတ်ကြသေး၊ ဂျပ်ခုတ်သာလျှင်ရက်တတ်ကြလေရာ အရီးနန်းကြာ ရက်ကန်းရက်သည်ကို အထူးအဆန်းအဖြစ်ဖြင့် ဝိုင်းအုံကြည့်ရှုနေကြခြင်းဖြစ်သည်။

"အရီး ... ကျွန်မကို ရက်ကန်းရက်သင်ပေးပါနော ..."ဟု အမျိုးသမီးများက ဆိုကြ၏။

"အိမ်း ... သင်ပေးမှာပ၊ စင်နဲ့ရက်တာက ပိုပြီးမြန်တယ်၊ လူလည်းသက်သာတယ်"ဟု အရီးနန်းကြာက ပြောပြ၏။

အရီးနန်းကြာသည် ခြေနင်းကြိုးတစ်ချောင်းကို ခြေတစ်ဖက်ဖြင့် နင်းနှိမ့်လျက် အခြားခြေနင်းကြိုးတစ်ချောင်းကို တခြားတစ်ဖက်ဖြင့် ညှပ်ကာ ပင့်မြှောက်ထားသည်။ ထို့နောက် ရက်ကန်းရှယ်ထားသည့် ရက်ကန်းတန်းနှစ်တန်းကြားတွင် လွန်းကို ထိုးလိုက်ကာ လက်ခတ်ဖြင့် နှစ်ချက်ခတ်လိုက်သည်။ တစ်ဖန် မြှောက်ထားသော ခြေနင်းကြိုးကိုချ၊ ချထားသည့် ခြေနင်းကြိုးကို မြှောက်လိုက်သည်နှင့်တစ်ပြိုင်နက် ရက်ကန်းတန်းနှစ်လွှာသည် နေရာပြောင်းသွားလျက် အောက်မှသည်အထက်၊ အထက်မှသည် အောက် ရွေ့လျားသွားသည်။ ထိုအခါတွင် အရီးနန်းကြာက တစ်ဖက်သို့ရောက်နေသော လွန်းကို အခြားတစ်ဖက်သို့ တိုးကာ လက်ခတ်ဖြင့် နှစ်ချက်ခတ်လိုက်သည်။

ယင်းသို့ဖြင့် ခြေနင်းကြိုးတစ်ဖက်ကြွ၊ တစ်ဖက်နှိမ့်လုပ်လိုက်လျှင် ရက်ကန်းနှပ်သည်လည်း တစ်ခုကြွ၊ တစ်ခုနိမ့်ဖြစ်ကာ ရက်ကန်းတန်းသည်လည်း တစ်တန်းကြွ၊ တစ်တန်းနိမ့် ဖြစ်သွားသည်။ ထိုအခါ ကပ်ထားသော လက်ခတ်ဖြင့် နှစ်ချက်ခတ်လိုက်သည်။ တစ်ဖန် ခြေနင်းကြိုးကို နိမ့်မြင့်ပြောင်းလိုက်ရာ၊ နှပ်နှင့်ရပ်ကန်းတန်း နိမ့်မြင့်ပြောင်းသွားသဖြင့် လွန်းကို ဤမှာဘက်မှ ထိုမှာဘက်သို့ ထိုးသွင်းကာ လက်ခတ်ဖြင့် ခတ်ရပြန်သည်။

အရီးနန်းကြာ၏ ခြေနှစ်ဖက်တို့မှာ ဘယ်မြင့်ညာနိမ့်ဖြစ်လိုက်၊ ညာမြင့်ဘယ်နိမ့်ဖြစ်လိုက်ဖြင့် မရပ်မနား တလစပ် လှုပ်ရှားနေသည့်နည်းတူ၊ နှပ်နှင့်ရက်ကန်းတန်းတို့မှာ တစ်တန်းစီ ထက်အောက် ပြောင်းကြသည်။ ယင်းသို့ ထက်အောက်ပြောင်းလိုက် လွန်းကို တစ်ဖက်မှ တစ်ဖက်သို့ ထိုးလျက် လက်ခတ်ဖြင့် ခတ်သည်။

ရက်ကန်းရက်နေသော အရီးနန်းကြာကား ခြေရောလက်ပါ နားရသည်မရှိ။ ခြေပြောင်းတိုင်း လက်လှုပ်ကာ လွန်းကို ဝဲလက်ဖြင့် ထိုးလိုက်လျှင် ယာလက်ဖြင့် လက်ခတ်,ခတ်သည်။ လွန်းကို ယာလက်ဖြင့် ထိုးလိုက်လျှင် ဝဲလက်ဖြင့် လက်ခတ်,ခတ်သည်။

ဤသည်ကိုပင်လျှင် အထူးအဆန်းသဖွယ်၊ ကြည့်ချင်စဖွယ်အဖြစ် ကြည့်ရှုငေးမော အံ့သြနေကြသည်။

အရီးနန်းကြာ၏ လက်ခတ်တစ်ဖက်တစ်ချက်ရှိ တိုင်တွင် ကြေးကွင်းကလေးများစွပ်ထားရာ ခတ်လိုက်တိုင်း ခတ်လိုက်တိုင်း တချွင်ချွင်မြည်လျက် စည်းချက်လိုက်ပေးသည့်နှယ် ကြားကြရသည်။

ရက်ကန်းရက်သည်ကို ကြည့် ရသည်မှာ မျက်စိအရသာရော၊ နား အရသာပါ နှစ်ထွေနှစ်မျိုးခံစားရသည်။

"ကြည့်ကောင်း လိုက်သဟာ နော် ..."ဟု အမျိုးသမီးတစ်ယောက်က အံ့သြသံဖြင့်ဆို၏။

"ကျူပြင်ကြို ကျူပြင်ကြား၊ လောင်းကလေးနဲ့သွား လို့ စကားထာဖွက်ကြတာဟာ ရက်ကန်းရက်တာကို ဆိုတာကွယ့် ...၊ ရက်ကန်းတစ်တန်းနှစ်တန်းကြားထဲမှာ လွန်းကလေး ပြေးနေတာဟာ လောင်းလှေကလေးသွားနေတာနဲ့ တူတယ် ..."ဟု အရီးနန်းကြာက ရက်ကန်းရက်ရင်း ပြောပြသည်။

ဆရာကြီး ဦးမာလာက ပန်းပဲလုပ်သည်။ အရီးနန်းကြာက ရက်ကန်းရက်သည်။

သူတို့သည် အလုပ်ချင်းမတူသော်လည်း လှုပ်ရှားပုံချင်းကား ဆင်ဆင်တူသည်။

ဦးမာလာ ဖိုထိုးရာတွင် လက်နှစ်ဖက်မှာ မြင့်ချည်နိမ့်ချည် ပြုရသလို အရီးနန်းကြာ ရက်ကန်းရက်ရာတွင်လည်း ခြေနှစ်ဖက်မှာ မြင့်ချည်နိမ့်ချည် ပင်ပြုရသည်။

ဦးမာလာ၏ လက်တစ်ဖက်က သံတုံးကို ပေပေါ်တွင် တင်ကိုင်လျက် အခြားလက်တစ်ဖက်က သံတူဖြင့် ထုရိုက်ရသလို အရီးနန်းကြာ၏ လက်တစ်ဖက်က လွန်းထိုးပေးလျက် အခြားလက်တစ်ဖက်က လက်ခတ်,ခတ်ရသည်။

ဦးမာလာသည် ဖိုထိုးလိုက် သံတုံးကို သံတူဖြင့် ထုရိုက်လိုက်ဖြင့် တစ်လှည့်စီ ပြုရသော်လည်း အရီးနန်းကြာကား လက်ရောခြေပါ လှုပ်ရှားမှုကို တစ်ပြိုင်နက်ပြုရသည်။

ဦးမာလာ၏ လုပ်ငန်းကား ဓားလှံ၊ ပုဆိန် ပေါက်ပြား၊ စူး ဆောက် စသော အလုပ်သမားတို့၏ အသုံးအဆောင်များ ထုတ်လုပ်ရသလို အရှီးနန်းကြာ၏ လုပ်ငန်းကား အဝတ်အထည် ထုတ်လုပ်ခြင်းတည်း။

ထိုပစ္စည်းများကား လူတို့အတွက် မရှိလျှင်မဖြစ်သော ပစ္စည်းများတည်း။

ဝ

# (၄)

တစ်ညတွင် ဆရာကြီး ဦးမာလာ၏ အိမ်ပေါ်ရှိ မီးဖိုအနီးတွင် ကျောက်တော ရွာသူရွာသား အတော်များများစုမိကြကာ မီးလှုံရင်း စကားဝိုင်းဖွဲ့နေကြသည်။

ဦးမာလာကား ဆေးဆရာကြီးလည်းဟုတ်၏။ ပန်းပဲဆရာကြီးလည်း မှန်သည်။ လက်သမားဆရာကြီးဆိုလျှင်လည်း မမှားပေ။ ရွာ့မိရွာ့ဖလည်း ဖြစ်သဖြင့် သူ့အိမ်သို့ နေ့ညမဟူ ရွာသူရွာသားတို့ လာကြသည်။

ရပ်ရေးရွာမှု ကိစ္စတို့ကို ဦးမာလာက ရှေ့ဆောင်ကာ ဆောင်ရွက်တတ်သည်။ တစ်စုံတစ်ရာ အခဲအယဉ်း အကျပ်အတည်းပေါ်လျှင် ဦးမာလာထံ ပြေးလာကြကာ အကြံဉာဏ်များ တောင်းကြသည်။

ဤညတွင်မူကား စပ်မိစပ်ရာ စကားပြောနေကြရာက တစ်ယောက်က "သာမိုင်းခမ်းစော်ဘွားကြီး ကျွန်တော်တို့ရွာကို ကြွလာမယ်ကြားတယ်"ဟု ပြော၏။

"အိမ်း ... စော်ဘွားကြီးကြွလာတဲ့အခါ အမြင်မတော် မဖြစ်စေရအောင် ဂရုစိုက်ပြီး လုပ်ကိုင်ထားကြကွ ...၊ ကိုယ့်အိမ် ကိုယ့်ဝန်းနဲ့ အိမ်မျက်နှာစာလမ်းပေါ်မှာ အမှိုက်သရိုက် မရှိစေနဲ့၊ သန့်သန့်ရှင်းရှင်းရှိအောင် လှည်းကျင်းသုတ်သင်ထား၊ ငါတို့ရွာသားတွေ သောက်စားမူးယစ်မနေကြနဲ့"

"ကျွန်တော်တို့ရွာမှာ သောက်တတ်စားတတ်တဲ့လူ မရှိပါဘူး"

ဟု တစ်ယောက်က ပြောလိုက်၏။

"အိမ်း ... ဒီလိုဆိုရင် ကောင်းပကွာ ...၊ ကိုက်တတ်တဲ့ခွေးဆိုးရှိတဲ့အိမ်က ခွေးဆိုးကို ကြိုးနဲ့ချည်ထား..."

ဦးမာလာက ရပ်ရွာသန့်ရှင်းရေး စည်းကမ်း သေဝပ်ရေးတို့ကို ဆောင်ရွက်ရန်ပြောပြသည်။

○

# (၅)

လာကြဟေ့ . . . ကြည့်ကြစမ်း . . . ကြည့်ကြစမ်း . . . ”

ကိုရင်တုတ်၏ ကျယ်လောင်သော အော်ဟစ်လိုက်သံကို ကျောက်တောတစ်ရွာလုံး ကြားကြရလေရာ အိမ်အသီးသီးတို့မှ လူများအလျှိုအလျှို ထွက်ကာ ရပ်၍ကြည့်ကြလေသည်။

ကျောက်တောရွာ ပတ်ဝန်းကျင်ရှိ တောင်ကုန်းအသီးသီးတွင် မီးတောက်မီးလျှံများ မီးခိုးလုံးကြီးများ၊ မီးညွန့် မီးခက်များကို အံ့ဩဖွယ်ရာ တွေ့မြင်ကြရလေသည်။

တောင်ယာမီးရှို့ခြင်းတည်း။

မီးတောက်ကြီးများသည် မြင့်သည်ထက်မြင့်ကာ ကောင်းကင်တိမ်ထုကို မီးတိုက်နေသယောင် ထင်ရ၏။ မီးခိုးလုံးကြီးများသည် အလိပ်လိုက် အလိပ်လိုက်တက်ကာ အာကာသတခွင်လုံးကို ပိတ်မှောင်စေလျက် နေရောင်ကိုပင် မမြင်ရအောင် ဖုံးလွှမ်းလိုက်လေသည်

ယင်းသည့် တောင်ယာမီးရှို့ခြင်းများကို ရက်အတော်ကြာအောင် ဆက်ကာ ဆက်ကာ မြင်တွေ့ကြရ၏။

တောင်ယာမီးများ ငြိမ်းသွားလေပြီ၊ မီးခိုးတွေလည်း ကောင်းကင်တွင် စဲသွားပေပြီ။ သို့သော် သဘာဝအခိုးအငွေ့တို့သည် အာကာသတစ်ခွင် ကောင်းကင်ပြင်ဝယ် ခိုဝင်ပိတ်ဖုံး၍ လာလေတော့သည်။

တောင်ယာမီးရှို့ရာတွင် ထွက်ပေါ်သည့် မီးခိုးများထက် ထူထပ်သိပ်သည်းသော တိမ်ခိုးတိမ်ငွေ့ တိမ်တောင်တိမ်ထုကြီး ပိတ်ဖုံးလာ၏။

တောင်ယာမီး၏ အရောင်ထက် လင်းပြောင်စူးရှသော လျှပ်ရောင်တွေ တဝင်းဝင်း တလက်လက် ပေါ်ထွက်လာသည်။ တောင်ယာခုတ်စဉ်က သစ်ပင်ကြီးတွေ လဲကျသံထက် ပြင်းထန်စူးဝါးသော မိုးချုန်းသံ, မိုးကြိုးထစ်သံကြီးများ ပေါ်ထွက်လာလေသတည်း။

ထိုသည်နှင့် မရှေးမနှောင်းပင် မိုးရေမိုးပေါက်များ ဒလဟောရွာချလာလေသည်။ မိုး... မိုး... မိုး... အဆက်မပြတ်ရွာသွန်းအပ်သော မိုးတို့ကြောင့် လယ်ကွက်များတွင် ရေပြည့်သွားလေသည်။ တောင်ယာခုတ်ထားသည့် တောင်ကုန်းများတွင် စွတ်စိုရွှဲအိုင်၍နေသည်။ ရွာတွင်း ရွာပြင် မြင်မြင်ရာရာ နေရာတိုင်းတွင် ရေတဖွေးဖွေး ဖြစ်နေ၏။ ကန်ချောင်းတို့ရေပြည့်လျှံပြီး မြေနိမ့်ပိုင်းတွင် အင်းတွေ အိုင်တွေသဖွယ် ဖြစ်နေ၏။

လယ်သမား ယာသမားတို့ လုပ်ငန်းခွင် ဝင်ကြရလေသပြီ။ မြေနိမ့်လယ်များတွင် ထယ်ထိုးကြ ထွန်ကြ ယက်ကြ ပေါက်ကြ ဆွကြလေသည်။ တောင်ယာများတွင် ဂျုံထိုးစပါးတို့ စိုက်ကြသည်။ မိမိတို့၏ အိမ်ဝင်း ခြံကျယ်ကျယ်ကြီးများအတွင်းတွင် ဘူး၊ ဖရုံ၊ ခရမ်း၊ ပဲအမျိုးမျိုး၊ ချဉ်ပေါင် ငရုတ် စသည့် သီးနှံအမျိုးမျိုးတို့ စိုက်ကြသည်။

လယ်ယာတို့တွင် စပါးစိုက်သည်သာမက မြေပဲနှင့် ဝါကိုလည်းစိုက်ပျိုးကြ၏။

ဆရာကြီး ဦးမာလာသည် ပန်းပဲအလုပ်ကို ရပ်နားကာ လယ်ယာလုပ်ငန်းခွင်ကို ဝင်လေသည်။

တစ်နေ့တွင် ဦးမာလာအိမ်သို့ ရှာငံမြို့မှ တပည့်တစ်ယောက်ရောက်လာ၏။

"ဆရာကြီးကို လက်ဆောင်ပေးဖို့ ပစ္စည်းပါပါတယ်"ဟု ထိုသူက ဆိုကာ ပလိုင်းကြီးထဲမှ ပစ္စည်းများကို ထုတ်ပြသည်။

"ဟ...ကရင်မြောက်ဉတွေပါကလား"ဟု ဦးမာလာက တအံ့တသြ ပြောလိုက်သည်။

"ဩော်...ဆရာကြီးတို့ဒေသမှာ ကရင်မျောက်ဉလို့ ခေါ်သကိုး၊

ကျွန်တော်တို့ အရပ်မှာတော့ အားလူးလို့ ခေါ်ပါတယ်။ စိုက်ပျိုးရင် အင်မတန် ဖြစ်ထွန်းတယ်။ စားလို့လည်းကောင်းတယ်။ ရောင်းလို့လည်း တွင်တယ်" ဟု ဦးမာလာ၏တပည့်က ဆို၏။

"အိမ်း...ငါတို့အရပ်မှာတော့ ရှေးက မြင်ဖူး၊ တွေ့ဖူးပါရဲ့၊ ကရင်မျောက်ဥလို့ ခေါ်ကြတာပဲ။ သည်ဟာကိုစားရင် ဖောတတ် ရောင်တတ်တယ်လို့ အယူရှိကြပြီး ဘယ်သူမှ မစားကြဘူး" ဟု ဦးမာလာက ပြန်ပြောသည်။

"မဖောပါ၊ မရောင်ပါဘူး၊ ကျွန်တော်တို့အရပ်မှာ အများအပြားစိုက်ကြပါတယ်၊ စားလည်း စားကြတယ်၊ ဈေးကောင်း နာကောင်းနဲ့လည်းရောင်းရပါတယ်..."

"ငါတို့ ဆီမှာတော့ စိုက်လေ့ စိုက်ထ စားလေ့ စားထ မရှိကြဘူးကွယ့်...၊ မင်းပြောလှတာ ငါစိုက်မကွယ်...၊ အသစ်အဆန်းဆိုတာ သည်လိုပဲ စမ်းရ သပ်ရသဟာမျိုးပ...။ ကိုင်း...စိုက်နည်းပျိုးနည်းကို ပြောပြစမ်းပါဦး..."

"မခဲယဉ်းပါဘူးခင်ဗျား၊ မြေကိုညက်အောင် ထယ်ထိုးပြီး တစ်နေရာမှာ အာလူးကြီးရင် သုံးလုံးလောက်။ ငယ်ရင် လေးငါးလုံးလောက် စိုက်ရပါတယ်၊ စိုက်ပြီးရင် မြေဩဇာဖို့ထားလိုက်ရုံပါပဲ။ တစ်ကျင်းနဲ့ တစ်ကျင်း တစ်တောင်ကွာလောက် စိုက်ရပါတယ်..."

"ကောင်းပြီ၊ ငါနားလည်ပြီ။ မှဆိုးစိုင်သင် ဆိုသဟာမျိုးပကွယ်...၊ နောက်တော့ လုပ်ရင်းကိုင်ရင်း နားလည်သွားမှာပါပဲ..."

ဦးမာလာသည် သူ့တပည့် ယူဆောင်ခဲ့သည့် အားလူးတစ်ခွဲသားခန့်ကို ယာတွင်စိုက်ကာ မြေဩဇာ ကောင်းကောင်းကျွေးထားသည်။

ဦးမာလာ ကရင်မျောက်ဥတွေ စိုက်ထားသည်ဟူသော သတင်းမှာ ကျောက်တောတစ်ရွာလုံး ပျံ့နှံ့သွားလေရာ ဦးမာလာထံ လာကြလျက် သတင်းမေးကြသည်။ အထူးအဆန်းသဖွယ်လည်း အားလူးပင်များကို ကြည့်ကြသည်။

"ဆရာကြီးရယ်...ကရင်မြောက်ဥကိုစားရင် ဖောတတ် ရောင်တတ်တယ် မဟုတ်လား"

ဟုလည်း မေးကြသည်။

"ရှာင်နယ်မှာ လူတိုင်းစားကြသတဲ့ကွယ့်...၊ ဘာမှမဖြစ်ပါဘူးတဲ့။

မစားချင်လို့ ရောင်းရင်လည်း ဈေးကောင်းနာကောင်းရသတဲ့၊ ဗမာပြည်က အနုတ်အသိမ်း တော်တော်များတယ်လို့ ကြားရတယ်…"

ဦးမာလာကား သူ့အားလူးပင်များကို အရိပ်တကြည့်ကြည့်ဖြင့် နေလေတော့သတည်း။

○

## (၆)

ညအချိန်တွင် အရီးနန်းကြာသည် အိမ်အောက်၌ ရက်ကန်းစင်တွင် ရက်ကန်းရက်၍နေ၏။ အရီးနန်းကြာ၏ရက်ကန်းစင်အနီးတွင် မီးအိုးကင်းဖြင့် မီးဖိုထားသည်။ ကောက်ပဲသီးနှံပေါ်ချိန်တွင် အရီးနန်းကြာ၏ ရက်ကန်းစင်မှထွက်သည့် အဝတ်အထည်များကို ဝယ်ယူချင်သူများမှာ ခြေချင်းလိမ်၍နေ၏။ ထို့ကြောင့် အရီးနန်းကြာသည် နေ့ရောညပါ မနေမနား ရက်ကန်းရက်နေခြင်း ဖြစ်သည်။

ရက်ကန်းစင်အနီးရှိ မီးဖိုအပါးတွင် အရီးနန်းကြာ၏ ငါးနှစ်ရွယ်သားကလေး ငညွန့် ထိုင်ကာ မီးလှုံရင်း သူ့အမေ ရက်ကန်းရက်သည်ကို အထူးအဆန်းအဖွယ် ငေးမောကြည့်ရှုနေသည်။

အရီးနန်းကြာသည် မီးဖို၏အရောင်မလင်းတလင်းတွင် ရက်ကန်းရက်၍နေလေရာ မီးဖိုမှ မီးတောက်ငယ်၍သွားလျှင် ...

"လူကလေး...မီးထည့်ပါဦးကွယ်..."ဟု ငညွန့်ကို စေခိုင်းရသည်။

ငညွန့်သည် မီးတောက် ငယ်တိုင်း ငယ်တိုင်း ထင်းထိုးကာ မီးမှုတ်ပေးရှာ၏။

ငညွန့်သည် စိတ်ကူးတစ်ခုရကာ မီးဖိုအနီးမှထလျက် သူ့အဖေဦးမာလာ လုပ်ထားသည့် ခုံမြင့်ကလေးတစ်ခုကိုယူကာ သူ့အမေ ရက်ကန်းစင်အနီးတွင် ချ၏။ ထို့နောက် စလောင်းဖုံးအဟောင်းတစ်ချပ်ကို ယူလာကာ ခုံပေါ်တွင် ပက်လက်တင်လိုက်သည်။ တစ်ဖန် ထင်းရှူးသားအစကလေးတစ်ခုကို မီးညှိကာ စလောင်းဖုံးတွင်းသို့ ထည့်လိုက်၏။ ထင်းရှူးစကား

ဖယောင်းတိုင်ထွန်းထားသည့်နှယ် မီးတောက်ကလေး တဝင်းဝင်းဖြင့်ဖြစ်နေ၏။ ထိုမီးရောင်တွင် အရိုးနန်းကြာ ကောင်းစွာ ရက်ကန်းရက်နိုင်လေတော့သည်။

"လူကလေးက တယ်လိမ္မာသကိုးကွယ့်...၊ လုပ်တတ်ကိုင်တတ်လိုက်တာ အရွယ်နဲ့မလိုက်ဘူး..."

အရိုးနန်းကြာက သူ့သားညွှန့်ကို ချီးမွမ်းစကားပြောလိုက်ရာ ညွှန့်သည် အားတက်ဝမ်းမြောက်သွားလျက် ရက်ကန်းစင်အနီးရှိ စလောင်းဖုံးတွင် ထင်းရှူးမီးမပြတ်ရအောင် ဂရုတစိုက် ရှို့ဖွက် ထည့်သွင်းနေလေတော့သည်။

o

အရိုးနန်းကြာ ရက်ကန်းရက်၍ အဆင်ပြေကာ အလုပ်တွင်၍နေချိန်တွင် အိမ်ပေါ်၌ မီးဖိုကြီးအနီးတွင် လူဝိုင်းဖွဲ့ကာ စကားဝိုင်းဖြစ်၍ နေ၏။

ဤညတွင်ကား လူငယ်လူရွယ်များသာလျှင်မက လူကြီးများပါ ရောက်လာကြသည်။

"ကိုင်း...ဆရာဦးမာလာကို မေးရ စမ်းရဦးမယ်၊ ကျွန်တော်တို့ဒေသမှာ ခနေလူမျိုးတွေ တော်တော်များသဗျ။ မြို့ကြီး၊ ဒေါင်းမီး၊ ရေဦး၊ ရွာငံ၊ မြင်းကျဒိုး၊ ကံ့ဖြူ၊ ပွေးလှ၊ ပင်းတယ၊ ဘော်တွင်း၊ ကောင်းဘို၊ မိုင်းအင်၊ ရပ်စောက်၊ ဟဲဟိုး၊ သာမိုင်းခမ်း၊ အောင်ပန်း၊ ကလော စတဲ့မြို့တွေမှာ ခနေလူမျိုးတွေ နေကြတယ်။ ခနေတွေပြောတဲ့ စကားကတော့ ဗမာစကားပဲ၊ ဗမာစကား ပြောတယ်ဆိုတော့ မူလဇာစ်မြစ်က ဗမာလူမျိုးတွေ ဖြစ်ရမယ်။ ဗမာလူမျိုးတွေ ဖြစ်လျက်ကနဲ့ ဘာဇာကြောင့် ခနေလူမျိုးလို့ ခေါ်ကြတာလဲ။ ခနေလူမျိုးတွေဟာ ဘာဇာကြောင့် ရှမ်းပြည်ရှမ်းရွာကို ရောက်လာကြတာလဲ...၊ အဲသဟာလို ဆရာဦးမာလာက ပြောပြစမ်းပါဦးဗျာ"ဟု ပဋ္ဌင်းဖကြိုင်က မေး လေသည်။

ဦးမာလာက တစ်စုံတစ်ရာ မပြောသေးဘဲ စဉ်းစားတွေးတော၍နေစဉ်တွင် ကိုရင်ပုံက တစ်စခန်းထလိုက်၏။

"ကျွန်တော် ကြားဖူးတာကတော့ ဗမာပြည်မှာ ခနေဖြူဆိုတဲ့ မြို့ရှိ

တယ်။ အဲသည်မြို့ကလူတွေ ဒီအရပ်လာနေကြလို့ ဓနုလူမျိုးလို့ ခေါ်တာတဲ့...”

“ဒီလိုဆိုရင် ကျွန်တော်တို့ ဓနုလူမျိုးတွေ ဗမာပြည်သွားနေကြလို့ ဓနုဖြူမြို့လို့ ခေါ်တာကော မဖြစ်နိုင်ဘူးလား...”ဟု ကိုရင်မြိုင်ကဝင်၍ ထောက်လိုက်ရာ အားလုံး ဟားတိုက်၍ ရယ်ကြသည်။

ကျောင်းဒကာထူးက ဆိုပြန်သည်။ “သုဓနုမင်းသားနဲ့ ဒွေးမယ်နော်မင်းသမီးတို့ ဆိုတာ ရှေးက ရှိခဲ့သတဲ့။ ဒွေးမယ်နော် မင်းသမီးက ကိန္နရာမျိုး ကိန္နရာနွယ် ဆိုပဲ။ သုဓနုမင်းသားဟာ ဒွေးမယ်နော်မင်းသမီးကို မေတ္တာသက်ဝင် ချစ်ခင်စုံမက်လို့ တောအထပ်ထပ် တောင်အတန်တန်ကို ဖြတ်ကျော်ပြီး ဒွေးမယ်နော်ကို တွေ့အောင်ရှာသတဲ့။ နောက်တော့ သူတို့ချင်းအကြောင်းပါကြတယ်။ အဲဒီ သုဓနုမင်းသား နေရင်းအရပ်မှာနေတဲ့ လူတွေကို သုဓနုလူမျိုးလို့ ခေါ်ကြတယ်။ ကာလရွေ့လျောလို့ သုဓနုလူမျိုးက ဓနုလူမျိုးလို့ ပြောင်းလွဲခေါ်ကြတာ...”

“အိမ်း...ကျွန်တော်တို့ ဆရာတော်ဘုရားကြီး ပြောဘူးသဟာ၊ ရှေးစာဟောင်းပေဟောင်းတွေကို ဖတ်ဖူးသဟာကတော့ အဲသည်လိုဗျ...”

ဆရာကြီး ဦးမာလာက စကားစ၍ ပြောလေသည်။

“ဟိုးရှေးရှေးက ပုဂံပြည်မှာ အနော်ရထာမင်းကြီး စိုးစံတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းတစ်ထောင်နီးပါးကပဲ၊ အဲဒီအနော်ရထာမင်းဟာ တိုင်းပြည်သာယာဝပြောအောင် ပြုတယ်။ တိုင်းပြည်အေးချမ်းသာယာအောင်လည်း ပြုတယ်။ အနော်ရထာမင်းပိုင်တဲ့ နိုင်ငံတော်အစွန်အဖျား အရပ်ဒေသတွေမှာ ကင်းမြို့ လေးဆယ့်သုံးမြို့ တည်ထားပြီး စစ်သည်တော် ကင်းသားတွေထားသတဲ့။ ရှေးက စစ်သည်တော်တွေကိုင်တဲ့ လက်နက်ကတော့ ဓားရယ်၊ လှံရယ်၊ လေးရယ်ပေါ့ဗျာ။ ဓားဆိုတာက အနီးကပ်ခုတ်ရတယ်။ လှံဆိုတာက ခပ်လှမ်းလှမ်းကို ထိုးလို့ရတယ်။ လေးကတော့ ဝေးဝေးကို ပစ်လို့ရတယ်။ အဲသည်တော့ ရှေးခေတ်ကသုံးတဲ့ လက်နက်တွေထဲမှာ လေးဟာ အထိရောက်ဆုံး၊ အစွမ်းအထက်ဆုံးပဲ။ နယ်စပ်မှာထားတဲ့ ကင်းသားတွေဟာ အထိရောက်ဆုံးလက်နက်ဖြစ်တဲ့ လေးကို အသုံးများကြသတဲ့။ လေးသည်တော်တွေပေါ့ဗျာ။ အဲသည် လေးသည်တော်တွေဟာ တစ်ဖက်နိုင်ငံနဲ့ ရှမ်းပြည်

နယ်စပ်ဖြစ်တဲ့ အခု ကျွန်တော်တို့ ခနလူမျိုးတွေနေတဲ့ အရပ်မှာ ကင်းတပ် ချနေရာက အမြဲနေ အခြေစိုက်ပြီး ခနလူမျိုးလို့ ခေါ်တွင် ကြသတဲ့ဗျ...”

“ဆရာကြီးပြောတာ နားထောင်လို့တော့ တယ်ကောင်း။ သို့ပေမဲ့ လေးသည်တော်တွေကို လေးသည်တော်လူမျိုး ခေါ်ရမှာကို ဘာကြောင့် ခနလူမျိုးလို့ ခေါ်ကြတာလဲခင်ဗျာ”ဟု ကိုရင်ပုံက ဆင်ခြေတက်သည်။

“လေးကို ပါဠိလို ခနလို့ ခေါ်သကွ၊ ရှေးက ပုဂံပြည်မှာ ပါဠိစာပေ ပါဠိစကားကို တယ်ပြီး သုံးကြဆိုသကိုးကွယ့်။ အဲသည်တော့ လေးကို ပါဠိစကားအတိုင် ခနလို့ခေါ်ရာက ခနလူမျိုးဖြစ်လာရတာလို့ ငါတို့ဆရာ တော်ဘုရား အမိန့်ရှိဘူးတယ်”

ခနဝေါဟာရ အဆုံးအဖြတ်နှင့် စပ်လျဉ်း၍ မီးလှုံရင်း ထင်မြင်ချက် အမျိုးမျိုး ပေးကြသည်မှာ ဆူညံ၍ပင် နေလေတော့သည်။

○

## (၇)

မိုးရာသီကုန်ဆုံး၍ နှင်းဖုံးသော ဆောင်းလရာသီသို့ ရောက်ခဲ့လေသည်။ တောင်သူလယ်သမား၊ ယာသမားတို့သည် မိမိတို့၏ချွေးဖြင့် ထွန်ယက်စိုက်ပျိုးခဲ့ကြသော သီးနှံအမျိုးမျိုးတို့ကို တပျော်တပါး ရိတ်သိမ်းကြလေသည်။

တောင်ယာစပါး၊ လယ်စပါးတို့ ရိတ်သိမ်းပြီးနောက် နေခြောက်အောင်လှမ်းကာ ကောက်လှိုင်းစည်းများကို ပုတ်၍ ပုတ်၍ စပါးစေ့ကို ချွေကြသည်။

ယင်သို့ စပါးပုတ်ယင်း ပုတ်ယင်းပင် စပါးပုံကြီးသည် ထွား၍ ထွား၍ မြင့်၍ မြင့်၍ လာ၏။ စပါးပုံကြီးသလောက် ဝမ်းသာလုံးကြီး၍ လာကြသည်။

စပါးပုံကိုဝန်းဝိုင်းကာ ယပ်များဖြင့် ခတ်လျက် အဖျင်းအမှုန်တို့ကင်းအောင် ပြုကြသည်။

အဖျင်းအမှုန်ကင်း၍ သန့်ရှင်းသော စပါးတို့ကို တောင်းများတွင် ထည့်ကာ လှည်းဖြင့်သယ်ဆောင်လာကြသည့်နေ့ကား လယ်သမားတို့အတွက် ပျော်စရာအကောင်းဆုံး နေ့ပေတည်း။

စပါးနည်းတူပင်လျှင် မြေပဲများလည်း ရကြသည်။ ဝါလည်းရကြသည်။

ဆရာကြီး ဦးမာလာမှာကား သူတစ်ပါးထက် ထူးကာ ကရင်မျောက်ဥဟု ဒေသဝေါဟာရအလျှောက် ခေါ်ကြသည့် အာလူးများလည်း အားရဖွယ်ရာ ထွက်ပေါ်ရရှိလေသည်။

ဦးမာလာ စိုက်ပျိုးထားသည့် အာလူးမျိုး တစ်ခွဲသားခန့်မှ ပေါက်ဖွားဖြစ်ထွန်းသည့် အာလူးများကို မြေမှတူးဖော်သောအခါ ငါးတင်းသားခန့် ရလေသည်။ အလေးချိန်အားဖြင့် ပိဿာတစ်ရာကျော်တည်။

ဦးမာလာသည် အာလူးများကို လှည်းဖြင့်တင်ကာ အိမ်သို့ယူဆောင်ခဲ့လျက် အိမ်ပေါ်တွင် ဖျာကြမ်းကြီးခင်းပြီး စုပုံထားသည်။

ဦးမာလာ၏အိမ်သို့ ရောက်လာသမျှသော လူတို့သည် အာလူးများကိုကြည့်ကာ အံ့သြကြသည်။ အာလူးနှင့် ပတ်သက်၍ ထင်မြင်ချက်အမျိုးမျိုး ပေးကြသည်။

တစ်နေ့တွင်ကား ချုညံ ခလောက်သံ ဆူညံစွာဖြင့် ဈေးလှည်းတစ်စီးသည် ဦးမာလာ၏အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ၏။

"ကိုသာလှ…ကျန်းမာရဲ့နော…"ဟု ဦးမာလာက နှုတ်ဆက်လိုက်သည်။

ဦးသာလှနှင့် သားမောင်မြတို့သည် လှည်းပေါ်မှ ဆင်းလာကြရင်း…

"ဟုတ်ကဲ့…ကျန်းမာတယ် ဦးမာလာရေ့…၊ ဦးမာလာတို့ကော မာကြရဲ့ မဟုတ်လား…၊ မောင်ညွန့်ကော တော်တော်ကြီးလှရောပေါ့နော်…၊ မနန်းကြာ တစ်ယောက်ကော မမြင်ပါကလား…"ဟု ဦးသာလှက ဗမာသံပီပီသသဖြင့် ဝမ်းသာအားရ ပြန်လည်ပြောပြလေသည်။

ဦးမာလာ၏အိမ်ဝင်းထဲတွင် ဈေးလှည်းဆိုက်သည်ဟု တစ်ဆင့်စကားတစ်ဆင့်နားဖြင့် ကြားကြရသော ကျောက်တော ရွာသူရွာသားတို့သည် ဝိုင်းအုံလာကြကာ ဈေးလှည်းပေါ်ရှိ ကုန်စည်များကို ကြည့်ရင်း…

"ဘာပါသလဲ…ဘာပါသလဲ…"ဟု အငမ်းမရ မေးကြသည်။

"ဆားပါတယ်…ထန်းလျက်ပါတယ်…"ဟု ဦးသာလှက ဖြေရာ

"ဝယ်မယ်…ဝယ်မယ်…၊ ကျွန်တော်တို့ တစ်ရွာလုံးမျှပြီး အားလုံးအကုန်ဝယ်မယ်"ဟု အားတက်သရော ပြောကြသည်။

"ကိုသာလှတို့ သာစည်ကလာခဲ့ရတာ ဘယ်နှစ်ရက်ကြာခဲ့သလဲ…" ဟု ဦးမာလာက မေး၏။

"အမှန်ကတော့ ငါးညအိပ်နဲ့ ရောက်ဖို့ပဲခင်ဗျ…၊ လမ်းကတောင်တက် တောင်ဆင်းချည့်ဆိုတော့ တယ်ဆိုး၊ တယ်ကြမ်းသကိုး၊ လမ်းမှာ လှည်းဝင်ရိုးကျိုးနေလို့ ခြောက်ညအိပ်လာခဲ့ရတယ်…"

"ကိုင်း...ကိုသာလှ အိမ်ပေါ်ကြွဗျာ..."ဟု ဦးမာလာက ဆိုရာ ဦးသာလှနှင့် မောင်မြတို့သည် ဦးမာလာနှင့်အတူ အိမ်ပေါ်သို့ တက်ကြသည်။ ရွာသူရွာသားအချို့လည်း ဦးသာလှတို့နှင့်အတူ အိမ်ပေါ်သို့ တက်လိုက်ခဲ့ကြသည်။

အရိုးနန်းကြာက ဖျာချောခင်း၍ ပေးသဖြင့် ထိုင်ကြလေရာ ကွမ်းအစ်၊ ဆေးလိပ်ခွက်၊ မီးခတ်၊ လက်ဖက်ရည်ခါး စသည့် ဧည့်ဝတ်စောင့်ဝတ်ပြုရသည့် ပစ္စည်းများလည်း ဦးသာလှတို့၏ရှေ့တွင် ရောက်လာသည်။

"ဟေး...မောင်ညွန့်...အမယ်လေး...ငါ့တူကြီးက ကြီးလာလိုက်တာ လာစမ်းပါဦးကွ...ဦးလေးဆီကို..."

ဦးသာလှက လက်ကမ်း၍ ခေါ်လေရာ မောင်ညွန့်သည် လာ၍ ဦးသာလှ၏ပေါင်ပေါ်တွင် ထိုင်၏။

"ငါ့တူ...ဘာစားချင်သလဲ...၊ ဦးလေးတို့မှာ ထန်းလျက်တွေပါတယ် ထန်းလျက်စားမလား"

"ဟုတ်ကဲ့...စားချင်တယ်..."

"လူကလေး...သွား...လှည်းပေါ်ကထန်းလျက်တော်တော်များများယူခဲ့စမ်း..."ဟု ဦးသာလှက ဆိုလိုက်ရာ သားဖြစ်သူ အသက် ၂၀ အရွယ်ခန့်ရှိ မောင်မြသည် လျင်မြန်စွာ ဆင်းသွားလျက် ထန်းလျက်များကို လက်ခုပ်ဖြင့်ထည့်ကာ ယူလာ၏။

ဒေါ်နန်းကြာက စိုင်ပေါင်ကလေးတစ်ချပ် ထုတ်ပေးရာ မောင်မြသည် လက်ခုပ်ထဲမှ ထန်းလျက်များကို စိုင်ပေါင်တွင်ထည့်လျက် ဦးသာလှ၏ရှေ့တွင် ချပေး၏။

ဦးသာလှသည် ထန်းလျက်ကြီးကြီးတစ်ခဲကိုယူကာ မောင်ညွန့်၏လက်ထဲသို့ ထည့်လိုက်ရာ မောင်ညွန့်သည် ဝမ်းသာအားရ ကိုက်၍ ကိုက်၍ စားနေ၏။

"ကိုင်း ထန်းလျက်စားကြစမ်းပါဦး၊ ဦးမာလာလည်း စားပါ၊ မင်းတို့ မင်းတို့လည်း စားကြကွယ်..."

ဦးသာလှက ရွာသူရွာသားတို့၏ဘက်သို့ ထန်းလျက်စိုင်ပေါင်ကို တိုးပေးရာ တစ်ယောက်တစ်လုံးယူ၍ စားကြသည်။

"ထန်းလျက်က ဘယ်ဈေးလဲ ခင်ဗျ…"ဟု ရွာသားတစ်ယောက်က မေး၏။

"ငါးမူးဈေးရောင်းမယ်"ဟု ဦးသာလှက ပြန်ပြောသည်။

"ဗမာပြည်မှာကော ဘယ်ဈေးပေါက်သတုံး…"

"ဗမာပြည်မှာတော့ ငါးမူးဈေးမပေါက်ဘူးပေါ့ မောင်ရာ…၊ သို့ပေမဲ့ လာရတဲ့ခရီးကန္တာရကိုလည်း ချင့်ကြည့်ကြပါဦး၊ အသွား ငါးညအိပ်၊ အပြန် ငါးညအိပ်၊ ဆယ်ရက်ခရီးသွားရတယ်၊ အဲသည်တော့ ငွေရင်းစိုက်ရကျိုး၊ ပင်ပန်းရကျိုးလည်း နပ်ဦးမှမဟုတ်လား"

"ဟုတ်သပ…၊ လာရောင်းပေးလို့ ဝယ်ခြမ်းစားရတာ ကျေးဇူးတင်ထိုက်ပါတယ်၊ ဆားကကော ဘယ်ဈေးတုံး"ဟု ဦးမာလာက မေး၏။

"ဆားက တစ်ပိဿာ တစ်မူးပါ…"ဟု ဦးသာလှက ဖြေသည်။

"ဈေးချိုပါတယ်။ ဝယ်ကြပါ…ဝယ်ကြပါ…၊ ကိုသာလှတို့ ပြန်ချင်တဲ့နေ့မှ ပြန်ကြတာပေါ့။ သို့ပေမဲ့ မြန်မြန်ကုန်အောင် ရောင်းလိုက်ရရင် စိတ်ချမ်းသာမှာပဲ။ သည်တော့ မြန်မြန်ကုန်အောင် ဝယ်ကြကွယ်ရို့…"ဟု ဦးမာလာက တိုက်တွန်းစကား ပြောကြားလိုက်လေသည်။

"အမယ်…အာလူးတွေပါကလား…သည်အာလူးတွေကို ဦးမာလာ ဘယ်ကရထားသလဲ…"ဟု ဦးသာလှကစိတ်အားထက်သန်စွာမေးလိုက်သည်။

"တတ်တိုင်းစိုက်လို့ ထွက်ထာပဗျာ…"

"အလို…အာလူးကို ဦးမာလာကိုယ်တိုင် စိုက်သလား အံ့ပဗျာ…" ဦးမာလာတို့အရပ်မှာ အာလူးစိုက်တယ်လို့ ဒီတစ်ခါပဲ ကြားဖူး၊ တွေ့ဖူးပါတယ်…"

"သည်ကရင်မြောက်ဥကို ကျုန်တော်တို့အရပ်က စားလေ့စားထမရှိဘူးဗျ။ စားရင် ဖောတတ် ရောင်တတ်တယ်လို့ အယူရှိပြီး အစားရှောင်ကြတယ်။ ကျွန်တော်က စမ်းစိုက်ကြည့်တယ်။ အနို့ပီးစမ်းစားကြည့်တယ်…"

စမ်းစားဖို့ မလိုပါဘူး ရှမ်းပြည်မြောက်ပိုင်းမှာဆိုရင် တော်တော်များများ စိုက်ကြ စားကြပါတယ်။ ဗမာပြည်မှာလည်း အမြတ်တနိုးစားကြတယ်။ ကိုင်း…မနန်းကြာရေ…ကျုပ်တို့သားအဖစားဖို့ အာလူးဟင်းချက်လဗျာ…၊ ကျုပ်စားပြသွားပါ့မယ်…လက်ငင်းလည်း စားပြဦးမဗျ…"

ဦးသာလှက ပြောပြောဆိုဆို ထိုင်ရာမှထကာ အာလူးကြီးကြီး တစ်လုံးကိုယူလျက် မီးဖိုအတွင်းထည့်ကာ မီးအုံးထားလိုက်သည်။ ရောက်လာသမျှ ရွာသူရွာသားတို့သည် ဦးသာလှ လုပ်သည်ကို တအံ့တဩ ငေးမောကြည့်ရှုနေကြ၏။

အာလူးကျက်ချိန်တန်လျှင် မီးဖိုထဲမှဆယ်ကာ အခွံသင်ပြီး ဦးသာလှက အားရပါးရ စားပြသည်။ စားရင်း ပြော၏။

"ကျွန်တော်တို့ အာလူးစားခဲ့တာ နှစ်ပေါင်းတော်တော်ကြာပါပြီဗျာ...၊ ဘာမှမဖြစ်ပါဘူး၊ သည်အရပ်က ထင်သလို ဖောတတ် ရောင်တတ်ရိုးမှန်ရင် ကျွန်တော် ဖောရောင်ပြီး သေလို့ အရိုးတောင် ဆွေးလောက်ပါပြီ..."

ဦးသာလှ ပြောပုံကို သဘောကျကာ ရယ်မောကြလေသည်။

"ကိုင်း...ဦးမာလာက အာလူးတွေအားလုံးကို ကျွန်တော့်ရောင်းလိုက်ပေတော့...၊ ကျွန်တော် အားလုံးဝယ်သွားမယ်...။ ဘယ်ဈေးရောင်းမလဲ..." ဟု ဦးသာလှက မေးလိုက်၏။

"ဈေးနာ မပြောတတ်ပါဘူး၊ ဗမာပြည်မှာ ဘယ်ဈေးပေါက်သတုံး၊ ဗမာပြည်မှာ ပြန်ရောင်းရမယ့်ဈေးနဲ့ကိုက်ပြီး သင့်လျော်အောင် ပေးပေတော့"

"ခွက်တစ်ဆယ် တစ်ကျပ်၊ ခွက်တစ်ရာ တစ်ဆယ်ဈေးပေါ့ဗျာ...၊ ဘယ့်နှယ်လဲ...ရောင်းနိုင်ရဲ့မဟုတ်လား..."

"ရောင်းနိုင်ပါသဗျာ...၊ ကျွန်တော်တို့အရပ်မှာဆိုရင် စားဝံ့မဲ့လူက မရှိတော့ ပုပ်ကုန်ဖို့က များပါတယ်..."ဟု ဦးမာလာက ပြော၏။

"ကိုင်း လူကလေး ရာဇူနဲ့အလေးယူချေ..."ဟု ဦးသာလှက ပြောလိုက်ရာ မောင်မြသည် ထိုင်ရာမှထသွားလျက် လှည်းပေါ်မှ သစ်သားချိန်ခွင်ကြီးနှင့် အလေးများ ယူလာသည်။

"ဆင်ပြင်ပေးလိုက်ကြလကွယ်..."ဟု ဦးမာလာက ပြောလိုက်ရာ ရောက်နေသည့် ရွာသားများသည် ထုတ်တန်းတွင် ချိန်ခွင်ချိတ်သူကချိတ်၊ အာလူးထည့်ရန် တောင်းကိုတိုက်သူကတိုက်နှင့် တစ်ယောက်တစ်လက်လုပ်ကိုင်ဆောင်ရွက်ပေးကြသည်။

ထို့နောက် ဝိုင်းဝန်းကာ ချိန်တွယ်ကြ၏။ တစ်ခါချိန်လျှင် ခွက်တစ်ဆယ်ချိန်လေရာ ဆယ်ခါတိတိ ချိန်ပြီးသော်လည်း အာလူးအတော်များများကျန်နေလေသေးသည်။

"ကိုင်း…ခွက်တစ်ရာရှိပြီဗျ တော်တော့။ ကျန်တဲ့အာလူးကို ရှေ့နှစ်ခါအတွက် ပျိုးထား။ စားသင့်တာလည်း စားပေါ့လေဗျာ"ဟု ဦးသာလှက ဆိုရာ ချိန်တွင်ခြင်းကိစ္စကို ရပ်နားလိုက်ကြသည်။

ဦးသာလှ၏ ပေါင်ပေါ်တွင် ထိုင်မြဲထိုင်နေသော မောင်ညွန့်က ဦးသာလှ ဝတ်ထားသည့် တောင်ရှည်ပုဆိုးကို ကိုင်ကာ ကိုင်ကာ ကြည့်နေ၏။

"ဘာလဲကွ ညွန့်ရ…။ မင်းက ပုဆိုးဝတ်ချင်လို့ ကြည့်သဟာလား" ဟု ရွာသားတစ်ယောက်က ပြက်နောက်နောက် ပြောလိုက်သည်။

"ဟုတ်ကဲ့ ဝတ်ချင်တယ်"ဟု ညွန့်ကဆိုရာ အားလုံးရယ်မောကြသည်။

"အင်းလေ…ငါတူဖို့ ဦးလေး နောက်တစ်ခေါက်လာတဲ့အခါကျတော့ ပုဆိုးတစ်ထည်ဝယ်ခဲ့ရမပေါ့ကွာ။ ဓနုတို့၊ တောင်ရိုးတို့ ဆိုသဟာ ဗမာလူမျိုးတွေပဲကွ။ ရှမ်းလူမျိုးတွေနဲ့ ရောနှောနေရတော့ ရှမ်းအဝတ်အစား ဝတ်နေကြတာ"ဟု ဦးသာလှက ရှင်းပြသည်။

"ကိုသာလှရေ…နောက်တစ်ခေါက်လာရင် ကျွန်တော့်ဖို့လည်း ပုဆိုးတစ်ထည်လောက် ဆွဲခဲ့ဗျာ။ ကျသင့်တဲ့အဖိုးကို ကျွန်တော်ပေးပါ့မယ်"ဟု ဦးမာလာကဆို၏။

"ကိုင်း…ထမင်းခူးပြီးပါပြီရှင့်။ ထမင်းစားရအောင်ရှင့်…"ဟု အရီးနန်းကြာက ထမင်းစားရန် ဖိတ်ခေါ်ရာ ဦးသာလှ၊ မောင်မြနှင့် ဦးမာလာတို့ ထမင်းဝိုင်း၌ စားကြသည်။

"ဘယ့်နှယ်လဲရှင့်…အာလူးဟင်းစားလို့ ချိုရဲ့လားရှင့်"ဟု အရီးနန်းကြာက မေး၏။

"ဟုတ်ကဲ့ အာလူးဟင်း စားလို့လည်း ချိုပါ့ဗျာ။ ထမင်းစားလို့လည်း ချိုပါ့ဗျာ"ဟု ဦးသာလှက ဓနုစကား၊ တောင်ရိုးစကားဖက်၍ ပြောလိုက်ရာ အားလုံး ရယ်မောကြသည်။

"ဟုတ်သဗျ ကိုသာလှရဲ့။ ကျွန်တော်တို့ တောင်ရိုးဓနုလူမျိုးတွေကတော့ ထမင်းစားလို့ ချိုရဲ့လားတဲ့။ ခင်ဗျားတို့ ဗမာကတော့ ထမင်းစားလို့ မြိန်ရဲ့လားလို့ မေးတယ် မဟုတ်လား"ဟု ဦးမာလာက မေးသည်။

"ဟုတ်ပါတယ်။ ချိုတာနဲ့ မြိန်တာဟာ အနက်အဓိပ္ပာယ် အတူတူ ပါပဲ။ သည်နေရာမှာ ချိုတယ်ဆိုတာဟာ ထန်းလျက်ချိုသလို ချိုပုံမျိုး မဟုတ် ပါဘူး။ ချို၊ ချဉ်၊ စပ်၊ ငန်၊ ဖန်၊ ခါးဆိုတဲ့ အရသာခြောက်ပါးထဲက ချို တာမျိုး မဟုတ်ပါဘူး။ ဘာပြုလို့လဲဆိုတော့ ချိုမြိန်သောအရသာလို့ ဗမာ စာပေထဲမှာ ရေးကြတယ်။ ချဉ်မြိန်သောအရသာ၊ ခါးမြိန်သောအရသာလို့ ရေးရိုးထုံးစံ မရှိပါဘူး။ ချိုမြိန်သောအရသာဆိုတာဟာ စားလို့ကောင်းတယ်။ စားလို့အရသာရှိတယ်ဆိုတဲ့ အနက်အဓိပ္ပာယ်ပဗျာ။ ဗမာစကားမှာ အနက် အဓိပ္ပာယ် တူတာချင်း ဖက်စပ်ပြီး ပြောလေ့ပြောထရှိတယ်။ သည်တော့ ချိုမြိန်သောအရသာလို့ သုံးတာဟာ ချိုတာနဲ့မြိန်တာ အနက်အဓိပ္ပာယ်ချင်း တူလို့ သုံးတာပဲဗျ။ နားရှင်းရဲ့မဟုတ်လား"ဟု ဦးသာလှကမေးရာ "ရှင်းပါ့ ဗျာ…ရှင်းပ"ဟု ဦးမာလာက ပြန်ပြောသည်။

"ဩော်…သဟာထက် ဦးမာလာကို အားလူးဖိုး ကျွန်တော်ပေးချေ စရာ ရှိပါသေးကလား…"ဟု ဦးသာလှကဆိုကာ ငွေအိတ်ထဲမှာ ကုလားမ ခေါင်းဒင်္ဂါး ဆယ်ပြားထုတ်ကာ ဦးမာလာအားပေးရာ ဦးမာလာက ဒင်္ဂါးများ ကို ကျောက်တုံးပေါ်တွင် တချွင်ချွင်မြည်အောင် တီးခေါက်ကြည့်ပြီးနောက် ယူလိုက်လေသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ကျောက်တောရွာသူရွာသားတို့ သည် တောင်းပလုံးကိုယ်စီဖြင့် ဦးမာလာ၏အိမ်သို့ လာကြသည်။ ဦးသာလှ ထံမှ ထန်းလျက်နှင့် ဆားဝယ်ရန်တည်း။

"ကိုသာလှရေ…ခင်ဗျာ့မှာ ထန်းလျက်ဘယ်လောက်၊ ဆားဘယ် လောက်ပါသတုံး"ဟု ဦးမာလာက မေးလိုက်၏။

"ထန်းလျက်က အချိန်တစ်ရာ့ငါးဆယ်၊ ဆားက အချိန်တစ်ရာပါ တယ်ခင်ဗျ"ဟု ဦးသာလှက ပြန်ပြောသည်။

"ကျွန်တော်တို့ရွာမှ အိမ်ခြေ ဆယ့်ငါးအိမ် ရှိတယ်။ သည်တော့ တစ်အိမ်ကို ထန်းလျက် ဆယ်ပိဿာဝယ်နိုင်တယ်။ ဆားခုနစ်ပိဿာလောက် ဝယ်နိုင်တယ်။ သဟာထက်ပိုပြီး မဝယ်ရဘူး။ တကယ်လို့ တစ်အိမ်အိမ်က ငွေကြေးမပြည့်စုံလို့ ထန်းလျက်ခွက်တစ်ဆယ်၊ ဆားခုနစ်ပိဿာ မဝယ်နိုင် ဘူးပဆိုရင် ဝယ်နိုင်သလောက်ပဲဝယ်ကြ။ ကျန်တဲ့ဆားနဲ့ထန်းလျက်ကို ငါ

တို့က ဝယ်ထားမယ်။ နောင် ငွေကြေးတတ်နိုင်တဲ့အခါ ဆား ထန်းလျက် လိုတဲ့အခါ အရင်တိုင်းဈေးနဲ့ ငါတို့ဆီမှာ ဝယ်နိုင်တယ်"ဟု ဦးမာလာက ပြောသည့်အတိုင်းပင် ဝယ်ခြမ်းကြသည်။

ဤကား တောင်ရိုးနေဗမာ ရှေးသူဟောင်းတို့၏ လုပ်ရိုးလုပ်စဉ် အလုပ်တည်း။ အများကောင်းစားရေး၊ အများချမ်းသာရေး၊ အများသက်သာ ချောင်ချိရေးအတွက် ပရဟိတလုပ်ငန်းတည်း။ ထိုရှေးသူဟောင်းတို့ လုပ်ရိုး လုပ်စဉ်လုပ်ငန်းကို နောင်ကာလတွင် အမည်အမျိုးမျိုးတပ်ကာ ခေါ်ဝေါ် သမုတ် လုပ်ကိုင်ဆောင်ရွက်ကြခြင်း ဖြစ်သတည်း။

○

## (ဂ)

တစ်နေ့သောညနေ နေဝင်ခါနီးအချိန်တွင် ဦးမာလာသည် အိမ်ပေါ်တွင်ရပ်ကာ အရှေ့ဘက်ဆီသို့ မျှော်ကြည့်နေစဉ် ထူးခြားသော မြင်ကွင်းကို တွေ့လိုက်ရလေသည်။

"ဟဲ့...ဟဲ့...ဟိုမှာ ကြည့်ကြစမ်း၊ လှည်းတပ်ကြီး ချီလာတယ်။ ဘယ်လိုဟာတွေတုံး။ လာကြဟေ့...လာကြ။ စုံစမ်း မေးမြန်းကြရအောင်"

ဦးမာလာက ပြောပြောဆိုဆို အိမ်ပေါ်မှ ဆင်းခဲ့သည်။ အခြားရွာသူရွာသားတို့သည်လည်း ဦးမာလာ၏နည်းတူ တွေ့မြင်ကြသဖြင့် ဦးမာလာနှင့်အတူ ကျောက်တောရွာတွင်းမှ ထွက်ခဲ့ကာ ရွာ၏အရှေ့ဘက်ဆီသို့ ခြေကုန်နင်ခဲ့ကြသည်။ ဦးမာလာ၏သားကလေး ငညွန့်လည်း လိုက်ပါလာ၏။

တရွေ့ရွေ့မောင်းလာကြသော လှည်းတန်းကြီးကို မြင်ကြရ၏။ လှည်းအစီးပေါင်း ၂၀ ခန့်တည်း။ လှည်းပေါ်တွင် ဝန်စည်စလယ် အထုပ်အပိုးနှင့် အိမ်အသုံးအဆောင် တောင်းပလုံး အိုးခွက်တို့ပါ၏။ လှည်းများ၏နောက်တွင် နွားများ ကျွဲများကိုလည်း ချည်နှောင်ဆွဲယူလာကြ၏။ အိမ်ထောင်ပြောင်းရွှေ့လာကြသော လူသိုက်ကြီးတည်း။

ဦးမာလာတို့ ကျောက်တောရွာသားတစ်စုသည် ထိုထူးဆန်းသော လှည်းတန်းကြီးဆီသို့ ခြေကုန်နင်ကာ အပြေးအလွှား လာခဲ့ကြသည်။ ကျောက်တောရွာအရှေ့ဘက် ငါးရာတွင်းခန့်အကွာတွင် ဦးမာလာတို့နှင့် လှည်းတန်းချင်း ဆုံကြ၏။

ရှေ့ဆုံးလှည်းကို မောင်းနှင်လာသည့်သူကို ဦးမာလာ မြင်လိုက်ရာ "အလို...သမားတော်ကြီးတို့ပါကလား။ လှည်းတွေ များလှချည့်။ ဘာကိစ္စ လာကြတာတုံး"ဟု မေးသည်။

"သြော်...ကိုမာလာပါကလား။ တွေ့ရတာ ဝမ်းသာလိုက်တာ။ ကျုပ် တို့ဘော်နင်းမှာ နေထိုင်မဖြစ်လို့ ပြောင်းရွှေ့လာကြတာ"ဟု သမားတော်ကြီး ဆရာခေါင်က ပြော၏။

ဆရာခေါင် ဦးဆောင်သည့် လှည်းအစီး ၂၀ ခန့်သည် ကျောက်တော ရွာ၏အရှေ့ဘက် နှစ်ခေါ်ခန့်အကွာ သစ်တောအတွင်းတွင် ရပ်နားစတည်း ချကြသည်။ ထိုနေရာတွင် ၁၀ တောင်ပတ်လည်မျှ ပင်စည်ရှိသော ရှေးမ လက်မပင်ကြီး တည်ရှိ၏။ ထိုလက်မပင်ကြီး အောက်တွင် ဆရာခေါင်တို့ မိသားစုနှင့် အခြားမိသားစုအချို့ စခန်းချကြသည်။ အခြား အခြားသော အိမ်ထောင်စုများသည်လည်း အခြားသစ်ပင်ကြီးများအောက်တွင် စတည်းချ ကြ၏။

ဆရာခေါင်သည် လက်မပင်ကြီးအောက်တွင် မီးပုံကြီးဖိုကာ မီးလှုံ ရင်း ဆရာဦးမာလနှင့် စကားပြောနေသည်။ ဆရာခေါင်၏ဇနီး အရီးစုံနှင့် သမီးမဝိုင်းတို့သည် ထမင်းဟင်း ချက်ပြုတ်နေကြသည်။

အခြားအိမ်ထောင်စု အသီးသီးတို့သည်လည်း ထမင်းဟင်းချက်ကာ အလုပ်များလျက် ရုတ်ရုတ်သဲသဲ ဖြစ်နေကြသည်။

"ပြောစမ်းပါဦး သမားတော်ကြီးရဲ့။ ပြောင်းရွှေ့လာရတဲ့ကိစ္စက ဘာဖြစ် ကြောင့်တုံး"ဟု ဦးမာလာက မေးလိုက်သည်။

ဆရာခေါင်ကား စော်ဘွားကြီးများ၏ အသုံးတော်ခံ ဆေးဆရာဖြစ် သဖြင့် သမားတော်ကြီးဟု ဒေသဝေါဟာရအလျောက် ခေါ်ဝေါ်သုံးနှုန်းခြင်း ဖြစ်သည်။

သမားတော်ကြီး ဆရာခေါင်က ဖြစ်ကြောင်းကုန်စင်ကို ရှင်းလင်း ပြောပြသည်။

"ကျုပ်တို့ ဘော်နင်းရွာက ခနေလူမျိုးတွေနဲ့ ခေါင်တိုင်ရွာက အင်းသား လူမျိုးတွေ အချင်းများကြတယ်ဗျ။ အချင်းများကြတဲ့ အကြောင်းရင်းက တော့ ခေါင်ကမိုးမလုံ တံစက်မြိတ်ကမိုးယိုတဲ့ သဘောပဗျာ။ ခေါင်တိုင်ငွေ

ခွန်မှူးနဲ့ ဘော်နင်းငွေခွန်မှူး မသင့်မြတ်ကြဘူး၊ မသင့်မြတ်ကြတဲ့ အကြောင်းရင်းကတော့ ခေါင်တိုင်ငွေခွန်မှူးက ဘော်နင်းရွာကိုပါ သူ့အုပ်စုထဲမှာ ထည့်ချင်တယ်။ ဘော်နင်းငွေခွန်မှူးက အဲသည်လို အထည့်မခံဘူး။ သီးသန့်နေချင်တယ်။ အဲသည်လို စိတ်ချင်း သဘောချင်း မတိုက်ဆိုင်ရာကစပြီး အမှိုက်ကစ ပြာသာဒ်မီးလောင်ဆိုသဟာလို တစ်ရွာနဲ့တစ်ရွာ အလစ်,အလစ်မှာ ဝင်ဝင်တိုက်ကြတယ်။ တိုက်တယ်ဆိုကတည်းက ဒဏ်ရာရတာတို့၊ သေကြေပျက်စီးတာတို့ ဖြစ်ကြရတော့တာပေါ့။ ဒီရန်မီးဟာ အေးမှာမဟုတ်ဘူး။ သည့်ထက်သည် ပိုပြီးဆိုးရွားလာတော့မယ့် အရေးမြင်လို့ ကျုပ်တို့တစ်တွေ ဘေးရန်ကင်းတဲ့အရပ် ပြောင်းလာကြသဟာပဲ"

ဆရာခေါင် ရှင်းလင်းပြောပြသည်များကို ဦးမာလာနှင့်တကွ ကျောက်တောရွာသူရွာသားများ စိတ်ပါဝင်စားစွာ နားထောင်နေကြသည်။

ဦးမာလာက ပြန်လည်ပြောပြ၏။ "သမားတော်ကြီး ဘာမျှမပူပါနဲ့။ သည်အရပ်က ကျွန်တော်တို့အရပ်ပါ။ ကျွန်တော်တို့အရပ်မှာ သမားတော်ကြီးတို့လူသိုက် မှဲ့တစ်ပေါက် မစွန်းစေရပါဘူး။ ကျွန်တော်တို့ ကျောက်တော်ရွာမှာတော့ တောင်ရိုးလူမျိုးတွေ များပါတယ်။ သမားတော်ကြီးတို့ဘော် နင်းရွာသားတွေက ဓနုလူမျိုးတွေ ဖြစ်ကြပေမယ့် ဓနုလူမျိုးနဲ့ တောင်ရိုးလူမျိုးဟာ အမည်သာကွဲပြီး စကားပြောရာမှာတော့ ဗမာစကားပဲ ပြောကြတာဖြစ်လို့ မျိုးတူဆွေတူ သွေးတူသားတူတွေပါ။ ကျွန်တော်တို့ အစွမ်းကုန် ကူညီစောင့်ရှောက်ပါ့မယ်"

ဆရာခေါင်နှင့် ဦးမာလာတို့ စကားလက်ဆုံကျနေကြကဲ့သို့ပင် ရွာခံဖြစ်သော ကျောက်တောရွာသူရွာသားတို့နှင့် ဧည့်သည်ဖြစ်သူ ဘော်နင်းရွာသူရွာသားတို့ကလည်း စကားအလွမ်းသင့်၍ နေကြလေသည်။

ဘော်နင်း ရွာသူရွာသားတို့ကို ကျောက်တော ရွာသူရွာသားတို့က အစွမ်းကုန် ကူညီစောင့်ရှောက်ကြမည့် အကြောင်းကိုလည်း အားတက်သရော စိတ်ပါလက်ပါ ပြောကြသည်။

နေဝင်သွား၍ မှောင်စပျိုးလာပြီဖြစ်ရာ လှုံမီးဖို ချက်မီးဖိုတို့မှ မီးရောင်များ တပြောင်ပြောင် တဝင်းဝင်း ထွန်းလင်းတောက်ပနေ၏။ ဆရာခေါင်နှင့် ဦးမာလာတို့ စကားနှီးနှော ပြောဆိုနေကြသည့် လက်မပင်ကြီး၏

အကိုင်းတွင် ရှာသားတို့က ထူးရှူးစများ ချိတ်ဆွဲကာ မီးရှို့ထားကြလေရာ တောက်လောင်နေသော ထင်းရှူးမီး၏ အရောင်တို့မှာ တပြောင်ပြောင်တလက်လက် ပေါ်ထွက်ထွန်းလင်းနေသည်။

ဘော်နင်းရှာသူတို့သည် ထမင်းဟင်း ခူးခပ်ပြင်ဆင်ကြသည်။ ဆရာခေါင်၏ဇနီး ဆရာကတော်ကြီး အရီးစုံနှင့် ၁၅ နှစ်ရွယ် သမီးမဝိုင်းတို့သည်လည်း ထမင်းဟင်း ခူးခပ်ပြင်ဆင်ပြီးပြီ ဖြစ်ကြသဖြင့် "အဖေ…ထမင်းစားမယ်…"ဟု မဝိုင်းက ဆရာခေါင်ကို ခေါ်ပြီးသည်နှင့် တစ်ဆက်တည်းပင် "ဖငယ်လည်း ထမင်းစားပါဦး"ဟု ဦးမာလာကိုပါ ခေါ်သည်။

"ဖငယ်စားပြီးခဲ့ပြီ၊ မင်းတို့သာ စားကြပါ"ဟု ဦးမာလာက ပြန်ပြော၏။

"ဟော့…မောင်ငယ်…ထမင်းစားမယ်လာ"ဟု မဝိုင်းက ဦးမာလာ၏သား ငညွန့်ကိုခေါ်ရာ ငညွန့်သည် ကလေးပီပီ မငြင်းပယ်ဘဲ ထမင်းပွဲသို့ ထသွားစားသောက်သည်။

အခြားအခြားသော ဘော်နင်းရှာသူရှာသား အိမ်ထောင်စုတို့သည် အသီးအသီး ဝိုင်းဖွဲ့ကာ တပျော်တပါး မြိန်မြိန်ယှက်ယှက် စားသောက်နေကြသည်မှာ ပျော်စရာ အားရစရာချည်း နှင့်နှင်တည်း။

○

နောက်နေ့ နံနက်စောစောတွင် ဦးမာလာ၏ တိုက်တွန်းဦးဆောင်မှုဖြင့် ကျောက်တောရှာသားများသည် ဓား၊ ပုဆိန်၊ ပဲကွပ်၊ တံစည်းများကို ကိုင်စွဲကာ ဘော်နင်းရှာသူရှာသားတို့ စခန်းချရာနေရာသို့ လာကြသည်။

"ကိုင်း…ဘော်နင်းသားတွေရော ကျွန်တော်တို့ ကျောက်တောသားတွေရော သစ်ခုတ်ဝါးခုတ် ထွက်ကြစို့။ အိမ်တို့တဲတို့ ဆောက်ကြရမလေ။ လာကြ…လာကြ"

ဆရာကြီးဦးမာလာက ရှေ့ဆောင်ဦးတည်ကာ သစ်ဝါးခုတ်ကြသည်။ ဝေးဝေးလံလံ သွားခုတ်ရန် မလိုပေ။ ဘော်နင်းရှာသူရှာသားတို့ စခန်းချနေသည့် လက်မပင်ကြီး၏ ပတ်ဝန်းကျင်တွင် သစ်တော ဝါးတောကြီးများဖြင့်

တည်လျက်ရှိသည်။ ထိုသစ်ဝါးတို့ကိုပင် ခုတ်လှဲခြင်းဖြင့် အိမ်ဆောက်ပစ္စည်း လည်းရသည်။ ရပ်ရွာတည်ရန် မြေရာရှင်းလင်း သုတ်သင်ခြင်းလည်း ဖြစ်သွားမည်။

ဘော်နင်းသား၊ ဓနုသား၊ ကျောက်တောသား တောင်ရိုးများသည် တစ်စိတ်တစ်ဝမ်းတည်းဖြင့် သတ်ခုတ်ကြသည်၊ ဝါးခုတ်ကြသည်၊ သစ်ရွေကြသည်၊ ဝါးခွဲကြသည်၊ ဝါးကပ်ရွာကြသည်၊ နှီးဖြာကြသည်၊ ထရံရက်ကြသည်၊ သက်ငယ်ပျစ်ကြသည်။

နောက်နေ့ နောက်နေ့တို့တွင်ကား တိုင်ထူကြသည်၊ အခြင်တင်ကြသည်၊ ပေါင်းကွပ်ရိုက်ကြသည်၊ ဆင့်တင်ကြသည်၊ အမိုးမိုးကြသည်၊ ကြမ်းခင်းကြသည်၊ အကာကာကြသည်။

ဘော်နင်းသူ, ဘော်နင်းသားတို့အတွက် နေအိမ်ဆောက်ရာတွင် ဝိုင်းဝန်းကူညီကာ လုပ်ကိုင်ဆောင်ရွက်ပေးကြသည့် ကျောက်တောသားများကို ဘော်နင်းသူတို့က စေတနာ သဒ္ဓါတရား ထက်သန်စွာဖြင့် ထမင်းဟင်းချက်ပြုတ်ကျွေးမွေးကြ၏။ အလှူကြီး အတန်းကြီး ကျင်းပပြုလုပ်နေသည့်သဖွယ်တည်း။ ယင်းသို့ ဝိုင်းဝန်းကူညီ ရောနှောဆောင်ရွက်ကြသည့် ကျေးဇူးကြောင့် ဗမာစကား ပြောကြသည့် ဓနုတို့နှင့် တောင်ရိုးတို့ ပိုမိုရင်းနှီးသွားကြလေသတည်း။

မကြာမီတွင်ပင် ဘော်နင်းသား ဓနုများအတွက် အိမ်ရာအဆောက်အအုံတွေ အလျှိုအလျှိုပေါ်၍ လာလေသည်။ အိမ်ပေါင်း ၂၀ ခန့်ဖြစ်သည်။

ရွာမိရွာဖဖြစ်သော သမားတော်ကြီး ဆရာခေါင်အတွက်ကား နှစ်ဆောင်ပြိုင်အိမ်ဆောက်၍ ပေးကြ၏။

ဘောနင်းရွာသားတို့ စခန်းချရာ နေရာမှသည် အမြဲတမ်းနေထိုင်ရာ ရပ်ရွာဖြစ်သွားသောအခါတွင်ကား မူလစခန်းချရသည့် ဆယ်တောင်ပတ်လည်မျှ ပင်စည်ရှိသော လက်မပင်ကြီးကို အစွဲပြုကာ လက်မပင်ရွာဟု အမည်သမုတ် ခေါ်ဝေါ်ပညတ်ကြလေသတည်း။

○

## (၁၀)

လက်မပင်ရွာနှင့် ကျောက်တောရွာမှာ မဝေးလှ။ နှစ်ခေါ်မျှသာ ကွာလှမ်း၏။ တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်ဆံခြင်း များလှသည်။ လက်မပင်ရွာကား ရွာသစ်ဖြစ်၍ ရွာနေလူများမှာ ဧည့်သည်သဖွယ်ဖြစ်သည်။ ကျောက်တောရွာမှာ ရွာဟောင်းဖြစ်၍ ရွာနေလူများမှာ အိမ်ရှင်နှင့်တူသည်။ အိမ်ရှင်က ဧည့်သည်ကို အရေးပေး အလိုလိုက်ရမြဲ ဓမ္မတာအတိုင်း ကျောက်တောရွာသား တောင်ရိုးလူမျိုးတို့သည် လက်မပင်ရွာသား ခနုလူမျိုးတို့ထံသို့ သွားရောက် လည်ပတ်ကာ အားပေးစကား ပြောကြသည်။ လုပ်ငန်းဆောင်တာတို့ကို ကူညီဆောင်ရွက်ပေးကြသည်။

ကျောက်တောသား ဦးမာလာသည် လက်မပင်သား သမားတော်ကြီး ဆရာခေါင်အိမ်သို့ မကြာခဏ သွားရောက် လည်ပတ်တတ်ပေရာ ဦးမာလာလာတိုင်း သားကလေးဉာဏ်နှ ပါလာတတ်သည်။

ဆရာခေါင်၏သမီး မဝိုင်းသည် ဉာဏ်နှကို အလွန်ချစ်၏။ ဉာဏ်နှရောက်လာလျှင် မဝိုင်းက လက်ပေါ်မှမချ။ ပွေ့ချီထားသည်။ စားစရာများကျွေးမွေးသည်။ ချော့မြူသည်၊ ပျော်အောင်ပြုသည်။

"မောင်လေး...မောင်လေး"ဖြင့် ယုယစွာခေါ်သည်။ ထို့ကြောင့် ဉာဏ်နှကလည်း မဝိုင်းကို သွေးသားရင်းချာပမာ ချစ်ခင်လေရာ တစ်ခါတစ်ရံတွင် ဉာဏ်နှသည် မဝိုင်းတို့အိမ်တွင်ပင် မဝိုင်းနှင့် အတူအိပ်သည်။

တစ်နေ့တွင် ညွှန့်သည် မဝိုင်းတို့အိမ်တွင် ရောက်နေစဉ် ကျောက်တောရွာဘက်မှ ချူညံခလောက်သံ ညီးညီးညံအောင် ကြားရသဖြင့် ညွှန့်ကလှမ်း၍ ကြည့်လိုက်၏။

"အစ်မဝိုင်း...အစ်မဝိုင်း...ဗမာပြည်က ဈေးလှည်းတွေ လာနေပြီထင်တယ်။ အစ်မဝိုင်းနှင့် ကျွန်တော် သွားကြည့်ကြစို့"ဟု ညွှန့်က ဆိုသဖြင့် မဝိုင်းသည် သူ့မိဘများကို ခွင့်ပန်ကာ ညွှန့်နှင့်အတူ ကျောက်တောရွာဘက်သို့ ထွက်ခဲ့ကြသည်။

ညွှန့် ပြောသည့်အတိုင်းပင် ဗမာပြည်မှ ဈေးလှည်းသုံးစီး ရောက်လာလျက် ဦးမာလာ၏အိမ်တွင်ပင် စတည်းချသည်။ လာနေကျဖြစ်သော ဦးသာလှနှင့် သားမောင်မြတို့က လှည်းတစ်စီး၊ မောင်ရွှေခင်က လှည်းတစ်စီး၊ ကိုစံတုတ်က လှည်းတစ်စီးဖြစ်သည်။

မဝိုင်းနှင့် ညွှန့်တို့သာလျှင်မက ကျောက်တောရွာသူရွာသားတို့သည်လည်း ဈေးလှည်းသုံးစီးကို ဝိုင်းရံကြည့်ရှုကြ၏။

"ဘာပါကြသလဲဗျ"ဟု ဦးမာလာက မေးလိုက်၏။

"ပါတယ်...ပါတယ်...စုံအောင်ပါတယ်။ ဆား၊ ထန်းလျက်၊ ကွမ်းသီးအပြင် ရေနံဆီလည်းပါတယ်"

"ဘာဗျ...ရေနံဆီ ဟုတ်လား...၊ ရေနံဆီဆိုတာ ဘယ်လိုဟာမျိုးလဲ" ဟု ရွာသားများက တအံ့တသြ မေးကြ စမ်းကြသည်။

ဦးသာလှက ရှင်းပြ၏။ "ရေနံဆီဆိုတာ ရေနံကိုချက်တာဗျ၊ မီးထွန်းရတယ်၊ လောင်စာပေါ့ဗျာ၊ ဟော...ကြည့်...ကျုပ်လုပ်ပြမယ်"

ဦးသာလှသည် လှည်းပေါ်က ရေနံဆီပုန်းကိုဖွင့်ကာ တုတ်တစ်ချောင်းဖြင့် ထိုးနှစ်လိုက်၏။ ထို့နောက် ထိုတုတ်ကို မီးဖိုက မီးတောက်တွင် တို့လိုက်ရာ တုတ်မှာမီးတဟုန်းဟုန်း တောက်နေလေတော့သည်။

"ရေနံဆီ...ရေနံဆီ...အံ့ဖွယ်ပဲဗျို့"ဟု ရွာသားများကပြောဆိုကြသည်။

ဦးသာလှသည် လှည်းပေါ်တွင် ပါလာသည့် အဝတ်စုတ်တစ်ခုကို ရေနံဆီဆွတ်ပြီးနောက် စလောင်းဖုံး အပေါင်းအနှမ်းထဲတွင်ထည့်ကာ မီးတို့လိုက်ရာ စလောင်းဖုံးတွင်းမှာ မီးဟုန်းဟုန်း တောက်နေလေသည်။ ရွာသူရွာသားတို့သည် တအံ့တသြ ငေးမောကြည့်ရှုကြ၏။

"အလို…ဦးမာလာ…ဟိုဆီမှာ အိမ်တွေပါလား…ဘယ်တုန်းကဖြစ်ပေါ်လာကြတာတုံး…"ဟု ဦးသာလှက လက်မပင်ရွာဘက်သို့ ကြည့်ရင်း အံ့ဩသံဖြင့် မေး၏။

"မကြာသေးဘူးဗျ…၊ ဘော်နင်းက ပြောင်းလာကြတဲ့လူတွေ…၊ ခင်ဗျားတို့ ဈေးရောင်းဖို့ စားကျက် ကျယ်ပြန့်တော့တာပဗျာ…၊ လက်မပင်ရွာလို့ ခေါ်တယ်၊ သဟာထက်…ကိုသာလှတို့မှာ ကွမ်းသီးလည်းပါတယ်နော…"

"ဟုတ်ကဲ့…ကွမ်းသီးပါတယ်။ တောင်ငူကွမ်းသီးဗျ…ကောင်းကကောင်းပါဘိသနဲ့…"

"အတော်ပဲဗျို့…ကျုပ်တို့တစ်တွေမှာ ကွမ်းသီးပြတ်နေလို့ ကွမ်းသီးအစား ကစုတ်သီးကို စားလိုစားရ၊ မက်လုပ်ခေါက်ကို စားလိုစား၏၊ စောင်ချမ်းခေါက်ကို စားလိုစားရနဲ့ တော်တော်ဒုက္ခများသဗျ။ နေစမ်းပါဦး…ကွမ်းသီးက ဘယ်ဈေးတုံး…"

"တစ်ပိဿာငါးမူးပါ…"

"ကောင်းပဗျာ…၊ ကွမ်းသီးက တစ်ခါတစ်ခါ ပြည်နေတတ်တော့ ကျုပ်တို့ ကျောက်တောရွာက အိမ်ခြေဆယ့်ငါးအိမ် လက်မပင်ရွာက အိမ်ခြေနှစ်ဆယ်၊ စုစုပေါင်း သုံးဆယ့်ငါးအိမ်က ခင်ဗျားတို့မှာပါသမျှ ကွမ်းသီးကို ဝေပုံကျ မျှယူရမဗျနော…"

"ကောင်းပါပြီ ပြုချင်သလိုပြုပါ။ ကျွန်တော်တို့ ကျေနပ်ပါတယ်"ဟု ဦးသာလှက ဝမ်းသာအားရပြော၏။

ဈေးလှည်းသုံးစီးမှ ဗမာအမျိုးသားများနှင့် ဦးမာလာတို့ ညစာထမင်းစားကြသည့်အချိန်မှာ နေဝင်ရီ တမှောင်ရှိပြီဖြစ်ရာ ဦးသာလှက ရေနံဆီဖြင့် စလောင်းမီးထွန်းညှိပေး၏။ ထိန်လင်းသော မီးရောင်တွင် ထမင်းစားနေကြရသူများကို တအံ့တဩ ဝိုင်းအုံကြည့်ရှုနေကြသည်။

မဝိုင်းသည် ဒေါနန်းကြာကို ကူညီကာ ဟင်းလိုက်၍ပေး၏။ ထမင်းစားနေသည့် မောင်မြက မဝိုင်းကို တစိမ့်စိမ့် ကြည့်နေသည်။ ထိုအချင်းအရာကို ငညွှန့်မြင်လေရာ မျက်စိမျက်နှာပျက်လျက် "လာ…အစ်မဝိုင်း…အစ်မဝိုင်းတို့အိမ် ပြန်ကြစို့"ဟု ဆိုလေသည်။

"ညွှန့်ရယ်…နင်ရော မိဝိုင်းရော ထမင်းစားပြီးမှ သွားကြ"ဟု အရီးနန်းကြာက ဆို၏။

"ဟင့်အင်း မစားဘူး၊ အစ်မဝိုင်းတို့အိမ်ကျမှ ကျွန်တော်စားမယ်"ဟု ညွှန့်က ခါးခါးသီးသီး ငြင်းသည်။

"လူကလေးတို့ နေကြဦး၊ ဦးလေး ထမင်းစားပြီးတော့မှ မင်းတို့ မောင်နှမ လင်းလင်းချင်းချင်း သွားရအောင် လုပ်ပေးမယ်၊ မှောင်နေပြီ မဟုတ်လားကွယ်…"ဟု ဦးသာလှ ပြောဆိုတားမြစ်သဖြင့် ညွှန့်မှာ မနေချင့်နေချင်ဖြင့် စောင့်ဆိုင်းနေရသည်။

ဦးသာလှ ထမင်းစားပြီးလျှင် အဝတ်စုတ်တစ်ခုကို တုတ်တစ်ချောင်း၏အဖျားတွင်ချည်သည်။ ထို့နောက် အဝတ်တွင် ရေနံဆီရွှဲရွှဲစိုအောင်ဆွတ်၍ မီးတို့လိုက်ရာ တုတ်များတွင် မီးဟုန်းဟုန်းတောက်လေတော့သည်။

"တုတ်မီး…တုတ်မီး…ကောင်းတယ်…ဆန်းတယ်"ဟု ညွှန့်က အားပါးတရ အော်ဟစ်၏။

"အိမ်း…ဗမာတွေကတော့ မီးတုတ်လို့ ခေါ်သကွယ့်၊ မီးတုတ်နဲ့ တုတ်မီး အတူတူပါပဲ။ ကိုင်း မောင်ညွှန့်တို့မောင်နှမ မီးတုတ်ကိုင်ပြီး လက်မ ပင်ရှာ သွားကြပေတော့"ဟု ဦးသာလှက ဆိုကာ မီးတုတ်ကို မောင်ညွှန့်၏ လက်သို့ ပေးလိုက်၏။

"ဟဲ့…ညွှန့်၊ နင် မိဝိုင်းတို့အိမ်မှာ အိပ်မလို့လား"ဟု အရီးနန်းကြာက မေး၏။

"အိပ်မယ်…အိပ်မယ်၊ အစ်မဝိုင်းနဲ့ အိပ်ရတာ ပျော်တယ်" မဝိုင်းနှင့်ညွှန့်တို့သည် မီးတုတ်အရောင်ဖြင့် လက်မပင်ရွာဘက်သို့ ခပ်သုတ်သုတ် လာခဲ့ကြသည်။

ညွှန့်က စကားထူးဆို၏။ "ဟို…ကိုမြ ဆိုတဲ့ ဗမာက အစ်မဝိုင်းကို ကြည့်လိုက်သဟာ သူ့မျက်စိကြီးတွေ ကျွတ်ကျမတတ်ပဲ"

မဝိုင်းက ဟက်ဟက်ပက်ပက် ရယ်လေသည်။

"မမဝိုင်းက လှလို့ ကြည့်တာ ဖြစ်မှာပေါ့ကွယ်"

"ဒီလိုကြည့်တာမျိုးကို ညွှန့် မကြိုက်ဘူး"

"မောင်လေး မကြိုက်ပေမယ့်…မမကတော့ကြိုက်တယ်"

*"ဟင့်အင်း...ဟင့်အင်း...အစ်မဝိုင်းလည်း မကြိုက်ရဘူး။ အစ်မဝိုင်း*ကို ညွှန့် တစ်ယောက်တည်းပဲ ကြည့်ချင်တယ်"

မဝိုင်းနှင့် ညွှန့်တို့ လက်မပင်ရွာတွင်းသို့ ဝင်လာကြရာ ညွှန့်ကိုင်ဆောင်လာခဲ့သည့် မီးတုတ်ကို ရွာသူရွာသားတို့ တအံ့တသြ ဝိုင်းဝန်းကြည့်ရှုမေးမြန်းကြသည်။

မဝိုင်းက ရေနံဆီအကြောင်းကို ပြောပြရ၏။ ဗမာပြည်မှလာသည့်ဈေးလှည်းများတွင် ရေနီဆီ၊ ဆား၊ ထန်းလျက်၊ ကွမ်းသီးတို့ ပါလာကြောင်းကိုလည်း မဝိုင်းက သတင်းပေးသည်။

ရွာသူရွာသားတို့သည် ဗမာပြည်မှ ဈေးလှည်းလာသော အခါတွင်မှသာ ရနိုင်သည့်ပစ္စည်းများကိုဝယ်ရန် ဒင်္ဂါးတပြင်ပြင် ငွေတစုစု ပြုလုပ်နေကြသည်။

နောက်နေ့တွင် ကျောက်တောရွာနှင့် လက်မပင်ရွာတို့မှ တောင်းပလုံးကိုယ်စီဖြင့် တစ်အိမ်တစ်ယောက်ထွက်ကာ ဦးမာလာ၏အိမ်သို့ လာကြ၏။ ဈေးလှည်းသုံးစီးတွင်ပါသည့် ရောင်းကုန်များကို စုလိုက်စုပုံ အချိုးကျအတွက်ချ ခွဲဝေဝယ်ခြမ်းကြသည်။

ကွမ်းသီးမှာ ခွက်တစ်ဆယ်မျှသာ ပါသဖြင့် နှစ်ရွာပေါင်း ၃၅ အိမ်မှတစ်အိမ်ထောင်လျှင် ကွမ်းသီး ၂၇ ကျပ်ခွဲသားစီသာ ရကြသည်။ အခြားကုန်များကိုလည်း ထို့အတူပင် ဝေပုံကျ ခွဲယူကြ၏။ ငွေကြေးမလုံလောက်သော အိမ်များက ဝေပုံကျအတိုင်း ပြည့်ဝအောင်မယူနိုင်လျှင် ပိုနေသောကုန်များကို ကျောက်တောရွာအတွက် ဦးမာလာက လက်မပင်ရွာအတွက်ဆရာခေါင်က ဝယ်ယူသိမ်းဆည်းထားသည်။ မပြည့်ဝသေးသော အိမ်များပင်ငွေကြေးလွယ်သည့်အခါတွင် အရင်းတိုင်းဈေးနှင့် ဝယ်ခြမ်းနိုင်ရန်ဖြစ်သည်။

ကုန်ဖိုးငွေကို ငွေဒင်္ဂါးရှိသူက ငွေဒင်္ဂါးဖြင့် ပေးချေလျက်၊ ငွေဒင်္ဂါးမရှိသူက ငွေခွက်၊ ငွေစတို့ကို ကပ်ပဲ့ဖြင့် ချိန်တွယ်ပေးချေသည်။

ငွေဒင်္ဂါးမှာ အလေးချိန် ခုနစ်မူးသားသာ ရှိသော်လည်း ငွေစဖြင့်ချိန်တွယ်ပေးချေရာတွင်ကား အလေးချိန်တစ်ကျပ်သား ပြည့်အောင် ပေးရသည်။ ငွေတစ်ဆယ်ကျပ်ဖိုး ပေးချေရန်ရှိလျှင် ငွေစဆယ်ကျပ်သား ချိန်တွယ်၍ပေးရသည်။

ဦးသာလှတို့ ရောင်းကုန်များ ပြောင်သလင်းခါ၍ ဗမာပြည်သို့ပြန်ခါနီးတွင် ကျောက်တောရွာသားတို့ စိုက်ပျိုးထွက်ရှိလေသမျှ အာလူးများကို ဝယ်ခြမ်းသွားကြ၏။ အာလူးကား ရောင်း၍စွံသောသီးနှံဖြစ်ကြောင်း ကျောက်တောရွာကရော လက်မပင်ရွာကပါ သိကြလေပြီတည်း။

○

## (၁၁)

မောင်ညွန့် ဆယ်နှစ်သားအရွယ်သို့ ရောက်လာသောအခါ ကျောင်းတွင်အပ်နှံရန် အချိန်အခါ သင့်ပြီဖြစ်သဖြင့် ဦးမာလာသည် မောင်ညွန့်ကို ခေါ်ဆောင်ကာ တစ်တိုင်ခန့်ဝေးသော လွယ်မောရွာသို့ လာခဲ့သည်။ လွယ်မောကား အိမ်ခြေ ၅၀ မျှရှိသည့် ရွာကြီးတည်း။

လွယ်မောကျောင်းဆရာတော်ကြီးကား စာပေသင်ကြားရာတွင် တစ်နယ်လုံး ဟိုးလေးတကျော် သတင်းကြီးလှသဖြင့် စာသင်သား ရဟန်း၊ သာမဏေ၊ ကျောင်းသား မြောက်မြားစွာတို့ကို သင်ကြားပေးလျက်ရှိသည်။

ဦးမာလာတို့ သားအဖ ဆရာတော်ကြီး၏ ကျောင်းပေါ်သို့ တက်သွားသည်နှင့် တစ်ပြိုင်နက် ဆူဆူညံညံ စာအံသံများကို ကြားကြရသည်။

"ကကြီး၊ ခခွေး၊ ဂငယ်၊ ဃကြီး၊ င" စသည်ဖြင့် ရွတ်အံကြသူများ။

"ကကြီးရရစ်–ကရ၊ ကကြီးရရစ်ရေးချ–ကရာ" စသည်ဖြင့် လျှာလိပ်သံဖြင့် ရွတ်ဆိုနေကြသူများ။

"သောဒေဝပုတ္တ–အိုနတ်သား၊ ဗာလာနံ–သူမိုက်တို့ကို၊ အသေဝနာစ–မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်းကောင်း" စသဖြင့် မင်္ဂလာသုတ်အနက်ကို သင်အံကျက်မှတ်နေကြသူများ စသည်ဖြင့် စာသင်ကြားနေကြသူ သာမဏေ၊ ကျောင်းသားများစွာတို့ကို တွေ့ရ၏။

ဦးမာလာနှင့် မောင်ညွန့်တို့သည် ဆရာတော်ကြီးကို ရှိခိုးဝတ်ဖြည့်ပြီးနောက် ဦးမာလာက"တပည့်တော်သားကို ကျောင်းအပ်ဖို့ လာပါတယ်ဘုရား"ဟု လျှောက်၏။

"ကောင်းပြီ။ ငါ့ကျောင်းမှာ နေစေ၊ စားစေ၊ အိပ်စေ၊ သီတင်းရက်တွေမှ အိမ်ကိုပြန်စေ၊ ငါ ကောင်းစွာသင်ပေးမည်"ဟု ဆရာတော်ကြီးက အမိန့်ရှိကာ လက်ခံလိုက်သည်။

ဦးမာလာသည် ဆရာတော်ကြီးကို ရှိခိုးကန်တော့ပြီးနောက် မောင်ညွန့်အား "လူကလေး...အဖ ပြန်မယ်နော်...စာကို ကြိုးစားသင်"ဟုဆိုကာ ကျောက်တောရွာသို့ ပြန်ခဲ့ရာ မောင်ညွန့်မှာ သူ့ဖခင်ကို မျက်စိသူငယ်ဖြင့် ကြည့်ရင်း ကျန်ရစ်ရှာသည်။

ထိုနေ့ညနေတွင်ပင် မဝိုင်းသည် ဦးမာလာ၏အိမ်သို့ ပေါက်လာကာ "မောင်လေးကော...မောင်လေးကို မမြင်ပါကလား...မောင်လေး ဘယ်သွားသလဲ..."ဟု မေး၏။

ဦးမာလာက "သည်ကနေ့ပဲ လွယ်မောကျောင်းကို သွားအပ်လိုက်တယ်။ စာသင်ဖို့ အချိန်သင့်ပြီကိုးကွယ့်"ဟု ပြော၏။

"သည်လိုဆိုရင် ကျွန်မကို ကြိုပြောပါတော့ ဖငယ်ရယ်...၊ အဝတ်အစားကလေးများ ချုပ်မပေးလိုက်ရလား၊ မုန့်ပဲကလေးများ မပေးလိုက်ရလား..."ဟု မဝိုင်းက စိတ်မကောင်းသည့် အမူအရာဖြင့် ပြောသည်။

"ဖငယ်လည်း လျင်တဆော စိတ်ကူးပေါက်ပြီး လျင်တဆောသွားပို့လိုက်ရလို့ပါကွယ်..."ဟု ဦးမာလာက ရှင်းပြသည်။

"မောင်လေးကို ကျွန်မ အလွန်သတိရပါတယ်။ မောင်လေးကျောင်းက ဘယ်တော့လောက် ပြန်ခွင့်ရမှာလဲ..."

"သီတင်းနေ့တိုင်း ပြန်လာလိမ့်မယ်ကွယ့်..."

"မောင်လေး ပြန်လာရင် ကျွန်မဆီ လျင်တဆောလွှတ်ပါနော်...မောင်လေးကို ကျွန်မ အလွန်ချစ်ပါတယ်၊ လွမ်းလည်း လွမ်းပါတယ်..."ဟု မဝိုင်းက စိတ်ထဲတွင် ရှိသည့်အတိုင်း ဖွင့်ထုတ်ပြောပြလေသည်။

မောင်ညွန့်ကို လွယ်မောရွာ ဆရာတော်ကြီး၏ကျောင်းတွင် အပ်နှံကာ ပညာသင်ကြားစေသည့်အကြောင်းကို ကျောက်တောရွာသား၊ လက်မပင်

ရွာသားတို့ ကြားသိကြရလေရာ ကျောင်းထားရန် အရွယ်ရောက်ပြီဖြစ်သော မိမိတို့၏သားများကိုလည်း ဆရာတော်ကြီးထံ ပို့အပ်ကြသည်။

မောင်ညွန့် အစရှိသော ကျောင်းသားများနှင့် ရှင်သာမဏေတို့၏ ဝတ္တရားမှာကား နံနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက် စာအံကြရ၏။ နေထန်းတစ်ဖျားသာသာခန့်တွင် စာအံဖြုတ်ကာ စာပြန် စာတက်ကြရသည်။ စာအတော်ရောက်နေပြီဖြစ်သော သာမဏေများ၊ ကျောင်းသားများကို ဆရာတော်ကြီးကိုယ်တိုင် စာတက်ပေးလျက် စာနုသေးသော ကျောင်းသားငယ်များကိုကား ဦးပဉ္ဇင်းတို့က စာတက်ပေးသည်။

အားလုံး စာတက်၍ ပြီးသည်နှင့် တစ်ပြိုင်နက် ကျောင်းသားအချို့ ကိုရင်အချို့တို့က ဆွမ်းတောင်း ဆွမ်းဟင်းဗျပ်တို့ကို ဆိုင်းထမ်းဖြင့်ထမ်းကာ ကြေးစည်တနောင်နောင် ရိုက်ခတ်ရင်း ရွာတွင်းမှာ ဆွမ်းခံထွက်ကြသည်။

ဆွမ်းခံပြန်လျှင် ဆွမ်းတော်တင်ရ၏။ ဆရာတော်ကြီးနှင့် ဦးပဉ္ဇင်းများ ဘုဉ်းပေးပြီးနောက်မှ ကိုရင်များ ဘုဉ်းပေးရသည်။ ကိုရင်များ ဘုဉ်းပေးပြီးလျှင် ကျောင်းသားများ စားသောက်ကြရ၏။

တောင်ရိုး၊ ခနော၊ အင်းသား၊ ရှမ်း စသည့် အမျိုးသား အမျိုးသမီးတို့ကား ရတနာသုံးပါးကို အထူးလေးစား ကြည်ညိုသူများ ဖြစ်ကြသည်။ ဆွမ်း၊ ဆွမ်းဟင်း လောင်းလှူရန် စေတနာ အလွန်ထက်သန်ကြသည်။ အကြောင်းမညီညွတ်၍ ဆွမ်းမလောင်းလိုက်ရလျှင် အပြင်းအထန် စိတ်မကောင်းခြင်း ဖြစ်ကြသည်။

ထို့ကြောင့် လွယ်မောရွာ ဆရာတော်ကြီး၏ကျောင်းတွင် စာသင်သားရဟန်းတော် ၃၀ ခန့်၊ သာမဏေ ၂၀ ခန့်၊ ကျောင်းသား ၃၀ ခန့်ရှိသော်ငြားလည်း နေ့စဉ် ဆွမ်းကွမ်းကိစ္စ လောက်ငဖူလုံလေသည်။

ယင်းသို့ ဖူလုံပါလျက်နှင့်ပင် ဝါဆိုလပြည့် သီတင်းကျွတ်လပြည့်နှင့် သင်္ကြန်ရက် စသော နေ့ထူး နေ့မြတ်တို့တွင် ဆန်၊ ဆီ၊ ဆားစသည့် လှူဖွယ်ဒါန်းရာတို့ကို အိမ်တိုင်းစေ့က ကျောင်းသို့သွားရောက် လှူဒါန်းကြလေသည်။

○

မောင်ညွှန့်ကို ကျောင်းအပ်ပြီးနောက် ဥပုသ်နေ့နှင့်ကြုံသောရက်တွင် ကျောက်တောရွာ လက်မပင်ရွာမှ ကျောင်းသားများနှင့်အတူ မောင်ညွှန့်သည် အိမ်သို့ပြန်ခဲ့လေသည်။

မောင်ညွှန့် အိမ်သို့ရောက်သည်နှင့် မရှေးမနှောင်းပင် သူ့ဖခင်သည် လည်း သာမိုင်းခမ်းမြို့မှ ပြန်လာသည်။

"ဟောသည်ဟာကို ကြည့်စမ်း...လူကလေး"

ဦးမာလာက ပြသဖြင့် မောင်ညွှန့် တစ်ခါမျှ မမြင်ဖူးသည့် ပစ္စည်း တစ်ခုကို ကိုင်တွယ်ကြည့်ရှု၏။

"ဒါ ဘာလဲ အဖ"ဟု မောင်ညွှန့်က မေးသည်။

"မီးဗူးတဲ့ကွယ့်...သာမိုင်းခမ်းဈေးက အဖဝယ်လာတာ၊ ရေနံဆီထည့် ပြီး မီးထွန်းရသတဲ့ တစ်ပဲပေးခဲ့ရတယ်"

ဦးမာလာအား ထိုပစ္စည်းရောင်းချလိုက်သူက လုပ်ပုံလုပ်နည်းကိုပါ သေချာစွာ ပြောပြလိုက်လေရာ ဦးမာလာသည် မီးဗူး၏ထိပ်ဖူးတံနှင့် အလော တော် ချည်ကြိုးတစ်ချောင်းကျစ်ကာ မီးဗူးတွင် မီးစာအဖြစ် ထည့်သည်။ ထို့နောက် မီးဗူးတွင် ရေနံဆီထည့်၏။ မီးဗူး၏ထိပ် မီးစာထွက်ပေါ်နေသည့် နေရာကို မီးတို့ပေးလိုက်ရာ မီးတောက်သည် ထာဝစဉ် တောက်ပထိန်လင်း နေလေသည်။

ဦးမာလာ၏ မီးဗူးသတင်းသည် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် တစ်ရွာလုံး ပျံ့နှံ့သွားလေရာ ရွာသူရွာသားတို့သည် တအံ့တဩ ဝိုင်းအုံ ကြည့်ရှုကြသည်။

"အဖ...မီးဗူး ဘယ်နှစ်ခု ဝယ်ခဲ့သလဲ..."ဟု မောင်ညွှန့်က မေး၏။

"နှစ်ခု ဝယ်ခဲ့တယ်"

"တစ်ခုကို အစ်မပိုင်းတို့အိမ် ပေးမယ်နော် အဖ"

"အိမ်း...ပေးရမှာပ...အဖကလည်း သူတို့အိမ်ကို ရည်စူးပြီး နှစ်ဗူး ဝယ်ခဲ့သဟာပဲ"

"မီးဗူးတပ်ဖို့ ကြိုးကျစ်ပေးပါဦး အဖ"

မောင်ညွှန့် စေခိုင်းသည့်အတိုင်းပင် ဦးမာလာက မီးစာကျစ်ပေး၏။

မောင်ညွန့်သည် မီးစာကို မီးဖူးတွင် တပ်ပြီးနောက် မဆိုင်းမတွပင် မီးဖူးကို ယူလျက် လက်မပင်ရှာဘက်သို့ ထွက်သွားလေသည်။

"ဟော...မောင်လေး ပြန်လာပြီ၊ မောင်လေး လက်ထဲကဟာ ဘာလဲ" ဟု မဝိုင်းက ဆီး၍မေး၏။

"မီးဖူးတဲ့ အစ်မဝိုင်းရဲ့...အဖ သာမိုင်းခမ်းဈေးက ဝယ်လာတာ... ရေနံဆီထည့်ပြီး မီးရှို့လိုက်ရင် မီးတောက် အမြဲတောက်နေတယ်"

မဝိုင်းသည် ရေနံဆီကို မီးဖူးအတွင်းသို့ ထည့်ပြီးနောက် မီးစာကို မီးတို့လိုက်ရာ ထိန်လင်းတောက်ပ၍ လာလေသည်။

ထိုမီးဖူးကိုပင် လက်မပင်ရှာသားတို့ တအံ့တသြ ဝိုင်းအုံကြည့်ရှုကြရလေသည်။

မီးဖူးဆိုသော အရာမှာကား ရေနံဆီမီးခွက်ပင် ဖြစ်သတည်း။

○

ညစာ စားပြီးနောက် မဝိုင်းနှင့် မောင်ညွန့်သည် မီးလှုံရင်း စကားပြောနေကြရာ သူတို့၏အနီးတွင် မောင်ညွန့် ယူလာသော မီးခွက်ကို ထွန်းထားသည်။

"ပြောစမ်းပါဦး မောင်လေး...ကျောင်းမှာ ဘာတွေသင်ရသလဲ"ဟု မဝိုင်းက မေး၏။

"ကကြီး ခခွေး သင်ရတယ်၊ ကျွန်တော် ကကြီးခကွေးရပြီ"ဟု မောင်ညွန့်က ဆိုကာ အစအဆုံး ရွတ်ပြ၏။

"မောင်လေး အစ်မဝိုင်းကို မလွမ်းဘူးလား"

"လွမ်းတာပ...ညကျလို့အိပ်တော့ အစ်မဝိုင်းနဲ့ တွေ့တယ်လို့အိပ်မက်,မက်တယ်။ နိုးလာတော့ တကယ်မဟုတ်တာသိလို့ ကျွန်တော်ငိုတယ်"

"အစ်မဝိုင်းလည်း သည်လိုပဲ မောင်လေးကို အိပ်မက်,မက်သဟာပဲ"

မောင်ညွန့်ကား အသက်ဆယ်နှစ်ရွယ်မျှဖြစ်၏။ မဝိုင်းကား အသက် ၂၀ အရွယ် အပျိုဖားဖားဖြစ်၍ နေပေပြီ။ သူတို့သည် တစ်ယောက်ကိုတစ်ယောက် လွန်စွာချစ်ခင် တွယ်တာကြ၏။

"မောင်လေး ကျောင်းကို ဘယ်တော့ပြန်မှာတုံး"

"မနက်ခါ စောစောပြန်ရမယ်၊ ဆွမ်းခံအမီ ပြန်ခဲ့ရမယ်လို့ ဆရာတော်ကြီးက မှာလိုက်တယ်"

"သဟာဖြင့် အိပ်ကြစို့...မနက်ခါ စောစော အစ်မပိုင်း နိုးမယ်၊ ကျောင်းပြန်ခါနီးတော့ ထမင်းကြော်၊ ကြော်ပြီး မောင်လေးကို ကျွေးလိုက်မယ်"

မပိုင်းနှင့် မောင်ညွှန့်တို့သည် တစ်အိပ်ရာတည်း အတူအိပ်ကြရာ မပိုင်း၏စိတ်တွင် ကြည်နူးနှစ်သိမ့်သလို ဖြစ်နေလေသည်။

○

"မောင်လေး...ထတော့...ထတော့..."

မပိုင်းက နိုးသဖြင့် မောင်ညွှန့် အိပ်ရာမှ လူးလဲထရာ ထမင်းကြော် အသင့်ပြင်ထားသည်ကို တွေ့ရသည်။

မောင်ညွှန့်သည် မျက်နှာသစ်ပြီးနောက် မပိုင်း ကြော်ထားသည့် ထမင်းကြော်ကို စား၏။

"မောင်လေး...နောက်ဥပုသ်နေ့ ကျောင်းက ပြန်လာရင် အစ်မပိုင်းဆီ လာခဲ့ဦးနော်"

"လာမှာပ...ကျွန်တော် အစ်မပိုင်းဆီကို အလွန်လာချင်နေတာပဲ"

"စာကိုလည်း ကြိုးစားသင်၊ မောင်လေး အဖေက ဆေးဆရာကြီး၊ အစ်မပိုင်း အဖေက သမားတော်ကြီး၊ မောင်လေး ကြီးရင်လည်း အဖေတို့လို ဖြစ်အောင် ကြိုးစားနော်"

"ဟုတ်ကဲ့...ကျွန်တော် ကြိုးစားပါ့မယ်"

မောင်ညွှန့် ထမင်းစားပြီးလျှင် မပိုင်းက လက်မပင်ရွာအပြင်သို့ ရောက်အောင် လိုက်ပို့၏။

"ကိုင်း...မောင်လေး သွားတော့...ကျောင်းက ပြန်လာရတိုင်း အစ်မပိုင်းဆီ လာနော်"

မောင်ညွှန့်၏ရင်ထဲတွင် ဆို့၍နေသဖြင့် စကားသံ မထွက်လာပဲ ခေါင်းညိတ်၍သာ ပြရာ၏။

မောင်ညွှန့်သည် ကျောက်တောရွာဘက်သို့ လာခဲ့၏။ မကြာခဏပင် နောက်သို့ လှည့်ကြည့်မိ၏။ လှည့်ကြည့်တိုင်း လှည့်ကြည့်တိုင်းပင် လက်မ ပင်ရွာထိပ်တွင်ရပ်ကာ မိမိအား ငေးစိုက်ကြည့်ရှုနေသော အစ်မဝိုင်းကို မြင် ရလေသည်။

○

# (၁၂)

ဓနုနှင့် တောင်ရိုးလူမျိုးတို့က ကရင်မျောက်ဥဟု ခေါ်ကြသော အာလူး ကို စိုက်ပျိုးမှု များလာကြသည်။ ရှေးယခင်က ဖောတတ် ရောင်တတ်သည် ဟု အယူရှိရာ မစားဝံ့ဖြစ်ခဲ့ကြသော်လည်း ယခုအခါတွင်ကား စား၍အန္တရာယ် မဖြစ်ကြောင်း၊ စား၍ အရသာရှိကြောင်း သိလာကြသဖြင့် လူတိုင်းပင်စား ကြလေသည်။

မိုးရာသီကုန်ဆုံး၍ ဆောင်းရာသီသို့ အရောက်တွင် ဗမာပြည်ဘက်မှ ဈေးလှည်းများ ရောက်လာကြကာ ဆား၊ ထန်းလျက်၊ ကွမ်းသီး၊ ရေနံဆီ စသည်များကို ရောင်းချပြီးနောက် အပြန်တွင် အာလူး၊ နနွင်းတက်၊ ချိတ် များကို ဝယ်ယူတင်ဆောင်သွားကြမြဲ ဖြစ်သည်။

ချိတ်ဟူသည်မှာ သစ်ပင်တွင် တွယ်ကပ်နေတတ်သော ချိတ်ပိုးကလေး များ၏ အစေးဖြစ်သည်။ ချိတ်ကိုလိုမှု ချိတ်ပိုးအိမ်ကို ခွာယူရခြင်းဖြစ်ရာ သူတစ်ပါး၏အသက်ကို သတ်ဖြတ်ရသည့် ပါဏာတိပါတကံထိုက်လျက် အပြစ်ရှိသည်ဟု ဗုဒ္ဓဘာသာဝင် ဓနု တောင်ရိုး လူမျိုးတို့ အယူရှိကြကာ အများအားဖြင့် ချိတ်ခွာခြင်းအလုပ်ကို မလုပ်ကြချေ။

အနည်းငယ်မျှသော ဓနု တောင်ရိုး အမျိုးသားတို့သာလျှင် ချိတ်ခွာ သည့်အလုပ်ကို လုပ်ကြ၏။ ချိတ်အစွဲဆုံးအပင်မှာ ပဲစင်းငုံပင်ဖြစ်ရာ ချိတ် ခွာလိုသူတို့သည် ပဲစင်းငုံပင် အမြောက်အမြားကို စိုက်ပျိုးထားကြသည်။

ကျောက်တောရွာ၊ လက်မပင်ရွာနှင့် အနီးအနား တစ်ဝိုက်ရှိ ရွာများတွင် မြေပဲစိုက်ပျိုးကြ၏။ မြေထဲတွင်ဥသည့် အပင်မျိုး ဖြစ်သောကြောင့် မြေပဲပေါ်ချိန်တွင် မြေကြီးကိုတူးဆွကာ ဆွတ်ယူကြရသည်။

မြေပဲမှ ဆီထုတ်ယူရန်အတွက် လက်သမားဆရာကြီးလည်းဖြစ်သော ဦးမာလာက တီထွင်လုပ်ကိုင်လေသည်။

ပျဉ်ထူထူကြီး တစ်ချပ်ပေါ်တွင် အလျားနှစ်တောင်၊ အနံတစ်တောင်၊ ထုလက်သုံးသစ်ခန့်ရှိသော ပျဉ်ပြားတစ်ချပ်ကို အသေစိုက်ထောင်ထားသည်။ ထိုစိုက်ထောင်ထားသော ပျဉ်ပြားနှင့် မျက်နှာချင်းဆိုင် ယှဉ်ကပ်လျက် ထိုပျဉ်းပြားနှင့် အရွယ်တူ ပျဉ်ပြားတစ်ချပ်ကို အောက်ခံပျဉ် ထူထူကြီးပေါ်တွင် ပင် စိုက်ထောင်သည်။ ပထမစိုက်ထောင်သည့်ပျဉ်ပြားမှာ အသေဖြစ်လျက် ဒုတိယစိုက်ထောင်သည့်ပျဉ်းပြားမှာ စခွေးပေါက်ကျယ်ကျယ်တွင် စိုက်ထောင်ထားသဖြင့် လှုပ်ရှားနိုင်သည်။ မျက်နှာချင်းဆိုင် ထောင်ထားသည့် ပျဉ်နှစ်ချပ်၏ ထိပ်ချင်းပေးအောင် နီးအောင် ပြုနိုင်သည်။ တစ်နည်းဆိုရသော် စိုက်ထောင်ထားသည့် မျက်နှာချင်းဆိုင် ပျဉ်နှစ်ချပ်မှာ ဝါးလက်ခုပ်သဖွယ် ဟနိုင် စေ့နိုင်သည်။ ဤကား ဆရာကြီးဦးမာလာက တီထွင်သည့် မြေပဲဆီကြိတ်စက် အစီအရင်တည်း။

ကြိတ်မည့်မြေပဲကို အခွံနွှာရသည်။ မြေပဲဆန်ကို အတန်ညက်အောင် လက်ဆုံတွင်ထည့်၍ ထောင်းပြီးနောက် ပေါင်းချောင်အိုးဖြင့် ပေါင်းသည်။ ပေါင်းပြီးမြေပဲဆန်ကို ကြိမ်ဖြင့်ရက်ထားသော "ညှပ်ဖာ"ဟု ခေါ်သည့် တောင်းရှည်တွင် ထည့်ကာ အထက်တွင် ဖော်ပြခဲ့သည့် ပျဉ်းပြားနှစ်ချပ် အတွင်း သွတ်သွင်းလျက် ညှပ်ခြင်းဖြင့် ဆီများထွက်ကျလာသည်။

ပျဉ်ပြားနှစ်ချပ် တင်းတင်းကျပ်ကျပ် ပူးကပ်စေ့ရန်အတွက် အရှင်ပျဉ်ပြား၏ စခွေးပေါက်ကျယ်တွင် သတ်ရိုက်သွင်းပေးရသည်။

ပေါင်းပြီးမြေပဲဆန်ကို တစ်ကြိမ်ညှပ်ကာ ဆီထုတ်ပြီးသော်လည်း ဆီမကုန်သေးသဖြင့် ညှပ်ဖာမှ မြေပဲဆန်များကိုထုတ်ကာ လက်ဆုံဖြင့်ထပ်၍ ထောင်းသည်။ ပေါင်းချောင်ဖြင့် ထပ်၍ပေါင်းသည်။ ပေါင်းပြီးမြေပဲဆန်များကို ညှပ်ဖာတွင်ထည့်ကာ ပျဉ်နှစ်ချပ်အကြားတွင်ထည့်၍ ဒုတိယအကြိမ်ညှပ်သောအခါတွင်မှ ဆီကုန်စင်အောင် ရသည်။

ဦးမာလာ တီထွင်သည့် မြေပဲဆီထုတ်ကိရိယာကို ရွာနီးချုပ်စပ်က ပင် တအံ့တသြ လာရောက်ကြည့်ရှုကြရ၏။ ဤကိရိယာမျိုး လုပ်ကိုင်ပေးပါ ရန် ဦးမာလာအား အခစားနားပေး၍ တောင်းပန်ကြသည်။ ဦးမာလာက လည်း စေတနာဖြင့် လုပ်ကိုင်ပေး၏။

ဦးမာလာ၏ မြေပဲညှပ်ကိရိယာ မပေါ်မီ ရှေးယခင်က ဦးမာလာတို့ ဒေသတွင် ဟင်းအိုး၌ ဆီခတ်ရိုး ထုံးစံမရှိ။ မြေပဲဆန်ကို ညက်စွာထောင်း လျက် ဟင်းအိုးတွင် ထည့်လိုက်ခြင်းသာလျှင် ဖြစ်သည်။

○

## (၁၃)

မောင်ညွန့် ၁၄ နှစ်သားအရွယ်တွင် ရှင်ပြုရန် ဦးမာလာနှင့် အရီးနန်းကြာတို့က စီမံစိုင်းပြင်းကြသည်။

ရှင်ပြုရန်မှာ မောင်ညွန့် တစ်ယောက်တည်းမဟုတ်။ လွယ်မောဆရာတော်ကြီး၏ကျောင်းတွင် နေကြသည့် ကျောက်တောရွာမှ ကျောင်းသားများ၊ လက်မပင်ရွာမှ ကျောင်းသားများ၊ လွယ်မောရွာမှ ကျောင်းသားများကိုပါ ဒေသထုံးစံအရ စုပေါင်းရှင်ပြုမည်ဖြစ်ရာ စုစုပေါင်း ရှင်လောင်းကိုးပါးရှိလေသည်။

လွယ်မောရွာလယ်ရှိ မြေကွက်လပ်ကြီးတွင် မဏ္ဍပ်ကြီးဆောက်၏။ လက်သမားဆရာကြီးလည်းဖြစ်သော ဦးမာလာက ဦးစီးရှေ့ဆောင်ပြုကာ မဏ္ဍပ်ကြီးကို အတင့်အတယ် အဖွယ်အရာ ဆောက်လုပ်လေသည်။

ဝါးများကိုခွဲစိတ်ကာ နန်းတော်ပုံစံမျိုး ချိုးသည်။ မိုင်းကိုင်စက္ကူများကပ်ကာ ဆေးဒန်း၊ ကြွေ့နီတို့ဖြင့် ရောင်စုံရေးသားခြယ်သသည်။ ရှေးယခင်က တစ်ခါမျှ မတွေ့ဘူး မမြင်ဘူးသော မဏ္ဍပ်မျိုး ဖြစ်သဖြင့် လူအပေါင်းတို့ အံ့ဩငေးမောကာ ကြည့်ရှုကြရသည်။

ကံအားလျော်စွာ တိုက်ဆိုင်နေပုံမှာကား မြန်မာပြည်ဘက်မှ ရောက်လာသည့် လျှာနှစ်ခွရုပ်သေးမှာ ဓနုမြို့များတွင် လှည့်လည်ကပြနေသဖြင့် ထိုရုပ်သေးကို အလှူပွဲဝင်ရက်, ပွဲကြီးရက်များအတွက် ငှားရမ်းသည်။

လျှာနှစ်ခွ ရုပ်သေးဟု အမည်တပ်ခြင်းကား ရုပ်သေးမင်းသမီးမှာ အပြောအဆို အငိုအရှိုက် ကောင်းလှသဖြင့် လျှာနှစ်ခွမင်းသမီးဟု အမည်တွင်၏။ လျှာနှစ်ခွမင်းသမီးကို စွဲကာ လျှာနှစ်ခွ ရုပ်သေးစင်ဟု အမည်တွင်ခြင်းဖြစ်သည်။

ပွဲဝင်မည့်နေ့ မတိုင်မီညကပင်လျှင် လွယ်မောရွာသူရွာသား လူကြီးလူငယ်မကျန် မနားမနေ အလုပ်ရှုပ်၍ နေကြသည်။ ပွဲဝင်မည့်နေ့တွင် လွယ်မောရွာကုန် ပရိသတ်နှင့် ကျောက်တောရွာ၊ လက်မပင်ရွာတို့မှ လာမည့် ပရိသတ်တို့ စားသောက်ရန်အတွက် အိုးကြီး အိုးငယ်ဖြင့် ထမင်းဟင်းချက်ပြုတ်ကြရသည်။

ထိုအချိန်အခါမျိုးတွင် ကာလသားကလေးများနှင့် ကာလသမီးကလေးများ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး တွေ့ဆုံစကားပြောကာ ရယ်ရယ်မောမော တသောသော ဖြစ်နေသော အချိန်တည်း။

လူကြီးများကလည်း လူငယ် လူရွယ်တို့ ပျော်ရွှင်မြူးတူးကြသည်များကို ကြည့်ကာ ကြည်နူးနှစ်သိမ့်နေကြသည်။

ပွဲမဝင်မီနေ့ကပင်လျှင် လက်မပင်ရွာ၏ အကြီးအကဲ ဆရာခေါင်တို့ဇနီးမောင်နှံအပြင် သမီးဖြစ်သူ မပိုင်းတို့သည်လည်း လွယ်မောရွာသို့ ရောက်လာကြရာ ရှင်လောင်းမောင်ညွှန့်နှင့် မပိုင်းမှာ တပူးတွဲတွဲဖြင့် စကားတတွတ်တွတ် ပြောနေကြ၏။

ပွဲဝင်သည့်နေ့ နံနက်စာကျွေးချိန်တွင် ပရိသတ်စည်ကား များပြားလှသည်။ ယောကျ်ားချည်းတစ်သန့်၊ မိန်းမချည်းတစ်သန့် ကျွေး၏။

ထမင်းကျွေးမွေးပုံ အစီအစဉ်ကား နှီးဖြင့်ရက်၍ သစ်စေးထုတ်ထားသော ဒေါင်းလန်းကြီးထဲတွင် ထမင်းလေးပုံ ပုံထားသည်။ ထမင်းပုံတို့အလယ်တွင် ဟင်းခွက်သုံးခွက် တည်ထား၏။ ဟင်းထည့်သည့်ခွက်များကား စဥ့်ခွက်ဖြစ်သည်။ ဟင်းခပ်ရန် ဇွန်းမှာ ကြေးဇွန်းတည်း။

ဟင်းများမှာကား ရပ်ဓလေ့ ရွာထုံးစံအတိုင်း ပဲလုံးဟင်း၊ ဂျုံသုတ်၊ ငရုတ်သီးတောင့်လုံးကြော် ဖြစ်၏။

ထမင်းတစ်ဝိုင်းတွင် လူလေးယောက်ထိုင်၍ ဒေါင်းလန်းကြီးထဲမှ နှိုက်ကာ နှိုက်ကာ လက်ဆုံစားကြသည်။ ယောကျ်ားသိုက်အတွက် ယောကျ်ား

များက ထမင်းဟင်းလိုက်လျက် မိန်းမသိုက်အတွက် မိန်းကလေးများက ထမင်းဟင်းလိုက်သည်။ မဝိုင်းသည် ရွာခံမိန်းကလေးတို့နှင့်အတူ ထမင်းဟင်း လိုက်ပေး၏။

နံနက်စာ စားပြီးလျှင် ရှင်လောင်းကိုးပါးကို ဆင်ပြင်ဝတ်စားပေးကြသည်။ မောင်ညွန့်ကိုမူကား မဝိုင်းက ဆင်ပြင်ခြယ်သပေး၏။ မောင်ညွန့်ကို မဝိုင်းက သနပ်ခါး လူးပေး၏။ ဆံပင်ကိုဖြီးကာ လှလှပပသျှောင်တုံးကြီးဖြစ်အောင် ထုံးပေးသည်။ ထိုင်မသိမ်းအင်္ကျီ ဝတ်ပေးသည်။ တောင်ရှည်ပုဆိုး စည်းပေးသည်။ ခေါင်းပေါင်းကလေး ပေါင်းပေးသည်။ မောင်ညွန့်မှာ အခြားရှင်လောင်းများထက်ပင် လှပခန့်ညားနေ၏။

အလှူလှည့်ခါနီးတွင် ဗုံညီနောင်သမားများ၊ ဒိုးပတ်သမားများ ရောက်လာကြကာ မဏ္ဍပ်အတွင်းမှာ ဆူဆူညံညံ တီးမှုတ်ကခုန်နေကြသည်။

အလှူလှည့်ရာတွင် လိုက်ပါမည့် မိန်းကလေးတို့သည်လည်း ဝတ်ကောင်းစားလှများ ဝတ်ဆင်ကြကာ မဏ္ဍပ်တွင်းတွင် အသင့်ရောက်နေကြ၏။

"ကိုင်း...အလှူလှည့်ဖို့ အချိန်သင့်ပြီဟေ့..."ဟု လွယ်မောရွာမှ ရွာသော်ကြီး ဦးဆိုင်းက ဆော်ဩလိုက်ရာ အလှူလှည့်ရန် ပြင်ဆင်ကြသည်။

အလှူပွဲသို့ လွယ်မောရွာသူ၊ ကျောက်တောရွာသူ၊ လက်မပင်ရွာသူ အပျိုကလေးများ စုံစုံညီညီ ရောက်လာကြရာ လက်ပံပင်ရွာသူကလေး မဝိုင်းကို ရှေ့ဆုံးမှ ကွမ်းတောင်ကိုင်ရန် အများစုက တိုက်တွန်းရွေးချယ်လိုက်ကြသည်။

မဝိုင်းနောက်မှ လှူဖွယ်ပစ္စည်းများ ကိုင်ဆောင်လိုက်ကြသော မိန်းမပျိုတို့ ပါသည်။ မိန်းမပျိုများနောက်မှ ရှင်လောင်းကိုးပါး နေရာယူကြရ၏။ ရှင်လောင်းငယ်ကလေး အချို့ကို လူကြီးများက တစ်ဦးလျှင် ရှင်လောင်းတစ်ပါးစီ ထမ်းသည်။ ရှင်လောင်း အရွယ်လတ်များကို ဝေါတွင် တင်ကာ လူလေးယောက်ထမ်း၏။ ရှင်လောင်းကြီးများကမူကား မြင်းကိုယ်စီ စီးကြသည်။ ရှင်လောင်းတစ်ပါးလျှင် ရွှေထီးတစ်လက်ကျ အုပ်မိုးပေး၏။ ရှင်လောင်းများနောက်မှ ဗုံညီနောင်ဝိုင်းနှင့် ဒိုးပတ်ဝိုင်းပါ၏။ အသီး အသီး အကအခုန် ကိုယ်စီနှင့်တည်း။

ဖုံညီနောင်ဝိုင်း ဆိုသည်မှာ ဖုံရှည်တစ်လုံး၊ ဖုံတိုတစ်လုံး၊ တီးသူ အပြင် နှဲ၊ လင်ကွင်း၊ ဝါးလက်ခုပ်လည်း ပါသည်။ ဒိုးပတ်ဝိုင်းနှင့် ဆင် ဆင်ပင်တည်း။

တစ်ခါ တစ်ခါတွင် တီးမှုတ်ကခုန်ခြင်း ရပ်ကာ ရွှဲတိုင်သူကတိုင်၊ ရွှဲလိုက်သူကလိုက်၏။

"အို…အမောင်လေး…၊ အရေးနောင်ခါ၊ မဆိုသာဖူး၊ ကြာရင် မယ် နှင့်ဝေးတော့မယ်…"

"ရွှဲ…"

ယင်းသို့ ရွှဲတစ်ကြိမ် လိုက်ပြီးလျှင် ဖုံညီနောင်ဝိုင်း၊ ဒိုးပတ်ဝိုင်းများ က တီးမှုတ်ကခုန်ကြ၏။

အတီးရပ်ပြန်လျှင် ရွှဲဆရာတို့ တစ်စခန်း ထကြပြန်သည်။

"များများမကြာ၊ သုံးလဝါကို၊ မယ်သာ ခွင့်လွှတ်ပါဦးကွယ်"

"ရွှဲ…"

ထို့နောက် တီးမှုတ်ကခုန်၏။

"လွှတ်ပါဦးကွယ်၊ နှမငယ်၊ ဝါကျွတ်ပြီးလျှင်၊ မင်းပြုခွင်ကို၊ အလျင် ခဏ၊ ထွက်မည်ပဟု၊ မြတ်အလှူကို၊ နေ့တိုင်းပေး၊ မြတ်သည့်သံဃာ၊ အရိယာကို၊ ပိဏ်ပါ ဆွမ်းလုပ်ကျွေး၍…"

"ရွှဲ…"

ရွှဲတိုင်သံ, ရွှဲလိုက်သံတို့ကို ရှင်လောင်းများလည်း ကြားကြသည်။ ရှင်လောင်းလှည့် လိုက်ပါကြသော အပျိုကလေးများလည်း ကြားကြသည်။ ယင်းသို့ ကြားကြရသည့်အခါ ကြည်နူးသလိုလို၊ ဝမ်းနည်းသလိုလို ဖြစ်ကြ သည်။ ရွှဲတိုင်သူ ဆိုသည့်သီချင်းမှာ မိမိတို့ကို စောင်းချိတ်၍ ဆိုသယောင် ထင်ကြသည်။

ရှင်လောင်းလှည့်သူများသည် မဏ္ဍပ်မှ ထွက်ခဲ့ကြပြီးနောက် ဆရာ တော်ကြီး၏ကျောင်းသို့ သွားကြကာ ရှင်လောင်းများသည်လည်းကောင်း၊ ရှင်လောင်းလှည့်သူ ပရိသတ်သည်လည်းကောင်း ဆရာတော်ကြီးကို ကန် တော့ကြ၏။

ဆရာတော်ကြီးက ငါးပါးသီလ ပေးသည်။

ထို့နောက် ရွာရိုးတစ်လျှောက် ရှင်လောင်းလှည့်ကြပြန်သည်။ ရွာသူရွာသား ကြီးငယ်မဟူ ရှင်လောင်းလှည့်ရာနောက်သို့ တကောက်ကောက်လိုက်ပါကြည့်ရှုကြသည်။

ရွာတွင်းမှ ထွက်ခဲ့ကြကာ ရွာထိပ်တွင် တည်ထားသည့် နတ်စင်တွင် ရှည်လောင်းများကို ပြသည်။ ရှင်လောင်းများက ရှိခိုးခြင်းမပြုရ။ သာသနာ့ဘောင်သို့ ဝင်တော့မည့် ရှင်လောင်းသည်ပင်လျှင် နတ်ထက်မြတ်သဖြင့် နတ်ကို ရှိမခိုးခြင်း ဖြစ်သည်။

တစ်ရွာလုံးနှံ့အောင် ရှင်လောင်းလှည့်ပြီးနောက် မဏ္ဍပ်သို့ ပြန်ကြ၏။ ရွာခံလူများကိုလည်းကောင်း၊ အခြားရွာမှ လာရောက်ကြသည့် ပရိသတ်ကိုလည်းကောင်း အလှူမဏ္ဍပ်တွင်ပင် ညစာကျွေးမွေးလေသည်။

○

## (၁၄)

"ဗေထိ... ဗေထိ... ဗဗေဗိန့်ထိ"

လွယ်မောရွာ၏ အပြင်ဘက် ကွင်းပြင်တွေင် ဆောက်လုပ်ထားသည့် ရုပ်သေးစင်မှ ပတ်မကြီးတီးသံကို တစ်ရွာလုံးသာလျှင်မက ရွာနီးချုပ်စပ်ကပါ ကြားကြရလေရာ ကြားရသူများတွင် ရင်တွင်းမှာ သိမ့်ခနဲ သိမ့်ခနဲ ဖြစ်လျက် ဝမ်းသာရွှင်မြူးနေကြသည်။

ကြုံတောင့်ကြုံခဲ တစ်ခါတစ်ရံသာလျှင် ကြည့်ရသည့် ရုပ်သေးပွဲကို အားခဲ၍ ကြည့်ကြရန်အတွက် နေမဝင်မီကပင်လျှင် အနီးအနားရှိ ရွာများမှာ လှည်းများဖြင့် ရောက်လာကြသည့် ပရိသတ်ကပင် မနည်းလှပေ။

ကျယ်ဝန်းသော ပွဲခင်းကြီး၏အစပ်တွင် လှည်းများဝိုင်းရံထားကြသည်။ နေဝင်ပြီးနောက် မီးခွက်ထွန်းချိန်သို့ရောက်လျှင် ပွဲခင်းကြီးတစ်ခုလုံး လူတွေပြည့်နှက် ကျပ်ခဲနေ၏။ လှည်းများပေါ်တွင်လည်း ပွဲကြည့်ပရိသတ် သီး၍နေလေသည်။

ပွဲလာပရိသတ်အားလုံး အံ့သြစရာပစ္စည်းကား ရုပ်သေးစင်တွင် ထွန်းညှိချိတ်ဆွဲထားသော လသာမှန်အိမ်ကြီး နှစ်လုံးတည်း။

လျှာနှစ်ခွရုပ်သေးမှာ ဗမာပြည်တွင်လည်း နာမည်ကြီးလှသည့် ရုပ်သေးဖြစ်ရာ ရှာင်စော်ဘွားကြီးက ဗမာပြည်ဘက်သို့ အထူးတလည် လူစေလွှတ်၍ ငှားရမ်းခြင်းဖြစ်သည်။

လျှာနှစ်ခွရုပ်သေးအဖွဲ့သည် မြစ်သားမှ ဗမာတိုင် ရှစ်တိုင်မျှဝေးသော ရှမ်းပြည်နယ်စပ်သို့ လှည်းများဖြင့် လာရသည်။ နယ်စပ်သို့ ရောက်သော

အခါ လှည်းလမ်းမပေါက်သဖြင့် လေးတိုင်မျှဝေးသော ရွာငံမြို့သို့အရောက် ရွာငံမြို့သား မနုများက ရုပ်သေးကိရိယာ၊ ဆိုင်းကိရိယာတို့ကို ထမ်းပိုးယူဆောင်ကြရသည်။ ရုပ်သေးအဖွဲ့တွင်ပါသည့် နာမကျန်းဖြစ်သူ၊ အားအင်နည်းပါးသူများကို ထမ်းစင်ဖြင့်ထမ်း၍ ခေါ်ရသည်။

လှျာနှစ်ခွရုပ်သေးသည် ရွာငံစော်ဘွားကြီး၏ ရှင်ပြုအလှူတွင် ကပြပြီးနောက် မြိုင်မြို့၊ မြင်းကြဒိုးမြို့၊ ကျုံးမြို့များသို့ တစ်မြို့ပြီးတစ်မြို့ လှည့်လည်ကပြရင်း ဤလွယ်မောရွာ ရှင်ပြုအလှူပွဲသို့ ရောက်လာရခြင်းဖြစ်သည်။

ပွဲကြည့်ပရိသတ် စည်ကားများပြားသလောက် ပွဲဈေးတန်းမှာလည်း စည်ကားလှ၏။ မုန့်မျိုးစုံလည်း စုံလှသည်။ ထမင်းလုံးစီမုန့်၊ မုန့်ကျည်တောက်ခေါ် ကောက်ညှင်းကျည်တောက်၊ ဘူးသီးကြော်၊ ကြက်သွန်ကြော်၊ အမဲချဉ်၊ ဝက်သားချဉ်၊ ကြွေ့မုံခေါ် မုန့်ကြွပ်၊ ပေါက်ပေါက်ဆုပ်၊ အနှဆုပ်စသည်များတည်း။

သူငယ်အိပ်ဆိတ် ကြက်တွန်ချိန်လောက်တွင် စင်တိုင်ပြီးလျှင် နတ်ကတော်ထွက်၏။ ထို့နောက် ရုပ်သေး၏ ထုံးစံအတိုင်း မြင်း၊ မျောက်၊ ဘီလူး၊ ဆင်၊ ကျား၊ ဇော်ဂျီတို့ ထွက်ကြလေရာ ကလေးများကို မဆိုထားဘိ လူကြီးများသည်ပင် အံ့ဩ၍မဆုံး ကြည့်၍အားမရ ဖြစ်ကြလေသည်။

ဆိုင်း၏နောက်တွင် ကပ်လျက် ဖျာချောများခင်းကာ ရှင်လောင်းကိုးပါးတို့ထိုင်၍ ပွဲကြည့်နေကြ၏။ ရှင်လောင်းတို့၏ နောက်ပါးတွင် ရင်းနှီးသော ဆွေမျိုးသားချင်းတို့ ကြည့်ကြလေရာ ရှင်လောင်းမောင်ညွှန့်၏ နောက်နားတွင် မပိုင်း ထိုင်လျက်ရှိလေသည်။

ရုပ်သေးကပြသည့် ဇာတ်လမ်းမှာ မပဒ္မာနှင့် မောင်ဒါသတို့ဇာတ်လမ်းဖြစ်၏။ သူဌေးသမီး မပဒ္မာက အိမ်ကျွန်မောင်ဒါသကို မေတ္တာစကားဆိုရာ မောင်ဒါသက ကြောက်ရွံ့ငြင်းပယ်သည့် အခန်းသို့အရောက်တွင် မောင်ညွှန့်သည် မပိုင်းကိုလှည့်၍ကြည့်၏။ မပိုင်းက မောင်ညွှန့်ကို ပြုံး၍ကြည့်သည်။

မောင်ဒါသနှင့် မပဒ္မာတို့ ထွက်ပြေးကြပြီးနောက် အကြင်လင်မယားအဖြစ် ပေါင်းသင်းကြကာ သားဦးကလေး မျက်နှာမြင်လျက် နောက်သား

တစ်ယောက် မွေးဖွားရန် ကိုယ်ဝန် အရင့်အမာရှိစဉ်တွင် မပငှာလုပ်သူ လျှာနှစ်ခွမင်းသမီးက သီချင်းဆိုလိုက်သည်။

"သပြေကသီး, ရေကကြီးသနဲ့ ဆီးကင်းကကြွေ, မိုးကစွေ။

အမေတို့ ဖတို့ထံ, ပြန်ချင်ပြီ ကိုဒါသရယ်, လမ်းပြပါဦး"

ပွဲခင်းတစ်ခုလုံး တိတ်ဆိတ်ကာ ပွဲကြည့်ပရိသတ်တို့ ငြိမ်သက်စွာ ကြည့်ရှုနားထောင်နေကြ၏။ မုန့်ဈေးတန်းတွင် မုန့်စားနေကြသူများသည်ပင် လျှင် မုန့်ကိုစားရင်း ရုပ်သေးစင်ဘက်သို့ ငေးမောကြည့်ရှုနေကြသည်။

ကိုယ်ဝန်အရင့်အမာ ရှိနေသူ မပငှာနှင့် သားဦးကလေးတို့နှင့်အတူ မောင်ဒါသသည် တောလမ်း တောစခန်းဖြင့် မပငှာ၏ မိဘများထံ ပြန်လာ ခဲ့ကြရာတွင် လမ်းတွင် မပငှာသည် ကမ္ဗဇလေ လှုပ်ရှားသဖြင့် သွားဖွားရန် အချိန်ကျရောက်လာသည်။

မပငှာ မီးလှုံရန်အတွက် ထင်ရှားသွားရသော မောင်ဒါသသည် မြွေ ကို ထင်းတုံးအမှတ်ဖြင့် ဆွဲလိုက်ရာ မြွေကိုက်၍ သေဆုံးရှာသည်။

ထိုအခါတွင် မပငှာလုပ်သူ လျှာနှစ်ခွ မင်းသမီးက ဖွဲ့ကာနွဲ့ကာ ငိုလေရာ ပရိသတ်များ မျက်ရည်ကျကြ၏။ ရှင်လောင်းမောင်ညွန့်နှင့် မပိုင်း တို့သည်လည်း မျက်ရည်တွေ ဝဲနေကြသည်။

မပငှာသည် တစ်ယောက်တည်း ကလေးမျက်နှာ မြင်ပြီးနောက် သားငယ်ကိုချီ၍ သားကြီးကိုလက်ဆွဲလျက် မြိုင်တိုက်ထဲတွင် လာခဲ့ရာ ချောင်း ဆီး၍နေသဖြင့် သားကြီးကို ချောင်းတစ်ဖက်ကမ်းတွင် ခေတ္တထားပြီးနောက် သားငယ်ကိုချီကာ တစ်ဖက်ကမ်းသို့ ပို့ထား၏။ တစ်ဖန် သားကြီးကိုခေါ် ရန် ချောင်းကိုဖြတ်အကူး ချောင်းလယ်သို့ အရောက်တွင် သားငယ်ကို သား တစ်မှတ်သဖြင့် စွန်ချီသွား၏။ မပငှာသည် လက်ခုပ်တီးကာ အော်ဟစ် ကာ စွန်ကို ခြောက်လှန့်ရာတွင် သားကြီးက သူ့ကို ခေါ်ငင်သည်ထင်သဖြင့် ချောင်းထဲသို့ ဆင်းအလာတွင် ရေနစ်သေဆုံးရှာသည်။

မပငှာကား လင်းမြွေကိုက်၍ သေသည်။ သားငယ်ကို စွန့်ချီသွား သည်။ သားကြီးမှာ ရေနစ်သေဆုံးသည်။ အပူသည်မကလေး မပငှာ အပူ ဇာတ်ခင်းကာ မင်းသမီး လျှာနှစ်ခွက ဖွဲ့ကာနွဲ့ကာ ငိုလေရာ ပွဲကြည့်ပရိ သတ်သည်လည်း ရော၍ ငိုကြ၏။ အထူးသဖြင့် မိန်းကလေးများမှာ မျက်နှာ ကိုငုံ့လျက် တရှုတ်ရှုတ်ငိုကြတော့သည်။

မပဋ္ဌာတစ်ယောက်တည်း မိဘရပ်ဌာန်သို့ ပြန်သွားရာ လေကြီးမိုးကြီး ကျ၍ တိုက်ပြိုပြီး မိဘနှစ်ပါးစလုံး သေဆုံးကုန်ကြပြီဖြစ်ကြောင်း သိရသော မပဋ္ဌာမှာ အရှုးမကလေး ဖြစ်သွားရှာတော့သည်။

လျှာနှစ်ခွမင်းသမီးသည် အရှုးမကလေးအဖြစ် ပီပြင်အောင် သရုပ်ဖော် ပြောဆိုကပြလေရာ ပွဲကြည့်ပရိသတ်မှာ ငိုရာမှ ရယ်ရသည်။ မျက်ရည်တွေဝဲရင်း ပါးစပ်ကပြုံးကြ၏။ ပြုံးရယ်နေရာမှ မပဋ္ဌာ အလွမ်းဖောက်သဖြင့် ငိုကြရပြန်သည်။

ပွဲကြည့်ပရိသတ်မှာ ဓနုလူမျိုး တောင်ရိုးလူမျိုးတို့ များကြလေရာ ဗမာစကားဖြင့် ပြောဆိုခြင်း ငိုချင်းချခြင်း သီချင်းဆိုခြင်းကို ကောင်းစွာ နားလည်သဘောပေါက်ကြသည်။

အရှုးမလေး မပဋ္ဌာသည် ဘုရားသခင်နှင့်တွေ့ကာ တရားတော်ကို ကြားနာရသဖြင့် ရဟန်းမကလေး ဖြစ်သွားသောအခါတွင်ကား ပွဲကြည့်ပရိသတ်တို့သက်မကြီးချကာ ပြုံးနိုင်ရွှင်နိုင် ဖြစ်ကြသည်။

မောင်ညွှန့်နှင့် မဝိုင်းတို့သည်ပင်လျှင် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ပြုံးကြ၏။

ပွဲပြီးလျှင် ရှင်လောင်းများသည် ဆရာတော်ကြီး၏ကျောင်းသို့ သွားကြ၏။ ရှင်လောင်းမိဘတို့နှင့် ဆွေမျိုးသားချင်းတို့ ကျောင်းသို့လိုက်သွားကြသည်။

ပွဲပြီးနေ့တွင်လည်း ပွဲဝင်နေ့ကကဲ့သို့ပင် ရောက်လာသမျှ ပရိသတ်တို့ကို နံနက်ထမင်း ညထမင်း ကျွေး၏။ ထမင်းရေချောင်းစီး အလှူကြီးတည်း

ဆရာတော်ကြီး၏ ကျောင်းတွင် ရှင်လောင်းများကို ဆံချ၊ သင်္ကန်းတောင်းရွတ်၊ သင်္ကန်းဝတ်ပြီး ဆရာတော်ကြီးက ဆယ်ပါးသီလပေးကာ သာမဏေအဖြစ်သို့ သွတ်သွင်းလေသည်။

အလှူမဏ္ဍာပ်တွင်းမှာ ဗျောသံသာသာ တီးမှုတ်နေ၏။ ရုပ်သေးနှင့် အတူပါသည့် ဆိုင်းဆရာတို့ တီးမှုတ်ကြခြင်းဖြစ်သည်။

အတီးအမှုတ် ဝါသနာပါသော ဓနုအမျိုးသားတို့က ဗျောဝိုင်းတွင်

ဝင်ကာ တွဲဖက်တီးမှုတ်ကြ၏။ ယင်းသည့် ရွာခံတီးမှုတ်သူများကို ရွာသူ ရွာသားတို့က ဝမ်းမြောက်ဝမ်းသာ ကြည့်ရှုကြသည်။

ညနေစောင်းတွင် ဖျော်သံ မြိုင်မြိုင်ကြီးတီး၏။

ဆရာတော်ကြီးများနှင့် သာမဏေကိုးပါးတို့ မဏ္ဍပ်သို့ ကြွလာကြပြီ တည်း။

သံဃာစင်ပေါ်တွင် ဆရာတော်ကြီးများ၊ သာမဏေများ စုံညီရောက် ကြကာ ဝါတော်စဉ် ကြီးငယ်အလိုက် ထိုင်တော်မူကြသောအခါ ဖျော်တီး ရပ်၍သွား၏။

လွယ်မောဆရာတော်ကြီးက တရားနာပရိသတ်ကို ငါးပါးသီလပေး သည်။ ထို့နောက် တရားဟော၏။

တရားအချတွင် အလှူ့ဒါယကာ အားလုံးတို့၏ကိုယ်စား ကျောက် တောရွာသား ဆရာကြီးဦးမာလာက ရေစက်ချ၏။

"အမျှ…အမျှ…အမျှ…ယူတော်မူကြပါဗျို့…"ဟု ဦးမာလာက အမျှ ဝေလိုက်လျှင် "သာဓု"သုံးကြိမ်ခေါ်ကြသည်။

အလှူကြီးပြီးပြီဖြစ်သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ပြုံးကြ ရယ် ကြသော အလှူ့ဒါယကာ ဒါယိကာမတို့ ရှိကြသလို မျက်ရည်ဝဲ၍ နေကြ သော ဒါယကာ ဒါယိကာမတို့လည်း ရှိကြ၏။ လင်စုံမယားဖက် မရှိကြ တော့ဘဲ တစ်ယောက်တည်းသာ အလှူပြုရသည့် အလှူ့ဒါယကာသည်လည်း ကောင်း၊ အလှူ့ဒါယိကာမသည်လည်းကောင်း ကွယ်လွန်လေပြီးသူကို သတိ ရကာ မျက်ရည်ကျကြခြင်းတည်း။

ပွဲကြီးနေ့ညတွင်လည်း ရုပ်သေးက၏။ ပွဲဝင်ညကကဲ့သို့ပင် ပွဲကြည့် ပရိသတ်မှာ စည်မြဲ စည်သည်သာတည်း။

ကပြသည့် ဇာတ်လမ်းမှာ ဝေဿန္တရာမင်းကြီးဇာတ်ဖြစ်ရာ ရုပ်သေး မင်းသမီး လျှာနှစ်ခွသည် မဒ္ဒီမင်းသမီးလုပ်လျက် အလွမ်းသည် ပြန်လေ သည်။ ပွဲကြည့်ပရိသတ်ကား မျက်ရည်တရွှဲရွှဲတည်း။

ဤညက ရုပ်သေးပွဲကို ကိုရင်ကလေးများ မကြည့်ရတော့ပေ။ ကိုရင် ညွန့် မကြည့်သဖြင့် မဝိုင်းလည်း မကြည့်တော့ဘဲ တည်းခိုသည့်အိမ်တွင် နှစ်ခြိုက်စွာ အိပ်လေသည်။

နောက်နေ့တွင်ကား ဆရာခေါင်၊ အရီးစုံနှင့် မဝိုင်းတို့သည် လက်မပင်ရွာသို့လည်းကောင်း၊ ဦးမာလာနှင့် အရီးနန်းကြာတို့သည် ကျောက်တောရွာသို့လည်းကောင်း၊ ပြန်ကြတော့မည်ဖြစ်သဖြင့် ကိုရင်ကလေးများကို ကျောင်းသို့သွားကာ နှုတ်ဆက်ကြသည်။

မဝိုင်းက ကိုရင်ညွန့်အား "ကိုရင်…ဘယ်လောက်ကြာ သင်္ကန်းဝတ်မတုံး…"ဟု မေး၏။

"ပျော်သလောက် ဝတ်မယ်။ တစ်ခါ တစ်ခါ အစ်မဝိုင်းတို့ ရွာကို လာမယ်"ဟု ကိုရင်ညွန့်က ပြန်ပြောသည်။

"ပြန်တော့မယ်နော်…ကိုရင်…ပုတီးများများစိပ်၊ ကုသိုလ်များများ ရအောင်ကြိုးစား"ဟု မဝိုင်းက ပြောကာ မိဘများနှင့်အတူ လက်မပင်ရွာဘက်သို့ ထွက်ခွာသွားရာ ကိုရင်ညွန့်သည် ကျောင်းဝင်းထဲမှ ငေးမျှော်ကာ မဝိုင်းကို ကြည့်ရှုနေသည်။

ကိုရင်ညွန့်သည်လည်းကောင်း၊ မဝိုင်းသည်လည်းကောင်း၊ ရှင်လောင်းလှည့်စဉ်က သီဆိုသည့် ရွှဲလိုက်သီချင်းကို ကြားယောင်နေကြ၏။

"အို…အမောင်လေး…အရေးနောင်ခါ၊ မဆိုသာဘူး၊ ကြာရင် မေနဲ့ဝေးတော့မယ်…"

"များများမကြာ၊ သုံးလဝါကို မယ်သာ ခွင့်လွှတ်ပါဦးကွယ်…"

○

# (၁၅)

တစ်နေ့သော နံနက်တွင် ကျောက်တောရွာမှ ဦးမာလာသည် လှည်းဖြင့် လက်ပံပင်ရွာ ဆရာခေါင်၏အိမ်သို့ ရောက်လာ၏။

ဦးမာလာသည် ထိုင်မိသည်နှင့်တစ်ပြိုင်နက် "သာမိုင်းခမ်းစော်ဘွားကြီးထံက စာရပါတယ်။ ဆရာကြီးကော ရပါသလား"ဟု ဆရာခေါင်အားမေးသည်။

ဆရာခေါင်က "ဟုတ်ကဲ့…ကျုပ်လည်း ရတယ်။ ကျုပ်တို့ရွာကထွက်တဲ့ စပါးနဲ့အာလူးအတွက် သဿမေဒခွန် ထမ်းဆောင်ရမယ်လို့ စာထဲမှာပါတယ်။ အာလူးဆိုတာကတော့ အခုမှ ကျုပ်တို့ရွာမှာ စမ်းပြီးစိုက်ပျိုးစဖြစ်တော့ များများစားစား မထွက်သေးပါဘူး။ ဒီတော့ အာလူးခွန်ကိုတော့ လွှတ်ဖို့ တောင်းပန်မယ် ကြံတယ်…"ဟု ပြော၏။

"ကျွန်တော်နဲ့ အကြံချင်း တူလိုက်တာ။ ကျွန်တော်တို့ရွာမှာလည်း ဒီအတိုင်းပါပဲ။ စပါးအတွက် သဿမေဒခွန်ကိုတော့ ကျွန်တော်တို့ မပြောလိုပါဘူး။ ဆယ်ခိုင့်တစ်ခိုင် ပေးရိုးအတိုင်း ပေးရမှာပဲ…"

"ဟုတ်တာပ…၊ ဒီကိစ္စအတွက် ကျုပ်တို့ကိုယ်တိုင် စော်ဘွားကြီးထံ သွားပြီး ရှင်းလင်းပြောပြမှ ဖြစ်လိမ့်မယ် ထင်တယ်…"

"ဟုတ်ပါတယ်…၊ ကျွန်တော်လည်း သာမိုင်းခမ်းစောဘွားကြီးထံ သွားဖို့ အခု လှည်းနဲ့ လာခဲ့တာပါ။ ဆရာကြီးကော လိုက်နိုင်မယ် မဟုတ်လား…"

"လိုက်တာပ...ကြုံသခိုက် အလောတော်ပဲ"

ဆရာခေါင်က သာမိုင်းခမ်းသို့သွားရန် အဝတ်အစားလဲရာ ဆရာကတော်ကြီးအရီးစုံက ရေဘူးနှင့်ထမင်းထုပ်ကို ပြင်ဆင်ထုပ်ပိုးပေးသည်။

မဝိုင်းက ဦးမာလာအား"အဖငယ်...ကိုရင်ညွန့် နေထိုင်ကောင်းပါရဲ့လား..."ဟု မေး၏။

"ကောင်းပါတယ်။ ရှင်လိုင်ပြန်ချင်ပြီလို့တော့ ခဏ ခဏ ပြောတယ်။ အဖငယ်က ကိုရင်အဝတ်ကြီး ဝတ်မိမှဖြင့် ကုသိုလ်ပွားအောင် ကြာကြာနေပါဦးလို့ တောင်းပန်ထားရတယ်"

"ကိုရင်ညွန့် လူထွက်ချင်ရင် ထွက်ပါစေလား...အဖငယ်ရယ်...၊ သူ့ စိတ်မကောင်း ဖြစ်နေပါဦးမယ်..."ဟု မဝိုင်းက စိုးရိမ်သံဖြင့်ပြော၏။

"ကိုင်း...ကိုမာလာ...သွားကြစို့..."ဟု ဆရာခေါင်က ခေါ်သဖြင့် ဦးမာလာသည် ဆရာခေါင်နှင့်အတူ အိမ်ပေါ်မှ ဆင်းခဲ့ကြကာ နှစ်ယောက်သား လှည်းပေါ်သို့ တက်ကြလျက် ဦးမာလာက လှည်းမောင်းထွက်ခွာခဲ့ကြသည်။

ခရီးတစ်ဝက်ခန့် ရောက်သောအခါ လှည်းကို ခေတ္တရပ်နား၍ နွားများကို ကောက်ရိုးကျွေးသည်။ ရေတိုက်သည်။ ဆရာခေါင်နှင့် ဦးမာလာတို့လည်း ထမင်းထုပ်ဖြေကာ စားကြ၏။

လူရောနွားပါ စားသောက်ပြီးကြလျှင် ဆက်လက် မောင်းနှင်ခဲ့ရာ မွန်းတည့်မွန်းတိမ်းချိန်လောက်တွင် သာမိုင်းခမ်းမြို့သို့ ရောက်လာခဲ့ကြလေသည်။

လှည်းကို အသိအိမ်တစ်အိမ်တွင် ဖြုတ်ထားခဲ့ပြီးနောက် ဆရာခေါင်နှင့် ဦးမာလာတို့သည် သာမိုင်းစော်ဘွားကြီး၏ဟော်သို့ လာခဲ့ကြသည်။

ဟော်၏ဝင်းဝတွင် မင်းလုလင်နှစ်ယောက် စောင့်ကြပ်နေရာ ဆရာခေါင်နှင့် ဦးမာလာတို့က လာရင်းကိစ္စကို ပြောပြကြ၏။

မင်းလုလင်တစ်ယောက်သည် ဟော်တွင်းသို့ ဝင်သွားရာ ဆရာခေါင်နှင့် ဦးမာလာတို့က အတန်ကြာအောင် စောင့်ဆိုင်းနေကြသည်။

မင်းလုလင်သည် ဟော်တွင်းမှ ထွက်လာကာ"ဝင်စေ..."ဟု အမိန့်ပြန်သည်။

ဆရာခေါင်နှင့် ဦးမာလာတို့သည် ဝင်းဝမှ ဟော်ဆီသို့ လျှောက်လာကြရင်း ဦးမာလာက "ရှင်ဘုရင့်ထံ ဝင်ရသလိုပါပဲကလားနော်..."ဟု တီးတိုးညည်းညူလိုက်သည်။

"သည်ဒေသမှာတော့ သူတို့ရှင်ဘုရင်ပေပဲကိုး..."ဟု ဆရာခေါင်က တီးတိုးပင် ပြန်လည်ပြောလိုက်သည်။

ဟော်ဝတွင် အစောင့်အကြပ်များက စစ်ဆေးမေးမြန်းကြပြန်၏။ ဆရာခေါင်တို့က လာရင်းကိစ္စကို ပြောပြရာ အစောင့်တစ်ယောက်သည် အတွင်းခန်းသို့ ဝင်သွားပြန်၏။ ထိုသူ ပြန်ထွက်လာကာ"ဝင်စေ"ဟု အမိန့်ပြန်မှ ဆရာခေါင်တို့နှစ်ယောက် ဟော်တွင်းခန်းမသို့ ဝင်ကြရသည်။

စော်ဘွားကြီးသည် ထည်ဝါခန့်ညားသော သလွန်ထက်တွင် ထိုင်နေသည်ကို တွေ့ရလေရာ ဆရာခေါင်နှင့် ဦးမာလာတို့သည် စော်ဘွားကြီး၏ မနီးမဝေးရှိ ကြမ်းပြင်ပေါ်တွင် ဒူးတုပ်၍ထိုင်ကာ လက်အုပ်ချီနေကြရသည်။

"အကြောင်းကိစ္စကို လျှောက်ထားစမ်း"ဟု စော်ဘွားကြီးက ရာဇသံပါပါဖြင့် အမိန့်ရှိ၏။

ဆရာခေါင်က လျှောက်လိုက်သည်။ "ကျွန်တော်မျိုးက လက်မပင်ရွာက အကြီးအကဲ ငခေါင်ပါ၊ ဟောသည် ကိုမာလာက ကျောက်တောရွာက အကြီးအကဲပါ။ ကျွန်တော်မျိုတို့ နှစ်ရွာစလုံးမှာ စပါးစိုက်ပါတယ်။ အားလူးလည်း စမ်းပြီး အတန်ငယ်စိုက်ပါတယ်။ အာလူးက ပြောပလောက်အောင် များများစားစား မဟုတ်ပါဘူး။ စားဖို့သောက်ဖို့လောက်ပဲ စိုက်ပါတယ်။ အရှင့်ဆီက အမိန့်စာထဲမှာ အာလူးအတွက် သဿမေဒအခွန်ဆောင်ရမယ်ပါလို့ အာလူးအတွက် အခွန်အတုပ်လွှတ်ဖို့ အသနားခံရအောင်လာတာပါ"

စော်ဘွားကြီးသည် လှုပ်လှုပ်ရွရွ ဖြစ်လာကာ ဒေါသရောင်လွှမ်းသည့် မျက်လုံးကြီးများဖြင့် ဆရာခေါင်နှင့် ဦးမာလာကို စိုက်ကြည့်နေသည်။

"အာလူးစိုက်သလား...မစိုက်ဖူးလား၊ တစ်ခွန်းတည်းလျှောက်..."ဟု စော်ဘွားကြီးက ဒေါသသံဖြင့် အမိန့်ရှိ၏။

"စိုက်တော့ စိုက်ပါတယ်၊ စိုက်ပေမယ့်..."

"တော်တော့…၊ ရှေ့မဆက်နဲ့၊ စိုက်ရင်သဿမေဒခွန်ပေးစေ…"ဟု စော်ဘွားကြီးက တစ်ချက်လွှတ်အမိန့် ချမှတ်လိုက်လေသည်။

ဆရာခေါင်နှင့် ဦးမာလတို့ မျက်စိမျက်နှာပျက်သွားကြသည်။

"သဿမေဒခွန်ဆိုတာ ကုလားမင်းလက်ထက်ရောက်မှ ပေါ်လာတဲ့ အခွန်ပါ…" ဦးမာလာ၏ စကားမဆုံးမီပင်…

"ဘာ…ဘာ……ဘာပြောတယ်…"ဟု စော်ဘွားကြီးက ဒေါသသံဖြင့် အော်ငေါက်လိုက်ရာ ဟော်ဝတွင် စောင့်နေသည့် မင်းလုလင်တစ်ယောက်သည် မားလွှတ်ထမ်းကာ ဝင်လာပြီးနောက် ဆရာခေါင်နှင့် ဦးမာလာတို့အနီးတွင်ထိုင်ကာ စိန်းစိန်းကြည့်နေသည်။

ဦးမာလာက ပြောလက်စ စကားကို ဆက်၍ပြော၏။

"ရေးဗမာ ရှင်ဘုရင်များရှိစဉ်က ကျွန်တော်မျိုးတို့အရပ်ကို အုပ်ချုပ်တဲ့ စော်ဘွားကြီးများဟာ သဿမေဒခွန်ရယ်လို့ ကောက်ခံရိုးထုံးစံ မရှိပါဘူး၊ စော်ဘွားကြီးများ ပိုင်ဆိုင်တဲ့လယ်က ထွက်တဲ့စကားကိုသာ ယူငင်ကြရိုးရှိပါတယ်"

"တိတ်…ထွက်စေ…"

စော်ဘွားကြီးက နှင်မိန့်ပေးလိုက်ရာ မင်းလုလင်သည် ဆရာခေါင်နှင့် ဦးမာလာတို့၏ လက်ကိုဆွဲကာ ထစေသည်။ ဆရာခေါင်တို့ကား လမ်းဆုံးသို့ ရောက်နေပြီကို သိသဖြင့် ထုံးတမ်းစဉ်လာအတိုင်းပင် လက်အုပ်ချီရင်း နောက်ပြန်ဆုတ်ကာ ဟော်တွင်းမှ ထွက်ခဲ့ကြသည်။

ဆရာခေါင်နှင့် ဦးမာလာတို့ မိမိတို့၏ရွာသို့ ပြန်ရောက်ကြပြီးသည့်နောက်နေ့တွင်ပင် လက်မပင်ရွာသားများနှင့် ကျောက်တောရွာသားများသည် လက်မပင်ရွာ ဆရာခေါင်၏နေအိမ်တွင် အစည်းအဝေး ကျင်းပကြ၏။

အစည်းအဝေး တက်ရောက်သူများကို ဆရာခေါင်က ရှင်းလင်းပြောပြသည်။

"မနေ့က ငါနဲ့ ကိုမာလာတို့ စော်ဘွားကြီးနဲ့ သွားတွေ့တယ်၊ စပါးခွန် ပေးပါ့မယ်၊ အာလူးခွန်ကိုတော့ လွတ်ငြိမ်းခွင့်ပြုပါလို့ တောင်းပန်တယ်၊ တောင်းပန်လို့ မရဘူး၊ အခွန်နှစ်မျိုးစလုံး ပေးရမယ်တဲ့၊ အဲဒါကို ဘယ်လို သဘောရကြသလဲ"

ဆရာခေါင်၏စကားကို ကြားကြရသောခါ တစ်ယောက်နှင့်တစ်ယောက် ခေါင်းချင်းရိုက်ကာ တိုင်ပင်ကြသည်။

ကျောက်တောရွာသားတို့ကား အများအားဖြင့် တောင်ရိုးလူမျိုးများ ဖြစ်ကြလျက် လက်မပင်ရွာသားတို့မှာ ခနုလူမျိုးများ ဖြစ်ကြသည်။ လူမျိုးချင်း အမည်ကွဲပြားနေသော်ငြားလည်း ပြောကြသည့်စကားမှာ ဗမာစကားပင်ဖြစ်ရာ တစ်မျိုးတည်း တစ်နွယ်တည်း ဖြစ်သဖြင့် အရေးကြီးသောအခါ သွေးစည်းမိကြခြင်းဖြစ်သည်။ ထို့ပြင် ကျောက်တောရွာ၏ အကြီးအမှူး ဦးမာလာနှင့် လက်မပင်ရွာ၏ အကြီးအမှူး ဆရာခေါင်တို့မှာ တစ်ဦးနှင့်တစ်ဦး ဆွေမျိုးရင်းချာသဖွယ် ခင်မင်ရင်းနှီးကြလေသောကြောင့် နှစ်ရွာတစ်ရွာကဲ့သို့ဖြစ်ကာ ရွာသားချင်း ချစ်ခင်ရင်းနှီးကြခြင်း ဖြစ်လေသည်။

"အာလူးက ကျွန်တော်တို့ စားဖို့လောက် စိုက်တာပဲ၊ ဒီတော့အာလူး ခွန်မပေးဘဲ နေကြတာပေါ့..."ဟု ကျောက်တောရွာသားတစ်ယောက်က ပြော ၏။

"အိမ်း...ဒီအကြောင်းကို ငါတို့လည်း စော်ဘွားကြီးကို ပြောပြတာပဲကွ...၊ ဘယ်လောက်ပဲစိုက်စိုက် ပေးရမယ်လို့ ဆိုတယ်..."ဟု ဦးမာလာက ပြောပြသည်။

"အာလူးခွန်မပေးပဲနေမယ်ခင်ဗျာ...၊ နှစ်ရွာစလုံး တစ်ယောက်မှမပေး စတမ်း တင်းခံကြမယ်..."ဟု လက်မပင်ရွာသားတစ်ယောက်က ပြော၏။

"အိမ်း...အားလုံးက တညီတညွတ်တည်း သဘောတူကြမယ်ဆိုရင်တော့ လုပ်ကြပကွယ်...၊ သို့ပေမဲ့ တစ်ခုရှိတာက ငါတို့က မပေးဘူးဆိုရင် စော်ဘွားကြီးက ရတဲ့နည်းနဲ့ ကိုင်လိမ့်မယ်..."ဟု ဆရာခေါင်က ပြော၏။

"ဘယ်လိုကိုင်မှာတုံး..."ဟု တစ်ယောက်က မေးသည်။

"ငါတို့မှာရှိတဲ့ ကျွဲနွားတွေကို သိမ်းမှာပ..."

"သိမ်းပေစေ...၊ မတရားလုပ်တဲ့လူဟာ တစ်နေ့မှာ မတရားတဲ့ဒဏ်ကို ခံရမှာပဲ..."

"သည်လိုပဲ စဉ်းစားကြအုံးကွယ်..."ဟု ဆရာခေါင်က လေအေးဖြင့် ပြောသည်။

"မတရားလုပ်တဲ့လူဟာ တစ်နေ့မှာ မတရားတဲ့ဒဏ်ကို ခံရမယ်ဆိုတာက ဟုတ်ပါရဲ့။ သို့ပေမဲ့ မတရားတဲ့ဒဏ်က နောက်မှ ခံရမှာ၊ အခုလောလောဆယ် တို့တောင်သူလယ်သမားတွေ လက်ငင်းဒုက္ခတွေ့ရမယ်။ အားမတန်ရင် မာန်လျှော့ရမယ် ဆိုတဲ့စကားရှိပကွယ်...၊ အားမတန်ဘဲကိုး... မာန်လျှော့ကြဦးပေါ့...၊ ဘယ်သင်းဖြစ်ဖြစ် သင်္ခါရချည့်ပါပဲကွယ်...၊ ပြုပြင်ပြောင်းလဲမှုဆိုတာ အနေးနှင့်အမြန် ဖြစ်မြဲဓမ္မတာပဲ၊ သည်တော့ ထွက်သလောက်အာလူးခွန်ကို မျက်စိမှိတ်ပြီး ပေးလိုက်ကြပေဦးတော့။ ခွက်တစ်ဆယ်ထွက်တဲ့လူက တစ်ပိဿာပေါ့ကွယ်...၊ တစ်ပိဿာထွက်တဲ့လူရှိရင်လည်း အတွက်ကျ တစ်ဆယ်သားစီပေးပေါ့...ဟုတ်ပြီလား"

"ကောင်းပါပြီလေ...ဆရာကြီးတော်တယ်ထင်လို့ ဆုံးဖြတ်တာကို ကျွန်တော်တို့ မငြင်းပါဘူး"ဟု ရွာသားများက သဘောတူညီလိုက်လျှောကြသည်။

"ဒါထက် ကျွန်တော်တို့ငွေကို ပေးရမှာလား...အသီးအနှံကို ပေးရမှာလား..."ဟု ရွာသားတစ်ယောက်ကမေးရာ ဦးမာလာက "အသီးအနှံပေးရင် စော်ဘွားရှိရာကို အသီးအနှံတွေကို လှည်းနဲ့တင်ပို့ရမှာဖြစ်လို့ တာဝန်ကြီးတယ်။ သည်တော့ စပါးနဲ့ အာလူးပေါက်ဈေးကိုတွက်ပြီး ငွေကိုပဲပေး။ စပါးပေါက်ဈေးက တင်းတစ်ရာ ငွေငါးဆယ်ဈေးရှိတယ်။ အာလူးပေါက်ဈေးက ခွက်တစ်ရာကို ငွေတစ်ဆယ်တန်ဖိုးရှိတယ်။ အဲသည်ဈေးအတိုင်းတွက်ပြီး အတွက်ကျငွေပေး။ ငွေပေးရာမှာလည်း ကုလားဒင်္ဂါးရှိတဲ့လူက ကုလားဒင်္ဂါးကိုပေး။ ကုလားဒင်္ဂါးမရှိရင် ငွေသားကို ချိန်ပေး။ တကယ်လို့ လောလောဆယ် ငွေမလွယ်တဲ့လူများရှိရင် ဆရာခေါင်နဲ့ ငါ့ဆီမှာ လှည့်ပေါ့။ နောင်ငွေလွယ်တဲ့အခါမှ ပြန်ဆပ်။ အတိုးအပွား မပေးရဘူး"ဟု ပြောပြရာ ရွာသားအားလုံး သဘောကြိုက်ညီ နှစ်သက်ကြလေသည်။

○

# (၁၆)

"အမယ်လေး…ကိုရင်ရယ်…လာပါ…လာပါ…၊ ဝမ်းသာလိုက်တာ…"

မဝိုင်းက ဝမ်းသာအားရဖြင့် မောင်ညွှန့်ကို ဆီးကြိုခေါ်ငင်၏။ မောင်ညွှန့်သည် ခေါင်းငိုက်စိုက်ချကာ ကိုရင်ဟန်မျိုးဖြင့် တက်လာသည်။ သို့သော် မောင်ညွှန့်မှာ သင်္ကန်းဝတ်နှင့် မဟုတ်တော့။ ရှင်လိန်ပြန်လာသည့် ကိုရင်လူထွက်တည်း။

မဝိုင်းသည် ဖျာချောတစ်ချပ်ခင်းပေးရာ မောင်ညွှန့်ကလည်း ကိုရင်ဘဝကကဲ့သို့ပင် တင်ပလ္လင်ခွေထိုင်၏။

"ကိုရင်လူထွက် လာပကိုးကွ…"ဟု ဆရာခေါင်က အိမ်ဦးခန်းမှ လှမ်း၍မေးလိုက်ရာ မောင်ညွှန့်က"ဟုတ်ပ"ဟု တစ်ခွန်းတည်း ပြန်ဖြေလိုက်သည်။

မဝိုင်းသည် မောင်ညွှန့်၏အနီးတွင်ထိုင်ကာ မောင်ညွှန့်ကို မဝနိုင်သော ကြည့်ခြင်းဖြင့် ခြေဆုံးခေါင်းဆုံး ကြည့်သည်။

မဝိုင်းက ကြည့်လေလေ မောင်ညွှန့်မှာ ရှက်လေလေ ဖြစ်ကာ ခေါင်းငုံ့သည်ထက် ငုံ့သွားလေတော့၏။

"မော့စမ်းပါဦး…ကိုရင်ရဲ့…၊ ကိုရင့်မျက်နှာ ကြည့်ချင်လို့ပါ။ ပြောစမ်းပါဦး၊ အခုမှ ဘယ်စိတ် ဘယ်လက် ပေါက်ပြီး ထွက်လာခဲ့တာလဲ…"

"ထွက်ချင်လို့"ဟု မောင်ညွန့်က တိုတိုပင် ပြန်ပြော၏။

"ဘာပြုလို့ အခုမှ ထွက်ချင်လာရတာတုံး...၊ ကိုရင်သင်္ကန်းဝတ်နေတာ ကြာလှပြီနော်...၊ နှစ်နှစ်တောင် ရှိသွားပြီ။ အစ်မဝိုင်း၏ စိတ်ထဲမှာတော့ အဲသည်နှစ်နှစ်ဟာ နှစ်ပေါင်းနှစ်ဆယ်လောက် ကြာတယ်လို့ ထင်ပါတယ်...ကိုရင်ရယ်..."

မဝိုင်းသည် ပရိယာယ်မပါ၊ မာယာမနှောဘဲ စိတ်ထဲတွင်ရှိသမျှကို ဟုတ်တိုင်းမှန်ရာ ပြောချလိုက်သည်။

"ကိုရင်လည်း ဒီလိုပါပဲ..."ဟု မောင်ညွန့်က ဆို၏။

"ကိုရင်လည်း...ဒီလိုပဲ...ဟုတ်လား၊ ကိုရင်...ဒီလိုပဲဆိုတာက ဘယ်လိုတုံး၊ ပြောစမ်းပါဦး..."ဟု မဝိုင်းက အားတက်သရော မေးသည်။

"ကိုရင် နှစ်နှစ်သင်္ကန်းဝတ်နေရတာ နှစ်တွေ အကြာကြီးလို့ထင်တယ်..."

"ဟုတ်လား...ကိုရင်...၊ ဒီလိုဆိုရင် ကိုရင်ရယ်...မြန်မြန်လူထွက်လိုက်ပါတော့လား..."

"ထွက်ချင်သားပဲ...၊ အဖက မထွက်ပါနဲ့ဦး...မထွက်ပါနဲ့ဦးဆိုပြီး တားတားထားတယ်။ နောက်ပြီးတော့ ဆရာတော်ကြီးကလည်း ကြာကြာဝတ်နေရမယ်ဆိုလို့ ဆရာတော်ကြီး ကြောက်တာကြောင့် မထွက်ဝံ့တာ..."

"ဩော်...ဖြစ်မှ ဖြစ်ရလေ ကိုရင်ရယ်...ဒီလိုဆိုရင် ကိုရင်စိတ်ညစ်ညစ်နဲ့ အောင့်ပြီးနေရတာပေါ့နော်...ပြီးခဲ့တာတွေ ပြီးပေစေတော့...နောက်ကို ကိုရင် စိတ်မညစ်ရတော့ဘူး၊ ပျော်ပျော်နေ။ မဝိုင်းနဲ့အတူနေရင် ကိုရင်ပျော်မှာပါပဲ...၊ ဒီည ကိုရင် မဝိုင်းတို့အိမ် အိပ်မယ်မဟုတ်လား..."

"အိပ်မှာပေါ့..."

မဝိုင်းသည် မောင်ညွန့်ကို မျက်တောင်မခတ် ငေးစိုက်ကြည့်ရှုနေ၏။ မောင်ညွန့်က ငါးနှစ်သား၊ မဝိုင်းက ၁၅ နှစ်သမီး၊ လက်မပင်ရွာသို့ မဝိုင်းတို့ စတင်ရောက်ရှိလာသည့် အချိန်ကို ပြန်လည်မြင်ယောင်ကာ ယခု မိမိ၏ မျက်စိအောက်တွင် လူပျိုဖားဖား ဖြစ်နေသော မောင်ညွန့်ကို တအံ့တဩ ကြည့်ရှုနေခြင်းဖြစ်သည်။

"ကိုရင်က ထွားလာလိုက်တာနော်…အံ့သြစရာပဲ…၊ ကိုရင်နဲ့မပိုင်း တွေ့စတုန်းက ကိုရင်ဟာ ငယ်ငယ်ကလေးပဲ ရှိသေးတယ်။ အခု ကြည့်စမ်းပါဦး…"

မပိုင်းက မောင်ညွှန့်ကို တစိမ့်စိမ့်ကြည့်ရင်း အံ့သြသံဖြင့်ပြောသည်။

"အစ်မပိုင်းကတော့ ဒီလိုမဟုတ်ဘူး…"

"ဘာဒီလိုမဟုတ်တာတုံး ပြောစမ်းပါဦး…"

"ကျွန်တော် တွေ့စက အတိုင်းပဲ…"

မောင်ညွှန့် ပြောပုံကို သဘောကျလှသဖြင့် မစိုင်းက လက်ခုပ်လက်ဝါး တီးကာ အားရပါးရ ရယ်လေသည်။

မောင်ညွှန့် ပြောမည်ဆိုက ပြောစရာပေတည်း။ ယခုအခါတွင် မောင်ညွှန့်မှာ ၁၆ နှစ်သားရှိပြီဖြစ်လျက် မပိုင်းအသက်မှာ ၂၆ နှစ်ရှိပေပြီ။ သို့သော် မပိုင်းသည် အသားဖြူ၏။ မျက်နှာကလေး နု၏။ မျက်ခုံးမျက်လုံး ကောင်း၏။ နှာတံကလေးလည်း ပေါ်၏။ ထို့ကြောင့် မသိသူများက မပိုင်းကို အသက် ၂၀ ထက် မကြီးသေးဟု ထင်နေကြသည်။ မောင်ညွှန့်၏စိတ်တွင်လည်း ဤအတိုင်းထင်သဖြင့် ဤအတိုင်း ပြောလိုက်ခြင်းဖြစ်သည်။

ညစာစားချိန်တွင် မောင်ညွှန့်နှင့် မပိုင်းတို့ထမင်းအတူ စားကြသည်။

"ထမင်းနည်းနည်း လျှော့စားနော်…ကိုရင်…၊ ညစာစားနေကျ မဟုတ်ဘဲနဲ့ ထမင်းတွေ သိပ်စားလို့ ဝမ်းရောင်နေဦးမယ်…"ဟု သတိပေး၏။

ထမင်းစားပြီးချိန်တွင်လည်း မပိုင်းနှင့် မောင်ညွှန့်တို့ မီးဖိုအနီးတွင် စကားလက်ဆုံကျ၍ နေကြလေသည်။

"ကိုရင် မှတ်မိသေးလား။ ကိုရင်တို့ ရှင်ပြုတော့ ပွဲဝင်ညကလေ…၊ ကိုရင်နဲ့မပိုင်း ရုပ်သေးကြည့်ကြတယ်။ ရုပ်သေးမင်းသမီး လျှာနှစ်ခွက မပဋာ လုပ်ပြီး သူ့လင်မောင်ဒါသကို မိဖုရပ်ဌာန်ပြန်ဖို့ ပူဆာတော့ဆိုတဲ့သီချင်း…၊ ကိုရင် မှတ်မိဦးမှာပေါ့…"

"မှတ်မိသားပဲ…"

"မှတ်မိရင် ဆိုပြစမ်းပါဦး…၊ မပိုင်း ကြားချင်လို့ပါ…"

"ဆိုချင်ပါဘူး…၊ ရှက်ကရှက်နဲ့…"

"ကိုရင်မဆိုချင်ရင် အစ်မပိုင်း ဆိုပြမယ် နားထောင်…၊ သပြေက

သီး၊ ရေကကြီးသနဲ့၊ ဆီးကင်းကကြွေ၊ မိုးကစွေ။ အမေတို့ဖတို့ထံ၊ ပြန်ချင်ပြီးကိုဒါသရယ်၊ လမ်းပြပါဦး…”

မဝိုင်းက သံနေသံထားဖြင့် ဆိုပြရာ မောင်ညွန့်က သဘောကျလှသဖြင့် ပြုံးပြုံးကြီးနားထောင်နေသည်။

“အစ်မဝိုင်း သီချင်းဆိုကောင်းတယ်နော်… လျှာနှစ်ခွမင်းသမီးဆိုသလိုပဲ၊ အသံလည်းကောင်းတယ်…”

“ကိုရင်က မြှောက်နေပြီ ထင်တယ်ဟော့…”

“မြှောက်တာ မဟုတ်ပါဘူး။ တကယ်ပြောတာပါ…”

“ကိုရင် သင်္ကန်းဝတ်နေတော့လေ…မဝိုင်းဖြင့် ကိုရင့်ကို နေ့တိုင်း သတိရတာပဲ…”

“ကျွန်တော်လည်း ဒီလိုပါပဲ…”

“ကိုရင့်ကို သတိရတိုင်း ရွဲတိုက်တဲ့ လူတွေဆိုတဲ့ သီချင်းကိုသတိရတယ်။ အို…အမောင်လေး…၊ အရေးနောင်ခါ။ မဆိုသာဘူး၊ ကြာရင်မယ်နဲ့ဝေးတော့မယ်…တဲ့။ နောက်ပြီးတော့ များများမကြာ သုံးလဝါကို၊ မယ်သာ ခွင့်လွှတ်ပါဦးကွယ်…တဲ့။ ကိုရင့်ကို သတိရတိုင်း အဲဒီသီချင်းကလေးတွေကို ဆိုဆိုနေမိတယ်…”

“မဝိုင်းရေ…ကိုရင် အိပ်ချင်ရောပေါ့ကွယ်…၊ အိပ်ရာခင်းပေးလိုက်လေ…”

မဝိုင်း၏မိခင် အရီးစုံက သတိပေးမှ မဝိုင်းသည် အိမ်ဦးခန်းတွင် မောင်ညွန့်အတွက် အိပ်ရာခင်းပေးသည်။ စောင်ထပ်ပေးသည်။ ခြင်ထောင်ထောင်ပေးသည်။

“ကိုင်း…ကိုရင်…အိပ်တော့…”ဟု မဝိုင်းက ပြောလိုက်သည်နှင့် တစ်ပြိုင်နက် မောင်ညွန့်သည် အိပ်ရာထဲသို့ ဝင်အိပ်၏။

မဝိုင်းက မောင်ညွန့်ကို စောင်ခြုံပေးသည်။ ခြင်ထောင်ချပေးသည်။ ခြင်ထောင်အောက်နားစများကို မွေ့ရာအောက်သို့ ထိုးသွင်းပေးသည်။ ထို့နောက်တွင်မှ မဝိုင်း အခန်းတွင်းသို့ဝင်ကာ အိပ်၏။

မဝိုင်းရော မောင်ညွန့်ပါ ရတ်တရက် အိပ်၍မပျော်ကြပေ။ မောင်ညွန့်ရှင်မပြုမီက အတူတကွ အိက်စက်ခဲ့ရသည်များကို ပြန်လည်သတိရကြကာ

ထိုကဲ့သို့အိပ်ရလျှင် ကောင်းလေစွဟု နှစ်ဦးစလုံး တွေးတော တောင့်တနေကြသည်။

နံနက်စောစော မောင်ညွန့် အိပ်ရာမှ ထသည်နှင့် တစ်ပြိုင်နက် မပိုင်းက သွားတိုက်ရန်ဆားနှင့် မျက်နှာသစ်ရန် ရေနွေး အသင့်ယူပေးသည်။

မောင်ညွန့် မျက်နှာသစ်ပြီးလျှင် မပိုင်း လော့်ထားသည့် ထမင်းလော့်ကလေး ပူပူနွေးနွေးနှင့် အခါးရေသောက်ရ၏။

စားသောက်ပြီးလျှင် မောင်ညွန့်က "ပြန်မယ်...အစ်မပိုင်း...အိမ်မှာ အဖကို ကူညီလုပ်ရဦးမယ်..."ဟု ဆိုကာ ပြန်သွားသည်။

မပိုင်းသည် အိမ်ပေါ်မှနေကာ မောင်ညွန့်ကို မျက်စိတဆုံး ငေးစိုက်ကာ ကြည့်ရှုနေ၏။ အတော်ဝေးသို့ ရောက်သောအခါ မောင်ညွန့်သမင်လည်ပြန် လှည့်ကြည့်လိုက်ရာ မိမိအားကြည့်နေသည့် မပိုင်းကို မြင်ရ၏။ နောက်တစ်ကြိမ် မောင်ညွန့် လှည့်ကြည့်လိုသော်လည်း ရှက်အမ်းအမ်း ဖြစ်နေသဖြင့် လှည့်မကြည့်ရဲတော့။ အကယ်၍ မောင်ညွန့် လှည့်ကြည့်လျှင်လည်း မိမိအား ကြည့်နေသည့် မပိုင်းကို မြင်ရမည်သာတည်း။

○

## (၁၇)

ရှင်လူထွက်လာပြီဖြစ်သော မောင်ညွန့်သည် လူကြီးစိတ် လူကြီးသဘော သက်ဝင်လာကာ လူကြီးပြောသလိုပြော လူကြီးလုပ်သလို လုပ်လာလေသည်။

ဖခင်ဦးမာလာ၏ ပဲန်းပဲပိုတွင်ဝင်၍ ဖိုထိုးခြင်း၊ စမ်း၍ ဓားခတ်ခြင်းပြုသည်။ လယ်ယာလုပ်ငန်းနှင့်ဆိုင်သည့် အလုပ်ကိုလည်း ဖခင်၏ကိုယ်စားဝင်လုပ်သည်။

ကျောက်တောရွာတွင် အိမ်သစ်တစ်ဆောင် ဆောက်လုပ်နေ၏။ ဦးမာလာကပင် စီမံခန့်ခွဲပေးကာ ရွာသားတို့ ဝိုင်းဝန်းဆောက်လုပ်ကြသည်။ ယင်းသည့် အိမ်ဆောက်ရာတွင်လည်း မောင်ညွန့် ပါလိုက်သည်သာတည်း။

မောင်ညွန့် လူကြီးစိတ်ဝင်လာသောကြောင့်ပင်လျှင် မဝိုင်းထံသွားရန် မဝံ့မရဲ ဖြစ်နေသည်။ မဝိုင်းကို အမြဲလိုလို သတိရ၏။ မဝိုင်းထံ သွားချင်စိတ် ယိုဖိတ်နေ၏။ သို့သော် သွားရမည်ကို ရှက်နေသည်။ မဝိုင်း၏မျက်နှာကို မကြည့်ရဲသလို ဖြစ်နေသည်။ မဝိုင်းနှင့် စကားမပြောဝံ့သလိုဖြစ်နေသည်။ ထို့ကြောင့် ရှင်လူထွက်သည့်နေ့က မဝိုင်းထံ တစ်ခေါက်ရောက်ပြီးနောက် နောက်ထပ် တစ်ခေါက်မျှ မရောက်ဘဲနေသည်မှာ ရက်ပေါင်းအတော်ကြာ၍ သွားလေသည်။

မဝိုင်းထံ မရောက်ရလေ ရောက်ချင်လေ၊ မသွားဖြစ်လေ သွားချင်လေဖြစ်ကာ စိတ်ထဲတွင် မရိုးမရွ ဖြစ်လာ၏။ ညအိပ်သည့်အခါများတွင် အမြဲလိုလိုပင် မဝိုင်းကို အိပ်မက်,မက်နေသည်။ မက်သည့်အိပ်မက်များမှာလည်း ငယ်စဉ်ကကဲ့သို့ပင် မဝိုင်းနှင့်အတူ အိပ်စက်ရသည်ဟု မြင်မက်ခြင်းကများသည်။ ယင်းသို့ အိပ်မက်,မက်နေစဉ် စိတ်ထဲတွင် အလွန်ကြည်နူးသာယာ၍နေ၏။ နိုးလာ၍ အိပ်မက်ဖြစ်မှန်း သိရသောအခါ ဟာတာတာကြီး ဖြစ်သွားသည်။ ဤအိပ်မက်မျိုးချည်း အမြဲမက်နေပါစေဟု မောင်ညွှန့်တောင့်တဆုတောင်းမိသည်။

မောင်ညွှန့်သည် လုပ်စရာရှိသည့် အလုပ်များကို မနားမနေလုပ်၏။ ယင်းသို့လုပ်ရင်းပင် မဝိုင်းကို တစ်သက်သက် သတိရနေသည်။ မဝိုင်းကို သတိရလွန်းသဖြင့် မဝိုင်းထံ သွားရန်ကြံ၏။ သို့သော် စိတ်ကသာလျှင် ရောက်လျက် လူက မသွားဖြစ်ဘဲ နှောင့်နှေး လေးကန်နေသည်။

"ငါ ဘာဖြစ်တာပါလိမ့်...ငယ်ငယ်တုန်းကဆိုရင် အစ်မဝိုင်းဆီ အမြဲသွားတယ်၊ အစ်မဝိုင်းနဲ့အတူ အိပ်တယ်။ ခုတော့ ငါဘာဖြစ်လို့ မသွားဝံ့တာတုန်း၊ အစ်မဝိုင်းက မလာစေချင်လို့လား၊ ဒီလိုပဲ မဟုတ်နိုင်ပါဘူး၊ အစ်မဝိုင်းက မလာရဘူးလို့လည်း မပြောဘူး၊ လာပါ...လာပါ လို့ခေါ်တယ်၊ ဒါနဲ့တောင် မသွားဝံ့တာဟာ ငါ့စိတ်က မရိုးလို့ ထင်ပါရဲ့၊ ဟုတ်ပါတယ်လေ...ငါက လူပျိုဖြစ်လာပြီ မဟုတ်လား၊ အစ်မဝိုင်းက အပျိုချော၊ ငါက လူပျို၊ အပျိုနဲ့လူပျို တွေ့ရမှာ ရှက်နေတာ ထင်ပါရဲ့နော်"

မောင်ညွှန့်သည် တွေးမိတွေးရာ တွေးနေ၏။ မဝိုင်းထံသွားမည်ဟု အဝတ်အစားလဲကာ အိမ်ဝိုင်းထဲမှ ထွက်ခဲ့၏။ ကျောက်တောရွာထိပ်သို့ ရောက်လာလျှင် မဝိုင်းတို့ လက်မပင်ရွာဘက်ကို ငေးစိုက်ကာကြည့်ရင်း ကြောက်စိတ် ရွံ့စိတ်တွေ ပေါ်လာသည်။ ထို့ကြောင့် စိတ်က မဝိုင်းထံ ရောက်နေသော်လည်း ခြေထောက်က အိမ်ဘက်သို့ ပြန်လှည့်လာမိသည်။

ယင်းသို့ဖြင့် မောင်ညွှန့်သည် မဝိုင်းထံသို့ မရောက်ဘဲ ရက်အတော်ကြာညောင်းသွားသည်။

တစ်ညတွင်ကား မောင်ညွှန့်သည် အရဲစွန့်ကာ မဝိုင်းတို့ရွာဘက်သို့ လာခဲ့၏။ ခြေလှမ်းများကား သွက်လှသည်။ သို့သော် ရွာတွင်းသို့ ရောက်

သည်နှင့် တစ်ပြိုင်နက် ခြေလှမ်းများ နှေးသွားသည်။ ခြေထောက်ကို ကြိုး ဖြင့်ချည်ထားသလို လှမ်းမရ ဖြစ်နေ၏။ ရင်တွင်းမှာ တလှပ်လှပ်ခုန်ကာ ဒူးတွေ တဆတ်ဆတ် တုန်နေသည်။

"ဟော့…ကိုရင်ညွန့်"

ခေါ်လိုက်သံကြောင့် မောင်ညွန့်မှာ လန့်ဖြန့်သွား၏။ စိတ်ချောက်ချား နေသောကြောင့်တည်း။

မောင်ညွန့်သည် နောက်သို့ လှည့်ကြည့်လိုက်ရာ လက်မပင်ရွာသား မောင်အေးကို မြင်ရသည်။

"ကိုရင်ညွန့် ဘယ်သွားမလို့တုန်း"ဟု မောင်အေးက မေး၏။

"ဘယ်ရယ်လို့ မဟုတ်ပါဘူးဗျာ၊ ပျင်းတာနဲ့ ခင်ဗျားတို့ရွာဘက် လျှောက်လာခဲ့တာပါ"ဟု မောင်ညွန့်က ပြောမိပြောရာ ပြောလိုက်သည်။

"ပျင်းရင် ငါနဲ့အတူလိုက်ခဲ့၊ ငါက အပျိုလှည့်သွားမလို့"

"ဟင် ကျွန်တော် အပျိုလှည် တစ်ခါမှ မလိုက်ဖူးပါဘူးဗျာ။ ရှက် ပါတယ်"ဟု မောင်ညွန့်က ပြောကာ ဆုတ်ကန် ဆုတ်ကန် လုပ်နေ၏။

"လာပါ ဒါ ရှက်စရာ အလုပ်မဟုတ်ပါဘူး၊ ကာလသားဖြစ်လာရင် အပျိုလှည့်ရတာဟာ ထုံးစံပဲ"ဟု မောင်အေးက ပြောကာ မောင်ညွန့်ကို အတင်းဆွဲခေါ်သွားလေသည်။

မကြာမီတွင်ပင် မောင်အေးနှင့် မောင်ညွန့်တို့သည် အိမ်တစ်အိမ်ပေါ် သို့ တက်သွားကြ၏။ ထိုအိမ်ရှိ မီးဖိုအနီးတွင် အပျိုကလေး မချိုနှင့် သူ့ မိခင် ထိုင်၍နေသည်။ မချို၏ဖခင်ကိုကား မတွေ့ရချေ။

"အရီး ဖကြီးကော"ဟု မောင်အေးက မချို၏မိခင်ကို မေးလိုက်၏။

"နေမကောင်းလို့ အိပ်ရာထဲ ခွေနေတယ်"

မောင်အေး မချိုနှင့် မချို၏မိခင်တို့သည် စပ်မိစပ်ရာ စကားများကို ပြောနေကြသော်လည်း မောင်ညွန့်မှာမူကား ဘာစကားမျှမပြောဘဲ ခေါင်း ကြီးငုံ့၍ နေလေသည်။

"ကိုရင်ညွန့် စကားကလေးများ ပြောပါဦး"

မချိုက မောင်ညွန့်ကို ပြုံး၍ကြည့်ကာ ပြောလိုက်ရာ မောင်ညွန့်က ပြုံးစေ့စေ့လုပ်ရင်း တုံဏှိဘာဝေ တိတ်တိတ်ပင် နေ၏။

"ကိုရင်ညွန့်က စကားနည်းတယ်။ ရှင်လိင်ပြန်တာကလည်း မကြာသေးတော့ ရှက်နေတယ် ထင်ပါရဲ့၊ ဒါကြောင့် ကိုရင်ညွန့်ကို ဇာတ်သွင်းရအောင်လို့ ခေါ်လာရတာ မိချိုရဲ့"ဟု မောင်အေးက ရွှန်းရွှန်းဝေအောင် ပြောလေသည်။

ယင်းသို့ ပြောနေကြစဉ် မချို၏မိခင်သည် မီးဖိုအနီးမှထကာ အခန်းတွင်းသို့ ဝင်သွားရာ မချိုနှင့် ကာလသားနှစ်ယောက်သာ ကျန်ရစ်ခဲ့၏။

"ကိုရင်ညွန့် သင်္ကန်းပြန်ဝတ်ဦးမလား"ဟု မချိုက မေး၏။

"ဝတ်ပါဘူး"ဟု မောင်ညွန့်က တုံးတိတိဖြေသည်။

"ဘာပြုလို့ မဝတ်တာတုန်း"

"ပျင်းလို့"

"အခုလို ရှင်လူထွက်လာတော့ကော ပျော်ရဲ့လား"

"ပျော်ပါဘူး"

မောင်ညွန့်နှင့် မချိုတို့ စကားအချီအချ ပြောနေကြသည်ကို မောင်အေးက နားထောင်ရင်း တဟဲဟဲ ရယ်နေ၏။ ထို့နောက် မောင်အေးက ဝင်ပြောသည်။

"တစ်နေ့တော့ ပျော်လာမှာပေါ့ ကိုရင်ညွန့်ရာ၊ ကိုင်း...အခုပဲပျော်အောင်လုပ်ရမယ်၊ မချိုရေ...ငါက စကားထာဖွက်မယ်၊ မင်းတို့နှစ်ယောက်က ဖော်ကြနော်"

"ကောင်းတယ်...ကောင်းတယ်၊ ကိုရင်ညွန့် ပျော်အောင် စကားထာဖွက်တာ ကောင်းတယ်"ဟု မချိုက ဝမ်းသာအားရ ပြော၏။

မောင်အေးက "ကိုင်း စကားထာဖွက်မယ်၊ မတိုမရှည် တညိုလောက်၊ အရင်းအမွေးပေါက်"ဟု စကားထာဖွက်လိုက်ရာ၊ မချိုက တခိခိရယ်နေလျက်၊ မောင်ညွန့်က ပြုံးကာ ခေါင်းငုံ့နေသည်။

"ဖော်ကြလေ ကိုရင်ညွန့် ဖော်ကွာ"ဟု မောင်အေးက ဆို၏။

"ခင်ဗျားဟာက မကောင်းပါဘူးဗျာ"ဟု မောင်ညွန့်က ပြောလိုက်ရာ မောင်အေးရော မချိုပါ ရယ်ကြသည်။

"ကိုင်း...မိချိုက ဖော်ပေတော့"ဟု မောင်အေးက ဆိုလိုက်ရာ၊ မချို

က "ကျွန်မ ဖော်တတ်တယ်။ နွားကုန်သည်လာရင်မေး၊ နွားချိုတဲ့လေး၊ ကိုင်း…မှန်ရဲ့လား"ဟု မေးသည်။

"မှန်တယ် မှန်တယ်။ ကိုင်း…နောက်တစ်မျိုး ဖွက်ဦးမယ်၊ တစ်ညလုံးသွင်း လင်းမှချွတ်၊ ဖော်ကြစမ်း"

"မဖော်တတ်ဘူးရှင့်"ဟု မချိုက ပြော၏။

"ကိုရင်ညွန့် ဖော်လကွာ"ဟု မောင်အေးက ဆိုသည်။

"ကျုပ်လည်း မဖော်တတ်ဘူးဗျ"ဟု မောင်ညွန့်က ခေါင်းခါ၍ပြော၏။

"မဖော်တတ်ရင် မှတ်ထား…တစ်ညလုံးသွင်း လင်းခါမှချွတ် ဆိုတာက တံခါးမင်းတုပ်ပေါ့ကွ"

အားလုံး ရွှင်မြူးနေကြသည်။ ရွှင်မြူးနေသဖြင့် မောင်ညွန့်သည်ပင်လျှင် ရဲတင်းလာကာ စကားစမြည် ပြောဖော်ရလာသည်။

"အစ်မဝိုင်းတို့အိမ် လာတာဗျာ…ကိုရင်အေးနဲ့ တွေ့တာနဲ့ ဒီအိမ်ရောက်လာတာ"ဟု မောင်ညွန့်က ဆို၏။

"မဝိုင်းက မင့်ကို သိပ်ချစ်တာကွ…မင့်အကြောင်းကို မကြာမကြာပြောတယ်…မင်း မဝိုင်းကို ယူလိုက်ပါလား"

"ဟာဗျာ…အစ်မဝိုင်းက ကျုပ်ကို မောင်လေးလို ချစ်နေတာပါဗျ…"

"အေးလေ…မောင်လေးလို ချစ်နေရာက လင်လေးလို ချစ်လာအောင်ယူလိုက်ပေါ့ကွ၊ မဝိုင်းက အလွန်လှတာ ငါတောင် ယူချင်တယ်၊ မဝိုင်းတို့အိမ်ငါ အပျိုလှည့် သွားဖူးတယ်၊ ငါသွားတိုင်း မင့်အကြောင်းချည့် ပြောပြောနေတော့ ငါက မဝိုင်းကို မေးကြည့်ဖူးတယ်"

"ဟင်…ဟုတ်လား၊ ဘယ်လို မေးကြည့်တာလဲ"ဟု မောင်ညွန့်က စိတ်အားထက်သန်စွာ မေးသည်။

"ငါကတော့ ရှင်းရှင်းမေးလိုက်တာပဲ၊ မဝိုင်း မောင်ညွန့်ကို ယူမလို့လားလို့ မေးလိုက်တယ်"

"ဒီတော့ မဝိုင်းက ဘယ်လိုပြန်ပြောသလဲ"

"မောင်ညွန့်က ကြိုက်ရင် ယူမှာပေါ့တဲ့"

မောင်အေး၏ စကားကို ကြားလိုက်ရသောအခါ မောင်ညွှန့်၏ရင်တွင်းမှာ ဒိန်းကနဲ ဖြစ်သွားသည်။ ဝမ်းသာလုံးဆို့သွားသဖြင့် ရုတ်တရက် စကားပြန်မပြောနိုင်ပေ။

မချိုက "အသက်တော့ အများကြီး ကွာမှာပေါ့နော်..."ဟု မေး၏။

"ဆယ်နှစ်လောက် ကွာတယ်"ဟု မောင်ညွှန့်က ပြန်ပြောသည်။

"သို့ပေမဲ့ မပိုင်းက ချောလည်းချော၊ လှလည်းလှ၊ အင်မတန်လည်း နုတာ၊ ကိုရင်ညွှန့်နဲ့ မတိမ်းမယိမ်းလောက်ပဲ ထင်ရတယ်"

"ပြန်တော့မယ်ဗျာ"ဟု မောင်ညွှန့်ကဆိုကာ ထိုင်ရာမှထ၏။

"မပိုင်တို့အိမ် သွားမလို့လား..."ဟု မောင်အေးက မေးသည်။

"ညဥ့်နက်ပြီ မသွားတော့ဘူး၊ နောက်မှ သွားမယ်၊ အခု ကျုပ်တို့ အိမ် ပြန်မယ်"

မချိုက ထင်းရှူးသားတစ်စကို မီးရှို့ပေးရာ မောင်ညွှန့်သည် ထင်းရှူးမီးတိုင်ကိုကိုင်ရင်း ကျောက်တောရွာဘက်သို့ ပြန်ခဲ့၏။ စိတ်ထဲတွင်ကား မပိုင်း အကြောင်းကိုချည်း တွေးတောနေလေသည်။

○

## (၁၈)

"ဟေ…လှည်းအဆန်းကွ လှည်းအဆန်း"

ကျောက်တောရွာသား တစ်ယောက်က အော်ဟစ်ပြောဆိုကာ ပြေးသွားလေရာ အခြားရွာသူရွာသားများသည်လည်း ထိုသူပြေးသွားသည့်ဘက်သို့ကြည့်ရင်း အံ့သြငေးမောနေကြသည်။

ဈေးလှည်းသုံးစီးသည် ကျောက်တောရွာတွင်းသို့ ဝင်လာကြ၏။ ရှေ့ဆုံးကလှည်းမှာ ကျောက်တောရွာသူရွာသားတို့အတွက် အဆန်းဖြစ်နေသည်။ ခါတိုင်း လာနေကျလှည်းများမှာ ပျဉ်ပြားကြီးများကိုစပ်၍ လုပ်ထားသော စပ်ဘီးကိုသာ လှည်းတွင်တပ်ထား၏။ ယခုလာသော လှည်းတစ်စီးမှာကား စပ်ဘီးမဟုတ်။ သစ်သားထောက်များဖြင့် ပြုလုပ်ထားသည့် ထောက်ဘီး(ဒေါက်ဘီး)ဖြစ်ရာ ဤသည်ကိုပင် ရွာသူရွာသားများ တအံ့တသြ ငေးမောကာ ဝိုင်းအုံကြည့်ရှုကြသည်။

လှည်းများကို ဦးမာလာ၏ အိမ်ဝိုင်းအတွင်းတွင်ဖြုတ်ကာ ပါလာသည့် ဆား၊ ထန်းလျက်၊ ငါးခြောက်၊ ကွမ်းသီး၊ ရေနံဆီ စသည့်ရောင်းကုန်များကို ရောင်းချကြသည်။

မောင်ညွန့်က ကူညီကာ ချိန်တွယ်ပေး၏။

အရောင်းအဝယ်ကိစ္စ ပြီးသောအခါ ဗမာပြည်မှ ရောက်လာကြသည့် ဗမာလူမျိုး ကုန်သည်များနှင့် ကျောက်တောရွာသား တောင်ရိုးလူမျိုးတို့ မီးဖိုအနီးတွင် ဝိုင်းဖွဲ့ရင်း စကားပြောနေကြသည်။

"ဗမာပြည်မှာ အေးချမ်းရဲ့လားဗျ"ဟု ဦးမာလာက မေး၏။

"အခုတော့ အေးချမ်းသွားပါပြီ။ သီပေါမင်း ပါတော်မူစကတော့ အင်္ဂလိပ်စစ်တပ်နဲ့ သူပုန်တွေ တိုက်ကြ ခိုက်ကြလို့ မအေးချမ်းလှဘူး"

"ကျွန်တော်တို့ ရှမ်းပြည်နဲ့ မြေလတ်အရပ်မှာလည်း ဒီလိုပဲ သူပုန်ထကြတာပဲ။ လက်နက်ချင်းမတူလို့ ရှုံးရတာပါ။ လက်နက်ချင်းသာတူရင် ကျွန်တော်တို့ ရှမ်း၊ တောင်ရိုး၊ ခနု၊ အင်းသားတွေဟာ အင်္ဂလိပ်ကို နိုင်အောင်တိုက်နိုင်ပါတယ်"

"နေစမ်းပါဦး၊ ခင်ဗျားတို့ တောင်ရိုးတွေ ခနုတွေပြောတဲ့ စကားက ဗမာစကားပါဘဲကလား"ဟု ဈေးလှည်းနှင့်ပါလာသူ ဗမာလူမျိုး ကိုစံခင်က မေး၏။

"ကျွန်တော်တို့ တောင်ရိုးတွေ၊ ခနုတွေဟာ ဟိုးရှေးနှစ်ပေါင်းများစွာက ရှမ်းပြည်ဘက် ရောက်လာကြတဲ့ ဗမာလူမျိုးတွေပါပဲဗျာ။ ဒါကြောင့် ဗမာစကားပဲ ပြောနေကြတာပဲ။ တောင်ရိုးစကား ခနုစကားရယ်လို့ မရှိပါဘူး။ သို့ပေမဲ့ အသုံးအနှုန်းတော့ နည်းနည်းလွဲသပေါ့။ ဗမာတွေက "ဆိုင်းပါဦး"လို့ ပြောတာကို ကျွန်တော်တို့က 'ငံ့ပါဦး'လို့ ပြောတယ်"

"ဆိုင်းတာနဲ့ငံ့တာ အတူတူပါပဲ။ ဒါကြောင့် 'ဆိုင်းငံ့တယ်'လို့တွဲသုံးကြတယ် မဟုတ်လား"ဟု ကိုစံခင် ရှင်းပြ၏။

"ဗမာတွေက 'ရှေ့တိုးပါဦး'လို့ ဆိုတာကို ကျွန်တော်တို့က 'ဦးတိုးပါဦး'လို့ ပြောတယ်။ ဗမာက 'ထမင်းစားမြိန်သလား'လို့မေးတာကို ကျွန်တော်တို့က 'ထမင်းစားချိုသလား'လို့ မေးတယ်။ ငရုတ်သီးကို ကျွန်တော်တို့က စပ်သီးလို့ခေါ်တယ်။ အိမ်ရိုက်သံကို ကျွန်တော်တို့က မယ်နလို့ခေါ်တယ်"

"ဟင်...မယ်န ဟုတ်လား" ဈေးလှည်းဖြင့်ပါလာသည့် ဗမာအဘိုးကြီး ဦးသာဝက တအံ့တသြမေးပြီးနောက် ဆက်ပြော၏။

"မယ်နဆိုတာ ဟိုရှေးက ဗမာတွေပြောတဲ့ ပေါရာဏစကားပဲဗျ၊

ခင်ဗျားတို့မနုတွေ၊ တောင်ရိုးတွေဟာ ရှေးဟောင်းဗမာလူမျိုးအစစ်ကြီးတွေ ပါပဲဗျာ”

“ဟုတ်တယ်၊ ဒါကြောင့် တစ်ချို့ရှမ်းလူမျိုးတွေက ကျွန်တော်တို့ မနုတွေ၊ တောင်ရိုးတွေ၊ အင်းသားတွေကို ဗမာလူမျိုးလို့ ခေါ်ကြတာပဲ၊ ကျွန်တော်တို့ ရှမ်းရွာတွေကိုသွားရင် ရှမ်းတွေက ‘ဟော...ဗမာတွေလာကြပြီ’ လို့ ပြောသဗျ၊ ကျွန်တော်တို့ အနေအထိုင် အစားအသောက်တွေဟာ ဗမာ လူမျိုး တွေအတိုင်းပါပဲ၊ အဲ အဝတ်အစားကျတော့ ဘောင်းဘီဝတ်ကြတာ များလို့ ဗမာနဲ့ မတူဘူးပေါ့”

“ဒါကတော့ ရာသီဥတုလိုက်ပြီး ဝတ်ရတာကိုး၊ ကျုပ်တို့လည်း ဒီအရပ်ရောက်လာတဲ့အခါ အေးလွန်းလို့ ညအိပ်ရင် ဘောင်းဘီဝတ်အိပ်ရ တာပဲ၊ ဘောင်းဘီက လုံချည်ထက် ပိုနွေးတယ်၊ လုံချည်ဝတ်အိပ်ရင် အိပ်နေ တုန်း လန်လန်သွားလို့ တယ်အေးသကိုးဗျ”

အားလုံး ဝိုင်း၍ ရယ်ကြလေသည်။

တောင်ရိုးတစ်ယောက်က ပြော၏။ “ကျွန်တော်တို့ တောင်ရိုးအမျိုး သမီးတွေကတော့ သင်တိုင်းဝတ်ကြတာ များပါတယ်”

“ဟာ...ရှေးက ဗမာအမျိုးသမီးတွေလည်း သင်တိုင်းဝတ်ကြတာပဲ၊ ကျုပ်တို့အမေဖြင့် ခုထက်ထိ တစ်ခါတစ်ခါ သင်တိုင်းကြီး ဝတ်နေတုန်းပဲ၊ အမေကပြောဖူးတယ်၊ ရှေးဗမာအမျိုးသမီးတွေ သင်တိုင်းဝတ်နေကြတော့ အိမ်ထောင်သည် အမျိုးသမီးတွေ ကိုယ်ဝန်ရှိတာကိုတောင် မသိကြဘူးတဲ့၊ သင်တိုင်းက ပွယောင်းယောင်းဆိုတော့ ကိုယ်ဝန်ရှိမှန်း မသိကြဘူးပေါ့ဗျာ၊ အဲ...ကလေးမျက်နှာမြင်တော့မှဘဲ ဩော်...ကိုယ်ဝန်ရှိနေပါကလားလို့ သိကြ သတဲ့။ ရှေးကတော့ ကိုယ်ဝန်ရှိတာကိုပဲ ရှက်စရာကိစ္စလို့ ထင်ကြသကိုး၊ ဒီတော့ သင်တိုင်းဝတ်ပြီး ဖုံးဖိထားတာ”

“ကျွန်တော်တို့ မနုတွေ၊ တောင်ရိုးတွေနေတဲ့နယ်ကို ဗမာတွေက ရှမ်းပြည်၊ ရှမ်းနယ်လို့ခေါ်ကြတယ်၊ ကျွန်တော်တို့ကတော့ ကျွန်တော်တို့ နယ်ကို မြေလတ်နယ်လို့ခေါ်တယ်၊ ရှမ်းတွေကလည်း ဒီအတိုင်းခေါ်တာပဲ၊ ရှမ်းပြည်နဲ့ ဗမာပြည်အကြား အလယ်အလတ်ကျနေတဲ့နယ်ကိုးဗျ၊ နောက် ပြီးတော့ ရှမ်းပြည်လို တောင်ကုန်းမြင့်ကြီးလည်း မဟုတ်ဘူး၊ ဗမာပြည်လို

မြေနိမ့်လည်းမဟုတ်ဘူး၊ မနိမ့်မမြင့် အလယ်အလတ်ကျနေတဲ့နယ်ပဲ၊ ကျွန်တော်တို့အရပ်နဲ့ဗမာပြည်နဲ့ ဝေးတာမဟုတ်ဘဲ၊ မြေလတ်အရပ် မြောက်ပိုင်းဖြစ်တဲ့ ရှာင်တို့ မြို့ကြီးတို့က တောင်တစ်တောင်ကျော်လိုက်ရင် ဗမာပြည်ကျောက်ဆည်ဘက် ရောက်သွားတာပဲ”

“အဲဒီလိုနီးလို့လည်း ဗမာတွေ ဥဒဟိုဝင်လာရာက ဒီအရပ်မှာ ရှေးဟောင်းဗမာတွေ စုမိကြတာပဗျာ”

ယင်းသို့ တောင်ရိုး၊ ခနု၊ ဗမာလူမျိုးများ စုဝေးကာ စကားလက်ဆုံကျ၍ နေကြသည်ကို စိတ်ဝင်စားစွာ နားထောင်နေသော မောင်ညွှန့်သည် တစ်စုံတစ်ရာကို လှမ်းမြင်လိုက်သဖြင့် ဝမ်းသာအားရ ထ၍ ပြေးလေသည်။

“အစ်မပိုင်း လာတာ ဝမ်းသာလိုက်တာ...”ဟု မောင်ညွှန့်ကပြောရင်း အိမ်ဝိုင်းအတွင်းသို့ ဝင်လာသည့် မပိုင်းအနီးသို့ ချဉ်းကပ်သွား၏။

“မောင်လေးက မလာတော့ မမက လာရတာပေါ့၊ မောင်လေးကို ပြောစရာစကားတွေရှိတယ်၊ အဲဒါတွေကို ပြောချင်လွန်းလို့ အခုလာခဲ့တာပဲ” ဟု ပြောရင်း မပိုင်းသည် မောင်ညွှန့်နှင့်အတူ အိမ်ပေါ်သို့တက်လာကာ မီးဖိုဆောင်အတွင်းရှိ မီးဖိုအနီးတွင် နှစ်ယောက်သား ထိုင်ကြလေသည်။

“ကိုင်း...ပြောစမ်း၊ မောင်လေး အစ်မပိုင်းတို့အိမ် ဘာပြုလို့မလာတာလဲ၊ မလာတာ ကြာလှပါပကော”

မပိုင်း မေးသည်ကို မောင်ညွှန့်သည် ရုတ်တရက် အဖြေမပေးနိုင်ဘဲ မပိုင်းမျက်နှာကို စိုက်ကာကြည့်၍ နေလေသည်။

“အစ်မပိုင်းမေးတာပြောလေ၊ မေင်လေး နေထိုင်မကောင်းလို့ မလာတာများလားလို့ အစ်မပိုင်းမှာဖြင့် စိတ်ပူလိုက်ရတာ အမောပဲ။ ကိုင်း...ပြောဘာပြုလို့ အစ်မပိုင်းဆီ မလာတာလဲ”

“မအားလို့ပါ...”ဟု မောင်ညွှန့်က ခေါင်းကြီးငုံ့ကာ ပြောလိုက်သည်။

“မအားလို့ ဟုတ်လား...၊ အစ်မပိုင်းဆီတော့ မအားလို့မလာနိုင်ဘူး၊ မချိုတို့အိမ်တော့ လာနိုင်သလား”

“မချိုတို့အိမ် ကျွန်တော်လာတယ်လို့ အစ်မပိုင်းကို ဘယ်သူပြောသလဲ” ဟု မောင်ညွှန့်က ထိတ်ထိတ်ပျာပျာ မေးလိုက်သည်။

"ဒီလိုပဲ ကြားတာပေါ့၊ အစ်မပိုင်း ကြားတာ ဟုတ်သလား၊ မဟုတ်ဘူးလား မောင်လေး မှန်မှန်ပြောစမ်း"

"ကိုအေးက ပြောပြီထင်တယ်"

"ဟုတ်တယ် ကိုအေးကပြောတာ၊ ကိုအေးက ပြောချင်လို့ပြောတာ မဟုတ်ဘူး၊ အစ်မပိုင်းကမေးလို့ ပြောတာ"

"ကိုအေး အစ်မပိုင်းတို့အိမ် လာလို့လား၊ ဘာကိစ္စလာသလဲ၊ ကိုအေးက အစ်မပိုင်းကို နောက်ပိုးနေတာ၊ ကိုအေးလာတာ မရိုးဘူးထင်ပါရဲ့"

"အမယ်လေး...သူကပဲ တစ်ပြန်စီး သူများကို ပုတ်ခတ်နေပြန်ပါပြီ၊ ကိုအေးက အစ်မပိုင်းတို့အိမ် လာတာမဟုတ်ဘူး၊ မောင်လေးပေါ်မလာလို့ အစ်မပိုင်း စိတ်ပူပြီး ဟိုလူ့မေး ဒီလူ့မေး,မေးတယ်၊ တခြားလူတွေမေးကြည့်တော့ မသိဘူးတဲ့၊ ဒီကနေ့ ကိုအေးကိုမေးတော့ ညက မောင်လေး မချိုတို့အိမ် လာတယ်လို့ပြောတာ၊ ကိုင်း ... မောင်လေး ငြင်းနိုင်သေးသလား"

"ကျွန်တော် အစ်မပိုင်းဆီ လာတာပါ။ ကိုအေးနဲ့တွေ့တော့ ကိုအေးက အတင်းခေါ်လို့ လိုက်သွားတာပါ။ မယုံရင် ကိုအေးကို မေးကြည့်ပါ"ဟု မောင်ညွှန့်က ကလေးသဖွယ် မျက်နှာငယ်ကလေးဖြင့် ပြောရှာ၏။

"ဒီလိုဆိုရင် ရှိစေတော့၊ မောင်လေးကို အစ်မပိုင်းပြောရအောင်လာတာ၊ အစ်မပိုင်းအပြန်မှာ မောင်လေး လိုက်ခဲ့ရမယ်၊ လိုက်မယ်မဟုတ်လား"

"ဟုတ်ကဲ့"

"ဩော်...မပိုင်း အလည်လာသလားဟေ့၊ ညည်းအဖေ နေကောင်းရဲ့လား"ဟု အရီးနန်းကြာက မီးဖိုဆောင်ထဲသို့ ဝင်လာရင်းမေး၏။

"ဟုတ်ကဲ့ နေကောင်းပါတယ်၊ မောင်လေး ကျွန်မတို့အိမ်မလာတာကြာနေလို့ စိတ်ပူပြီးလာမေးတာပါ"

"ညည်းမောင်က တော်တော်လူကြီးလုပ်ချင်နေဟန်တူရဲ့၊ သူ့အဖေပန်းပဲလုပ်ရာလည်း ဝင်လုပ်လိုက်တာပဲ၊ ရွာထဲမှာ အိမ်ဆောက်ကြတာကိုလည်း သူပါလိုက်တာပဲ၊ အို...ကုန်ကုန်ပြောလိုက်မယ်၊ ဗမာပြည်က လာရောင်းကြတဲ့ ဈေးသည်တွေ ရောင်းရာချရာ ချိန်တွယ်ရာမှာလည်း သူ ကူညီလိုက်တာပဲ၊ တကယ့်လူကြီးတွေ လုပ်သလိုပါပဲအေ"

"မောင်လေးက လူကြီးတွေလို လုပ်နေတာဟာ မိန်းမမြန်မြန်လိုချင်လို့များလားကွယ်"ဟု မဝိုင်းက ပြုံးကာ မောင်ညွန့်အား မေးလိုက်သည်။

"မဟုတ်ပါဘူးဗျာ မတော်မတဲ့"

"အရီး ကျွန်မ ပြန်မယ်၊ မောင်လေးလည်း ကျွန်မနဲ့အတူ လိုက်ခဲ့မလို့တဲ့"

"ရောက်သခိုက် နေပါဦး မဝိုင်းရယ်၊ ထမင်းစားပြီးမှပြန်ပေါ့၊ အရီးမြန်မြန်ချက်ပါ့မယ်၊ ဧည့်သည်တွေကိုလည်း ထမင်းကျွေးရမယ်"

"ဒီလိုဆိုရင် ကျွန်မပါကူပြီးချက်ပေးမယ် အရီး"

အရီးနန်းကြာနှင့် မဝိုင်းတို့သည် တစ်ယောက်တစ်လက် ထုထောင်းပြင်ဆင်ချက်ပြုတ်နေကြရာ မောင်ညွန့်သည် မီးဖိုအနီးတွင် ထိုင်ကာ မဝိုင်းလုပ်ကိုင်ဆောင်ရွက်နေပုံကို မျက်တောင်မခတ် ငေးစိုက်ကြည့်ရှုနေသည်။

ထမင်းဟင်းကျက်သောအခါ အရီးနန်းကြာနှင့် မဝိုင်းတို့ ချူးခပ်ပြင်ဆင်ကာ ဧည့်သည်များနှင့် ဦးမာလာကိုကျွေး၏။

"ဘာဟင်းတွေလဲဗျာ...ပြောစမ်းပါဦး"ဟု ဦးသာဝက မေးသဖြင့် အရီးနန်းကြာက "ဟောဒါက မုန်ညင်းစောပါ၊ ဟောဒါက ပဲထွန်ဟင်း၊ ဒါကတော့ ကင်ပွန်းချဉ်ဆန်လှော်ဟင်း၊ ဟောဟိုဒင်းက မြင်းခွာထောင်းရှင့်၊ ဟိုဟာက ငါးခုံးမငါးပိကောင်ကြော်ပါ"ဟုပြောသည်။

"ဟင်းနာမည်တွေက တယ်ဆန်းသကိုးဗျ၊ ချက်ပုံချက်နည်းကလေးပြောစမ်းပါဦး"

"မုန်ညင်းဆောလုပ်နည်းကတော့ မုန်ညင်းရွက်အညွန့်ရယ်၊ ခွဲစိတ်ထားတဲ့ ပင်စိမ်းသီးရယ်၊ ကြံသကာရယ် ရောပြီး ပြုတ်ထားရပါတယ်၊ စားခါနီးတော့မှ နှမ်းထောင်း၊ ဆီချက်၊ ဆား ထည့်ပြီး သုပ်တာပဲ၊ မုန်ညင်းရွက်သုပ်ပေါ့ရှင်"ဟု အရီးနန်းကြာက ရှင်းပြ၏။ "မုန်းညင်းစောလို့ခေါ်တာကတော့ ရှမ်းအခေါ်ဖြစ်မှာပေါ့နော်"

"ဟုတ်ပါတယ်၊ မုန်ညင်းစောကို ရှမ်းလူမျိုးတွေ အားကြီးစားကြပါတယ်"

"ကျန်တဲ့ဟင်းတွေချက်နည်းကို ပြောပြစမ်းပါဦး"

"ပဲထွန်ဟင်းချက်နည်းကတော့ ပဲလုံးကို လက်ဆုံထဲထည့်ထောင်းပြီး ချက်တာပါရှင့်"

"ဒီလိုဆို ပဲထောင်းဟင်းလို့ ခေါ်ရမှာကို ဘာပြုလို့ ပဲထွန်ဟင်းလို့ ခေါ်တာလဲ"

"ထွန်တာနဲ့ ထောင်းတာက သဘောထားချင်းအတူတူပါပဲ၊ ညက်အောင်လုပ်တာချည်းပါပဲ"ဟု ဦးမာလာက ရှင်းပြသည်။

"ကင်ပွန်းချဉ်ဆန်လှော်ဟင်းကတော့ ဆန်လှော်ရယ်၊ မြေပဲဆန်ထောင်းထားတာရယ်၊ ကင်ပွန်းချဉ်ရွက်ရယ် ရောချက်တာပါ၊ မြင်းခွာထောင်းကတော့ မြင်းခွာအုကို ပြုတ်ပြီး မြေပဲဆန်၊ ပဲပုတ်၊ စပ်သီးရောထောင်းထားတာပါ"

"စပ်သီးဆိုက ဘာတုံး"

"ဗမာအခေါ်တော့ ငရုတ်သီးပါ၊ ကျွန်မတို့ကတော့ စပ်သီးလို့ခေါ်ပါတယ်"

"မှန်သဗျ...စပ်တဲ့အသီးမို့ စပ်သီးလို့ခေါ်တာပဲ"ဟု ဦးသာဝကပြော၏။

ကိုစံခင်က "ပဲပုပ်ကတော့ဖြင့်ဗျို့ ကျွန်တော်တို့ဗမာပါးစပ်နဲ့ အားကြီးတွေ့တာပဲ၊ ခင်ဗျားတို့အရပ်မှာ ဟင်းခတ်အဖြစ်နဲ့ မြေပဲဆန်သုံးတာကတော့ ဗမာပြည်အညာရပ်ကလူတွေ သုံးပုံနဲ့အတူတူပဲဗျ၊ အောက်အရပ်မှာတော့ ဟင်းခတ်အဖြစ် ပုစွန်ခြောက်ကို သုံးကြတယ်။ ကျွန်တော်တို့အညာမှာတော့ ပုစွန်ခြောက် ရှားလို့ လူတိုင်းမသုံးနိုင်ကြဘူး၊ ကြေးရေတတ်တွေသာ သုံးနိုင်တာ၊ ခင်ဗျားတို့အရပ်မှာတော့ မြေပဲဆံအပြင် ပဲပုပ်လည်း သုံးကြတယ်၊ ပဲပုပ်ကတော့ဗျာ ကျွန်တော်တို့ဗမာပါးစပ်နဲ့ သိပ်ပြီး ခံတွင်းတွေ့တာပဲ"ဟုဆို၏။

"ထမင်းစားလို့ချိုကြရဲ့မဟုတ်လား"

"မြိန်ပါတယ်၊ အဲ...ချိုပါတယ်၊ ချိုပါတယ်"ဟု ဦးသာဝက ပြောရာ အားလုံး ရယ်မောကြသည်။

ဧည့်သည်နှင့် ဦးမာလာတို့ ထမင်းစားပြီးကြလျှင် အရီးနန်းကြာ၊ မောင်ညွန့်နှင့် မဝိုင်းတို့စားကြ၏။

မဝိုင်းက မောင်ညွှန့်၏ထမင်းပန်းကန်ထဲသို့ ဟင်းများ ထည့်ပေးကာ "မောင်လေး...စားလေ...မောင်လေးစားတာကြည့်ရတာ အားမရစရာကြီး" ဟု ဆို၏။

အရီးနန်းကြာက "ညည်းမောင်က လူပျိုဖြစ်လာလို့ ရှက်တယ်ထင်ပါရဲ့အေ"ဟု ဆိုသည်။

"ဘာရှက်စရာရှိသလဲ၊ သူစိမ်းတရံဆံတွေမှ မဟုတ်ဘဲနဲ့၊ ကိုယ့်အစ်မကိုယ်ရှက်နေစရာ မလိုပါဘူးကွယ်"

မောင်ညွှန့်ကား ဘာစကားမျှမပြောဘဲ ခေါင်းကြီးငုံ့ကာ စားနေသည်။

အားလုံးစားပြီးကြလျှင် မဝိုင်းသည် အရီးနန်းကြာကိုကူညီကာ ပန်းကန်ခွက်ယောက်တို့ကို ဆေးကြော သိမ်းဆည်းပေးနေ၏။ အားလုံးကိစ္စပြီးသောအခါ နေဝင်ပြီဖြစ်၍ မီးခွက်ထွန်းချိန်သို့ ရောက်ပေပြီ။

"အရီး...ကျွန်မပြန်တော့မယ်နော်၊ မောင်လေးကော အစ်မဝိုင်းနဲ့ လိုက်မယ်မဟုတ်လား"

မဝိုင်း၏အမေးကို မောင်ညွှန့်က ခေါင်းညိမ့်ပြကာ လိုက်ရန်ပြင်ဆင်သည်။

မောင်ညွှန့်သည် အဝတ်အစား သစ်သစ်လွင်လွင်တို့ကို လဲ၏။ ဝါးခြမ်းတစ်ချောင်း၏အဖျားတွင် အဝတ်စုတ်များချည်ကာ ရေနံဆီဆွတ်လျက်မီးတုတ်လုပ်သည်။ မီးတုတ်ကို မီးရှို့ပြီးနောက် "လာ...အစ်မဝိုင်း...သွားမယ်"ဟု ခေါ်သဖြင့် မဝိုင်းသည် မောင်ညွှန့်နှင့်အတူ လာခဲ့ကြသည်။

မောင်ညွှန့်နှင့် မဝိုင်းသည် ဘေးချင်းယှဉ်ကာ လျှောက်လာကြ၏။ မဝိုင်းက မောင်ညွှန့်၏ လက်တစ်ဖက်ကို ဆုပ်ကိုင်ရင်းလျှောက်ခဲ့ကြရာ မောင်ညွှန့်မှာ နှစ်သိမ့်ကျေနပ်၍ နေလေသည်။

"ပြောစမ်းပါဦး...မချိုတို့အိမ်ကို မောင်လေး သွားတာဟာ အပျိုကွန်ရအောင်သွားတာလား"ဟု မဝိုင်းကမေး၏။

လူပျိုလှည့်သွားခြင်းကို သူတို့ဒေသ ထုံးစံအတိုင်း မေးခြင်းဖြစ်သည်။

"မဟုတ်ပါဘူး...ကိုရင်အေးက အတင်းခေါ်လို့ လိုက်သွားတာပါ" ဟု မောင်ညွှန့်ကဖြေသည်။

"တကယ်နော်"

"ဟုတ်ပါတယ်...တကယ်ပါ၊ ကျွန်တော် မဝိုင်းဆီလာတာ ကိုရင်အေး ခေါ်သွားတာနဲ့ အစ်မဝိုင်းဆီ မရောက်တော့ဘူး"

"မချိုတို့အိမ်ကပြန်တော့ အစ်မဝိုင်းဆီလာခဲ့ပါလား"

"လာတော့ လာချင်သားပဲ၊ ညဥ့်နက်နေလို့ မလာတာပါ"

"အမယ်လေး ညဥ့်နက်တာ ဘာဖြစ်သလဲကွယ်၊ အစ်မဝိုင်းတို့အိမ်လာအိပ်လိုက်ရင် ပြီးသားနဲ့၊ ခုတော့ မောင်လေး မှောင်မှောင်မည်းမည်းနဲ့ ကျောက်တောကို ပြန်ရမှာပေါ့"

"ဟုတ်တယ်...ကျောက်တောပြန်တယ်၊ စိတ်ထဲကတော့ အစ်မဝိုင်းဆီ လာချင်နေတာပါပဲ"

"နောက်ကို အစ်မဝိုင်းဆီလာချင်ရင်လာခဲ့နော်၊ အစ်မဝိုင်းတို့အိမ်ထမင်းစား၊ အစ်မဝိုင်းတို့အိမ်အိပ်၊ ဘာမှ အားနာစရာမရှိဘူး"

စကားတပြောပြောဖြင့် လာခဲ့ကြရာ လက်မပင်ရွာအတွင်းရှိ မဝိုင်းတို့အိမ်သို့ ရောက်လာကြ၏။

ရောက်လျှင်ရောက်ချင်းပင် မဝိုင်းက လက်ဖက်ရည်ကြမ်းပွဲပြင်ကာ မောင်ညွန့်၏ရှေ့တွင်ချပေးပြီး "မောင်လေး...အခါးရည်သောက်"ဟုဆိုကာ ငှဲ့ထည့်ပေး၏။ မောင်ညွန့်က လက်ဖက်ရည်ကြမ်းပန်းကန်ကိုယူကာ သောက်ရင်း ...

"ဗမာပြည်က အညာအရပ်မှာတော့ အခါးရည်ဆိုတာ အမိပ္ပာယ်တစ်မျိုးတဲ့ အစ်မဝိုင်းရဲ့"ဟုပြောသည်။

"ဟင်...ဟုတ်လား...ဘယ်လိုအမိပ္ပာယ်တစ်မျိုးလဲ၊ ပြောစမ်းပါဦး"

"အခါးရည်ဆိုတာ မူးတတ်တဲ့ထန်းရည်ခါးကို ခေါ်တာတဲ့၊ ကျွန်တော်တို့အိမ်လာတဲ့ ဗမာပြည်က ကုန်သည်တွေ ပြောတာကြားရတယ်"

"ဟုတ်မှာပေါ့လေ...ဗမာပြည်မှာတော့ ထန်းရည်ချို ထန်းရည်ခါးရှိတာကိုး၊ အစ်မဝိုင်းတို့အရပ်မှာတော့ လက်ဖက်ရည်ခါးပဲရှိတယ်၊ တောင်ကြီးမြို့မှာတော့ လက်ဖက်ရည်ချို ပေါ်နေတယ်လို့ ကြားတယ်"

"ဟင်...ဟုတ်လား၊ လက်ဖက်ရည်ချိုဆိုတာက ဘယ်လိုလုပ်ထားတာတဲ့တုံး"

"လက်ဖက်ခြောက်ရယ်၊ နွားနို့ရယ်၊ သကြားရယ်ကျိုထားတာတဲ့ကွယ်၊

ဟိုတလောက အဖ ကောင်ကြီးသွားတော့ စော်ဘွားကြီးတွေဟော်တော်မှာ သောက်ခဲ့ရသတဲ့"

"သကြားဆိုတာကို ကျွန်တော် ကြားသာကြားဖူးတယ်၊ မမြင်ဖူးဘူး"

"အစ်မဝိုင်းလည်း ဒီလိုပဲ၊ ဒါကြောင့် အဖကို မေးကြည့်ရတယ်၊ ဆားလိုပဲ ဖြူဖြူအမှုန့်တဲ့၊ စားကြည့်တော့ အလွန်ချိုတယ်ဆိုပဲ"

စကားပြောရင်း မောင်ညွှန့်က "ဝါး"ခနဲသန်းလိုက်သည်။

"မောင်လေးအိပ်ချင်ပြီထင်ပါရဲ့၊ အစ်မဝိုင်း မောင်လေးဖို့ အိပ်ရာခင်းလိုက်မယ်နော်..."

မဝိုင်းသည် ပြောပြောဆိုဆို ထိုင်ရာမှထသွားကာ အိမ်ဦးခန်းတွင် မောင်ညွှန့်အတွက် အိပ်ရာခင်း၏။ မွေ့ရာ၊ ခေါင်းအုံး၊ ဂွမ်းကပ်၊ စောင်၊ ခြင်ထောင် အပြည့်အစုံ ပြင်ဆင်ခင်းကျင်းပြီးနောက် မောင်ညွှန့်၏အနီးသို့ လာကာ ပြောသည်။

"မောင်လေး အပေါ့အပါးသွားလိုက်ပါဦးလား၊ အိပ်ပျော်နေတုန်းမှ ထချင်ရင် အအိပ်ပျက်နေလိမ့်မယ်"

မဝိုင်း၏ကြင်နာယုယသံအတွက် မောင်ညွှန့် ကြည်နူးသွား၏။

မောင်ညွှန့်သည် အိမ်အောက်သို့ဆင်းသွားပြီးနောက် ပြန်တက်လာသောအခါ အိပ်ရာဝင်သည်။

မဝိုင်းက စောင်ခြုံပေး၏။ ခြင်ထောင်ချပေးကာ ခြင်ထောင်အောက်နားကို မွေ့ရာအောက်သို့ အကျအနသွင်းပေး၏။ ယင်းသို့ သွင်းပေးစဉ် မောင်ညွှန့်၏လက်ခြေတို့ကို ထိတို့ကိုင်တွယ်မိသည်။

မောင်ညွှန့်မှာ ရင်တဖိုဖိုဖြစ်နေတော့သည်။

"မောင်လေး...အိပ်တော့နော်၊ အစ်မဝိုင်းလည်းအိပ်တော့မယ်"

မဝိုင်းက သာယာသိမ်မွေ့သည့် အသံကလေးဖြင့် ပြောပြီး အတွင်းခန်းသို့ဝင်သွား၏။

မောင်ညွှန့်ကား တော်တော်နှင့်အိပ်၍မပျော်၊ မဝိုင်း၏ ချစ်စရာဖွယ် မျက်နှာကလေးကို မြင်ယောင်နေသည်။ မဝိုင်း၏ သာယာအေးကြည်သော အသံကလေးကို ကြားယောင်နေသည်။ မဝိုင်းလှုပ်ရှားဆောင်ရွက်ပုံကလေးများကို တရေးရေး တယောင်ယောင်ပေါ်ပေါက်နေသည်။

○

## (၁၉)

"တော်သလင်းမိုး အိမ်ခေါင်ကျိုး"

ဤကား ရှမ်းပြည်နှင့် ဗမာပြည်အကြား၊ မြေလတ်ကုန်းပြင်ဖြစ်သော ဗမာပြည်နှင့် တောင်တစ်လုံးသာခြားသော မြေလတ်ဒေသနေ ဗမာ့သွေးသား ဓနု တောင်ရိုး အမျိုးသားတို့၏ လက်သုံးစကားတည်း။

ထို"တော်သလင်းမိုး အိမ်ခေါင်ကျိုး"ဟူသော စကားကို ဓနုဘာသာဖြင့် ပြောခြင်းမဟုတ်၊ တောင်ရိုးစကားဖြင့် ပြောခြင်းမဟုတ်၊ ဗမာဘာသာ ဗမာစကားဖြင့်ပြောခြင်းဖြစ်သည်။ အကြောင်းမူကား ဓနုနှင့် တောင်ရိုးလူမျိုးတို့မှာ သီးခြားဘာသာစကားမရှိ၊ မြန်မာစကားကိုသာလျှင် ရှေးအစဉ်အဆက်ကစ၍ ပြောဆိုလာခဲ့ကြရာ သူတို့ကိုယ်သူတို့ ဗမာလူမျိုးဟူ၍ပင် မှတ်ထင်နေကြသည်။ ဟုတ်၏။ ဗမာလူမျိုးများပင်တည်း။

ဗမာပြည်မတွင် "တော်သလင်းနေ ပုစွန်သေ" ဟူသောစကားစဉ်ရှိ၏။ တော်သလင်းလတွင် မိုးများစွာမရွာတော့ဘဲ နေအလွန်ပူသဖြင့် မြစ်ချောင်းအင်းအိုင်အတွင်းရှိ ပုစွန်များ သေကြေပျက်စီးရသည်ဟူသော စကားပင်ဖြစ်သည်။

"တော်သလင်းမြစ်တွင်း သင်ဖျူးခင်း"ဟူသော ဗမာစကားရှိပြန်၏။ တော်သလင်းလတွင် လေငြိမ်လွန်းသဖြင့် မြစ်တွင်းမှာ လှိုင်းဂယက်မရှိတော့ဘဲ မြစ်ပြင်သည် သင်ဖျူးခင်းထားသည့်သဖွယ် ညီညာပြန့်ပြူးနေခြင်းတည်း။ လေငြိမ်လွန်းသော တော်သလင်းလတွင် အဘယ်မှာ မိုးရွာတော့အံ့နည်း။

သို့သော် ဗမာပြည်နယ်စပ်ရှိ တောင်ရိုး ဓနုတို့နေရာ မြေလတ်အရပ်တွင်ကား တော်သလင်းလတွင် မိုးမစဲဘဲ ရွာမြဲရွာလျက်ရှိပေသည်။

မောင်ညွှန့်ကား အသက် ၂၀ ရွယ် လူပျိုကြီးဖားဖားဖြစ်၍လာပေပြီ။ "ဖအမျိုး ဖိုးတူ"ဟူသော စကားအတိုင်း ပညာစုံလှသည့် ဆရာဦးမာလာ၏ သားဖြစ်သူ မောင်ညွှန့်မှာ ဖခင်ကဲ့သို့ပင် အတတ်စုံ ပညာစုံကျွမ်းကျင်သည်။ ပန်းပဲ၊ ဗိသုကာ၊ ကြိမ်ဝါး အရက်အပုတ် အလုပ်အကိုင် မှန်မှန်သမျှ မောင်ညွှန့် မတတ်သည်မရှိ။ သူတို့အရပ်တွင် သုံးကြသည့်ပလိုင်းကို မောင်ညွှန့်က လှလည်းလှ ခိုင်လည်းခိုင်အောင် တီထွင်ရက်လုပ်လေရာ လူတိုင်းအံ့သြ ကြည့်ရှု လက်ဖျားခါရသည်။ ထိုပလိုင်းမျိုး ရက်ပေးပါ ရက်ပေးပါဟု ဝိုင်းအုံစေခိုင်းကြသည်။ မောင်ညွှန့် စတင်တီထွင်လုပ်ကိုင်သည့် ပလိုင်းပုံစံမျိုးကို ငညွှန့်ပလိုင်းဟု ခေါ်ကြ၏။ သူတို့အရပ်တွင် လူငယ်များကို င,တပ်၍ခေါ်မြဲဖြစ်၏။ ယင်းသည့် အသုံးအနှုန်းသည်ပင်လျှင် ရှေးဟောင်းဗမာတို့၏အသုံးအနှုန်းတည်း။

မောင်ညွှန့်ပလိုင်းပုံစံသစ်တွင်ကာ ရက်လုပ်ခြင်း၏ အကြောင်းရင်းလည်းရှိပေသေးသည်။ မောင်ညွှန့်သည် မပိုင်းကို မျက်စိထဲတွင် တရေးရေးမြင်နေ၏။ မပိုင်း၏ လှပုံချောပုံကို ဆင်ခြင်သုံးသပ်ကြည့်၏။ မပိုင်းအတွက် မပိုင်းနှင့်သင့်လျော်သော ပစ္စည်းတစ်ခုလုပ်ကိုင်ပေးရန် ကြံစည်ရင်းက ပလိုင်းပုံစံလှလှကလေးကို တီထွင်မိခြင်းဖြစ်သည်။

မပိုင်းအတွက် အထူးရက်လုပ်သည့် ပလိုင်းလေးပြီးသည်နှင့် တစ်ပြိုင်နက် မောင်ညွှန့်သည် မပိုင်းထံ ပြေးသွားကာ ပေး၏။ မပိုင်းသည် ပလိုင်းလှပလိုင်းဆန်းကလေးကို လွယ်ကာ ဝမ်းသာလွန်းသဖြင့် ခုန်ဆွ ခုန်ဆွ ဖြစ်နေရှာသည်။

မပိုင်းနှုတ်ကလည်း ပြောပေသေးသည်။

"မောင်လေးက သိပ်တော်တာပဲနော်...မောင်လေး ဒီလောက်တော်မှန်း အစ်မပိုင်း အရင်ကမသိဘူး၊ အခုမှသိတယ်၊ ဒါတွေကြောင့် မောင်လေးကို အစ်မပိုင်း သိပ်ချစ်တာ..."

မောင်ညွှန့်အတွက်ကား အပင်ပန်းခံရကျိုးနပ်ပေပြီ။ သည်လိုစကား

မျိုး မဝိုင်းနှုတ်မှ ပြောမည်မှန်းသိလျှင် သည်ထက်လှအောင် ကောင်းအောင် ပလိုင်းကလေး ရက်ပေးလိမ့်မည်။

သို့သော် ပလိုင်းအတွက် မောင်ညွှန့်မှာ ပြဿနာတစ်ခု ပေါ်လာပြန်ချေပြီ။

မိန်းမချောကလေး မဝိုင်းက ပလိုင်းလှလေးကို လွယ်ကာ သွားလာသည်ကို မြင်ကြကုန်သော လက်မရှာသူ မနုမိန်းကလေးများနှင့် ကျောက်တောရှာသူ တောင်ရိုးမိန်းကလေးများက မောင်ညွှန့်ကို နားပူနားဆာပြုကာ မဝိုင်းပလိုင်းမျိုး ရက်ပေးရန် တောင်းပန်ကြ၏။ မောင်ညွှန့်ကလည်း မငြင်းမပယ် ရက်ပေးပါ၏။ သို့သော် အနီမနုမကလေး၊ တောင်ရိုးမကလေးတို့က မောင်ညွှန့်ကို အပြစ်တင်ကြသည်။

"ကိုရင်ညွှန့်ရက်ပေးတဲ့ ပလိုင်းက ကောင်းတော့ကောင်းပါရဲ့...၊ သို့ပေမဲ့ မဝိုင်းပလိုင်းကိုတော့ မမီဘူးရှင့်..."

မောင်ညွှန့်က ပြုံးပြုံးကြီးလုပ်ရင်း တုဏှိဘာဝေ ဆိတ်ဆိတ်နေ၏။

မနု တောင်ရိုးမိန်းကလေးများ မောင်ညွှန့်ကို ပြစ်တင်ဝေဖန်ကြသည်မှာ အမှန်ချည်းတည်း။

ထိုထိုမိန်းကလေးတို့အပေါ်တွင်ထားသော မောင်ညွှန့်၏ စေတနာနှင့် မဝိုင်းအပေါ်တွင်ထားသော မောင်ညွှန့်၏စေတနာမှာ ကွာခြားလွန်းလှပေသကိုး။

သို့သော်ငြားလည်း မောင်ညွှန့်မှာ မနု တောင်ရိုးမိန်းကလေးတို့အတွက် ပလိုင်းရက်မြဲ ရက်ပေးနေရသည်။ မိန်းမပျိုကလေးတို့သည် "ငညွှန့်ပလိုင်း" အမည်ရှိ ပလိုင်းလှလှကလေးကို ကိုယ်စီလွယ်ကာ လှမာန်သွေးလှရေးဖော်လျက် ဟန်ဓာတ်ခုတ်ကြသည်။ ထို့ကြောင့် မောင်ညွှန့်မှာ မအားရ၊ မနားရ။ ခြင်ကိုက်သည်ကိုပင် မကုတ်အားဘဲ ထုံးတို့၍ မှတ်ရမလောက် အခြေအနေသို့ ရောက်နေသည်။

သို့သော်...အထက်တွင်ဆိုခဲ့သည့်အတိုင်း "တော်သလင်းမိုး အိမ်ခေါင်ကျိုး"ချိန်တွင်ကား မောင်ညွှန့်သည် ပလိုင်းလုပ်ငန်းကို ရပ်နားကာ အာလူးလုပ်ငန်းအတွက် တစ်ပွဲတစ်လမ်း အကဲစမ်းရပေဦးတော့မည်။

မောင်ညွှန့်အသက် ၁၀ နှစ် မတိုင်မီက မောင်ညွှန့်တို့ ကျောက်တောရွာ ပတ်ဝန်းကျင်တဝိုက်တွင်အာလူးကို "ကရင်မျောက်ဥ"ဟု ခေါ်ကာ စိုက်ရကောင်းမှန်းမသိ။ အသီးစားလျှင် ဖောရောင်တတ်သည်ဟုအယူရှိကာ မစားရဲဖြစ်ခဲ့ကြသည်ကို အထက်တွင် ဆိုခဲ့ပြီ။

မောင်ညွှန့် အသက် ၁၀ နှစ်ခန့်တွင်မှ "ကရင်မျောက်ဥ"ဟု ဒေသဝေါဟာရ ခေါ်ဝေါ်ကြသည့် အားလူးကို စ၍ စားရကောင်းမှန်း စိုက်ရကောင်းမှန်းသိသဖြင့် စိုက်ပျိုးမှုချဲ့ထွင်ခဲ့ကြသည်မှာ မောင်ညွှန့် အသက် ၂၀ ရွယ်တွင် "တစ်မိုးလုံးဖျောက်ဆိတ်"ဟူသော စကားကဲ့သို့ "တစ်နယ်လုံးအားလူး" ဖြစ်၍နေပေပြီ။

တောင်ရိုးနှင့်ဓနုတို့၏ ဇာတိချက်ကြွေမွေးရပ်မြေဖြစ်သော ရပ်စောက်နယ်တွင်ကား မောင်ညွှန့်တို့ မမွေးမီကပင် အားလူးစိုက်ပျိုးခဲ့ကြသည်။ မောင်ညွှန့်တို့ မွေးစလောက်တွင် တောင်ရိုးဓနုတို့၏ နယ်ပယ်ဖြစ်သော ရွာငံမြို့နယ် ပင်းတယမြို့နယ်တို့တွင် အားလူးစိုက်ပျိုးစပြုခဲ့လေပြီ။ မောင်ညွှန့်တို့နေထိုင်ရာ ကျောက်တောရွာ၊ မပိုင်းတို့နေထိုင်ရာ လက်ပံပင်ရွာတို့မှာကား မောင်ညွှန့် ၁၀ နှစ်သားအရွယ်ရောက်သောအခါတွင်မှ အားလူးစိုက်ပျိုးစပြုခဲ့၏။

ယခု မောင်ညွှန့်အသက် ၂၀ ရွယ်တွင်ကား မောင်ညွှန့်တို့နေထိုင်ရာ ကျောက်တောနှင့် ဗမာတိုင်တစ်တိုင်မျှဝေးသော အောင်ပန်းတစ်ဝိုက်၊ ကျောက်တောနှင့် သုံးတိုင်မျှသေးသော သာမိုင်းခမ်းပတ်ဝန်းကျင်၊ ကျောက်တောနှင့် သုံးတိုင်မျှဝေးသော ကလောနယ် စသည့် ဓနုတောင်ရိုးတို့နေထိုင်ရာ တစ်ဝှမ်းလုံးတွင် အားလူး, အာလူး, အာလူးတွေ မှိုပေါက်သလို စိုက်ပျိုးရောင်းချကာ အားလူးအရသာ တွေ့နေကြလေပြီတည်း။

မောင်ညွှန့်သည်လည်း အများနည်းတူ အာလူးစိုက်ရန် ပြင်ဆင်ရလေပြီ။

မောင်ညွှန့်အားလူးစိုက်ရမည့် မြေအကျယ်အဝန်းမှာ ဒေသအခေါ်အရ စပါးတစ်တင်းကြဲဖြစ်သည်။ (တစ်ကေခန့်ဖြစ်၏) ဤစပါးတစ်တင်းကြဲမျှ ကျယ်ဝန်းသောမြေကို မောင်ညွှန့်တစ်ယောက်တည်း ဒိုင်ခံကာ အာလူးစိုက်မည်ဟု သူ့ဖခင် ဦးမာလာထံတွင် ခွင့်ပန်ဝန်ခံပြီးဖြစ်သည်။

တော်သလင်းလဆန်းစတွင် မောင်ညွန့်သည် ထယ်စ၍ထိုး၏။ ကျွဲတစ်ကောင်နှင့် နင်လား ငါလား အပြိုင်လုပ်ရခြင်းဖြစ်သည်။

မောင်ညွန့်သည် ရှေးယခင်က ဖခင်ကို ကူညီကာ ထယ်ထိုးခဲ့ဖူးလှပြီ။ ထွန်ခဲ့ဖူးလှပြီ။ ထို့ကြောင့် ထယ်ထိုးကျွမ်းကျင်နေပြီဖြစ်၏။ ထယ်ထိုးကျွမ်းကျင်သည်ဆိုခြင်းမှာ မြေပွအောင် ညက်အောင် ဂရုတစိုက် ဖေးဖေးမမ ကြွတန်ကြွ မြှောက်တန်မြှောက် ဖိတန်ဖိ လုပ်ပေးရရုံသာလျှင်မက ထယ်ကြောင်းလည်း မျဉ်းတစ်ဖြောင့်တည်းကျရသည်။ ထယ်ကြောင်းတစ်ကြောင်းနှင့်တစ်ကြောင်း အကွာအဝေးချင်း ညီမျှရသည်။ ဗလာစာအုပ်တွင် ချထားသည့် မျဉ်းများကဲ့သို့တည်း။

ထယ်ထိုးသည့်အလုပ်ကို မောင်ညွန့် နှစ်ရက်လုပ်လိုက်သောအခါ စပါးတစ်တင်းကြဲယာတွင် တစ်ထပ်ထိုး၍ ပြီးသွား၏။ ထယ်ထိုးပြီးလျှင် ယာထဲမှ ကျောက်တောရွာသို့ပြန်ကာ မိဘများကို မျက်နှာပြ နှုတ်ဆက်လိုက်ပြီးနောက် လက်မပင်ရွာ မဝိုင်းတို့အိမ်သို့ လာခဲ့သည်။

"မောင်လေး အလုပ်လုပ်ရတာ မောမှာပေါ့နော်..."

မဝိုင်းက ပြုံးချိုသော မျက်နှာ၊ ကြည်သာသည့် စကားဖြင့် မေးလိုက်ရာ မောင်ညွန့် မောသမျှ ပန်းသမျှတွေ ပြေပျောက်သွားလေသည်။

"မမောလှပါဘူး ကျွန်တော် လုပ်နိုင်ပါတယ်..."

"ကိုင်း...မောင်လေး ရေချိုး...ထမင်းစားရအောင်"

မောင်ညွန့် ရေချိုး၏၊ ရေချိုးပြီးလျှင် မဝိုင်းနှင့်အတူ မြိန်မြိန်ရှက်ရှက် ထမင်းစားသည်။

တော်သလင်းလကုန်ခါနီးတွင် မောင်ညွန့်သည် ထပ်တစ်ထပ်ထိုးပြန်ရာနှစ်ရက်ကြာ၏။ သီတင်းကျွတ်လမပြည့်မီ တတိယအကြိမ် ထယ်တစ်ထပ်ထိုးပြန်သည်။ ထယ်သုံးထပ် ထိုးပြီးသောအခါတွင်ကား မြေညက်၍ သွားပေပြီ။

ထယ်ထိုးရသည့် အလုပ်ကား သက်သာလွယ်ကူလှသည် မဟုတ်။ မဝိုင်း မေးသည့်အခါက "မမောလှပါဘူး၊ ကျွန်တော် လုပ်နိုင်ပါတယ်"ဟု မဝိုင်း စိတ်ချမ်းသာရန် ပြောလိုက်ရသော်လည်း အမှန်မှာကား ပင်ပန်းလှသော အလုပ်ပင်ဖြစ်သည်။

အထူးသဖြင့်ကား မောင်ညွှန့်တို့အရပ်ရှိ မြေများမှာ မြေစေးမြေမာ ကျောက်ဆန်သော မြေများဖြစ်သဖြင့် ဗမာပြည်မ,ရှိ သဲဆန်သောမြေများထက် ထွန်ရ ယက်ရ ထယ်ထိုးရသည်မှာ ပိုမိုခဲယဉ်းလှပေသည်။

[ တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများတွင်ကား မောင်ညွှန့်သည် ဖခင်ကို ကူညီကာ စပါးသိမ်း၍ပေးရ၏။ စပါးရိတ်ရသည်။ စပါးပုတ်ရသည်။ စပါးကို ယပ်မားထိုးရသည်။ ပြီးလျှင် အိမ်သို့သယ်ယူရသည်။ ]

မောင်ညွှန့်သည် တစ်နေကုန် လယ်ထဲတွင် အလုပ်လုပ်ပြီးနောက် မဝိုင်းအိမ်သို့ သွား၍ စားမြဲ အိပ်မြဲဖြစ်သည်။ မဝိုင်း၏မျက်နှာ ဝါဝါကလေးကို မြင်လိုက်ရသည်နှင့် တစ်နေ့လုံး ပင်ပန်းခဲ့လေသမျှ ပြေပျောက်သွားသည်။ မဝိုင်း၏ အသံသာသာကလေးကို ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် အားသစ်အင်သစ်တွေ တိုးလာသည်။

မောင်ညွှန့်သည် ဖခင်ကိုကူညီကာ စပါးသိမ်းသည့်အလုပ်ကို လုပ်ပေးပြီးနောက် တပို့တွဲလဆန်းသို့ ရောက်လာသောအခါ မောင်ညွှန့်အတွက် အလုပ်သစ်တစ်ရပ် ပေါ်လာပြန်ချေသည်။

[ အာလူးစိုက်ရန်အတွက် တော်သလင်း သီတင်းကျွတ်လက ထယ်သုံးထပ်ထိုးထားသော ယာတဲတွင် မြေစိုင်မြေခဲများကို သစ်သားတူဖြင့် လိုက်၍ ထုချေရဦးမည်ဖြစ်သည်။ ]

[ စပါးတစ်တင်းကြဲခန့် ကျယ်သောမြေကို ထုချေရန်အတွက် တစ်နေ့တည်းနှင့် ပြီးလိုသော် လူ ၃၀ ခန့်လုပ်ရမည်။ အကယ်၍ တစ်ယောက်တည်းသာလုပ်ပါက တစ်လခန့်ကြာမည်။ ]

မောင်ညွှန့်ကား ဖွဲ့ရှိသူ၊ ဝီရိယကောင်းသူဖြစ်၏။ ထို့ကြောင့် လူငှားမခေါ်ဘဲ သူတစ်ယောက်တည်းလုပ်ရန် သိန္နိဋ္ဌာန်ချလိုက်သည်။ မောင်ညွှန့်တို့ဒေသတွင် လူငှားခေါ်ရန်မှာလည်း မလွယ်ကူချေ။ အသီးအသီး ကိုယ့်လယ်ကိုယ့်ယာကို လုပ်နေကြလေရာ သူတစ်ပါး၏လုပ်ငန်းကို အခစားနားဖြင့် အငှားလိုက်ရန် မအားမလပ်ကြပေ။

မောင်ညွှန့်တို့ ဒေသအလျောက် [ "ပေါက်တက်" ဟုခေါ်သော ထွန်ခြစ်နှင့် သစ်သားတူကြီးတစ်ခုကို မောင်ညွှန့်ကိုယ်တိုင် လုပ်၏။ တစ်ပို့တွဲ

လဆန်းစ တစ်နေ့သော နံနက်စောစောအချိန်တွင် မောင်ညွှန့်သည် ပေါက်တက်ကြီးနှင့် တူကြီးကို ထမ်းကာ ယာထဲသို့ဆင်းခဲ့သည်။

မောင်ညွှန့်၏လုပ်ငန်းခွင် စပေပြီး ထယ်ထိုးရာတွင် ကျန်နေသေးသည့် မြေစိုင်မြေခဲတို့ကို ပေါက်တက်ဖြင့်လည်းကောင်း၊ တူဖြင့်လည်းကောင်း မွမွကြေအောင် ထုသည်။ မြေစိုင်မြေခဲ တစ်ခုပြီးလျှင်တစ်ခု ထုချေ၏။ ဝဲဘက်ယာဘက် ပြောင်းကာထု၏။ မြောက်မြားလှစွာသော မြေစိုင်ခဲကြီးငယ်,ရှယ်,လတ်တို့သည် မောင်ညွှန့်ကို လက်ယပ်ခေါ်နေသယောင် ထင်ရသည်။ မောင်ညွှန့်ကား အားစိုက်အင်စိုက် မနားမနေ ထုသည်သာတည်း။

တစ်နေကုန်၍ အလုပ်သိမ်းချိန်တွင်ကား မောင်ညွှန့်၏လက်မောင်းတို့မှာ နာကျင်ကိုက်ခဲလျက် မလှုပ်ချင်အောင် ဖြစ်လာသည်။

မဝိုင်းတို့အိမ်သို့ ပြန်သွားသဖြင့် မဝိုင်း၏မျက်နှာကလေးကို မြင်ရသောအခါ အမောပြေ၍သွားပါ၏။ မဝိုင်း၏အသံကလေးကို ကြားလိုက်ရသောအခါ အားအင်တို့သည် တိုးလာသလိုဖြစ်ပါ၏။ သို့သော် လက်မောင်းလက်ရုံးတွေ အထိမခံနိုင်အောင် နာကျင်နေခြင်းသည်ကား ပျောက်ကွယ်၍မသွားချေတကား။

"မောင်လေး...မျက်နှာရှုံ့မဲ့ရှုံ့မဲ့နဲ့ ဘာဖြစ်လာလို့လဲ" ဟု မောင်ညွှန့်ကို အမြဲဂရုစိုက် ကြည့်ရှုနေသော မဝိုင်းက မေး၏။

"တစ်နေ့လုံး ပေါက်လက်ခင်းထုရတာ လက်တွေ မလှုပ်နိုင်တော့ဘူး" ဟု မောင်ညွှန့်က ရှုံ့မဲ့ကာပြောသည်။

"ပင်ပန်းလှချည့်လား...မောင်လေးရယ်၊ လာ...လာ အစ်မဝိုင်းဆေးလူးပေးမယ်"

မဝိုင်းသည် သွက်လက်စွာပင် ချင်းနှင့်ဆားကို ကျောက်ပျဉ်ပေါ်တွင် ရေဖြင့်သွေးပြီးနောက် မောင်ညွှန့်၏ လက်မောင်းနှစ်ဖက်ကို သုတ်လူးကာ အသာအယာ နှိပ်နယ်ပေး၏။ မဝိုင်း၏ စေတနာကြောင့်လည်းကောင်း၊ မောင်ညွှန့်၏ စိတ်ကြည်နူးမှုကြောင့်လည်းကောင်း အတော်ကလေးနေသာထိုင်သာရှိသွားလေရာ "တော်တော် သက်သာသွားပါပြီ" ဟု မောင်ညွှန့်ကဆို၏။

ထို့နောက် မောင်ညွှန့်နှင့် မပိုင်းတို့ ထမင်းအတူစားကြလေသည်။

မောင်ညွှန့်သည် ထမင်းလုတ်ခွဲ့တိုင်း ခွဲ့တိုင်း လက်မောင်းထဲက မျက်ခနဲ မျက်ခနဲ ဖြစ်သွားသဖြင့် တွန့်ခနဲ တွန့်ခနဲ ဖြစ်သွား၏။

"မောင်လေး...လက်သိပ်နာနေတယ်ထင်ပါရဲ့၊ အစ်မပိုင်း ခွဲ့ပေးမယ်လေ"ဟု မပိုင်းက ဆိုရာ မောင်ညွှန့် ကြည်နူးနှစ်သိမ့်သွားသည်။ သို့သော် ရှက်စိတ်ကြောင့် "နေပါစေ...ကျွန်တော့်ဟာ ကျွန်တော်စားနိုင်ပါတယ်"ဟု သူ့ဘာသာ စားနိုင်ကြောင်း မောင်ညွှန့်ကပြော၏။ ထမင်းစားပြီးကြလျှင် မီးဖိုအနီးတွင် ထိုင်ကြကာ မီးလှုံရင်း မပိုင်းက ကျောက်ပျဉ်တွင် ချင်းနှင့်ဆားသွေး...ကာ အမြဲမပြတ် လိမ်းသုတ်ဆုပ်နယ်ပေးနေသည်။

နောက်နေ့ နံနက်စောစောတွင် မောင်ညွှန့်မှာ မငြင်းမပယ်သာဘဲ အလုပ်ခွင်သို့ ဆင်းရပြန်သည်။ တူဖြင့် ပေါက်တက်ဖြင့် မြေစိုင်မြေခဲများကို ထုရ၏။ တစ်နေကုန်၍ မပိုင်းတို့အိမ်သို့ ပြန်အရောက်တွင် မပိုင်းက ချင်းရည်ကလေးဖြင့် လိမ်းသုတ်နှိပ်နယ်ပေးရပြန်သည်။

သုံးရက်တိုင်တိုင် မောင်ညွှန့်သည် ပေါက်လက်ခင်းသို့ ဆင်းပြီးသောအခါတွင်ကား "အစ်မပိုင်းရာ...လက်တွေ နားလွန်းလို့ နားဦးမယ်"ဟုဆိုကာ ယာထဲသို့ မဆင်းဘဲနေ၏။

"ဒီတစ်ခါ မောင်လေး...ပေါက်လက်ခင်းဆင်းရင် မပိုင်းပါလိုက်ပြီး မောင်လေးကို ကူမယ်"ဟု မပိုင်းက အားတက်သရော ပြောသည်။

"အစ်မပိုင်း ပင်ပန်းနေမှာပေါ့ မလိုက်ပါနဲ့...၊ ကျွန်တော့်ဟာကျွန်တော် ပြီးအောင်လုပ်နိုင်ပါတယ်"

မောင်ညွှန့် ပြောမည့်သာပြောရသည်။ တစ်ကေမျှရှိသော အာလူးစိုက်ခင်းကို သုံးရက် မြေထုသည်မှာ ဆယ်ပုံတစ်ပုံမျှသာပြီးသေး၏။ ရက်ပေါင်း ၃၀ လောက် ကြာအောင် ထုမှ ပြီးပေလိမ့်မည်။ သုံးရက်လုပ်ရုံမျှနှင့် ဤမျှပင်ပန်းနာကျင်နေလျှင် ရက်ပေါင်း ၃၀ လုပ်ရပါက အဘယ်သို့ နေလိမ့်မည်နည်းဟု မောင်ညွှန့် မစဉ်းစားဝံ့အောင်ဖြစ်တော့သည်။

မောင်ညွှန့်သည် သုံးရက်မျှ အနားယူလိုက်ရာ လက်မောင်းနာကျင်ကိုက်ခဲခြင်းများ သက်သာသွား၏။ မပိုင်း၏ ပြုစုမှုကြောင့်လည်း သက်သာ

သွားခြင်းဖြစ်သည်။ မဝိုင်းသည် ချင်းတက်နှင့်ဆားကို သွေးကာ မောင်ညွှန့်ကို မကြာခဏလှူးပေး နှိပ်နယ်ပေးနေလေသည်။

မောင်ညွှန့် သုံးရက်အနားယူနေစဉ်တွင် တစ်စုံတစ်ရာကို တွေးတောကြံဆနေသည်။ ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်လျက် မျက်မှောင်ကြုတ်ကာ နက်နက်နဲနဲ တွေးနေဟန် အသွင်ပေါ်နေသည်။

"မောင်လေး...ဘာတွေ စဉ်းစားနေတာလဲ"

မောင်ညွှန့်၏ အကဲကို အမြဲခတ်နေသော မဝိုင်းက မေးလိုက်၏။

"အာလူးခင်းက မြေခဲတွေကို တူနဲ့ ပေါက်တက်နဲ့ မထုဘဲနဲ့ ကြေညက်ကုန်အောင် ဘယ်လိုလုပ်ရပါ့မလဲလို့ ကျွန်တော် ကြံနေတာပါ"

"ဒီအလုပ်ကို ဒီလိုလုပ်မှပဲဖြစ်မှာပေါ့ မောင်လေးရယ်...တခြားနည်းနဲ့ ကြံလို့ ဖြစ်မှာမဟုတ်ဘူး၊ ဒီတစ်ခါ မောင်လေး အလုပ်ဆင်းရင် အစ်မဝိုင်း လိုက်ပြီးကူပါ့မယ်"

မဝိုင်းက မည်သို့ပင်ပြောစေကာမူ မောင်ညွှန့်မှာ တွေးမြဲကြံမြဲ စဉ်းစားမြဲသာတည်း။

တစ်နေ့တွင် မောင်ညွှန့်သည် လုံးပတ်သုံးထွာဆိုင်မျှ အရှည်နှစ်တောင်ခန့်ရှိသော သစ်တုံးတစ်တုံးကို ယူလာကာ ဆောက်ခုန်းဖြင့် အပေါက်များထွင်းဖောက်နေ၏။ အပေါက်များကို အတန်းလိုက် အတန်းလိုက် ညီညီညာညာဖောက်သည်။ ထို့နောက် အပေါက်များတွင် တစ်မိုက်ခန့်ရှိ တုတ်ချွန်တစ်ချောင်းစီတပ်သည်။ သစ်သားတုံး၏ ထိပ်နှစ်ဖက် အလယ်တည့်တည့်တွင် လက်ကောက်ဝတ်ခန့် ဝင်ရိုးဖြစ်အောင်လုပ်၏။ သစ်သားချောင်းနှစ်ချောင်း၏အစွန်းတွင် အပေါက်ဖောက်ကာ ဝင်ရိုးတစ်ဖက်စီတွင် စွပ်သည်။ သစ်သားချောင်း၏ အခြားအစွန်းနှစ်ဖက်ကို နွားထမ်းပိုးတွင် တပ်၏။ ဤကား မောင်ညွှန့် တီထွင်လုပ်ကိုင်သည့် ကိရိယာအသစ်အဆန်းတစ်မျိုး တည်း။

မဝိုင်းသည် မောင်ညွှန့် လုပ်လေသမျှကို စိတ်ဝင်စားစွာ အကဲခတ်ကြည့်ရှုနေ၏။

"မောင်လေး...ဒါက ဘာလုပ်ဖို့လဲ"ဟု မဝိုင်းက မေးသည်။

"မြေစိုင်ခွဲဖို့ ကိရိယာပဲ၊ ဒီဆူးတုံးကို နွားတစ်ယှဉ်း တပ်မောင်းမယ်၊ နွားတွေ ရုန်းသွားတော့ ဆူးတုံးက လည်ပြီး လိုက်လိမ့်မယ်၊ ဆူးတုံးလည်

တော့ တပ်ထားတဲ့ အချွန်တွေက မြေစိုင်တွေကို ခွဲစိတ်ပစ်လိမ့်မယ်"ဟု မောင်ညွှန့်က စိတ်အားထက်သန်စွာ ရှင်းပြသည်။

"မောင်လေး...ပြောသလိုကော ဖြစ်ပါ့မလား"

"ဖြစ်လောက်စရာ အကြောင်းရှိပါတယ်"

"ဒီဆူးတုံးကို သုံးတဲ့အခါ အစ်မဝိုင်း လိုက်ကြည့်မယ်နော်"

"ဟုတ်ကဲ့...အစ်မဝိုင်း လိုက်ကြည့်ရင် သေသေချာချာ မြင်ရတာပေါ့"

တစ်နေ့တွင် မောင်ညွှန့်သည် နွားနှစ်ကောင်ကို ထမ်းပိုးတွင်တပ်ကာ ဆူးတုံးကိုထမ်းလျက် ယာဘက်သို့ ထွက်ခဲ့ရာ မဝိုင်းလည်း ထမင်းတောင်း ရွက်လျက် အတူပါလေသည်။

ရွာသူရွာသားတို့သည် မောင်ညွှန့်တီထွင်သည့် ကိရိယာကို တအံ့တသြ ငေးမောကြည့်ရှုနေကြ၏။

မောင်ညွှန့်နှင့် မဝိုင်းတို့ ယာထဲသို့ ရောက်ကြသောအခါ မောင်ညွှန့်က ဆူးတုံးကို ဆင်ကာ နွားထမ်းပိုးတွင် တပ်၏။ ထွန်တပ်သကဲ့သို့ တပ်ခြင်းတည်း။ ထို့နောက် မောင်ညွှန့်က နွားကိုမောင်းနှင်သည်။ ယာထွန်သောအခါ ထွန်တုံးသည် နွားနောက်မှလိုက်ပါသည့်နည်းတူ ယခု မောင်ညွှန့်၏ ဆူးတုံးသည်လည်း နွားနောက်မှ လိမ့်ကာလိမ့်ကာ လိုက်ပါသည်။

မောင်ညွှန့်သည် ထယ်ထိုးစဉ်ကကဲ့သို့ပင် အကြောင်းညီညီ မောင်းနှင်၏။ မောင်ညွှန့် တင်ကြိုထင်မြင်ထားသည့်အတိုင်းပင် ဆူးတုံးသည် မြေစိုင်မြေခဲမှန်သမျှတို့ကို စူးဝင်ချေဖောက်ကာ မြေညက်အဖြစ်သို့ ရောက်စေသည်။

"အမယ်လေး...ကောင်းလိုက်တာ မောင်လေးရယ်...တယ်တော်တဲ့ မောင်လေးပါကလားနော်..."ဟု မဝိုင်းက ချီးမွမ်း၍မပြီး ဖြစ်နေသည်။

မောင်ညွှန့်၏ ဆူးတုံးဖြင့် အလုပ်လုပ်နေသည်ကို မြင်ကြရသော ပတ်ဝန်းကျင်ယာများမှ ယားသမားတို့ ပြေးလာကြကာ ဝိုင်းအုံကြည့်ရှုကြသည်။

"တယ်ဟုတ်ပါလားဟေ့...တယ်မြန်သကိုးကွ...ကိုရင်ညွှန့်ရေ...ငါတို့ကိုလည်း လုပ်ပေးစမ်းပါဦးကွ..."ဟု ယာသမားအသီးသီးလာတောင်းပန်ကြသည်။

"လုပ်ပေးမယ်လေ...ကျုပ်ယာကို မြေစိုင်ခွဲပြီးရင် လုပ်ပေးမယ်၊ မကြာပါဘူး...အလွန်ဆုံး ခြောက်ရက်ပေါ့"

နေ့လယ်အချိန်တွင် မောင်ညွန့်နှင့် မပိုင်းတို့ ယာထဲတွင်ပင် ထမင်းလက်ဆုံစားကြ၏။ ထမင်းစားပြီးလျှင် မောင်ညွန့်အလုပ်ဆက်၍လုပ်ပြန်၏။ နေကုန်သောအခါ တစ်ကေရှိ ယာ၏တစ်ဝက် ပြီးသွားလေပြီ။

အိမ်သို့ပြန်ခါနီးတွင် မောင်ညွန့်က မပိုင်းကိုပြော၏။

"လက်နဲ့သာ ထုနေရရင် ဆယ့်ငါးရက်လောက် ကြာမယ့်အလုပ်ပဲ အစ်မပိုင်းရ..."

နောက်တနေ့တွင်လည်း မောင်ညွန့် ဆူးတုံး မောင်းပြန်လေရာ နှစ်ရက်ဖြင့် ယာတစ်ခုလုံး တစ်ထပ်ချေမွပြီးဖြစ်သွား၏။ သို့သော် ဝီရိယရှိသော မောင်ညွန့်သည် ခြောက်ရက်ဆက်၍ ဆူးတုံးမောင်းလေရာ တစ်ယာလုံး သုံးထပ်ပြီးလျက် မြေများညက်ညက်ကြေ၍ နေလေတော့သတည်း။

မောင်ညွန့် တစ်လလုပ်ရမည့် မြေထုခြင်းအလုပ်ကို ဆူးတုံး၏အကူအညီ နွား၏အကူအညီဖြင့် ခြောက်ရက်နှင့် ပြီးသောအခါ ရက်အားတွေရလာ၏။ ထိုရက်အားတွင် မောင်ညွန့် အလကားအချိန်မဖြုန်းဘဲ အခြားသူများအတွက် ဆူးတုံးတွေ လုပ်ပေးလေသည်။

တပေါင်းလဆန်းတွင် မောင်ညွန့် ကြက်တင်း ခွင်ရပြန်သည်။ ကြက်တင်းခွင်သည်ဆိုခြင်းမှာ ထယ်ထိုးမြေချေထားသော ယာတွင် အသွားလေးချောင်းတပ်ကြက်တင်းဆွဲလက်ထွန်ခြစ်ဖြင့် ယက်ကာ ယက်ကာ မြေပုံကလေးများပုံရသည်။ ကြက်တင်းဟု ခေါ်သော ထိုမြေပုံ၏ အချင်းကား နှစ်မိုက်ခန့်ရှိ၏။ ရွှံ့မီတောင်များပမာ ကြက်တင်းမြေပုံ၏ အလယ်တွင် ချိုင့်ခွက်ကလေး ဖြစ်အောင် လုပ်ရသည့်အလုပ်ကို မောင်ညွန့် လေးရက်လုပ်ရလေရာ မောင်ညွန့်၏ ယာတစ်ပြင်လုံးတွင် ကြက်တင်း ၂၄၀၀ ခန့် ခွင်ပြီးသွားလေတော့သတည်း။

ကြက်တင်းခွင်ပြီးလျှင် နွားချေးချရသည်။ အိမ်ဝင်းအတွင်း စုဆောင်းသိုလှောင်ထားခဲ့သည့် နွားချေးကို လှည်းဖြည့်တိုက်ကာ ကြက်တင်းတစ်ခုစီတွင် အလောတော်ထည့်ရ၏။ မောင်ညွန့်၏ ယာအတွက် နွားချေး လှည်းခြောက်စီးတိုက်ကုန်၏။ ယင်းသည့် နွားချေးချသည့်အလုပ်ကို မောင်ညွန့် အပူတပြင်းလုပ်လေရာ နှစ်ရက်နှင့် ပြီးစီးလေတော့သည်။

မောင်ညွှန့် ကြက်တင်းခွင်ပြီးပြီ၊ ကြက်တင်းများတွင် နွားချေးလည်း ချ၍ပြီးပေပြီ။ သို့သော် ကိစ္စမပြီးတတ်သေး။ ပလစ်ဖုတ်သည့်အလုပ်ကို လုပ်ရပြန်ချေပြီ။

ပလစ်ဖုတ်သည်ဆိုခြင်းမှာ အထက်တွင် ဆိုခဲ့သည့် ကြက်တင်းတွင် ထည့်ထားသည့် နွားချေးတို့ကို မီးရှို့ပြီး ထွန်းခြစ်ဖြင့် ယက်ကာ မြေဖို့မြေအုံထားသည့်အလုပ်ကို လုပ်ရခြင်းဖြစ်၏။ ကြက်တင်းတွင်းရှိ နွားချေးကို မီးရှို့လိုက် မီးအားအံတော်ကောင်းလာလျှင် မြေဖို့လိုက်၊ ယင်းသို့ဖြင့် ကြက်တင်းပေါင်း ၂၀၀၀ ခန့်ပြီးစီးအောင် မနားမနေလုပ်ရသည်မှာ ငါးရက်ကြာသွား၏။

တပေါင်းလပြည့်ကျော်လျှင် အားလူးစိုက်ရန် ပြင်ဆင်ရလေပြီ။ မျိုးအားလူးမှာ ကြက်ဥလုံးခန့် ပမာဏရှိသော အာလူးများဖြစ်၏။ မျိုးအာလူးသေးငယ်လွန်းလျှင် အပင်မသန်မစွမ်းဖြစ်တတ်သည်။ အာလူးကြီးလွန်းပြန်လျှင်ကား ထွက်အားမလိုက်ဖြစ်ချေ၏။

အာလူးစိုက်ပုံကား ပလစ်လုံးကို ပေါက်ပြားဖြင့်ချဲ့ကာ ပလစ်တစ်လုံးလျှင် (ကြက်တင်းတစ်ခွင်လျှင်) အာလူးလေးလုံးကျစီ ထည့်စိုက်ရ၏။ အာလူးထည့်ပြီးလျှင် ထွန်ခြစ်ဖြင့် ပြန်ဖုံးထားရသည်။ အာလူးစိုက်သည့် အလုပ်ကို မောင်ညွှန့် ငါးရက်လုပ်ရ၏။

အာလူးတစ်ခင်းလုံး စိုက်ပြီးသောအခါတွင်ကား မောင်ညွှန့်သည် သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်ကာ စိတ်ပေါ့လူပေါ့ ဖြစ်သွားသည်။

အာလူးတင်လာသည့်လှည်းကို သွက်သွက်မောင်းကာ မပိုင်းထံသို့ ပြန်လာ၏။

"မောင်လေး...ကိစ္စအားလုံးပြီးပလား..."ဟု မပိုင်းက ပြုံးချိုသော မျက်နှာ ကြည်သာသောအသံဖြင့် ဆီး၍မေး၏။

"အားလုံးပြီးခဲ့ပြီ၊ မောခဲ့လေသမျှတွေ ပျောက်သွားအောင် နည်းနည်းတော့နားရဦးမှာပဲ၊ သို့ပေမဲ့ အာလူးပင်တွေပေါက်လာရင်တော့ အလုပ်ပေါ်လာဦးမှာပဲ"

"လာ ထမင်းစားမယ် မောင်လေး၊ ထမင်းစားပြီးရင် အပန်းပြေအောင် အေးအေးအိပ်လိုက်ပေါ့..."

○

# (၂၀)

ကဆုန်လတွင် မိုးသားတိမ်မည်းတွေ အလိပ်လိုက် အလိပ်လိုက် တက်လာကာ ကောင်းကင်တစ်ပြင်လုံး ပိတ်မှောင်နေ၏။

"မောင်လေးရေ...မိုးတွေရွာတော့မယ်နော်..."ဟု မဝိုင်းက လွမ်းသံကလေးဖြင့် ပြောသည်။

"မိုးရွာရင်ကောင်းတာပေါ့...အစ်မဝိုင်းရ၊ မိုးရွာမှ ကျွန်တော်စိုက်ထားတဲ့ အာလူးတွေ အပင်ကောင်းကောင်းပေါက်မှာ..."ဟု မောင်ညွန့်က ဝမ်းသာအားရပြောသည်။

"မောင်လေးစိုက်ထားတာ အာလူးဘယ်လောက်တုံး..."

"လှည်းတစ်စီးတိုက်နီးပါပဲ၊ အချိန်နှစ်ရာလောက် ရှိလိမ့်မယ်"

မဝိုင်း ပြောသည့်အတိုင်းပင် ထိုနေ့တွင် မိုးတွေရွာ၍လာ၏။ အအေးဓာတ်ကဲသောအရပ်ဖြစ်ရကား မိုးရွာလာလျှင် အေး၍လာရာ မီးဖိုတွင် မီးလှုံကြရသည်။ ဆောင်းကာလတစ်လျှောက်မှာလည်း မီးဖိုအနီးမှခွာရသည်မရှိ။ ယင်းသို့ဖြင့် မီးဖိုကို ဝိုင်းရံကာ မောင်ညွန့်နှင့် မဝိုင်းတို့မှာ တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်နေရသည်ကများသည်။ တစ်နည်းဆိုလျှင် ဥမကွဲသိုက် မပျက် နီးနီးကပ်ကပ် နေကြရသည်။

မိုးရွာလာပြီးနောက် ရက်အနည်းငယ်ကြာသောအခါ မောင်ညွန့်နှင့် မဝိုင်းတို့ အာလူးခင်းဆီသို့ သွားကြ၏။

စိမ်းစိုလန်းဆန်းသော အာလူးပင်ပေါက်ကလေးတွေက မောင်ညွှန့်နှင့် မဝိုင်းကို ဆီးကြိုနေကြသည်။ လေဖော့သဖြင့် တလှုပ်လှုပ် ဖြစ်နေကြသော အာလူးပင်၏ အညွှန့်ကလေးများသည် မောင်ညွှန့်နှင့် မဝိုင်းကို လက်ယပ်ခေါ် ၍ နေသကဲ့သို့ပင်ဖြစ်သည်။

မောင်ညွှန့်နှင့် မဝိုင်းတို့သည် အာလူးပင်ပေါက်ကလေးများကို ဝမ်းသာအားရ ငုံ့ကာ ငုံ့ကာ ကြည့်ရှုကြ၏။ စိုက်ထားသည့် အာလူးတစ်လုံးလျှင် သုံးပင်ခန့်စီပေါက်လေရာ ပလစ်တစ်လုံးလျှင် ၁၂ ပင်ခန့်စီ ပေါက်လေသည်။

"မကြာခင် ကျွန်တော် အာလူးဖို့ရတော့မယ်…"ဟု မောင်ညွှန့်က ဆို၏။

"အင်း…မောင်လေးပင်ပန်းဦးမှာပဲ…"ဟု မဝိုင်းက စိတ်မချမ်းသာသည့်မျက်နှာထားဖြင့်ပြော၏။

"တောင်သူအလုပ်ဆိုတာ ဒီလိုပေါ့ အစ်မဝိုင်းရာ…ပင်ပန်းတယ်လို့ သဘောထားနေလို့ ဘယ်ဖြစ်မလဲ၊ လက်လှုပ်မှ ပါးစပ်လှုပ်ရတယ် ဆိုတာ ကျွန်တော်တို့ အလုပ်မျိုးပေါ့၊ ကျွန်တော်တော့ အလကားမနေတတ်ပါဘူး၊ အလုပ်နဲ့လက်နဲ့မပြတ်အောင် လုပ်နေရရင် မပျင်းဘူး၊ အလုပ်မရှိ အကိုင်မရှိနဲ့ အလကားထိုင်နေရရင် ပျင်းတယ်…"

မောင်ညွှန့်မှာ ပြောသည့်အတိုင်းပင် စိတ်နေစိတ်ထား ရှိသူဖြစ်သည်။ အလကားနေတတ်သူ မဟုတ်ပေ။ ယာအလုပ်၊ လယ်အလုပ် လုပ်စရာ မရှိလျှင် မနားမနေလုပ်လျက်။ အားနေသည့် နေ့ရက်များတွင် နီးဖျာသည်။ တောင်း ပလုံး ပလိုင်းရက်သည်။ ဆန်ကော၊ ဆန်ခါရက်သည်။ လက်ဆုံလုပ်သည်။ ကျည်ပွေ့လုပ်သည်။ အိမ်ခြံဝင်းအတွင်းမှာ စားသီး စားရွက်ပင်များ စိုက်သည်။ ထိုအလုပ်များ အာလုံးပြီးစီး၍ အားနေပြန်လျှင် ဖခင်၏ပန်းပဲဖိုတွင်ဝင်ကာ ဓား၊ ပေါက်တူး၊ ပေါက်ပြား၊ ပုဆိန် စသည်တို့လုပ်သည်။ အအားမနေတတ်သော မောင်ညွှန့်တည်း။

မောင်ညွှန့်နှင့် မဝိုင်းတို့ အာလူးခင်းကို ကြည့်ရှုပြန်လာကြပြီးနောက် ရက်အနည်းငယ်ခန့်အကြာတွင် မောင်ညွှန့် အာလူးဖို့ရပြန်သည်။ အာလူးဖို့သည်ဆိုခြင်းမှာ ပေါက်ပြားဖြင့်လည်းကောင်း၊ ထွန်ခြစ်ဖြင့်လည်းကောင်း

မြေကို တူးယက်ကာ အာလူးပင်များကို မြေတောင်မြှောက်ပေးရခြင်းဖြစ်သည်။ အာလူးဖို့သည့်အလုပ်ကို ခြောက်ရက်လုပ်ရ၏။

ထိုကိစ္စအရပ်ရပ် ပြီးသောအခါ အာလူးခင်းအတွက် နောက်ထပ် လုပ်ဆောင်စရာကိစ္စမရှိတော့ပေ။ အာလူးပေါ်ချိန်ကျသောအခါတွင်မှ နောက်ဆုံးပိတ်ကိစ္စကို ဆောင်ရွက်ရမည်ဖြစ်၏။

သို့သော် မောင်ညွန့်ကား အအားမနေပေ။ ဖခင် ဦးမာလာလုပ်သည့် လယ်လုပ်ငန်းခွင်တွင် ဝင်ရောက်ကူညီကာ လုပ်ကိုင်ဆောင်ရွက်ပေး၏။

တော်သလင်းလအတွင်းသို့ ရောက်ခဲ့ပြန်ချေပြီ။ မောင်ညွန့်သည် ဤတော်သလင်းလတွင်ပင် အာလူးခင်းကို ထယ်စ၍ ထိုးခဲ့၏။ နှစ်တစ်ပတ်လည်သောအခါတွင်ကား အားလူးတူးဖော်ရန် အချိန်ရောက်၍ လာပေပြီ။

အာလူးတူးရန် ပေါက်ပြားကိုလည်းကောင်း၊ အာလူးထည့်ရန် တောင်းများကိုလည်းကောင်း၊ ကူညီမည့် မဝိုင်းကိုလည်းကောင်း လှည်းပေါ်တင်ကာ အာလူးခင်းသို့ လာခဲ့သည်။

မောင်ညွန့်သည် ပေါက်ပြားဖြင့် အာလူး စ၍ တူးပေပြီ။ အရမ်းမဲ့ တူးရခြင်းမျိုးမဟုတ်၊ အာလူးရှိလောက်သည့်နေရာ၏ ဘေးမှ သီကာပွတ်ကာ တူးရသည်။ အာလူးများကို တူးမိလျှင် အားလူးတွေ ကွဲကြေကုန်မည်ဖြစ်၏။ ယင်းသို့ သီကာပွတ်ကာ တူးပြီးနောက် မြေကို လှန်လိုက်ရာ အားတက်သဖွယ် အာလူးတွေ ပေါ်၍လာတော့သည်။ မောင်ညွန့်သည် ဝမ်းသာအားရ အာလူးလုံးများကို ကောက်ကာ တစ်နေရာတွင် စုပုံထားလိုက်၏။ ထို့နောက် တစ်ကျင်း၊ တစ်ဖန်တစ်ကျင်း။ ယင်းသို့ တစ်ကျင်းတစ်ကျင်းတူးပြီးတိုင်း အာလူးများကို ရောနှောစုပုံထားသည်။

ယင်းသည့် အားလူးပုံမှ အာလူးများကို မဝိုင်းက တောင်းထဲတွင် ထည့်ရွက်ကာ လှည်းပေါ်သို့ တင်ရသည်။

မောင်ညွန့်ကတူး၊ မဝိုင်းက လှည်းပေါ်တင်ဖြင့် မနားမနေ အလုပ်လုပ်နေကြရသော်လည်း မောသည် ပန်းသည်ဟု မအောက်မေ့ကြဘဲ ဆက်တိုက်လုပ်နိုင်ကြ၏။ မိမိတို့၏ ချွေးဖြင့် ရင်းနှီးထားသော ချွေးနှီးစာအာလူးတို့က မောင်ညွန့်နှင့် မဝိုင်းတို့၏ လူအင်အား စိတ်အင်အားကို ဖြည့်တင်းပေးသည့်သဖွယ် ဖြစ်နေလေသည်။

မောင်ညွန့်နှင့် မဝိုင်းတို့ တစ်နေကုန် တူးလိုက် သယ်လိုက်ကြသော အခါ လှည်းတစ်စီးတိုက်ရ၏။

"မောင်လေးရေ...တော်ပါတော့လေ...နေလည်းနည်းသွားပြီ...လှည်း တစ်စီးလည်းပြည့်ပေါ့ဟာပဲ...ပြန်ကြပါစို့"

"ဟုတ်ကဲ့...အစ်မဝိုင်း"

မဝိုင်းစကားအတိုင်း မောင်ညွန့် လိုက်နာ၏။

အာလူးလှည်းပေါ်တွင် နှစ်ယောက်သားထိုင်ကာ ရွာဘက်သို့ မောင်း နှင်ခဲ့ကြသည်။ ကျောက်တောရွာသို့ရောက်လျှင် ဦးမာလာနှင့် အရီးနန်းကြာ တို့က ဝမ်းသာအားရ ကြိုဆိုကြကာ လှည်းပေါ်မှ အာလူးများကို အိမ်တွင်း သို့ သည်ပိုးယူဆောင်ကြ၏။ မောင်ညွန့်နှင့် မဝိုင်းတို့လည်း ကူညီသည်ပိုး ပေးသည်။

"မိန်းကလေးနဲ့ လူကလေးတို့ မသယ်ကြပါနဲ့ကွယ်...အဖတို့ အမေ တို့ သယ်ပါ့မယ်၊ မင်းတို့နှစ်ယောက် တစ်နေ့လုံး အလုပ်လုပ်ခဲ့ရတာ မောလှ ရောပေါ့..."ဟု ဦးမာလာကဆို၏။

"ဒီအိမ်မှာ ထမင်းစားသွားကြပါလား...လူလေးနဲ့ မိန်းကလေး"ဟု အရီးနန်းကြာကဆို၏။

"နေပေစေ...အရီး...ကျွန်မတို့အိမ်ကျမှစားမယ်..."

"ဒါဖြင့် သွားကြတော့လေ...ထမင်းဆာကြရောပေါ့..."

မောင်ညွန့်နှင့် မဝိုင်းတို့သည် လက်မပင်ရွာဘက်သို့ ထွက်ခဲ့ကြ၏။

နောက်နေ့များတွင်လည်း မောင်ညွန့်နှင့် မဝိုင်းသည် အာလူးခင်းသို့ သွားကာ တူးကြ၊ သယ်ကြရသည်။ ယင်းသို့ ငါးရက်တိုင်တိုင်လုပ်ဆောင်မှ အာလူးတူးဖော်ခြင်းကိစ္စ ပြီးလေသတည်း။

မောင်ညွန့်ရော မဝိုင်းပါ စိတ်ပေါ့လူပေါ့ ဖြစ်သွားကြသည်။

"မောင်လေးရေ...အာလူးဘယ်လောက်ရတယ် မှန်းသလဲ..."ဟု မဝိုင်းကမေး၏။

"လှည်းငါးစီးတိုက်ဆိုတော့ အာလူးအချိန် ထောင့်နှစ်ရာငါးဆယ် လောက်တော့ရပါလိမ့်မယ်၊ လှည်းတစ်စီးတိုက်ကို အချိန်နှစ်ရာငါးဆယ် လောက်ရှိတာကိုး..."

"အများကြီးရတယ်နော်..."ဟု မဝိုင်းက ဝမ်းသာအားရပြော၏။

"ပင်ပန်းထားတာကိုလည်း ကြည့်ဦးမှပေါ့ အစ်မဝိုင်းရာ...နောက် ပြီးတော့ မျိုးအားလူးကလည်း အချိန်နှစ်ရာလောက်ရှိတယ်၊ မျိုးအာလူးကို နုတ်လိုက်ရင် အသားတင်ချိန် တစ်ထောင်လောက်တော့ ရတာပေါ့၊ ကာလ ပေါက်ဈေးနဲ့ တွက်လိုက်တော့ ငွေတစ်ရာလောက်ရမယ်..."

"ငွေတစ်ရာဆိုတာ မနည်းပါဘူး...မောင်လေးရယ်၊ တစ်နှစ်မှာ ငွေ တစ်ရာဆိုတော့ တစ်လမှာ ရှစ်ကျပ်ကျော်ကျော်ကျတယ်၊ စော်ဘွားကြီးတွေဆီ မှာ အမှုတော်ထမ်းနေကြတဲ့ အတွင်းကိုယ်ရံတော်တွေဟာ တစ်လမှ ခြောက် ကျပ်ရတယ်လို့ အဖက ပြောဖူးတယ်..."

○

## (၂၁)

"အစ်မဝိုင်းရေ...သာမိုင်းခမ်းမှာ မွေတော်ဘုရားပွဲလုပ်နေပြီတဲ့၊ သွားကြရရင်မကောင်းဘူးလား..."

ရွာထဲမှ ပြန်လာသော မောင်ညွန့်က သူကြားခဲ့သည့် သတင်းကို ပြောပြရင်း မဝိုင်းကို အဖော်ညှိသည်။

"မောင်လေး...သွားချင်လို့လား...၊မောင်လေးသွားချင်ရင် အစ်မဝိုင်းလည်း လိုက်တာပေါ့...အဖနဲ့အမေကိုတော့ ပြောရလိမ့်ဦးမယ်"

"ဘယ်သွားကြမှာတုံး..."ဟု အိမ်ဦးခန်းတွင် ထိုင်နေသည့် ဆရာခေါင်က လှမ်း၍မေး၏။

"သာမိုင်းခမ်းကိုပါ အဖ...၊ မွေတော်ဘုရားပွဲကို မောင်လေးသွားချင်လို့တဲ့...ကျွန်မလည်း လိုက်သွားပါရစေ"

"အိမ်း...သွားချင်သွားကြ၊ လှည်းနဲ့သွား၊ ဘုရားပွဲမှာ ညအိပ်ပြီးကြည့်ကြ၊ နက်ဖြန်တော့ ပြန်လာခဲ့ကြတာပေါ့...သားမိုင်းခမ်းက သုံးတိုင်ပျော့ပျော့လောက်တော့ဝေးတာပဲ၊ သာမိုင်းခမ်းပွဲကတော့ ဇမာပွဲမဟုတ်ဘူး၊ ခနုပွဲဖြစ်လိမ့်မယ်"

"ဘယ်လိုခနုပွဲလဲ အဖ...ခနုတွေ ကကြမှာလား..."ဟု မဝိုင်းက မေး၏။

"ဟုတ်တယ်၊ ခနုတွေကကြမှာပဲ...ငါတို့ငယ်ငယ်တုန်းကပေါ့ကွယ်၊ ငါတို့နယ်ကို မင်းသားဇော်ဗလတဲ့ လာကတယ်၊ အမြို့မြို့အရွာရွာလျှောက်

ကရင်း သားမိုင်းခမ်းက ခနုမလေးမစုနဲ့အကြောင်းပါသွားကြတယ်၊ အဲဒီမင်းသား ဇော်ဗလဟာ အခုတော့ အဘိုးကြီးဖြစ်နေပြီကွယ့်...မကနိုင်တော့ပါဘူး၊ သာမိုင်းခမ်းမှာပဲ မစုနဲ့ အတူနေတယ်၊ ဒီတော့ သာမိုင်းခမ်းမှာနေကြတဲ့ သူငယ်တွေ၊ သူငယ်မတွေက ဇော်ဗလဆီ သွားအကသင်တယ်၊ ဇော်ဗလက သင်ပေးတာပေါ့၊ ဒါကြောင့် သားမိုင်းခမ်းက သူငယ် သူငယ်မကလေးတွေဟာ ဇာတ်ကတတ်ကြတယ်..."

"ဗမာဇာတ်ပွဲ က,သလိုပဲပေါ့နော် အဖ..."

"ဗမာဇာတ်ပွဲအတိုင်းပဲပေါ့...ဗမာဇာတ်ဆရာက သင်ပေးတာပဲ၊ ခနုတွေဟာ ဗမာသွေးမို့လို့ပဲထင်ရဲ့...ဗမာတွေက,သလို ကတတ်တယ်၊ ဗမာတွေသီချင်းဆိုသလိုပဲ ဆိုတတ်တယ်၊ စကားပြောတော့ နည်းနည်းဝဲတယ်၊ သီချင်းဆိုတော့မဝဲဘူး...အံ့စရာပဲ..."ဟု ဆရာခေါင်ကပြော၏။

မဝိုင်းနှင့် မောင်ညွှန့်တို့သည် ဆင်ပြင်ဝတ်စားကြကာ ညနေအချိန်တွင် သာမိုင်းခမ်းသို့ လှည်းဖြင့် ထွက်သွားကြသည်။ မောင်ညွှန့်နှင့်မဝိုင်း အတူတကွ ခရီးဝေးသွားလာဖူးခြင်းမှာ ဤအကြိမ်သည် ပထမဆုံးအကြိမ်ပင်ဖြစ်၏။

သာယာကြည်နူးဖွယ်ကောင်းသော အရပ်ဒေသဖြစ်သည့်အတွက် ပတ်ဝန်းကျင် တောင်အထပ်ထပ်၊ တောအသွယ်သွယ်တို့ကို ကြည့်ရှုရင်း နှစ်ယောက်လုံး ကြည်နူးနှစ်သိမ့်နေကြသည်။

"မောင်လေးရေ...ပျော်စရာကြီးနော်..."ဟု မဝိုင်းကဆို၏။

"ဟုတ်တယ်...သိပ်ပျော်ဖို့ကောင်းတာပဲ...ကျွန်တော်တော့ အစ်မဝိုင်းနဲ့ ဒီလိုချည်းပဲ အတူနေသွားချင်တယ်..."

"နေရပါတယ် မောင်လေးရယ်...အခုလည်း အတူနေရတာပဲ၊ နောက်ကိုလည်း ဒီလိုပဲ နေသွားရမှာပေါ့..."

"အစ်မဝိုင်း ယောက်ျားယူသွားရင် ကျွန်တော်နဲ့ ဝေးရတော့မှာပေါ့"

"မောင်လေးနဲ့ မဝေးရအောင် အစ်မဝိုင်း ယောက်ျားမယူဘဲ အပျိုကြီးလုပ်နေမယ်ကွယ်..."

"တကယ်နော်..."

"တကယ်ပေါ့...မောင်လေးရဲ့..."

မပိုင်းက မောင်ညွန့်ကို စူးစူးစိုက်စိုက်ကြည့်ရင်း ပြုံးနေ၏။ မောင်ညွန့်ကမူကား ခေါင်းငုံ့နေသည်။

မပိုင်း၏ စိတ်ထဲတွင် "သြော်...မောင်လေးက ကလေးစိတ်ကုန်သေးဟန်မတူပါဘူး..."ဟု တွေးကာ အကြင်နာ အသနားပို၍ နေသည်။

မောင်ညွန့်ကား မြန်မြန်ရောက်ချင်စောဖြင့် နွားများကို အတင်းနှင်သည်။ မီးခွက်ထွန်းချိန်သာသာလောက်တွင် ပွဲခင်းသို့ ရောက်လာကြ၏။

လူများကား စည်ကားလှသည်။ စားစရာသောက်စရာ ဈေးဆိုင်ပေါင်းစုံလည်းရှိ၏။ ကစားဝိုင်းများလည်းရှိသည်။ ဝယ်ကြခြမ်းကြ စားကြသောက်ကြလောင်းကစားကြဖြင့် လူတွေရှုပ်ယှက်ခတ်၍နေ၏။

ပွဲခင်းတွင်လည်း လူတွေကြိတ်ကြိတ်တိုး စည်ကားပြည့်နှက်နေချေပြီ။ မောင်ညွန့်သည် ပွဲခင်းစပ်တွင် လှည်းဖြုတ်ကာ မပိုင်းနှင့်အတူ လှည်းပေါ်တွင် ထိုင်လျက် ပွဲထွက်မည်ကို မျှော်လင့်စောင့်စားနေ၏။

သူငယ်တိတ်ဆိတ် ကြက်တွန်ချိန်လောက်တွင် ဇာတ်ပွဲထုံးစံအတိုင်းနတ်ကတော် ထွက်လာကာ ဆိုသည်ကသည်။

မောင်ညွန့်နှင့် မပိုင်းတို့သည် စိတ်ဝင်စားစွာ ကြည့်ရှုနေကြ၏။

"ဖကြီး...အခုကနေတာ ဗမာလား...ခနုလား..."

လှည်းအနီးတွင် ရပ်ကာ ပွဲကြည့်နေသော လူကြီးတစ်ယောက်အားမပိုင်းက လှမ်း၍မေးလိုက်၏။

"ခနုမကလေး သမီးရဲ့...ဇာတ်ဆရာကြီး ဦးဇော်ဗလသင်ပေးတာ၊ ဗမာကသလို က,တတ်တယ်၊ ဗမာဆိုတာနဲ့လည်း ဘာမှ မခြားဘူး၊ ကတဲ့လူတွေသာမဟုတ်ဘူး၊ တီးတဲ့ဆိုင်းသမားတွေကလည်း ခနုချည်းပဲ၊ ဦးဇော်ဗလက အကရောအတီးရော သင်ပေးတာ..."ဟု လူကြီးက စုံလင်အောင်ပြောပြသည်။

"ဖကြီး ညောင်းရင် ကျွန်တော်တို့လှည်းပေါ် တက်ကြည့်ပါလား"ဟုမောင်ညွန့်က ဖိတ်ခေါ်၏။

"အိမ်း...ကျေးဇူး...တင်သကွယ်..."ဟု ဆိုကာ လှည်းပေါ်သို့လူကြီး တက်လာရာ မပိုင်းက လှည်းဦးဘက် တိုးပေး၏။ မောင်ညွန့်ကအလယ်တွင် ထိုင်ကာ လူကြီးက မောင်ညွန့်နောက်နားတွင် ထိုင်၏။

နတ်ကတော်ဝင်သွားပြီးနောက် ရှင်ဘုရင်နှင့် ဝန်ကြီးများ ထွက်လာကြသည်။

"အဲ...သေသေချာချာကြည့်ထား၊ ရှင်ဘုရင်လုပ်တဲ့လူကြီးဟာ ဗမာဇာတ်ဆရာကြီး ဦးဖော်ဗလပဲကွယ့်၊ ဒီတစ်ဇာတ်လုံးမှာ ဗမာဆိုလို့ သူတစ်ယောက်ပဲပါတယ်၊ ကျန်တာတွေက ခနုတွေချည့်ပဲ"

မောင်ညွှန့်နှင့် မဝိုင်းတို့သည် စိတ်ဝင်စား စူးစိုက်စွာကြည့်နေကြ၏။

ရှင်ဘုရင်နှင့် ဝန်ကြီးများက ဇာတ်အိမ်တည်ပေးကြသဖြင့် ကမည့်ဇာတ်ကို သိကြရ၏။ ပင်းတယမြို့သမိုင်းကို ကကြမည်ဖြစ်သည်။

ရှင်ဘုရင်နှင့် ဝန်ကြီးများ ဝင်သွားကြလျှင် နတ်သမီးညီအစ်မခုနစ်ဖော်တို့သည် ပုန်းတလုတ်ရေကန်တွင် ရေကစားကြသည့်အခန်းထွက်က၏။ နတ်သမီးတို့သည် ရေကစားရင်း အချိန်လွန်သွားကြသဖြင့် ခမည်းတော်ဖြစ်သူ ငွေတောင်နတ်မင်းကြီးထံသို့ မပြန်နိုင်ကြဘဲ ဥမင်လိုဏ်ဂူကြီးတစ်ခုအတွင်း၌ ဝင်၍အိပ်ကြ၏။ ကြီးမားလှသော ပင့်ကူကြီးတစ်ကောင်သည် နတ်သမီးညီအစ်မခုနစ်ဖော် အိပ်စက်နေသည့် လိုဏ်ဂူအဝကို အမြှေးတို့ဖြင့် ရစ်ဖွဲ့ပိတ်ဆို့ထားသဖြင့် နတ်သမီးများ လိုဏ်ဂူအတွင်းမှ မထွက်နိုင်ဘဲ အော်ဟစ်ငိုယိုကြရာ တောလယ်ရင်း ရောက်လာသည့် ကုမ္ဘာဘယမင်းသားက တွေ့သဖြင့် နတ်သမီးခုနစ်ဖော်ကို ကယ်ဆယ်ကာ အငယ်ဆုံးညီမတော် ရှင်မိယာနှင့် ကုမ္ဘာဘယမင်းသားတို့ ချစ်ခင်စုံမက်ကြသည်။

မင်းသားနှင့် မင်းသမီး နှစ်ပါးသွားခန်းသို့ ရောက်လာပြီဖြစ်သဖြင့် မောင်ညွှန့်နှင့် မဝိုင်းတို့သည် စိတ်ဝင်စားစွာ နှစ်သိမ့်စွာကြည့်ရှုနေကြ၏။

မင်းသားမင်းသမီးတို့ ကပုံဆိုပုံမှာ တကယ့်သဘင်ရည်ဝပြီး မင်းသားမင်းသမီးတို့နှင့်မခြားတည်း။ အဆိုနှင့်အကကိုသာ နားထောင်ကြည့်ရှုလျှင် ခနုလူမျိုးတွေဟု မည်သူမှ ထင်ကြမည်မဟုတ်။ ဗမာပြည်မှလာ၍ကသည့် ဗမာဇာတ်သမားတွေဟုသာ ထင်ကြမည်။ သို့သော် စကားပြောရာတွင်ကား ခနုသံကလေး ဝဲဝဲဖြင့်ဖြစ်၏။ ယင်းသည့် ခနုသံဝဲဝဲကလေးသည်ပင် နားထောင်၍ တစ်မျိုးကောင်းလျက် ကဏ္ဏာသုခဖြစ်ရလေသည်။

မောင်ညွှန့်နှင့် မဝိုင်းတို့ကား နှစ်ပါးသွားကို အာရုံစူးစိုက်နေကြ၏။

"မင်း...မဝိုင်း မဟုတ်လားဟေ့"

တစ်စုံတစ်ယောက်၏အသံကြောင့် မဝိုင်းရော မောင်ညွန့်ပါ အသံလာရာဘက်သို့ လှည့်ကြည့်လိုက်ကြသည်။ ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်း လူတစ်ယောက်ကို တွေ့မြင်ကြရ၏။

"ဩ...အတွင်းကိုယ်ရံတော်ကြီး ကိုရင်စောပါလားကွယ့်"

မဝိုင်းတို့လှည်းပေါ်တွင် ပွဲကြည့်နေသူ ဦးကြိုင်က ပြောလိုက်သည်။

မဝိုင်းနှင့် မောင်ညွန့်တို့သည် ကိုရင်စောဆိုသူကို ငေးစိုက်ကြည့်နေကြ၏။

"ငါမေးတာ ပြောစမ်းပါ၊ မင်း...မဝိုင်းမဟုတ်လား..."ဟု မောင်စောက ထပ်၍မေးသည်။

"ဟုတ်ပါတယ်..."ဟု မဝိုင်းက မပွင့်တပွင့် ဖြေ၏။

"အေး...မဝိုင်းတို့ ဘော်နင်းက ပြောင်းသွားကြတယ် ဆိုတဲ့သတင်း တော့ကြားတယ်၊ ဒီကတည်းက မင်းနဲ့ငါ မတွေ့ရဘူး၊ မဝိုင်းကတော့ဟော့ ကြီးလေ လှလေပဲကွ၊ ဟဲ...ဟဲ...ဟဲ"

မောင်စော၏ ခနိုးခနဲ့စကားအတွက် မောင်ညွန့် ထောင်းခနဲဒေါသထွက်သွားကာ မျက်နှာရဲခနဲဖြစ်သွား၏။

"မဝိုင်းတို့ ဘော်နင်းကပြောင်းသွားတာ ကြာလှပြီနော်...ဆယ့်ငါးနှစ်လောက်တော့ ရှိရော့မယ်၊ ဆယ့်ငါးနှစ်သာကြာတယ် မဝိုင်းရုပ်ကတော့ ငယ်ငယ်တုန်းကနဲ့ တယ်ပြီးမထူးခြားလှဘူး၊ ဒါကြောင့်သာ မဝိုင်းကို ငါ ကောင်းကောင်း မှတ်မိတာပေါ့"

အတွင်းကိုယ်ရံတော်ဆိုသူ မောင်စောသည် ပြောပြောဆိုဆို လှည်းပေါ်သို့တက်လာရန် ဟန်ပြင်ရာ...

"မတက်ပါနဲ့ဗျာ"ဟု မောင်ညွန့်က ဟန့်တားလိုက်၏။

"ဟေ့...မင်းက မဝိုင်းနဲ့ ဘာတော်လို့ တားမြစ်ရတာလဲ၊ တက်တယ်ကွာ၊ တက်တော့ ဘာဖြစ်သလဲ"

မောင်စောက ပြောပြောဆိုဆို လှည်းပေါ်သို့ အတင်းတက်လာရာ မောင်ညွန့်က မောင်စော၏ရင်ပတ်ကို တွန်း၍ချ၏။

မောင်စောသည် ကုတ်ကတ်၍ လှည်းပေါ်သို့ အတင်းတက်ကာ မောင်ညွန့်ကို ထိုးကြိတ်လေတော့သည်။

မောင်ညွန့်ကလည်း ပြန်ထိုး၏။ ဦးကြိုင်က "တော်ကြပါ... တော်ကြပါ"ဟု ဆိုကာ အတင်းဆွဲ၏။

မပိုင်းမှာ အကြောက်လွန်ကာ မျက်လုံးကလေးတွေ ဝိုင်း၍နေရှာသည်။

"ရန်ဖြစ်နေတယ်ဗျို့...ရန်ဖြစ်နေတယ်"

ပွဲကြည့်သူတစ်ယောက်က ကုန်း၍ အော်၏။ မောင်စောနှင့်မောင်ညွန့်ကား တစ်ယောက်တစ်ပြန် ထိုးကြကြိတ်ကြတုန်းပင်။

ပွဲကိုစောင့်ကြပ်နေသည့် စော်ဘွားကြီး၏ အတွင်းကိုယ်ရံတော်များ ရန်ဖြစ်ရာဆီသို့ ပြေးလာကြသည်။

မောင်စောနှင့် မောင်ညွန့်တို့ ထိုးကြိတ်ကြသည့် လှုပ်ရှားမှုဒဏ်ကြောင့် လှည်းထောက်ယိုင်သွားကာ လှည်းသည် ဦးစိုက်ကျသွား၏။ ထိုးကြိတ်နေကြသူ နှစ်ယောက်ရော မပိုင်းနှင့် ဦးကြိုင်ပါ ဒလိမ့်ခေါက်ကွေး လှည်းဦးဆီသို့ ယိမ်းယိုင်လဲပြိုသွားကြသည်။

"ဒီကောင်ကိုဖမ်း...ဒီကောင်ကိုဖမ်း"

မောင်စောက စေခိုင်းသည့်အတိုင်း ဝိုင်းရံရောက်လာကြသည့် အတွင်းကိုယ်ရံတော်များသည် မောင်ညွန့်ကို ဖမ်းဆီးကာ အတင်းဆွဲငင်ခေါ်သွားကြသည်။

"ဖကြီးရဲ့ လုပ်ပါဦး၊ ကျွန်မမောင်လေးကို သူတို့ နှိပ်စက်ကုန်ကြတော့မှာပဲ"ဟု မပိုင်းက မျက်ရည်စီးယိုငိုရှိုက်ရင်း ဦးကြိုင်ကို အကူအညီတောင်း၏။

"ဟောဟို ပွဲကြည့်တဲ့နန်းမှာတော့ စော်ဘွားကြီးရှိတယ်၊ စော်ဘွားကြီးဆီ သမီးသွားလျှောက်ပါလား၊ ဖကြီးလည်းလိုက်ခဲ့မယ်"

"လာ သွားမယ်...ဖကြီး"

မပိုင်းနှင့် ဦးကြိုင်တို့သည် စော်ဘွားကြီး ပွဲကြည့်နေသည့် တဲဆီသို့ လာခဲ့ကြ၏။ အနီးသို့ရောက်လျှင် မပိုင်းက စော်ဘွားကြီး၏ တဲအတွင်းသို့ ဝင်မည်ပြုရာ အတွင်းကိုယ်ရံတော်များက တားထားကြသည်။

"ကျွန်မ စော်ဘွားကြီးထံ သွားခွင့်ပြုပါရှင်...၊ ကျွန်မမောင်လေးကိစ္စအတွက် စော်ဘွားကြီးကို လျှောက်စရာရှိလို့ပါ"ဟု မပိုင်းက တောင်းပန်၏။

"မသွားရဘူး၊ စော်ဘွားကြီး ပွဲကြည့်နေတုန်း ဘယ်သူမှ မဝင်ရဘူး"

မဝိုင်းက အတင်းတိုးဝင်၏။ အတွင်းကိုယ်ရံတော်များက တွန်းလား ထိုးလာပြု၏။

ထိုအချင်းအရာကို စော်ဘွားကြီး လှမ်း၍မြင်လေရာ အနီးရှိ ကိုယ်ရံတော်တစ်ယောက်အား "ဟဲ့...ဟိုမှာ ဘာဖြစ်နေကြတာလဲ...ကလေးမတစ်ယောက်လည်းမြင်တယ်...ခေါ်ခဲ့စမ်း...တစ်ခုခုအကြောင်းထူးရှိလိမ့်မယ်..." ဟု ပြောလေရာ ကိုယ်ရံတော်သည် မဝိုင်းဆီသို့ ပြေးလာကာ စော်ဘွားကြီးထံ ခေါ်ဆောင်သွား၏။

မဝိုင်းသည် ကာလ,ဒေသထုံးစံအတိုင်း စော်ဘွားကြီး၏ရှေ့တွင် ဒူးတုပ်၍ထိုင်ကာ လက်ယှက်ရှိခိုလျက်"ကျွန်တော်မ မောင်လေးကို ကိုယ်ရံတော်တွေ ဖမ်းသွားကြပါတယ်ဘုရား...လွှတ်ပေးတော်မူပါ..."ဟု လျှောက်ထား၏။

"မယ်မင်းမောင်ကို ဘာကိစ္စ ဖမ်းသွားကြတာတုံး..."ဟု စော်ဘွားကြီးကမေးသည်။

"ကျွန်တော်မတို့မောင်နှမ လှည့်ပေါ်မှာ ပွဲကြည့်နေကြပါတယ်၊ ကိုယ်ရံတော် ကိုရင်စောက လှည်းပေါ်အတင်းတက်လာလို့ ကျွန်မမောင်လေးက တွန်းချပါတယ်၊ ကိုရင်စောက ကျွန်တော်မ မောင်လေးကို ထိုးပါတယ်၊ ကျွန်တော်မမောင်လေးကလည်း ပြန်ထိုးပါတယ်၊ အဲဒီအတွင်း တခြားကိုယ်ရံတော်တွေရောက်လာကြပြီး ကျွန်တော်မမောင်လေးကို ဖမ်းသွားကြပါတယ်၊ သူတို့ ကျွန်တော်မမောင်လေးကို နှိပ်စက်ကြပါလိမ့်မယ်ဘုရား..."

"ဒီကိစ္စကို နက်ဖြန်မှ ငါကိုယ်တော်တိုင် စစ်ဆေးမယ်..."

"ဟဲ့...ငမှုန် လာစမ်း...သူငယ်ကို ဖမ်းသွားတဲ့ ကိုယ်ရံတော်တွေဆီသွားစမ်း၊ သူငယ်ကို မနှိပ်စက်ကြနဲ့၊ အချုပ်ထောင်ထဲမှာသာချုပ်ထား၊ နက်ဖြန်တော့ ငါကိုယ်တော်တိုင် စစ်ဆေးမယ်လို့ပြော..."

"မှန်လှပါဘုရား..."

ငမှုန်ဆိုသူ ကိုယ်ရံတော် ထွက်သွား၏။

"ကိုင်း...ကလေးမ...အေးအေးသာ ပြန်တော့...မယ်မင်းမောင်ကို မနှိပ်စက်စေရပါဘူး၊ နက်ဖြန်တော့ အမှုအလျောက် စစ်ဆေးတော်မူမယ်"

မဝိုင်းသည် စော်ဘွားကြီးကို ဦးခိုက်ကာ လက်အုပ်ချီရင်း ကုန်း၍ နောက်ပြန်ဆုတ်ခွာခဲ့ရသည်။

"စော်ဘွားကြီး ပြောတာတွေ ဖကြီး ကြားပါတယ်...သမီး ပွဲကြည့်ဦးမလား..."ဟု ဦးကြိုင်က ဆီး၍မေး၏။

"အမယ်လေး...ဖကြီးရယ်...ပွဲကြည့်ဖို့နေနေသာသာ ကျွန်မမောင်အတွက် စိတ်ညစ်လွန်းလို့ သေတောင် သေချင်လှပါပြီ..."ဟု မဝိုင်းက မျက်ရည်သုတ်ရင်း ပြောရှာ၏။

"သမီးတို့က ဘယ်ကလာပြီး ပွဲကြည့်ကြတာတုံး"

"လက်မပင်ရွာကရှင့်..."

"အို...အဝေးသားပါကလား...၊ လက်မပင်ရွာဆိုတာ ဘော်နင်းကလူတွေ ပြောင်းသွားကြတဲ့ရွာမဟုတ်လား"

"ဟုတ်ပါတယ်..."

"ဘော်နင်းက လူတွေကို ဖကြီးသိတာများပါတယ်၊ သမီးက ဘယ်သူ့သမီးတုံး..."

"သမားတော်ကြီး ဆရာခေါင့်သမီးရှင့်..."

"ဟာ...သမားတော်ကြီး ဆရာခေါင်ကို ဖကြီးသိတာပေါ့...စော်ဘွားကြီးတွေ လက်သုံးပြုနေတဲ့ သမားတော်ကြီးပဲ...။ ကိုင်း...ဒီလိုလုပ်ပေတော့...၊ သမီးလည်း လက်မပင်ရွာကို ဒီညပြန်လို့မဖြစ်ဘူး..."

"ကျွန်မမောင်လေး မပါဘဲနဲ့ ကျွန်မ ရွာကိုမပြန်ဘူးရှင့်..."

"ဟုတ်ပြီလေ...ဒီတော့ ဒီလိုလုပ်...ဒီကနေ့ည ဖကြီးတို့အိမ် လိုက်အိပ်ပေတော့...၊ ဖကြီးတို့အိမ်မှာလည်း သမီးတွေရှိပါတယ်၊ နက်ဖြန်ခါကျတော့မှ သမီး မောင့်အမှုစစ်တာကို နားထောင်ပြီး အခြေအနေကြည့်ကြသေးတာပေါ့..."

"ကောင်းပါပြီ...ရှင်..."

ဦးကြိုင်သည် မောင်ညွန့်၏လှည်းကို ကောက်၍ တပ်၏။ မဝိုင်းကိုလှည်းပေါ်တွင်တင်ကာ မိမိ၏အိမ်ရှိရာ သာမိုင်းခမ်းမြို့ထဲသို့ မောင်းခဲ့လေသည်။

ဦးကြိုင်၏အိမ်သို့ ရောက်သောအခါ ဦးကြိုင်က သူ့မယားနှင့် သမီး

များကို အကျိုးအကြောင်း ရှင်းလင်းပြောပြလေရာ အားလုံးက မဝိုင်းကို ဂရုတစိုက် ညှော်ခံပြုစုကြသည်။ မဝိုင်းအိပ်ရန် အိပ်ရာပြင်ဆင်ခင်းကျင်းပေးကြ၏။ ✓

မဝိုင်းမှာ အိပ်ရာထဲသို့ ဝင်သော်လည်း အိပ်၍မပျော်ချေ။ မောင်ညွှန့်အကြောင်းကိုသာ တွေးကာ မောင်ညွှန့် အနှိပ်စက် အညှဉ်းဆဲခံနေရလေပြီလားဟု စိုးရိမ်လျက် အိပ်၍မပျော်နိုင်ဖြစ်ရလေသည်။

စော်ဘွားကြီး၏ တားမြစ်မှုကြောင့် မောင်ညွှန့်မှာ အနှိပ်စက် အညှဉ်းဆဲမခံရသော်လည်း အချုပ်ထောင်အတွင်းမှာ အခင်းမရှိ ခြုံစရာမရှိဖြစ်လျက် ခိုက်ခိုက်တုန်အောင် ချမ်းလွန်းလှရကား တစ်ညလုံး အိပ်၍မပျော်ဖြစ်ရလေသည်။

နောက်နေ့ နံနက်စောစောတွင် ဦးကြိုင်တို့အိမ်က မဝိုင်းအား ထမင်းကျွေးသော်လည်း မဝိုင်းသည် တစ်စေ့မှ မစားနိုင်ရှာပေ။

ဦးကြိုင် ထမင်းစားပြီးလျှင် မဝိုင်းနှင့်အတူ စော်ဘွားကြီး၏ဟော်သို့ လှည်းဖြင့်လာခဲ့ကြ၏။ ဟော်တွင်းသို့ကား မဝင်ရ။ ဟော်၏အပြင်ဘက် အနီးအနားတွင် ရစ်သီ ရစ်သီပြုကာ မောင်ညွှန့်၏အကဲကို တစေ့တစောင်း ကြည့်ရှုနေကြရလေသည်။

မွန်းတည့်အချိန်လောက်သို့ရောက်၍လာ၏။

"ဟော...ဟော...ဟိုမှာ ...ဖကြီး...ကြည့်ပါဦး..."

မဝိုင်းက အလန့်တကြား အော်၍ ပြောလိုက်ရာ ဦးကြိုင် လှည့်ကြည့်လိုက်၏။

မောင်ညွှန့်ကို လက်ပြန်ကြိုးတုပ်ကာ ကိုယ်ရံတော်များ ခေါ်ဆောင်လာလျက် ဟော်အတွင်းသို့ ဝင်သွားသည်။

မဝိုင်းသည် ဟော်အပြင်ဘက်မှ အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြင့် စောင့်စားကြည့်ရှုနေ၏။

ကိုယ်ရံတော်များသည် မောင်ညွှန့်ကို စော်ဘွားကြီးထံသို့ ပို့ဆောင်ကြရာ မောင်ညွှန့်သည် ဒူးတုပ်ခေါင်းငုံ့လျက်ခစားနေ၏။

"လျှောက်စမ်း...ဘာအရေးအခင်းလဲ..."ဟု စော်ဘွားကြီးကမေးသည်။

"ညက ပွဲခင်းထဲမှာ သူ ကျွန်တော်မျိုးကို ထိုးပါတယ်..."ဟု မောင်စောက လျှောက်၏။

"အကြောင်းမဲ့ထိုးသလား..."

"ဟုတ်ပါတယ်...အကြောင်းမဲ့ ထိုးတာပါဘုရား"

"မဟုတ်ပါဘူး သူကစထိုးတာပါ..."ဟု မောင်ညွန့်က ဝင်၍လျှောက်၏။

"တိတ်...ကိုယ်ရံတော်လျှောက်ပစေ..."ဟု စော်ဘွားကြီးက မောင်ညွန့်ကို ဟန့်တားလိုက်သည်။

မောင်စော လျှောက်၏။ "လှည်းပေါ်မှာထိုင်ပြီး ပွဲကြည့်နေတဲ့ ကျွန်တော်မျိုးအသိ မိန်းကလေးနဲ့ ကျွန်တော်မျိုး စကားပြောနေပါတယ်၊ မိန်းကလေးက လှည်းပေါ်တက်ခဲ့ပါခေါ်လို့ တက်အသွားမှာ ဒီကောင်က ကျွန်တော်မျိုးကို တွန်းထိုးချပါတယ်..."

"ဟုတ်သလား...မောင်မင်းက ငါ့ကိုယ်ရံတော်ကို လှည်းပေါ်ကတွန်းထိုးချသလား..."ဟု စော်ဘွားကြီးက မောင်ညွန့်ကိုမေး၏။

"ကျွန်တော်မျိုးက လှည်းပေါ်မတက်ပါနဲ့လို့ပြောပြီး သူ့ကို တွန်းတာပါ၊ ဒီတော့ သူက ကျွန်တော်မျိုးကို ထိုးပါတယ်..."

"မောင်မင်းကကော ပြန်မထိုးဘူးလား..."

"သူက စထိုးတော့ ကျွန်တော်မျိုးကလည်း ထိုးမိပါတယ်..."

"တော်တော့...မောင်မင်းဟာ ငါ့ကိုယ်ရံတော်ကို စော်ကားတဲ့ ရာဇဝတ်ကောင်ဖြစ်တယ်၊ ကြိမ်ဒဏ် အချက်နှစ်ဆယ်ခံစေ၊ ကြိမ်ဒဏ်ကို ငစောက ရိုက်နှက်စေ..."

"ကျွန်တော်မျိုး..."

မောင်ညွန့်က ထပ်မံလျှောက်ထားမည်ဟု စကားစလိုက်စဉ်တွင် ကိုယ်ရံတော်များသည် မောင်ညွန့်ကို အတင်းဆွဲခေါ်သွားကြ၏။

ကိုယ်ရံတော်များဆွဲခေါ်ကာ ဟော်တွင်းမှ ထုတ်လာသော မောင်ညွန့်ကို မပိုင်းနှင့် ဦးကြိုင်တို့က မျက်တောင်မခတ် ငေးစိုက်ကြည့်ရှုနေကြသည်။

ကိုယ်ရံတော်များသည် မောင်ညွန့်ကို လက်ဝါးကပ်တိုင်အနီးသို့ ခေါ်ဆောင်သွားကြကာ မောင်ညွန့်၏အင်္ကျီကို ဆုတ်ဖြဲ၍ ချွတ်ပစ်လိုက်ကြသည်။

ဘောင်းဘီကိုလည်း အထက်သို့ ပင့်လိပ်၍တင်ကာ ခါးတောင်းကြိုက်ထားသည့်သဖွယ် ပြုလုပ်ပေးကြ၏။ ထို့နောက် လက်ပြန်ကြိုးကိုဖြေကာ မောင်ညွန့် ၏ လက်နှစ်ဖက်နှင့် ခြေနှစ်ဖက်ကို လက်ဝါးကပ်တိုင်တွင် တစ်ဖက်စီ တုပ်နှောင်လိုက်ရာ မောင်ညွန့်မှာ လေးဖက်လေးတန် ကား၍နေလေသည်။

မောင်စောသည် ကြိမ်တုတ်တုတ်ရှည်ရှည်ကြီး တစ်ချောင်းကို လက်တွင်ကိုင်ဝင့်ကာ ဟန်ရေးပြ၍နေ၏။

"ဖကြီးရဲ့...ကျွန်မမောင်လေးကို ရိုက်ကြတော့မလို့...မောင်လေး တော့ သေတော့မှာပါပဲ..."ဟု မပိုင်းက ငိုရှိုက်ရင်း ဦးကြိုင်ကို ပြောရာ သည်။

"သေတော့မသေနိုင်ပါဘူး သမီးရယ်...နာရုံပါပဲ...ပြီးတော့မှ ဆေး ကုယူရမှာပ..."ဟု ဦးကြိုင်က စိတ်မချမ်းသာဟန်ဖြင့် ပြန်ပြော၏။

အနီးအနားတွင် သွားလာနေကြသူများသည် ကြိမ်ဒဏ်ပေးမည့်ပွဲကို ဝိုင်းအုံကြည့်ရှုနေကြသည်။

"ဟေ့ကောင်...နင် အခု ဘာတတ်နိုင်သေးသလဲ...လူပါးဝတဲ့ခွေး သား သေပေတော့..."

မောင်စောက ကြုံးဝါးရင်း "ရွှမ်း"ခနဲ တစ်ချက်ချလိုက်ရာ မောင်ညွန့် မှာ မျက်နှာရှုံ့မဲ့ကာ တွန့်ခနဲဖြစ်သွား၏။

မပိုင်းသည် မကြည့်ရက်သဖြင့် မျက်နှာကလေး လက်ဖြင့်ပိတ်ကာ ထားလေသည်။

"ရွှမ်း...ရွှမ်း...ရွှမ်း...ရွှမ်း"

ကြိမ်သံများကား တစ်ချက်ပြီးတစ်ချက် ဆက်တိုက်ပေါ်လာသည်။ မောင်ညွန့်သည် ထွန့်ထွန့်လူး၍ နေရှာ၏။ တင်ပါး၊ ပေါင်တို့တွင် သွေး ရောင်လွှမ်းသော အစင်းကြီးများ အလျှိုးလိုက် အလျှိုးလိုက် ပေါ်လာ၏။ အချို့အလျှိုးများမှ သွေး တစ်စက်တစ်စက် ထွက်၍ပင်နေလေသည်။

"မောင်လေး သေပါပြီ...ဖကြီးရဲ့..."ဟု မပိုင်းက အော်ကာ လဲကျ သွားရာ ဦးကြိုင်က ပွေ့ထူထားရ၏။

ကြိမ်ဒဏ် အချက် ၂၀ ပြည့်သောအခါတွင်ကား မောင်ညွန့်မှာ နာကျင်လွန်းသည့်ဒဏ်ချက်ကြောင့် သတိလစ်ကာ ခေါင်းငိုက်စိုက်ကျ၍

နေတော့သည်။ မောင်ညွန့်၏ လက်ခြေတို့ကို တုပ်နှောင်ထားသည့် ကြိုးများကို လက်ဝါးကပ်တိုင်မှ ဖြေလိုက်သောအခါ မောင်ညွန့်သည် ပုံလျက်ကျသွား၏။

"ဒီကောင်က ဘယ်သူယူမှာလဲ..."ဟု ကိုယ်ရံတော်တစ်ယောက်က အော်၍မေးသည်။

"စောင့်နေပါတယ်၊ ဝင်ခေါ်ရမလား..."ဟု ဦးကြိုင်က ဟော်ဝင်းအပြင်ဘက်မှ အော်၍ပြော၏။

"လာခေါ်..."

ဦးကြိုင်သည် မဝိုင်းနှင့်အတူ ဟော်ဝင်းအတွင်းသို့ ဝင်လာကာ မောင်ညွန့်ကို ပွေ့ချီယူရသည်။ ဟော်ဝင်းအပြင်သို့ ရောက်သောအခါ ယခင်က ဝိုင်းအုံကြည့်ရှုနေကြသူများကပါ မောင်ညွန့်ကို ပွေ့ချီကာ လှည်းပေါ်သို့ တင်ပေးကြ၏။ အချို့က လှည်းတွင်နွားတပ်ပေးကြ၏။

မဝိုင်းက မောင်ညွန့်ကိုပွေ့ထားသည်။ ဦးကြိုင်က လှည်းမောင်းခဲ့၏။ ကြည့်နေသူများက စုတ်တသတ်သတ်ဖြင့် ကျန်ရစ်ကြလေသည်။

"မောင်လေး...မောင်လေး"

မဝိုင်းက မောင်ညွန့်ကို ပွေ့ထားရင်း စိုးရိမ်တကြီးခေါ်ကြည့်၏။

မောင်ညွန့်သည် မျက်လုံးမသိမသာဖွင့်ကာ မဝိုင်းကို ငေးစိုက်ကြည့်နေသည်။

"မောင်လေး...ဘယ်လိုနေလဲ...သိပ်နာမှာပေါ့နော်..."ဟု မဝိုင်းက ကရုဏာအပြည့်ဖြင့် ပြောလိုက်သည်။

"နာတာပေ့၊ သို့ပေမဲ့ မသေနိုင်ပါဘူး၊ ယောကျ်ားပဲ"ဟု မောင်ညွှန့်က အံကြိတ်ကာ ပြောလိုက်သည်။

"မသေရင် တော်ပါပြီ မောင်လေးရယ်၊ မောင်လေးသာ သေသွားရင် အစ်မဝိုင်းလည်း သေမှာပါပဲ..."ဟု မဝိုင်းက မျက်ရည်စက်လက်ဖြင့် ပြောရှာသည်။

မဝိုင်း၏ ကြင်နာယုယသော စကားအတွက် မောင်ညွန့် အားတက်သွား၏။ ဒဏ်ရာဒဏ်ချက်ပင် အတော်သက်သာသွားသယောင် ထင်ရ၏။

"လက်မပင်ရွာ မောင်းမှထင်တယ်နော်...သမီး"ဟု လှည်းမောင်းလာခဲ့သည်။ ဦးကြိုင်က မေးသည်။

"ဟုတ်ကဲ့...ကျွန်မတို့ရွာကို မြန်မြန်ရောက်အောင် မောင်းပါ ဖကြီးရယ်..."

ဦးကြိုင်သည် နွားများကို သုတ်သုတ်နှင်၏။ လှည်းဆောင့်တိုင်းဆောင့်တိုင်း မောင်ညွန့်၏ဒဏ်ရာများက ပို၍နာသဖြင့် တွန့်ခနဲ တွန့်ခနဲ ဖြစ်သွားသည်။ မောင်ညွန့် တွန့်ခနဲဖြစ်လျှင် မပိုင်းက ပိုမိုတင်းကျပ်စွာ ဖက်၍ထား၏။ မပိုင်း တင်းတင်းကျပ်ကျပ်ဖက်လိုက်လျှင် ဝေဒနာ တော်တော်သက်သာသွားသည်ဟု မောင်ညွန့် ထင်မှတ်မိလေသည်။

ညနေစောင်းအချိန်တွင် မောင်ညွန့်ကို တင်ဆောင်ခဲ့သည့် လှည်းသည် လက်မပင်ရွာသို့ ဝင်လာရာ လက်မပင်ရွာသူရွာသားတို့ တအံ့တဩ ဝိုင်းအုံကြည့်ရှုကာ မေးမြန်းစုံစမ်းကြ၏။

ဦးကြိုင်က အကျိုးအကြောင်းရှင်းလင်းပြောပြရာ ရွာသူရွာသားတို့သည် စိတ်သပ်ကြ၊ တောက်ခေါက်ကြ၊ လက်သီးလက်မောင်းဆုပ်ကြဖြင့် မခံမရပ်နိုင်ဖြစ်ကြရသည်။

ရွာသူရွာသားတို့သည် မောင်ညွန့်ကို တင်ဆောင်လာသည့် လှည်းနောက်မှ ဝိုင်းအုံကာ လိုက်လာကြ၏။ မပိုင်းတို့အိမ်ရှေ့တွင် လှည်းဆိုက်သောအခါ ရွာသားများသည် မောင်ညွန့်ကို ပွေ့ချီလျက် အိမ်ပေါ်သို့ ယူဆောင်သွားကြသည်။

"အမယ်လေး...ငါ့သားလေး ဘယ်လိုဖြစ်လာပါလိမ့်..."

မပိုင်းအမေ အရီးစုံက ရင်ပတ်စည်တီး မြည်တမ်းရှာသည်။

"ပြောကြစမ်းပါဦး...ဘယ်လိုဖြစ်ပုံတုံး..."ဟု ဆရာခေါင်ကလည်း ထိတ်ထိတ်ပျာပျာဖြင့် မေးသည်။

ဦးကြိုင်က ရှင်းပြ၏။ "ညက ပွဲခင်းမှာ ကိုယ်ရံတော် မောင်စောက လှည်းပေါ်အတင်းတက်လို့ မောင်ညွန့်က တွန်းချတယ်၊ မောင်စောက မောင်ညွန့်ကို ထိုးတယ်၊ မောင်ညွန့်ကလည်း မောင်စောကို ပြန်ထိုးတယ်၊ ဒီအမှုအတွက် စော်ဘွားကြီးက ကြိမ်ဒဏ်အချက်နှစ်ဆယ်ပေးလို့ အရိုက်ခံရတာပဲ"

"ဟဲ့...ဒီလိုဆိုရင် ဖွဲကြမ်းနှင့် မြင်းချေး မြန်မြန်ရှာကြ၊ တစ်ယောက်က ချင်းတက်နဲ့ မိဿလင်ဥ သွေးစမ်း၊ ရေနွေးအိုးလည်း မြန်မြန်တယ်"ဟု ဆရာခေါင်က ခိုင်းရာ ရွာသားများ မြန်မြန်ထက်ထက် လုပ်ဆောင်ကြသည်။

မောင်ညွန့်မှာ အိပ်ရာထက်တွင် ပက်လက်ကလေး မှိန်းနေ၏။ မဝိုင်းက မောင်ညွန့်အနီးတွင်ထိုင်ကာ ယုယပိုက်ထွေးထားသည်။

"ဟဲ့...ကျောက်တောရွာကို တစ်ယောက်ပြေးစမ်း၊ ညွန့်မိဘများကို ခေါ်ချေ၊ ကိစ္စရှိလို့ နှစ်ယောက်စလုံး လာခဲ့ပါဦးသာပြော၊ ညွန့် အဖြစ်သနစ်ကို ပြောမပြနဲ့၊ ပြောပြရင် ထိပ်မြွေပေါက်သလို သောကသိပ်များကုန်ကြမယ်..."

ဆရာခေါင်၏ စေခိုင်းချက်အတိုင်း ရွာသားတစ်ယောက်က ကျောက်တောရွာဘက်သို့ အပြေးအလွှားသွား၏။

မြင်းချေးနှင့် ဖွဲကြမ်းရှာသူ ရောက်လာရာ မြင်းချေးနှင့်ဖွဲကြမ်းကို ထုပ်လျက် ရေနွေးတွင်ပြုတ်ကာ မောင်ညွန့်၏ဒဏ်ရာများကို ကျပ်ထုပ်ထိုး၍ပေး၏။

မဝိုင်း၊ ဆရာခေါင်၊ အရီးစုံ၊ ဦးကြိုင်နှင့် ရွာသူရွာသားများသည် မောင်ညွန့်၏အနီးတွင် ဝိုင်းထိုင်ကြကာ စိတ်မချမ်းသာသည့် မျက်နှာများဖြင့် စူးစိုက်ကြည့်ရှုနေကြသည်။

"ပြောစမ်းပါဦး...၊ ကိုရင်က ဘယ်မှာနေတာတုံး..."ဟု ဦးကြိုင်ကို မေး၏။

"ကျွန်တော် သာမိုင်းခမ်းမှာ နေပါတယ်၊ ညက ဒီကလေးတွေ လှည်းပေါ် တက်ပြီး ပွဲကြည့်နေတုန်း အခင်းပေါ်လာတာနဲ့ ကလေးမကို ကျွန်တော်တို့အိမ် ခေါ်သိပ်ပါတယ်၊ မနက်က ကလေးမနဲ့အတူ ဟော်တော်သွားပြီး ကြည့်ကြတော့ ကြိမ်ဒဏ်ပေးတာ တွေ့ရလို့ လှည်းပေါ်တင်ပြီး ခေါ်ခဲ့တာပါပဲ၊ ကျွန်တော်ကတော့ သမားတော်ကြီးကို သိပါတယ်"

"ဟင် ဟုတ်လား၊ ခင်ဗျားနာမည် ဘယ်သူတဲ့တုန်း"

"မောင်ကြိုင်ပါ..."

"ကိုကြိုင်ကို အများကြီးကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျားသာ မကူညီရင် ဒီကလေးတွေ ဒီရွာပြန်ရောက်ဖို့တောင် ခပ်ခက်ခက်ပဲ..."

"ကျွန်တော်လည်း သူတို့အဖြစ်ကို တွေ့ရ မြင်ရ ကြားရတော့ သားသမီးချင်းစာပြီးကူညီတာပါ..."

"ဟဲ့...ဟဲ့...ကျပ်ထုပ်ထိုးတာ ခဏရပ်လိုက်ဦး၊ ချင်းနဲ့မိဿလင်သွေးပြီးပလား..."ဟု ဆရာခေါင်ကမေးရာ ရွာသားတစ်ယောက်သည် ချင်းနှင့် မိဿလင်သွေးပြီး ထည့်ထားသည့် စဥ့်အင်တုံကလေးကို ဆရာခေါင်ထံသို့ ယူလာ၏။

"ဆားကော ပါပလား..."

"ပါပါတယ်၊ အရီးစုံ ထည့်ပေးပါတယ်"

"ကိုင်း...သမီးက ညွှန့်ကို ဆေးလူးပေး"

မဝိုင်းသည် မောင်ညွှန့်ကို အသာအယာ ဆေးလိမ်းပေး၏။ မောင်ညွှန့်မှာ တစ်ခါတစ်ခါတွင် ရှုံ့မဲ့ရင်းခံသည်။

"နာသလား မောင်လေး..."ဟု မဝိုင်းက ကြင်နာသံဖြင့်မေး၏။

"စောစောကလောက်တော့ မနာပါဘူး၊ တော်တော်နေသာထိုင်သာရှိသွားပါပြီ"

"အေးကွယ်...တဖြည်းဖြည်းတော့ သက်သာသွားပါလိမ့်မယ်...ရိုင်းလိုက်လေကွာ...ရှီး..."ဟု ဆရာခေါင်က မကျေနပ်သံကြီးဖြင့် ပြောလိုက်သည်။

"ရောက်လာပလား...လာကြ...လာကြ"

မောင်ညွှန့်၏ဖခင် ဦးမာလာနှင့် မိခင် အရီးနန်းကြာတို့ အိမ်ပေါ်သို့ တက်လာကြသဖြင့် ဆရာခေါင်က ခေါ်လိုက်သည်။

"အမယ်လေး...လူကလေး ဘယ်လိုဖြစ်ရတာတုန်း..."

အရီးနန်းကြာက ရင်ဘတ်စည်တီး ရှိုက်ကြီးတငင် အော်ဟစ်ကာ မောင်ညွှန့်ကို ပွေ့ဖက်ထားသည်။

"ဘယ်လိုဖြစ်ပုံလဲ ပြောစမ်းပါဦး..."ဟု ဦးမာလာက မေး၏။

ဆရာခေါင်က ဖြစ်ပုံ ပျက်ပုံ အလုံးစုံကို ရှင်းလင်း ပြောပြသည်။

"တယ်ရက်စက်တဲ့ လူတွေပဲ...တောက်..."

ဦးမာလာက ပြောရင်း မကျေမနပ်ဖြစ်ကာ တောက်တစ်ချက် ပြင်းထန်စွာ ခေါက်လိုက်၏။

"မြေနိမ့်ရာလှံစိုက်တဲ့ အခမ္ဘလောကသားတွေ မရှိရင် ဒီလောကကြီး ကောင်းသွားမှာပဲ..."ဟု ဆရာခေါင်က ပြောလိုက်သည်။

"လူကလေးကို ကျွန်မတို့ အိမ်ခေါ်သွားမှ ထင်ပါရဲ့"ဟု အရီးနန်းကြာက ပြော၏။

"ဒီမှာပဲ ထားပါလား...အရီးရယ်...ကျွန်မ ပြုစုပါရစေ"ဟု မဝိုင်းက ဆိုသည်။

"ဟုတ်တယ်...ဒီအိမ်မှာပဲထား...အားလုံး ဝိုင်းပြီးပြုစုကြမှာပေါ့...၊ ကိုမာလာနဲ့ မနန်းကြာလည်း ဒီမှာပဲနေကြ။ သိပ်စိုးရိမ်စရာ မရှိပါဘူး၊ မကြာခင် သက်သာမှာပါ"ဟု ဆရာခေါင်က ပြောသည်။

"လူကလေး...ဘယ်လိုနေတုန်း"ဟု အရီးနန်းကြာက မောင်ညွန့်ကို မေး၏။

"တော်တော်သက်သာသွားပါပြီ။ စိုးရိမ်စရာ မရှိပါဘူး။ ကျွန်တော် မသေနိုင်ပါဘူး အမေ"ဟု မောင်ညွန့်က အံကြိတ်ကာ ပြောသည်။

မဝိုင်းကား မနားမနေ မောင်ညွန့်ကို ဆေးလူးပေး၏။ ကျပ်ထုပ်ထိုးပေး၏။ ယင်းသို့ပြုစုရင်း စိုးရိမ်စိတ်ကြောင့် တုန်တုန်ယင်ယင် ဖြစ်နေရှာသည်။

"သမီးကို ကျေးဇူးတင်ပါသကွယ်။ ပြုစုဖော်ရပေတယ်..."ဟု အရီးနန်းကြာက ဆို၏။

"ပြုစုရမှာပ...။ သူ ပွဲသွားချင်လို့ ဒီလိုဖြစ်ရတာကိုး"ဟု အရီးစုံက ပြော၏။

"ဟုတ်ပါတယ် ကျွန်မကြောင့် ဒီလိုဖြစ်ရတာပါ"ဟု မဝိုင်းက မျက်နှာငယ်ကလေးဖြင့် ပြောသည်။

"ပွဲကို သွားချင်တာက အစ်မဝိုင်း မဟုတ်ပါဘူး ကျွန်တော်ပါ။ ကျွန်တော်သွားချင်လို့ အစ်မဝိုင်းက လိုက်ရတာပါ"ဟု မောင်ညွန့်က ဝင်ပြော၏။

"အေးကွယ်...တစ်ယောက်ကိုတစ်ယောက် အပြစ်ဖို့မနေကြပါနဲ့တော့။ လက်သည်အစစ်ကတော့ မင်းတို့မဟုတ်ပါဘူး။ စော်စော်ကားကား နှိပ်စက်ကလူပြုတတ်တဲ့ လူတွေက လက်သည်ပါ"ဟု ဆရာခေါင်က ပြောသည်။

"ကိုင်း...လူကလေးလည်း အတော်သက်သာသွားပေါ့ဘဲ။ ကျွန်တော် ပြန်လိုက်ပါဦးမယ်"ဟု ဦးကြိုင်က ဆို၏။

"သာမိုင်းခမ်းကို ပြန်ရမယ် မဟုတ်လား။ ထမင်းစားသွားပါဦး။ လှည်းနဲ့လိုက်ပို့ပါမယ်"ဟု ဆရာခေါင်ကပြောသည်။

"ဟုတ်ပါတယ် အဖ၊ ဦးကြိုင် ကျေးဇူး အင်မတန်ကြီးပါတယ်။ ညက မောင်လေးကို ကိုယ်ရံတော်တော ဖမ်းသွားတော့ ဒီဖကြီးရှိလို့သာပ။ ဖကြီးသာမရှိရင် ကျွန်မ အကြီးအကျယ် ဒုက္ခရောက်ရတော့မှာပဲ။ ဖကြီး ကျေးဇူးကို ကျွန်မ တစ်သက်လုံး မမေ့ပါဘူးရှင်"ဟု မဝိုင်းကပြောသည်။

"သည်လိုပေါ့ကွယ်။ ဒို့တောသူတောင်သား ဆင်းရဲသားတွေဟာ တစ်ယောက်မှာ အကြောင်းရှိရင် တစ်ယောက်က ကူညီတတ်မြဲ ဓမ္မတာပဲ"

"ဦးကြိုင် ထမင်းပြင်ပြီးပါပြီ"ဟု ဒေါ်စုံက ပြောသဖြင့် ဦးကြိုင်၊ ဆရာခေါင်၊ ဦးမာလာတို့ ထမင်းစားကြ၏။ ထမင်းစားပြီးလျှင် ဆရာခေါင်က တပည့်တစ်ယောက်အား ဦးကြိုင်ကို သာမိုင်းခမ်းသို့ လှည်းဖြင့်ပြန်ပို့ရန် စေခိုင်းလိုက်သည်။

"ကိုင်း...သွားပေါ့နော်၊ သာမိုင်းခမ်းများ ရောက်ရင်လည်း ဝင်ကြပါ"ဟု ဦးကြိုင်က နှုတ်ဆက်၏။

"ဟုတ်ကဲ့...၊ ကျုပ်တို့ရွာရောက်ရင်လည်း ဝင်ပါဗျာ။ တစ်ယောက်နဲ့တစ်ယောက် ဆွေမျိုးသားချင်းလို သဘောထားကြတာပ"ဟု ဆရာခေါင်က ပြော၏။

ဦးကြိုင်သည် လှည်းဖြင့် သာမိုင်းခမ်းသို့ ပြန်သွားလေသည်။

မဝိုင်းကား မနားမနေ မောင်ညွှန့်ကို ဆေးလူးပေးမြဲ၊ ကျပ်ထုပ်ထိုးပေးမြဲတည်း။

"ကျွန်တော် တော်တော်သက်သာသွားပါပြီ။ အစ်မဝိုင်း ပင်ပန်းလှရော့မယ် နားပါဦး..."ဟု မောင်ညွှန့်က တောင်းပန်ယူရ၏။

"အစ်မဝိုင်း မပင်ပန်းပါဘူး မောင်လေးရယ်။ မောင်လေး အတွက်ဆိုရင် အစ်မဝိုင်း ဘာလုပ်ရ လုပ်ရ ပင်ပန်းတယ်လို့ မအောက်မေ့ပါဘူး"ဟု မဝိုင်းက စေတနာအပြည့်ဖြင့် ပြော၏။

ထိုနေ့ညတွင် အခြားသူများ အိပ်စက်ကြပြီ ဖြစ်သော်လည်း မဝိုင်းသည် မအိပ်သေးဘဲ မောင်ညွန့်ကို ပြုစုယုယနေသည်။

မောင်ညွန့်၏ အိပ်ရာအနီးတွင် မီးဖိုထား၏။ မီးဖိုပေါ်တွင် ရေနွေးအိုးတစ်လုံးတည်လျက် ရေနွေးအိုးကို အဝတ်စတစ်ခုဖြင့် ဖုံးပိတ်စည်းနှောင်ထားသည်။

မဝိုင်းသည် မြင်းချေးနှင့် ဖွဲရောကာ ထုပ်ထားသော ကျပ်ထုပ်ကို ရေနွေးအိုးပေါ်တွင် တင်ပြီးနောက် အတန်ပူလာသောအခါ မောင်ညွန့်၏ ဒဏ်ရာများကို ကျပ်ထုပ်ထိုးပေးသည်။

"အစ်မဝိုင်းကို ကျွန်တော် သိပ်ကျေးဇူးတင်တာပဲ"ဟု မောင်ညွန့်က မဝိုင်း၏မျက်နှာလှလှကလေးကို စူးစိုက်စွာ ကြည့်ရှုရင်းပြော၏။

"ကျေးဇူးတင်ပို့ မလိုပါဘူး မောင်လေးရယ်။ အစ်မဝိုင်းက မောင်လေးကိုချစ်တော့ မောင်လေးအတွက် အစ်မဝိုင်း ဘာမဆို လုပ်ပေးမှာပါပဲ"

"ကျွန်တော်လည်း အစ်မဝိုင်းကို ချစ်တယ်။ အစ်မဝိုင်းကို တစ်သက်လုံး ချစ်နေချင်တယ်"

"ချစ်ရပါတယ်လေ...အခုလည်း ချစ်နေကြတာပဲ။ နောက်ကိုလည်း တစ်သက်လုံး ချစ်သွားကြရမှာပ"

"အစ်မဝိုင်း အိမ်ထောင်ပြုသွားရင် ကျွန်တော် အခုလို ချစ်ရတော့မှာ မဟုတ်ဘူး။ အစ်မဝိုင်းယောကျ်ားကသာ အစ်မဝိုင်းကို ချစ်တော့မှာ။ အစ်မဝိုင်းကလည်း အစ်မဝိုင်းယောကျ်ားကို ချစ်တော့မှာပေါ့"

"ဒီလိုဆိုရင် အစ်မဝိုင်း တစ်သက်လုံး အိမ်ထောင်မပြုဘဲ အပျိုကြီးလုပ်နေမယ်။ မောင်လေးလည်း အိမ်ထောင်မပြုနဲ့။ လူပျိုကြီးလုပ်နေ"

မဝိုင်းက မောင်ညွန့်ကို ပြုံးပြုံးကလေးကြည့်ကာ ပြောလိုက်၏။

မောင်ညွန့်သည် ဘယ်စိတ် ဘယ်လက် ပေါက်လာသည်မသိ။ မဝိုင်း၏လက်ကလေးကို ဖျတ်ခနဲ ဆွဲလိုက်ကာ မဝိုင်း၏မျက်နှာကို စားမတတ် ဝါးမတတ် စူးစိုက်ကြည့်ရှုနေသည်။

မဝိုင်းကလည်း ကြည်လင်တောက်ပသော မျက်လုံးကလေးများဖြင့် မောင်ညွန့်ကို စိုက်ကြည့်နေ၏။

မဝိုင်း၏လက်ကို ဆွဲကိုင်ထားသည့် မောင်ညွန့်၏လက်မှာ တဆတ်ဆတ်တုန်နေလျက် မောင်ညွန့်၏ရင်တွင်းမှာ တဖျပ်ဖျပ် ခုန်နေသည်။

"အစ်မဝိုင်းရယ်... အစ်မဝိုင်းနဲ့ ကျွန်တော် တစ်သက်လုံး ချစ်နိုင်အောင် မင်္ဂလာဆောင်ကြပါစို့လား အစ်မဝိုင်းရယ်..."ဟု မောင်ညွန့်က ကတုန်ကယင်အသံဖြင့် ပြောလိုက်သည်။

မဝိုင်း၏မျက်လုံးများမှာ တလက်လက် အရောင်ထွက်ကာ မောင်ညွန့်ကို မျက်တောင်မခတ် ကြည့်ရှုနေ၏။

"အစ်မဝိုင်းနဲ့ မောင်လေးဟာ အရွယ်ချင်းမမျှဘူး မဟုတ်လားကွယ်။ အစ်မဝိုင်းက မောင်လေးထက် ဆယ်နှစ်လောက်ကြီးတာ၊ ဒီတော့ မောင်လေးနဲ့ အစ်မဝိုင်း မင်္ဂလာဆောင်ရင် လူတွေကဲ့ရဲ့ကြတော့မှာပေါ့"

"ချိုးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက် ဆိုတဲ့စကား ရှိတယ်မဟုတ်လား အစ်မဝိုင်းရဲ့။ တော်တော်ကြာရင် ကဲ့ရဲ့တဲ့လူတွေ မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြမှာပါဘဲ။ နောက်ပြီးတော့ အစ်မဝိုင်းနဲ့ ကျွန်တော် ပေါင်းချင်ရက်နဲ့ မပေါင်းရရင် စိတ်မကောင်း ဖြစ်ရမှာက ကျွန်တော်တို့ မဟုတ်လား။ ကဲ့ရဲ့တဲ့လူတွေက အနေသာကြီး။ ဘာမျှဖြစ်ကြမှာ မဟုတ်ဘူး"

"အစ်မဝိုင်းက မောင်လေးထက် အသက်ကြီးနေတော့ မောင်လေးက အစ်မဝိုင်းကို တစ်သက်လုံး ချစ်နိုင်မယ် မထင်ပါဘူး။ တော်တော်ကြာရင် အစ်မဝိုင်းကို ရိုးသွားပြီး မောင်လေးနဲ့ ရွယ်တူတန်းတူကို ချစ်သွားမှာစိုးတယ်။ အဲဒီလို လုပ်သွားရင်တော့ အစ်မဝိုင်း ရင်ကွဲနာကျပြီး သေရတော့မှာပဲ"

"စိတ်ချပါ အစ်မဝိုင်းရယ်။ အစ်မဝိုင်းကို မောင်လေး ဘယ်တော့မှ အချစ်မပြယ်ပါဘူး။ သစ္စာမဖောက်ပါဘူး ဆိုတာ ဘုရားမှာ သစ္စာဆိုထားပါ့မယ်"

မောင်ညွန့်သည် ပြောပြောဆိုဆို မဝိုင်းကို ပွေ့ဖက်ထားသည်။ မဝိုင်းသည်လည်း မောင်ညွန့်၏ ရင်ခွင်ထက်တွင် ပုံ့ပုံ့ကလေး အလိုက်သင့်နေရှာသည်။

"မောင်လေးနဲ့ မင်္ဂလာဆောင်တော့နော်... အစ်မဝိုင်း"ဟု မောင်ညွန့်က အားတက်သရော ပြော၏။

"မောင်လေးစိတ်ကို မောင်လေး စဉ်းစားကြည့်လေ…။ တော်တော်ကြာတော့သာ အသက်ကြီးတဲ့ အစ်မဝိုင်းကို မုန်းသွားမှာ စိုးလွန်းလို့ပါ…"

"မစိုးရိမ်ပါနဲ့ အစ်မဝိုင်းရယ်…။ အစ်မဝိုင်းကို တစ်သက်မဟုတ်ပါဘူး ဘဝဆက်တိုင်း ဆက်တိုင်း ချစ်နေမှာပါ…"

မောင်ညွန့်မှာ အငမ်းမရဖြစ်ကာ မဝိုင်းကို တင်းကျပ်စွာ ပွေ့ဖက်ထား၏။ မဝိုင်းကလည်း မောင်ညွန့် ပြုသမျှကို အလိုက်သင့် ခံနေရှာသည်။

○

# (၂၂)

"အဖနဲ့ အမေကို ကျွန်တော် ပြောချင်တာကလေး ရှိပါတယ်..."

မောင်ညွှန့်သည် သူ့မိဘနှစ်ပါး၏ အနီးတွင်ထိုင်ကာ မဝံ့မရဲ ပြောလိုက်၏။

"ဘာပြောချင်လို့တုံး... လူကလေး..."ဟု ဦးမာလာက အံ့ဩသံဖြင့် မေးလိုက်သည်။

"ကျွန်... ကျွန်တော်... ကျွန်တော်နဲ့ အစ်မဝိုင်း..."

မောင်ညွှန့်သည် ထစ်ထစ်ငေါ့ငေါ့ ပြောရင်း စကားအဆုံးမသတ်ဘဲ ခုလတ်တွင် ပြတ်သွားသည်။

"ပြောစမ်းပါဦး... လူကလေးနဲ့ မဝိုင်း ဘာဖြစ်ကြလို့တုံး..."ဟု အရီးနန်းကြာက ထိတ်ထိတ်ပြာပြာ မေးလိုက်သည်။

"ကျွန်တော်နဲ့ အစ်မဝိုင်း ချစ်နေကြပါတယ်..."ဟု မောင်ညွှန့်က မပွင့်တပွင့် ပြောလိုက်၏။

"ဟင်... ဟုတ်လား... ချစ်နေကြတယ် ဆိုတာက ကြိုက်နေကြတာကို ပြောတာလား"ဟု အရီးနန်းကြာက ပျာပျာသလဲ မေးသည်။

"ဟုတ်ပါတယ်..."ဟု မောင်ညွှန့်က လေသံကလေးဖြင့် ဖြေ၏။

"အမေတို့ကတော့ မင်းတို့ချင်း မောင်လို နှမလို ချစ်နေကြတယ်လို့ ထင်မိတာကိုး... လက်စသတ်တော့ ကြိုက်နေကြတာတဲ့...၊ ဒီကိစ္စကို ဘယ်လိုလုပ်ရမှာတုံး...၊ ကိုမာလာက ပြောစမ်းပါဦး..."ဟု အရီးနန်းကြာက ကြံရာမရ အမူအရာဖြင့် ပြောလိုက်သည်။

"ကြိုးချင်းထားတော့ငြိ အိုးချင်းထားတော့ ထိဆိုတဲ့ စကားအတိုင်း ပေါ့ကွာ... ယောက်ျားကလေးနဲ့ မိန်းကလေး အတွေ့အမြင်များတော့ ယဉ်ပါးကြတာပေါ့"

"ကျွန်မတို့သားက လူငယ်ကလေးပါ၊ မဝိုင်းက ကြီးလှပါပြီ၊ မိန်းမကြီးက ကလေးကို မုန့်ပေးပြီး အကြိုက်ခိုင်းတယ်ဆိုတာမျိုး မဖြစ်ပေဘူးလား..."

"ဒီလိုမပြောပါနဲ့ အမေရယ်... အစ်မဝိုင်းက ကျွန်တော့်ကို စကြိုက်တာ မဟုတ်ပါဘူး၊ ကျွန်တော်က စကြိုက်တာပါ..."ဟု မောင်ညွန့်က ဝင်၍ပြော၏။

"ကိုင်း ဘယ်သူကစကြိုက်ကြိုက်၊ တစ်ယောက်နဲ့တစ်ယောက် ကြိုက်နေကြပြီဟာပဲ... ရှေ့ကို ဘယ်လိုစခန်းသွားရမယ် ဆိုတာသာ စဉ်းစားဖို့လိုတော့တယ်..."ဟု ဦးမာလာက ပြော၏။

"ကျွန်တော်တို့ချင်း မင်္ဂလာဆောင်ပေးပါတော့... အဖရယ်..."ဟု မောင်ညွန့်က တောင်းပန်တိုးလျှိုးပြုသည်။

"လူကလေး ငယ်ပါသေးတယ်ကွယ်... လူပျိုဘဝနဲ့ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး နေစမ်းပါဦးလား..."ဟု အရီးနန်းကြာက ပြော၏။

"မင်္ဂလာဆောင်ပြီးရင် ကျွန်တော် ပိုပျော်မှာပေါ့ အမေရဲ့..."ဟု မောင်ညွန့်က ကလေးဆိုးကြီးလို နွဲ့သံဖြင့် ပြောလိုက်သည်။

"အိမ်း... မင်းတို့ချင်း ကြိုက်နေကြပေါ့ဟာ မင်းတို့ ချစ်ချင်းကို မခွင်းပါဘူးကွယ်... မိဘဝတ္တရားရှိတဲ့အတိုင်း မင်္ဂလာဆောင်ပေးရမှာပေါ့။ ဒါထက်... နေစမ်းပါဦး... တစ်ခုမေးရဦးမယ်... လူကလေးကသာ မဝိုင်းကို တစ်ဖက်သတ်ကြိုက်နေတာများလား... မဝိုင်းကကော လူကလေးကို တကယ်ကြိုက်ရဲ့လား..."ဟု ဦးမာလာက မေး၏။

"အစ်မဝိုင်းကလည်း ကျွန်တော့်ကို တကယ်ကြိုက်ပါတယ်၊ မင်္ဂလာဆောင်ဖို့ကိစ္စအတွက် ကျွန်တော့်မိဘများက သူ့မိဘများကို ပြောဆိုနားဖောက်ပေးပါလို့ အစ်မဝိုင်းက အတန်တန် မှာလိုက်ပါတယ်..."

"အိမ်း... ဒီလိုဆိုရင် တော်သေးရဲ့... အဖက သေသေချာချာမေးနေတာက တွေ့ဖူး ကြုံဖူးလို့ကွယ့်... အဖတို့ရွာက တောင်ရိုးလူမျိုး မောင်ခို

ဆိုတဲ့ လူပျိုတစ်ယောက်ရှိတယ်၊ တစ်နေ့တော့ မောင်ခိုက သူ့အဖကိုပြော တယ်၊ မယဉ်နဲ့ စုံမက်နေကြတယ်တဲ့။ မယဉ် မိဘတွေကို စကားကြောင်း လမ်းပေးပါပြောလို့ မောင်ခိုမိဘတွေက သွားပြီးကြောင်းလမ်းတယ်။ ဒီတော့ မယဉ်မိဘတွေက မယဉ်ကိုခေါ်ပြီး မောင်ခိုနဲ့စုံမက်နေကြသလားလို့ မေးတယ်။ ဒီတော့ မယဉ်က 'မစုံဖက်ရပါဘူး၊ မောင်ခိုနဲ့ ချစ်ကစား ကြိုက်စကား မပြောဖူးပါဘူး"လို့ ပြောတော့ မောင်ခိုမိဘတွေဟာ ပြန်ခဲ့ရတာပေါ့။ မောင်ခို ကို အကျိုးအကြောင်း ပြောပြတော့ မောင်ခိုက ပြောသတဲ့၊ 'အဖကလည်း ဗျာ... ဒီအိမ်မရရင် ဟိုအိမ်ပေါ့...'တဲ့။ အခု လူကလေးလည်း မောင်ခိုလို ဖြစ်နေမှာစိုးလို့ အဖက သေသေချာချာ မေးကြည့်ရတာပါ..."

"ကျွန်တော်တို့က အဖပြောတဲ့ မောင်ခိုနဲ့ မယဉ်လို မဟုတ်ပါဘူး၊ တစ်ယောက်နဲ့ တစ်ယောက် တကယ်စုံမက်နေကြတာပါ..."ဟု မောင်ညွန့် က ပြောသည်။

"ဒီလိုဆိုရင် အဖတို့က ဆရာခေါင်တို့ဆီ သွားပြီး ကြောင်းလမ်း စေ့စပ်ပေးရမှာပ...။ တကယ်လို့ ဆရာခေါင်တို့က သဘောမတူရင်တော့ မတတ်နိုင်ဘူးပနော..."

"ဆရာခေါင်တို့ သဘောတူအောင်လည်း ကြိုးစားပြီး ပြောပေးပါ အဖရယ်..."ဟု မောင်ညွန့်က တောင်းပန်သည်။

"ကြိုးစားရမှာပ၊ အဖတို့သား စိတ်ချမ်းသာအောင် လုပ်ပေးရမှာ ပ...။ ကိုင်း... မနန်းကြာ... ညနေချမ်းကျရင် ငါတို့နှစ်ယောက် ဆရာ ခေါင်တို့အိမ်သွားပြီး စကားဆိုရမယ်နော..."

"ကျွန်မတော့ ကျွန်မသားကို ကလေးလို့ပဲ ထင်နေသေးတာပဲ..."

"မင်းက ကလေးလို့ ထင်နေပေမယ့်... မင်းသားက သူ့ကိုယ်သူ လူကြီးထင်နေပြီကိုးကွယ့်... ဒီတော့ လူကလေး စိတ်ချမ်းသာအောင် ဆောင် ရွက်ပေးရမှာပဲ...၊ အိမ်း... လူကလေးကိုလည်း တင်တင်ကြိုကြို ပြောထား ရဦးမယ်...၊ မဝိုင်းက လူကလေးထက် ဆယ်နှစ်လောက် ကြီးတာနော်... နည်းတာမဟုတ်ဘူး နောင်ခါကျတော့ စိတ်များပျက်သွားမလားလို့ အဖတွေး ပြီး စိုးရိမ်မိတယ်ကွယ်..."

"မစိုးရိမ်ပါနဲ့ အဖရာ... ဒါတွေကို အစ်မဝိုင်းကလည်း ပြောပြလို့ ကျွန်တော် စဉ်းစားပြီးသားပါ၊ ဒီအတွက်တော့ စိတ်သာချပါ..."

"အိမ်း... ဒီလိုဆိုရင်တော့... တစ်သက်လုံးအတွက် စိတ်အေးရတာပေါ့ကွယ်..."

O

# (၂၃)

ညနေချမ်းအချိန်တွင် ဦးမာလာနှင့် အရီးနန်းကြာတို့ နေအိမ်မှထွက်ခဲ့ကြကာ လက်မပင်ရွာဘက်သို့ လာကြသည်။

မောင်ညွန့်သည် ထွက်ခွာသွားကြသည့် မိဘနှစ်ပါးကို ကြည့်ရင်း အသည်းတထိတ်ထိတ် ရင်တဖိုဖို ဖြစ်နေ၏။ "နေရာကျခဲ့ကြပါစေ၊ ဆရာခေါင်က သဘောတူပါစေ"ဟု မောင်ညွန့် တဖွဖွ ဆုတောင်းနေမိသည်။

ဝတ်ကောင်းစားလှ ဝတ်ဆင်လာကြသည့် ဦးမာလာနှင့် အရီးနန်းကြာတို့ကို အိမ်ပေါ်မှ လှမ်းမြင်ရသော မပိုင်းမှာလည်း မောင်ညွန့် ကဲ့သို့ပင် အသည်းတထိတ်ထိတ် ရင်တဖိုဖို ဖြစ်နေ၏။ မောင်ညွန့်၏ ဆုတောင်းမျိုးပင် ဆုတောင်းနေမိသည်။

"လာကြ... လာကြ... ဘယ်သွားကြမှာမို့တုံး... အဝတ်သစ် အစားသစ်တွေ ဝတ်လို့... ထိုင်ကြ... ထိုင်ကြ"

ဆရာခေါင်နှင့် အရီးစုံက နေရာထိုင်ခင်းပေးကာ ကြိုဆိုသဖြင့် ဦးမာလာတို့ ဖနီးမောင်နှံ ထိုင်ကြသည်။

ကိစ္စထူးကလေး တစ်ခုရှိလို့ တိုင်ပင်ရအောင် လာတာပါ..."ဟု ဦးမာလာက စကားစလိုက်သည်။

"ပြောစမ်းပါဦး... ဘယ်လိုကိစ္စထူးလဲ..."ဟု ဆရာခေါင်က အံ့သြသံဖြင့် မေးလိုက်၏။

"သားရေး သမီးရေး ဆိုပါတော့"

"ဟင်...သားရေး...သမီးရေး ဆိုတာက ဘယ်လိုတုံး..."ဟု အရီးစုံက ထိတ်ထိတ်ပျာပျာ မေးလိုက်သည်။

မဝိုင်းသည် အခန်းတွင်းမှ ချောင်း၍ ကြည့်ရှုနားထောင်ရင်း ရင်တလှပ်လှပ် ဖြစ်နေ၏။

"ညွှန့်နဲ့ မဝိုင်းတို့ ကိစ္စပဲ ဆိုပါတော့"ဟု ဦးမာလာက စကားစ ဖျိုးလိုက်သည်။

"ဆိုစမ်းပါဦး... မောင်ညွှန့်နဲ့ မိဝိုင်း ဘယ်လိုဖြစ်ကြလို့တုန်း"ဟု ဆရာခေါင်က မေး၏။

ဦးမာလာသည် ရုတ်တရက် အဖြေမပေးဘဲ တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။ ဆရာခေါင်၏ထံတွင် သမီးဖြစ်သူ မဝိုင်းကို တောင်းရမ်းရမည်ဖြစ်ရာ ဦးမာလာ မပြောရက်အောင် ဖြစ်နေသည်။ ထို့ပြင် ဆရာခေါင်မှာ ဦးမာလာထက် အသက်ကြီးသည်။ သမားတော်ကြီးဟူသော ဂုဏ်ထူးဝိသေသလည်း ရှိသည်။ ယင်းသို့ ဝယဝုဒ္ဓိ၊ ဂုဏဝုဒ္ဓိကြီးသူ ဖြစ်သဖြင့် ဆရာခေါင်ကို ဦးမာလာက ရုတ်တရက် မပြောဝံ့ခြင်းဖြစ်သည်။

"ပြောစမ်းပါဦးလေ... မပြောမပြီး မတီးမမြည်တဲ့။ ပြောရမယ့် စကားကို ပြောမှဖြစ်မှာပဲ"ဟု ဆရာခေါင်က ဆို၏။

"ကလေးတွေချင်း စုံမက်နေကြတဲ့ ကိစ္စပါ"ဟု ဦးမာလာက မျက်စိမှိတ်ကာ ပြောချလိုက်သည်။

"ဟေ..."

ဆရာခေါင် မျက်လုံးမျက်ဆန် ပြူးသွားကာ အာမေဍိတ်သံကြီးကို ဆိုလိုက်သည်။

အခန်းတွင်းမှ မဝိုင်း၏ ရင်ထဲတွင် ဒိန်းခနဲ ဝင်၍ဆောင့်လိုက်၏။

"ဟုတ်ပါတယ်... ကလေးချင်း စုံမက်နေကြတာဖြစ်လို့ စေ့စပ်ကြောင်းလမ်းရအောင် ကျွန်တော်တို့ လာခဲ့တာပါ"

ဦးမာလာက ပေါက်သည့်နဖူး မထူးပြီဟူသော သဘောဖြင့် လိပ်ပတ်လည်အောင် ပြောပြလိုက်သည်။

"သူတို့ချင်း မောင်လို နှမလို ချစ်နေကြတာ မဟုတ်လား"ဟု မငိုင်း၏မိခင် အရီးစုံက ဝင်၍မေး၏။

"ကျွန်တော်တို့လည်း အရင်ကတော့ ဒီလိုပဲ ထင်နေကြတာပဲ။ ဒီက နေ့မှ ညွှန့်က ဖွင့်ပြောတယ်။ နှစ်ဦးနှစ်ဝ စုံမက်နေကြပါပြီတဲ့။ ကြောင်း လမ်းပေးပါလို့ ပူဆာတာကြောင့်-ကျွန်တော်တို့ လာခဲ့ရတာပါ"

သတို့သားရှင်ဖြစ်သူ ဦးမာလာနှင့် အရီးနန်းကြာတို့သည် သတို့သမီး၏ဖခင်ဖြစ်သူ ဆရာခေါင်၏ မျက်နှာကို စေ့စေ့ကြည့်နေကြသည်။ မည်ကဲ့သို့သော အမိန့်မျိုးကို ဆရာခေါင် ချမှတ်လေမည်နည်းဟု သိလိုဇော ပြင်းထန်နေကြ၏။

အခန်းတွင်းမှ မငိုင်းသည်လည်း သူ့ဖခင်၏ အမိန့်သံကို နားစွင့်ရင်း ရင်တွင်းမှာ တဒိတ်ဒိတ် ခုန်နေသည်။

ဆရာခေါင်တို့ ဇနီးမောင်နှံမှာ ဓနုလူမျိုးများ ဖြစ်ကြသဖြင့် မငိုင်းမှာ ဓနုအမျိုးသမီးအစစ် ဖြစ်သည်။ ဦးမာလာက တောင်ရိုးလူမျိုး၊ အရီးနန်းကြာက ရှမ်းလူမျိုးဖြစ်သဖြင့် မောင်ညွှန့်မှာ တောင်ရိုးရှမ်းကပြား ဖြစ်သည်။

ဤလူမျိုးရေး ပြဿနာအတွက် ဆရာခေါင်က ငြင်းများ ငြင်းလေမည်လားဟု ဦးမာလာတို့ ဇနီးမောင်နှံ ပူပန်ကြောင့်ကြ ဖြစ်ကြရ၏။ သို့သော် ဓနုနှင့် တောင်ရိုးမှာ ဗမာစကားပြောသည့် ဗမာ့အနွယ်တွေချည်း ဖြစ်သော ကြောင့် ဆရာခေါင် မငြင်းတန်ရာဘူးဟုလည်း ဦးမာလာတို့ တွေးတောနှစ် သိမ့်သည်။

"မောင်ညွှန့်က ကလေးပဲ"

ဆရာခေါင်က တိုတိုတုတ်တုတ် တစ်ခွန်းတည်း ပြော၏။

"ညွှန့် မငယ်လှတော့ပါဘူး... အသက်နှစ်ဆယ်ကျော် နေပါပြီ... အလုပ်အကိုင်လည်း လူကြီးတွေနဲ့မခြား လုပ်နိုင် ကိုင်နိုင်ပါတယ်"ဟု ဦးမာလာက ပြောပြသည်။

"မိငိုင်းနဲ့စာရင် မောင်ညွှန့်က ကလေးအရွယ်ပဲလို့ ပြောတာပါ။ မိငိုင်းက မောင်ညွှန့်ထက် ဆယ်နှစ်လောက် ကြီးတယ်မဟုတ်လား။ အစ်မ

ကြီးအရွယ်နဲ့ မောင်အထွေးကလေးအရွယ်ပဲ... ရှေ့သွားနောက်လိုက် မညီဘူး"

ဆရာခေါင်၏စကားကို ကြားလိုက်ကြရသော ဦးမာလာနှင့် အရီးနန်းကြာတို့အပြင် အခန်းတွင်းမှ မဝိုင်းပါ စိုးရိမ်ပူပန်သွားကြသည်။

"ကျွန်မသားက အသက်ငယ်ပေမဲ့ ထွားပါတယ်၊ ရင့်ပါတယ်။ တကယ့် လူကြီးအတိုင်းပါပဲ။ မဝိုင်းက အသက်ကလေးနည်းနည်း ပိုကြီးပေမယ့် နုပါတယ်။ အရွယ်တင်ပါတယ်။ ဒီတော့... မဝိုင်းနဲ့ ငညွန့်ဟာ အသက်အရွယ်ချင်း မတိမ်းမယိမ်းပဲလို့ ထင်ရပါတယ်..."ဟု အရီးနန်းကြာက ရှမ်းသံကလေး ဝဲဝဲဖြင့် ပြောပြ၏။

"ကိုမာလာက တောင်ရိုးလူမျိုးနော်"

"မှန်ပါတယ်..."

"မနန်းကြာက ရှမ်းလူမျိုးနော်"

"ဟုတ်ပါတယ်"

"ကျုပ်တို့ကတော့ ဓနုလူမျိုးစစ်စစ်ဗျ...၊ ကျုပ်သမီးကိုလည်း ဓနုလူမျိုးစစ်စစ်နဲ့ပဲ ပေးစားမယ်လို့ ကြံထားတယ်"

"ဓနုနဲ့ တောင်ရိုးဟာ အမည်ချင်း ကွဲပေမယ့် အမျိုးအနွယ်ချင်း စကားချင်း မကွဲပါဘူးခင်ဗျာ... ဗမာစကားပြောကြတဲ့ ဗမာလူမျိုးတွေပဲ ဖြစ်ပါတယ်။ ရှမ်းလူမျိုး ဆိုတာကလည်း မျိုးအတူပါပဲ၊ စကားချင်း ကွဲပေမယ့် ကျွန်တော်တို့ ဓနု တောင်ရိုးတွေနဲ့ တစ်သွေးတည်း တစ်သားတည်းပါ၊ ဓလေ့ထုံးစံချင်းလည်း တူပါတယ်။ ဝတ်တာ ဆင်တာလည်း အတူတူပါပဲ၊ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြတာချင်းလည်း တူပါတယ်"ဟု ဦးမာလာက ရှင်းလင်း ပြောပြသည်။

"ဟုတ်ပါတယ်လေ... ရှမ်း၊ ဓနု တောင်ရိုး၊ အင်းသား ဆိုတဲ့လူမျိုးတွေဟာ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် သွေးချင်းသားချင်းတွေပါပဲ၊ ဒီကိစ္စအတွက်ကတော့ ဘာမှမကျေနပ်စရာ မရှိပါဘူး၊ မိဝိုင်းနဲ့ မောင်ညွန့် အရွယ်ချင်းမမျှလို့ စဉ်းစားနေတာပါ"

"လူငယ်ချင်း ချစ်ခင်စုံမက်နေကြပေါ့ဟာပဲ၊ သူတို့ စိတ်ချမ်းသာအောင် ပေးစားဖို့သင့်တယ် ထင်ပါရဲ့ရှင့်"ဟု အရီးနန်းကြာက ပြော၏။

"စုံမက်တယ်ဆိုတာက မောင်ညွန့် အပြောပဲ မဟုတ်လား၊ မိဝိုင်း သဘောက ဘယ်လိုမှန်းမှ မသိသေးပဲနဲ့"

"တကယ်လို့ မဝိုင်းကလည်း မငြင်းပယ်ဘူးဆိုရင် ပေးစားမှာလား ခင်ဗျာ"ဟု ဦးမာလာက သိချင်ဇောဖြင့် မေးလိုက်၏။

"မဝိုင်းကလည်း စုံမက်နေတယ် ဆိုရင်တော့ သူတို့ချစ်ခြင်းကို မခွင်း ပါဘူးလေ... ပေးစားမှာပါပဲ"

ဤတွင်မှ ဦးမာလာရော အရီးနန်းကြာပါ စိတ်အေးချမ်းသာဖြစ် သွားကြသည်။

အခန်းအောင်းကာ ချောင်းမြောင်း နားထောင်နေသော မဝိုင်းသည် လည်း ပြုံးနိုင် ရယ်နိုင် ဖြစ်လာ၏။

"ဒီလိုဆိုရင် ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ် ခင်ဗျား...၊ မဝိုင်း ကိုသာ အကျိုးအကြောင်း မေးကြည့်ပါတော့"ဟု ဦးမာလာက ပြော၏။

"ဟုတ်ကပြီလေ... မစုံက မင့်သမီးကို မေးစမ်းကြည့်၊ သမီးက လည်း စုံမက်ပါတယ်ဆိုရင် ကိုမာလာတို့ထံ အကြောင်းပြန်လိုက်ပါ့မယ်၊ ထမင်းစားကြဦး... မစုံ ထမင်းပြင်ကွယ်"

အရီးစုံသည် ထိုင်ရာမှထကာ မီးဖိုခန်းတွင်းသို့ဝင်လျက် ထမင်းပွဲ ပြင်၏။ မဝိုင်းကပါ ကူညီလုပ်ကိုင်ပေးသည်။

"အမေ၊ ဦးမာလာနဲ့ အရီနန်းကြာတို့ ဘာကိစ္စ လာကြတာလဲ"ဟု မဝိုင်းက မသိချင်ယောင်ဆောင်၍ မေးလိုက်သည်။

"နောက်မှ အေးအေးဆေးဆေး အမေ ပြောပြမယ်၊ ဒီကိစ္စက အရေး ကြီးတဲ့ကိစ္စဖြစ်လို့ အေးအေးဆေးဆေး ပြောမှ ဖြစ်မှာ"

"ဘယ်လို အရေးကြီးတဲ့ ကိစ္စလဲ အမေ"

"သမီးကလည်း အမေးအစမ်း ထူရန်ကောဟယ်...၊ နောက်မှ ပြော ပြပါမယ်လို့ ဆိုနေရက်သားနဲ့"ဟု အရီးစုံက ဟန့်လိုက်မှ မဝိုင်းသည် နောက်ထပ်မမေးတော့ဘဲ တိတ်ဆိတ်သွားတော့သည်။

မဝိုင်းသည် မိခင်နှင့်အတူ ထမင်းဟင်း ခူးခပ်ပြင်ဆင်ပေးသော်လည်း အပြင်သို့ ထမင်းပွဲထုတ်ရာတွင်ကား မပါဝင်ပေ။

"'ဒီလိုရှိတယ်လေကွာ... မင်းကသာ စုံမက်တယ် ပြောတာကိုး။ မပိုင်းကတော့"

မောင်ညွှန့်က စကားဖြတ်ကာ "ဟင်... အစ်မပိုင်းက ကျွန်တော့်ကို မစုံမက်ဖူးလို့ ပြောသလား"ဟု မေးလိုက်၏။

"ဒီလိုလည်း မဟုတ်သေးပါဘူး၊ မပိုင်းက စုံမက်တယ် မစုံမက်ဘူး ဆိုတာ သိရအောင် သူ့မိဘတွေက မေးကြည့်ကြလိမ့်ဦးမကွ။ အဲ... မပိုင်း ကလည်း စုံမက်တယ်လို့ ပြောရင်တော့ မင်းတို့ချင်း နေရာကျတော့မှာပေါ့... လူကလေးရာ"

"အစ်မပိုင်းကို မေးရင် အစ်မပိုင်းကတော့ မစုံမက်ဖူးလို့ မပြောတန် ကောင်းပါဘူးနော်...။ ကျွန်တော့်ကို ပြောတော့ သူကလည်း ကျွန်တော့်ကို ချစ်ပါတယ်တဲ့"

"အေး... ဒီလိုတော့ ရှိသကွ"

"ဘယ်လိုလဲ... အဖ"

မောင်ညွှန့်တို့ သားအမိ၊ သားအဖသုံးယောက် စကားတပြောပြော ဖြင့် လျှောက်လာကြရာ အိမ်သို့ ရောက်လာသဖြင့် အိမ်ပေါ်သို့တက်ကြခိုက် စကားပြတ်သွားသည်။

အိမ်ပေါ်သို့ ရောက်ကြသဖြင့် ထိုင်မိကြသောအခါ စကားဆက်ကြ ပြန်သည်။

"ပြောပါဦး... အဖ... ဘယ်လိုရှိတာလဲ"ဟု မောင်ညွှန့်က သိချင် ဇောဖြင့်မေး၏။

"မိန်းကလေးဆိုတာ အခက်သားကွ...၊ ရှက်တတ် ကြောက်တတ် တယ်၊ သိက္ခာလ္လမ္ဘ ဆယ်တတ်တယ်။ ဒီတော့ သူတို့က စုံမက်ပါရက်သား နဲ့ အရှက်အကြောက်ကိုငဲ့ပြီး မစုံမက်ပါဘူးလို့ ပြောချင် ပြောတတ်သကွ"

"အစ်မပိုင်းကတော့ ဒီလို မလုပ်တန်ကောင်းဘူး ထင်ပါရဲ့...အဖ ရာ၊ ဘာပြုလို့လဲဆိုတော့ ငယ်တဲ့အရွယ်မှ မဟုတ်ဘဲ။ သူက ကျွန်တော့် ထက် တော်တော်ကြီးနေတာပဲ"

"အေး...အဖလည်း လူကလေးပြောသလိုပဲ စဉ်းစားမိပါတယ်။ မိန်း

ကလေးတွေ အရှက်အကြောက်ကြီးလွန်းလို့ ယောကျ်ားတွေ ဒုက္ခရောက်ရတာတွေ အဖတော့ ကြားဖူးသကွ”

“ယောကျ်ားတွေ ဘယ်လိုဒုက္ခရောက်ပုံလဲ အဖရာ… ပြောပြစမ်းပါဦး”ဟု မောင်ညွန့်မှာ လူငယ်ပီပီ ချစ်ရေးချစ်ရာကိစ္စတို့ကို ကြားဖူးနားဝဖြစ်သလိုဖြင့် မေးလိုက်၏။

ဦးမာလာသည် အတန်ကြာအောင် စဉ်းစားနေပြီးမှ ပြောပြ၏။

“အဖတို့ ငယ်ငယ်ကပေါ့ကွာ… လူပျိုတစ်ယောက်နဲ့ အပျိုတစ်ယောက် ချစ်ခင်စုံမက်နေကြတယ်။ တစ်နေ့တော့ လူပျိုက အပျိုအိမ်ကို အပျိုလှည့်ရအောင် သွားရော၊ မိဘတွေကတော့ အိမ်ခန်းထဲမှာ နေကြတယ်။ အပျိုနဲ့ လူပျိုက မီးဖိုနားမှာ စကားပြောနေကြတယ်။ အဲဒီအတွင်းမှာ လူပျိုက စိတ်ဖောက်ပြန်လာပြီး အပျိုကို ဆွဲလားလွဲလား ပွေ့လားဖက်လား လုပ်ပါလေရော၊ အပျိုကတော့ ချစ်တဲ့အတွက် ငြိမ်ခံနေတာပေါ့ကွာ။ သို့ပေမဲ့ အဖတို့လူမျိုးဓလေ့ထုံးစံက အပျိုလှည့်တဲ့အခါ ချစ်စကား ကြိုက်စကားတော့ ပြောရတယ်။ ဆွဲလားဖက်လားတော့ မလုပ်ရဘူး။ အဲဒီလူပျိုက ဆွဲဖက်နေတာ မိဘတွေ မြင်သွားတော့ စော်ဘွားကြီးရုံးမှာ တရားစွဲပါလေရော”

“ဒီလိုလုပ်တာ အမှုဖြစ်သလား… အဖ”ဟု မောင်ညွန့်က မေး၏။

“မခံချင်ရင် အမှုဖြစ်တာပေါ့ကွ၊ မိန်းကလေး ကာယဣန္ဒြေကို ဖျက်ဆီးမှုပေါ့။ အဲ…စော်ဘွားကြီး ရုံးရောက်တော့ ယောကျ်ားကလေးက ဆွဲမိဖက်မိပါတယ်။ ဒီလိုဆွဲတာ ဖက်တာကိုလည်း မိန်းကလေးက အလိုတူပါတယ်လို့ ထွက်တယ်။ မိန်းကလေးကို မေးတော့ မိန်းကလေးက အလိုမတူပါဘူးလို့ ငြင်းတယ်။ ဒီတော့ ယောကျ်ားကလေးကို ဒဏ်တပ်တယ်။ ဒဏ်ငွေကို မိန်းကလေးကို လျော်ကြေးပေးရတယ်။ အမှန်ကတော့ မိန်းကလေးကလည်း အလိုတူ အလိုပါပဲ။ ရှက်တော့‘ကျွန်မ အလိုတူပါတယ်’လို့ မထွက်ဘူး။ ဒါကြောင့် ယောကျ်ားကလေး ဒဏ်တပ်ခံရတာပေါ့”

“နောက်တော့ သူတို့ချင်း မညားကြတော့ဘူးပေါ့နော်”

“နောက်တော့ တစ်မျိုးဖြစ်သွားပြန်ရောကွ၊ အဲဒီလို အမှုဖြစ်ပြီး သုံးနှစ်လောက်ကြာတော့ မိန်ကလေးက သူမှားပါပြီ။ ဟိုတုန်းက ဖြစ်ခဲ့စဉ်က သူ အလိုတူပါတယ်လို့ ပြောပြီး လျော်ကြေးကို ပြန်ပေးတယ်”

"ဟင်... ဘယ်လိုဖြစ်ရပြန်တာလဲ"ဟု မောင်ညွန့်က အံ့သြသံဖြင့် မေး၏။

"ငယ်စဉ်ကတော့ အရုက်အကြောက် အားကြီးပြီး ဝန်မခံရဲဘူးပေါ့ကွာ။ ကြီးလာတော့ ငယ်စဉ်ကလောက် မရှက်တဲ့အတွက် မှန်ရာ ကန်ရာကို ပြောတော့တာပေါ့။ နောက်ပြီးတော့ သူတို့ချင်းက အမှုဖြစ်လို့ လျော်ကြေးသာ ပေးရတယ်။ အချစ်က မပျယ်ပဲကိုကွ။ ယောက်ျားကလေးကလည်း မိန်းကလေး ရှက်ကြောက်လို့ လိမ်ပြောတာပါကလားလို့ တွေးမိပြီး ခွင့်လွှတ်တယ်။ မိန်းကလေးကလည်း ယောက်ျားကလေးကို သနားတယ်။ သည်တော့ ပြန်ပေါင်းမိကြပြီး ညားသွားကြတာပေါ့ကွာ"

"အစ်မဝိုင်းလည်း ကြီးပါပြီ အဖရာ... အဖပြောတဲ့ မိန်းကလေးလိုတော့ ရှက်နေမယ် မထင်ပါဘူး"

"အိမ်း... အဖလည်း ဒီလိုပဲ စဉ်းစားမိတာပဲ...နဖူးစာ ရေစက်ပေါ့... လူကလေးရယ်၊ မင်းတို့ချင်း အကြောင်းပါဖို့ရှိရင် ပါရမှာပေါ့၊ တကယ်လို့ မဝိုင်းက ငြင်းနေရင်လည်း အဖ ပြောတဲ့ တောင်ရိုး မောင်ခိုလိုပေါ့၊ ဒီအိမ် မရရင် ဟိုအိမ် ကြံကြသေးတာပ"

"ကျွန်တော်တော့ အစ်မဝိုင်းကလွဲရင် ဘယ်သူ့ကိုမှ မလိုချင်ဘူး အဖရ"

"အိမ်း... မဝိုင်းကိုပဲ ရအောင် အဖက ပြောပေးပါ့မယ်ကွာ"ဟု ဦးမာလာက သားစိတ်ချမ်းသာအောင် ပြောလိုက်သည်။

မောင်ညွန့်မှာ ဝမ်းသာလုံး ဆို့သွားလေတော့၏။

○

ထိုညတွင် မဝိုင်းတို့ သားအမိသည် အိပ်ရာထဲတွင် တတွတ်တွတ်ဖြင့် တွတ်ထိုး၍ နေကြလေသည်။

"ညနေက ကိုမာလာနဲ့ မနန်းကြာ လာကြတဲ့ကိစ္စကို သမီး ပြောရဦးမယ်"

"ဟုတ်ကဲ့... အမေ... ပြောပါ"

"မောင်ညွန့်က သမီးကို စုံမက်နေသတဲ့ဟ...၊ ဒါကြောင့် စကားကြောင်းလမ်းရအောင် လာကြတာ။ သမီးကကော မောင်ညွန့်ကို စုံမက်သလား"

"အမေမေးတာ ပြောစမ်းပါဦး၊ ညည်းတို့ချင်း စုံမက်နေကြသလား"

မဝိုင်းသည် မပြောမဖြစ်သည့် ကိစ္စဖြစ်သဖြင့် မျက်စိမှိတ်ကာ ပြောလိုက်ရသည်။

"စုံမက်တယ်လို့တော့ မဟုတ်ပါဘူး... အမေရယ်။ မောင်လေးကို ကိုယ့်မောင်လေး အရင်းလို ချစ်တာပါပဲ"

"သွေးသားရင်းချာလို ချစ်တယ် ဆိုရင်တော့ မင်္ဂလာဆောင်တဲ့ကိစ္စနဲ့မဆိုင်ဘူးပေါ့"

မဝိုင်းမှာ မည်သို့ ပြန်ပြောရမည် မသိသဖြင့် စကားဆိတ်နေပြန်လေသည်။

"အမေမေးတာ ပြောလေ... သမီးနဲ့ မောင်ညွန့်နဲ့ မင်္ဂလာဆောင်နိုင်မလား။ မဆောင်နိုင်ဘူးလား"

"မောင်လေး စိတ်မချမ်းမသာ ဖြစ်မှာကိုလည်း စိုးပါတယ် အမေရယ်"

"ဒီလို မတင်မကျ ပြောနေလို့ မဖြစ်ဘူး သမီးရဲ့။ မင်္ဂလာဆောင်နိုင်သလား၊ မဆောင်နိုင်ဘူးလား။ စုံမက်သလား၊ မစုံမက်ဘူးလား ရှင်းရှင်းပြောစမ်းပါ"

"ကျွန်မက စုံမက်ပါတယ်၊ ချစ်ပါတယ်၊ ကြိုက်ပါတယ်လို့ မပြောဝံ့ပါဘူး အမေရယ်"

"ဒီလိုဆိုရင် မောင်ညွန့်နဲ့ မင်္ဂလာမဆောင်နိုင်ဘူးပေါ့"

"ဒီလိုလည်း မဟုတ်ပါဘူး... အမေ။ မောင်လေးကို ကျွန်မချစ်တယ်၊ သနားတယ်၊ ဒီတော့ မောင်လေး စိတ်ချမ်းသာတာ ဖြစ်စေချင်ပါတယ်"

"ဒီလိုဆိုရင် မောင်ညွန့်နဲ့သမီး မင်္ဂလာဆောင်နိုင်တယ်ပေါ့"

"အမေတို့က တော်တယ်ထင်လို့ စီမံရင်တော့ ကျွန်မ ငြင်းစရာအကြောင်းမရှိပါဘူး"

"ရှင်းရှင်းလင်းလင်း ပြောစမ်းပါ... သမီးရယ်။ နက်ဖြန်ခါကျရင် သမီးအဖေက အမေ့ကို မေးလိမ့်မယ်။ အဲဒီအခါကျတော့ အမေက ဘယ်လို ပြန်ပြောရမှာလဲ"

"ကျွန်မ ပြောသလိုပဲ ပြန်ပြောပေါ့... အမေရဲ့။ မောင်လေးကို ကျွန်မ သနားတယ်၊ ချစ်တယ်။ ဒါကြောင့် မောင်လေး စိတ်ချမ်းသာစေချင်တယ်။ မင်္ဂလာဆောင်ဖို့ ကိစ္စကတော့ အမေတို့က တော်တယ်ထင်လို့ စီမံပေးရင် ကျွန်မက ငြင်းနေစရာ မရှိပါဘူးလို့ အဖကို ပြောပေါ့။ ဒီလောက်ပြောရင် အဖ နားလည်ပါတယ်"

မပိုင်းက ပါးနပ်လိမ္မာစွာ ပြောလေရာ အရီးစုံသည်လည်း သမီး၏ သဘောကို ရိပ်စားမိသွားလေသည်။

O

## (၂၄)

ဤနေ့ကား မောင်ညွန့်အတွက် အပျော်ဆုံးနေ့တည်း။

မပိုင်းအတွက်လည်း ကြည်နူးစရာကောင်းသောနေ့ပင် ဖြစ်၏။

နံနက်မိုးလင်းသည်နှင့် တစ်ပြိုင်နက် မောင်ညွန့်တို့အိမ်တွင် အလုပ်များ၍ နေကြသည်။ ကျွေးမွေးရန် ချက်ပြုတ်ကြော်လှော်နေသူများ၊ မင်္ဂလာဆောင်သွားရန် ပြင်ဆင်နေကြသူများ၊ စုပိုင်းထိုင်ကြကာ စကားပြောနေကြသူများဖြင့် ရှုပ်ယှက်ခတ်နေသည်။

သတို့သား မောင်ညွန့်ကို ကိုချိုက ဝတ်စားပြင်ဆင်ပေး၏။ မောင်ညွန့်၏ဖခင်မှာ မြန်မာ့အနွယ် တောင်ရိုးလူမျိုး ဖြစ်သော်လည်း ရှမ်းအမျိုးသားတို့နှင့် လက်ပွန်းတတီး နီးနီးစပ်စပ် နေထိုင်ဆက်ဆံရမှုကြောင့် အဝတ်အစားမှာ ရှမ်းအဝတ်အစားမျိုးပင် ဝတ်ဆင်သည်။

အတွင်းခံ ရုပ်အင်္ကျီပေါ်တွင် တရုတ်အင်္ကျီခေါ် တိုက်ပုံအင်္ကျီထပ်၍ ဝတ်ကာ ဘောင်းဘီကိုဝတ်ဆင်သည်။ ရှမ်းမကျ ဗမာမကျ စကခေါင်းပေါင်းကို ပေါင်းသည်။

"အိမ်း... မောင်ညွန့်က ပြင်ဆင်လိုက်တော့ လူချောလူလှကြီးပါကလားကွ..."ဟု တောင်ရိုးအမျိုးသားကြီး ဦးတယ်က ပြော၏။

မောင်ညွန့်တို့ ကျောက်တောရွာ တစ်ရွာလုံးပင် တောင်ရိုးလူမျိုးချည်းလိုလို ဖြစ်သဖြင့် ဧည့်ပရိသတ်မှာလည်း တောင်ရိုးအမျိုးသားတွေက များသည်။

နေထန်းတစ်ဖျားလောက်တွင် ပြင်ဆင်မှုကိစ္စ ပြီးစီးကြလေရာ… ဦးမာလာက "ကိုင်း… သွားဖို့အချိန်တော်ပြီ။ မောင်ချိုက ကန်တော့ပွဲပိုက်ပြီး ရှေ့ကသွားကွယ့်…"ဟု ဆို၏။

မောင်ချိုသည် ကန်တော့ပွဲကိုပိုက်ကာ အိမ်ပေါ်မှ ရှေးဦးစွာ ဆင်းသွားရာ မောင်ချို၏နောက်မှ ဦးမာလာ၊ အရီးနန်းကြာ၊ သတို့သားမောင်ညွန့်နှင့်တကွ မင်္ဂလာပရိသတ်တို့ လိုက်ကြသည်။ ပရိသတ်ထဲတွင် ယောကျ်ားရော မိန်းမပါ ပါလေသည်။ အားလုံးပင် ဝတ်ကောင်းစားလှ ဝတ်ဆင်ထားကြ၏။

တောင်ရိုးအမျိုးသားတို့မှာ မောင်ညွန့်ကဲ့သို့ ဝတ်စုံမျိုးကို ဝတ်ဆင်ကြလျက် တောင်ရိုးအမျိုးသမီးတို့မှာ ရိုးရာဓလေ့ ထုံးစံအတိုင်း သင်တိုင်းများ ဝတ်ဆင်ထားကြသည်။ သင်တိုင်းတွင် ငွေကြယ်ပွင့်တွေ၊ ရောင်စုံပုတီးစေ့တွေဖြင့် ပြိုးပြိုးပြောင်ပြောင် အရောင်တလက်လက် ထွက်ပေါ်နေ၏။ အရီးနန်းကြာသာလျှင် လုံချည်နှင့် အင်္ကျီဝတ်ဆင်ထားသည်။

ကန်တော့ပွဲပိုက်ကာ ရှေ့ဆုံးမှ သွားရသော ကိုချိုမှာလည်း ဝင့်ဝင့်ကြွားကြွားဖြစ်၏။ ကိုချို ဝင့်ကြွားမည်ဆိုက ဝင့်ကြွားဖွယ်ပင်တည်း။

မင်္ဂလာကန်တော့ပွဲကို လူတိုင်းပိုက်ခွင့်ရသည် မဟုတ်။ ကန်တော့ပွဲပိုက်တာဝန်ကို ထမ်းဆောင်ရမည့်သူမှာ ခြေလက်အင်္ဂါချို့တဲ့သူ မဖြစ်စေရ၊ လူပျိုဖြစ်လျှင် မိဘနှစ်ပါး အစုံအလင် ရှိရမည်။ အိမ်ထောင်ရှင်ဖြစ်လျှင် ငယ်လင်ငယ်မယားနှင့် ပေါင်းသင်းနေထိုင်သူ ဖြစ်ရမည်။

ကိုချိုကား ထိုအင်္ဂါအရပ်ရပ်တို့နှင့် ပြည့်စုံသူဖြစ်သည်။ ကိုချိုကား လူပျိုမဟုတ်၊ ဇနီးမလှနှင့် ပေါင်းသင်းနေသူဖြစ်သည်။ မိစုံဖစုံ ရှိသူလည်းဖြစ်သည်။ ထို့ကြောင့် မင်္ဂလာကန်တော့ပွဲကို ကိုချို ဆောင်ကြဉ်းရခြင်းဖြစ်သည်။

ကန်တော့ပွဲတွင် တောင်ရိုးလူမျိုးတို့က "ငချို့"ဟု ခေါ်ကြသော ဖီးကြမ်းငှက်ပျော ဖီးဆိုင်ပါသည်။ ကွမ်း၊ဆေး၊လက်ဖက်ပါသည်။ ကြံသကာနှင့် ငါးချဉ်ထုပ်လည်း ပါသေးသည်။ ရှေးထုံးအစဉ်အလာအတိုင်း ပြုခြင်းတည်း။

မင်္ဂလာပရိသတ်သည် ကျောက်တောရွာရိုးတစ်လျှောက် လျှောက်လာကြစဉ် အိမ်တိုင်း အိမ်တိုင်းမှထွက်၍ တအံ့တသြ ငေးမောကြည့်ရှုကြသည်။ ကြံတောင့်ကြံ့ခဲ တွေ့ခေါင့်တွေ့ခဲ ကိစ္စဖြစ်လေသောကြောင့်တည်း။

သတို့သားမောင်ညွှန့်သည် တစ်သက်တွင် တစ်ခါသာ တွေ့ဖူးသည့် ကိစ္စဖြစ်သဖြင့် ရှက်နေရှာသည်။ ခေါင်းကလေးငုံ့ကာ လိုက်ပါလာ၏။ ရင်တွင်းကလည်း တဒိန်းဒိန်း မြည်နေသည်။ ရှက်ကြောက် တုန်လှုပ်နေသော်လည်း ဝမ်းသာ၍ကားနေ၏။ ချစ်လှစွာသော မပိုင်းနှင့် အကြင်ဇနီးမောင်နှံအဖြစ် ပေါင်းသင်းရတော့မည် ဖြစ်လေသောကြောင့်တည်း။

သတို့သား၏ ကျောက်တော်ရွာနှင့် သတို့သမီး နေထိုင်ရာ လက်မပင်ရွာမှာ ဝေးကွာလှသည် မဟုတ်။ နှစ်ခေါ်သာသာမျှသာဝေးရာ မင်္ဂလာပရိသတ်သည် ကုန်းကြောင်းလျှောက်လာကြသည်။

ဤနေ့တွင် မောင်ညွှန့်နှင့် မပိုင်းတို့ မင်္ဂလာပွဲ ကျင်းပမည်ဖြစ်ကြောင်း လက်မပင်ရွာသူရွာသားများလည်း သိထားကြသည်ဖြစ်ရာ အချို့ကရွာထိပ်သို့ထွက်လျက် မင်္ဂလာပရိသတ်ကို ကြိုဆိုကြသည်။ တအံ့တသြကြည့်ရှုကြသည်။

သတို့သမီး မပိုင်းတို့အိမ်တွင်လည်း မင်္ဂလာအခမ်းအနားအတွက်ပြင်ဆင်ထား၏။ တစ်အိမ်လုံးတွင် ဖျာချော၊ သင်ဖြူးချောများ အပြည့်ခင်းထားသည်။ ဆရာခေါင်နှင့် အရီးစုံတို့မှာလည်း ဝတ်ကောင်းစားလှ ဝတ်လျက်။

မင်္ဂလာပွဲသို့ လာကြသည့် ပရိသတ်မှာလည်း များလှသည်။ လက်ပံပင်ရွာကသာလျှင်မက လက်မပင်ရွာနှင့် တစ်တိုင်ခန့်ဝေးသော အောင်ပန်းရွာ သုံးတိုင်ခန့်ဝေးသော သာမိုင်းခမ်းမြို့ စသည်များမှပင် လာကြသည်။ မောင်ညွှန့်နှင့် မပိုင်းတို့၏ ကျေးဇူးရှင်ကြီးဖြစ်သော သာမိုင်းခန်းမှ ဦးကြိုင်ကို အထူးတလည် ဖိတ်ကြားသဖြင့် ဦးကြိုင်မှာ တလုံ့တလ ရောက်လာကာ အိမ်ဦးခန်းတွင်ထိုင်လျက် ဆရာခေါင်နှင့် စကားလက်ဆုံကျနေသည်။

မိုးလင်းသည် ဆိုကတည်းကပင် သတို့သမီး မပိုင်းကို အမျိုးသမီးတစ်သိုက်က ဖီးလိမ်းဝတ်ဆင်ပေးကြသည်။ မပိုင်းကား ခနအံမျိုးသမီးကလေးဖြစ်သဖြင့် သင်တိုင်းကိုမဝတ်၊ လုံချည်အင်္ကျီကိုပင် ဝတ်ဆင်ရာ မပိုင်း

ကို စုံစုံလင်လင် ဝတ်ဆင်ပေးပြီးသောအခါ အငြိမ့်မင်းသမီးကလေးနှင့်ပင် တူနေလေတော့သည်။

"မပိုင်းက လှရန်ကောနော်... ကျွန်မတို့ဖြင့် မပိုင်းကို အားကျလိုက်တာ..."ဟု မိန်းကလေးများက ရယ်သွမ်းသွေး ပြောကြသည်။

"အားကျရင် ညည်းတို့လည်း ယောကျ်ားမြန်မြန်ယူကြပေါ့အေ့..." ဟု အပျိုကြီးမကြင်က ပြောလိုက်တာ မိန်းလေးတစ်စု တသောသော ရယ်ကြသည်။

"ဟော... လာကြပြီ... လာကြပြီ..."

လူအချို့က သံပြိုင်ပြောလိုက်ရာ အားလုံး စိတ်ဝင်စားစွာ စူးစိုက်ကြည့်ရှုကြ၏။ အချို့က ကြိုဆိုကာ နေရာထိုင်ခင်းပေးကြ၏။

သတို့သား၊ သတို့သမီး၏ မိဘနှစ်ပါးနှင့် သတို့သားဘက်မှ မင်္ဂလာပရိသတ်သည် သတို့သမီး၏အိမ်ထက်သို့ ရောက်လာကြကာ နေရာထိုင်ခင်းယူကြသည်။

ဦးမာလာနှင့် အရီးနန်းကြာတို့သည် ဆရာခေါင်နှင့် အရီးစုံတို့နှင့် အတူ အိမ်ဦးခန်းတွင် ထိုင်သည်။ သူတို့၏ရှေ့တွင် ကန်တော့ပွဲ ချထား၏။

သတို့သားမောင်ညွှန့်က နှစ်ဖက်သောမိဘများဘက်သို့ မျက်နှာလှည့်ကာ ခေါင်းငုံ့လျက် ကျုံ့ကျုံ့ကလေး ထိုင်နေသည်။

နှစ်ဖက်သော ပရိသတ်ကား နှစ်ဆောင်ပြိုင် အိမ်ကျယ်ကြီးဝယ် ပြည့်လျှံအန်ထွက်နေ၏။

နံနက်ခင်းဖြစ်၍ ဘုရားစင်တွင် ဆီမီးများ ထိန်ထိန်လင်းအောင် ထွန်းထားသည်။ ပန်းများကိုလည်း ဝေဝေဆာဆာ တင်ထားသည်။

"ကိုင်း လက်ဖက်တောင်းပွဲစဖို့ အချိန်တော်ပါပြီ..."ဟု သတို့သား၏ဖခင် ဦးမာလာက ထုံးစံမလေ့အတိုင်း စကားဆိုသည်။

ကန်တော့ပွဲ ပိုက်လာခဲ့သူ ကိုချိုသည် ကန်တော့ပွဲတွင်းမှ လက်ဖက်ထည့် ယွန်းအုပ်ကိုယူကာ မင်္ဂလာသတို့သား,သတို့သမီးတို့၏ မိဘများအားလည်းကောင်း၊ မင်္ဂလာပရိသတ်တို့အားလည်းကောင်း၊ လက်ဖက်ကမ်းလှမ်းသည်။ ထုံးစံမပျက်ရှဲ အတန်ငယ် အတန်ငယ်စီ ယူငင်စားသောက်ကြ၏။

"လုလင်နဲ့ လုံမတို့ မိဘများကို ကန်တော့ရန် အချိန်ကျရောက်ပါပြီ"ဟု ကိုချိုကပင် ကျေညာလိုက်သည်။

ပရိသတ်အားလုံး၏ မျက်လုံးအစုံတို့သည် အတွင်းခန်းဘက်သို့ လှည့်ကြည့်ကာ အာရုံစူးစိုက်နေကြ၏။

ထွက်လာပေပြီ။ အငြိမ့်မင်းသမီးကလေးသဖွယ်ဖြီးလိမ်းထုံးဖွဲ့ဆင်ပြင်ထားသည့် သတို့သမီး မဝိုင်းကို အပျိုရံနှစ်ယောက်ကတွဲကာ အတွင်းခန်းမှ တုတ်လာ၏။ မဝိုင်း၏ နောက်ပါးမှ အပျိုကြီးမကြင်နှင့် အခြားအပျိုကလေးများ ပါလာကြသည်။

မဝိုင်းသည် အရှက်အကြောက်လွန်ကာ မျက်စိတွေပြာလျက် ဘာကိုမျှမမြင်ရတော့ပေ။ အပျိုရံကလေးများ တွဲခေါ်ရာသို့သာ တဖြည်းဖြည်းလိုက်ပါလာရ၏။

မဝိုင်းကို သတို့သား မောင်ညွှန့်၏အပါးတွင် ယှဉ်၍ ထိုင်စေသည်။

မင်္ဂလာပရိသတ်အားလုံးသည် သတို့သားနှင့် သတို့သမီးကိုသာလျှင် အထူးအဆန်းသဖွယ် ကြည့်ရှုနေကြသည်။ ထူးလည်း ထူးဆန်းပေသည်။ တစ်သက်တွင် တစ်ခါသာကြုံရသည့် မင်္ဂလာအခမ်းအနား ဖြစ်ပေသောကြောင့်တည်း။

မောင်ညွှန့်နှင့် မဝိုင်းတို့သည် ယှဉ်၍ ကျုံ့ကျုံ့ကလေးတွေ ထိုင်နေကြ၏။

"ကိုင်း... လုလင်နဲ့ လုံမတို့က မိဘနှစ်ပါးကို ကန်တော့ကြဗျား..."

ကိုချိုက တိုက်တွန်းစကား ပြောကြားလိုက်သည်နှင့် တစ်ပြိုင်နက် မောင်ညွှန့်နှင့် မဝိုင်းတို့သည် ဆရာခေါင်နှင့် အရီးစုံကို ညီတူညာတူ ဦးသုံးကြိမ်ချ၍ ကန်တော့ကြ၏။ သူတို့၏ရင်ထဲတွင် အေးချည်တစ်ခါ နွေးချည်တစ်လှည့်ဖြင့် မခံစားရဘူးသော အာရုံတစ်မျိုး ခံစားနေကြရလေသည်။

ကန်တော့ပြီးကြလျှင် ဆရာခေါင်က ဆုပေး၏။

"ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပျော်မွေ့စွာနဲ့ အသက်ရာကျော်ရှည်အောင် မကွေမကွဲ ပေါင်းသင်းနိုင်ကြပါစေ၊ နိဗ္ဗာန်မဂ်ဖိုလ်ကို ရက်တိုတိုနဲ့ ရောက်ကြပါစေ"

ဆရာခေါင် ဆုပေးပြီးလျှင် ပရိသတ်များ စားကြ သောက်ကြသည်။ အရပ်ဒေသဝေါဟာရအရ "အခါးရည်"ဟု ခေါ်သော လက်ဖက်ရည်ကြမ်းနှင့် မုန့်ပဲသရေစာစုံတည်း။

ပျော်ကြသည်။ ပါးကြသည်။ စကားလက်ဆုံကျကြသည်။ တသော သော တဝါးဝါး ရယ်မောကြသည်။

သူတို့တစ်တွေကား တောင်သူလယ်သမား ဆင်းရဲသားများသာတည်း။ ဤကဲ့သို့ ပွဲသဘင်မျိုး ကြုံမှသာလျှင် တစ်ယောက်နှင့်တစ်ယောက် လူစုံ တက်စုံ တွေ့ကြရ၏။ ရယ်ရမောရ စကားပြောကြရ၏။ ထို့ကြောင့် ဤပွဲ သဘင်မျိုးကို တောင့်တခြင်းအာသာ ပြင်းစွာဖြစ်ကြလေသည်။ လက်ဖက် တောင်းပွဲဟု ခေါ်ကြသည့် သတို့သမီးတောင်းပွဲကား ပြီးလေပြီ။ သို့သော် မင်္ဂလာအခမ်းအနားကား ပြီးဆုံးခြင်း မရှိသေး။ ဆက်ရန်ရှိပေသေးသည်။

သတို့သမီး၏အိမ်ရှေ့တွင် လှည်းတစ်စီး ပြင်ဆင်ထားသည်။ လှည်း ကား ထူးခြားသောလှည်းပင်ဖြစ်၏။ သူတို့အရပ်ဒေသတွင် သုံးရိုးသုံးစဉ် ဖြစ်သည့် စပ်လှည်းဘီး တပ်ထားသည့် လှည်းမျိုးမဟုတ်၊ ထောက်လှည်း ဘီးတပ်ထားသော လှည်းဖြစ်သည်။ ဤထောက်လှည်းဘီးမျိုးမှာ ရှားရှား ပါးပါးဖြစ်လျက် တစ်စီးတစ်လေသာရှိသည်။

လှည်းတွင်တပ်ထားသော နွားတစ်ရှဉ်းကား သွေးတူမွေးတူ နွားချော နွားလှများဖြစ်သည်။ ထိပ်အုပ်တွေ ချိုကုံးတွေနှင့် ကြည့်၍တင့်တယ်လှ၏။

မင်္ဂလာပွဲကို ဆက်လက်ကျင်းပရန် အချိန်သင့်သည်နှင့် တစ်ပြိုင်နက် ကိုချိုသည် ကန်တော့ပွဲကိုပိုက်ကာ ရှေ့ဆုံးမှ ဆင်းလာ၏။ ဤကန်တော့ပွဲ ကား သတို့သားအိမ်မှ ယူဆောင်လာခဲ့သည့် ကန်တော့ပွဲ မဟုတ်တော့။ သတို့သမီးအိမ်မှ ကန်တော့ပွဲသစ်ဖြစ်သည်။

ကိုချို၏နောက်မှ ညောင်ရေအိုးရွက်သူ အမျိုးသမီးကလေးတစ်ဦး၊ သူ၏နောက်တွင်မှ အဝတ်အစား အသုံးအဆောင်ရွက်သူ အပျိုကလေး လေးဦးတို့ အိမ်ပေါ်မှ ဆင်းလာကြ၏။ အဝတ်အစား အသုံးအဆောင်များ ကား မဝိုင်း၏ပစ္စည်းများ ဖြစ်သည်။ သတို့သမီးနှင့်အတူ သတို့သမီး၏ ပစ္စည်းအသုံးအဆောင်တို့ကိုလည်း သတို့သားအိမ်သို့ ပို့အပ်ရမည်ဖြစ်သည်။

ကိုချို ဦးဆောင်သည့် အပျိုကလေးငါးဦးတို့သည် လှည်းရှေ့တွင် စီတန်း၍ ရပ်နေကြ၏။

သတို့သား သတို့သမီးတို့အပြင် နှစ်ဖက်မိဘတို့သည် လှည်းပေါ်

တွင် ထိုင်ကြသည်။ လှည်း၏နောက်တွင်မှ နှစ်ဖက်သော မင်္ဂလာပရိသတ်တို့ လိုက်ပါကြ၏။

မင်္ဂလာပရိသတ်ကြီးသည် လက်မပင်ရွာရိုးတစ်လျှောက်မှ လာခဲ့ကြသည်။ အိမ်ပေါက်စေ့မှ လူတိုင်းစေ့ထွက်၍ တအံ့တသြ ကြည့်ကြ၏။

အချို့က ပဝါဖြင့်လည်းကောင်း၊ အဝတ်ပုဆိုးဖြင့်လည်းကောင်း၊ ရွှေကြိုးငွေကြိုးဖြင့်လည်းကောင်း ကင်းတားကြသည်။ ကင်းတားသူများ ကျေနပ်အောင် လူပျိုကြီး ကိုမူက ပိုက်ဆံအတန်အသင့်ပေးမှ ကင်းတားလွှတ်ကြ၏။

မင်္ဂလာပရိသတ်များ ကျောက်တောရွာအတွင်းသို့ ဝင်လာကြသောအခါတွင်လည်း တစ်ရွာလုံး အုန်းအုန်းကျွက်ကျွက် ကြည့်ရှုကြသည်။

သတို့သမီးအိမ်တွင် ကျင်းပခဲ့သည့် လက်ဖက်တောင်းမင်္ဂလာကဲ့သို့ပင် သတို့သားအိမ်တွင်လည်း လက်ထပ်မင်္ဂလာပွဲ ကျင်းပကြလေသည်။

သူတို့ဒေသ ဝေါဟာရအရ "မော်ဆရာ"ဟုခေါ်သော ဘိသိက်ဆရာက သတို့သားနှင့် သတို့သမီးကို ဘိသိက်မြွက်ကာ မင်္ဂလာစကားပြော၏။ ယင်းသို့ မင်္ဂလာစကားပြောသည်ကို "မော်အေးသည်"ဟု ခေါ်ကြသည်။

ဘိသိက်ဆရာက မော်အေးဘိသိက်မြွက်ကာ မင်္ဂလာစကားပြောပြီးနောက် မောင်ညွှန့်နှင့် မပိုင်းကို လက်ထပ်ပေးသည်။ မောင်ညွှန့်နှင့်မပိုင်းတို့ကား အကြင်လင်မယားဘဝသို့ ရောက်ကြပြီတည်း။

ညားခါစဇနီးမောင်နှံနှစ်ဦးတို့သည် ဒေသထုံးစံအရ ဒေါင်းလန်းတစ်ခုတည်းတွင် ထမင်းလက်ဆုံ စားကြရသည်။ ပရိသတ်ကြီး၏ အလယ်တွင် စားကြရသဖြင့် မောင်ညွှန့်ရော မပိုင်းပါ မဝံ့မရဲ တုန်တုန်ယင်ယင် ဖြစ်နေကြ၏။ တစ်ယောက်မျက်နှာကို တစ်ယောက် မကြည့်ရဲဘဲ ခေါင်းငုံ့ကာစားကြသည်။

"ချိုချိုစားကြနော်... လင်မယားပဲ ဖြစ်ပေါ့ဟာပဲ...၊ ဘာရှက်စရာရှိသလဲ... စားသာစား"ဟု အပျိုကြီးမကြင်က တီးတိုးပြောလိုက်ကာ မြိန်မြိန်ရှက်ရှက် စားကြရန် မရှက်မကြောက်ရန် အားပေးသည်။

ထမင်းလက်ဆုံ စားပြီးနောက် ကိစ္စမကုန်သေး၊ လက်ဖက်ကို ဇနီးမောင်နှံနှစ်ယောက်တို့ လက်ဆုံစားကြရပြန်သည်။

ထို့နောက်တွင်မှ ဇနီးမောင်နှံတို့က သတို့သား၏မိဘနှစ်ပါးဖြစ်ကြသော ဦးမာလာနှင့် အရီးနန်းကြာကို ဦးသုံးကြိမ်ချကာ ရှိခိုးကန်တော့ခြင်းဖြင့် မင်္ဂလာပွဲ ပြီးစီးလေတော့သတည်း။

မင်္ဂလာကိစ္စ ပြီးစီးသဖြင့် စားခန်းသောက်ခန်းကိစ္စကို ဆက်ကြ၏။ သတို့သားအိမ်က ထမင်းဟင်းဖြင့် ကျွေးမွေးဧည့်ခံလေရာ တရုန်းရုန်းဖြင့် စားကြသောက်ကြ ပျော်ကြပါးကြသဖြင့် ဆူညံ၍ နေလေတော့သည်။

စားသောက်ပြီးနောက် အလျှိုအလျှို ပြန်သွားကြသော်လည်း အချို့ကား မပြန်သေးဘဲ စကားပြောနေကြ၊ အခါးရည်များ သောက်ကြဖြင့် တစ်နေ့လုံး ဧည့်စဲသည်ဟူ၍ မရှိပေ။ အတော်ညဉ့်နက်သော အခါတွင်မှ ဧည့်စဲ၍ သွားတော့၏။

"ကိုင်း… ညဉ့်နက်ပြီ…၊ လူကလေး အိပ်တော့…"

ဦးမာလာက မောင်ညွှန့်ကို ပြောလိုက်၏။ မောင်ညွှန့်မှာ ဧည့်သည်များကို ဧည့်ခံနေရသဖြင့် တစ်နေ့လုံး နားရသည်မရှိပေ။

မဝိုင်းမှာမူကား ရှက်ကြောက်သဖြင့် အပြင်သို့မထွက်ဘဲ အခန်းအောင်းကာ မောင်ညွှန့် လာနိုး လာနိုးဖြင့် မျှော်ကိုးစောင့်စားနေ၏။

ဦးမာလာက မောင်ညွှန့်အား သတိပေးလိုက်သံကို မဝိုင်း ကြားရလေရာ မဝိုင်း၏ရင်ထဲတွင် ဒိန်းခနဲ မြည်သွားလျက် စောင်ကို ခေါင်းမြီးခြုံထားလိုက်၏။

မောင်ညွှန့်သည် ခြေဖျားထောက်ကာ အတွင်းခန်းသို့ ဝင်လာ၏။ စောင်ကို ပိန်းပိတ်အောင် ခြုံထားသော မဝိုင်းကို ငေးစိုက်ကာ ကြည့်ရင်း ရင်တလှပ်လှပ် ဖြစ်နေ၏။

မောင်ညွှန့် ကလေးအရွယ် ငယ်စဉ်က မဝိုင်းနှင့် စောင်အတူခြုံကာ အိပ်ခဲ့ရဖူးသည်များကို ပြန်လည် သတိရမိသည်။ ယင်းသို့ သတိရသည်နှင့် တစ်ပြိုင်နက် မောင်ညွှန့်သည် ငယ်စဉ်အခါ ကလေးအရွယ်သို့ ပြန်ရောက်သွားသကဲ့သို့ထင်မိ၏။ ယင်းသို့ ထင်လေသောအခါတွင်မှ ရင်ထဲက တလှပ်လှပ်တွေ ပျောက်ကွယ်သွားတော့သည်။

မောင်ညွှန့်သည် ငယ်စဉ်က ပြောပုံမျိုး ပြော၏။

"အစ်မဝိုင်း… ကျွန်တော် အိပ်ချင်လှပြီဗျာ"

မဝိုင်းကလည်း မောင်ညွှန့် ငယ်စဉ်က မိမိပြုပုံမျိုးပင်ပြုလျက် စောင်ကို လှပ်ပေး၏။ မောင်ညွှန့်သည်လည်း ငယ်စဉ်ကကဲ့သို့ မဝိုင်း၏စောင်ခြုံထဲသို့ တိုးဝင်သွားလေသည်။

○

## (၂၅)

ချစ်ခင်ကြင်နာစွာ ပျော်ပျော်ရွှင်ရွှင် နေကြရသည့် အချိန်တို့မှာ ကုန်လွယ်လှသည်ဟု ထင်တတ်ကြမြဲအတိုင်း မောင်ညွန့်နှင့် မဝိုင်းတို့ လက်ထပ်မင်္ဂလာပြုပြီးကြသည်မှာ မကြာလှသေးဟု ထင်ကြသော်လည်း အမှန်မှာကား ငါးနှစ်ပင် ကြာညောင်းကုန်လွန်ခဲ့လေပြီ။

မင်္ဂလာဆောင်ပြီးစက ရပ်ရွာဓလေ့ထုံးစံအတိုင်း မဝိုင်းသည် မောင်ညွန့်၏အိမ်သို့ လိုက်၍နေသော်လည်း တစ်နှစ်ကြာသောအခါ မောင်ညွန့်က မဝိုင်းတို့အိမ်ရှိရာ လက်မပင်ရွာသို့ လိုက်၍နေသည်။

ယောက္ခမကြီးများ ဖြစ်ကြသူ ဆရာခေါင်နှင့် အရီးစုံတို့ကလည်း မောင်ညွန့်ကို သားနှင့်မခြား ချစ်ခင်ကြကာ "ငညွန့်... ငညွန့်"နှင့် တညွန့်တည်း ညွန့်နေကြသည်။

မောင်ညွန့်ကား လုံ့လဝီရိယ ရှိသူလည်းဖြစ်သည်။ ပညာဗဟု သုတကို ဆည်းပူးလိုသူလည်း ဖြစ်သည်။ ထို့ကြောင့် သမားတော်ကြီး ဆရာခေါင်ထံမှ ဆေးပညာကို သင်ကြားဆည်းပူး၍ ယူသည်။

ရောဂါကြီး ရောဂါကျယ်တို့ကို ဆရာခေါင်ကိုယ်တိုင် ကုသသော်လည်း ရောဂါငယ်များကိုကား မောင်ညွန့်ကို ဆရာခေါင်က ကုသစေသည်။ ထို့ကြောင့် မောင်ညွန့်သည် ဆေးဆရာလေး ဖြစ်လာကာ အချို့က "ဆရာညွန့်"ဟု ခေါ်ကြ၏။

မဝိုင်းကပင်လျှင် တစ်ခါတစ်ရံတွင် လေးစားသမှုပြုကာ "ဆရာညွန့်"ဟု ခေါ်တတ်သည်။

မောင်ညွှန့်တို့ဒေသတွင် ဆေးဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း မဖူလုံပေ။ ဆေးဖိုးဝါးခမှာ မဖြစ်စလောက်သာ ရလေသောကြောင့် မိရိုးဖလာ လယ်အလုပ်, ယာအလုပ်များကိုလည်း မနေမနား လုပ်ရသည်။

မောင်ညွှန့်ကား လုံ့လဝိရိယရှိသူဖြစ်ရာ လယ်ယာအလုပ်ကို ပိုက်စိတ်တိုက်သလို အကွက်စေ့စေ့လုပ်သည်။

မြေနိမ့်ရာ ရေဝပ်ရာတွင် လယ်စပါးလုပ်သည်။ ကုန်းခေါင်ခေါင်တွင် ယာစပါးဟု ခေါ်သည့် ကြံပက် စိုက်ပျိုးရသည့် စပါးလည်း လုပ်သည်။ အာလူးလည်း စိုက်မိအောင် စိုက်လိုက်သေး၏။

သို့သော် မောင်ညွှန့်တို့ဒေသမှာ စပါးအထွက်နည်းလေရာ စပါးတစ်တစ်းစိုက်(တစ်ကေခန့်)တွင်မှ မိုးလေမှန်လျှင် ၁၅ တင်း၊ တင်း ၂၀ မျှသာ ထွက်သည်။ မိုးလေအလှည့်မသင့်လျှင်ကား ထိုမျှပင်မထွက်။ သို့သော် တစ်နှစ်စာ ဝမ်းစာစပါးဖူးလုံလျှင် တော်ပြီဟူသော မျှော်လင့်ချက်ဖြင့် စပါးကိုစိုက်ခြင်းဖြစ်သည်။ ဝမ်းစာစပါး ဖူလုံရုံမျှလောက်သာရ၏။

ဝမ်းစာစပါး ဖူလုံသည်ထားဘိဦး၊ အခြားသုံးစွဲဝယ်ခြမ်းစရာတွေက ရှိပေသေးသည်။ ထို့ကြောင့် အပိုဝင်ငွေလို၏။ အပိုဝင်ငွေ ရရန်အတွက်ကား အာလူးကို ကြိုးစားပမ်းစား စိုက်ရမည်။ အာလူးကို ဗမာပြည်ဘက်မှ လာရောက် ဝယ်ခြမ်းကြသဖြင့် ဈေးခေါ်ကောင်းသောပစ္စည်း ဖြစ်သည်။ ရောင်း၍စွံသောပစ္စည်းဖြစ်၏။ အာလူးရောင်း၍ရသောငွေဖြင့် လိုရာပစ္စည်းများ ဝယ်ခြမ်းနိုင်သည်။

အိမ်ထောင်ရှင်မ မဝိုင်း၏လုပ်ငန်းတာဝန်မှာလည်း မသေးလှ။ မိခင်ဖြစ်သူ ဒေါ်စုံမှာ အသက်အရွယ်ကြီးရင့်ပြီဖြစ်ရာ အိမ်ထောင်မှုတာဝန်ကို မဝိုင်းကပင် ခြေသိမ်းခေါင်းပိုက် ပြုရသည်။

ဒေသထုံးစံအရ ထမင်းချက်ခါနီးတွင် တစ်နေ့ချက်ရန် စပါးကို လက်ဆုံဖြင့် ထောင်းရသည်။ မောင်ညွှန့် တောတွင်းမှ တိုက်လာသောထင်းတုံးများကို မဝိုင်းက ဖြတ်တောက်ခွဲစိတ်ရသည်။ လက်ဆုံဖြင့် စပါးထောင်းခြင်း၊ ထင်းဖြတ်ခွဲရခြင်းကား သက်သာသော အလုပ်မဟုတ်၊ ပင်ပန်းတကြီး အားစိုက်အင်စိုက် လုပ်ရသော အလုပ်မျိုးဖြစ်သည်။ အထူးသဖြင့်ကား မဝိုင်းတို့အရပ်မှာ ရာသီဥတုအေးလှသဖြင့် ၁၂ ရာသီလုံးလုံးလို မီးထင်းမပြတ်ဖိုရ

ထည့်ရသောအရပ်ဖြစ်စရာ တစ်နှစ်ပတ်လုံး အလျှင်မီအောင် ထင်းခွဲထင်းဖြတ်ရသောအလုပ်မှာ မသေးငယ်လှပေ။ အလုပ်အကိုင်ကြီး တစ်ရပ်ပင်ဖြစ်၏။

ထို့အပြင် မဝိုင်းသည် ယောက္ခမဖြစ်သူ အရီးနန်းကြာထံမှ ရက်ကန်းအတတ်ကို သင်ကြားတတ်မြောက်ထားသူဖြစ်ရာ အားလပ်သည့်အချိန်တွင် ရက်ကန်းရက်ရသေး၏။ လယ်ထဲယာထဲတွင် အလုပ်အင်မတန်များချိန်တွင် မောင်ညွှန့်ကို ကူညီလုပ်ကိုင်ပေးရ၏။ အိမ်ဝင်းခြံထဲတွင် ပဲပင်အမျိုးမျိုး သီးနှံပင်အသွယ်သွယ်တို့ကိုလည်း မဝိုင်း စိုက်ပျိုးလိုက်ပေသေးသည်။

အာလူးတွေပေါ်သည့် အချိန်တွင် အာလူးမှ ငွေဖြစ်ရန်အတွက် မောင်ညွှန့်နှင့် မဝိုင်းတို့သည် ဗမာပြည်ဘက်မှ အဝယ်လာမည့်သူများကို မျှော်တော်ဧောဖြင့် မောနေအောင် စောင့်စားနေကြသည်။

"အစ်မဝိုင်းရေ... ခါတိုင်းဆိုရင် ဒီအချိန်လောက်မှာ အားလူးဝယ်တဲ့ ဗမာတွေ လာကြပြီ။ ဒီနှစ်တော့ ခုထက်ထိ မလာကြသေးဘူးနော်။ ဘာဖြစ်လို့ မလာပါလိမ့်"ဟု မောင်ညွှန့်က မချမ်းမြေ့သံဖြင့် ပြော၏။

"အာလူးက အနယ်နယ် အရပ်ရပ်မှာ အကြီးအကျယ် စိုက်ကြတယ် မဟုတ်လား ဆရာညွှန့်ရဲ့။ ဒီတော့ ဗမာပြည်ဘက်က အာလူးဝယ်လာတဲ့ လူတွေဟာ ဒီအရပ်ရောက်အောင် မလာဘဲ နီးရာအရပ်က ဝယ်သွားနိုင်တယ် မဟုတ်လား..."

"ဟုတ်တယ်...အစ်မဝိုင်း ပြောတဲ့အတိုင်း ဖြစ်နိုင်စရာအကြောင်းရှိတယ်။ တကယ်လို့သူတို့သာလာမဝယ်ရင် ခက်ရလေချည့်။ အာလူးမရောင်းရလို့ ငွေမပေါ်ရင် သုံးဖို့စွဲဖို့ ဘယ်ကရမတုံး..."

မောင်ညွှန့်က စိုးရိမ်တကြီး ပြောလိုက်သည်။

"ဒီလောက်လည်း မပူပါနဲ့ ဆရာညွှန့်ရယ်... အစ်မဝိုင်း ရက်ကန်းကို ကြိုးစားပြီး ရက်မှာပေါ့၊ ရက်ကန်းရက်ခရတာနဲ့ သုံးတာစွဲတာပေါ့"

"ဒီလိုဆိုရင် ကိုယ်ကလက်သမား လုပ်မယ်၊ ပန်းပဲလုပ်မယ်၊ ဒီအလုပ်တွေကို ကိုယ်ကောင်းကောင်း တတ်ထားသားပဲ။ သို့ပေမဲ့ ခက်နေတာက အာလူးတွေကို ဝယ်သူမလာရင် သူများကို အလကားပေးပစ်ရမလို၊ လွှင့်ပစ်ရမလို ဖြစ်နေပြီ။ ကိုယ့်အိမ်မှာ ချက်စားလို့လည်း ကုန်နိုင်မှာမဟုတ်ဘူး၊ ရထားတဲ့အာလူးက အချိန်တစ်ထောင်ကျော်သေးတယ်"

"နည်းတစ်နည်းတော့ ရှိတယ်၊ သို့ပေမဲ့ ဆရာညွန့်လုပ်လို့ မဖြစ်ပါဘူးလေ၊ အင်မတန် ဒုက္ခများမယ့်နည်းပါ"ဟု မဝိုင်းက တွေးတွေးဆဆ လေးလေးပင်ပင် ပြောသည်။

"ပြောစမ်းပါဦး…အစ်မဝိုင်း ပြောတဲ့နည်းက ဘယ်လိုနည်းလဲ"ဟု မောင်ညွန့်က သိလိုဇောဖြင့်မေးလိုက်၏။

"တလောက ကိုသာ ပြောတာ ကြားတယ်၊ ကလောနယ်က အာလူးလုပ်လူတွေ ဗမာပြည်ဘက် အာလူးရောင်းသွားကြသတဲ့။ လှည်းနဲ့သွားရတာပေါ့။ ခရီးကလည်း အဝေးသား၊ ပင်လည်း အင်မတန်ပင်ပန်းမှာပါ"

"ပင်ပန်းတာက အရေးမကြီးဘူး၊ ငွေရဖို့က အရေးကြီးတယ်၊ ငွေရမယ်ဆိုရင် ပင်ပန်းချင် ပင်ပန်းပါစေ။ ကိုယ်တော့ လုပ်ချင်တာပဲ"

"စဉ်းစာပါဦး ဆရာညွန့်ရယ်…၊ နီးတဲ့ခရီး မဟုတ်ဘူးနော်…နောက်ပြီးတော့ ရေခြားမြေခြား သွားရမှာ"

"စဉ်းစားမယ်လေ…အာလူးအချိန်တစ်ထောင်ကျော်ကို အလကားလွှင့်ပစ်ရမယ့်ကိစ္စကိုလည်း ထည့်စဉ်းစားရဦးမှာပ"

"ဟုတ်တော့ ဟုတ်တယ်၊ နည်းတဲ့အာလူးတွေ မဟုတ်ဘူး၊ လွှင့်ပစ်ရမယ်ဆိုရင် နမြောစရာကြီး"ဟု မဝိုင်းက ညည်းညည်းညူညူ ပြောလိုက်သည်။

○

## (၂၆)

တစ်နေ့တွင် မောင်ညွန့်သည် မောကြီးပန်းကြီးဖြင့် အိမ်သို့ပြန်ရောက်လာ၏။

"အစ်မဝိုင်းရေ…နက်ဖြန်ခါ ခရီးထွက်မယ်…ဗမာပြည်ဘက်ကို သွားပြီး အားလူးရောင်းမယ်"ဟု မောင်ညွန့်က အသက်မရှူနိုင်ဘဲ ပြောသည်။

"တစ်ယောက်တည်းသွားလို့ ဖြစ်ပါ့မလား ဆရာညွန့်ရယ်…ဟု မဝိုင်းက ဆိုသည်။

"တစ်ယောက်တည်း မဟုတ်ဘူး အဖော်တွေလည်း ပါတယ်။ လက်မပင်ရွာက ကိုကြင်နဲ့ ကိုပု ပါတယ်။ ကျောက်တောရွာက ကိုချိုလည်းလိုက်မတဲ့။ အားလုံးပေါင်း လေးယောက်၊ ဘာမှစိုးရိမ်စရာ မရှိဘူးတဲ့၊ တလော က အစ်မဝိုင်းပြောတဲ့ အတိုင်းပဲ…ကလောနယ်ကလူတွေ ဗမာပြည်သွားရောင်းကြတာ နေရာကျလာကြသတဲ့"

"သတိ ဝီရိယလည်း ထားသွားလေ၊ ကိုယ်ရောက်ဖူး ပေါက်ဖူးတဲ့ အရပ်လည်း မဟုတ်ဘူး…ဝေးကဝေးသနဲ့…အစ်မဝိုင်းတော့ မလွှဲသာလို့သာ လွှတ်ရတယ်…တယ်ပြီး စိတ်မချလှဘူး"

"ကလေးမှ မဟုတ်တော့ဘဲ အစ်မဝိုင်းရာ…စိတ်ချ လက်ချသာနေစမ်းပါ"

"အစ်မဝိုင်းကတော့လေ…ဆရာညွန့်ကို ကလေးလို့ ထင်နေတာပဲ" ဟု မဝိုင်းက မေတ္တာသံ ကရုဏာသံဖြင့် ပြော၏။

နောက်နေ့တွင် ခရီးထွက်ရန်အတွက် မောင်ညွန့်ရော မဝိုင်းပါ တင်ကြိုပြင်ဆင်မှု လုပ်ကြရသည်။

မောင်ညွှန့်သည် လှည်းကိုပြင်၏။ မောင်ညွှန့်၏ လှည်းကားရှားရှား ပါးပါး ထောက်လှည်းတည်း။ လက်သမားတတ်သူ၊ ပန်းပဲတတ်သူ မောင် ညွှန့်သည် တစ်ခါက ဗမာပြည်ဘက်မှ ရောက်လာသည့် ထောက်လှည်းကို ကြည့်ရှုနမူနာယူကာ ကိုယ်တိုင် ထောက်လှည်းလုပ်သည်။

မောင်ညွှန့်နှင့် သွားဖော် သွားဖက် ပြုကြမည့်သူတို့၏ လှည်းများ ကား စပ်ဘီးလှည်းများသာတည်း။

မဝိုင်းသည်လည်း မောင်ညွှန့် ခရီးထွက်လျှင် ယူသွားရန်အတွက် စားစရာ သောက်စရာနှင့် ကြာရှည်ခံမည့် မုန့်ပဲတို့ကို လုပ်ကိုင်ရသည်မှာ နားရသည်ဟုပင် မရှိချေ။

အိပ်ရာဝင်ချိန်တွင်မှ နှစ်ယောက်သား မျက်နှာချင်း ဆုံမိကြရာ မဝိုင်း က မောင်ငယ်ကလေးကို မှာသကဲ့သို့ မောင်ညွှန့်ကို မှာကြားပြောဆိုလေ သည်။

"သတိဝိရိယကို မလစ်ဟင်းစေနဲ့၊ တွေ့ကရာတွေကိုလည်း မစားနဲ့။ ရေစိမ်းမသောက်နဲ့၊ အခါးရေသောက်၊ ပြန်လာတဲ့အခါ ငွေကြေးကိုဂရုစိုက်၊ အိပ်မောကျနေတုန်း လုယူသွားဦးမယ်"

မဝိုင်းကား သားငယ်ကို မိခင်က သွန်သင်ဆုံးမသလို မှာကြားနေ၏။

မောင်ညွှန့်က "အင်း...အင်း...အင်း"ဖြင့် အင်းလိုက်ရင်း မောမော ပန်းပန်းဖြင့် အိပ်ပျော်သွားသည်။ မောင်ညွှန့် အိပ်ပျော်သွားသည့်တိုင်အောင် မဝိုင်းကား ပြောတုန်း ပြောဆဲပင်တည်း။

○

(၂၇)

နောက်နေ့နံနက် ဝေလီဝေလင်း အချိန်တွင် မောင်ညွန့်၊ ကိုကြင်၊ ကိုပု၊ ကိုချိုတို့၏ လှည်းလေးစီးသည် ရွှေနောက်တန်းကာ ထွက်သွားကြ၏။

လှည်းထွက်ခါနီးတွင် မပိုင်းက မောင်ညွန့်အား"သတိဝိရိယထားသွားနော်"ဟု မှာလိုက်ချေသေးသည်။

မောင်ညွန့်တို့တစ်တွေ၏ လှည်းလေးစီးတွင် အားလုံးအချိန်ပိဿာ ၂၅၀ စီ ပါကြ၏။ လှည်းတစ်စီးဆောင်နိုင်သည့် ဝန်ပြည့်တည်း။

သူတို့သွားရသည့်လမ်းကား လွယ်ကူသောလမ်း မဟုတ်။ တောင်ဆင်း တောင်တက် သွားရသော လမ်းဆိုးလမ်းကြမ်းဖြစ်သည်။ အသွားအလာ နည်းပါးသဖြင့် လမ်းမှာ ပို၍ကြမ်းနေ၏။ သို့သော် လမ်းမှားစရာကားမရှိ။ လမ်းခွဲ လမ်းမျှောင်မရှိဘဲ တစ်လမ်းတည်းဖြစ်ရာ တစ်ခါမျှမသွားဖူးသူများဖြစ်လျက် ဖြောင့်ဖြောင့်မတ်မတ် သွားနိုင်လေသည်။

အတက်များတွင် နွားများမှာ ကုန်းနေအောင် ရုန်းကြရ၏။ အတက်တော်တော်ကြီးလျှင် လှည်းမောင်းသူက လှည်းပေါ်မှဆင်းကာ လှည်းနောက်မှ တွန်းပေးရပေသေးသည်။

အဆင်းတွင်မူကား နွားများ ဒုန်းစိုင်း၍ ချတတ်သဖြင့် နွားကြိုးကို အတင်းဆွဲထားရသည်မှာ လက်တွေပင် နာကျင်ပေါက်ပြဲကုန်၏။ ထိတ်စရာကောင်းသည်မှာကား တစ်ဖက်တွင် တောင်နံရံမတ်စောက်စောက်ကြီး။ တစ်ဖက်တွင်မူကား နက်လှသော ချောက်ကြီး ဖြစ်တည်နေကာ လမ်းမှာ လှည်းတစ်စီး သွားသာရုံကလေးမျှ ဖြစ်သဖြင့် သတိ ဝိရိယကြီးစွာဖြင့် နွားများကို

မောင်းနှင်ရသည်။ ယင်းသို့ တစ်ဖက်က တောင်နံရံ၊ တစ်ဖက်က ချောက် ဖြစ်ရသည့်အထဲတွင် အဆင်းလမ်းလည်း ဖြစ်ပါက အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြင့် ဘုရားကိုသာ တကြရလေတော့သည်။

ဤကဲ့သို့ သတိဝီရိယကြီးစွာထား၍ သွားရသောအခါတွင်မှ မဝိုင်း နောက်ဆုံး မှာလိုက်သည့် "သတိဝီရိယထားသွားနော်"ဟူသော စကားကို မောင်ညွှန့် ကြားယောင်မိလေသည်။

"အစ်မဝိုင်းကတော့ မှာလိုက်သားဗျ၊ သတိဝီရိယထားသွားတဲ့။ သူ မှာလိုက်တာ ဟုတ်တယ်။ ဒီလမ်းက သတိဝီရိယမထားလို့ မဖြစ်ဘူး"ဟု မောင်ညွှန့်က ပြောလိုက်၏။

ကိုချိုက "အိမ်း...မင်းမယား မဝိုင်းကတော့ကွာ...ရှာမှရှားတဲ့ မယား ပါပဲ၊ မင့်အတွက်တော့ မယားလည်းဟုတ်၊ အစ်မလည်းဟုတ်၊ အမေလည်း ဟုတ်သဟေ့"ဟု ပြောလိုက်၏။

"ဟာ...အစ်မဝိုင်းက ကျွန်တော့်အမေ အရွယ်တော့ မဟုတ်ပါဘူး ဗျာ"ဟု မောင်ညွှန့်က မကျေနပ်သံဖြင့် ပြောသည်။

"မင့်အမေအရွယ်မို့ အမေလို့ပြောတာ မဟုတ်ဘူးကွ...မင်းကိုသွန် သင်ဆုံးမတာဟာ အမေနဲ့တူတယ်လို့ ပြောတာ"

"ဟေ...မောင်ညွှန့် မဝိုင်းက မင့်ထက် ဘယ်လောက်ကြီးသလဲ"ဟု ကိုပုက မေး၏။

"ဆယ်နှစ်လောက် ကြီးတယ်ဗျ"

"ဆယ်နှစ်လောက် ကြီးပေလို့သာပေါ့ကွာ...အနှစ် နှစ်ဆယ်လောက် သာကြီးရင် မင့်အမေအရွယ် ဖြစ်နေမှာ"

ကိုပု၏ စကားအတွက် အားလုံးက ဝိုင်း၍ ရယ်ကြသော်လည်း မောင်ညွှန့်ကား မရယ်နိုင်ဘဲ အောက်သိုးသိုးမျက်နှာ လုပ်နေ၏။

"ငါက ကစားတာပါ မောင်ညွှန့်ရာ...မဝိုင်းက မင့်ထက် ဆယ်နှစ် လောက်ကြီးပေမယ့် အရွယ်တင်တယ်၊ နုတယ်၊ မင်းနဲ့အသက်ချင်းမတိမ်း မယိမ်းလိုပါပဲ"

ကိုပုက မျက်ဖြေစကားပြောလိုက်မှ မောင်ညွှန့်မှာ ပြုံးနိုင်ရယ်နိုင် ဖြစ်လာလေသည်။

ယင်းသို့ ခရီးထွက်ခဲ့ကြရာ မွန်းတည့်ချိန်လောက်တွင် နွားစာရရာ ရေရရာ အရပ်သို့ ရောက်ကြသဖြင့် လှည်းဖြုတ်ကာ နွားများကို အစာစား ရန် လွှတ်လိုက်၏။ လူများက ထမင်းဟင်းချက်ပြုတ် စားသောက်ကြ၏။ နွားများဝေးရာသို့ မသွားစေရန်အတွက် တစ်ယောက်က ကျောင်းနေရသည်။

နွားများ အစာရေစာဝ၊ လူများ ထမင်းစားသောက်ပြီးကြသောအခါ ခရီးဆက်ကြပြန်သည်။

နေဝင်ရီ တမှောင်အချိန်တွင် ရေယားရွာသို့ ရောက်ကြလေရာ တစ် ညအိပ် အပန်းဖြေလျက် လူရော နွားပါ အစာရေစာ စားသောက်ကြရလေ သည်။

O

## (၂၈)

နောက်နေ့နံနက်စောစောတွင် မောင်ညွန့်တို့ လေးဦးသည် ရေယားရွာမှ ခရီးဆက်ခဲ့ကြပြန်၏။ လမ်းမှာ တောင်ဆင်း တောင်တက်လမ်းတွေက များသည်။ တောင်ဆင်းတွင် လူမသက်သာ၊ တောင်တက်တွင် နွားရောလူပါ မသက်သာဖြစ်ကြရာ အပင်ပန်းခံနိုင်ရည်ရှိသောလူမျိုး၊ ဖွဲကောင်းသော လူမျိုးများဖြစ်သောကြောင့်သာလျှင် ဤလမ်းစခန်းမျိုးကို စိတ်ပျက်လက်လျှော့ခြင်း မရှိဘဲလာနိုင်ကြခြင်းဖြစ်၏။ ဖွဲပျော့သူများသာ ဖြစ်ကြပါက ထွက်လာဦးစနေ့ကပင် နောက်သို့ ပြန်လှည့်သွားကြမည် ဖြစ်လေသည်။

မောင်ညွန့်တို့ တစ်တောင်တက် တစ်တောင်ဆင်း ခရီးထွက်ခဲ့ရာ ဆွမ်းစားချိန်လောက်တွင် တောင်မြင့်ကြီးတစ်လုံး၏ထိပ်သို့ ရောက်လာကြ၏။ တောင်ပေါ်လမ်းတို့၏ ဖြစ်မြဲအတိုင်း လမ်းတစ်ဖက်တွင် မတ်စောက်သော တောင်နံရံကြီးခံလျက်၊ အခြားတစ်ဖက်တွင် အသူတစ်ရာမက နက်လှစွာသော ချောက်ကြီးတည်နေသည်။

လမ်းမှာ လှည်းတစ်စီးသွားနိုင်ရုံကလေးမျှသာဖြစ်ရာ တစ်ထွာတစ်မိုက်မျှ ဘေးသို့ တိမ်းစောင်းမောင်းမိပါက လှည်းရော နွားနှင့်လူပါမကျန် ချောက်ထဲသို့ ကျသွားမည်ဖြစ်လျက် အရိုးအသားပင် ရှာရတော့မည်မဟုတ်ပေ။

"သတိထားမောင်းကြဟေ့…ခြေချော် လက်ချော်ဖြစ်ရင် လူရောလှည်းရော ချော်ကျသွားမယ်နော…သတိမလစ်စေနဲ့"ဟု ကိုချိုက အော်ဟစ်၍ သတိပေး၏။

"ဟော…နားထောင်ကြစမ်း…ဘာသံလဲ"ဟု ကိုကြင်က ပြောသဖြင့် အာလုံးနားစိုက်၍ ထောင်ကြရာ ကြေးခလောက်သံလိုလို ဆူဆူညံညံအသံကို ကြားကြရလေသည်။

"လှည်းတွေများ လာနေသလား မပြောတတ်ဘူး၊ ဒီလမ်း ဒီစခန်းမှာ လှည်းချင်းဆုံနေရင်တော့ ဒုက္ခအကြီးအကျယ် တွေ့ကြရတော့မှာပဲ"ဟု ကိုချိုက ပြော၏။

သတိဝိရိယဖြင့် လှည်းကို တဖြည်းဖြည်း မောင်းနှင်ခဲ့ကြရင်း ကြားနေရသည့် အသံကို နားစွင့်ကြရာ ထူးခြားသည့်အသံမှာ တဖြည်းဖြည်းကျယ်သည်ထက် ကျယ်လာသည်။

"ဟုတ်တယ်…လှည်းလား လူလားတော့ မသိဘူး၊ ကျွန်တော်တို့ဘက်ကို လာနေတာတော့ဖြင့် အမှန်ပဲ…"ဟု မောင်ညွှန့်ကပြော၍ ပါးစပ်မျှမပိတ်သေးမီ ထူးခြားသောအရာသည် လမ်းကွေ့မှ ဘွားခနဲပေါ်ထွက်လာသည်။

"လှည်းရပ်ကြဟေ့…ရပ်လိုက်ကြ…"

ကိုကြင်က အော်၍ပြောသဖြင့် လှည်းအားလုံး ရပ်ထားကြ၏။

သူတို့နှင့် မျက်နှာချင်းဆိုင်တွင် ဘွားခနဲ ပေါ်ထွက်လာသည့်အရာကား မြင်းရထားတစ်စီးဖြစ်သည်။ မြင်းတစ်ကောင်က,သော ဇီရိရထားတည်း။

မြင်းရထား၏အတွင်းတွင် အင်္ဂလိပ်တစ်ယောက်ပါ၏။ သူ့လက်ထဲတွင် သေနတ်တစ်လက် ကိုင်လျက်ရှိသည်။ မြင်းရထား၏ အမိုးပေါ်တွင် ထိုင်ကာ မြင်းရထားကို မောင်းနှင်လာသူကား ပေါင်းထုပ်ကြီးနှင့် ကုလားတစ်ယောက်ဖြစ်၏။ မြင်းရထားမောင်းကုလား၏ လက်တစ်ဖက်တွင် ကြေးခေါင်းလောင်းငယ်တစ်လုံး ကိုင်ဆွဲကာ အဆက်မပြတ် လှုပ်နေသည်။ မောင်ညွှန့်တို့ ကြားရသည့် ထူးခြားသောအသံကား မြင်ရထားသမား၏ ခေါင်းလောင်းသံတည်း။

မြင်းရထားသည် ဆက်လက်မောင်းနှင်လာကာ လှည်းလေးစီး၏အနီးသို့ ရောက်သောအခါတွင်မှ ရပ်လိုက်၏။

"ကိုင်း…ဘယ့်နှယ်လုပ်ကြမလဲ…ရှောင်စရာ ဖယ်စရာ လမ်းလည်း မရှိဘူး"ဟု ကိုပုက ပြော၏။

"နောက်သွား...နောက်သွား..."ဟု မြင်းရထားသမားက မြင်းရိုက်သည့် ကြာပွတ်ကို ဝင့်ကာ ဝင့်ကာ ဗမာစကား မပီမသဖြင့် ပြောသည်။

မြင်းရထားပေါ်တွင် လိုက်ပါလာသည့် အင်္ဂလိပ်သည် မြင်းရထား၏ ဘေးရှိ ပြတင်းပေါက်ကလေးမှ ခေါင်းပြူထွက်လာကာ အခြေအနေကိုကြည့်ပြီး ခေါင်းသွက်သွက် ခါလေတော့သည်။

"နောက်သွား...နောက်သွား..."

ရထားကုလားက အဆက်မပြတ် အော်နေ၏။

"နင့်အမေလင် နောက်သွားလို့ ဖြစ်မတဲ့လားကွ...နွားတွေကိုဆွဲပြီး နောက်ဆုတ်ခိုင်းရင် နောက်မရောက်ဘဲ ချောက်ထဲကျကုန်တော့မှာပေါ့..." ဟု ကိုချို့က တစ်ယောက်တည်း ပြောသလို ပြောလိုက်သည်။

"ကိုင်း...ဘယ်လိုလုပ်ကြမလဲ...အခက်တော့ဖြင့် ကြုံနေပြီ..."ဟု ကိုပုက ညည်းတွားရင်းဆိုသည်။

ရှေ့ဆုံးမှ လှည်းသမားကိုကြင်သည် လှည်းပေါ်မှဆင်းကာ မြင်းရထားအနီးသို့သွားလျက် ခင်ဗျားတို့မြင်ရထားကို နောက်ဆုတ်ပေးလို့မရဘူးလား..."ဟု မေး၏။

"မရဘူး လူကလေး...နောက်ဆုတ်ရင် အောက်ကိုကျသွားမယ်၊ လူကလေးတို့လှည်းကို နောက်ဆုတ်ပေးပါ..."ဟု မြင်းရထားထဲမှ အင်္ဂလိပ်က ပြန်ပြောသည်။

လေးဦးသား အကြံခက်၍နေကြ၏။ မလှည့်သာ မပတ်သာ မရှောင်သာ မတိမ်းသာ လမ်းကျဉ်းလမ်းကျပ်တွင် မည်သို့လုပ်ရမည်ကို တွေးမရဖြစ်ကြရသည်။

"ဒီလိုချည်းနေလို့တော့ မဖြစ်ဘူး၊ တစ်ခုခုတော့ လုပ်ရတော့မှာပဲ..." ဟု မောင်ညွန့်က ဆို၏။

"ဘယ်လိုလုပ်မလဲကွ...မြင်းရထားရင်လည်း ချောက်ထဲကျသွားမှ၊ ဒါမှမဟုတ်ရင် တို့လှည်းလေးစီးစလုံးရင်လည်း ချောက်ထဲကျကုန်မှ ဒီကိစ္စပြီးတော့မှာပဲ..."ဟု ကိုပုကပြော၏။

"ဒီလိုပြောနေလို့ ဘယ်ဖြစ်မလဲဗျ...၊ ဖြစ်အောင်တော့ တစ်ခုခုလုပ်ရမှာပဲ..."ဟု မောင်ညွန့်က ပြောကာ စဉ်းစားတွေးတော၍နေသည်။

"ဘယ်လိုလုပ်မလဲ…မင်းကပဲ ကြံကြည့်စမ်းပါဦး…"ဟု ကိုကြင်က ဆို၏။

"ကျွန်တော်တို့လှည်းတွေကို နောက်ဆုတ်ပေးမှ ဖြစ်မယ်ထင်တယ်…"

"ဟ…ဆရာညွန့်ရာ…နောက်ဆုတ်လို့ ဖြစ်နိုင်ပါ့မလား…မင်းပဲ စဉ်းစားကြည့်စမ်းပါဦး…၊ နွားတွေကိုဆွဲပြီး နောက်ဆုတ်ရင် ဟိုယိုင်ဒီထိုးနဲ့ ချောက်ထဲကျသွားဖို့ သေချာတယ်၊ နောက်ပြီးတော့ လှည်းကို နောက်ပြန် လှည့်ဖို့ကလည်း ဘယ်မှာနေရာရှိလို့လဲ လှည့်လိုက်တာနဲ့ တစ်ပြိုင်နက် လှည်းရော နွားရော လူရော ချောက်ထဲကျကုန်တော့မှာပဲ…"

မောင်ညွန့်၏လှည်းကား နောက်ဆုံးတွင်ဖြစ်သည်။ မောင်ညွန့်သည် နွားကြိုးကို လှည်းရုံတိုင်တွင် တင်းတင်းချည်လိုက်ပြီးနောက် လှည်းနောက်မြီးမှ ခုန်ဆင်းလိုက်သည်။ ထို့နောက် လာခဲ့သည့်လမ်းအတိုင်း လျှောက်သွားကာ အခြေအနေကို ကြည့်၏။

"အိမ်း…ဆရာညွန့်ကတော့ ဉာဏ်နီဉာဏ်နက်တွေ ထုတ်နေပြီထင်ပကွာ…"ဟု ကိုချိုက ပြောလိုက်သည်။

မောင်ညွန့်သည် လှည်းများဆီသို့ ပြန်လာကာ"ဒီနေရာက အတောင်ငါးရာလောက် နောက်ဆုတ်လိုက်ရင်တော့ ရှောင်တိမ်းလို့ရတဲ့ လမ်းကျယ်ကျယ်နေရာ တွေ့ခဲ့တယ်ဗျ…"ဟု ပြော၏။

"ဟ…အတောင်ငါးရာ မပြောနဲ့ ငါးတောင်တောင် နောက်ဆုတ်မဖြစ်တာကို ဘယ်လိုလုပ်ပြီး ဆုတ်မလဲကွ…"

"ကြံရင် ဖြစ်ပါတယ်လေ…ကျွန်တော့်လှည်းကို နောက်ဆုတ်ပြမယ်ဗျာ…"

"ကျွန်တော့်လှည်း နောက်ဆုတ်ဖြစ်ရင် ခင်ဗျားတို့လှည်းလည်း နောက်ဆုတ်ဖြစ်ရမှာပ…"

"ကိုင်း…ဆုတ်ပြစမ်းပါဦး…မောင်ရာ…ကိုရင့်လှည်း ဆုတ်လို့ရရင် ကျုပ်တို့လည်း ဆုတ်ပါ့မယ်…"

မောင်ညွန့်သည် သူ့လှည်း၏အောက်မှ ငုံ့လျှိုး၍ဝင်ကာ လှည်းရှေ့သို့ ထွက်လာပြီး လှည်းထောက်,ထောက်၍ နွားများကိုဖြုတ်ကာ ရှေ့လှည်း၏နောက်မြီးတွင် ချည်ထားလိုက်သည်။

"ကိုင်း...အားလုံး လာကြဗျို့...နှစ်ယောက်က ထမ်းပိုးတုံးကိုထမ်းမယ်၊ နှစ်ယောက်က လှည်းနောက်မီးကဆွဲမယ်...၊ ရှောင်ဖြစ်တဲ့ နေရာကိုရောက်အောင် ဒီနည်းနဲ့ ယူကြတာပေါ့ဗျာ..."

မောင်ညွန့်က ပြောပြသောအခါတွင်မှ အားလုံး သဘောပေါက်ကြကာ မောင်ညွန့် ပြောသည့်အတိုင်း လုပ်ကြသည်။

မောင်ညွန့်နှင့် ကိုပုက ထမ်းပိုးတုံးကိုထမ်းလျက်၊ ကိုချိုနှင့် ကိုကြင်က လှည်းနောက်မြီးမှ ဆွဲကြသည်။ လှည်းသည် တရွေ့ရွေ့ဖြင့် နောက်ပြန်ဆုတ်သွား၏။

မြင်းရထားသမားသည် ပြုံး၍ကြည့်နေ၏။ မြင်းရထားထဲမှ အင်္ဂလိပ်မှာ အံ့သြငေးမောနေသည်။

မောင်ညွန့် ပြောသကဲ့သို့ပင် လှည်းကို အတောင် ၅၀၀ လောက်ဝေးအောင် တွန်းဆုတ်သွားရ၏။ လှည်းနှင့်မြင်းရထား ရှောင်သာ တိမ်းသာလောက်သော နေရာသို့အရောက်တွင်မှ လှည်းကို တောင်နံရံတွင်ကပ်ကာရပ်ထားသည်။

မောင်ညွန့်လှည်းကဲ့သို့ပင် အခြားလှည်းသုံးစီးကိုလည်း ခက်ခက်ခဲခဲအပန်းတကြီး နောက်ဆုတ်ပေးရသည်။

အားလုံးကိစ္စပြီးသောအခါ အင်္ဂလိပ်သည် မြင်းရထားပေါ်မှ ဆင်းလာကာ မောင်ညွန့်တို့လေးဦးကို တစ်ဦးစီ လက်ဆွဲခါယမ်း၏။

"လူကလေးတို့ကို ကျေးဇူးတင်တယ်...လူကလေးတို့ကို ကျွန်ုပ်ကျေးဇူးပေးမယ်..."

အင်္ဂလိပ်က ဗမာစကား မပီကလာ ပီကလာဖြင့် ပြောပြီး အင်္ကျီအိတ်တွင်းသို့နှိုက်ကာ ငွေဒင်္ဂါးတစ်ပြားစီပေး၏။

မောင်ညွန့်တို့ လေးဦးသားမှာ ဝမ်းသာ၍မဆုံး ဖြစ်ကြသည်။ ကုလားမခေါင်းဒင်္ဂါးဟု ခေါ်ကြသည့် ဗိတိုရိယဘုရင်မတံဆိပ် ဒင်္ဂါးကို အပြန်ပြန်အလှန်လှန် လှန်လှောကြည့်ရှုရင်း အံ့သြဝမ်းသာနေကြ၏။

အင်္ဂလိပ်သည် မောင်ညွန့်တို့ကို ငွေတစ်ကျပ်စီပေးပြီးနောက် မြင်းရထားပေါ်သို့ ပြန်တက်ကာ"လူကလေးတို့...ကျွန်ုပ်သွားမယ်..."ဟု နှုတ်ဆက်ရင်း မြင်းရထား ထွက်ခွာသွားသည်။

မောင်ညွန့်တို့သည် မြင်းရထားကို တအံ့တသြ မျက်စိတဆုံးငေး မျှော်ကြည့်ရှုနေကြပြီးနောက် လမ်းကွေ့သို့ မြင်းရထား ချိုးဝင်သွားကာ တောင်ကွယ်သဖြင့် မမြင်ရသောအခါတွင်မှ မိမိတို့၏ လှည်းများပေါ်သို့ အသီးသီးတက်ကြကာ ခရီးဆက်ခဲ့ကြပြန်သည်။

ကိုချို၊ ကိုကြင်နှင့် ကိုပုတို့မှာ မောင်ညွန့်ကို ချီးချူးစကား၊ ကျေးဇူးတင်စကားပြော၍ မပြီးနိုင်အောင် ဖြစ်ကြလေသည်။

ထိုနေ့ညတွင် နန်းပန်းတင်၌ စခန်းချ အိပ်စက်ကြလေသည်။

O

# (၂၉)

မောင်ညွန့်တို့သည် ရေယားတွင် တစ်ည၊ နန်ပန်းတင်တွင်တစ်ည၊ ထို့နောက် ပြည်ညောင်၊ ရေပုပ်ဆုံ၊ လှိုင်းတက်တို့တွင် တစ်ညစီ၊ စုစုပေါင်း ငါးညအိပ်ပြီးသော အခါတွင်မှ သာစည်မြို့သို့ ရောက်ကြလေသည်။

မောင်ညွန့်တို့ နေထိုင်သည့် လက်မပင်ရွာနှင့် သာစည်မြို့မှာ ဗမာ တိုင် ၃၅ တိုင်ကျော်ကျော်ဝေးသည်။

မောင်ညွန့်တို့ သာစည်မြို့သို့ ရောက်ကြသောအခါ လှည်းများကို ဈေးအနီးတွင် ဖြုတ်ထားလျက် ဈေးတွင်းသို့ ဝင်ကြကာ အာလူးဈေးစနည်း နာကြသည်။

အာလူးဆိုင်တစ်ဆိုင်အနီးသို့ အရောက်တွင် မောင်ညွန့်က "အာလူး တစ်ပိဿာ ဘယ်ဈေးရောင်းတုံး" ဟု မေးလိုက်၏။

"တစ်ပိဿာ တစ်မတ်" ဟု ဆိုင်ရှင်က ဖြေသည်။

"မလျှော့တော့ဘူးလား"

"မလျှော့ဘူး၊ ရောင်းဈေးပဲ" ဟု ဆိုင်ရှင်က တိုတိုတောင်းတောင်းပင် ပြန်ပြောသည်။

"ကျွန်တော်တို့မှာ အာလူးရောင်းဖို့ ပါပါတယ်။ ဝယ်နိုင်ပါသလား" ဟု မောင်ညွန့်က မေးသည်။

"အာလူးက ဘယ်လောက်များသလဲ"

"လှည်းလေးစီးတိုက်ဆိုတော့ အချိန်တစ်ထောင်လောက် ရှိလိမ့်မယ်"

"ဒီလောက်များတော့ မဝယ်နိုင်ဘူး၊ အချိန်တစ်ရာလောက်တော့ လိုချင်တယ်"

"အချိန်တစ်ရာကို ဘယ်လောက်ပေးနိုင်သလဲ"

"ခုနစ်ကျပ်ခွဲပေးမယ်"

"ဗျာ"

မောင်ညွှန့်က အံ့သြသံဖြင့် ပြောလိုက်သည်။ မောင်ညွှန့်နှင့် အတူပါသူ သုံးယောက်တို့မှာလည်း မောင်ညွှန့်နည်းတူ အံ့သြကြရ၏။

"သူတို့ရောင်းတော့ တစ်ပိဿာတစ်မတ်၊ ပြန်ဝယ်တော့ အချိန်တစ်ရာမှ ခုနစ်ကျပ်ခွဲတဲ့။ တစ်ပိဿာကို ငါးပြားတောင် မကျဘူး၊ လောဘဇောတိုက်လုချည့်လား ကွယ်တို့"ဟု ကိုချိုက ညည်းညည်းညူညူ ပြောလိုက်သည်။

မောင်ညွှန့်တို့ လေးဦးသည် အာလူးရောင်းသည့်ဆိုင်များသို့ လှည့်လည်ကာ တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ဈေးစနည်းနာကြ၏။ ဘယ်ဆိုင်မှာမှ အဆင်မပြေ ဖြစ်လေရာ စိတ်ပျက် စိတ်ညစ်နေကြသည်။

မောင်ညွှန့်ကား မြို့ကြီးပြကြီးသို့ ဤတစ်ကြိမ်သာလျှင် ရှေးဦးစွာ ရောက်ဖူးခြင်း ဖြစ်ရကား အံ့သြငေးမောကာ ကြည့်၍အားမရနိုင်အောင် ဖြစ်ရသည်။

"ဈေးကလည်း ဘယ်ဆိုင်မှာမှ အပေါက်အလမ်း မတည့်ဘူး၊ ဘယ်လိုလုပ်ရပါ့၊ အာလူးတွေကို ရွာကိုပဲ ပြန်ယူသွားရမှာလား၊ ဒီမြို့တွင်ပဲ သွန်ပစ်ရမှာလား"ဟု ကိုကြင်က ညည်းညည်းညူညူ ပြောလိုက်သည်။

"ပြန်လည်းမယူနဲ့၊ သွန်လည်းမပစ်နဲ့၊ အများဆုံးဈေးပေးတဲ့လူကို ရောင်းမယ်။ ဒီနည်းပဲရှိတယ်"ဟု မောင်ညွှန့်က အဖြေပေးလိုက်သည်။

"အိမ်း...မောင်ညွှန့် ပြောတာ ဟုတ်သကွ"ဟု ကိုပုက ဆို၏။

ယင်းသို့ဖြင့် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် အာလူးလှည့်လည် ရောင်းချပြန်သည်။

ဆိုင်ကြီးတစ်ဆိုင်သို့ အရောက်တွင် အာလူးအချိန်တစ်ထောင်ခန့် ရောင်းရန်ပါလာကြောင်း ပြောပြကြရာ ဆိုင်ရှင်က လိုလိုချင်ချင်ဖြင့် "ထိုင်ကြပါ"ဟု မောင်ညွှန့်တို့ကို နေရာတိုင်ခင်းပေး၏။

မောင်ညွှန့်တို့ ဝင်၍ထိုင်ကြရာ ဆိုင်ရှင်က မောင်ညွှန့်တို့ကို အကဲခတ်သော မျက်နှာထားဖြင့် စိန်းစိန်းကြည့်နေသည်။

"မောင်ရင်တို့က ရှမ်းလူမျိုးတွေ ထင်ပါရဲ့"ဟု ဆိုင်ရှင်ကမေး၏။

"ရှမ်းမဟုတ်ပါဘူး၊ ကျွန်တော်တို့က မနုတွေ၊ တောင်ရိုးတွေပါ"ဟု ကိုချိုက ဖြေသည်။

"တောင်ရိုးတို့၊ မနုတို့က ရှမ်းနဲ့အတူတူပဲ မဟုတ်လား"

"အဝတ်အစားချင်းတော့ တူပါတယ်။ လူမျိုးချင်းတော့ မတူပါဘူး။ ကျွန်တော်တို့ ဗမာစကား ပြောပါတယ်။ ရှမ်းစကား မတတ်ပါဘူး"

"ဪ...ဒီလိုကိုး...ကျုပ်က မောင်ရင်တို့ကို ရှမ်းတွေပဲလို့ ထင်နေတာ"ဟု ဆိုင်ရှင်က ဆွဲဆွဲငင်ငင် ပြော၏။

"ကျွန်တော်တို့ကို ဗမာတွေက ရှမ်းလို့ခေါ်တယ်။ ရှမ်းတွေကလည်း ဗမာလို့ ခေါ်တယ်။ ကျွန်တော်တို့ဟာ ဘာလူမျိုး ဖြစ်နေတယ်ဆိုတာတောင် မသိတော့ပါဘူး"ဟု မောင်ညွှန့်က စိတ်မချမ်းမြေ့သံဖြင့် ပြော၏။

"ကိုင်း...အရောင်းဝယ်ကိစ္စ စကြဦးစို့...မောင်ရင်တို့ အားလူးကို ဘယ်ဈေးရောင်းမှာလဲ"

"လက်လီတော့ တစ်ပိဿာတစ်မတ်ဈေး ပေါက်နေတယ် မဟုတ်လား"

"ဒါကတော့ လက်လီဈေးကိုး...မောင်ရင်တို့ရဲ့ အာလူးဟာ ဆိုင်မှာကြာလာတော့ အချိန်လျော့တာတို့၊ နာတာတို့ကလည်း ရှိသေးသကိုး၊ နောက်ပြီးတော့ ငွေအရင်းအနှီးစိုက်ထားရတော့ မြတ်ချင်စွန်းချင်သေးတာပ"

"ဒီတော့ အစွမ်းကုန် ဘယ်ဈေးပေးနိုင်မှာလဲ"

"အချိန်တစ်ရာကို တစ်ဆယ်ဈေးပေးမယ်၊ မောင်ရင်တို့မှာ အချိန်တစ်ထောင်ပါတယ်ဆိုတော့ ငွေတစ်ရာဖိုးပေါ့"

"ကျွန်တော်တို့ရွာကို ဗမာပြည်က တက်ဝယ်တာတောင် အချိန်တစ်ရာကို တစ်ဆယ်ဈေး ရောင်းရပါတယ်ခင်ဗျာ"ဟု မောင်ညွှန့်ကပြောလေသည်။

"ဒါကတော့ ဗမာပြည်မှာ အာလူးရှားသခိုက် ရှမ်းပြည်တက်ပြီး ဝယ်ကြတဲ့ ဈေးကိုး...မောင်ရင်တို့ရဲ့၊ အခုတော့ အာလူးတွေ ပေါလွန်းလို့ ရှမ်းပြည်တက်ပြီး ဝယ်ရတာနည်းပါတယ်၊ ရှမ်းပြည်က လှည်းနဲ့ နွားဝန်တင်

နဲ့ လာလာရောင်းကြတာပဲ၊ မောင်ရင်တို့တောင် လာဝယ်မယ့်သူ မရှိလို့ ဗမာပြည် လာရောင်းကြရတယ် မဟုတ်လား"

ဆိုင်ရှင်ပြောသည့်စကားမှာ ဟုတ်လွန်းသဖြင့် မောင်ညွှန့်တို့တစ်တွေမှာ မည်သည့်စကားမျှ မပြောနိုင်တော့ဘဲ ပါးစပ်ဟောင်းလောင်းဖြစ်နေကြသည်။

"ကိုင်း...ဒီတော့...အချိန်တစ်ရာ တစ်ဆယ်ဈေးနဲ့ ရောင်းနိုင်သပဆိုရင် ရောင်းခဲ့ကြ၊ မရောင်းနိုင်ဘူးပဆိုရင်လည်း ကြွကြပေတော့"

မောင်ညွှန့်တို့ လေးဦးသား တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ မျက်လုံးချင်း စကားပြောကြတော့သည်။ နောက်ဆုံးတွင်ကား ဆိုင်ရှင်ပေးသည့် ဈေးနှင့်ပင် ရောင်းချရန် သဘောတူညီလိုက်ကြရပေတော့သတည်း။

○

# (၃၀)

"အားလူးရောင်းသွားတဲ့ လှည်းတွေ ပြန်လာကြပြီဟေ့..."

တစ်စုံတစ်ယောက်က ပြောလိုက်သံကို မဝိုင်း နားစွန် နားဖျားကြား လိုက်သဖြင့် အိမ်ပေါ်မှ ဆင်းပြေးကာ လမ်းဘက်သို့ မျှော်ကြည့်၏။

ဟုတ်ပေသည်။ အာလူး ရောင်းသွားကြသည့် မောင်ညွန့်နှင့် ကိုကြင် တို့၏ လှည်းနှစ်စီးမှာ လက်မပင်ရွာထဲသို့ ဝင်လာကြသည်ကို မဝိုင်း မြင်ရ ၏။

မဝိုင်းသည် လှည်းများဆီသို့ အူလျားဖားလျား ပြေးသွား၏။ လှည်း အနီးသို့ရောက်သဖြင့် မောင်ညွန့်က လှည်းရပ်ပေးရာ မဝိုင်း လှည်းပေါ်သို့ တက်ထိုင်သည်။ ထို့နောက် လှည်းဆက်လက် မောင်းနှင်ခဲ့၏။

"ဘယ့်နှယ်တုံး...အာလူးတွေ ရောင်းလို့ကုန်တယ်နော်..."ဟု မဝိုင်း က ဝမ်းသာအားရမေးလိုက်၏။

"မြင်တဲ့အတိုင်းပါပဲ၊ ကုန်တော့ကုန်ခဲ့ပါတယ်၊ သို့ပေမဲ့ ဈေးကတော့ နည်းလှတယ် အစ်မဝိုင်းရာ..."ဟု မောင်ညွန့်က လေသံသဲ့သဲ့ဖြင့်ပြောသည်။

"ဘယ်ဈေးရောင်းခဲ့ရသတုံး..."

"အချိန်တစ်ရာကို တစ်ဆယ်ဈေးနဲ့ ရောင်းခဲ့ရတယ်၊ ကျွန်တော့်လှည်း မှာ အချိန်နှစ်ရာ့ငါးဆယ်ပါသွားတော့ ငွေအစိတ်ရခဲ့တယ်"

"ငွေအစိတ်လည်း မနည်းလှပါဘူး ဆရာညွန့်ရယ်...၊ ဘယ်သူမှ ဝယ်မယ့်သူမရှိတဲ့ အာလူးအတွက် ရတဲ့ငွေအစိတ်ဟာ အလကားရသလိုပဲ

သဘောထားပါတော့...”ဟု မောင်ညွှန့်စိတ်ချမ်းသာစေရန် မပိုင်းက ပြောလိုက်သည်။

“ဟုတ်တော့ဟုတ်ပါရဲ့...သို့ပေမဲ့ အသွားငါးညအိပ်၊ အပြန်ငါးညအိပ် သွားရတဲ့ ခရီးအတွက် လှည်းငှားလိုက်မယ် ဆိုရင်တောင် လှည်းခနှစ်ဆယ် အစိတ်တော့ တန်ပါတယ်”

“အဲဒီလို လှည်းငှားမယ့်သူရှိရင်တော့ ဟုတ်တာပေါ့၊ ခုတော့ လှည်းငှားမယ့်သူလည်းမရှိ၊ အားလူးဝယ်မယ့်သူလည်း မရှိတဲ့အခါမှာ အားလူးနဲ့ လှည်းအတွက် ငွေအစိတ်ရတယ် မဟုတ်လား၊ ဒီတော့ အာလူးဖိုးက ငွေ အဝက်၊ လှည်းခက ငွေအဝက်ရတယ်ပဲ ထားပါတော့ ဆရာညွှန့်ရယ်...”

ယင်းသို့ မပိုင်းက ပြောလိုက်သောအခါတွင်မှ မောင်ညွှန့်မှာ ပြုံးနိုင်ရယ်နိုင်ဖြစ်လာလျက် “မမပိုင်းပြောတာ မှန်လိုက်လေဗျာ...”ဟု ဆိုလေတော့သည်။

အိမ်ရှေ့တွင် လှည်းဆိုက်ပြီးနောက် မောင်ညွှန့်ရော မပိုင်းပါ အိမ်ပေါ်သို့ ရောက်ကြသောအခါတွင် မောင်ညွှန့်က ပလိုင်းထဲမှ ပစ္စည်းများကို ထုတ်ကာ မပိုင်းအားပေး၏။

“ဟောဒါက ပဒုမ္မာအင်္ကျီတဲ့ အစ်မပိုင်းရဲ့...ခြောက်မူးပေးခဲ့ရတယ်၊ ဟောဒါက သရက်ထည်လုံချည်...အဆင်ကလေးက အစ်မပိုင်းနဲ့ သိပ်လိုက်တာပ...”

“လုံချည်က ဘယ်လောက်ပေးခဲ့ရတုံး...”

“ငါးမူးတစ်ပဲပေးရတယ်၊ အထက်ဆင်တပ်ပြီး ချုပ်ပြီး ဈေးမတော်ဘူးလား...”

“တော်တာပေါ့...ဒီအရပ်မှာ ရောင်းရင် အင်္ကျီနဲ့လုံချည် တစ်ထည် တစ်ကျပ်လောက်တော့ရမှာပဲ...”

“ဟုတ်ပ...အစ်မပိုင်းပြောမှ သတိရတယ်၊ အာလူးရောင်းရတဲ့ငွေကို အင်္ကျီလုံချည်တွေဝယ်လာပြီး ပြန်ရောင်းရင် အမြတ်ရမှာ...”

ထိုနေ့ည အိပ်ရာသို့ဝင်ကြသောအခါ မောင်ညွှန့်သည် ရတ်တရက် မအိပ်နိုင်သေးဘဲ လမ်းတွင် တွေ့ခဲ့ရသည့် အထူးအဆန်းများကို မပိုင်းအား ဖောက်သည်ချကာ ပြောပြနေ၏။

"လမ်းမှာ မြင်းရထားတစ်စီးနဲ့ တွေ့သဗျ၊ မြင်းရထားကို ကျွန်တော်တော့ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်၊ ရထားပေါ်မှာ အင်္ဂလိပ်ကြီးတစ်ယောက်လည်းပါတယ်၊ မရှောင်သာတဲ့ တောင်ပေါ်လမ်းကျဉ်းကလေးမှာ ကျွန်တော်တို့လှည်းတွေနဲ့ မြင်းရထားနဲ့ မျက်နှာချင်းဆိုင်ဆုံပါလေရော၊ တစ်စီးကိုတစ်စီး ရှောင်မရတော့ ဒုက္ခတွေ့ရတော့တာပေါ့ ..."

"ဒီလိုဖြစ်နေတော့ ဘယ်လိုလုပ်ရသလဲ ..."ဟု မဝိုင်းက သိချင်ဇောဖြင့် မေးလိုက်သည်။

"ကြံဖန်လုပ်ရတာပေါ့၊ ကျွန်တော်တို့လှည်းတွေက နွားတွေကို ဖြုတ်ပြီး လှည်းတွေကို လူတွေက တွန်းပြီး ရှောင်နိုင်တဲ့နေရာထိအောင် ပို့ရတယ်၊ အဲဒီလို ပင်ပန်းခံတဲ့အတွက် အင်္ဂလိပ်ကြီးက ကျွန်တော့်တို့ကို တစ်ယောက်ငွေတစ်ကျပ်စီပေးတယ် ..."

"ဟင် ...ဟုတ်လား၊ အင်္ဂလိပ်လူမျိုးက သဘောကောင်းတယ်နော်"

"သူတို့က အစိုးရဖြစ်နေတာကိုးဗျ၊ ငွေပေါတာပေါ့ ...၊ ငွေပေါတော့ ပေးနိုင်ရောမဟုတ်လား၊ နောက်ပြီးတော့ တောင်ပေါ်လမ်းတွေကို ပြင်နေတယ်၊ ကျောက်တုံးတွေ ကျောက်ခဲတွေ စီနေတယ်ဗျ၊ မြင်းရထားတွေ မော်တော်ကားတွေ မောင်းနိုင်အောင် လမ်းကောင်းကောင်းလုပ်မယ်တဲ့၊ နောက်ပြီးတော့ သာစည်က တောင်ကြီးထိ မီးရထားလမ်းဖောက်မယ်လို့လည်း ကြားခဲ့တယ်၊ ဒီလောက်မြင့်တဲ့ တောင်တွေပေါ်ကို မီးရထား ဘယ်လိုလုပ်တက်မလဲ မပြောတတ်ဘူး ..."

"လှည်းတို့၊ မြင်းရထားတို့၊ မော်တော်ကားတို့တောင် မောင်းဖြစ်သေးရင် မီးရထားလည်း မောင်းဖြစ်မှာပေါ့ ...ဆရာညွန့်ရယ် ..."ဟု မဝိုင်းက စဉ်းစဉ်းစားစားပြောလိုက်သည်။

○

## (၃၁)

"အစ်မဝိုင်းရေ...သန်ဘက်ခါ သာစည်ကိုသွားပြီး အားလူးရောင်းကြဦးမလို့..."

"ပြန်လာတာလည်း မကြာသေးပါကလား ဆရာညွှန့်ရယ်...၊ နားလိုက်ပါဦးလား..."

"နားနေလို့ မဖြစ်သေးဘူးလေ၊ ဉာဏ်ရည်တူတွေကလည်း အများသား၊ နောက်ပြီးတော့ ကုန်ဆိုတာ ဈေးနာရခိုက်ရောင်းမှ ကိုယ့်အတွက်ကျန်မှာ၊ ဗမာပြည်ကို အာလူးတွေ အရောက်များရင် ဈေးကျမှာလည်းစိုးရသေးတယ်၊ ကျွန်တော်တို့မှာ အာလူးချိန် ခုနစ်ရာ့ငါးဆယ်လောက် ရှိသေးတယ် မဟုတ်လား..."

"ဟိုတစ်ခေါက်က ဆရာညွှန့်ပြောတော့ လှည်းခလောက်ပဲရတယ်ဆို..."

"အစ်မဝိုင်းက ပြောတယ်မဟုတ်လား...၊ လှည်းခက ငွေတစ်ဝက်၊ အာလူးဖိုးကငွေတစ်ဝက်လို့ အဲဒီဈေးနဲ့ပဲ သွားရောင်းရတော့မှာပဲ..."

"ဒီတစ်ခေါက်သွားရင် အစ်မဝိုင်းပါ လိုက်ခဲ့မယ်ကြံတယ်..."

"မလိုက်ချင်ပါနဲ့ အစ်မဝိုင်းရာ...အင်မတန်ဒုက္ခများပါတယ်၊ လမ်းမှာလည်း အသွားငါးည၊ အပြန်ငါးည ဆယ်ညတောင် အိပ်ရတာဗျ"

"ဒုက္ခမများပါဘူး...လှည်းပေါ်က ထိုင်လိုက်ရတာပဲ... အစ်မဝိုင်းလိုက်ချင်တာက အကြောင်းရှိလို့ပါ...အာလူးရောင်းရတဲ့ငွေနဲ့ မြတ်စွန်းမယ့်ပစ္စည်းတွေဝယ်လာပြီး ဒီအရပ်ရောက်တော့ ရောင်းရင် အမြတ်ရဦးမယ်

မဟုတ်လား၊ နောက်ပြီးတော့ ဗမာပြည်ဆိုတာလည်း ရောက်ဖူးတာပေါ့၊ အစ်မဝိုင်းတို့ ဓနုလူမျိုးတွေဟာ ဗမာလူမျိုးတွေရဲ့ အဆက်အနွယ်ဆိုတော့ ဗမာပြည်ဆိုတာ ဘယ်လိုနေသလဲလို့ သွားကြည့်ချင်တယ်…"

"လိုက်ချင်လည်း လိုက်ခဲ့တာပေါ့ဗျာ…၊ အစ်မဝိုင်း လိုက်ရင်လည်း ခပ်ကောင်းကောင်းပဲ၊ အစ်မဝိုင်းမပါဘဲ တစ်ယောက်တည်းသွားရတာ တယ်ပြီး သတိရတယ်၊ တစ်ခါမှလည်း ညအိပ်ညနေ မခွဲဖူးဘူးမဟုတ်လား…"

"အစ်မဝိုင်းလည်း ဆရာညွန့်လိုပဲပေါ့…မခွဲဘူးတော့ လွမ်းတယ်… ညများ အိပ်လို့တောင် မပျော်ဘူး…ထမင်းစားတဲ့အခါ ပိုသတိရတယ်…"ဟု မဝိုင်းက ဟုတ်တိုင်းမှန်ရာကို ရိုးသားစွာပြောပြလေသည်။

တစ်နေ့သော နံနက်တွင် မောင်ညွန့်၊ ကိုကြင်၊ ကိုသာ၊ ကိုချို၊ ကိုပု၊ ကိုတုတ်တို့ လှည်းကိုယ်စီဖြင့် အားလူးအပြည့်တင်ကာ ရွာမှ ထွက်ခဲ့ကြ၏။

ထူးခြားသည်မှာကား မောင်ညွန့်၏လှည်းပေါ်တွင် မောင်ညွန့်နှင့်ယှဉ်ကာ ထိုင်၍လိုက်ခဲ့သော မဝိုင်းလည်း ပါလာခြင်းပင်ဖြစ်သည်။

"ဆရာညွန့်ကတော့…အခုလို စုံတွဲခရီးသွားရတာ ပျော်မှာပဲဟေ့… ဒီလိုမှန်းသိရင် ငါတောင် ငါ့မိန်းမကို ခေါ်ခဲ့ပါရဲ့ကွာ…"ဟု ကိုတုတ်က ခနိုးခနဲ့ ပြောလိုက်သည်။

"ဟင်း…ကိုတုတ်နော်…တော်တော်နောက်တောက်တောက်ပြော၊ ပြန်လာတဲ့ အခါကျတော့ ရှင့်မိန်းမတိုင်လို့ ရှင့်မိန်းမက ရှင့်ကိုရိုက်မှာ မကြောက်ဘူးလား…"ဟု မဝိုင်းက ပြန်ပြောသည်။

"ငါက မိန်းမကြောက်တဲ့လူမှ မဟုတ်ဘဲ…ဆရာညွန့်သာ မိန်းမကြောက်ရတာ…"

"ကျွန်တော် ဘယ်မှာမိန်းမကြောက်လို့လဲဗျ…"ဟု မောင်ညွန့်က မခံချင်ကြေးဖြင့် ပြန်ပြော၏။

"မိန်းမ,မကြောက်တဲ့ လူကလည်းကွာ မိန်းမခိုင်းတာကို ဘာမဆိုလုပ်တာပဲ…"

"ဒါကတော့ ကျွန်တော့်မိန်းမက သိတာ လိမ္မာတာကိုးကွ…ခင်ဗျား့ မိန်းမလို နလပိန်းတုံးမှ မဟုတ်ဘဲနဲ့…"

"တော်ကြပါတော့ရှင်...ခရီးသွားရင်း ရန်ဖြစ်နေကြပါဦးမယ်..."ဟု မပိုင်းက ဝင်၍ဟန့်လိုက်ရာ မောင်ညွှန့်ရော ကိုတုတ်ပါ ငြိမ်၍သွားကြ၏။

မွန်းတည့်ခါနီး အချိန်လောက်တွင် ရေရရာ မျက်ပေါ်ရာ အရပ်သို့ ရောက်ကြလေရာ လှည်းများကို ဖြုတ်လျက် ထမင်းဟင်းချက်ပြုတ်ခြင်း နွားများကို ကျောင်းခြင်း ပြုကြ၏။

လှည်းတိုင်းတွင် ဆန်၊ ဆီ၊ ငရုတ်၊ ကြက်သွန်၊ ဟင်းသီးဟင်းရွက်၊ အိုးခွက်ပါလာကြရာ မပိုင်းက ဒိုင်ခံ ချက်ပြုတ်ပေးသဖြင့် ကောင်းကောင်း မွန်မွန် စားကြရသည်။

"အိမ်း...မပိုင်းပါတာ ကောင်းသကွာ...ချက်ဖော်ပြုတ်ဖော်တယ် ရတယ်...နောက်ဆိုရင် ဒီလိုခရီးထွက်တဲ့အခါ မိန်းမတစ်ယောက်တော့ ပါမှဖြစ်မကွ..."ဟု ကိုတုတ်က ချီးကျူးစကားပြော၏။

ထမင်းစားသောက်ကြပြီးနောက် ခရီးဆက်ကြရာ ရေယားရွာသို့ရောက် လာသောအခါ နေဝင်ပြီဖြစ်သဖြင့် ညအိပ်စခန်းချလျက် ချက်ပြုတ်စားကြ ပြန်သည်။

"ဒီအရပ်မှာ လူဆိုးသူခိုးများရှိသလား...ရှင့်..."ဟု မပိုင်းက စိုးရိမ် သံဖြင့် မေးလိုက်သည်။

"ဘာလူဆိုးမှ မရှိဘူး စိတ်ချ လက်ချသာအိပ်...ဒီအရပ်တွေမှာ လူဆိုးဆိုတာ ချိုနဲ့လားလို့ မေးယူရသကွ..."ဟု ကိုချိုက အာဝဇ္ဇာန်းရွှင်ရွှင် ဖြင့် ပြောလိုက်သည်။

ကိုချိုပြောစကားမှာ အမှန်ပင်တည်း။ ယင်းသည့်ခေတ်ကား လွန်ခဲ့ သည့်နှစ်ပေါင်း ၅၀ ကျော် အချိန်ကခေတ် ဖြစ်သည်။ ထိုစဉ်က ခိုးဆိုး တိုက်ခိုက် လုယက် သတ်ဖြတ်သူ အလွန်နည်းပါးလှသည်။ လူတွေသည် အများအားဖြင့် ဗြဟ္မစိုရ်တရား လေးပါးကပ်နေကြသည်ဟုဆိုနိုင်၏။ ကိုယ့် အားကိုယ်ကိုး ကိုယ်ထူကိုယ်ထစနစ်ဖြင့် အလုပ်လုပ်နေကြသည်ဟုဆိုနိုင်၏။ "ကောင်းသောကုန်သွယ်မှု၊ ကောင်းသော လယ်လုပ်မှု"ကို ပြုကြသည်။ မိမိ၏ ချွေးနှီးစာဖြင့် ရှာဖွေ၍ရအပ်သော ဓမ္မိယလဒ္ဓ စင်ကြယ်သန့်ရှင်းသည့် ပစ္စည်းဖြင့် စားသုံးကြသည်။ လက်ကြောတင်းမခံ အပျင်းထူသူမရှိသလောက် ရှားပါးသည်။

ရာသီဥတုကလည်း အေးချမ်းသဖြင့် ဦးနှောက်အေးကာ သဘော သကာယပြည့်ဝကြသည်။ လောဘ၊ ဒေါသထွက်မှု လျော့ပါးကြသည်။ အအေးဒဏ်ကိုခံနိုင်ရန် လှုပ်လှုပ်ရှားရှား အလုပ်လုပ်ကြရသည်။ ယင်းအလုပ်ဖြင့် ရအပ်သောပစ္စည်းဖြင့် စားသုံးရသည်မှာ အရသာရှိသည်ဟုထင်သည်။ သူတို့အရပ် ဝေါဟာရအားဖြင့် ပြောရလျှင် တရားသဖြင့် ရှာဖွေ၍ရသော ပစ္စည်းဖြင့်စားမှ ချိုသည်ဟု အထင်ရှိကြသည်။

ထို့ကြောင့် အချောင်လိုက် အပွကြဲ ရေသာခိုသူ ခိုးဆိုးတိုက်ခိုက် လုယက်လိမ်ကောက်သူ နည်းပါးခြင်း ဖြစ်သည်။

ထို့ပြင် စေတနာ သဒ္ဓါတရားလည်း ရှိကြ၏။ ဧည့်သည်လာလျှင် ဘယ်နှစ်ရက်ပဲနေနေ ဘယ်နှစ်လပဲကြာကြာ မညည်းမညူဘဲ မိမိစားရသလို စေတနာဖြင့် ကျွေးမွေးတတ်ကြသည်။ ဗမာတောရွာများတွင်-ရှိတတ်ကြမြဲ မလေ့ထုံးစံတစ်ရပ်ပင်တည်း။

ယနေ့ ယခု အချိန်ကာလသို့ရောက်သည်တိုင်အောင် ရှမ်းမြေနှင့် ဗမာမြေအကြားရှိ မြေလတ်အရပ်နေ ဗမာအနွယ် ဓနု၊ တောင်ရိုးနှင့် အင်းသားလူမျိုးတို့သည် ကြိုးစားရှာ၊ ချွေတာသုံးလျက် ချွေးနှီးစာကို တန်ဖိုးထားကာ မကောင်းသော အသက်မွေးမှု(ခိုးဆိုးတိုက်ခိုက်မှု)တို့ကို ဆင်ခြင်ကြသည် ကများ၏။ သူတစ်ပါးအား စေတနာသဒ္ဓါတရား ထက်သန်စွာ ကျွေးမွေးပြုစုကြ၏။

ခေတ်သည် ပြောင်းခဲ့ပြီဖြစ်သော်လည်း မြေလတ်အရပ်နေ လူမျိုးများ အတွက်ကား ရှေးကခေတ်နှင့် မခြား တစ်သားတည်းကျင့်ကြသည်သာတည်း။

ဝ

## (၃၂)

မောင်ညွန့်နှင့် မဝိုင်းတို့၏ လှည်းအပါအဝင် စုစုပေါင်း အာလူးလှည်း ခြောက်စီးတို့သည် ယခင် မောင်ညွန့်တို့ လာကြသည့်အတိုင်းပင် လမ်းတွင် ငါးညအိပ်ပြီး နောက်တွင်မှ သာစည်မြို့သို့ ရောက်ခဲ့လေသည်။

အသိအကျွမ်း မိတ်ဆွေသင်္ဂဟမရှိသဖြင့် ဈေးအနီးတွင်ပင် လှည်းစခန်းချကာ လှည်းကို အိမ်လုပ်၍ နေကြရသည်။ လှည်းပေါ်တွင်ပင်နေလျက် လှည်းပေါ်တွင်ပင် အိပ်ကြရသည်။ လှည်းမှာ ပေါင်းမိုးအလုံအခြုံနှင့် လှည်းဖြစ်သဖြင့် အိမ်သဖွယ် နေထိုင်နိုင်ပေသည်။

မောင်ညွန့်တို့ရောက်သည့်နေ့တွင်ပင် ဈေးတွင်းသို့ဝင်ကာ အာလူးဈေး စနည်းနာကြလေရာ ရောင်းမည့်သူသာရှိလျက် ဝယ်မည့်သူမရှိဖြစ်နေကြသည်ကို တွေ့ရ၏။

ယခင်အခေါက်က အာလူးအားလုံး ဝယ်လိုက်သည့် ဆိုင်ရှင်ကြီးထံ ဝင်ရောက်စုံစမ်းရာ ဆိုင်ရှင်ကြီးက "မောင်ရင်တို့ရေ...အာလူးကတော့ ဟိုကလာ၊ ဒီကလာနဲ့ အလာပဲရှိတယ်၊ အထွက်မရှိဘူး၊ ဒီတော့ ဒီတစ်ခါ မဝယ်ပါရစေနဲ့...ကျုပ်မှာလည်း အာလူးတွေ ဝယ်ဝယ်ပြီး လှောင်ထားတာ ထားစရာနေရာ မရှိတော့ပါဘူး..."ဟု ခြိုးသံပါအောင် ညည်းညူပြောဆိုလေတော့သည်။

မောင်ညွန့်တို့ ခြောက်ဦးသားမှာ တစ်ယောက်ကိုတစ်ယောက် မျက်နှာငယ်ကလေးများဖြင့် ကြည့်ကာ စကားမဆိုနိုင် ဖြစ်နေကြ၏။

"ကိုင်း...ဘယ်လိုလုပ်ကြမလဲ မဝိုင်း...မဝိုင်းက အကြံအဖန်ကောင်းပါတယ်၊ ဘယ်လိုလုပ်ရင် ကောင်းမယ်ထင်သလဲ..."ဟု ကိုကြင်ကမေး၏။

"ကျွန်မသဘောကတော့ ရောက်နေမိမှဖြင့် မထူးတော့ပါဘူး၊ ဘယ်ဈေးရရ ရတဲ့ဈေးနဲ့ပဲ ရောင်းပြန်ကြဖို့ပေါ့..."

"ဘယ်ဈေးမှမပေးဘဲ မဝယ်ဘူး...မဝယ်ဘူးနဲ့ ခေါင်းခါတဲ့လူချည့်တွေ့ရတယ် မဝိုင်းရဲ့..."

"ဒီလိုချည့်လည်း မဟုတ်နိုင်ပါဘူးလေ ဈေးသည်ဆိုတာ ဈေးသက်သာရင် ဝယ်မှာပါ၊ ဒီနေ့တော့ အချိန်မရှိတော့ပါဘူး၊ နက်ဖြန်မှ ကျွန်မကိုယ်တိုင် မေးစမ်းကြည့်ပါ့မယ်"

မောင်ညွန့်တို့ သာစည်မြို့သို့ရောက်သည့်နေရာတွင် လှည်းပေါ်၌ပင် ညအိပ်ကြရတော့သည်။

နောက်နေ့ ဈေးဖွင့်သည်နှင့်တစ်ပြိုင်နက် မဝိုင်းနှင့် လှည်းသမားခြောက်ယောက်တို့သည် တစုတရုံးတည်း ဈေးထဲသို့ ဝင်သွားကြရာ အချို့ဆိုင်ရှင်များက တအံ့တသြ ငေးမောကြည့်ရှုနေကြ၏။

အားလူးဆိုင်ရှင် အဒေါ်ကြီးတစ်ယောက်၏ ထံသို့ မဝိုင်းသည် တန်းတန်းမတ်မတ် ဝင်သွားရာ လူခြောက်ယောက်တို့သည်လည်း မဝိုင်း၏နောက်မှ ထက်ကြပ်လိုက်ပါလာကြ၏။

"အရီး...အားလူးဝယ်ပါသလားရှင့်..."ဟို မဝိုင်းက အသံကလေးဝဲဝဲဖြင့် မေးလိုက်ရာ ဆိုင်ရှင်အဒေါ်ကြီးသည် မဝိုင်းကို မျက်တောင်မခတ်ကြည့်နေ၏။

"သမီးတို့မှာ အာလူး ဘယ်လောက်ပါသလဲ..."ဟု အဒေါ်ကြီးကလိုလိုချင်ချင်မေး၏။

"တော်တော်တော့များပါတယ်...အရီးရဲ့...လှည်းခြောက်စီးတိုက်ပဲ၊ လှည်းတစ်စီးမှာ အချိန်နှစ်ရာ့ငါးဆယ်ပါတော့ စုစုပေါင်း အာလူးအချိန်ထောင့်ငါးရာလောက်ရှိမှာပရှင့်..."

"အမယ်လေး...များလိုက်တဲ့အာလူးတွေနော်...နည်းနည်းပါးပါးဆိုရင်တော့ အမေက ဝယ်လိုက်ပါရဲ့ကွယ်..."ဟု အဒေါ်ကြီးက စေတနာထားသောအသံဖြင့် ပြောလိုက်သည်။

"ဒီလိုလုပ်ပါလား...အမေရယ်...အမေကနည်းနည်း ဟိုလူကနည်းနည်း ဒီလူကနည်းနည်း အဲဒီလို စုပေါင်းပြီးဝယ်ရင် ကျွန်မတို့ အားလုံးကုန်ချင်ကုန်နိုင်ပါတယ်..."

"အေး...သမီးပြောတာ မဆိုးဘူးကွယ့်...ထိုင်ကြပါဦး အမေ စီစဉ်ကြည့်ပါဦးမယ်..."ဟု အဒေါ်ကြီးက ပြောရာ မပိုင်းတို့လူတစ်စုသည် ဝမ်းသာအားရ ထိုင်ကြ၏။

"အမေ့နာမည် ဒေါ်အေးလှတဲ့...မှတ်ထားကြ၊ ကိုင်း...လက်ဖက်စားကြဦး...လက်ဖက်ရည်ကြမ်းလည်း သောက်ကြ..."

ဒေါ်အေးလှက ဖော်ဖော်ရွေရွေ ကျွေးမွေးဧည့်ခံရာ မပိုင်းတို့တစ်တွေမှာ ဆွေမျိုးသားချင်းနှင့်တွေ့ရသလို ဝမ်းသာကြလျက် စားကြသောက်ကြသည်။

"ပြောစမ်းပါဦး...သမီးတို့က ရှမ်းတွေပေါ့နော်..."ဟု ဒေါ်အေးလှက မေး၏။

"ကျွန်မတို့မှာ ဒီလိုချည့် အမေးခံရပေါင်းများလှပြီ အမေရဲ့... ကျွန်မက ခနုလူမျိုးပါ၊ ဟောဒီ ကျွန်မယောကျ်ားကတော့ တောင်ရိုးနဲ့ ရှမ်းကပြားရှင့်...ကျန်တဲ့လူတွေကတော့ ခနုတွေ တောင်ရိုးတွေပါ..."

"ဟေ...ဟုတ်ကလား...ခနုလူမျိုး တောင်ရိုးလူမျိုးဆိုတာ အမေတော့ ခုမှပဲ ကြားဖူးပါသအေ...ပြောစမ်းပါဦး...နေတော့ ရှမ်းပြည်မှာ နေကြတယ်မဟုတ်လား...ကိုယ့်အချင်းချင်းပြောကြတော့ ရှမ်းစကားပဲပြောကြတာပေါ့နော်..."

"နေတာကတော့ ရှမ်းပြည်လို့ပဲပြောပါတော့ အမေရယ်...သို့ပေမဲ့ ရှမ်းနယ်နဲ့ ကျွန်မတို့နယ်နဲ့ တခြားစီပါ၊ ရှမ်းလူမျိုးတွေက ရှမ်းပြည်အရှေ့ပိုင်းနဲ့ မြောက်ပိုင်းမှာ အနေများကြပါတယ်၊ ကျွန်မတို့နေကြတာကတော့ ရှမ်းပြည်နဲ့ ဗမာပြည် ကြားထဲမှာပါ၊ ကျွန်မတို့အရပ်ကို မြေလတ်အရပ်လို့ ခေါ်ပါတယ်၊ ရှမ်းပြည်နဲ့ ဗမာပြည်အလယ်အလတ်မှာ နေကြလို့ပေါ့ရှင်..."

"ပြောကြတဲ့ စကားကကော..."

"ဗမာစကားပဲ ပြောကြတာပါပဲ၊ ကျွန်မတို့ ဘိုးဘေးဘီဘင် အစဉ်အဆက်ပြောတာ ကြားဖူးတာကတော့ ဟိုရှေးရှေးက ဗမာရှင်ဘုရင်တွေ လက်ထက်တုန်းက ရှမ်းပြည်ဘက်ကူးနေတဲ့ ဗမာလူမျိုးတွေပဲတဲ့ အမေရဲ့..."

"ဩော်...ဒီလိုကိုး...ဒါကြောင့် အမေ့စိတ်ထဲမှာတော့ဖြင့် အထင်သား၊ သမီးကြည့်ရတာ ဗမာမလေးနဲ့ တူပါတယ်လို့၊ သို့ပေမဲ့ မောင်ရင်တို့က ရှမ်းဘောင်းဘီတွေ ဝတ်ထားတော့ ရှမ်းတွေပဲထင်နေမိတာကိုး..."

"ဒါကတော့ ဒီလိုပါ အမေရယ်...ရှမ်းတွေနဲ့ နီးနီးစပ်စပ်နေရတော့ ဓလေ့ထုံးစံကူးပြီး ရှမ်းလိုပဲ ဝတ်ကြတာပါ၊ နောက်ပြီးတော့ ရှမ်းပြည်က အေးတယ်မဟုတ်လား၊ အေးတော့ ဘောင်းဘီဝတ်ထားရင်နွေးလို့ ဘောင်းဘီ အဝတ်များကြတာပါ၊ ဗမာတွေလိုပဲ လုံချည်ဝတ်တဲ့လူတွေလည်း ရှိကြပါတယ်"

"ဟုတ်မှာပေါ့လေ...တရုတ်ပြည်မှာ အေးလွန်းလို့ တရုတ်တွေတောင် ဘောင်းဘီဝတ်ကြသေးတာပဲ...ဒါထက် သမီးနာမည်က ဘယ်လိုခေါ်သလဲ"

"မဝိုင်းပါတဲ့ အမေ...ဟောဒီ ကျွန်မယောက်ျားနာမည်ကတော့ ကိုညွန့်တဲ့"

"ဩော်...နာမည်ကလေးကလည်း ဗမာနာမည်ပါပဲကလား၊ ပုံပန်းကလည်း ဗမာနဲ့တူပါတယ်၊ ရှမ်းတွေနဲ့တော့ တစ်မျိုးစီပေါ့နော်"

"ရှမ်းနဲ့တော့ တစ်မျိုးတည်းမဟုတ်ပေမယ့် တစ်နွယ်တည်းပဲဆိုပါတော့ အမေရယ်၊ ဗမာနဲ့တော့ တစ်မျိုးတည်းပါ၊ တစ်နည်းပြောရရင်တော့ ကျွန်မတို့ ဓနုတွေ၊ တောင်ရိုးတွေ၊ အင်းအားတွေနဲ့ ဗမာတွေကတော့ ညီအစ်ကို မောင်နှမအရင်းနဲ့ တူပါတယ်၊ ရှမ်းတွေနဲ့ကတော့ ညီအစ်ကိုမောင်နှမ ဝမ်းကွဲပေါ့ အမေရယ်"

"အေးဟဲ့...သမီးပြောပုံဆိုပုံကလေးက ဗမာအတိုင်းပဲ"

"အရောင်းအဝယ်ကိစ္စ ပြောစမ်းပါဦး အမေ"ဟု မဝိုင်းကမေးလိုက်၏။

"သမီးတို့မှာ ပါလာတဲ့ အာလူးတွေက များတယ်မဟုတ်လား ဒီတော့ အမေတစ်ယောက်တည်းမနိုင်ဘူး...တခြားဝယ်မယ့်သူတွေကို ရှာရဖွေရ စုံစမ်းရဦးမယ်၊ ဒီတော့ အမေပြောဆို စေ့စပ်ပြီးရင် အမေ လာပြောမယ်၊ သမီးတို့ ဘယ်မှာတည်းသလဲ"

"အသိအကျွမ်းမရှိလို့ လှည်းစခန်းမှာပဲ တည်းတယ် အမေ...ဟောဟို လှည်းခြောက်စီးရပ်ထားတာ ကျွန်မတို့လှည်းစခန်းပါ"ဟု မဝိုင်းက ဈေးအနီးတွင် ဖြုတ်ထားသည့် လှည်းများကို ညွှန်ပြ၏။

"ဟုတ်ပြီ...အရောင်းအဝယ်နေရာကျရင် အမေ လာပြောမယ်..."

"နေရာကျအောင် ကြိုးစားပေးပါ အမေရယ်"

"စိတ်သာချ...မဖြစ်ဖြစ်အောင် အမေ ကြိုးစားမယ်"

မပိုင်းတို့လူစုသည် စိတ်အေးလက်အေးဖြင့် လှည်းစခန်းသို့ ပြန်ခဲ့ကြသည်။

မပိုင်းကား အားလုံး စားသောက်ရန်အတွက် ထမင်းဟင်းချက်ပြုတ်ပြီးနောက် ဝိုင်းဖွဲ့ကာ တပျော်တပါး စားကြသည်။

"မပိုင်း ပါပေလို့သာပေါ့ကွာ...မပိုင်းသာ မပါရင် တို့အခက်ပဲကွ" ဟု ကိုချိုက ဆို၏။

"ရောင်းတဲ့ဝယ်တဲ့ စကားတော့ မိန်းမက ယောကျ်ားတွေထက်ပိုပြီး ပြောတတ်တယ်ရှင့်"ဟု မပိုင်းက ပြောလိုက်သည်။

နေ့လယ်လောင်တွင် ဒေါ်အေးလှရောက်လာကာ "ဝယ်မယ့်သူတွေ့တော့တွေ့ပြီ သမီးရေ့...ပါသမျှ ယူကြမှာပဲ၊ သို့ပေမဲ့ သူတို့ပေးတဲ့ဈေးက နည်းလွန်းနေတယ်"ဟု ပြော၏။

"ဘယ်ဈေးပေးကြသလဲ အမေ"

"အချိန်တစ်ရာကို ငါးကျပ်ပဲပေးနိုင်မယ်တဲ့ သမီးရဲ့"

"နည်းလိုက်တာ အမေရယ်...အရင်တစ်ခေါက်က ကျွန်မယောကျ်ားလာရောင်းတုန်းက အချိန်တစ်ရာကို တစ်ဆယ်ဈေး ရောင်းရပါတယ်"

"ဟိုတုန်းကတော့ ဟုတ်မှာပေါ့...အခုတော့ အာလူးတွေကလည်း တောင်ပုံရာပုံဖြစ်နေတယ်၊ သမီးတို့မှာ ပါတာကလည်း အချိန်ထောင့်ငါးရာဆိုတော့ မနည်းဘူးကွယ့်...သမီးတို့ မှတ်ထားကြဖို့က ကုန်ပစ္စည်းဆိုတာ များလွန်းရင် ပေါလွန်းရင် ဈေးကျတာပဲ၊ ပစ္စည်းနည်းနေရင် ရှားနေရင် ဈေးတက်တာပဲ၊ ဒီတော့ နောက်ကို အားလူးရောင်းဖို့လာကြရင် လှည်းအများကြီး မလာကြနဲ့ နှစ်စီးစ,သုံးစီးစသာ လာကြ..."

"အာလူးအချိန်တစ်ရာမှ ငါးကျပ်ထဲဆိုတော့ နည်းလွန်းလှပါတယ် အမေရယ်...ကျွန်မယောကျ်ား အရင်တစ်ခေါက်ကရောင်းတဲ့ တစ်ဆယ်ဈေး မရတောင်မှပဲ ခုနှစ်ကျပ်ခွဲဈေးလောက်ရအောင် ပြောပေးပါရှင်"

"အမေလည်း အမျိုးမျိုးပြောကြည့်တာပဲ မရပါဘူး၊ ပါသမျှအားလူး ကုန်အောင် ယူကြတာကိုပဲ ကျေးဇူးတင်ရဦးတော့မလို ဖြစ်နေတယ်..."

"ကိုင်း...ဘယ်လိုလုပ်မယ် ကြံကြသလဲ"ဟု မဝိုင်းက အားလုံးကို လှမ်း၍ မေးလိုက်သည်။

"မကြံတတ်အောင်ဖြစ်နေပြီကွာ...ဈေးနည်းလွန်းလို့ ရွာပြန်ယူသွားဖို့ဆိုတာကလည်း မဖြစ်နိုင်ဘူး၊ ဈေးပိုပြီး ရလိုရငြား စောင့်နေရအောင်ကလည်း မရေရာဘူး မဟုတ်လား၊ ဒီတော့ ဘယ်လိုလုပ်ရမလဲဆိုတာတောင် မပြောတတ်တော့ပါဘူးကွာ"ဟု ကိုကြင်က ခြုံသံပါအောင် ညည်းလိုက်လေသည်။

"သမီးကို အမေတစ်ခုတော့ ကူညီနိုင်တယ်"ဟုဒေါ်အေးလှကပြော၏။

"ဘယ်လို ကူညီနိုင်သလဲ အမေ"

"သမီး လှည်းမှာပါတဲ့ အာလူးအချိန် နှစ်ရာ့ငါးဆယ်ကိုတော့ အမေကပဲ ယူမယ်၊ အဲဒီအာလူးကိုတော့ အမေက အချိန်တစ်ရာ ခုနစ်ကျပ်ခွဲဈေးပေးမယ်၊ ကျန်တဲ့အာလူးတွေကိုတော့ တခြားလူတွေက ယူကြမှာဖြစ်လို့ အချိန်တစ်ရာ ငါးကျပ်ဈေးပဲရမှာပဲ"

အားလုံး အသံတိတ်ကာ စဉ်းစားတွေးတောနေကြသည်။

"ရောက်လာမိမှတော့ ဘယ်တတ်နိုင်မလဲ...ရဈေးနဲ့ပဲ ရောင်းရတော့မှာပေါ့"ဟု မောင်ညွန့်ကဆို၏။

"ဒီလိုလုပ်ကြပါစို့လေ...ရတဲ့ဈေးနဲ့ပဲ ရောင်းလိုက်ကြတာပေါ့"ဟု မဝိုင်းကပြောသည်။

"ဈေးက နည်းလွန်းပါသကွာ...အချိန်တစ်ရာမှ ငွေကလေးငါးကျပ်ဆိုတော့ လှည်းတစ်စီးတိုက်ပါတဲ့ အချိန်နှစ်ရာ့ငါးဆယ်မှ ငွေကလေး အဝက်ပဲရမယ်၊ လှည်းခတောင်မရှိပါကလားကွာ..."ဟု ကိုတုတ်က မကျေမနပ်သံဖြင့် ပြောလိုက်သည်။

"ဒီလိုလုပ်ပေါ့ရှင့်...အာလူးရောင်းလို့ရတဲ့ လူတစ်ကိုယ် ငွေအဝက်ကို ငွေချည့်ပိုက်မပြန်နဲ့၊ မြတ်မဲ့ စွန်းမဲ့ ပစ္စည်းကလေးတွေ ဝယ်သွားကြ၊ ဟိုကျလို့ ပြန်ရောင်းရင် နှစ်ဆယ်လည်းဖြစ်နိုင်ပါတယ်၊ အစိတ်လည်းဖြစ်နိုင်ပါတယ်"

"သမီးပြောတာ ဟုတ်တယ်...အမေကတော့ သမီးအချိန်နှစ်ရှာငါး ဆယ်ကို ခုနစ်ကျပ်ခွဲဈေးပေးပါ့မယ်အေ"ဟု ဒေါ်အေးလှက ပြော၏။

"ဒီလိုလည်း မပေးပါနဲ့ အမေရယ်... တခြားလူတွေကတော့ ငါးကျပ်ဈေးပဲရလျက်နဲ့ သမီးတို့က ဈေးပိုရတယ်ဆိုရင် တခြားလူတွေ စိတ် မကောင်းဖြစ်ကြပါလိမ့်မယ်၊ နောက်ပြီးတော့ အမေက အကျိုးလည်းဆောင် ရသေး ဈေးလည်း ပိုပေးရမယ်ဆိုတာ မတော်ပါဘူး၊ ကျွန်မတို့ အာလူးကို လည်း သူများနည်းတူ ငါးကျပ်ဈေးပဲ ပေးပါ အမေရယ်"

မဝိုင်း၏ အစီအစဉ်အတိုင်း အားလုံး သဘောကြိုက်ညီ နှစ်သက်ကြ သဖြင့် ငါးကျပ်ဈေးဖြင့်ပင် အာလူးအားလုံး အရောင်းအဝယ် ဖြစ်လေရာ လူတစ်ကိုယ်လျှင် ငွေအဝက်စီ ပိုက်မိကြသည်။

ထိုငွေအဝက်ဖြင့် ရောင်း၍စွံမည့် ဆား၊ ကွမ်းသီး၊ ချည်ခင်၊ ထန်း လျက်၊ အဝတ်အထည်များကို မဝိုင်းနှင့် ဒေါ်အေးလှတို့က ကြည့်ရှုဆစ်ဆွက် ဝယ်ခြမ်းပေးကြ၏။

"အေးဟဲ့...တို့ဝယ်တဲ့ ပစ္စည်းကလေးတွေဟာ ဟိုရောက်လို့ရောင်း ရင် နှစ်ဆတော့ တိုးနိုင်သကွယ့်...မဝိုင်းက တယ်အဖိုးတန်သကိုး"ဟု ကိုချို က မဝိုင်းကို ချီးမွမ်းစကားပြောသည်။

အားလုံး ကိစ္စပြီးကြသောအခါ ဒေါ်အေးလှက "ဒီကနေ့တော့ ပြန် ဖို့အချိန်မမီတော့ပါဘူး၊ တစ်ညအိပ်နေပြီး နက်ဖြန်မနက်စောစောမှ ပြန်ကြ ပေတော့၊ သမီးတို့လင်မယားတော့ အမေ့အိမ်လိုက်အိပ်ကြ၊ လှည်းပေါ်မှာ အိပ်ရတာ ဆင်းရဲပါတယ်"ဟုဆိုကာ မဝိုင်းနှင့် မောင်ညွန့်ကို ခေါ်သွား၏။

ဒေါ်အေးလှသည် မဝိုင်းတို့ဇနီးမောင်နှံကို ဘုရားများသို့ လိုက်ပို့ သည်။ မီးရထားဘူတာရုံသို့လည်း ခေါ်သွားကာ ကြည့်ရှုစေ၏။

မဝိုင်းနှင့် မောင်ညွန့်တို့သည် မီးရထားခေါင်းတွဲများ လူစီးတွဲများကို တအံ့တသြ ကြည့်ကြသည်။ မီးရထား ဝင်ထွက်သွားလာသည်များကိုလည်း အထူးအဆန်းသဖွယ် ကြည့်ရှုငေးမောနေကြ၏။

"အမေ ကျွန်မတို့အရပ်ကိုလည်း မီးရထားလမ်းဖောက်တော့မလို့တဲ့" ဟု မဝိုင်းက ဒေါ်အေးလှကို ပြောလိုက်၏။

"ဟုတ်တယ်လေ...အမေတို့သာစည်မြို့ကနေပြီး တောင်ကြီးမြို့ကို မီးရထားလမ်းဖောက်မယ်လို့တဲ့၊ စ,တောင်ဖောက်နေပြီ၊ မီးရထားလမ်းဖောက်ပြီးရင်တော့ သမီးတို့အရပ်နဲ့ အမေတို့မြို့ကို နေ့ချင်းပေါက် ရောက်နိုင်ပြီ"

"အမယ်...တယ်မြန်ပါကလား အမေ...ကျွန်မတို့လှည်းနဲ့ လာတာ လမ်းမှာ ငါးညတောင် အိပ်ခဲ့ရတယ်"

"မြန်တာပေါ့ သမီးရဲ့...မီးရထား ဘယ်လောက်မြန်တယ် ဆိုတာ သမီး အခု မျက်မြင်ပဲမဟုတ်လား၊ မီးရထားလမ်းဖောက်ရင်တော့ သမီးတို့အာလူးတွေကို လှည်းနဲ့တင်လာဖို့ မလိုတော့ပါဘူး၊ မီးရထားနဲ့တင်ရင် နေ့ချင်းရောက်နိုင်ပါတယ်"

ဘူတာရုံအတွင်း မီးရထားများကို ကြည့်ပြီးနောက် မဝိုင်းနှင့် မောင်ညွှန့်တို့သည် ဒေါ်အေးလှတို့ အိမ်သို့ လိုက်သွားကာ ညစာစားရသည်။ ဒေါ်အေးလှတို့အိမ်တွင်ပင် ကောင်းမွန် ချမ်းအေးစွာ အိပ်ရသည်။

နောက်နေ့ နံနက်စောစောတွင် မဝိုင်းနှင့် မောင်ညွှန့်တို့သည် ဒေါ်အေးလှနှင့်အတူ မုန့်ပဲသရေစာ စားသောက်ကြရင်း စကားလက်ဆုံ ကျနေကြ၏။

"အမေ့မှာ သမီးလေးတစ်ယောက်ရခဲ့ဖူးတယ်ကွယ့်...သက်ဆိုးမရှည်ရှာဘူး၊ ငယ်ငယ်ကပဲ ဆုံးသွားတယ်၊ အမေ့သမီးသာရှိရင် သမီးတို့အရွယ်လောက်ပဲရှိမယ်၊ သမီးနဲ့လည်း ရုပ်ချင်း ခပ်ဆင်ဆင်ပဲ...ဒါကြောင့် သမီးကို တွေ့လိုက်ရတော့ ဆုံးသွားတဲ့ အမေသမီးနဲ့ တူတယ်လို့ အောက်မေ့ပြီး သမီးကိုချစ်တာ၊ နောက်ကိုလည်း အမေတို့မြို့ရောက်ရင် အမေ့အိမ်မှာ တည်းကြနော်...ရောင်းဖို့ပစ္စည်းပါရင်လည်း အမေ ကြည့်ရှုရောင်းပေးမှာပေါ့...ဘာမျှ အားနာစရာမရှိဘူး"

ဒေါ်အေးလှ စကားကောင်းနေစဉ် ကိုချို အူလျားဖားလျားပြေးလာသည်ကို မြင်သဖြင့် စကားပြတ်သွား၏။

"ဘာလဲ ကိုချို...ဘာများ ကိစ္စထူးလို့လဲ"ဟု မဝိုင်းက ဆီး၍ မေးလိုက်သည်။

"ကိစ္စထူးတယ်...ထူးသမှ အားကြီးထူးတယ်"ဟု ကိုချိုက မောကြီးပန်းကြီးပြောရာ အားလုံး ထိတ်လန့် တုန်လှုပ်သွားကြသည်။

"ပြောစမ်းပါဦး...ဘယ်လို ကိစ္စထူးပုံတုံး..."ဟု မဝိုင်းကမေး၏။

"ပုလိပ်အရာရှိကြီးတဲ့၊ တိုလှည်းဝိုင်းကို ရောက်လာတယ်၊ ဘယ်ကလဲ၊ ဘာလုပ်လာတာလဲ၊ လူဘယ်နှစ်ယောက်ပါသလဲတဲ့၊ သူမေးတာတွေကတော့ စုံလို့ပဲ၊ တို့ကလည်း သူမေးသမျှကို ဟုတ်တိုင်းမှန်ရာဖြေပါတယ်၊ ဒါနဲ့တောင်မှ တို့ကို သင်္ကာယနဲ့ မကင်းဘူးထင်ပါရဲ့၊ အားလုံး ရုံးကို လိုက်ခဲ့ရမယ်တဲ့ ခေါ်ပါလေရော"

"ဟင်...ဟုတ်လား ဘာကိစ္စခေါ်တာပါလိမ့်"ဟု မဝိုင်းက မျက်လုံးကလေးဝိုင်းကာ ပြောလိုက်သည်။

"ဘာကိစ္စခေါ်တယ်ဆိုတာ ဘယ်သိမလဲ...သူခေါ်ရင် လိုက်ရတော့မှာပေါ့၊ လူအားလုံး လိုက်ခဲ့ရမယ်တဲ့၊ လူကျန်သေးသလားလို့မေးတော့ လင်မယားနှစ်ယောက်တော့ဖြင့် အသိအိမ်တစ်အိမ်မှာ သွားအိပ်ပါတယ်လို့ မှန်တဲ့အတိုင်းပြောလိုက်တော့ အဲဒီနှစ်ယောက်ကို သွားခေါ်ချည်တဲ့၊ ဒါကြောင့် ငါလာရတာ၊ ကိုင်း...မင်းတို့လည်း လိုက်ခဲ့ပေတော့"

မဝိုင်းနှင့် မောင်ညွှန့်တို့မှာ ထိတ်ထိတ်ပျာပျာဖြင့် လိုက်ရန်ပြင်ဆင်ကြ၏။

"ဘာကိစ္စမှန်းလဲ မသိဘူး...ပုလိပ်အရာရှိက ခေါ်တယ်ဆိုတော့ အမှုအခင်းနဲ့များ ဆိုင်နေလေရော့သလား၊ အမေလည်း လိုက်ခဲ့ပါဦးမယ်ကွယ်"ဟု ဒေါ်အေးလှကဆိုကာ မဝိုင်းတို့နှင့်အတူ လိုက်သွားလေသည်။

"သြော်...ကိုအုန်းကျော်ပါကလား...ဘာကိစ္စများရှိလို့တုန်း"ဟု ဒေါ်အေးလှက ပုလိပ်အရာရှိအား မေးလိုက်သည်။

ပုလိပ်အရာရှိဆိုသူမှာ ခေါင်းပေါင်းနီကို အုပ်ပေါင်းပေါင်းကာ ယုန်နားရွက် ခေါင်းပေါင်းစကလေးထောင်နေ၏။ ကွတ်အင်္ကျီလိုလို အင်္ကျီအဖြူကိုဝတ်ဆင်ကာ ကြယ်သီးမှာ သရဖူတံဆိပ် ခတ်နှိပ်ထားသည့် ရွှေရောင်တောက်နေသော ကြေးကြယ်သီးဖြစ်၏။ ပုဆိုးမှာ ရဲရဲနီသော ပုဆိုးတည်း။

"မအေးလှက ဘာကိစ္စ လိုက်လာတာတုန်း"ဟု ပုလိပ်အရာရှိ ဦးအုန်းကျော်က ပြန်မေးသည်။

"ဟောဒီမိန်းကလေးက ကျွန်မတူမလေးပါ၊ ကျွန်မတို့အိမ်မှာ တည်း

ပါတယ်၊ ရှမ်းပြည်ကလာတဲ့ ရိုးရိုးသားသားတွေပါ၊ ဘာကိစ္စနဲ့ ရုံးကိုခေါ်တာတုန်း"

"ရုံးကျတော့ ကိစ္စကို သိရမှာပေါ့၊ လိုက်သာလိုက်ခဲ့ကြ"

ပုလိပ်အရာရှိက ခပ်ထန်ထန်ပြောကာ ခေါ်ဆောင်လေရာ အားလုံးပင် ပုလိပ်အရာရှိခေါ်ရာသို့ ကောက်ကောက်ပါအောင် လိုက်ပါသွားကြရလေသည်။

ပုလိပ်အရာရှိသည် အဆောက်အအုံတစ်ခုတွင်းသို့ ဝင်သွားရာ မောင်ညွန့်တို့တစ်စုလည်း နောက်မှ လိုက်ပါသွားရ၏။ အဆောက်အအုံအတွင်းတွင် ပုလိပ်အဝတ်အစား ဝတ်ဆင်ထားကြသည့် ဗမာပုလိပ်များ ကုလားပုလိပ်များကို တွေ့ရလေရာ မောင်ညွန့်တို့တစ်စုမှာ ပိုမို ထိတ်လန့်ကြလေသည်။

ပုလိပ်အရာရှိကြီး ဦးဆောင်ခေါ်ငင်မှုဖြင့် အခန်းတစ်ခုအတွင်းသို့ ရောက်သွားကြသောအခါ၌ မောင်ညွန့်မှာ အတိုင်းထက်အလွန် အံ့သြသွား၏။ မောင်ညွန့်၏နည်းတူပင် ကိုကြင်၊ ကိုပုနှင့် ကိုချို့တို့လည်း အံ့သြသွားကြ၏။

မောင်ညွန့်က မဝိုင်းအနီးသို့ကပ်ကာ တီးတိုးပြောလိုက်သည်။

"အရင်တစ်ခေါက် ကျွန်တော်တို့လာတုန်းက လမ်းမှာ မြင်းရထားနဲ့ ဆုံနေတယ် ပြောပါရောလား...အဲဒီမြင်းရထားပေါ်က အင်္ဂလိပ်ကြီးပေါ့... ဟောဟိုမှာထိုင်နေတာ..."

"ဟင်...ဟုတ်လား...ဒီလိုဆိုရင် အပြစ်ရှိလို့ခေါ်တာ မဟုတ်တန်ရာပါဘူး"ဟု မဝိုင်းက ပြောသည်။

ပုလိပ်အရာရှိသည် ကုလားထိုင်ပေါ်တွင် ထိုင်နေသည့်အင်္ဂလိပ်အနီးတွင် ခြေစုံရပ်ကာ ဆလံပေးပြီးနောက် "ရှမ်းပြည်က လှည်းသမားတွေပါ၊ သူတို့မှာ လှည်းခြောက်စီးပါပါတယ်"ဟု အင်္ဂလိပ်အားပြောသည်။

အင်္ဂလိပ်သည် လှည်းသမားများကို တစ်ယောက်စီ စူးစိုက်ကြည့်ရှု၏။

"အို လူကလေးပါလား၊ လူကလေး ကျွန်ုပ်သိသလား" ဟု မောင်ညွန့်ကို ကြည့်ကာမေး၏။

"သိပါတယ်၊ တောင်ပေါ်လမ်းမှာ မြင်းရထားစီးလာရင်းတွေ့တာ ကျွန်တော်ပါပဲ..."ဟု မောင်ညွန့်က ပြန်ပြောလိုက်သည်။

"ဟုတ်တယ်...လူကလေးကျေးဇူး အများကြီးရှိတယ်၊ အခု လူက လေးတို့ လှည်းခြောက်ခုပေါ်မှာ ပစ္စည်းတွေတင်ယူသွားပါ၊ တောင်ကြီးကို ပို့ပေးပါ၊ လှည်းတစ်ခုကို ငွေသုံးဆယ်ရမယ်..."

အင်္ဂလိပ်က ဗမာစကား မပီကလာ ပီကလာဖြင့် ပြောသဖြင့် မောင် ညွှန့်တို့မှာ မနည်းနားထောင်ယူရသည်။

"လှည်းခက ဘယ်လောက်ရမှာလဲရှင့်..."ဟု မပိုင်းက နားမသဲကွဲ သဖြင့် မေးလိုက်သည်။

"လှည်းတစ်စီးကို သုံးဆယ်ရမယ်၊ အစိုးရပစ္စည်းကို တောင်ကြီးမြို့ ရောက်အောင် လိုက်ပို့ရမယ်..."ဟု ပုလိပ်အရာရှိ ဦးအုန်းကျော်က ရှင်းလင်း ပြောပြသည်။

"မိန်းကလေးလည်း ပါတယ်လား..."ဟု အင်္ဂလိပ်ကမေး၏။

"ကျွန်မလည်းပါပါတယ်၊ ဟောဒါက ကျွန်တော်ယောက်ျားပါ"ဟု မပိုင်းက မောင်ညွှန့်ကို ညွှန်ပြရင်းပြော၏။

"ကောင်းတယ်...ကောင်းတယ်...လူကလေးနဲ့ မိန်းကလေး ကောင်း ကောင်းပေါင်းပါ..."

"ကောင်းကောင်း မပေါင်းလို့ ဘယ်လိုလုပ်ပေါင်းရမှာလ..."ဟု ကိုတုတ်က အချင်းချင်းကြားလောက်ရုံ တီတိုးပြောလိုက်ရာ ကြားရသူများ ပြုံး၍နေကြ၏။

"လူကလေးတို့ သွားနိုင်ပြီ...လမ်းမှာ ကောင်းကောင်းသွား၊ အစိုးရ ပစ္စည်းကို ကောင်းကောင်းဂရုစိုက်ပါ"ဟု အင်္ဂလိပ်က နောက်ဆုံးစကား မှာကြားလိုက်၏။

ပုလိပ်အရာရှိနှင့်အတူ မောင်ညွှန့်တို့တစ်တွေ အခန်းတွင်းမှ ထွက် လာကြ၏။

"ကိုင်း...မင်းတို့လှည်းခြောက်စီးစလုံး ဒီကိုမောင်းခဲ့...ပစ္စည်းတင် ရမယ်၊ မိန်းကလေးနဲ့ မအေးလှကတော့ ဒီမှာပဲ စောင့်နေတာပေါ့..."ဟု ပုလိပ်အရာရှိကပြောရာ မောင်ညွှန့်တို့ယောကျ်ားခြောက်ယောက် လှည်းစခန်း ချရာသို့ ထွက်သွားကြသည်။

"အမေဖြင့် ဘာမှုများပါလိမ့်မလဲလို့ ပူလိုက်ရတာ သမီးရယ်... ခုမှပဲ စိတ်အေးရပေတော့တယ်..."ဟု ဒေါ်အေးလှက ပြော၏။

"ကျွန်မ စိတ်ပူလိုက်တာများတော့ မပြောပါနဲ့တော့ အမေရယ်၊ ရှုံးများသွားမလားလို့တောင် ထင်မိတယ်...အခုတော့ စိတ်မပူတဲ့အပြင် ဝမ်းတောင်သာရပြီ...အမေ၊ တစ်ယောက်ကို ငွေသုံးဆယ်စီ ရကြမယ်တဲ့ နည်းတဲ့ငွေ မဟုတ်ဘူး..."

"ကံကောင်းတယ်လို့ ခေါ်ရမှာပေါ့ သမီးရယ်...တော်ပါသေးရဲ့... အာလူးကဈေးမရပေမယ့် လှည်းခသုံးဆယ်စီရမှာဖြစ်တော့ လာရကျိုးနပ် တယ်လို့ ခေါ်ရမှာပဲ..."

"အမေ...ပြန်တော့လေ...ကိစ္စပြီးပေါ့ဟာပဲ"

"အမေမပြန်သေးပါဘူး သမီးတစ်ယောက်တည်း ကြောင်စီစီဖြစ်နေ လိမ့်မယ်၊ သမီးယောကျ်ားလာတော့မှ ပြန်မယ်..."

မောင်ညွန့်တို့ခြောက်ယောက် လှည်းကိုယ်စီမောင်းကာ ရောက်လာ ကြသည်။

ပုလိပ်သားများသည် ဂုန်အိတ်ဖြင့် ထုတ်တားသော သေတ္တာများကို ထမ်းကာ လှည်းပေါ်သို့တင်ကြ၏။ ဦးအုန်းကျော်က ကြည့်ရှုအမိန့်ပေးသည်။

"လှည်းတစ်စီးမှာ သေတ္တာလေးလုံးကျတင်ဟေ့...ဒီမိန်းကလေးစီးမယ့် လှည်းမှာတော့ သုံးလုံးပဲတင်၊ နောက်ပြီးတော့ ဟောဟို နွားပိန်ပိန်တပ်ထား တဲ့ လှည်းမှာလည်း သုံးလုံးတင်ကွ...အားလုံး သေတ္တာနှစ်ဆယ့်နှစ်လုံးနော်"

ပုလိပ်များသည် ဦးအုန်းကျော်အမိန့်ပေးသည့်အတိုင်း တင်ကြသည်။ မဝိုင်းတို့လှည်းတွင် သေတ္တာသုံးလုံး၊ နွားပိန်သော ကိုကြင်၏လှည်းတွင် သုံးလုံး၊ အခြားလှည်းများတွင် လေးလုံးစီတင်ပြီးကြ၏။

"ကိုင်း...မောင်းကြတော့ဟေ့...ဟိုကောင်တွေ တက်ကြလေ...ကဲ မှတ်ထားဖို့ကတော့ အစောင့်လိုက်တဲ့ ပုလိပ်စကားကို နားထောင်၊ သူတို့က သွားဆိုရင်သွား၊ သူတို့က အိပ်ဆိုတဲ့နေရာမှာအိပ်၊ သူတို့စကားကို မြေဝယ် မကျနားထောင်..."

ဦးအုန်းကျော်၏စကားဆုံးလျှင် သေနတ်ကြီးတွေကိုင်ဆောင်ထားကြ သော ကုလားပုလိပ်လေးယောက်တို့သည် လှည်းများပေါ်သို့ တစ်ယောက်

စီတက်ကြ၏။ မောင်ညွန့်နှင့် မပိုင်းတို့၏ လှည်းပေါ်သို့ကား ပုလိပ်တစ်ယောက်မျှ မတက်ချေ။

"ဟော့ကောင်တွေ...မိန်းကလေးတစ်ယောက်တည်းပါတာနော်...လမ်းမှာနောက်လားပြောင်လား မလုပ်နဲ့၊ နောက်တယ်ပြောင်တယ်ကြားရရင် မင်းတို့သေပြီသာမှတ်တော့..."

ဦးအုန်းကျော်က ကုလားပုလိပ်များကို အသေအချာမှာထားလိုက်၏။

"ကိုင်း...ထွက်ကြတော့..."

မောင်ညွန့်နှင့် မပိုင်းတို့၏ လှည်းသည် ရှေ့ဆုံးမှ ထွက်ခဲ့လျက် အခြားလှည်းများသည် နောက်မှ စီတန်း၍ လိုက်ကြသည်။

"အမေရေ...သွားပြီ...သွားပြီ..."

မပိုင်းက ဒေါ်အေးလှကို အော်၍ နှုတ်ဆက်၏။

ဒေါ်အေးလှမှာ မပိုင်းကို မျက်တောင်မခတ် ငေးစိုက်ကြည့်ကာ မျက်ရည်သုတ်ရင်း ကျန်ရစ်ရှာလေသည်။

O

## (၃၃)

မောင်ညွှန့်တို့ လှည်းခြောက်စီးသည် သာစည်မြို့မှ ထွက်ခဲ့ကြလျက် တောလမ်းတောစခန်းအတိုင်း မောင်းနှင်ခဲ့ကြသည်။

မဝိုင်းက ဂုန်အိတ်နှင့်ထုတ်ထားသော သေတ္တာများကို ကြည့်ရင်း "ဒီအထဲမှာ ဘာတွေများပါသလဲ မပြောတတ်ဘူး..."ဟုဆို၏။

"ကျွန်တော် အပြင်က စမ်းကြည့်တယ်၊ အထဲက သေတ္တာမှာ သော့ခတ်ထားတယ်၊ အပေါ်ကထုပ်ထားတဲ့ ဂုန်အိတ်ကိုလည်း သေသေချာချာ ကြိုးနဲ့ချည်ပြီး ချိတ်တံဆိပ်ရိုက်ထားသေးတယ်...သေတ္တာထဲမှာ အရေးကြီးတဲ့ပစ္စည်းတွေပါမှာပ..."ဟု မောင်ညွှန့်ကပြော၏။

"မဟုတ်ခါမှလွဲရော...အစ်မဝိုင်းထင်တာတော့ သေတ္တာထဲမှာ ငွေတွေပါတယ်လို့ ထင်တယ်..."

"ဟုတ်ပါလိမ့်မယ်...ပုလိပ်သားလေးယောက်တောင် သေနတ်ကြီးတွေနဲ့ လိုက်ရပုံထောက်တော့ ငွေတွေပါလို့သာ ဖြစ်မှာပေါ့...တော်ပါသေးရဲ့ ဒီအရပ်က လူဆိုးဓားပြ မရှိပေလို့ပေါ့...ဓားပြများတိုက်ယူရင် ခက်ရချေရဲ့"

"လူဆိုးသူဆိုး မရှိမှန်းသိလို့သာ ဒီလိုပို့ဝံ့တာပေါ့...သူတို့လည်း အစိုးရလုပ်နေတာပဲ...သိမှာပေါ့ ဆရာညွှန့်ရဲ့"

ယင်းသို့ စကားတပြောပြောနှင့် လှည်းမောင်းခဲ့ကြရင်း ခရီးအတော်ရောက်လာကြသည်။

မွန်းတည့်ခါနီး အချိန်လောက်တွင် ကိုကြင်က အော်၍သတိပေး၏။

"ဒီနေရာမှာရေရတယ် နွားစာမြက်လည်းပေါတယ်၊ ခဏာစခန်းချပြီး မနက်စာထမင်း ချက်စားကြရအောင်ဟေ့..."

"မရပ်နဲ့...ဆက်မောင်း"

ကုလားပုလိပ်တစ်ယောက်က ခပ်ထန်ထန်အမိန့်ပေး၏။

"ရော...ခက်ပြီ...၊ ဘယ်လိုလုပ်ရမှာတုံး..."ဟု ကိုကြင်က ထပ်၍ အကြံတောင်း၏။

"မောင်လေး...လှည်းရပ်လိုက်ဦး"ဟု မဝိုင်းက ပြောရာ မောင်ညွန့်သည် လှည်းရပ်လိုက်သဖြင့် နောက်မှပါလာသော လှည်းများလည်း အစီအရီ ရပ်လိုက်ကြရလေသည်။

"မောင်းလေ...မောင်း...မောင်း..."

ကုလားပုလိပ်က အာဏာသံဖြင့် အော်ငေါက်၍ပြော၏။

မဝိုင်းက ကုလားပုလိပ်ဘက်သို့ လှည့်ကြည့်ကာ "ဒီမှာရှင့်...ဒီနေရာမှာ နွားစားဖို့မြက်ရှိတယ်၊ လူတွေ ထမင်းချက်စားဖို့ ရေရတယ်၊ ဒါကြောင့် ဒီမှာ နွားကျောင်းရမယ်၊ ထမင်းချက်စားရမယ်၊ ဟိုရှေ့တစ်လျှောက်မှာ မြက်မရှိဘူး၊ နွားတွေ မြက်မစားရရင် မရုန်းနိုင်ဘဲနေမှာပေါ့..."ဟု ပြောလိုက်၏။

ကုလားပုလိပ်သည် မဝိုင်း ရှင်းပြသည်ကို သဘောပေါက်၍လော၊ မဝိုင်းဩဇာကို မလွန်ဆန်လိုသောကြောင့်လော မပြောတတ်။

"ကောင်းပြီ...မြန်မြန်ထမင်းချက်၊ မြန်မြန်နွားကျွေး၊ ဒီညမှာ လှိုင်းတက်ဗိုလ်တဲရောက်အောင်သွားရမယ်..."ဟု အလျှော့ပေးကာပြောလေသည်။

ကုလားပုလိပ်အမိန့်အတိုင်းပင် မြန်မြန်ထမင်းချက်ရ၏။ နွားကျောင်းရ၏။ ထမင်းစားပြီးသည့်နောက် ခဏမျှမနားပဲ ဆက်လက်မောင်းနှင်ခဲ့ကြရသည်။

ထိုနေ့ညတွင် လှိုင်းတက်သို့ရောက်ရာ ဗိုလ်တဲအနီးတွင် လှည်းများကို ဖြုတ်ထားလျက် ထမင်းဟင်း ချက်ပြုတ်စားသောက်ကြရပြန်၏။

ထမင်းစားပြီးသောအခါ အုံ့ဩဖွယ်ကိစ္စတစ်ရပ် ကြုံရပြန်သည်။

ကုလားပုလိပ်က အမိန့်ပေး၏။ "မင်းတို့အားလုံး ဗိုလ်တဲပေါ်မှာ တက်အိပ်ပါ၊ ဘယ်သူမှ အောက်ကိုမဆင်းနဲ့၊ နွားတွေကို ဗိုလ်တဲအောက်မှာ ချည်ထားပါ..."

ဘုမသိ ဘမသိနှင့်ပင် ကုလားပုလိပ်၏ အမိန့်အတိုင်း လုပ်ကြရ၏။

မောင်ညွန့်တို့လူအားလုံး ဗိုလ်တဲပေါ်သို့ ရောက်ကြသည်နှင့် တစ်ပြိုင်နက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးကြလေသည်။

"ဘယ်လိုလုပ်ပုံလဲကွ...ညမှာ တို့အိပ်နေတုန်း လှည်းတွေကို နွားတပ်ပြီးမောင်းသွားမယ်များ ကြံရှာသလား..."ဟု ကိုချိုကပြော၏။

"ပြောပဲမပြောတတ်ပါဘူးဗျာ...ဘာပဲဖြစ်ဖြစ် ကျုပ်တို့တစ်တွေ စည်းစိမ်သုခနဲ့ အိပ်ရမှာတော့အမှန်ပဲ..."ဟု ကိုကြင်ကဆိုသည်။

"ကျွန်မတော့ ဒီလိုပဲထင်တယ်ရှင့်..."ဟု စကားစကာ "ကျွန်မတို့တစ်တွေ အားလုံး လှည်းပေါ်မှာ လှည်းနားမှာ အိပ်ကျရင် ကျွန်မတို့မှာ ယောကျ်ားခြောက်ယောက် ပါတယ်မဟုတ်လား၊ ဒီတော့ သူတို့ ပုလိပ်လေးယောက်ကို သတ်ပုတ်ပြီး သေနတ်တွေ လုယူမှာစိုးတယ်ထင်ပါရဲ့...သေနတ်ရလို့ရှိရင် သူတို့ကိုသတ်ပြီး ငွေတွေကို လှည်းနဲ့တင်ပြေးမှာစိုးလို့ ဒီလိုလုပ်တာဖြစ်ပါလိမ့်မယ်..."ဟု ပြောပြ၏။

"ဒီလိုဆိုရင် သူတို့ပစ္စည်းတွေကို ဗိုလ်တဲပေါ်တင်ပြီး သူတို့ပဲ ဗိုလ်တဲပေါ်မှာ စောင့်ပါတော့လား။ တို့ကလှည်းပေါ်မှာ အိပ်မှာပေါ့..."ဟု ကိုချိုကပြောသည်။

"ဒီလိုဆိုပြန်တော့လည်း...သူတို့အိပ်နေတုန်း ကျွန်တော်တို့လှည်းတွေကို မောင်းသွားမှာစိုးတယ် ထင်ပါရဲ့...နောက်တစ်ခုကလည်း ကျွန်တော်တို့က လှည်းပေါ်မှာအိပ်ရင် မတော်တဆ ရွာသားတွေကို လက်တို့ပြီး သူတို့ကို ဓားပြတိုက်ယူမှာ စိုးတယ်တင်ပါရဲ့ဗျာ..."ဟု မောင်ညွန့်က သူ့ထင်မြင်ချက်ကို ပြောပြသည်။

"အေး...မောင်ညွန့်ပြောတာ ဟုတ်လောက်စရာ အကြောင်းရှိတယ်၊ တို့တစ်တွေကို ဗိုလ်တဲပေါ်မှာ ချုပ်ထားတဲ့သဘောမျိုး လုပ်တာပေါ့ကွာ...ကြည့်လေ...ကြည့်လေ...ဗိုလ်တဲလှေကားရင်းမှာ ပုလိပ်တစ်ယောက် သေနတ်ကြီးထမ်းပြီး စောင့်နေလေရဲ့..."ဟု ကိုတုတ်ကပြောသဖြင့် အားလုံး လှမ်းကြည့်ကြရာ ကိုတုတ်ပြောသည့်အတိုင်း မြင်ကြရသည်။

"သူတို့က တို့ကို ကင်းစောင့်သလို တို့ကလည်း သူတို့ကို ကင်းစောင့်မှကွ... ဘာပြုလို့လဲဆိုတော့ ...တို့လှည်းတွေ နွားတွေကို ယူသွားမှာလည်း စိုးရသေးတယ်..."ဟု ကိုသာကပြောသည်။

"အိမ်း...အောက်ကိုတော့ ဘယ်သူမှ မဆင်းကြနဲ့မောင်...၊အောက် ဆင်းရင် သကာမကင်းဖြစ်ပြီး သေနတ်နဲ့ပစ်လိုက်မှာ စိုးရတယ်..."ဟု ကိုပုက သတိပေး၏။

"ဘာပဲဖြစ်ဖြစ် ကျွန်မတို့တော့ အိပ်ကောင်းခြင်းအိပ်ရတာပေါ့ရှင်..." ဟု မဝိုင်းက ကျေနပ်သံဖြင့်ပြောသည်။

"ဒီလိုဖြစ်တာတွေ့ရတော့ ကျွန်တော်ဖတ်ဖူးတဲ့ ဥဒုမ္ဗရဒေဝီအကြောင်း သတိရတယ်..."ဟု မောင်ညွန့်ကပြော၏။

"ပြောစမ်းပါဦးကွ...မင့်ဥဒုမ္ဗရဒေဝီအကြောင်းကို..."

"ရှေးရှေးက ဒီသာပါမောက္ခကြီးက သူ့သမီးဥဒုမ္ဗရဒေဝီနဲ့ ပိင်္ဂုတ္တရ လုလင်ကို ပေးစားလိုက်တော့ သူတို့လင်မယား အတူတူခရီးသွားကြသတဲ့ ဗျ...။ ညအိပ်တော့ ပိင်္ဂုတ္တရလုလင်က နေရာကောင်းမှာသွားအိပ်တဲ့အတွက် ဥဒုမ္ဗရဒေဝီကလည်း သူ့လင်နား လိုက်အိပ်သတဲ့၊ ဒီတော့...ပိင်္ဂုတ္တရလုလင် မှာ ယားလွန်းယံလွန်းလို့ မအိပ်နိုင်တာနဲ့ မကောင်းတဲ့နေရာ သွားအိပ်ပြန် ရောတဲ့၊ ဥဒုမ္ဗရဒေဝီဟာ သူ့လင်နားသွားအိပ်တော့ ပိင်္ဂုတ္တရလုလင်က နေရာ ပြောင်းသွားအိပ်ပြန်ရော။ ဥဒုမ္ဗရဒေဝီလိုက်အိပ်၊ ပိင်္ဂုတ္တရလုလင်က နောက်ဆုံး တော့ဗျာ...ဥဒုမ္ဗရဒေဝီကနေရာကောင်း၊ ပိင်္ဂုတ္တရလုလင်က မကောင်းတဲ့ နေရာမှာ ညစဉ်အိပ်ရတာပဲတဲ့၊ အခုလည်း ကျွန်တော်တို့က ညစဉ် နေရာ ကောင်းမှာအိပ်ပြီး ကုလားတွေက လှည်းပေါ်မှာ ညတိုင်းအိပ်ရလိမ့်မယ် ထင်တယ်"

"ဒီလိုဆိုရင် ကုလားတွေက ပိင်္ဂုတ္တရလုလင်လားကွာ...၊မဝိုင်းက ဥဒုမ္ဗရဒေဝီပဲပေါ့..."ဟု ကိုချိုက ရယ်စရာပြောလိုက်ရာ အားလုံး ဝိုင်း၍ ရယ်ကြလေသည်။

"ခင်ဗျားကလဲဗျာ...မဟုတ်မဟတ် ပုံနှိုင်းတတ်ရန်ကော..."ဟု မောင်ညွန့်က မကျေနပ်သံနှင့်ပြော၏။

"ရယ်စရာပြောတာပါကွာ...၊ ဘာပဲဖြစ်ဖြစ် မဝိုင်းကိုတော့ ကျေးဇူး တင်ထိုက်သကွ...သူပါတဲ့အခါကမှ လှည်းခ သုံးဆယ်စီလည်းရမယ်၊ တို့ တစ်ခါမှမနေဘူး မအိပ်ဘူးတဲ့ ဗိုလ်တဲကြီးပေါ်မှာလည်း နေရအိပ်ရတယ်၊ မဝိုင်းပါလာလို့ ဒီလိုဖြစ်တာလို့ထင်တယ်၊ မဝိုင်းက ဥဒုမ္ဗရဒေဝီနဲ့ တကယ် တူပါသကွာ..."ဟု ကိုတုတ်က နောက်ဆက်တွဲ ပြောလိုက်ပြန်သည်။

၀

## (၃၄)

မောင်ညွန့်တို့သည် နောက်နေ့နံနက်တွင် လှိုင်းတက်မှ ခရီးဆက်ခဲ့ကြပြန်ရာ နံနက်စာ ချက်ရုံစားရုံမျှ လမ်းတွင် ခေတ္တနားရပြီးနောက် ဒုတိယနေ့ညတွင် ယင်းမာပင်ဗိုလ်တဲ၌ ယမန်ညကနည်းတူပင် အိပ်စက်ကြရ၏။

နောက်နေ့တွင် ခရီးဆက်ပြန်ရာ တတိယညတွင် ပြည်ညောင်ဗိုလ်တဲ၊ စတုတ္ထညတွင် နန့်ပန်တစ်ဗိုလ်တဲ၊ ပဉ္စမညတွင် ရေယောင်ဗိုလ်တဲ၊ ဆဋ္ဌမညတွင် ကလောဗိုလ်တဲ၊ သတ္တမညတွင် ဟဲဟိုးဗိုလ်တဲ စုစုပေါင်း လမ်းတွင် ခုနစ်ညအိပ်ပြီးနောက်တွင်မှ တောင်ကြီးသို့ ချောချောမောမော ရောက်ကြလေသည်။

တောင်ကြီးသို့ရောက်သည်နှင့် တစ်ပြိုင်နက် လှည်းများကို အစိုးရငွေတိုက်သို့မောင်းသွားရကာ အရာရှိများ၊ ပုလိပ်များ ကြည့်ရှုစစ်ဆေးကြပြီးနောက် သယ်ဆောင်လာကြသည့် ငွေသေတ္တာများကို ငွေတိုက်တွင် သွင်းကြလေသည်။

မောင်ညွန့်တို့ကား တစ်ယောက်လျှင် ငွေဒင်္ဂါး ၃၀ စီရကြသဖြင့် ဝမ်းသာရွှင်မြူးနေကြ၏။

တောင်ကြီးတွင်ပင် ညအိပ်နေကာ နောက်နေ့နံနက်တွင်မှ မောင်ညွန့်တို့ လှည်းခြောက်စီး တောင်ကြီးမှ ထွက်ခွာခဲ့ကြလေသည်။

တောင်ကြီးမြို့ တည်ရှိရာတောင်ကား အမည်နှင့်လိုက်အောက်ပင် ကြီးလည်းကြီး မြင့်လည်း မြင့်လှပေသည်။ တောင်ပေါ်မှ စီး၍ကြည့်လိုက်

လျှင် ပတ်ဝန်းကျင် မြေပြင်မှာ ပြားပြားဝပ်၍နေလျက် ပန်းချီကားကို ကြည့်ရသည့်သဖွယ် ဖြစ်သည်။

"အစ်မပိုး...ဘေးပတ်ဝန်းကျင်ကို ကြည့်ရတာ စိတ်ကြည်နူးစရာ သိပ်ကောင်းတာပဲနော်..."ဟု မောင်ညွှန့်က ပြော၏။

"ကြည်နူးစရာတော့ ကောင်းပါရဲ့...၊ သို့ပေမဲ့ တောင်ကမြင့်လွန်းလို့ အစ်မပိုင်းတော့ ကြောက်တယ်။ မတော်တဆ လမ်းဘေးများ ချော်ကျလိုက်မှဖြင့်..."မပိုင်းက စကားကို ဆုံးအောင်မပြောဝံ့သဖြင့် ရပ်ထားလိုက်။

"အစ်မပိုင်းကလည်းဗျာ...ဒီလို တောင်ဆင်းတောင်တက် ခရီးတွေကို လာခဲ့တာ ရက်ပေါင်းတော်တော်ကြာပေါ့ဟာပဲ...ရိုးမနေသေးဘူးလား..."

"ဒီတောင်က ပိုမြင့်တယ်လို့ အစ်မပိုင်း ထင်တယ်။ နောက်ပြီးတော့ တောင်ဘေးက ချောက်ကြီးကလည်း ပိုနက်တယ်...ကြောက်စရာကြီး မောင်လေးရဲ့...၊ ဟော...ပြောရင်း ဆိုရင်း ဘာသံပါလိမ့် နားထောင်စမ်း..."

မပိုင်းက ပြောလိုက်သဖြင့် မောင်ညွှန့် နားစိုက်ထောင်၏။ အခြားလှည်းမှ လူများသည်လည်း နားစိုက်နေကြသည်။

"ဘော်...ဘော်...ဘော်..."ဟူသော အသံသည် ကျယ်သည်ထက် ကျယ်လာကာ တဖြည်းဖြည်း နီးကပ်လာသည် ထင်ရ၏။

"ဟော့...ဘာသံလဲဟော့..."ဟု ကိုတုတ်က ပြော၍မျှ ပါးစပ်မပိတ်မီ...အသံရှင်သည် တောင်ကွေ့လမ်းမှ ထွက်လာကာ လှည်းများ၏ရှေ့တွင် ဘွားခနဲ ပေါ်လာ၏။

မော်တော်ကားတစ်စီး ဖြစ်သည်။ မော်တော်ကားသည် တဖြည်းဖြည်း လှည်းများဆီသို့ မျက်နှာချင်းဆိုင် မောင်းနှင်လာ၏။

"ခင်ဗျာ့ဟာကြီးကို ရပ်ထားစမ်းပါဦးဗျို့...၊ နွားတွေလန့်ပြီး ချောက်ထဲ ဆွဲချသွားပါဦးမယ်..."ဟု ကိုတုတ်က အော်လိုက်ရာ မော်တော်ကားကို ရပ်ထားလိုက်၏။

"နွားတွေ လန့်လိမ့်မယ်ဗျို့...၊ လှည်းပေါ်ကဆင်းပြီး ထမ်းပိုးတုံးကို ကိုင်ထားမှ ဖြစ်မယ်..."ဟု မောင်ညွှန့်က ပြောကာ လှည်းပေါ်မှ ခုန်ချလျက် ထမ်းပိုးတုံး၏ရှေ့တွင်ရပ်ကာ ထမ်းပိုးတုံးကို မြဲမြဲဆုပ်ကိုင်ထား၏။ အခြားသူများလည်း မောင်ညွှန့်နည်းတူ လုပ်ကြလေသည်။

မော်တော်ကားသည် လှည်းများအနီးမှ ပွတ်သီကာ၊ မောင်းသွားရာ နွားများလန့်ဖျပ်ကာ တရှုံးရှုံး တရှုံ့ရှုံ့လုပ်လျက် ထိုးထိုးထွန့်ထွန့် ဖြစ်နေသဖြင့် နှာခေါင်းကြိုးကို အတင်းချုပ်ကိုင်ထားကြရသည်။

"ခင်ဗျားတို့ဟာ မော်တော်ကား ဆိုတာလားဗျို့..."ဟု ကိုကြင်က မေးရာ မော်တော်ကားမောင်းသူက "ဟုတ်တယ်...ဟုတ်တယ်...မော်တော်ကားလို့ခေါ်တယ်...သေသေချာချာကြည့်ထား"ဟု လှောင်ပြောင်သရော်သော အမူအရာဖြင့် ပြောသွား၏။

"အေးဗျာ...မော်တော်ကားရယ်လို့ ကြားသာ ကြားဖူးပါတယ်၊ မြင်တော့ဖြင့် ဒီတစ်ခါသာ မြင်ဖူးတယ်..."ဟု ကိုသာက ပြောလိုက်သည်။

မော်တော်ကားလွန်သွားပြီးနောက် လှည်းများကို ဆက်လက်မောင်းနှင်ခဲ့ကြလေသည်။

ဟဲဟိုးတွင် တစ်ညအိပ်ကြရ၏။ လာစဉ်ကကဲ့သို့ မိုလ်တဲတွင်မဟုတ်တော့ဘဲ သင့်ရာနေရာတွင် လှည်းဝိုင်းချကာ လှည်းပေါ်တွင်ပင် အိပ်ကြရသည်။

"ပိဂ္ဂုတ္တရလုလင် မပါတော့...ဥဒုမ္ဗရဒေဝီလည်း လှည်းပေါ်တွင်အိပ်ရတော့တာပဲနော..."ဟု ကိုတုတ်က ပြောလိုက်ရာ တသောသော ပွဲကျသွားကြ၏။

နောက်နေ့ညနေတွင်မှ မိမိတို့၏အိမ်သို့ ပြန်ရောက်ကြရာ မဝိုင်း၏ဖခင် ဆရာခေါင်က မြည်တွန်တောက်တီးတော့သည်။

"အမယ်လေး...ပူလိုက်ရတာ သမီးရယ်...၊ ရက်တွေ ကြာနေတော့ ဘာဖြစ်ပါလိမ့်မလဲ...ဘာဖြစ်ပါလိမ့်မလဲနဲ့ တွေးတွေးပြီး ပူရတာ သေမတတ်ပဲ...၊ ဘာဖြစ်လို့ ဒီလောက် ကြာနေရတာတုံး...ပြောစမ်းပါဦး..."

"သာစည်မှာ အာလူးရောင်းပြီးတော့ အစိုးရပစ္စည်းတွေကို တောင်ကြီးလိုက်ပို့နေရတယ် အဖေရဲ့...၊ ဒါကြောင့် ဒီလောက်ကြာနေတာ၊ လှည်းခသုံးဆယ်စီ ရခဲ့ကြတယ်..."

"ငွေရတာတော့ဖြင့် ကောင်းပါရဲ့...သမီးရယ်...၊ သို့ပေမဲ့ငွေရတာနဲ့ ပူရတာနဲ့ မကာမိအောင် ဖြစ်နေတယ်။ မစုံဆိုရင် သမီးတို့ ရှိပါတော့မလားလို့ ပူပြီးနေ့တိုင်းငိုရရှာတယ်..."

"နောက်ကို ဒီလိုတွေးမပူနဲ့ပေါ့ အမေရဲ့...၊ အရောင်းအဝယ်ကိစ္စဆိုတာ ကြာချင်လည်း ကြာနေတတ်တာပဲ..."

"အလို နောက်တစ်ခေါက် သွားကြဦးမလို့လား..."ဟု အရီးစုံက အလန့်တကြား မေးလိုက်၏။

"သွားရလိမ့်ဦးမယ် ထင်တယ် အမေ...၊ ဘာပြုလို့လဲဆိုတော့ ကျွန်မတို့မှာရှိတဲ့ အာလူးအချိန် တစ်ထောင်လောက်ဟာ နှစ်ခေါက်သွားရောင်းတာ အချိန်ငါးရာပဲ ကုန်ခဲ့သေးတယ် အမေရဲ့...၊ အချိန် ငါးရာလောက် ကျန်သေးတယ်"

"ဒီလိုဆို...နောက်တစ်ခေါက်သွားရင် အမေလည်း လိုက်ခဲ့မယ်...၊ ဒါမှ အပူသက်သာမှာ..."

ပြောဆိုနေကြစဉ်ပင် ဦးမာလာနှင့် အရီးနန်းကြာတို့ ရောက်လာကြ၏။

"မောင်ချိုတို့ရောက်လာတော့မှာပဲ လူကလေးလည်း ရောက်ပြီဆိုတာ သိရလို့ စိတ်အေးရတော့သကွယ်...၊ ကြာလိုက်တာ...အမေဖြင့် ပူလွန်းလို့ မစားနိုင် မအိပ်နိုင် ဖြစ်နေရတော့တာပဲ"ဟု အရီးနန်းကြာက ပြော၏။

"မနန်းကြာရေ...ကိုယ့်သားနဲ့ ကျုပ်သမီးကတော့ နောက်တစ်ခေါက်တောင် သွားကြဦးမလို့တဲ့တော့..."ဟု အရီးစုံက တိုင်တော့သည်။

"အာလူးတွေက ကျန်သေးတယ် အမေရဲ့...။ ဒီတစ်ခါတော့ ကြာမှာမဟုတ်ပါဘူး၊ ဆွေလိုမျိုးလို အရီးကြီးတစ်ယောက် တွေ့ခဲ့ရပြီး သူက အရာရာ အဆင်ပြေအောင် ဆောင်ရွက်ပေးပါလိမ့်မယ်..."ဟု မောင်ညွှန့်က ပြော၏။

"အိမ်း...ဒီတစ်ခါသွားရင်တော့ မြန်မြန်သွားပြီး မြန်မြန်ပြန်ကြကွယ်..."ဟု ဦးမာလာက ပြောလိုက်သည်။

ဝ

# (၃၅)

မောင်ညွန့်နှင့် မ၀ိုင်းတို့မှာ အာလူးအချိန် ၅၀၀ ခန့် ရှိသေးသည်။ ထို့ကြောင့် သာစည်သို့ နှစ်ခေါက်ဆင့်၍ အရောင်းသွားရ၏။ ဤအခေါက်များတွင်ကား ယခင် အခေါက်များကဲ့သို့ ကသီလင်တ မဖြစ်တော့၊ မ၀ိုင်းလည်းပါသည်။ လှည်းကလည်း နှစ်စီးသာဖြစ်သည်။ သာစည်တွင် ဆွေမျိုးရင်းချာလို ခင်မင်သည့် ဒေါ်အေးလှကလည်း ရှိသည်။ ထို့ကြောင့် အရာရာ အဆင်ပြေကာ ဈေးကောင်းနာကောင်း ရောင်းချရ၏။ အာလူးရောင်းပြီး၍ အပြန်တွင် အာလူးရောင်းရငွေဖြင့် မြတ်စွန်းသည့် ရောင်းကုန်ကလေးများ ၀ယ်ခြမ်းလာကာ ရွာသို့အရောက်တွင် ပြန်လည်ရောင်းချခြင်းဖြင့် ငွေပိုကြေးပို ရပြန်လေသည်။

ယင်းသို့ဖြင့် မောင်ညွန့်နှင့် မ၀ိုင်းတို့မှာ နှစ်စဉ်နှစ်တိုင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာလေသည်။ မောင်ညွန့်ကလည်း လုံ့လ၀ီရိယရှိသူ၊ အကြံကောင်းသူဖြစ်ရာ ရောင်းချ၍ မြတ်စွန်းမည့် သီးနှံများကို ရွေးချယ်စိုက်ပျိုး၏။

ဗမာပြည် သာစည်မြို့နှင့် ကူးလူးဆက်ဆံမှု ရှိလေသောကြောင့် ဗမာပြည်တွင် ရှားပါးကြေးတန်သည့် သီးနှံများကို ရွေးချယ်စိုက်ပျိုးလေသည်။ အာလူးသာလျှင်မက ချင်း၊ ကြက်သွန်ဖြူ၊ ခရမ်းချဉ်၊ မေမြို့ပန်း စသည့် ဗမာပြည်တွင် ရောင်းကောင်းမည့် သီးနှံတို့ကို ရွေးချယ်စိုက်ပျိုးကာ ထိုသီးနှံများပေါ်ချိန်တွင် ဗမာပြည်နှင့် ကူးချည်သန်းချည် ပြုလုပ်သည်။ မိမိတို့၏ အရပ်တွင် ရောင်းချ၍ စွန်မည့်ကွမ်းသီး၊ ဆေးရိုး၊ ဆေးရွက်၊ ဆား၊ ဆီ၊

ရေနံဆီ၊ ချည်ခင် စသည်တို့ကို ဝယ်ခြမ်းလာကာ ပြန်လည်ရောင်းခြင်းဖြင့် ဆင့်ပွားတိုးတက် မြတ်စွန်းပြန်သည်။

ထို့ကြောင့် မပိုင်းမှာ လက်ကောက်တစ်ကွင်းပြီးတစ်ကွင်း တိုးတက်လာ၏။ မောင်ညွန့်ရော မပိုင်းပါ အပိုအမို သုံးစွဲတတ်ကြသူများမဟုတ်၊ သူတို့အရပ်တွင် အပိုအမိုသုံးစွဲရန် အကြောင်းကိစ္စလည်း မရှိ၊ ထို့ကြောင့် ငွေကလေး ၃ဝိ ပိုလိုက်၊ ရွှေတစ်ကျပ်သားဝယ်လိုက်၊ ငွေကလေး ၁၅ကျပ် ပိုလိုက်၊ ရွှေငါးမူးသားဝယ်လိုက်ဖြင့် မပိုင်း၏ကိုယ်တွင် လက်ဝတ်လက်စားတွေ ညွတ်နေရုံသာလျှင်မက ရွှေထုပ်ပင် အတော်ကြီး၍နေပေပြီ။ ယင်းသို့ဖြစ်ရခြင်းကား ကောင်းသောလယ်ယာလုပ်မှု၊ ကောင်းသော ကုန်သွယ်မှု၏ အကျိုးဖလတည်း။

မောင်ညွန့်နှင့် မပိုင်းတို့၏ စီးပွားရေးမှာ ဒီရေအလားကဲ့သို့တိုးတက်သည်ဟု ဆိုနိုင်ပါ၏။ စိတ်ချမ်းသာ ကြည်နူးမှုလည်း ရကြပါ၏။ သို့သော် မပြေပြစ်သောလောက၊ အဆင်မပြေတတ်သောဘဝ၊ အကောင်းချည်းမဖြစ်ရသော လူ့ဘုံဖြစ်ရကား မောင်ညွန့်နှင့် မပိုင်းမှာ သောကဗျာပါဒ ဖြစ်စရာတွေပေါ်၍ လာလေတော့သည်။

မပိုင်းမှာ ကိုယ်ဝန်ရှိလာ၏။ သားဦးကလေးကို ချီရမည်လော။ သမီးဦးကလေးကို ချော့ရမည်လောဟု အားတက်ရွှင်မြူးနေကြ၏။ နှစ်ဖက်သော ဘိုးဘွားတို့ကလည်း မြေးဦးကလေးကို မျှော်လင့်စောင့်စားနေကြ၏။ သို့သော် မပိုင်းမှာ ကိုယ်ဝန်ရင့်လာလေလေ ကျန်းမာရေး ချွတ်ယွင်းလာလေလေဖြစ်ရာ ဖခင်ဖြစ်သူ သမားတော်ကြီး ဆရာခေါင်ပင်လျှင် မိမိ၏သမီးကို ဘယ်ဆေးဘယ်ဝါးဖြင့် ကုသရမည်မသိ ဖြစ်လာ၏။ ဆရာခေါင် ကြံရာမရဖြစ်ကာ ခေါင်းခဲရသည်သာတည်း။

သမားလတ်ဖြစ်သော ဦးမာလာနှင့် သမားငယ်ဖြစ်သော မောင်ညွန့်မှာ ဆိုဖွယ်ရာမရှိ။ ဆရာခေါင်ထက်ပင် ခေါင်းခဲကြရလေသည်။

"မောင်လေးရယ်...အစ်မပိုင်း သေသွားရင်...မိန်းမ မြန်မြန်ယူနော်"

ညအချိန် အိပ်ရာထက်တွင် ယှဉ်တွဲအိပ်စက်ရင်း မပိုင်းက မကြာခဏ ပြောတတ်သော စကားဖြစ်သည်။

"အစ်မပိုင်းမရှိရင် ကျွန်တော် နောက်ထပ် မိန်းမ မယူတော့ပါဘူး၊

အစ်မဝိုင်းလောက် ဘယ်သူ့ကိုမှ ချစ်မှာလည်း မဟုတ်ပါဘူး။ ပြောမယ့်သာ ပြေရတာပါ အစ်မဝိုင်းရယ်…အစ်မဝိုင်း မသေနိုင်ပါဘူး။ မကြာခင်မာလာမှာပါဗျာ…”ဟု မောင်ညွှန့်က အားပေးစကား ပြောလိုက်သည်။

“အစ်မဝိုင်းကိုယ် အစ်မဝိုင်း သိပါတယ်။ လူ့ပြည်မှာ ကြာကြာနေရတော့မှာ မဟုတ်ပါဘူး။ အစ်မဝိုင်းသေရင် မောင်လေး မြန်မြန်မိန်းမယူနော်…မိန်းမ မယူရင် အစ်မဝိုင်းကို လွမ်းဆွေးတာသပြီး စိတ်မကောင်းဖြစ်နေရလိမ့်မယ်။ မိန်းမယူလိုက်တော့မှ မောင်လေး အာရုံပြောင်းသွားပြီး စိတ်ကောင်းရမှာ…”

“မတော်တဲ့စကားတွေ ပြောမနေပါနဲ့ အစ်မဝိုင်းရာ…အစ်မဝိုင်းမသေနိုင်ပါဘူး…”ဟု မောင်ညွှန့်မှာ အားပေးစကား ပြောသာပြောရသည် မဝိုင်း၏အခြေအနေမှာ မဟန်တော့ကြောင်း ရိပ်မိလေသည်။

မဝိုင်း နေ့လစေ့သဖြင့် မွေးဖွားရန် အချိန်ကျရောက်သောအခါဒေသထုံးစံအရ လက်မပင်ရှာမှ ဝမ်းဆွဲကြီး အရီးစာကိုခေါ်ကာ အပ်ရသည်။ မိခင်နှင့် ယောက္ခမဖြစ်ကြသော အရီးစုံနှင့် အရီးနန်းကြာတို့မှာလည်း မဝိုင်း၏အပါးမှ တစ်ဖဝါးမျှမခွာကြဘဲ စောင့်ရှောက် ပြုစုကြ၏။ အိမ်နီးချင်းမိန်းမကြီးများလည်း တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြကာ ဝိုင်းအုံ့ကြည့်ရှု အားပေးကြသည်။

မဝိုင်းကား ထွန့်ထွန့်လူးအောင် ဝမ်းနာနေ၏။ ဝမ်းသာလျှင်မကရင်ရောခါးပါ မခံမရပ်နိုင်အောင် နာကျင်ကိုက်ခဲနေသည်။ မဝိုင်းမှာ နှုတ်ခမ်းကိုက်ကာ အံကြိတ်လျက် ထိုးထိုးထွန့်ထွန့် ဖြစ်နေ၏။ ဝေဒနာပြင်းထန်လွန်းသဖြင့် တစ်ကိုယ်လုံးတွင် ချွေးတွေ ရွဲရွဲစို၍နေ၏။

“သမီးဝေဒနာကို အမေ ခွဲယူဖြစ်ရင် ယူပါရဲ့အေ…”ဟု အရီးစုံက ကရုဏာသံအပြည့်ဖြင့် ပြော၏။ မိခင်၏မေတ္တာတည်း။ အရီးစုံသည် မဝိုင်းခံစားနေရသည့် ဝေဒနာမျိုးကို သူသာခံလိုက်ချင်၏။ မဝိုင်းကို မခံစေချင်ပေ။ မဝိုင်း ဝေဒနာခံစားနေရသည်ကို ကြည့်မြင်ရခြင်းမှာ မိမိကိုယ်တိုင် ဝေဒနာခံစားနေရသည်ထက်ပင် ဆိုးသေး၏ဟု အရီးစုံ အမှန်ပင် ထင်မှတ်နေလေသည်။

“အမေရေ…လင်ယူမိတာမှားပြီ…”

မဝိုင်းက ငိုရှိုက်ရင်း လေသံကလေး သဲ့သဲ့ဖြင့် ပြောရှာ၏။

အရီးစုံနှင့် အရီးနန်းကြာတို့မှာ ကရုဏာ၏အစွမ်းကြောင့် ရင်ထဲတွင် ပူလောင်လာကြကာ မျက်ရည်ဝဲကြသော်လည်း အချို့သောအိမ်နီးချင်းမိန်းမကြီးများကမူကား မဝိုင်းစကား၏အဓိပ္ပာယ်ကို အတိတ်အနာဂတ်ဆက်တွေးကြကာ မသိမသာ ပြုံးကြလေသည်။

“လင်ယူရင် ကလေးမွေးရမှာပေါ့အေ့…၊ ကလေးမွေးတာများ အဆန်းလုပ်လို့၊ ငါတို့ဖြင့် ကလေးမွေးလိုက်သမှ ကိုးယောက်အေ့…ကိုးယောက်…”

ဝမ်းဆွဲကြီးအရီးစာက စွာစွာလောင်လောင် ပြောလိုက်ရာ အပြင်တွင် စိတ်တထင့်ထင့်ဖြင့် နေကြရသော ဆရာခေါင်၊ ဦးမာလာနှင့် မောင်ညွန့်တို့ပင် ကြားကြရလေသည်။

မောင်ညွန့်သည်လည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေ၏။ မဝိုင်း၏အပါးသို့လာကာ မဝိုင်းကို ကြည့်ရှုအကဲခတ်လို၏။ သို့သော် မီးနေခန်းအတွင်းသို့ ယောကျ်ားများ မဝင်ရဟူသော ဒေသထုံးစံအရ အခန်းအပြင်ဘက်တွင်သာလျှင် အသည်းတထိတ်ထိတ် ရင်တဖိုဖိုဖြင့် နေရရှာသည်။

တစ်ချက် တစ်ချက်တွင် မဝိုင်း၏ညည်းညဲ့ညျူသံ အော်ဟစ်သံများကို ကြားရလေရာ မောင်ညွန့်မှာ နေမထိထိုင်မသာ အိမ်မြောင်အမြီးပြတ်ထွန့်ထွန့်လူး ဖြစ်ရတော့သည်။

မောင်ညွန့်နှင့် မဝိုင်းတို့သည် လင်မယားဘဝ ရောက်ကြသည်မှစ၍အပျော်ကြီး ပျော်ခဲ့ကြသည်။ အကြည်နူးကြီး ကြည်နူးကြသည်။ အရွှင်မြူးကြီး ရွှင်မြူးခဲ့ကြသည်။ သို့သော်…ယခုပစ္စုပ္ပန်အချိန်ကာလတွင်ကား ထိုထိုပျော်မှု ကြည်နူးမှု ရွှင်မြူးမှုတို့သည် တစိုးတစိမျှ မကျန်တော့ဘဲ နှစ်ယောက်စလုံး သောကပင်လယ်ဝေ၍ နေကြသည်။ စိတ်ဝေဒနာ ကိုယ်ဝေဒနာ အကြီးအကျယ် ခံစား၍ နေကြရသည်။

ကာမဘုံ၏ လှည့်စားမှုသာတည်း။ သတ္တဝါတို့ မျိုးဆက်ပျံ့ပွားရန်အတွက် ကာမသဘာဝက အချစ်စိတ်ကို သွင်းပေး၏။ သံယောဇဉ်ကြိုးဖြင့်ချည်ပေး၏။ တဏှာကြောကို ဆွပေး၏။ ထိုအခါတွင် ဖိုနှင့်မတို့ အကြောင်းဆက်၍ ပေါင်းဖက်ကြလေသည်။

ပျော်ကြသည်၊ ရွှင်ကြသည်၊ ကြည်နူးကြသည်၊ ဘဝင်မြူးကြသည်။

နောက်ဆုံးတွင်ကား ကာမသားကောင်၏ အစာဖြစ်ကာ သားသမီးတွေမွေး ဖွားလာကြလျက် တစ်သက်လုံး ဒုက္ခတုံး ဖြစ်ကြလေတော့သတည်း။

မောင်ညွှန့်နှင့် မဝိုင်းတို့သည်လည်း ထိုအတူပင် ဖြစ်၏။

"အမယ်လေး...အမယ်လေး..."

မဝိုင်းကား ခလုတ်ထိသဖြင့် အမိတချေပြီ။ ပင်ပန်းလွန်း အားနည်း လွန်းသဖြင့် အသံပင်မထွက်တော့၊ ပါးစပ်ကလေး လှုပ်ရုံသာလျှင် ပြုနိုင်ပါ၏။

ဝမ်းဆွဲကြီး အရီးစာကား သူ့ထုံးစံအတိုင်း ကလေးမြန်မြန်ထွက်စေ ရန်အတွက် နှိပ်၍ နှိပ်၍ ချ၏။ အရီးစာသာလျှင်မက အပါးရှိ အခြားမိန်းမ များလည်း ဝိုင်းဝန်းနှိပ်နယ်ချကြ၏။

မဝိုင်းကား မြော့မြော့ကလေး ကျန်တော့သည်။ အသက်မထွက်သေး ရုံတမယ်သာ ရှိတော့၏။ ထို့ထက်လွန်လျှင် ဓိဝိန်ချုပ်ဖို့သာ ရှိတော့သည်။

"ဟော...ထွက်လာပြီ...ထွက်လာပြီ..."

အရီးစာက အော်ဟစ်ရင်း အစွမ်းကုန်နှိပ်ချ၏။

"နှိပ်ကြဟဲ့...နှိပ်ကြ...ခေါင်းထွက်လာပြီ"

အနီးရှိ မိန်းမတို့၏ လက်ပေါင်းများစွာသည် မဝိုင်း၏ရင်ပေါ် ဗိုက် ပေါ်တွင် ပျားအုံသလို ဝိုင်းအုံနှိပ်ချကြလေသည်။

"ရပြီ...ရပြီ..."ဟု အရီးစာက အော်လိုက်၏။

"အမယ်လေး သမီး ဘယ်လိုဖြစ်သွားတာပါလိမ့်"ဟုလည်း အရီးစုံ က သံကုန်ဟစ်လိုက်၏။

ကလေးအပြင်သို့ ရောက်လာပြီးနောက် မဝိုင်းသည် မလှုပ်မယှက် ပျော့ခွေလျက်။

ဆရာခေါင်နှင့် မောင်ညွှန့်တို့သည် အရီးစုံ၏အော်သံကြောင့် ပျာယီး ပျာယာဖြင့် အတွင်းခန်းသို့ ပြေးဝင်လာကြ၏။

အရီးစာက မဝိုင်းကို စောင်ကြီးတစ်တည်ဖြင့် ပတ်ခြုံလိုက်ကာ ဦးခေါင်းသာလျှင် ဖော်ထားသည်။

"ကြည့်လုပ်ပါဦး...ဆရာခေါင်ရယ်"

အရီးစုံက ငိုသံပါကြီးနှင့် ပြောလိုက်၏။

ဆရာခေါင်သည် ဆေးဝါးများကို ပြေးယူကာ မဝိုင်းကို နာပေးသည်။

သွေးဆေးနှင့် ကွမ်းရွက်ရော ကြိတ်နယ်ကာ မပိုင်း၏ ငယ်ထိပ်ပေါ်တွင် တင်လျက် အငွေ့ဖြင့်မှုတ်သည်။

"အင်း...အင်း..."

မပိုင်း၏ညည်းသံ။

"သတိရလာပြီ။ လုပ်ပေးပါ ဆရာခေါင် လုပ်ပေးပါ"ဟု အရီးနန်းကြာက ဆို၏။

ဆရာခေါင်က မပိုင်း၏နှာခေါင်းထဲသို့ နှာထည့်ပြန်သည်။ မောင်ညွှန့်က သွေးဆေးနှင့် ကွမ်းရွက်ကြိတ်နယ်ကာ မပိုင်း၏ငယ်ထိပ်ပေါ်သို့ တင်လျက် အားရှိ အင်ရှိ အာငွေ့မှုတ်ပေးသည်။

"အင်း...အင်း..."

မပိုင်း၏အသံမှာ ကျယ်၍လာ၏။ မျက်စိကလေး မှေးမှေးဖွင့်နိုင်လာသည်။

"သမီး...သတိရတယ်နော်..."

အရီးစုံကမေးရာ မပိုင်းက မသိမသာ ခေါင်းညိတ်ပြသည်။

"သတိရရင် ယောကျ်ားတွေ အပြင်ထွက်ကြ"

ဝမ်းဆွဲကြီး အရီးစာက အော်ကျယ် ဟစ်ကျယ် ပြောလိုက်ရာ ဆရာခေါင်က "ဟောဒီနှာဆေးကို နှာခေါင်းထဲ နည်းနည်း နည်းနည်း ထည့်ပေး၊ သိပ်မထည့်နဲ့၊ ဟောဒီ သွေးဆေးနဲ့ ကွမ်းရွက်ကိုတော့ ခုတွင်က ငါတို့လုပ်သလို ငယ်ထိပ်ပေါ်အုပ်ပြီး အာငွေ့နဲ့ မှုတ်ပေး"ဟု ဆိုကာ မောင်ညွှန့်နှင့်အတူ အပြင်သို့ ထွက်သွားကြ၏။

မပိုင်းကို အားလုံးပွေ့ချီကာ အိပ်ရာထက်တွင် စောင်ထူထူခြုံထားကြသည်။

အရီးစာသည် ပျော့ခွေနေသော ကလေးကို ကလေးကောင်း ဖြစ်စေရန် အတန်တန် ကြိုးစားပါ၏။ သို့သော် ကလေးမှာ ဝမ်းတွင်းကပင် အသက်ပါမလာသောကလေး ဖြစ်သဖြင့် အရီးစာ မည်သို့မျှ မစွမ်းသာပေ။

မပိုင်းသည် မျက်လုံးကလေးပိတ်ကာ မှိန်း၍နေ၏။

ကလေးကိစ္စကို အရီးစာနှင့် အရီးနန်းကြာတို့တစ်စု လက်ဟန်ခြေဟန်ဖြင့် ပြောကြသည်။ မပိုင်း ကြားသွားမည်ကို စိုးရသောကြောင့်တည်း။

နောက်ဆုံးတွင်ကား အရီးစုံသည် ကလေးကို အဝတ်ကလေးဖြင့်ထုပ်ကာ အခန်းတွင်းမှ ထွက်လာပြီး ဆရာခေါင်၊ ဦးမာလာနှင့် မောင်ညွန့်တို့ကို မျက်ရိပ်မျက်ခြည်ဖြင့် ပြရသည်။ အမူအရာဖြင့် စကားပြောသည်။ မောင်ညွန့်သည် အရီးစုံ၏လက်မှ ကလေးသေကိုယူ၍ ပွေ့ချီကာ"သွားမယ်"ဟု တီးတိုးပြော၏။ ဦးမာလာကလည်း မောင်ညွန့်နှင့်အတူ လိုက်ရန်ဟန်ပြင်သည်။

မောင်ညွန့်နှင့် ဦးမာလာတို့ ကလေးသေနှင့်အတူ အိမ်ပေါ်မှဆင်းခဲ့ကြစဉ် ဆရာခေါင်၊ အရီးစုံနှင့် အရီးနန်းကြာတို့မှာ မျက်ရည်သုတ်ရင်းကျန်ခဲ့ကြသည်။

မဝိုင်း မသိလို့သာပ။ မဝိုင်းသာ သိလျှင် သားသောကကြောင့် တက်၍သေဖွယ်ရှိလေသည်။

မောင်ညွန့်က ကလေးကိုပိုက်ကာ ရှေ့မှသွား၏။ ဦးမာလာက ပေါက်တူးပေါက်ပြားတို့ကိုထမ်းကာ နောက်မှလိုက်သည်ကို မြင်ကြရသော ရွာသားများသည် မပြောဘဲလျက် အကြောင်းရင်းကို သိကြကာ အလျှိုအလျှိုလိုက်၍ လာကြလေသည်။

သုသာန်တွင် ရွာသားများ တွင်းတူးကြပြီးနောက် ကလေးအလောင်းကို မြှုပ်နှံရခါနီးတွင် မောင်ညွန့်က ပတ်ထားသော အဝတ်များကို ဖြေဖွင့်ကာ ကလေးကို ကြည့်၏။ ချစ်စရာယောက်ျားကလေးတည်း။

မောင်ညွန့်သည် တစ်ကိုယ်လုံး တုန်တုန်ခိုက်ခိုက်ဖြစ်ကာ နဖူးရိုးနားထင်ရိုးတွေ နာလာလျက် မျက်ရည်တပေါက်ပေါက် ကျလာရှာတော့သည်။

ထူးထူးခြားခြား သားဦးကလေးကို မစွန့်ပစ်ရက်ဖြစ်ကာ ရင်ခွင်တွင် တင်းကျပ်စွာ ဖက်ထားသည်။

"ပစ်လိုက်ပါတော့ လူကလေးရယ်... အကြောင်းထူးတော့တာမှ မဟုတ်တာပဲ၊ သူက မနေချင်လို့ သွားပေါ့ဟာ သွားပါစေတော့"

ဦးမာလာက ဖြေရိုးဖြေစဉ်ဖြစ်၍ ပြောလိုက်သော်လည်း အမှန်မှာကား ကလေးက မနေချင်၍ သွားခြင်းမဟုတ်။ ကလေးနေချင်အောင် မမွေးနိုင်၍ သွားရခြင်းသာဖြစ်သည်။

ဦးမာလာက အတင်းတောင်းလေရာ မောင်ညွှန့်သည် မပေးချင့်ပေးချင်ဖြင့် သားငယ်ကို ဦးမာလာ၏လက်သို့ ပေးလိုက်ပြီးနောက် တွင်းချမြေဖို့သည်ကို မကြည့်ရက်သည်နှင့် ချာခနဲလှည့်၍ ရွာဘက်သို့ ထွက်ခွာသွားလေတော့သည်။

၀

# (၃၆)

မဝိုင်း နေသာထိုင်သာ ရှိလာသဖြင့် စကားကလေး အတန်ငယ်ပြော နိုင်သောအခါ...

"အမေ...ကျွန်မကလေးကော"ဟု မေးလေတော့၏။

အရီးစုံက မျက်နှာမပျက်အောင် မနည်းဟန်ဆောင်ကာ "ကလေးရှိ ပါတယ်၊ သမီးအဖေ ဗေဒင်တွက်ကြည့်တော့ ဒီအိမ်မှာ သမီးရော ကလေးပါ ထားရင် တစ်ယောက်ယောက် အန္တရာယ်ဖြစ်တတ်တယ်တဲ့။ ဒါကြောင့် ကလေးကို မနန်းကြာတို့အိမ် ပို့ထားတယ်"ဟု ယုတ္တိရှိအောင် ပြောလိုက် သည်။

"ဘာကလေးလဲ အမေ..."

"ယောကျ်ားကလေး..."

အရီးစုံမှာ မဟုတ်သည်ကို ပြောရမည်ကို ဝန်လေးသဖြင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ မပြောဘဲ တိုတိုတုတ်တုတ် ပြောလိုက်၏။

"နို့ဘယ်သူတိုက်သလဲ အမေ..."

"နွားနို့တိုက်တယ်..."

"ကျွန်မသားကလေးကို ကျွန်မနို့တိုက်ချင်တယ် အမေ..."

"သမီးက နေမှမကောင်းသေးဘဲ၊ နို့မထွက်သေးပါဘူး"

မဝိုင်းသည် သူ့မိခင်ပြောစကားကို မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ် နေ၏။

ယင်းသို့ဖြင့် သုံးရက်ခန့် ကြာသွားသောအခါတွင်ကား အနီးတွင် ထိုင်နေသော မောင်ညွန့်ကို မဝိုင်းက မေးလေတော့သည်။

"ဆရာညွန့်ရေ...အစ်မဝိုင်းတို့ သားကလေး ရှိမှရှိသေးရဲ့လား"

မောင်ညွန့်သည် ရုတ်တရက် အဖြေမပေးဘဲ တိတ်ဆိတ်နေ၏။

"ပြောစမ်းပါ ဆရာညွန့်ရဲ့၊ သားကလေး မရှိတော့ဘူးမဟုတ်လား..."

"ရှိပါတယ်...အမေတို့အိမ်မှာပါ..."

"အစ်မဝိုင်း သားကလေးကို ကြည့်ချင်တယ်၊ ခေါ်ပေးစမ်းပါ ဆရာ ညွန့်ရယ်..."

"ကျောက်တောရွာက ဒီကိုခေါ်လာရင် လမ်းမှာ ကလေးကိုလေတွေ တိုက်ပြီး အအေးမိကုန်မှာပေါ့..."

"ဒီလိုဆိုရင် အစ်မဝိုင်း သွားကြည့်မယ်...လှည်းပြင်..."

"အို...မတော်တာပဲ အစ်မဝိုင်းကလည်း၊ အစ်မဝိုင်းကိုလည်း အအေး မိမှာပေါ့..."

"မှန်ရာကန်ရာ ပြောစမ်းပါ ဆရာညွန့်ရယ်...ရှိကြီးခိုးပါရဲ့... အစ်မ ဝိုင်းသားကလေး မရှိတော့ဘူး မဟုတ်လား...ခုလောက်ရှိရင် မြေကြီးထဲမှာ ပုပ်ပွနေရောပေါ့နော်..."

မဝိုင်းက ယင်းသို့ပြောလိုက်သည့်အခါ မောင်ညွန့်သည် ကလေး မြှုပ်ရအောင် သွားစဉ်က အဖြစ်အပျက်ကို မျက်စိထဲတွင် ကွက်ခနဲ မြင်လာ သဖြင့် နဖူးရိုး နားထင်ရိုးတွေ ကိုက်လာလျက် မျက်ရည်ပေါက်ပေါက် ကျရှာတော့သည်။

မဝိုင်းသည်လည်း မောင်ညွန့်၏ အမူအရာကို မြင်ရသောအခါ အကြောင်းရင်းကိုသိလျက် တရှိုက်ရှိုက် ငိုလေတော့၏။

"ဟဲ့...ဟဲ့...သမီး...ဘာပြုလို့ ငိုနေတာလဲ..."

မဝိုင်း၏ ငိုသံကြားသော အရီးစုံသည် အခန်းတွင်းသို့ ပြေးဝင်လာ ကာ ထိတ်ထိတ်ပျာပျာ မေး၏။

"ကျွန်မသားကလေး မရှိတော့ဘူး မဟုတ်လား...အမေရဲ့"ဟု မဝိုင်းက ငိုရှိုက်ရင်း ပြော၏။

"ဟဲ့ ဘယ်သူက ပြောသလဲ၊ ရှိပါတယ်၊ မနန်းကြာတို့ အိမ်မှာပါ"

"လိမ်မနေပါနဲ့ အမေရယ်...ကျွန်မ သိပြီးပါပြီ..."

"ဟင်...ဘယ်သူက ပြောသတုံး...မောင်ညွှန့်က ပြောလိုက်သလား" ဟု အရီးစုံက မောင်ညွှန့်ကို ကြည့်ကာ မေး၏။

"ကျွန်တော် မပြောပါဘူး..."ဟု မောင်ညွှန့်က မျက်ရည်သုတ်ရင်း ငိုသံပါကြီးနှင့် ပြောလိုက်သည်။

"မင်းက ပါးစပ်နဲ့ မပြောပေမယ့်လည်း အမူအရာနဲ့ ပြောနေတာ ကိုးကွယ်၊ သိသွားတာပေါ့၊ သခါရတွေပါ သမီးရယ်၊ တရားနဲ့ဖြေပါ၊ သေမျိုးတွေချည်းပါပဲ"

အရီးစုံက ဗုဒ္ဓဘာသာပီပီ ဗုဒ္ဓဘာသာစကား ပြော၏။

"ကျွန်မသားကလေး သေမယ့်အစား ကျွန်မပဲ သေလိုက်ချင်ပါတယ် အမေရယ်..."

"ဒီလိုလည်း ဘယ်ဟုတ်မလဲ သမီးရယ်...သူ့ကံအတိုင်းပေါ့၊ သေနေ့စေ့တဲ့လူ သေရတာမျိုးပဲ..."

မဝိုင်းကား ဘာမျှမပြောတော့ဘဲ တရှိုက်ရှိုက် ငို၍သာနေ၏။

"မငိုပါနဲ့ သမီးရယ်...ငိုရင် မျက်နှာတွေ အမ်းလာတတ်တယ်..."

"အမ်းပါစေ အမေရယ်...မျက်နှာ အမ်းရုံမကလို့ သေသွားရင်လည်း အေးတာပဲ၊ ကျွန်မသားကလေးနောက်ကို လိုက်ချင်ပါတယ်..."

○

## (၃၇)

လက်မပင်ရွာ၊ ကျောက်တောရွာ၊ အောင်ပန်းရွာ၊ ပျဉ်သာရွာ။ လှည်းရိုးရွာ စသော ပတ်ဝန်းကျင် ရွာနီးချုပ်စပ်တို့ တလှုပ်လှုပ် တရွရွ ဝမ်းသာအားရ ဖြစ်ရသည့် အချိန်ကာလသို့ ရောက်လာလေသည်။

ထိုအချိန်ကာလသမယကား သာစည်မြို့မှ ဖောက်လာသည့် မီးရထားလမ်းသည် အဆိုပါရွာများ၏ အနီးတွင် ကပ်လျက်ရောက်ရှိလာသောကြောင့် ဖြစ်သတည်း။

ထိုရွာများ၏အနီးတွင် ဘူတာရုံဖွင့်လှစ်ရန်အတွက် အဆောက်အအုံဆောက်လုပ်နေ၏။

"မီးရထားလမ်းဖောက်လျှင် အကူးအသန်း အရောင်းအဝယ် လွယ်ကူလျက် စီးပွားရေး ကောင်းလာလိမ့်မည်"

ဤသည်ကို လူတိုင်းလိုလို သိကြကာ မီးရထားလမ်း၊ မီးရထားဘူတာနှင့် နီးကပ်ရာတွင် အိုးသစ်၊ အိမ်သစ်၊ အဆောက်အအုံသစ်များ အလျှိုအလျှိုပေါ်လာတော့သည်။

လက်မပင်ရွာ၏ အရှေ့တောင်ဘက် နှစ်မိုင်မျှဝေးသော အောင်ပန်းရွာမှ လူအားလုံးတို့သည် ပြောင်းရွှေ့လာကြကာ လက်မပင်ရွာနှင့် မီးရထားလမ်းကြား ကွက်လပ်ကြီးတွင် နေရာကောင်းယူလျက် အိမ်ခြေယာခြေများဆောက်လုပ်ကြရာ အောင်ပန်းရွာမှ ပြောင်းလာကြသောသူများ၏ အိမ်နှင့် လက်မပင်ရွာရှိ အိမ်များမှာ တစ်ဆက်တည်း တစ်စပ်တည်းဖြစ်သွားလေသည်။

ထို့အတူပင် လက်မပင်ရွာ မြောက်ဘက်ရှိ ပျဉ်သာရွာတွင်လည်းကောင်း၊ လက်မပင်ရွာတွင်လည်းကောင်း လူနေအိမ်ခြေ တိုးတက်ပွားများလာရာ လက်ပံပင်ရွာနှင့် ပျဉ်သာရွာမှာ တစ်ဆက်တည်း ဖြစ်သွားပြန်၏။

အလားတူပင် ရှာင်ရွာမှ ပြောင်းရွှေ့လာကြသူများသည် လက်မပင်ရွာ အနောက်ဘက်တွင် တစ်ဆက်တည်း အိမ်ရာဆောက်လုပ် နေထိုင်ကြပြန်သည်။ ထိုနည်းမခြားပင် လှည်းရိုးရွာမှလည်း ပြောင်းရွှေ့လာကြပြန်သည်။

ယင်းသို့ဖြင့် ယခင်က လက်ပံပင်ရွာ၊ ကျောက်တောရွာ၊ ပျဉ်သာရွာ၊ သုံးပွင့်ဆိုင် ရွာသုံးရွာသာရှိသော မြေအပြင်တစ်ခွင်လုံးတွင် လူနေအိမ်ခြေတွေ ပြွတ်သိပ်ထိစပ်လျက် မြို့ကြီးတစ်မြို့ ဖြစ်သွားလေတော့၏။

မြို့ဖြစ်၍ လာသောအခါ ဤနယ်ကို အုပ်ချုပ်ရမည့် သာမိုင်းခမ်းစော်ဘွားကြီးသည်ပင်လျှင် သာမိုင်းခမ်းမှ ပြောင်းရွှေ့လာလေသည်။

မြို့ဖြစ်လာလျှင် မြို့၏အင်္ဂါဖြစ်သော ကျောင်းကန်ဘုရားများ တည်ဆောက်ကြမည်။ မြို့၏အဆင်တန်ဆာတစ်ရပ်ဖြစ်သော ဈေးကိုလည်း တည်ဆောက်ကြ၏။

အားလုံးကိစ္စကား ပြီးလေပြီ။ ကိစ္စတစ်ရပ်ကား ကျန်ပေသေး၏။ ထိုကျန်နေသေးသော ကိစ္စကား မြို့အမည်ပေးရန် ကိစ္စဖြစ်သတည်း။

လက်မပင်ရွာ၏ အနောက်ဘက်တွင် ဟော်ဆောက်လုပ်နေထိုင်သော သာမိုင်းခမ်းစော်ဘွားကြီး၏ ဟော်သို့ ရပ်သူရပ်သားများကို ဖိတ်ခေါ်သဖြင့် ရပ်ကွက်တိုင်းရှိ လူကြီးများ သွားကြရသည်။

လက်မပင်ရွာမှ ဆရာခေါင်နှင့် မောင်ညွန့် စသည့်လူများလည်းပါ၏။ ကျောက်တောရွာမှ ဦးမာလာ၊ ကိုချို စသူများလည်း ပါသည်။ ထို့အတူပင် ပျဉ်သာရွာသားများ၊ ရှာင်ရွာမှ ပြောင်းရွှေ့လာကြသူများ၊ လှည်းရိုးရွာ၊ အောင်ပန်းရွာမှ ပြောင်းရွှေ့လာကြသူများ စသည့်ဖြင့် စုပေါင်းနေထိုင်ကြရာ ရွာအသီးသီး၊ ရပ်ကွက်အဖုံဖုံတို့မှ လူစုံတက်စုံတို့သည် စော်ဘွားကြီး၏ ဟော်တွင် စုရုံးမိကြလေသည်။

လူစုံညီရောက်သည်နှင့် တစ်ပြိုင်နက် စော်ဘွားကြီးက မိန့်ကြားလေသည်။

"တို့အရပ်မှာ မီးရထားလမ်း၊ မီးရထားဘူတာကို အကြောင်းပြုပြီး စည်စည်ကားကား၊ မြို့ကြီးတစ်မြို့တော့ ဖြစ်လာပေပြီ။ မြို့ဖြစ်လာရင် မြို့ အမည်ပေးမှ လျော်ကန်သင့်မြတ်မယ်၊ ရွာပေါင်းစုံ အရပ်ပေါင်းစုံကလူတွေ ဖြစ်တော့ ကိုယ့်ရပ်ကွက် အလိုက်တော့ ကိုယ်ခေါ်နိုင်သပေါ့။ ဥပမာဆိုပါ တော့ လက်မပင်ရွာကလူတွေ နေတာက လက်မပင်ရပ်ကွက်၊ ပျဉ်သာရွာ က လူတွေနေတာက ပျဉ်သာရပ်ကွက်"

စော်ဘွားကြီး၏ စကားမဆုံးမီ ပျဉ်သာရွာမှ ပုဂ္ဂိုလ်ကြီးတစ်ယောက် က ပြောလိုက်၏။

"ကျွန်တော်တို့ ပျဉ်သာရွာကတော့ အခြားက ပြောင်းလာကြတာ မဟုတ်ပါဘူး၊ မူလရှိရင်းစွာ ရွာဟောင်းပါ။ ဒါကြောင့် ကျွန်တော်တို့ရပ် ကွက်ကိုတော့ မြို့ဟောင်းရပ်ကွက်လို့အများက ခေါ်ကြပါတယ်"

"ဟုတ်ပြီလေ...ကိုယ့်ရပ်ကွက်ကိုတော့ ကိုယ်ခေါ်ချင်သလို ခေါ်ကြ တာပ"ဟု စော်ဘွားကြီးက စကားပြန်၍ဆက်၏။

"ရှာင်ရွာကလူတွေ ပြောင်းလာကြတဲ့ ရပ်ကွက်ကို ရှာင်ရပ်ကွက်ပေါ့။ ဟုတ်ကဲ့ မဟုတ်လား။ လှည်းရိုးကလူတွေ ပြောင်းလာတဲ့ရပ်ကွက်က လှည်းရိုး ရပ်ကွက်ပ။ အောင်ပန်းကလူတွေ ပြောင်းလာကြတာကတော့ အောင်ပန်း ရပ်ကွက်ပေါ့။ အဲဒီလို ကိုယ့်ရပ်ကွက်အလိုက် ခေါ်တာကတော့ ဟုတ်ပြီ။ တစ်မြို့လုံးကိုခြုံပြီး ဘယ်လိုခေါ်ကြမတုံး...မြို့အမည်ပေးဖို့ လိုလာတယ်။ ကိုင်း...သင့်တော်တဲ့ မြို့အမည်ကို စဉ်းစားကြ"

စော်ဘွားကြီး၏ စကားဆုံးသည်နှင့် တစ်ပြိုင်နက် တစ်စုနှင်တစ်စု တစ်ယောက်နှင့်တစ်ယောက် ခေါင်းချင်းရိုက်ကြသည်။ တီးတိုးစကားဆိုကြ သည်။ တတွတ်တွတ်ဖြင့် တွတ်ထိုးကြသည်။ မည်သူမျှ ထ၍မပြောကြချေ။

"ကိုင်း...ပြောကြစမ်းပါလေ...မြို့အမည်မှည့်ဖို့ စဉ်းစားရတဲ့လူက ပြောစမ်း"

"အောင်ပန်းမြို့လို့ မှည့်ရင် သင့်တော်ပါတယ်"

ယင်းသို့ ရှေးဦးစွာ ပြောလိုက်သူကား မဝိုင်း၏ခင်ပွန်း မောင်ညွှန့် ပင်ဖြစ်သည်။

မောင်ညွှန့်က ယင်းသို့ ပြောလိုက်ရာ တစ်စုနှင့်တစ်စု တစ်ယောက်နှင့်တစ်ယောက် ခေါင်းချင်းရိုက်ကြပြန်သည်။ တွက်ထိုးကြပြန်သည်။

"အောင်ပန်းရွာကလူတွေ ပြောင်းလာကြတဲ့ ရပ်ကွက်ကို အောင်ပန်းရပ်လို့ ခေါ်ရင်ပြီးသာပဲ။ တစ်မြို့လုံးကိုတော့ အောင်ပန်းမြို့လို့ မခေါ်သင့်ပါဘူး။ ဒီလိုဆိုရင် ကျွန်တော်တို့ရွာင်က ပြောင်းလာကြတဲ့လူတွေ တော်တော်များပါတယ်။ ဒီမြို့ကို ရွာင်မြို့လို့ အမည်မှည့်ပါလား"ဟု တစ်ယောက်က ပြော၏။

မောင်ညွှန့် စခန်းထပြန်သည်။

"ရွာင်ရွာက တစ်ရွာလုံး ပြောင်းလာကြတာ မဟုတ်ပါဘူး။ တချို့ တစ်ဝက်သာ လာကြတာပါ။ ရွာင်ရွာမှာ လူတွေအိမ်တွေ ကျန်နေသေးလို့ ရွာင်မြို့လို့ပဲ ခေါ်နေကြတယ် မဟုတ်လား၊ ဒီမြို့ကို ရွာင်မြို့လို့ခေါ်ရင် ရွာင်အမည်နဲ့ မြို့နှစ်မြို့ ဖြစ်နေတော့မှာပေါ့"

"တခြားရွာက ပြောင်းရွှေ့လာတာကို မြို့နာမည် မမှည့်ပါနဲ့၊ မူလရှိရင်းစွဲရွာအမည်ကို မြို့နာမည်မှည့်ရင် ကောင်းပါတယ်"ဟု တစ်ယောက်က ပြော၏။

"ဒီလိုဆိုရင် ကျောက်တောမြို့လို့ မှည့်ဗျာ"ဟု ကျောက်တောရွာသား တစ်ယောက်က ဆို၏။

"ပျဉ်သာလို့ မှည့်ပါလား"ဟု ပျဉ်သာရွာသားက ဆိုပြန်သည်။

"လက်မပင်မြို့လို့ မှည့်ရင် မကောင်းဘူးလား"ဟု လက်မပင်ရွာသားကလည်း အားကျမခံ ဆိုပြန်သည်။

မောင်ညွှန့်က ပြောရပြန်၏။

"ဒါကတော့ ဒီလိုရှိပါတယ်။ အခု ပြောကြသလိုပါပဲ၊ ကိုယ့်ရွာနာမည်ကို ကိုယ်မှည့်ချင်တဲ့ လူချည်းပါပဲ။ သို့ပေမဲ့ တစ်ခုစဉ်းစားဖို့က မြို့နာမည်ဆိုတာ ထုတ်ကြံဘာ မင်္ဂလာနဲ့ ပြည့်စုံရပါတယ်။ ကျက်သရေ ရှိရပါတယ်။ ကျောက်တောမြို့၊ ရွာင်မြို့၊ ပျဉ်သာမြို့၊ လက်မပင်မြို့ ဆိုတာထက် အောင်ပန်းမြို့ဆိုတာက ပိုပြီးကျက်သရေ မရှိဘူးလား။ ခေါ်လို့ ကြားလို့ မတင့်တယ်ဘူးလား။ စဉ်းစားကြပါ"

မောင်ညွှန့်၏စကားကို အားလုံးနားစိုက်ထောင်ကြကာ ချင့်ချိန်စဉ်းစားကြသည်။ အချို့ကလည်း ခေါင်းတဆတ်ဆတ် ညိတ်ကြ၏။

မောင်ညွှန့်က စကားဆက်ပြန်သည်။

"နောက်တစ်ခု စဉ်းစားစရာက အောင်ပန်းရွာက ရွာငရွာလို တစ်ဝက်တစ်ပြက် ပြောင်းလာတာ မဟုတ်ပါဘူး။ တစ်ရွာလုံး ပြောင်းလာကြတာပါ။ နောက်ပြီးတော့ အောင်ပန်းရွာဆိုတာ သိပ်ပြီးဝေးဝေးလံလံကြီး မဟုတ်ပါဘူး။ တစ်တိုင်လောက်သာ ဝေးပါတယ်။ နောက်ပြီးတော့ အောင်ပန်းရွာက ပြောင်းလာကြတဲ့ လူတွေဟာ မီးရထားလမ်းမြောက်ဘက်က နေရာကောင်းမှာ ရကြလို့ အောင်ပန်းရပ်ကွက်ထဲမှာ တခြားကပြောင်းလာတဲ့ လူတွေ အိမ်တွေ ဒင်းကြမ်းပြည့် ဖြစ်နေပါတယ်။ ဆိုလိုတာက အောင်ပန်းရပ်ကွက်ဟာ အခြားရပ်ကွက်တွေ စုပေါင်းထားတာထက်တောင် ကျယ်ပါတယ်။ အဲဒီလို ရပ်ကွက်ကျယ်ကြီးလည်းဖြစ်၊ နာမည်ကလည်း အလွန်ကောင်းတော့ ဒီမြို့ကို အောင်ပန်းမြို့လို့ မှည့်တာဟာ အကောင်းဆုံးပါပဲ"

"အိမ်း…ဟုတ်ပေသားပဲ၊ အောင်ပန်းမြို့လို မှည့်ကြပါစို့။ အားလုံးသဘောတူကြရဲ့ မဟုတ်လား"ဟု စော်ဘွားကြီးက မေးလိုက်ရာ…

"တူပါတယ်"ဟု သံပြိုင်ဆိုကြသည်။

"ကောင်းဘီ…တို့မြို့ကို အောင်ပန်းမြို့လို့ ခေါ်ကြစို့။ ဒါထက် ဒီနာမည်ကို ပေးတဲ့သူငယ်က ဘယ်ကတုံးဟေ့"ဟု စော်ဘွားကြီးက မေး၏။

"လက်မပင်ရွာပါ…ကျွန်တော်မျိုး သမက်ပါ"ဟု ဆရာခေါင်ကပြောသည်။

"သြော်…သမားတော်ကြီး သမက်ကိုး၊ တော်ပါပေတယ် တော်ပါပေတယ်။ ဒါထက် ပြောစရာရှိတာ တစ်လက်စတည်း ပြောလိုက်ရဦးမယ်။ မြို့နာမည်လည်း ပေးပြီးပြီ။ ငါတို့မြို့မှာ ဈေးလည်းဆောက်ပြီးပြီ။ ဈေးကတော့ ငါတို့နယ်ပယ် ထုံးစံအတိုင်း ငါးရက်တစ်ဈေးပဲ။ ဈေးနေ့အစီအစဉ်ကိုတော့ ပတ်ဝန်းကျင်က မြို့ရွာတွေနဲ့ စီစဉ်ပြီးပြီ။ နက်ဖြန်ခါဆိုရင် ငါတို့အောင်ပန်းမြို့ ဈေးနေ့၊ နောက်နေ့ဆိုရင် နန့်တိန်း၊ နောက် ကလော။ နောက် ပင်းတယ၊ နောက် ကျုံး၊ အဲဒီအတိုင်း စီစဉ်ထားတယ်။ နောက်တစ်ခု ပြောစရာက နက်ဖြန်ဈေးနေ့ကစပြီး ဈေးကောက်,ကောက်ရမယ်။

ကောက်ရမယ့် နှုန်းထားကတော့ အထည်ဆိုင်တို့ အမဲသားဆိုင်တို့ကို တစ်ဆိုင်တစ်ပဲ ကောက်ရမယ်။ ကျန်တဲ့ ဟင်းသီးဟင်းရွက်ဆိုင်၊ ကုန်သေးကုန်နုပ်ဆိုင်တွေကိုတော့ ဆိုင်ကြီးရင် နှစ်ပြား၊ ဆိုင်ငယ်ရင် တစ်ပြားပဲ ကောက်ရမယ်။ အဲဒီ ဈေးကောက်တာဝန်ကို သမားတော်ကြီး ဆရာခေါင်က ကြီးကြပ်ပြီး ဆောင်ရွက်ပါ။ ရတဲ့ငွေကို စာရင်းအင်းနဲ့ သေသေချာချာထား၊ ပျဉ်သာဘုရားကြီးကို ပြင်ဆင်မွမ်းမံရမယ်။ ဘုရားကို ရွှေချရမယ်။ ဘုရားတန်ဆောင်း ဆောက်ရမယ်။ ကိုင်း ဒါပဲ…ပြန်နိုင်ကြပြီ"

အစည်းအဝေးကွဲကာ ကိုယ့်အိမ်သို့ ကိုယ်ပြန်ကြ၏။ အချို့လည်း ဈေးဘက်သို့ သွားကြသည်။ နက်ဖြန်ဈေးနေ့ဖြစ်ရာ ယနေ့ဈေးဖိတ်နေ့ ညနေတွင်ပင် အရပ်ဝေးမှ လာကြသည့် ဈေးသည် ကုန်သည်များ ကျိတ်ကျိတ်တိုးကာ နေရာယူ၍ နေကြပြီဖြစ်၏။

လူမျိုးပေါင်းလည်း စုံလှသည်။ ကုန်ပစ္စည်းပေါင်းလည်း စုံလှသည်။

ခနေ့၊ တောင်ရိုး၊ အင်းသား၊ တောင်သူ၊ ခနော်၊ ပရဲ့၊ ပလောင်၊ ပဒေါင်၊ လီရှော၊ ရှမ်း၊ ဗမာ စသည့် လူမျိုးပေါင်းစုံတို့သည် ကုန်မျိုးစုံဖြင့် အရောင်းလာကြ၏။ လှည်းနှင့်လာသည်။ နွားဝန်တင်ဖြင့် လာသည်။ ပလိုင်းကြီးတွေကို ကျောပိုးလျက် ပလိုင်းကြိုးကို နဖူးတွင် ချိတ်ကာလည်း လာကြသည်။

ရောင်းကုန် ချကုန်များမှာ လက်ဖက်၊ လက်ဖက်ခြောက်၊ လိမ္မော်သီး၊ ချင်း၊ အာလူး၊ ပဲအမျိုးမျိုး၊ ပဲပုပ်၊ သနပ်ဖက် စသည်ဖြင့် ကုန်မျိုးပေါင်း မရေမတွက်နိုင်၊ စားစရာလည်း ပါသည်။ ဝတ်ဆင်စရာလည်း ပါသည်။ လိုလေသေးမရှိရ၊ စုံတကာ့ စေ့သည်သာတည်း။

နောက်နေ့ဖြစ်သော ဈေးနေ့တွင်ကား ယမန်နေ့က ရောက်နှင့်နေကြသည့် ဈေးသည် ကုန်သည်တို့အပြင် နောက်ထပ် ရောက်လာကြသည့် ဈေးသည် ကုန်သည်တို့ထပ်လောင်းလိုက်ရာ ဈေးကြီးလျှံထွက်သွားတော့သည်။

ဈေးပတ်ဝန်းကျင် လမ်းများပေါ်တွင်ပင် ဈေးတန်းကြီး ကြည့်မဆုံး မျှော်မဆုံး ဖြစ်နေ၏။

ဈေးကောက်,ကောက်ရန် တာဝန်ကျသည့် သမားတော်ကြီး ဆရာခေါင်မှာ တပည့်လက်သားတွေနှင့် ဈေးကောက်,ကောက်ရန် လာ၏။ မောင်ညွန့်လည်း ပါသည်။

တစ်ပဲကောက်ရမည့်ဆိုင်၊ နှစ်ပြားကောက်ရမည့်ဆိုင်၊ တစ်ပြားကောက်ရမည့်ဆိုင်တို့ကို အသီးသီး တာဝန်ပေးကာ လှူခွဲ၍ ကောက်သည်။ ပိုက်ဆံရလျှင် လက်မှတ်ဖြတ်ပိုင်းကလေး ပေးခဲ့ရ၏။ ပုံနှိပ်မဟုတ်၊ လက်ရေးလက်မှတ်ဖြတ်ပိုင်းတည်း။

ဈေးနေ့တွင် မပိုင်းပင် မနေနိုင်၊ သူတို့ရွာမှ ထွက်သည့် အာလူး၊ ချင်း၊ ကြက်သွန်ဖြူ၊ ခရမ်းချဉ်သီးတို့ကိုချ၍ ရောင်း၏။

"အစ်မပိုင်း...ဈေးကောက်ပေး"

မပိုင်းကတော့ ကြည့်လိုက်ရာ ပြုံးပြုံးကလေး လုပ်နေသော မောင်ညွှန့်ကို မြင်ရ၏။

"ဘယ်လောက်ပေးရမှာလဲ ဈေးခေါင်းကြီးရဲ့"

"နှစ်ပြားပေးရမယ်"

"များလှချည့်လားရှင့်၊ သူများဆိုင်တွေ တစ်ပြားပေးရတယ် ကြားပါကလား"

"ဆိုင်ငယ်ရင် တစ်ပြား၊ ဆိုင်ကြီးရင် နှစ်ပြားကောက်ရမယ်လို့ စော်ဘွားကြီး အမိန့်ပေးထားသဗျ။ အစ်မပိုင်းဆိုင်က ကြီးသကိုး"

"တစ်ပြား မလုပ်နိုင်ဘူးလားရှင့်"ဟု မပိုင်းက ရယ်သွမ်းသွေးပြောလိုက်သည်။

"မရဘူးဗျ...နှစ်ပြားပဲ"

"အိမ်ကျမှ ယူပါလားရှင့်...သူစိမ်းမှ မဟုတ်ဘဲ...ကိုယ့်မယားအရင်းခေါက်ခေါက်ကြီးပဲ"

"စာရင်းနဲ့ အပ်ရမယ်ဗျာ...အခုပေးမှ ဖြစ်မယ်"

"ပေးပါတယ်...မောင်လေး ဈေးခေါင်းကြီးရယ်...အစ်မပိုင်းက နောက်နေတာပါ"

မပိုင်းက ကြေးပိုက်ဆံနှစ်ပြား ထုတ်ပေးလိုက်ရာ မောင်ညွှန့်က ပိုက်ဆံကိုယူလျက် လက်မှတ်ဖြတ်ပိုင်းပေးကာ ထွက်သွား၏။

မပိုင်းသည် လင်တော်မောင် လက်ထောက်ဈေးခေါင်းကို သဘောကျစွာ ပြုံး၍ကြည့်ရင်း ကျန်ရစ်လေသည်။

○

## (၃၈)

သာစည်မှစ၍ ဖောက်လုပ်ခဲ့သော မီးရထားလမ်းသည် အောင်ပန်းကို ကျော်လွန်သွားပြီးနောက် ဟဲဟိုးကိုဖြတ်ကာ ရွှေညောင်အထိ အဆင့်ဆင့်ဖောက်ခဲ့ရာ ၁၉၂၈ ခုနှစ်တွင် အပြီးတိုင် ဖောက်လုပ်ပြီးစီးသွားပေပြီ။ မီးရထားသည် ခုတ်မောင်းသွားလာနေပြီဖြစ်၏။ ဗမာပြည်နှင့် ရှမ်းပြည်မှာ အိမ်ဦးနှင့် ကြမ်းပြင်ပမာ အကူးအသန်း အသွားအလာ အဝင်အထွက်များ၍ လာလေသည်။

တောင်ပေါ်လမ်းတွင် မီးရထားသည် ရှေ့တိုးနောက်ငင် တက်ရ၏။ လွန်းပြန်သဘောမျိုးတည်း။ ထို့ကြောင့် မီးရထားခေါင်းတွဲနှစ်တွဲဖြင့် ဆွဲရသည်။ ရှေ့တစ်တွဲ နောက်တစ်တွဲတည်း။ ခေါင်းတွဲတစ်တွဲက ဆွဲခုတ်သွား၍ အတန်ခရီးရောက်သောအခါ တစ်ဆစ်ချိုးလမ်းသို့ ရောက်လာ၏။ ထိုအခါတွင် အခြားတစ်ဖက်စွန်းရှိ ခေါင်းတွဲက ဆွဲခုတ်သွားပြန်သည်။ တောင်ပေါ်မီးရထားလမ်းမှာ အချိတ်ထည် အချိတ်ဆင်သဖွယ်ဖြစ်သည်ဟု ဆိုနိုင်၏။

အောင်ပန်းမီးရထားဘူတာရုံတွင် စာတမ်းမှတ်တိုင် ထူစိုက်ထား၏။ အင်္ဂလိပ်အစိုးရ အုပ်ချုပ်နေသည့် ခေတ်ဖြစ်သဖြင့် အင်္ဂလိပ်စာတမ်းက အပေါ်က၊ မြန်မာစာတမ်းက အောက်ကဖြစ်၏။ လူမျိုးကွဲ အုပ်ချုပ်ခြင်းခံရသော ကျွန်လူမျိုးတို့၏စာပေ အောက်ကျ နောက်ကျဖြစ်ခြင်း၊ မျက်နှာငယ်ရခြင်း၏ ပြယုဂ်တည်း။ မြန်မာစာတမ်းတွင် "အောင်ဘန်း"ဟု ရေးထား၏။ အင်္ဂလိပ်စာတမ်း၏ အသံထွက်အတိုင်း ရေးထားခြင်းတည်း။

မီးရထားဆိုက်ချိန်နီးလျှင် အောင်ပန်းဘူတာရုံတွင် လူများကျိတ်ကျိတ်တိုးအောင် စည်ကားပြည့်နှက်နေ၏။ ခရီးသွားမည့်သူများ၊ ထိုခရီးသွားတို့ကို လိုက်ပို့သည့်သူများသာလျှင်မက မီးရထားကို အထူးအဆန်း အဖြစ်ဖြင့် ကြည့်ရှုရန် လာကြသူများမှာလည်း အမြောက်အမြားပင်ဖြစ်သည်။ အဘိုးအို၊ အမယ်အို၊ ကလေးသူငယ်တို့ပါမကျန် လူပေါင်းစုံ၊ အရွယ်ပေါင်းစုံတို့ ဘူတာရုံသို့ ရောက်လာကြကာ မီးရထားကို ကြည့်ရှု၍ မငြီးအံ့သြ၍ မကုန်ဖြစ်ကြလေသည်။

မီးရထားလမ်းပေါက်လာသော အောင်ပန်းတွင် အကူးအသန်းအရောင်းအဝယ်ကောင်းလာသဖြင့် တရုတ်,ကုလား စသော လူမျိုးကွဲအရောင်းအဝယ်သမား။ စီးပွားရေးသမားတို့ ရောက်လာကြကာ နေရာကောင်းများတွင် တိုးဝင်နေထိုင်ကြသည်။

လူမျိုးကွဲ ငွေရှင်ကြေးရှင်တို့သည် စီးပွားရေးကိုသာ ချုပ်ကိုင်ကြသည်မဟုတ်၊ လူမှုရေးနှင့် အိမ်ထောင်ရေးတွင်လည်း ဝင်ရောက်စွက်ဖက်လာကြ၏။

လူမျိုးကွဲငွေရှင်တို့သည် ဆင်းရဲနွမ်းပါးသော ရှမ်း၊ ဓနု၊ တောင်ရိုးစသည့် ရိုးသားသူမိန်းမချော မိန်းမလှကလေးများကို ငွေဖြင့်ဆွဲယ်သည်။ ပစ္စည်းဖြင့် မက်လုံးပေးသည်၊ လက်ဝတ်လက်စားဖြင့် သွေးဆောင်သည်။ ထိုအခါတွင် တိုင်းရင်းသူ လုံမချောကလေးတို့မှာ ငွေပိုက်ကွန်တွင်းဝယ်အစင်းသား ပါကြရလေတော့သည်။

မီးရထားလမ်း ပေါက်သည်နှင့် မရှေးမနှောင်းပင် စာတိုက်နှင့် ကြေးနန်းရုံးလည်း ဖွင့်လှစ်လေရာ စာတိုက်ဌာန ကြေးနန်းဌာနတွင် အလုပ်လုပ်သည့် အရာရှိ၊ အရာခံအစ လက်အောက်ငယ်သား အမှုထမ်းများအထိကုလားလူမျိုးတွေချည်း ဖြစ်ကြသည်။ စာပို့သမားပင်လျှင် ခေါင်းပေါင်းကြီးနှင့် ကုလားတည်း။

ထို့အတူပင်လျှင် မီးရထားဌာနတွင် အလုပ်လုပ်သည့် အရာရှိမှအောက်လက်ငယ်သားအထိ ကုလားလူမျိုးတွေချည်း ဖြစ်ရသည်။ ယင်းသို့ဖြစ်ရခြင်းမှာကား အင်္ဂလိပ်လက်အောက်ခံ ဗမာပြည်သည် အင်္ဂလိပ်သာလျှင်မက ကုလား၏လက်အောက်ခံ ပြည်နယ်တစ်နယ်လည်း ဖြစ်နေလေရာ၊ မီးရထားဌာန၊ စာတိုက်နှင့် ကြေးနန်းဌာန၊ လမ်းပန်းဆက်သွယ်ရေးဌာန

စသည်များကို အိန္ဒိယပြည် ကုလားအစိုးရက ကြီးမှူးကြိုးကိုင်လေရကား ထိုဌာန ထိုဌာနများတွင် အလုပ်လုပ်ကြသည့် အမှုထမ်း အရာထမ်းမှန်သမျှကို ကုလားအစိုးရက ကုလားတွေကိုချည်း ခန့်ထား စေလွှတ်လိုက်သောကြောင့်တည်း။

ဤမျှသာမဟုတ်သေး၊ ပုလိပ်ဌာနက လာလိုက်ပြန်ချေသေး၏။ ပုလိပ်အမှုထမ်းများမှာ ကုလားလူမျိုးတွေလိုလိုချည်း ဖြစ်နေ၏။ အကြောင်းမူကား... ပုလိပ်အရာရှိ အကြီးအကဲတို့မှာ အင်္ဂလိပ်လူမျိုးတွေဖြစ်ရာ ထိုအင်္ဂလိပ်တို့သည် မျိုးချစ်စိတ် ထက်သန်တက်ကြွသည့် ဗမာတိုင်းရင်းသားတို့ကို မယုံကြည်။ သူတို့ကို တော်လှန်တိုက်ခိုက်မည်စိုး၏။ အင်္ဂလိပ်၏ ကျွန်သက်ရှည်လှပြီဖြစ်သော ကုလားတွေကိုကား ယုံကြည်ကာ လက်နက်စွဲကိုင်ရမည့် ပုလိပ်အမှုထမ်းအဖြစ် ကုလားများကို ခန့်ထားခြင်း ဖြစ်လေသည်။

ယင်းသို့ဖြင့် မီးရထားဌာန၊ စာတိုက်ဌာန၊ ကြေးနန်းဌာန၊ လမ်းပန်းဌာန၊ ပုလိပ်ဌာနတို့တွင် ကုလားအရာထမ်း အမှုထမ်းတွေ မှိုလိုပေါက်နေကြ၏။ သူတို့သည် လခရိက္ခာကောင်းကြ၏။ လစဉ်ဝင်ငွေမှန်မှန်ရကြသူများ ဖြစ်၏။ အများအားဖြင့် ကုလားပြည်မှ တစ်ကိုယ်ရေ တစ်ကာယလာကြသူများဖြစ်ရာ တိုင်းရင်းသူကလေးများကို ဆွယ်မြူပိုးပန်း အမိဖမ်းလျက် အငယ်မယား သိမ်းပိုက်ကြလေသတည်း။

တောင်ကြီးမြို့၊ ကလောမြို့ စသည်တို့တွင် အင်္ဂလိပ်မင်းကြီး၊ အင်္ဂလိပ်နယ်ပိုင်အရာရှိကြီးတို့အပြင် အင်္ဂလိပ်နှင့် အင်္ဂလိပ်ကပြား အမှုထမ်း အရာထမ်းတို့ကလည်း တော်တော်များလေရာ ချောမေ့ လှပေ့ဆိုသည့် ရှမ်းပြည်သူလှပျိုဖြူတို့မှာ အင်္ဂလိပ်ရင်ခွင်တွင်းသို့ ရောက်ကြပြန်လေတော့သည်။

ယင်းသို့ဖြင့် စီးပွားရေးသမား လူမျိုးကွဲများ၏ လက်သို့လည်းကောင်း၊ အရာရှိအမှုထမ်း လူမျိုးကွဲများ၏ လက်သို့လည်းကောင်း ခနဲ့၊ တောင်ရိုး၊ ရှမ်း စသည့် တောင်ပေါ်သူကလေးတွေ အလျှိုအလျှို ရောက်ကြရလေရာ နှစ်အနည်းငယ်အတွင်းတွင်ပင် တိုင်းရင်းသူ လှပျိုဖြူတို့၏ ရင်ခွင်တွင်း၌ ကပြား၊ ကကတစ်ကလေးတွေ ချီလျက် ပိုးလျက် နို့တိုက်လျက် နေကြသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့မြင်ကြရလေတော့သတည်း။

ဤကိစ္စမျိုးနှင့် စပ်လျဥ်း၍ မောင်ညွန့်နှင့် မဝိုင်းတို့စကားအချီအချ ပြောကြရဖူးလေသည်။

"ဆရာညွန့်ရေ…။ အစ်မဝိုင်းကြားခဲ့ရတဲ့ သတင်းကတော့ဖြင့် စိတ် မချမ်းသာစရာကြီးပဲ"

"ဘယ်လိုသတင်း ကြားခဲ့လို့တုံး…"

"ခနုမကလေးချောကို ဆရာညွန့်သိမှာပေါ့…အရုပ်ကလေးလိုပဲ လှ လိုက်တာမှန်လို့။ အဲဒီမချောနဲ့ မုတ်ဆိတ်ကြီးကုလား ရာဂျန်ဆင်ဆိုတာပဲ အဲဒီကုလားကြီးနဲ့ ညားသွားကြသတဲ့…"

**"ဖြစ်မှဖြစ်ရလေ…။ အစ်မဝိုင်းရယ်…နမြောစရာ ကောင်းလိုက်ပါ ဘိတော့တယ်၊ ဘယ်လိုဖြစ်လို့ ညားကြရတာတဲ့တုံး…"**

"ဖြစ်ပုံက ဒီလို ဆရာညွန့်ရေ…၊ ကုလားကြီးက ပန်းကန်ခွက်ယောက် တွေရောင်းတယ်၊ လူချမ်းသာပေါ့…၊ မချောတို့မိဘများက ဆင်းရဲတော့ အဲဒီကုလားကြီးဆီမှာ ငွေချေးကြရသတဲ့၊ နောက်ဆုံးတော့ ကြွေးမဆပ်နိုင် လို့ သမီးကို ဆပ်လိုက်ရတယ် ဆိုပါတော့ရှင်…"

ဗမာပြည်အတွက်ကား ထိုအဖြစ်အပျက်မျိုးမှာ ရိုးနေပြီဖြစ်သော်လည်း မဝိုင်းတို့အရပ်တွင်ကား ခုမှပေါ်တင် ရွှေကြာပင်ဖြစ်ကာ အထူးအဆန်း သဖွယ် ပြော၍မပြီး ဖြစ်ကြရသည်။

"ဒီလိုဖြစ်ကြတာတွေ တော်တော်များနေပြီ- အစ်မဝိုင်းရဲ့…၊ ဟို တလောကလည်း ကျွန်တော် ဘူတာရုံရောက်သွားတယ်။ မိန်းကလေးက တောင်ရိုးမကလေးနဲ့ တူပါတယ်။ လှကလှနဲ့။ အဲ…မဲမဲသဲသဲ ကလေး တစ်ယောက်ကို နောက်ပိုးလွယ်ပြီး ကုလားပုလိပ်ကြီးနဲ့အတူ မီးရထားပေါ် တက်သွားတာ မြင်လိုက်ရတယ်။ ကုလားကြီးက အခြားမြို့ကို ပြောင်းရဟန်တူပါတယ်၊ တခြားမြို့ တခြားရွာမှာ ကျွန်တော်တို့ အမျိုးသမီး ကလေးတစ်ယောက် မျက်နှာငယ်ငယ်နဲ့ နေရတော့မှာပဲ…၊ သနားစရာပါ… အစ်မဝိုင်းရယ်"

"မနန်းစိန်တစ်ယောက်လည်း…တရုတ်ကြီးနဲ့ အကြောင်းပါလို့ ကိုယ် ဝန်တောင် ရှိနေပြီ။ သို့ပေမဲ့ တရုတ်ကြီး မယားကြီးနဲ့၊ ရန်ကုန်ကရောက်

လာလို့ နန်းစိန်မှာ မယားငယ်အဖြစ်နဲ့ တရုတ်လင်မယားအိမ်မှာ အစေခံလို နေရတယ်…"

မီးရထားလမ်းပေါက်လို့ အရောင်းအဝယ် ကောင်းတာကတော့ဖြင့် ဝမ်းသာစရာပါပဲ။ သို့ပေမဲ့ ကိုယ့်အမျိုးသမီးကလေးတွေ လူမျိုးကွဲမယား ဖြစ်ကုန်ပြီး အမျိုးပျက် ဘာသာပျက် ဖြစ်ရတာတော့ သိပ်ပြီး စိတ်မကောင်း စရာပါပဲ အစ်မဝိုင်းရယ်…"ဟု မောင်ညွှန့်က ညည်းတွားလိုက်လေသည်။

○

# (၃၉)

ကောက်ပဲသီးနှံပေါ်ချိန် ရောက်ပြီဆိုလျှင် မောင်ညွန့်နှင့် မဝိုင်းတို့မှာ မိမိတို့ လုပ်ခင်းထွက် အာလူး စသည်တို့ကို ရှေးယခင်ကကဲ့သို့ လှည်းဖြင့် သာစည်သို့ မဆင်းရတော့ဘဲ မီးရထားဖြင့်တင်ကာ သာစည်သို့ သွားရောက် ရောင်းချကြ၏။ ရှေးကဆိုလျှင် အာလူးအချိန်တစ်ထောင် ရောင်းလိုက လေး ခေါက်သွားရသည်ဖြစ်သော်လည်း ယခုမူကား အချိန်မည်မျှ များစေကာမူ မီးရထားဖြင့် တစ်ခေါက်တည်း သယ်ဆောင်သွားနိုင်ပြီဖြစ်၏။ သာစည်တွင် ရောင်းချပြီးနောက် အပြန်တွင် ရှေးကကဲ့သို့ပင် ရောင်းကုန်ကလေးများ ဝယ်ခြမ်းပြန်လာတတ်မြဲ ဖြစ်၏။

မီးရထားလမ်း ပေါက်နေသဖြင့် ဗမာပြည်ဘက်မှလည်း လာရောက် ဝယ်ခြမ်းသူများ ပို၍များပြားလာလေသည်။ အောင်ပန်းမြို့ရှိ ပွဲရုံများကလည်း ထွက်သမျှ ကုန်စည်သီးနှံတို့ကို ဝယ်ခြမ်းကြ၏။ သို့သော် ဗမာပြည်သို့ ကိုယ်တိုင်သွားရောက် ရောင်းချသည်လောက်ကား ဈေးနှုန်းမရချေ။

ထို့ကြောင့် ဈေးကောင်း နှုန်းကောင်း ရရန်တစ်ကြောင်း၊ မိခင်လို ချစ်ခင်နေသည့် ဒေါ်အေးလှနှင့် တွေ့ရစေရန်တစ်ကြောင်း၊ မောင်ညွန့်နှင့် မဝိုင်းတို့သည် တစ်နှစ်လျှင် တစ်ခေါက်မှန်မှန် သာစည်သို့သွားရောက်ရောင်း ချကြသည်။

မောင်ညွန့်နှင့် မပိုင်းတို့၏ စီးပွားရေးကား အဆင်ပြေပါ၏။ သို့သော် သင်္ချိုင်းရ၏ ထောင်းထုပုတ်ခတ်ခြင်းကိုကား မရှုမလှ ခံကြရတော့သည်။ ထို သင်္ချိုင်းရကား ပစ္စည်းအတွက် သင်္ချိုင်းရမဟုတ်။ လူအတွက် သင်္ချိုင်းရသာတည်း။

ငါးနှစ်ခန့်အတွင်း ဆရာခေါင်၊ အရီးစုံ၊ ဦးမာလာ၊ အရီးနန်းကြာတို့သည် တိုင်ပင်ထားကြသကဲ့သို့ပင် တစ်ယောက်ပြီးတစ်ယောက် ကွယ်လွန်သွားကြရှာသည်။ တစ်နှစ်လျှင် တစ်ယောက်ကျလိုလိုပင်တည်း။

မောင်ညွန့်နှင့် မပိုင်းတို့မှာ မိဖတစ်ဦးတစ်ဦး ဆုံးတိုင်းဆုံးတိုင်း အပူအိုးကြီးကို ရင်ဝယ်ပိုက်ကြရသည်။ ခေါင်းကိုမီးလောင်သည့်နှယ် သောကရောက်ကြရသည်။ မစားနိုင် မအိပ်နိုင် တမှိုင်မှိုင် တတွေတွေ ဖြစ်ကြရရှာသည်။

ဆရာခေါင် မရှိသည့်နောက် မောင်ညွန့်က ဆရာခေါင်၏ အရိုက်အရာကို ဆက်ခံရသည်။ ဆရာခေါင်ကား စော်ဘွားကြီး၏လက်သုံး မင်းသုံးတော်ဝင် သမားတော်ကြီးတည်း။

ဆရာခေါင်၏နေရာတွင် ဆရာညွန့်က သမားတော်ကြီး ဖြစ်လာ၏။ ဈေးခေါင်းရာထူးကိုလည်း ဆရာညွန့်ပင် ရ၏။ ၁၂ မှု မင်းတိုင်းလွတ်၏။ လယ်ခွန်ယာခွန် မပေးရ။ စော်ဘွားကြီး၏ အသေးအသုံးကိစ္စတွေကို မဆောင်ရွက်ရ။ လက်မပင်ရပ်ကွက်၏ အကြီးအမှူး ဦးစီးဦးကိုင် နာယကတစ်ယောက်လည်း ဖြစ်လာလေသည်။

ကောင်းပါ၏။ အားလုံး ကောင်းလှပါ၏။ သို့သော် လူ့လောကသည် ချိန်ခွင်နှင့် တူလှချေသည်တကား။

ဆရာညွန့်နှင့် မပိုင်းတို့မှာ အရာရာပြီးစီးအောင်မြင်ကာ သဗ္ဗသိဒ္ဓိပြီးနေကြသည့် တစ်ဖက်စောင်းနင်းချိန်ခွင်၏ တစ်ဖက်သောချိန်ခွင်ခွက်တွင် အလေးတင်ပေးသလို သဘာဝတရားက ဖန်တီးလိုက်လေတော့သည်။

မပိုင်းသည် အပြင်းအထန် နာမကျန်းဖြစ်ကာ အိပ်ရာထက်တွင် ဗုန်းဗုန်းလဲလေသည်။ မပိုင်း၏ အသက်မှာလည်း ငယ်တော့သည်မဟုတ်၊ အသက် ၄၈ နှစ်အရွယ် ဒေါ်ပိုင်းဟု ခေါ်နေသည့်အချိန်အခါပင် ဖြစ်သည်။ ဆရာညွန့်မှာ အသက် ၃၈ နှစ် ရှိပေပြီ။

သမားတော်ကြီး ဆရာညွန့်သည် ဇနီးမပိုင်းကို တတ်သရွေ့ မှတ်

သရွေ့ ဆေးပညာဖြင့် ပြုစုပါ၏။ ကုသပါ၏။ အစွမ်းကုန် ကြိုးပမ်းပါ၏။ သို့သော် မပိုင်း၏ ဝေဒနာကား တစ်ချိန်ထက်တစ်ချိန် တိုး၍လာသည်။ တစ်နေ့ထက်တစ်နေ့ ဆိုး၍လာသည်။ လျော်ရင်း နစ်တော့မည့်သဘောတည်း။

ဝေဒနာ အပြင်းအထန် နှိပ်စက်ခြင်းကို မရှုမလှ ခံနေရရှာသော မပိုင်းမှာ လင့်တစ်မျက်နှာကိုသာလျှင် တစ်လောက ထင်နေရသည်။ မိမိ၏ မိဘများ ရှိကြသေးလျှင် အားအလွန်ရှိပေမည်။ မိဘများ မရှိကြသည့်တိုင် အောင် ယောက္ခမများ ရှိကြသေးလျှင်လည်း တော်သေး၏။

ယခုမူကား အားကိုးအားထား ပြုရမည့်သူ၊ အားပေးမည့်သူ၊ ယုယ မည့်သူကား ဆရာညွှန့် တစ်ယောက်သာလျှင် ရှိသည်။ မသွားလျှင် မဖြစ် သည့်ကိစ္စအတွက် ဆရာညွှန့် အပြင်သို့ထွက်သွားလျှင် မပိုင်း တစ်ယောက် တည်း ယောင်လည်လည်ဖြင့် ကျန်ရစ်ရှာသည်။

မိဘ ယောက္ခမတို့ တစ်ယောက်မျှ မရှိတော့သဖြင့် အားငယ်နေရ သည့်အထဲတွင် ထိုသွားလေသူ ကျေးဇူးရှင်များကို သတိရကာ မျက်ရည်ဖြိုင် ဖြိုင် ကျရသေးသည်။

မိဘနှင့် ယောက္ခမတွေ သေတိုင်း သေတိုင်း ပူခဲ့ရသော မပိုင်းမှာ နောက်ထပ်သေစရာ ပူစရာ လူမကျန်တော့သဖြင့် ကိုယ်တိုင်သေပေးရသလို ဖြစ်နေသည်။ သေသော်မှလည်း အေးအေးသေရဦးမည် မဟုတ်။ ကျန်ရစ်သူ ချစ်လင်ဆရာညွှန့်အတွက် သောကပွေကာ မသေမီ စိုးရိမ်ကြောင့်ကြ၍ သွား ရဦးမည်ဖြစ်သည်။

ဘဝတစ်သက်တာတွင် မိဖကံကောင်းခဲ့သူ၊ ယောက္ခမကံကောင်းခဲ့ သူ၊ လင်ကံကောင်းခဲ့သူ၊ စီးပွားရေးမှစ၍ အစစအဆင်ပြေခဲ့သူ မပိုင်းမှာ သေခါနီးတွင်မှ ထိုကောင်းခဲ့လေသမျှတွေက အတိုးဖြင့် ဝိုင်းအုံနှိပ်စက်ကြ လေသလားဟု ထင်မိရှာသည်။

လူ့ဘဝအစစ်အမှန်ကို ကိုယ်စားပြုသော မပိုင်းတည်း။

"ဆရာညွှန့်...ဆရာညွှန့်..."ဟု မပိုင်းက လေသံကလေး သဲ့သဲ့ဖြင့် ခေါ်ရာ ဆရာညွှန့်သည် မပိုင်း၏အပါးသို့ တိုးကပ်သွား၏။

"အမေ့ကို သံကြိုးရိုက်ပြီး ခေါ်ပေးပါ..."ဟူသော မပိုင်း၏စကား ကို ကြားလိုက်ရသည့် ဆရာညွှန့်မှာ အံ့ဩတုန်လှုပ်သွားသည်။

မဝိုင်းရောဂါ အပြင်းဖမ်းကာ ကယောင်ကတမ်းပြောခြင်း ဖြစ်သည်ဟု ဆရာညွန့် တွေးတောပူပန်မိသည်။

"သတိထားပါ အစ်မဝိုင်းရယ်...သတိထားပါ..."ဟု ဆရာညွန့်က သတိပေး၏။

"ဘာကိုသတိထားရမှာလဲ...အမေ့ကို သံကြိုးရိုက်ခေါ်ပေးပါလို့ ဆိုနေတာ"

"သေသွားတဲ့လူကို သံကြိုးရိုက်ခေါ်လို့ ရပါ့မလား အစ်မဝိုင်းရယ်..."

"သေသွားတဲ့အမေ့ကို ပြောတာမဟုတ်ဘူးရှင့်...၊ သာစည်ကအမေ့ကို ပြောတာ"

ဤတွင်မှ ဆရာညွန့်သည် မဝိုင်း ပြောသည်ကို သဘောပေါက်ကာ ချက်ချင်း အိမ်ပေါ်မှ ဆင်းသွားလျက် သာစည်မြို့တွင်နေသည့် ဒေါ်အေးလှထံ သံကြိုးရိုက်လေသည်။

နောက်နေ့တွင်ပင် ဒေါ်အေးလှသည် အူလျားဖားလျားဖြင့် ရောက်လာ၏။ မဝိုင်း၏ အခြေအနေကို မြင်လိုက်ရသော ဒေါ်အေးလှမှာ မျက်ရည်အိုင်ထွန်းရရှာတော့သည်။

"ခုမှ ဘာပြုလို့ သံကြိုးရိုက်ရတာလဲ သမီးရယ်...။ စောစောကပဲ ခေါ်ပါတော့လား...ရောဂါဖြစ်စကခေါ်ရင် အမေ မပြုစုရပါလား..."ဟု ဒေါ်အေးလှက ငိုရှိုက်ရင်း ပြော၏။

"ဒီလောက် ဆိုးလိမ့်မယ်လို့ အစက မထင်မိဘူး အမေ...၊ သမီးတော့ မနေရတော့ဘူး...၊ သွားရတော့မယ်...၊ အမေ့ကို ကန်တော့ခဲ့ပါတယ် အမေရယ်..."

မဝိုင်းက လေသံကလေးဖြင့် ပြောကာ အိပ်နေရင်းကပင် လက်နှစ်ဖက်ကို ရင်ပေါ်တွင်ယှက်လျက် ရှိခိုးရှာသည်။

"သမီး မသေနိုင်ပါဘူး သမီးရယ်...၊ သမီး ကျန်းမာလာအောင် အမေ ပြုစုမှာပေါ့..."ဟု ဒေါ်အေးလှက အားပေးစကား ပြောပင် ပြောရငြားသော်လည်း မဝိုင်း၏ အခြေအနေကို အကဲခတ်ရာ ဒေါ်အေးလှ ကိုယ်တိုင် အားမရှိတော့ပေ။

"ဆရာညွန့်…အစ်မဝိုင်း သေသွားရင် မြန်မြန့်မိန်းမယူနော်…၊ ဒီ တစ်ခါယူရင် မိန်းမငယ်ငယ်ယူ"

ဆရာညွန့်ကား ဘာစကားမျှ ပြန်မပြောနိုင်ဘဲ မျက်ရည်တွေဝိုင်းနေ၏။

"သမီးရယ်…မတော်တာတွေ မပြောပါနဲ့ သမီး မသေနိုင်ပါဘူး…" ဒေါ်အေးလှ၏ ပြောသံပင်လျှင် ငိုသံပါနေသည်။

"သမီးကိုယ် သမီး သိပါတယ် အမေရယ်…၊ သမီး သေမှာပါပဲ…၊ အမေမလာသေးလို့ သမီး စိတ်တင်းပြီး စောင့်နေတာပါ…၊ ဆရာညွန့်က ကျွန်မထက် ဆယ်နှစ်ငယ်တယ်၊ ငယ်ငယ်ကလေး ရှိသေးတယ်…၊ ဒီတော့ ကျွန်မ…"

မဝိုင်းသည် စကားတွေ များများပြောသဖြင့် အမောဆို့သွားကာ ဆက်မပြောနိုင်ဘဲ မျက်လုံးအကြောင်သား ဖြစ်နေ၏။

"မောင်ညွန့်…လုပ်ပါဦးဟဲ့၊ သမီး ဘယ်လိုဖြစ်သွားတာလဲ…"ဟု ဒေါ်အေးလှက ခြေမကိုင်မိ လက်မကိုင်မိ ပြော၏။

ဆရာညွန့်သည် သွေးဆေးအနည်းငယ်ကို မဝိုင်း၏ နှာခေါင်းဖျား တွင် တို့ပေးသည်။ သွေးဆေးကို ကွမ်းရွက်နှင့်နယ်ကာ မဝိုင်း၏ငယ်ထိပ် တွင်အုပ်လျက် အာငွေ့ဖြင့် မှုတ်ပေးသည်။

မဝိုင်း မျက်နှာမြင်စဉ်က သတိမေ့သွားသဖြင့် လုပ်ပုံမျိုးတည်း။ မျက်နှာမြင်စဉ်က မဝိုင်း သတိပြန်လည်လာ၏။ ယခုမူကား မဝိုင်း သတိ မလည်တော့ချေ။

"သမီး…သမီး…"

"အစ်မဝိုင်း…အစ်မဝိုင်း…"

ဒေါ်အေးလှနှင့် မောင်ညွန့်တို့ တစ်လှည့်စီ ခေါ်ကြသော်လည်း မဝိုင်း ပြန်၍ထူးဖော်မရတော့။ မျက်လုံးများမှာ အရောင်မှိန်၍ မှိန်၍လာသည်။ လက်ဖျားခြေဖျားများ အေးလာသည်။ အသက်ရှူလျော့၍ လျော့၍သွားကာ နောက် ဆုံးတွင် အသက်ရှူသည်ကို လုံးဝမတွေ့ရတော့ချေ။

ဒေါ်အေးလှနှင့် မောင်ညွန့်တို့သည် မဝိုင်းကို ခြေစမ်းလက်စမ်းပြုကြ သည်။ နှစ်ယောက်စလုံး ခေါင်းပြိုင်တူခါကြသည်။ မျက်ရည်တွေ အိုင်ထွန်း နေကြသည်။

"အမယ်လေး သမီးရဲ့…၊ အသေစောလို့ နှမြောလှချည်ရဲ့ သမီးရဲ့"
ဒေါ်အေးလှ၏ အော်ဟစ်ငိုယိုသံကို ရပ်ကွက်တစ်ခုလုံး ကြားလိုက်ကြရလေရာ အိမ်နီးပတ်ဝန်းကျင်မှ လူများ ပြေးလာကြသည်။

မောင်ညွန့်ကား အော်၍လည်းမငို။ ဘာစကားမျှလည်း မပြောဘဲ မျက်ရည်တွေ ရွဲနေသော မျက်လုံးကြီးများဖြင့် လာသမျှ လူအပေါင်းကို ကြောင်စီစီ ကြည့်နေလေတော့သည်။

○

## (၄၀)

မဝိုင်း၏ အသုဘရုပ်အလောင်းကို သုံးရက်ထားပြီးနောက် သင်္ဂြိုဟ်လေရာ အခြားဆွေမျိုးသားချင်းများလည်း ငိုယိုကြ၏။ အငိုဆုံးသူကား ဒေါ်အေးလှတည်း။

"အမယ်လေး သမီးရဲ့...။ သမီးကလေးတစ်ယောက် မွေးဖွားတာက တော့လည်း ငယ်ငယ်ကဆုံး။ နောက်ထပ် သမီးတစ်ယောက် ရပြန်တော့ လည်း အမေ့အရင်သေနဲ့ အမေရင်ကွဲရချည်ရဲ့ သမီးတို့ရယ်..."

ဒေါ်အေးလှသည် ငယ်စဉ်က ဆုံးလေပြီးသော သမီးအတွက်ရော၊ မဝိုင်းအတွက်ပါ သမီးနှစ်ယောက်အတွက် စုပေါင်း၍ ပူရှာငိုရှာခြင်းဖြစ်သည်။

ဒေါ်အေးလှသည် ခနေသံမဝဲသဖြင့် ခနေများက အံ့သြကာ တစ်ယောက်နှင့်တစ်ယောက် မေးကြသည်။

ကိုချိုက ဒိုင်ခံကာ ရှင်းပြရ၏။

"သာစည်မြို့မှာနေတဲ့ ဗမာအမျိုးသမီးကြီးဗျ။ မဝိုင်းကို သမီးလိုချစ်နေတာ။ မီးရထားလမ်း မပေါက်ခင်က မောင်ညွှန့်နဲ့မဝိုင်းတို့ အားလူးရောင်းရအောင် သာစည်သွားကြရင်းတွေ့ပြီး ခင်မင်လာကြတာ။ အဲဒီတုန်းက ကျုပ်လည်းပါသပေါ့။ မဝိုင်းကို တကယ့်သမီးရင်းနဲ့မခြား ချစ်တယ်။ ဒါကြောင့်

ဒီလောက် ငိုနေတာပေါ့။ ခနုနဲ့ဗမာဆိုတာက တစ်သွေးတည်း တစ်သားတည်း မဟုတ်လားဗျာ”

အသုဘလိုက်ပို့ကြသော ခနုတွေ၊ တောင်ရိုးတွေသည် ဒေါ်အေးလှကို သနားသွားကြသည်။ ဒေါ်အေးလှကို ခင်မင်ကြင်နာကြသည်။

“အရေးကြီးက သွေးနီရာပါသည်” ဟူသော သဘောသရုပ်ကို ဒေါ်အေးလှက ဖော်ပြနေသလို ဖြစ်တော့သည်။

မဝိုင်း၏ အသုဘသင်္ဂြိုဟ်ပြီးနောက် ရက်လည်ဆွမ်းသွတ်ပြီးသည့် နောက်တစ်နေ့တွင် ဒေါ်အေးလှသည် သာစည်သို့ ပြန်ရန်အတွက် ဆရာညွန့် တို့အိမ်မှ ထွက်အံ့ဆဲဆဲတွင် “သမီးရေ…အမေ ပြန်တော့မယ်နော်။ အမေ ပြုသမျှကုသိုလ်ကို အမျှပေးပါတယ် သမီးရယ်…။ သာဓုခေါ်ပါနော်။ သမီး ရေ အမျှ …အမျှ…”ဟု မျက်ရည်တွေဝဲကာ ငိုသံပါကြီးဖြင့် ပြောလေရာ ကြားရသမျှ လူအပေါင်းတို့ ရင်ဆို့ရ၊ မျက်ရည်လည်ကြရတော့သည်။

ဆရာညွန့်က ဒေါ်အေးလှကို ဘူတာရုံသို့ လိုက်ပို့၏။ မီးရထားထွက် ခါနီးတွင် ဒေါ်အေးလှက နောက်ဆုံးစကား မှာကြားရှာသည်။

“မောင်ညွန့်ရေ ငါ့သမီးကို ဘယ်တော့မှ မမေ့ပါနဲ့ကွယ်။ မိန်းမ အဖိုးတန်…မိန်းမမြတ်ကလေးပါ”

မီးရထား ထွက်သွား၏။ ဒေါ်အေးလှသည် တဘက်ဖြင့် မျက်ရည် သုတ်ရင်း မီးရထားဆွဲဆောင်ရာသို့ ပါသွားလေသည်။

ဒေါ်အေးလှ ပြန်သွားသောအခါ ဆရာညွန့်မှာ အလုပ်ကြီးတစ်ခု တိုးပြန်လေသည်။

မဝိုင်းကို မြှုပ်နှံထားသည့် မြေပုံပေါ်တွင် ဆရာညွန့်သည် အုတ်ဂူ တစ်ခုကို အပန်းတကြီး လုပ်နေ၏။

ဆရာညွန့်ကား လက်သမားလည်း တတ်သည်။ ပန်းပဲ ပန်းရံလည်း တတ်သည်။ ထို့ကြောင့် သူ့မယားအုတ်ဂူကို ကိုယ်တိုင်ကိုယ်ကြပ် လုပ်ခြင်း ဖြစ်သည်။

မဝိုင်းအတွက် အုတ်ဂူကို အခြားအုတ်ဂူများနှင့် မတူအောင် ဆရာညွန့် ကလုပ်၏။ အုတ်ဂူ၏ အလျားလေးတောင်၊ အနံနှစ်တောင်၊ အမြင့်တစ် တောင်လုပ်သည်။ အုတ်ဂူ၏မျက်နှာပြင်မှာ ညီညီညာညာမဟုတ်။ မဝိုင်း

ကွယ်လွန်စက တစ်ကိုယ်လုံးကို ပဝါကလေး ဖုံးထားသည့်ပုံမျိုး အုတ်ဂူ၏ မျက်နှာပြင်ပေါ်တွင် ပြုလုပ်ထားသည်။ အုတ်ဂူကို ခပ်ဝေးဝေးမှနေကြည့်လျှင် တကယ်ပင် မိန်းကလေးတစ်ယောက် ပက်လက်လှန်ကာ အိပ်နေသည်ဟု ထင်ရသည်။

အုတ်ဂူ၏ခေါင်းရင်းဘက်တွင် အုတ်ဂူနှင့်ဆက်လျက် ကျောက်စာချပ်သဖွယ် အမြင့်လေးတောင်၊ အနံနှစ်တောင်၊ ထုတစ်ထွာခန့် အုတ်နံရံလုပ်သည်။ ထိုအုတ်နံရံ၏ အတွင်းဘက်တွင်မှ စာတမ်းထွင်းထု ဖော်လုပ်ထား၏။

မပိုင်း

အသက်(၄၈)နှစ်

၁၂၉၂–ခုနှစ်

ပြာသိုလဆုတ်(၃)ရက်နေ့

အနိစ္စရောက်သည်။

ဆရာညွန့်သည် အုတ်ဂူကို ရက်အနည်းငယ်အတွင်း ပြီးစီးအောင် အားတိုက်ခွန်တိုက် လုပ်၏။

အုတ်ဂူလက်စသတ်၍ ပြီးသောနေ့တွင် ဆရာညွန့်သည် အုတ်ဂူကို မျက်တောင်မခတ် စိုက်ကာကြည့်ရင်း ပြောလိုက်သည်။

"အစ်မပိုင်းရေ…နေရစ်ဦးတော့နော်။ ကျွန်တော်လည်း မကြာခင်လာခဲ့မယ် အစ်မပိုင်းရဲ့…"

O

## (၄၁)

ဆရာညွန့်ခမျာ မပိုင်းရူး ရူးနေရှာသည်ဟူ၍ ခေါ်ရချိမ့်မည်။

နေ့ရှိသမျှ အချိန်ရှိသမျှ မပိုင်းကို တလွမ်းလွမ်း တတ,တ သတိတရရ ဖြစ်နေ၏။ မပိုင်း သေကာနီးပြောသွားသည့် စကားများကို ကြားယောင်နေသည်။

"အစ်မပိုင်း သေသွားရင် မြန်မြန်မိန်းမယူနော်…၊ ဒီတစ်ခါယူရင် မိန်းမငယ်ငယ်ယူ…"

ဤစကားကို ဆရာညွန့် အမြဲလိုလို သတိရနေသည်။

"အစ်မပိုင်းက ငါ့ထက် ဆယ်နှစ်ကြီးတယ်၊ ဒါကြောင့် သူကအရင်သေရတာ။ ဒီတစ်ခါ မိန်းမယူရင် ငယ်ငယ်ယူလို့ အစ်မပိုင်းက ခိုင်းတာက တော့ ငါ့အရင် မိန်းမကသေသွားလို့ ပူဆွေးရမယ့် ဒုက္ခမျိုးမရောက်အောင် မှာသွားတာ။ သို့ပေမဲ့ အစ်မပိုင်းရယ်…ကျွန်တော် ဘယ်တော့မှ မိန်းမမယူတော့ပါဘူး။ အစ်မပိုင်းလို မိန်းမမျိုး ရနိုင်တော့မှာ မဟုတ်ပါဘူး"

ဆရာညွန့်သည် မကြာခဏ ဤသို့တွေးကာ ဤစကားမျိုးကို စိတ်ထဲက ပြောဆိုနေမိသည်။

မပိုင်း ကွယ်လွန်သည်မှာ ပြာသိုလဆုတ် ၃ ရက်နေ့တွင်ဖြစ်၏။ ဆရာညွန့်သည် လစဉ်လဆုတ် ၃ ရက်နေ့တိုင်း မပိုင်း၏အုတ်ဂူကို သွား၍ကြည့်၏။ သူပြောရိုးပြောစဉ် စကားအတိုင်း…

"အစ်မဝိုင်းရေ…နေရစ်ဦးတော့နော်။ ကျွန်တော်လည်း မကြာခင် လာခဲ့မယ် အစ်မဝိုင်းရဲ့…"ဟု အမြဲတမ်းတ, တိုင်တည်တတ်သည်။

ယင်းသို့ မဝိုင်း၏အုတ်ဂူသို့ လစဉ်သွားခဲ့သည်မှာ ၂၄ ကြိမ်တိတိပင် ရှိသွားပေပြီ။ မဝိုင်း ကွယ်လွန်သွားသည်မှာ နှစ်နှစ်ကြာညောင်းခဲ့ပြီတည်း။

တစ်နေ့တွင် ကိုချိုသည် ဆရာညွန့်တို့အိမ်သို့ ရောက်လာ၏။

"ဆရာညွန့်ရယ်…ပိန်လှချည်လား။ ဘာဖြစ်လို့တုန်း နေမကောင်း ဘူးလား"ဟု ကိုချိုက ကရုဏာသံဖြင့် မေးသည်။

"လူကတော့ နေကောင်းပါတယ်။ စိတ်ကတော့ မကောင်းဘူးပေါ့ ဗျာ။ အစ်မဝိုင်းအတွက် နေ့စဉ်နဲ့အမျှ သောကရောက်နေတော့ အစားပျက် အအိပ်ပျက်ဘဲဗျ"

"တစ်ပင်လဲမှ တစ်ပင်ထူဆိုတဲ့စကား အရှိသားကပဲ ဆရာညွန့်ရာ။ အိုးသစ်အိမ်သစ် ထူလိုက်ပါတော့လား။ အဲဒီတော့မှ အာရုံပြောင်းပြီး စိတ် ကောင်းသွားမယ်"

"ဒါမျိုး စိတ်ကူးမထည့်ပါဘူး ကိုချို။ နောက်ထပ် မိန်းမယူလိုက်ပေမဲ့ အစ်မဝိုင်းအတွက် သောကပရိဒေဝကတော့ ငြိမ်းမှာမဟုတ်ပါဘူး။ အစ်မဝိုင်း ကိုတော့ ကျွန်တော် ဘယ်တော့မှ မမေ့နိုင်ပါဘူး ကိုချိုရယ်…။ အစ်မဝိုင်း သေခါနီးမှာ မှာသွားတာကလေး ရှိသဗျ။ သူသေသွားရင် မြန်မြန်မိန်းမယူပါ တဲ့။ ယူပြန်တော့လည်း မိန်းမငယ်ငယ် ယူပါတဲ့ဗျာ။ အဲဒီလို သူကမှာသွား လေ ကျွန်တော် မယူရက်လေပေါ့ဗျာ…"

"မဝိုင်း အဲဒီလိုမှာတာက အကြောင်းရှိသကွ။ သူသေသွားရင် အခုလို မင်း ပူဆွေးနေလိမ့်မယ်ဆိုတာ သူတွေးမိတယ်။ ဒီတော့ မိန်းမယူလိုက်ရင် အပူအဆွေး သက်သာမှာဘဲလို့ သဘောပေါက်ပြီး မှာခဲ့တာကွ။ မင်း သောက ဗျာပါဒရောက်မှာ စိုးရိမ်ရှာလွန်းလို့ပေါ့ကွာ။ နောက်ပြီးတော့ မိန်းမငယ်ငယ် ယူဖို့ မှာထားတာကလည်း သူ့လိုမဖြစ်အောင်လို့ပေါ့ကွ။ သူက မင်းထက် ကြီးတော့ သူအရင်သေရတယ်။ ဒီတော့ မင်း ပူဆွေးပြီး ကျန်ရစ်ရတယ်။ မိန်းမက မင်းထက်ငယ်ရင် မင့်အရင် မသေဘူး။ ဒီတော့ မိန်းမအတွက် မပူတော့ဘူးပေါ့ကွာ။ မင်း စိတ်မချမ်းမသာ ဖြစ်မှာစိုးရှာလွန်းလို့ မှာသွား ရှာတာ…"

"အဲဒီလို သူက စေတနာထားလေ…ကျွန်တော်က နောက်ထပ်အိမ်ထောင်မပြုရက်လေပေါ့ဗျာ…"

"ဘယ်ဒီလို ဟုတ်ပါ့မလဲ…။ မဝိုင်းက မင့်ကို စိတ်ချမ်းသာစေချင်တယ်။ အခု မင်း စိတ်မချမ်းမသာ ဖြစ်နေတယ်။ ဒီကတည်းက မင်းဟာ မဝိုင်းဆန္ဒကို ဆန့်ကျင်နေတာပဲ။ မဝိုင်း စေတနာကို ချေဖျက်နေတာပဲ။ ဒီတော့ မဝိုင်းဆန္ဒအတိုင်း မင်း စိတ်ချမ်းသာ လူချမ်းသာဖြစ်အောင် မိန်းမသာ မြန်မြန်ယူလိုက်။ ဒီတော့မှ မဝိုင်းစကားကို နားထောင်ရာရောက်တယ်။ မဝိုင်းကို ချစ်ရာရောက်တယ်"

"ကျွန်တော် မိန်းမယူလိုက်ရင် မဝိုင်း စိတ်ကောင်းနိုင်ပါတော့မလားဗျာ…"

"ဟ…မဝိုင်း ရှိနေသေးရင်တော့ မင်းပြောသလို ဟုတ်တာပေါ့။ အခုတော့ မဝိုင်းက ဘယ်ဘဝရောက်လို့ ဘာဖြစ်နေမှန်းမှ မသိဘဲဟာ။ မင်း မိန်းမယူတာကို သိနိုင်ပါတော့မလား။ ဒီတော့ မိန်းမသာ မြန်မြန်ယူလိုက်ပါကွာ။ ဒီရောဂါမျိုးကို ဒီဆေးနဲ့ ပျောက်ပါတယ်။ နောက်တစ်ခုကလည်း မဝိုင်း သေခါနီး မှာခဲ့တဲ့စကားအတိုင်းလုပ်ရင် မဝိုင်းကို ချစ်ရာရောက်ပါတယ်"

ကိုချိုက ပူပုံပန်းဖြစ်နေသော ဆရာညွန့်ကို မကြည့်ရက်သဖြင့် စေတနာကောင်းဖြင့် ပြောခြင်းသာဖြစ်သည်။ မောင်ညွန့်ကလည်း ကိုချို၏ စေတနာကို ယုံကြည်၏။ ကိုချို ပြောသည့်အတိုင်း လုပ်ရလျှင် စိတ်ချမ်းသာရလေမည်လားဟု သို့လော သို့လော အနို့လော တွေးတောနေလေသည်။

"ဒါထက် ဆရာညွန့်ရေ…။ ကျောက်တန်းရွာမှာ ရှင်ပြုအလှူရှိသကွ။ ငါ့ကို ဖိတ်တယ်။ မင်းကိုလည်း ဖိတ်လိုက်ပါလို့ မှာတယ်။ ကိုချစ်က ရှင်ပြုမှာတဲ့ကွ။ ကိုချစ်ကို မင်း သိတယ်မဟုတ်လား"

"သိတာပေါ့ဗျ…အင်မတန်ခင်တာပဲ။ မဝိုင်းအသုဘတုန်းကတောင် လင်မယားနှစ်ယောက်စလုံး လာကြသေးတာပဲ"

"ဒါဖြင့် သန်ဘက်ခါမနက်စောစော ကျောက်တန်းကိုသွားမယ်။ လှလှပပ ပြင်ဆင်ခဲ့။ ကျောက်တန်းမှာ မိန်းမချော မိန်းမလှကလေးတွေ တယ်ပေါသကွ"

ကိုချိုသည် ပြောပြီးနောက် ပြန်သွား၏။

ဆရာညွန့်မှာ မပိုင်းအကြောင်းကို စဉ်းစားရင်း ကျန်ရစ်လေသည်။ မပိုင်း ပြောသလို နောက်ထပ်အိမ်ထောင်ပြုရလျှင် ကောင်းလေမည်လားဟု တွေးမိသည်နှင့်တစ်ပြိုင်နက် စိတ်ထဲမှာ ကြည်နူးသလိုလို၊ သာယာသယောင် ယောင် ဖြစ်လာလေသည်။

မယားမရှိ၍ ပူပန်ဆွေးမြည့်နေသော မောင်ညွန့်သည် မယားအစား ထိုးရန် ကြံမိသည်နှင့် တစ်ပြိုင်နက် စိတ်ကြည်နူးသွားခြင်းမှာ ပုထုဇဉ်တို့၏ ဓမ္မတာသဘာဝသာလျှင် ဖြစ်သည်။

○

## (၄၂)

ကျောက်တန်းရွာတွင် ရှင်ပြုအလှူ ကျင်းမည့်နေ့ နံနက်စောစော တွင် ဆရာညွှန့်နှင့် ကိုချိုတို့သည် ကျောက်တန်းသို့ လာခဲ့ကြသည်။ အောင်ပန်းမြို့နှင့် ကျောက်တန်းမှာ တစ်တိုင်ခွဲခန့်သာ ဝေး၏။

"အမယ်...ဒီလိုတော့ ဆရာညွှန့်က ချောတုန်း လှတုန်းပဲ ရှိပါသေး ကလား။ ကျကျနန ဝတ်လိုက်စားလိုက်တော့ ရုပ်ထွက်လာသကွာ..."ဟု ကိုချိုက ချီးမွမ်းစကားပြော၏။

ကိုချို ပြောသည့်အတိုင်းပင် ဆရာညွှန့်သည် သေသပ်ကျနစွာ ဝတ် စားဆင်ယင်လာသည်။

"မဝိုင်း ဆုံးသွားပြီးတဲ့နောက်...ဒီလိုဝတ်ာ စားတာဟာ ဒါပထမဆုံး အကြိမ်ပဲဗျ..."

"ကောင်းပါတယ်ကွာ...၊ အဝတ်ကောင်း အစားကောင်း ဝတ်တော့ စိတ်လည်းကြည်နူးလာတယ်၊ စိတ်ကြည်နူးတော့ သောကလျော့ပါးသွားတာ ပေါ့ကွာ...၊ နောက်ကိုလည်း ဒီလို လှလှပပဝတ်၊ စိတ်ကြည်ကြင်လင်လင် ထား၊ သောကကို မမွေးနဲ့ပေါ့ကွာ..."ဟု ကိုချိုက စေတနာဖြင့် ပြောသည်။

ဆရာညွှန့်နှင့် ကိုချိုတို့ ကျောက်တန်းကို ရောက်ကြသောအခါ အလှူ အိမ်မဏ္ဍပ်သို့ တန်း၍သွားကြ၏။ နံနက်စာကိုလည်း မဏ္ဍပ်တွင်ပင် စားကြ ၏။

အလှူမဏ္ဍပ်သို့ရောက်လာသော မောင်ညွန့်သည် မိမိငယ်စဉ် ရှင်ပြုသောအခါက အဖြစ်အပျက်တို့ကို မျက်စိထဲတွင် ပေါ်လာသည်။ မဝိုင်းကို လည်း ပို၍သတိရ၏။

ရှင်လောင်းများကို ပြင်ဆင်ပေးနေကြသည်ကို မြင်ရသောအခါ မိမိ ရှင်ပြုစဉ်က မဝိုင်းက ဖြီးလိမ်းပြင်ဆင်ပေးသည်များကို သတိရကာ ရင်ထဲ မှာဆို့လျက် မျက်ရည်လည်လာလေသည်။

ရှင်လောင်းများကို ပြင်ဆင်ဝတ်စားပေးပြီးနောက် ရှင်လောင်းလှည့် ရန် စီစဉ်ကြရာ ဆရာညွန့်သည် စိတ်ဝင်စားစွာ ကြည့်ရှု၏။ မိမိရှင်လောင်း လှည့်စဉ်က မိန်းမပျိုတန်း၏ ရှေ့ဆုံးတွင် မဝိုင်း ကွမ်းတောင်ကိုင်၍ လိုက် ခဲ့သည်။ ထို့ကြောင့် ဤရှင်ပြုတွင်လည်း မည်သူ ပန်းတောင်ကိုင်လေသနည်း။

ပန်းတောင်ကိုင် မိန်းကလေးကို ဆရာညွန့် လှမ်းကြည့်လိုက်ရာ ရင်ထဲမှာ တလှပ်လှပ်ဖြစ်လျက် မျက်စိတွေပင်ပြာ၍ သွားသည်။

ပန်းတောင်ကိုင်မိန်းမပျိုကား ကျောက်တန်းရွာသူကြီး၏သမီး မအေး ကြည်တည်း။ ကျောက်တန်းရွာသူ မိန်းမပျိုလေးများထဲတွင် အချောဆုံး အလှဆုံးဖြစ်၏။

ဆရာညွန့်သည် မအေးကြည်ကို စူးစိုက်ကြည့်ရှုရင်း မဝိုင်း ကွမ်း တောင်ကိုင်ရစဉ်က ရုပ်ဆင်းသဏ္ဍာန် ကိုယ်ဟန်အနေအထားနှင့် တူသယောင် ယောင် ထင်ရသည်။ မဝိုင်းနှင့် မအေးကြည်မှာ ချွတ်စွပ်တူသည်ကား မဟုတ်။ မျက်လုံးကလေးကြည့်ပုံ၊ မျက်ခုံးမည်းမည်းကလေး တန်းနေပုံ၊ ပါးစပ်ကလေး ချစ်စရာကောင်းပုံမှာ ခပ်ဆင်ဆင်တူသည်။ ကိုယ်လုံးကိုယ် ပေါက်ကလေးမှာကား တကယ့် မဝိုင်း၏ ကိုယ်လုံးကိုယ်ပေါက်မျိုးသာတည်း။

ပို၍ထူးခြားသည်မှာကား မအေးကြည် ဝတ်ဆင်ထားသည့် အဝတ် အစားကလေးများမှာ မဝိုင်း ကွမ်းတောင်ကိုင်ရစဉ်က ဝင်ဆင်သည့်အဝတ် အစားမျိုးနှင့် တထေရာတည်းသာ ဖြစ်ခြင်းတည်း။ ရှင်လောင်းလှည့်ရန် အားလုံးစီစဉ်ပြီးကြသောအခါ တစ်ယောက်က ရွဲတိုင်ပေးသည်ကို ကြားရ၏။

အို...အမောင်လေး...၊ အရေးနောင်ခါ၊ မဆိုသာဖူး၊ ကြာရင် မယ်နှင့် ဝေးတော့မယ်...

ရွဲ...

ထိုသီချင်းကို ကြားလိုက်ရသောအခါ ဆရာညွှန့် ရင်ဆို့လျက် မျက်ရည်ဝဲရတော့သည်။ မဝိုင်းက သီဆိုနေသယောင် ထင်မိသည်။ "အို… အမောင်လေး…"ဟု အစချီသော အာလုပ်သံမှာ မဝိုင်းက မိမိအားခေါ်သည့် "မောင်လေး…"ဟူသော စကားလေးကို သတိရသည်။ ဆရာညွှန့်သည် ရွှဲတိုက်သံကို ဆက်လက်နားထောင်ပြန်၏။

များများမကြာ၊ သုံးလဝါကို၊ မက်သာခွင့်လွှတ်ပါဦးကွယ်…

ရွှဲ…

မဝိုင်းက မိမိအား ခွင့်လွှတ်ထားခြင်းမှာ သုံးလမဟုတ်၊ နှစ်နှစ်ကျော်၍ သုံးနှစ်အတွင်းသို့ပင် ဝင်ရောက်လာခဲ့သည်။ ယင်းသို့ တွေးကာ ဆရာညွှန့် ဆွေးရပြန်ချေသည်။

"လွှတ်ပါဦးကွယ်…နှမငယ်…၊ ဝါကျွတ်ပြီးလျှင်၊ မင်းပြုခွင်ကို၊ အလျင်ခဏ၊ ထွက်မည်ပဟု၊ မြတ်အလှူနေ့တိုင်းပေး၊ မြတ်သည့်သံဃာ၊ အရိယာကို၊ ပိဏ်ပါဆွမ်းလုပ်ကျွေး၍…"

"ရွှဲ…"

ဆရာညွှန့်သည် ရွှဲလိုက်သီချင်းကို နားထောင်ရင်း ကွမ်းတောင်ကိုင်မအေးကြည်ဆီသို့ မျက်စိရောက်သွားပြန်၏။

"မဝိုင်းနဲ့ တူလိုက်တာနော်…"ဟု ဆရာညွှန့် ညည်းလိုက်သည်။ ထို့နောက် ဒိုးပတ်ဝိုင်းနှင့်ရောကာ လိုက်သွားသည်။

ရှင်လောင်းလှည့်၍ အပြန်တွင်လည်း မဏ္ဍပ်တွင်းမှာ ဆရာညွှန့်နှင့် မအေးကြည်တို့ မကြာခဏ မျက်လုံးချင်း ဆုံမိကြသည်။

နောက်နေ့ညနေတွင်မှ ကိုချိုနှင့် ဆရာညွှန့်တို့ ကျောက်တန်းရွာမှ ပြန်လာကြရာ လမ်းတွင် ကိုချိုကမေး၏။

"ဘယ့်နှယ်လဲ…ဆရာညွှန့်…ပျော်ရဲ့လား…၊ ဆရာညွှန့် ကြည့်ရတာ တော့ဖြင့် တော်တော်ပျော်ပုံရတယ်…"

"ပျော်လည်း ပျော်ပါရဲ့…၊ စိတ်မကောင်းလည်း ဖြစ်တာပဲ…"

"ပျော်တာက မအေးကြည်ကို တွေ့ရလို့ မဟုတ်လား…၊ စိတ်မကောင်းတာကတော့ မဝိုင်းကို သတိရလို့ ဖြစ်မှာပေါ့…"

ကိုချိုကား ပါးနပ်သူဖြစ်သည်။ ဆရာညွန့်၏အကဲကို အမြဲခတ်နေသူလည်းဖြစ်၏။ ထို့ကြောင့် ဆရာညွန့် ဘာကြောင့် ဘယ်ကဲ့သို့ ဖြစ်သည်ကို တပ်အပ်ပြောနိုင်ခြင်း ဖြစ်သည်။

"ပြောစမ်းပါဦးလေ…ငါပြောတာ…ဟုတ်တယ် မဟုတ်လား…"ဟု ကိုချိုက ထပ်၍မေး၏။

"ဟုတ်ပါတယ်ဗျာ…"ဟု လူရိုးဆရာညွန့်က မုသားမသုံးချင်သဖြင့် ဟုတ်တိုင်းမှန်ရာကို ပြောပြလိုက်သည်။

"ဆရာညွန့် စဉ်းစားလေ…၊ တစ်ယောက်တည်း နေရတော့ ဟိုတွေး ဒီတွေးနဲ့ တယ်ပြီး သောကများတယ် မဟုတ်လား။ ဒီတော့ အိမ်ထောင်ပြုလိုက်တာပဲ ကောင်းတယ်…၊ အိမ်ထောင်ပြုလိုက်ရင် တွေးစရာ ဆွေးစရာတွေ ပျောက်သွားပြီး စိတ်ချမ်းသာရမယ်…"

"ကိုချို ပြောတဲ့အတိုင်း စဉ်းတော့စဉ်းစားရမှာပဲ…"

"စဉ်းစားရုံတွင် မဟုတ်ဘူး၊ အိမ်ထောင်ပြုဖို့လည်း တကယ်ဆုံးဖြတ်လိုက်ပါ။ ဒီလိုပြောနေတာက အကြောင်းရှိပါတယ်…"

"ဘယ်လို အကြောင်းရှိတာလဲ…"ဟု ဆရာညွန့်က သိလိုဇောဖြင့် မေး၏။

"ဆရာညွန့်မှာ မိဘတွေလည်း မရှိတော့ဘူး၊ ယောက္ခမတွေလည်း မရှိတော့ဘူး၊ တစ်ကောင်ကြွက် တစ်မျက်နှာ မျက်နှာငယ်နဲ့ နေရတယ် မဟုတ်လား၊ ဒီတော့ ဒို့လိုရပ်ဆွေရပ်မျိုး မိတ်ဟောင်းဆွေဟောင်းတွေကမှ ဂရုမစိုက်ရင် ဘယ်သူက ဂရုစိုက်မှာလဲ…၊ ဒါကြောင့် ဒို့က ဆရာညွန့်အတွက် ဒီလောက် ပြောဆိုနေတာပါ။ နောက်ပြီးတော့ အိမ်ထောင်ပြုလိုက်ရင် ချက်ပြုတ်ကျွေးမွေးမဲ့သူလည်း ရတာပေါ့။ အခုတော့ ကိုယ့်ဟာကိုယ် ချက်စားနေရတယ် မဟုတ်လား…"

"ဟုတ်ပါတယ်…"

"အဲဒါကြောင့် ပြောတာပေါ့၊ အိမ်ထောင်ပြုလိုက်ရင် ဆရာညွန့်အတွက် အစစအရာရာ ကောင်းသွားမယ်။ မဝိုင်းကလည်း ဒါတွေကိုတွေးမိလို့ သူသေသွားရင် အိမ်ထောင်ပြုပါလို့ အတန်တန် မှာခဲ့တာပေါ့…၊ ဒီတော့ သွားလေသူ မဝိုင်းစကားကိုလည်း နားထောင်ရာ ရောက်အောင်

ဆရာညွန့်လည်း စိတ်ချမ်းသာရအောင် မြန်မြန်သာ အိမ်ထောင်ပြုလိုက်ပေတော့…”

“အိမ်ထောင်ပြုဖို့ ဆိုတာကတော့ ဟုတ်ပါရဲ့၊ အိမ်ထောင်ဖက်မိန်းကလေး ရွေးဖို့က မလွယ်ဘူးဗျ…”

“လွယ်ပါတယ် မောင်ရာ…ဝေးဝေးလံလံ ရှာဖွေနေဖို့ မလိုပါဘူး၊ မအေးကြည် အရှိသားပဲ…။ မအေးကြည်ကို ဆရာညွန့် သဘောကျရဲ့ မဟုတ်လား…”

“အသက်ချင်း ကွာလှတယ်ဗျာ…၊ ကျွန်တော်ကအခု အသက်လေးဆယ်ထဲ ရောက်နေပြီ…မအေးကြည်က အသက်နှစ်ဆယ်လောက်ပဲရှိဦးမှာ…”

“အေးလေ…အသက်ငယ်လေ…ကောင်းလေပေါ့ကွ…မဝိုင်းကလည်း မှာခဲ့တယ် မဟုတ်လား၊ ဒီတစ်ခါ မိန်းမယူရင် အသက်ငယ်ငယ်ယူပါလို့…”

“ဟုတ်တော့ ဟုတ်ပါရဲ့…သို့ပေမဲ့ အသက်ချင်း သိပ်ကွာနေတော့ မအေးကြည်က ကျွန်တော့်ကို ယူချင်မှယူမှာ…”

“ဒါတွေတွေးပြီး ပူမနေစမ်းပါနဲ့ ဆရာညွန့်ရယ်…ဒီကိစ္စအတွက် ကိုယ့်တာဝန်ထားပါ။ အမှန်အတိုင်း ဖွင့်ပြောရရင်တော့ မအေးကြည်ကို ပြချင်လို့ ဆရာညွန့်ကို ဒီအလှူခေါ်ခဲ့တာပဲ…”

“ဟင်…ဟုတ်လား…”ဟု ဆရာညွန့်က အံ့သြသံဖြင့် မေးလိုက်သည်။

“ဟုတ်တာပေါ့…၊ ဆရာညွန့် စိတ်မချမ်းမသာ ဖြစ်နေတာ ကြည့်မှ မကြည့်နိုင်ပဲကိုး…”

“မအေးကြည်က ကျွန်တော့်ကို ကြိုက်ချင်မှ ကြိုက်မှာ…အသက်ချင်း သိပ်ကွာနေတယ် မဟုတ်လား…”

“လာပြန်ပြီလား ဒီအသက်၊ ယောကျ်ားမောင်ပဋ္ဌင်း မိန်းမပုခက်တွင်း ဆိုတဲ့ စကားရှိတယ် မဟုတ်လား။ ဆရာညွန့်က မအေးကြည်ထက် အသက်ကြီးပေမယ့် ဆရာညွန့်မှာ လေးစားလောက်တဲ့ ဂုဏ်ထူးဝိသေသတွေ အများကြီးရှိတယ်။ လက်သမား၊ ပန်းရံ၊ ပန်းပဲ၊ ပန်းပု စုံနေအောင် တတ်တယ်။ သမားတော်လည်း ဖြစ်နေတယ်။ ဆယ့်နှစ်မှု မင်းတိုင်းလွတ်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ နည်းတဲ့ပုဂ္ဂိုလ် မဟုတ်ဘူး။ ဈေးခေါင်းကြီးလည်း ဟုတ်သေး

တယ်၊ ငွေကြေးလည်း ပြည့်စုံတယ်။ ကိုင်း…မအေကြည် မကြိုက်ဘဲ နေပါတော့မလား…"

"သူကကြိုက်ရင် ကောင်းသားပေါ့…"

"ဒီအတွက် မပူနဲ့…ကိုယ်ဆောင်ရွက်ပေးမယ်…ဆရာညွှန့်သာ ယတိပြတ် ဆုံးဖြတ်ထား…"

စကားတပြောပြောဖြင့် လာခဲ့ကြရာ အောင်ပန်းမြို့ထဲသို့ ရောက်လာသဖြင့် လူခွဲကာ ကိုယ့်အိမ်သို့ ကိုယ်သွားကြသည်။

○

(၄၃)

လဆုတ်(၃)ရက်နေ့တွင် ဆရာညွန့်သည် မဝိုင်း၏အုတ်ဂူသို့ ရောက်လာ၏။

"အစ်မဝိုင်းရေ…အစ်မဝိုင်း သေခါနီး မှာသွားတဲ့အတိုင်း ကျွန်တော်လုပ်ပါရစေတော့နော်"

ယင်းသို့ မောင်ညွှန့် ပန်ကြားကာ အုတ်ဂူမှ ပြန်ခဲ့သည်။

ထို့နောက် ရက်အနည်းငယ်အတွင်းပင် မောင်ညွှန့်ထံသို့ ကိုချို ရောက်လာ၏။

"ကိုင်း…ဆရာညွန့်၊ စိတ်အေးအေးသာ နေပေတော့…၊ မအေးကြည်မိဘတွေက မငြင်းကြပါဘူး၊ မအေးကြည်ကလည်း ဆရာညွန့်ကို သဘောကျပါတယ်၊ ဒီတော့ လူကြီးစုံရာနဲ့ ကြောင်းလမ်းစေ့စပ်လှည့်ပါတဲ့…"

"ဒီကိစ္စအတွက်လည်း ကိုချိုကိုပဲ အားကိုးပါရစေဗျာ…"ဟု ဆရာညွန့်က ဆိုသည်။

"အားကိုးရပါတယ်…စိတ်သာချ…၊ ဆရာညွန့် စိတ်ချမ်းသာဖို့ ကိစ္စကို ကိုယ်ကတော့ အစအဆုံး ဆောင်ရွက်ပေးမှာပါပဲ…"

ကိုချိုသည် ပြောသည့်အတိုင်းပင် ဆောင်ရွက်၏။ ဆရာညွန့်ရင်းနှီးသော လူကြီးသူကြီးများကို ခေါ်ဆောင်ကာ ကျောက်တန်းရွာသို့ သွားကြလျက် ဆရာညွန့်နှင့် မအေးကြည်တို့ စေ့စပ်ကြောင်းလမ်းကြသည်။ မင်္ဂလာဆောင်မည့် နေ့ကောင်းရက်သာကိုလည်း ရွေးချယ်ကြ၏။

မင်္ဂလာဆောင်မည့်ရက် နီးလာလေလေ ဆရာညွန့်မှာ စိတ်ကောင်းလိုက် စိတ်မကောင်းလိုက် ဖြစ်လေလေ ဖြစ်နေ၏။ မအေးကြည်ကို တွေးမိသောအခါ ကြည်နူးနှစ်သိမ့်သွား၏။ မပိုင်းကို တွေးမိပြန်သောအခါတွင်ကား ဝမ်းနည်းလှိုက်လှဲကာ မျက်ရည်ပင် ဝဲ၍လာသည်။

လဆုတ်(၃)ရက်နေ့ ရောက်လာပြန်သဖြင့် မပိုင်း၏အုတ်ဂူသို့ ဆရာညွန့် ရောက်သွားပြန်၏။

"အစ်မပိုင်းရေ...ကျွန်တော် မိန်းမယူတော့မလို့...၊ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့...ခွင့်လွှတ်ပါနော်"ဟု ဆရာညွန့်က တောင်းပန်တိုးလျှိုးပြုပြန်သည်။

မင်္ဂလာဆောင်မည့်နေ့သို့ ရောက်သောအခါ မပိုင်းနှင့် မင်္ဂလာဆောင်စဉ်ကကဲ့သို့ပင် ပြုရ၏။ အောင်ပန်းမြို့နှင့် ကျောက်တန်းရွာမှာ တစ်တိုင်ခွဲခန့်ဝေးသဖြင့် လှည်းများဖြင့် သွားကြကာ လက်ဖက်တောင်းမင်္ဂလာပွဲကျင်းပ၏။ ဆရာညွန့်နှင့် မအေးကြည်တို့က မအေးကြည်၏ မိဘနှစ်ပါးဖြစ်သော ဦးဖိုးမှူး အရီးအုံးတို့ကို ကန်တော့ကြ၏။ ထိုကိစ္စပြီးလျှင် ကွမ်းဆေးလက်ဖက်ဖြင့် ကျွေးမွေးဧည့်ခံသည်။

တစ်ဖန် လှည်းများဖြင့်ပင် အောင်ပန်းမြို့သို့ လာခဲ့ကြကာ သတို့သမီးအပ်သည့် အခမ်းအနားကိုပြု၏။ ဆရာညွန့်သည် ငွေကြေးပြည့်စုံသူဖြစ်ရာ ဆန်လေးတင်းချက်ဖြင့် ကြီးကြီးကျယ်ကျယ် ကျွေးမွေးဧည့်ခံလေသည်။

မင်္ဂလာဆောင်ပြီးသည့်ညတွင်ကား ဆရာညွန့်တို့အိမ်မှာ တိတ်ဆိတ်ငြိမ်သက်၍နေ၏။ မအေးကြည်မှာ အိပ်ရာသို့ဝင်ပြီဖြစ်၏။

ဆရာညွန့်ကား တိတ်ဆိတ်သော အိမ်အတွင်းမှာ တစ်ယောက်တည်းလိုဖြစ်ကာ ယောင်လည်လည်ဖြင့် စိတ်ချောက်ချား၍ နေ၏။ မပိုင်းကို မြင်ယောင်၍ နေသည်။ မပိုင်းသည် တစ်နေရာမှ မိမိကို ကြည့်နေလေရော့သလားဟုပင် တွေးထင်တုန်လှုပ်နေသည်။

အတော်ညဉ့်နက်ပြီဖြစ်သဖြင့် အတွင်းခန်းသို့ ဆရာညွန့် ဝင်သွား၏။ ခေါင်းမြီးခြုံကာ ငြိမ်သက်တိတ်ဆိတ်နေသော မအေးကြည်ကို မြင်ရသည်။

မပိုင်းနှင့် မင်္ဂလာဆောင်ပြီးစညက ဤကဲ့သို့ပင် မပိုင်း ခေါင်းမြီးခြုံ၍ အိပ်နေသည်ကို ပြန်လည်သတိရကာ မြင်ယောင်လာ၏။ ခေါင်းမြီးခြုံထဲတွင် အိပ်နေသူမှာ မပိုင်းပင် ဖြစ်ပါစေတော့ဟု မောင်ညွန့် တောင့်တမိသည်။

ဟိုယခင်က မပိုင်း ဤသို့ခေါင်းမြီးခြုံအိပ်နေစဉ်တွင် ဆရာညွန့်သည် ငယ်စဉ်ကာလက မပိုင်းနှင့်အတူ အိပ်စက်ခဲ့ရသည်များကို သတိရကာ…

"အစ်မပိုင်း…ကျွန်တော်အိပ်ချင်လှပြီဗျာ…"ဟု ဆိုကာ မပိုင်း၏ စောင်ခြုံထဲသို့ အတင်းတိုးဝင် အိပ်စက်ခဲ့၏။

ယခုမူကား မပိုင်း မဟုတ်သဖြင့် မည်သို့ ပြောရပါမည်နည်း။

မောင်ညွန့်သည် အကြံခက်ကာ မအေးကြည်၏ ခေါင်းမြီးခြုံအနီးတွင် အတန်ကြာအောင် တွေတွေကြီး ရပ်ကြည့်နေမိလေသည်။

○

# (၄၄)

လဆုတ်(၃)ရက်နေ့တိုင်း ဆရာညွန့်သည် မဝိုင်း၏ အုတ်ဂူသို့သွားမြဲဖြစ်သည့် ဝတ္တရားကိုကား မည်သည့်အခါမျှ မပြတ်ပေ။

ဤတစ်ကြိမ် လဆုတ်(၃)ရက်နေ့ အသွားတွင်ကား ဆရာညွန့်၏ တိုင်ကြားပြောဆိုပုံမှာ တစ်မျိုးဖြစ်နေ၏။

"အစ်မဝိုင်းရေ…ကျွန်တော်တော့ အစ်မဝိုင်းစကားအတိုင်း မိန်းမယူပြီးပြီ။ သို့ပေမဲ့ အစ်မဝိုင်းနဲ့အတူ နေရတာလောက်တော့ မပျော်ဘူး…အစ်မဝိုင်းရဲ့…"

ပျော်သည်ဖြစ်စေ၊ မပျော်သည်ဖြစ်စေ…ဆရာညွန့်မှာ မအေးကြည်နှင့် အတူနေသည်ဖြစ်ရာ လင်သားရှိသော အမျိုးသမီးတို့ ဓမ္မတာအတိုင်း မအေးကြည်မှာ ကိုယ်ဝန်ရှိလာလေသည်။

"မတော်တဆ မဝိုင်း မွေးတုန်းကလို မွေးပြီး ကလေးအဖတ်မတင်ရင်တော့…ဒုက္ခပဲ…"

ယင်းသို့ ဆရာညွန့်တွေးကာ ပူပန်သောက ရောက်ရပြန်သည်။ ဆရာညွန့်အတွက်ကား မယားမရှိပြန်တော့လည်း ဒုက္ခ၊ မယားရှိပြန်တော့လည်းဒုက္ခ၊ ဒုက္ခနှင့်ပဲ မကင်းနိုင်ချေတကား။ ပုထုဇဉ်လူသား ဆရာညွန့်သည် ပုထုဇဉ်တို့၏ ခံရမြဲဒုက္ခကို ခံနေရခြင်းသာတည်း။

မအေးကြည်၏ ကိုယ်ဝန်မှာ တဖြည်းဖြည့် ရင့်လာ၏။

နောက်ဆုံးတွင်ကား မဝိုင်းကဲ့သို့ပင် မွေးဖွားရန် အချိန်ကျရောက်လာလေသည်။

မဝိုင်းမွေးစဉ်က ဆရာညွန့်သည် အခန်းပြင်ဘက်မှ အသည်းတထိတ်ထိတ်ရင်တဖိုဖိုဖြင့် နေရသလို ယခုလည်း သည်းထိတ်ရင်ဖို့ရပြန်သည်။

"ဘုရား...ဘုရား...မဝိုင်း ဖြစ်တုန်းကလို မဖြစ်ပါစေနဲ့..."ဟု ဆရာညွန့် အတန်တန် ဆုတောင်းနေမိ၏။

မအေးကြည်သည် တစ်နေ့လုံး ဝမ်းနာနေ၏။ မမွေးသေး။

မအေးကြည်၏ ညည်းသံ ညူသံ အော်သံ ဟစ်သံများကို ဆရာညွန့် ကြားနေရကာ မိမိကိုယ်တိုင် ဝေဒနာခံစားနေရသည်ထက် ဆိုးရွားသော စိတ်ဝေဒနာတစ်မျိုးကို ခံစားနေရ၏။

နေ့အချိန် ကုန်လွန်ပြီးနောက် ညအချိန်သို့ပင် ရောက်လာပေပြီ။ မအေးကြည်ကား အော်တုန်းဟစ်တုန်း၊ ဝမ်းဆွဲနှင့် အခြားမိန်းမကြီးများလည်း နိုပ်တုန်းနယ်တုန်း။

မဝိုင်း မွေးစဉ်က ဝမ်းဆွဲကြီးမှာ အရီးစာဖြစ်သည်။ ယခုမူကား မဝိုင်းလည်း မရှိတော့။ အရီးစာလည်း ကွယ်လွန်ပြီ။ မဝိုင်း မွေးစဉ်ကအနီးတွင် အားပေးကြသည့် အရီးစုံနှင့် အရီးနန်းကြာတို့လည်း တစ်ယောက်မျှ မရှိတော့... မဝိုင်းကို အားပေးကြသည့် အိမ်နီးချင်း မိန်းမကြီးများလည်း အားလုံးသေပျောက်ကုန်ကြပေပြီ။

ယခု မအေးကြည်ကို မျက်နှာမြင်ပေးသည့် ဝမ်းဆွဲမှာ အရီးစာ၏ သမီး မဥ ဖြစ်သည်။ မအေးကြည်ကို အားပေးနေကြသူများမှာလည်း ယခင်က မဝိုင်းကို အားပေးကြသူ မိန်းမကြီးများ၏ သမီးတွေ တူမတွေသာလျှင် ဖြစ်သည်။

ယခင်က မဝိုင်း၏ ညည်းညူအော်ဟစ်သံကို နားစွင့်ကာ စိတ်မချမ်းသာ ဖြစ်ကြသူများမှာ ဆရာညွန့် တစ်ယောက်တည်းမဟုတ်။ ဆရာခေါင်နှင့် ဦးမာလာတို့လည်း ပါကြသည်။

ယခု မအေးကြည်၏ အော်ဟစ်သံကို နားစွင့်ကာ စိတ်မကောင်း ဖြစ်နေရသူကား ဆရာညွန့် တစ်ယောက်တည်းသာ ဖြစ်သည်။

နှစ်တွေနှောင်းလျက် ခေတ်တွေပြောင်းကာ လူဟောင်းတွေနေရာတွင် လူသစ်များ ဝင်ရောက်လာကြပြီ ဖြစ်သော်လည်း ဆရာညွန့်မှာ နှစ်နှောင်း၊ ခေတ်ပြောင်းသော်လည်း ကျန်မြဲကျန်လျက်ရှိသည်။

ယင်းသဘောတရားတို့ကို ဆရာညွန့် တွေးမိကာ သံဝေဂလည်း ဖြစ်မိသည်။

ကျယ်လောင်သော ကလေးငိုသံကို ဆရာညွန့် ကြားလိုက်ရာ ရင်တွင်းမှာ အေးသွား၏။ "ဟင်း"ခနဲ သက်ပြင်းကြီး မှုတ်ထုတ်လိုက်သည်။ ခေါင်းပေါ်က ဝန်ထုပ်ကြီးတစ်ထုပ် ကျသွားသယောင် ထင်မိ၏။

"ဘာကလေးလဲ…ဘာကလေးလဲ…"ဟု ဆရာညွန့်က အော်၍မေးလိုက်၏။

"မိန်းမကလေး…"ဟု အတွင်းခန်းမှ မိန်းမတစ်ယောက်၏ အော်ဟစ်ပြောလိုက်သံကို ဆရာညွန့် ကြားရသည်။

ဆရာညွန့်သည် ပေါ့ပါးသွက်လက်စွာဖြင့် ထိုင်ရာမှထကာ အိမ်၏ အရှေ့ဘက် ပြတင်းတစ်ပေါက်ကို ဖွင့်လှစ်ကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

ဝိုင်းစက်ကြည်လင်သော လပြည့်ဝန်းသည် ကောင်းကင်တွင် ထိန်ထိန်သာ၍ နေသည်။ လပြည့်နေ့ညတည်း။

ဆရာညွန့် ငယ်စဉ်အခါက ပွဲကြည့်ရာတွင် ဇာတ်မင်းသားဆိုသည့် သီချင်းတစ်ပုဒ်ကို ဆရာညွန့် နှုတ်တက်ရထားရာ ထိုသီချင်းကို သံနေသံထားဖြင့် သီဆိုလိုက်သည်။

"ဆန်းတဆယ့်ငါးရက်ဆီ၊ နေရီရီဖန်ရောင်ပပါလို့၊ ဖိုးရွှေလထိန်ထိန်သာတော့၊ ရွှေမျက်နှာ နှစ်ကိုယ်ဆုံရအောင်၊ ငွေယုန်ကို မိတ်ဆွေဖွဲ့ပါလို့၊ လှမ်းခဲ့မယ် ယဉ်ကေပွင့်ရယ်၊ ခင်ခင့်မောင်လာချိန်နီးပြီမို့၊ ကြိုဆီးတော်မူတော့ကွယ်…"

ဆရာညွန့်သည် သီချင်းဆိုရင်း မပိုင်းကို မြင်ယောင်လာသည်။ မပိုင်းအား သီဆိုပြနေသည်ဟုလည်း ထင်မိသည်။

"ဩော်…ငွေယုန်…ငွေယုန်…"

ဆရာညွန့်သည် ထိန်လင်းစွာ သာနေသည့် လမင်းကိုကြည့်ကာ ဆွဲဆွဲငင်ငင် ညည်းညူလိုက်၏။

"ငါ့သမီးလေးကို ငွေယုန်ဆိုတဲ့ နာမည်မှည့်ရရင် ကောင်းမှာပဲ…"ဟု ဆရာညွန့် စိတ်ကူးပေါက်သွားသည်။

ကလေးမျက်နှာမြင်ပြီးနောက် လဆုတ်သုံးရက်ရောက်လာသည့်နေ့တွင် ဆရာညွန့်သည် လစဉ်သွားမြဲဖြစ်သည့် သုသာန်သို့သွားကာ မဝိုင်း၏ အုတ်ဂူကိုကြည့်ရင်း တမ်းတတိုင်တည်ရှာသည်။

"အစ်မဝိုင်းရေ…ကျွန်တော် အစ်မဝိုင်းစကား နားထောင်ပြီး မိန်းမယူလို့ သမီးကလေးတစ်ယောက် ရနေပြီဗျ…၊ သမီးကလေးကို ငွေယုန်လို့ နာမည်မှည့်တယ် အစ်မဝိုင်းရဲ့…"

○

## (၄၅)

သမီးလေးရလာသော ဆရာညွန့်သည် အာရုံသစ်တစ်မျိုး တိုးလာ၏။ သမီးလေးကို ပွေ့ချီယုယနေရစဉ်တွင် စိတ်ကြည်နူးချမ်းမြသည်။ သို့သော် ဤသမီးကလေးသည် မဝိုင်းကမွေးသည့် သမီးကလေး ဖြစ်ပါလျှင် အတိုင်း ထက်အလွန် ကောင်းလိမ့်မည်ဟု ဆရာညွန့် တွေးမိကာ စိတ်မကောင်းဖြစ် ပြန်သည်။

ဆရာညွန့်သည် မယားဖြစ်သူ မအေးကြည်ကို တွေ့မြင်ရသောအခါ တွင်လည်းကောင်း၊ သမီးကလေး ငွေယုန်ကို တွေ့မြင်ရသောအခါတွင်လည်း ကောင်း၊ စိတ်ကြည်နူးမိသော်လည်း တဒင်္ဂပဟာန် ကြည်နူးမှုသာတည်း။ ဆရာညွန့်၏စိတ်သည် မဝိုင်း၏ထံသို့သာ ရောက်၍ ရောက်၍ သွား၏။ ထိုအခါတွင် မဝိုင်းကို မျက်စိထဲတွင် ကွက်ကွက်ကွင်းကွင်း ပေါ်လာကာ...

"အစ်မဝိုင်းရေ... အစ်မဝိုင်းကို ကျွန်တော် ဘယ်တော့မှ မမေ့ပါ ဘူးဗျာ..."ဟု ဝမ်းနည်းလှိုက်လှဲသံဖြင့် ညည်းညူတတ်မြဲသာလျှင်ဖြစ်သည်။

သမီးကလေးငွေယုန် ငါးနှစ်သမီးအရွယ်သို့ ရောက်လာသောအခါ ဆရာညွန့်သည် ငွေယုန်ကို ကျောင်းတွင်အပ်နှံရန်အတွက် ငွေယုန်၏မိခင် မအေးကြည်နှင့် တိုင်ပင်သည်။

"မအေးကြည်ရေ...သမီးကလေးကို ကျောင်းထားကြစို့...."ဟု ဆရာညွန့်က ပြော၏။

"ငယ်ပါသေးတယ်ရှင်…ခုမှ ငါးနှစ်ပဲ ရှိပါသေးတယ်…မထားပါနဲ့ဦး…"ဟု မအေးကြည်က ကန့်ကွက်သည်။

"ငယ်ငယ်က ကျောင်းထားမှ ကြာကြာပညာသင်ရပြီး ပညာများများတတ်မှာကွ…"ဟု ဆရာညွန့်က ရှင်းပြသည်။

"ဘယ်ကျောင်းမှာ ထားမှာတုံး…"

"ခရစ်ယာန်သာသနာပြုကျောင်းမှာ ထားမယ်ကွဲတယ်…"

"အမယ်လေး…ခရစ်ယာန်ကျောင်းတော့ မထားပါနဲ့ရှင်…၊ မိစ္ဆာဒိဋ္ဌိကျောင်းမှာထားလို့ ကျွန်မတို့သမီးကလေး ငရဲကြီးနေပါဦးမယ်…"ဟု မအေးကြည်က ပြုံးတုံးပျာတာဖြင့် ပြော၏။

"ဖြစ်ပုံက ဒီလိုဟေ့…"ဟု ဆရာညွန့်က အစချီကာ မအေးကြည်ကို ရှင်းပြသည်။ "သမီးကလေးကို ကျောင်းထားဖို့အတွက် ဘယ်ကျောင်းမှာထားရပါ့မလဲလို့ ငါလည်း အမျိုးမျိုးကြံတယ်။ ကျောင်းတွေရဲ့အခြေအနေကိုလည်း စုံစမ်းမေးမြန်းကြည့်တယ်။ ဒို့မြို့မှာ အစိုးရကျောင်းလည်းရှိတယ်…ခရစ်ယာန်သာသနာပြုကျောင်းလည်းရှိတယ်…"

"အစိုးရကျောင်းဆိုတာက စော်ဘွားကျောင်း မဟုတ်လား…"ဟု မအေးကြည်က မေး၏။

"ဟုတ်တယ်…အရင်ကတော့ စော်ဘွားကြီးက တည်ထောင်ပြီး စော်ဘွားကြီး ငွေတော်ထဲက ကျောင်းဆရာတွေကို လခပေးတယ်၊ အခုတော့ အင်္ဂလိပ်အစိုးရက ဆရာတွေကို လခပေးတဲ့အတွက် အစိုးရကျောင်းဖြစ်သွားတာပေါ့ကွာ…၊ အဲ…ဒို့မြို့မှာ ခရစ်ယန်ကျောင်းလည်းရှိတော့ ခရစ်ယာန်ကျောင်းမှာ သမီးကလေးကို ထားမယ်ကွဲတယ်…"

"ခရစ်ယာန်ကျောင်းတော့ မထားပါနဲ့ရှင်…"ဟု မအေးကြည်က ကန့်ကွက်ပြန်၏။

"ခရစ်ယာန်ကျောင်းမှာ ထားချင်တာကတော့ အကြောင်းထူးရှိလို့ကွ…မင်းလည်း ကြားဖူးမှာပေါ့…တောင်ကြီးမြို့မှာဆိုရင် စော်ဘွားကြီးတွေရဲ့ သားသမီးတွေသာ နေရတဲ့ စော်ဘွားကျောင်းရှိတယ်။ နောက်ပြီးတော့ ခရစ်ယာန်သာသနာပြုကျောင်းတွေလည်း ရှိတယ်။ ခရစ်ယာန်ကျောင်းတွေမှာ ကျောင်းနေစရိတ်ကြီးတော့ ဆင်းရဲသား သားသမီးတွေ မထားနိုင်ဘူး။

အရာရှိ အထူးရှိ သားသမီးတွေ ငွေရည်တတ် ကြေးရည်တတ်သားသမီးတွေသာ ထားနိုင်တယ်၊ ကလောမြို့မှာလည်း ခရစ်ယာန်ကျောင်းတွေရှိတာပဲ။ ငွေကြေးပြည့်စုံတဲ့ လူတွေရဲ့ သားသမီးတွေသာ ထားနိုင်တယ်...၊ ဆင်းရဲသား သားသမီးတွေ မထားနိုင်ဘူး..."

"ဟုတ်ပါပြီလေ...ကျွန်မတို့မြို့မှာတော့ အစိုးရကျောင်းလည်းရှိတယ်။ ခရစ်ယာန်ကျောင်းလည်း ရှိတယ်။ ဒီတော့ ကျွန်မတို့သမီးကလေးကို အစိုးရကျောင်းမှာပဲ ထားပေါ့...ခရစ်ယာန်ကျောင်းတော့ မထားပါနဲ့ရှင်..."ဟု မအေးကြည်က ထပ်၍ ကန့်ကွက်ပြန်သည်။

"ခရစ်ယာန်ကျောင်း ထားချင်တာက ဒီလိုကြောင့်ပေါ့... ခရစ်ယာန်ကျောင်းက အင်္ဂလိပ်စာကို ဂရုတစိုက်သင်ပေးတယ်၊ ခရစ်ယာန်ကျောင်းက ကျောင်းသားတွေဟာ အင်္ဂလိပ်စကားပြောလိုက်တာမှ ရွှတ်လို့ကွ...ဘွတ်..." ရွှတ်...ပေါ့ကွာ...ငါတော့ နားမလည်ပါဘူး..."

"ကျွန်မတို့ ခနွေတွေဟာ ဗမာစကားပြောနေတဲ့ ဗမာတွေပဲရှင်... အင်္ဂလိပ်စကား ပြောတတ်ဖို့ မလိုပါဘူး..."

"ဒီလိုမဟုတ်ဘူးလေကွာ...ခေတ်က အင်္ဂလိပ်ခေတ်ကိုးကွ...အင်္ဂလိပ်လူမျိုးတွေက တို့ကို စိုးမိုးအုပ်ချုပ် မင်းလုပ်နေတဲ့ အင်္ဂလိပ်ခေတ်ဆိုတော့ ရာဇာပမာန် ဆိုတဲ့စကားအတိုင်းပဲ၊ အစိုးရလုပ်နေတဲ့ လူတွေရဲ့စာက တန်ဖိုးရှိတယ်၊ အစိုးရလုပ်နေတဲ့ အင်္ဂလိပ်တွေရဲ့စကားကိုတတ်မှ အရာရာ မျက်နှာပွင့်လန်းတယ်ပေါ့ကွာ...ဒီဟာတွေကို သိကြလို့သာ အရာရှိသားသမီးတွေ ပစ္စည်းပြည့်စုံတဲ့လူတွေရဲ့ သားသမီးတွေကို ခရစ်ယာန်ကျောင်းတွေမှာ ထားကြတာပေါ့၊ ဒီတော့ တို့ သမီးကလေးကိုလည်း ခရစ်ယာန်ကျောင်းမှာပဲ ထားမယ်ကွာ..."

"ခရစ်ယာန်ကျောင်းမှာထားရင် ကျွန်မတို့သမီးကလေးဟာ မိစ္ဆာဒိဋ္ဌိ ခရစ်ယာန် ဖြစ်သွားတော့မှာပေါ့ရှင်..."ဟု မအေးကြည်က စိတ်မချမ်းမြေ့သံဖြင့် ပြောလိုက်သည်။

"မင်းထင်သလို မဖြစ်နိုင်ပါဘူးကွယ်...စိတ်ချပါ၊ တို့ခနွေတွေ၊ ရှမ်းတွေဟာ ဗုဒ္ဓဘာသာကို အရိုးစွဲအောင် ယုံကြည်နေကြတဲ့ လူမျိုးတွေပါ။ တို့အရပ်တွေမှာကြည့် ကျောင်းကန်ဘုရားတွေ မှိုလိုပေါက်နေပါတယ်။

တောင်တန်းတွေပေါ် တောင်ကုန်းတွေပေါ်ကို ကြည့်ဦးမလား၊ စေတီတော် ဖြူဖြူဖွေးဖွေးတွေဟာ လက်ညှိုးထိုးလို့ မလွဲဘူးလို့ ဆိုရမတတ်ဘဲ။ ဒီလောက် ဗုဒ္ဓဘာသာ သာသနာ ထွန်းကားနေတဲ့နယ်က လူမျိုးတွေဟာ ဘာသာကွဲ ခရစ်ယာန် မဖြစ်နိုင်ဘူး။ အေး…ခရစ်ယာန်ကျောင်းက ဆရာတွေက ထင် ချင်ထင်မယ်ပေါ့လေ…သူတို့သိမ်းသွင်းလို့ ခရစ်ယာန်ဖြစ်ချင် ဖြစ်ကြမယ် လို့၊ သို့ပေမဲ့ ဗုဒ္ဓဘာသာအရိုးစွဲနေတဲ့ တို့ခနတွေ ရှမ်းတွေကတော့ သူတို့ ထင်တိုင်း ဘယ်နည်းနဲ့မှ မဖြစ်ပါဘူး…"

"ဒါလည်း…ရှင့်အထင်ကိုး…"ဟု မအေးကြည်က ပြောလိုက်၏။

"ဟုတ်တယ်လေ…ငါ့အထင်ပဲ…သို့ပေမဲ့ ငါ့အထင် မမှားဘူးဆိုတာ စုံစမ်းမေးမြန်းကြည့်လို့ သိပြီးသားပါ။ တောင်ကြီးမြို့မှာ ခရစ်ယာန်ကျောင်း တွေ အများကြီးရှိတယ်။ ကျောင်းသားတွေလည်း အများကြီးပဲ။ ခရစ်ယာန် ဖြစ်ကုန်ကြတယ်လို့ မကြားဖူးပါဘူး။ အေး…တစ်ယောက်တလေတော့ ရှိချင် ရှိမှာပေါ့…ကလောမှာလည်း ခရစ်ယာန်ကျောင်း ရှိပေမယ့်…ကျောင်းသား တွေ ခရစ်ယာန် ဖြစ်ကုန်ကြတယ်လို့ မကြားရပါဘူး။ ဒီတော့ တို့သမီးက လေးလည်း ဘာပြုလို့ ခရစ်ယာန်ဖြစ်ရမှာလဲကွ…မိဘတွေအပေါ်မှာ တည် တာပဲ။ ဒီတော့ မကြည်…ငါတို့သမီးကလေး အင်္ဂလိပ်စာ အင်္ဂလိပ်စကား တတ်အောင် ခရစ်ယာန်ကျောင်းမှာပဲ ထားမယ်နော်…မင်းက ကန့်ကွက်မနေ စမ်းပါနဲ့…"ဟု ဆရာညွန့်က နောက်ဆုံးစကား ပြောလိုက်လေသည်။

ဆရာညွန့်သည် တစ်ဦးတည်းသော သမီးကလေး ငွေယုန်ကို ခရစ် ယာန်သာသနာပြုကျောင်းတွင် အပ်နှံသည်။ ဝက်စလီယံကျောင်းဟု ခေါ်ကြ ၏။ ဝက်စလီယံကျောင်းမှာ ဆရာညွန့်တို့နေသည့် လက်ပံပင်ရပ်ကွက်၏ အနောက်ဘက်ရှိ ရှာငံရပ်ကွက်ထဲတွင်ဖြစ်ရာ ဆရာညွန့်တို့အိမ်နှင့် မဝေးလှ ပေ။

စက်ဝလီယံကျောင်း၏ ထုံးစံအတိုင်း ငွေယုန်မှာ အင်္ကျီဖြူကလေး နှင့် လုံချည်ပြာကလေး ဝတ်ရ၏။ ကျောင်းသွားခါနီးတွင် မိခင်ဖြစ်သူ မအေးကြည်က ငွေယုန်ကို သနပ်ခါးဖွေးလောက်အောင် လူးပေးသည်။ ဆံပင် ကို ဆီရွှဲရွှဲလူး၍ ဆံထုံးချောချောကလေး ထုံးပေးသည်။ ဆံရစ်ကလေးကို ဝိုင်းနေအောင် ညီနေအောင် ကတ်ကြေးဖြင့် ညှပ်ပေးသည်။ ဆံထုံးတွင်

နှင်းဆီပွင့်ကြီးတစ်ပွင့် ပန်ပေးလိုက်၏။

ဆရာညွှန့်သည် ငွေယုန်ကို ကျောင်းရောက်အောင် လိုက်ပို့၏။ ကျောင်းလွှတ်ချိန်တွင်ညီး ဆရာညွှန့်ပင် သွား၍ကြိုသည်။

ဆရာညွှန့်ကား သမီးကလေး၏ ပညာရေးအတွက် ဝမ်းသာနေသည်။ ဆရာညွှန့် ဘာကိုပဲလုပ်လုပ် မဝိုင်းကိုကား တိုင်တည်အသိပေးတတ်သည်။

လဆုတ်(၃)ရက်နေ့တိုင်သောအခါ ဆရာညွှန့်သည် မဝိုင်း၏အုတ်ဂူသို့ ရောက်သွားပြန်၏။

"အစ်မဝိုင်းရေ…ကျွန်တော့်သမီးကလေး ငွေယုန်ကို ကျောင်းထားပြီးပြီဗျ…၊ သမီးကလေးက ကြော့လို့ မော့လို့၊ အစ်မဝိုင်း မြင်စေချင်စမ်းပါဘိတော့ဗျာ…"

ဆရာညွှန့်သည် ပြောရင်း မျက်ရည်ကျရှာသည်။

○

# (၄၆)

တစ်နေ့တွင် ဆရာညွန့်၏အိမ်သို့ ဆရာဦးစိန်နှစ် ရောက်၍လာ၏။ ဦးစိန်နှစ်ကား မော်လမြိုင်နယ်သား ဗမာလူမျိုးဖြစ်သည်။ ဦးစိန်နှစ်သည် အောင်ပန်းမြို့သို့ ရောက်လာကာ စော်ဘွားကျောင်းတွင် ဆရာကြီးလုပ်၏။ ထို့နောက် စော်ဘွားကျောင်းသည် အစိုးရကျောင်း ဖြစ်လာသောအခါတွင်လည်း ဦးစိန်နှစ်သည်ပင် ဆရာကြီးဖြစ်သည်။

ဦးစိန်နှစ်သည် ကျောင်းသားများကို ပညာသင်ပေးသည်သာမက အောင်ပန်းမြို့သူမြို့သား ရှမ်း၊ ဓနု၊ တောင်ရိုး၊ တောင်သူလူမျိုးတို့ကိုလည်း ဗဟုသုတပေးသူဖြစ်သည်။

ဦးစိန်နှစ်ကား ရန်ကုန်မြို့၊ မန္တလေးမြို့၌ ထုတ်လေသမျှ၊ ထွက်လေသမျှ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း၊ စာအုပ်စာတမ်းတိုင်းလိုလို မှာထားကာ အမြဲတမ်းဖတ်ရှုသူဖြစ်သည်။ ဦးစိန်နှစ်၏အိမ်မှာ စာကြည့်တိုက်တမျှ စာအုပ်စုံလင်လှပေသည်။ ထိုစာအုပ်တို့ကို ဖတ်ရှုလိုသူတို့အား ငှားရမ်းဖတ်ရှုစေသည်။ စာဖတ်ဝါသနာမပါသိုကုပင်လျှင် စာဖတ်ဝါသနာပါလာအောင် တိုက်တွန်းကာ သင့်လျော်သော စာအုပ်များကို ဖတ်ရှုစေရန်ပေးသည်။

ဦးစိန်နှစ်သည် ဆရာညွန့်ထံသို့ ရောက်လာကာ "ဟောဒီမှာ ဆရာညွန့် ဖတ်ဖို့ စာအုပ်တစ်အုပ် ကျွန်တော် ယူလာပါတယ်။ ဖတ်ဖြစ်အောင်ဖတ်ပါ။

ဖတ်ထိုက်တဲ့ စာအုပ်ပါ။ ဖတ်ရင် အကျိုးရှိမဲ့စာအုပ်ပါ"ဟု ပြောပြီး စာအုပ်ကို ဆရာညွန့်အား ပေး၏။

"ဘာစာအုပ်တုံး…"ဟု ဆရာညွန့်က စာအုပ်ကို ကောက်ယူကာ မေး၏။

"ကျေးလက်တောရွာပြုပြင်ရေးစာအုပ်ပါ။ ကျွန်တော်တို့ တောသူတောသား တောင်သူလယ်သမားတွေ သိသင့်သိထိုက်တဲ့ အကြောင်းအရာတွေ ပါပါတယ်။ တောင်သူလယ်သမားတွေအတွက် ပြုပြင်စရာ၊ ဆင်ခြင်စရာ၊ ဆောင်ရွက်စရာ ကိစ္စတွေလည်း ပါပါတယ်"

ဆရာညွန့်သည် ဦးစိန်နှစ်ပေးသည့် စာအုပ်ကို လှန်လှောကြည့်ရှုရင်း "ကျွန်တော် ဖတ်ပါ့မယ်။ ဖတ်ပြီးတော့ ဆောင်ရွက်စရာရှိတာကိုလည်း ဆောင်ရွက်ပါ့မယ်။ ကျွန်တော်တို့ တောင်သူလယ်သမားတွေကိုလည်း တစ်ဆင့် ပြောပြပါ့မယ်…"ဟု စိတ်အားထက်သန်စွာ ပြော၏။

"ဆရာညွန့်သမီးလေးကို ဘာပြုလို့ခရစ်ယာန်ကျောင်းမှာ ထားတာတုံး"ဟု ဆရာဦးစိန်နှစ်က မေး၏။

"အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ ခေတ်ဖြစ်တော့ အင်္ဂလိပ်စာကို တန်ဖိုးထားကြတယ် မဟုတ်လား။ ဒီတော့ ကျွန်တော့် သမီးကလေးကိုလည်း အင်္ဂလိပ်စာ တတ်ပါစေတော့လို့ ခရစ်ယာန်ကျောင်းမှာ ထားတာပါ"ဟု ဆရာညွန့်က ရှင်းပြသည်။

"သင်္ခါရဆိုတဲ့ ပြုပြင်ပြောင်းလဲမှုဟာ အရာရာတိုင်းမှာ ဖြစ်တတ်ပါတယ်။ ခေတ်ဆိုတာလည်း တစ်နေ့နေ့မှာ သင်္ခါရဖြစ်တာပါပဲ။ ကျွန်တော်တို့ ဗမာပြည်မှာ ရှင်ဘုရင်တွေဟာ နှစ်ပေါင်း ထောင်ချီကြာအောင် အုပ်စိုးခဲ့ကြပါတယ်။ တစ်နေ့ကျတော့ ရှင်ဘုရင်အုပ်စိုးတဲ့ခေတ်ဟာ သင်္ခါရဖြစ်သွားပြီး အင်္ဂလိပ်အုပ်ချုပ်တဲ့ခေတ် ရောက်လာပါတယ်။ ကိုယ့်လူမျိုးရှင်ဘုရင်တွေ အုပ်ချုပ်နေတဲ့ ဘုရင်ခေတ်တောင်ဆိတ်သုဉ်းသွားသေးရင် လူမျိုးကွဲ အင်္ဂလိပ်အုပ်ချုပ်နေတဲ့ ခေတ်ကော တစ်နေ့နေ့မှာ ဆိတ်သုဉ်းမသွားနိုင်ပေဘူးလား"

ဦးစိန်နှစ်က ဖြည်းလေးနက်နဲ့စွာပြောသည့်စကားကို ဆရာညွန့် နားစိုက်၍ထောင်ကာ လေးလေးနက်နက် စဉ်းစားနေသည်။ စိတ်ဝင်စားခြင်းလည်း ဖြစ်သည်။

"ဒါထက် တလောက ဆရာကြီးတို့တစ်စု ဆော်ဩပြီး 'အလင်းရောင်စာကြည့်တိုက်'ဖွင့်တယ်လို့ ကြားလိုက်ရပါတယ်...၊ အင်မတန်ကောင်းပါတယ်၊ ကျွန်တော်တို့အရပ်မှာ ဒီလိုလုပ်ငန်းမျိုး တစ်ခါမှမလုပ်ဖူးကြပါဘူး..." ဟု ဆရာညွန့်က စိတ်အားထက်သန်စွာပြော၏။

"ဆရာညွန့်လည်း သိတဲ့အတိုင်းပဲ၊ ရှမ်းပြည်ကို အင်္ဂလိပ်အစိုးရက သီးခြားခွဲပြီး အုပ်ချုပ်တယ်၊ ဗမာပြည်နဲ့ ရှမ်းပြည်ဟာ တစ်တိုင်းတစ်နိုင်ငံလို ဖြစ်နေတယ်၊ ဗမာပြည်က ဗမာလူမျိုးတွေ ရှမ်းပြည်လာဖို့ဟာ မလွယ်ဘူး၊ ကျွန်တော်တောင်မှ ဒီအရပ်ကိုရောက်အောင် မနည်းကြိုးစည်ကြိုးစားလာရတယ်၊ နောက်ပြီးတော့ ရှမ်းပြည်မှာနေတဲ့ လူတွေ နိုင်ငံရေးမျက်စိပွင့်ကုန်ကြမှာ အင်္ဂလိပ်က အလွန်စိုးရိမ်တယ်၊ နိုင်ငံရေးမျက်စိမပွင့်အောင် လုပ်ထားတယ်၊ ဒါကြောင့် ကျွန်တော်တို့က'အလင်းရောင်စာကြည့်တိုက်'ဖွင့်ပြီး စာပေဗဟုသုတ နိုင်ငံရေးဗဟုသုတ ရကြအောင် ကြိုးစားကြတာပါ၊ ကျွန်တော်တို့ အောင်ပန်းမြို့တွင် မဟုတ်ပါဘူး၊ ရှမ်းပြည်မှာရှိတဲ့ မြို့ကြီးတိုင်းလိုလို အလင်းရောင်စာကြည့်တိုက်တွေ ဖွင့်ထားပါတယ်၊ စာဖတ်ပြီး စာထဲက ဗဟုသုတလည်း ရကြပါတယ်...၊ အချင်းချင်းလည်း တိုင်ပင်ဆွေးနွေးပြီး ဗဟုသုတ ဖလှယ်ကြပါတယ်၊ ခေတ်လည်းပြောင်းဖို့ အချိန်နီးနေပါပြီ၊ အနောက်နိုင်ငံမှာ စစ်ကြီးဖြစ်မယ် တကဲကဲဖြစ်နေပါတယ်..."

"ဟင်...ဟုတ်လား...၊ ဘယ်သူနဲ့ ဘယ်သူ စစ်ဖြစ်ကြမှာတုံး..." ဟု ဆရာညွန့်က အံ့ဩသံဖြင့် မေးလိုက်၏။

"အင်္ဂလိပ်နဲ့ ဂျာမနီ စစ်ဖြစ်ကြတော့မယ် တကဲကဲ ဖြစ်နေပါတယ်၊ တကယ်လို့ စစ်ကြီးဖြစ်လာရင် ကျွန်တော်တို့ဗမာပြည် လွတ်လပ်ရေးအတွက် မျှော်လင့်ချက်တွေ အများကြီးပေါ်လာနိုင်ပါတယ်..."

"ဟင်...ဗမာပြည်လွတ်လပ်ရေး...ဟုတ်လား..."

ဆရာညွန့်က တအံ့တဩပြောလိုက်သည်။ ဆရာညွန့်သည် ဗမာပြည်လွတ်လပ်ရေးအတွက် တစ်ခါမျှမတွေးဖူး၊ မကြံဖူး၊ သတိမရဘူးချေ။ တောသူတောင်သားတို့ဘဝ ဝမ်းရေးဖူလုံမှုအတွက်သာ ကုန်းရုန်းလုပ်ကိုင် ရှာဖွေဝမ်းကျောင်းနေရသူဖြစ်ရာ မိမိတို့အား စိုးမိုးအုပ်ချုပ်မင်းလုပ်နေသူများသည်

မိမိတို့နှင့်မဆိုင်၊ အကြောင်းအားလျော်စွာ ဖြစ်လာကြသူများဟူ၍သာ အမှတ်မဲ့တွေးလျက် အမှတ်မဲ့နေခဲ့ခြင်း ဖြစ်သည်။

ဆရာကြီးဦးစိန်နှစ်က အစဖော်ပေးသောခါတွင်မှ နိုင်ငံရေးကို စိတ်ဝင်စားလာကာ "ဆရာကြီးတို့ အလင်းရောင်စာကြည့်တိုက်ကို ကျွန်တော်လာပါဦးမယ်"ဟု ဆရာညွှန့်က ပြောလိုက်သည်။

ဆရာညွှန့်သည် အလင်းရောင်စာကြည့်တိုက်သို့ နေ့စဉ်သွားကာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်စာတမ်းများကို စိတ်ဝင်စားစွာဖတ်သည်။ ဤဖတ်ဖွယ်ရာစာစောင်၊ စာအုပ်များကို ရှေးယခင် ဆရာညွှန့် မဖတ်ခဲ့ဘူး၊ ဖတ်ဖူးရန်လည်း အကြောင်းမညီညွတ်ခဲ့၊ ယခုမူကား ဆရာညွှန့်နှင့်တကွ မြို့သူမြို့သားအပေါင်းတို့ စာပေဗဟုသုတနှင့် နိုင်ငံရေးဗဟုသုတရကြစေရန် အလင်းရောင်စာကြည့်တိုက်က စီမံဖန်တီးပေးလိုက်လေပြီ။

အလင်းရောင်စာကြည့်တိုက်များကား ရှမ်းပြည်ရှိ မြို့တိုင်းလိုလိုတွင်ပင် အလျှိုအလျှို တည်ထောင်ဖွင့်လှစ်ကြသည်။ ရှမ်း, ဓနု အင်းသားစသည့် ရှမ်းပြည်ဘွား ပညာတတ်လူငယ်များ ဦးဆောင်ကာ ဖွင့်လှစ်သည့်စာကြည့် တိုက်များဖြစ်သည်။

ဆရာညွှန့်ကဲ့သို့ပင် အခြား ရှမ်း၊ ဓနု၊ တောင်ရိုး၊ တောင်သူ၊ အင်းသား စသည်များလည်း အလင်းရောင်စာကြည့်တိုက်၏ ကျေးဇူးကြောင့် ပစ္စက္ခနိုင်ငံရေး ဗဟုသုတရကြသည်။ ဗမာပြည်တွင် ဘာတွေဖြစ်နေကြသည်ကို သတင်းစား၊ ဂျာနယ် စသည်တို့ကို ဖတ်ခြင်းဖြင့် သိမြင်ကြရလေသည်။

၁၃၀၀ ပြည့်နှစ် ရေနံမြေအလုပ်သမား အရေးတော်ပုံကြီးအကြောင်းကို ရှမ်းပြည်နေ လူထုတို့ သိကြရသည်။ ၁၉၃၈ ခုနှစ် ကျောင်းသားအရေးတော်ပုံ ကိစ္စကိုလည်း ဖတ်ရှုကြရသည်။ ဗိုလ်အောင်ကျော်ကျဆုံးသည့်သတင်းကို ဖတ်ကြရကာ စိတ်မကောင်းဖြစ်ကြသည်။ ရှမ်းပြည်နေလူထု စိတ်အဝင်စားဆုံးသတင်းကား အင်္ဂလိပ်နှင့် ဂျာမနီတို့ စစ်ဖြစ်နေပြီဟူသော သတင်းတည်း။

ဆရာညွှန့်သည် ထိုသတင်းကို သတင်းစာတွင် ဖတ်ရသည်နှင့်တစ်ပြိုင်နက် အိမ်ပေါက်စေ့လိုလို လှည့်လည်ကာ ပြောသည်။ တွေ့သမျှလူအပေါင်းကိုလည်း ပြောပြ၏။

စစ်သတင်းကို သိလိုဖတ်လိုကြသည့်အတွက် အလင်းရောင်စာကြည့်တိုက်တွင် လူစည်ကား၍နေသည်။ စစ်သတင်းကိုသာလျှင်မက အခြားသတင်းများကိုလည်း ဖတ်ကြသည်။ အခြားစာအုပ်စာတမ်းများကိုလည်း ဖတ်ကြားသည်။

ရှမ်းပြည်နေ လူထုတို့ကား ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ခါနီးသောအခါတွင်မှ နိုင်ငံရေးမျက်စိ စတင်ပွင့်လာသည်ဟု ဆိုနိုင်၏။ ယင်းသို့ နိုင်ငံရေးမျက်စိ စတင်ပွင့်လာခြင်း၏ အကြောင်းရင်းကြီးကား ရှမ်း၊ ခနေ၊ အင်းသားစသည့် ရှမ်းပြည်ဖွား ပညာတတ်လူငယ်များက ကမ္ဘကတပြကာ အလင်းရောင်စာကြည့်တိုက်များကို အမြို့မြို့တွင် ဖွင့်လှစ်ပေးခြင်း၏ ကျေးဇူးကြောင့်ပင်ဖြစ်သတည်း။

○

# (၄၇)

ဆရာညွန့်ကား အသက် ၄၉ နှစ်အရွယ်သို့ရောက်ခဲ့လျက် တစ်ဦးတည်းသောသမီးကလေး ငွေယုန်မှာ ကိုးနှစ်ရွယ်သို့ ရောက်လာပေပြီ။

မပိုင်း ကွယ်လွန်သည်မှာ ၁၁ နှစ်ကြာခဲ့ပြီဖြစ်၏။ ယင်းသည့် ၁၁ နှစ်မျှသော ကာလအတွင်းတွင် ဆရာညွန့်သည် လဆုတ် ၃ ရက်နေ့တိုင်း မပိုင်း၏အုတ်ဂူသို့ သွားမြဲဖြစ်လျက် မပိုင်းကို လွမ်းဆွတ်တသမြဲသာလျှင် ဖြစ်သည်။

ယနေ့လည်း လဆုတ် ၃ ရက်နေ့ ကြုံသဖြင့် မပိုင်း၏အုတ်ဂူသို့ သွားသည်။ အုတ်ဂူမှ ပြန်ခဲ့၍ အိမ်သို့အရောက်တွင် မပိုင်းကို ပိုမိုသတိရစိတ် ပြင်းထန်နေသည်။

မပိုင်းနှင့် အတူနေခဲ့ကြသည့် နှစ်ဆောင်ပြိုင်အိမ်ကြီးကား ဟိန်းလျက်၊ ပျဉ်ထောင် ပျဉ်ခင်း၊ ပျဉ်မိုး ရောမအိမ်ကြီးဖြစ်သည်။

အိမ်ပေါ်ရှိ အသုံးအဆောင်များကို ဆရာညွန့် မျက်တောင်မခတ် ငေးစိုက်ကာ ကြည့်နေမိသည်။ ပစ္စည်းများကား စုံလှစွာ၏။ အလှူအတန်း ရှိလျှင် မိမိကိုယ်တိုင်သုံးရန်နှင့် သူတစ်ပါးအားငှားရန် ရွှေထီးလေးလက်၊ ထီးဖြူလေးလက် စိုက်ထောင်ထားသည်မှာ ကြည့်၍ တင့်တယ်လှသည်။ ဆိုင်းပစ္စည်းအစုံအလင်လည်း ရှိသေးသည်။ မပိုင်းရှိစဉ်က မပိုင်းကိုယ်တိုင် ချုပ်သည့် အပ်ချုပ်စက်တစ်လုံးမှာလည်း ရှေးယခင် မပိုင်း ရှိစဉ်ကကဲ့သို့ပင် လက်ရာ ခြေရာမပျက်ဘဲထားသည်။ အဝတ်အစား အသုံးအဆောင် ပန်းကန်

ခွက်ယောက် စသည်များထည့်ထားသည့် ဗီရိုကြီးများ၊ သေတ္တာကြီးများက လည်း အစီအရီ၊ ထိုဗီရို ထိုသေတ္တာကြီးများမှာ မဝိုင်းရှိစဉ်က မဝိုင်းအတွက် ဆရာညွန့် အထူးတလည် ပြုလုပ်ပေးသည့် ပရိဘောဂများဖြစ်သည်။

အိမ်ဝင်းထဲရှိ နွားခြံထဲတွင် နွားခုနစ်ကောင်ရှိသည်။ ခြောက်ကောင်ကား ခိုင်းနွားဖြစ်လျက် တစ်ကောင်မှာ မဝိုင်းအတွက် အထိမ်းအမှတ်ထားသော နွားအိုကြီးဖြစ်သည်။

မဝိုင်းရှိစဉ်က မဝိုင်းနှင့်အတူ လှည်းစီးကြရာတွင် လှည်းတပ်၍မောင်းခဲ့သော နွားများအနက် နွားအိုကြီးတစ်ကောင်သာလျှင် မသေမပျောက် ကျန်နေသေးရာ နွားအိုကြီးကိုမြင်တိုင်း ဆရာညွန့်သည် ရှေးဖြစ်ဟောင်းတို့ကို သတိရသည်။ ရှေးဖြစ်ဟောင်းတို့ကို သတိရစေရန်အတွက်ပင် ဤနွားအိုကြီးကို တယုတယ ကျွေးမွေးစောင့်ရှောက်ခဲ့သည်။

ထို့ပြင် အိမ့်နောက်ဘက်တွင် လှည်းနှစ်စီးရှိ၏။ လှည်းတစ်စီးမှာ လိုလျှင်သုံးရန် လှည်းဖြစ်လျက် တစ်စီးကာ ရှေးဟောင်းနှောင်းဖြစ်ကို သတိရစေသည့်လှည်းတည်း။ မဝိုင်းနှင့်အတူ သာစည်သို့သွားကာ အာလူးရောင်းခဲ့ကြစဉ်က ဤလှည်းကိုပင် အသုံးပြုသည်။ မဝိုင်းနှင့် ဟိုဟိုသည်သည် ခရီးထွက်စရာရှိလျှင်လည်း ဤလှည်းပေါ်တွင်ပင် နှစ်ယောက်အတူစီးခဲ့ကြသည်။ မဝိုင်း ကွယ်လွန်သွားသောအခါတွင် ဤလှည်းကို မသုံးတော့ဘဲ မဝိုင်းကို သတိရသည့်အထိမ်းအမှတ်အဖြစ်ဖြင့် တရိုတသေသိမ်းထားသည်။

ဆရာညွန့်သည် အိမ်ပေါ်မှ ပစ္စည်းများကို ကြည့်သည်။ အိမ်နောက်ဘက်မှ နွားအိုကြီးနှင့် လှည်းဟောင်းကြီးကိုလည်း ကြည့်သည်။ ယင်းသို့ကြည့်ရင်း ရှေးဟောင်းနှောင်းဖြစ်တွေသည် တရိပ်ရိပ်ပေါ်လာသည်။

"အစ်မဝိုင်းရေ...အစ်မဝိုင်း ပစ္စည်းတွေကို ကြည့်လှည့်ပါဦးဗျ..."

"မီး...မီး...မီးလောင်းနေတယ်ဗျို့"

ဆရာညွန့်ပြောစကားနှင့် တစ်စုံတစ်ယောက်က အော်လိုက်သံသည် တစ်ဆက်တည်းလို ပေါ်လာသည်။

"ဟဲ့...မီးလောင်နေသတဲ့...မအေးကြည်...သမီးကော..."

ဆရာညွန့်က ထိတ်ထိတ်ပျာပျာဖြင့် အော်ပြောလိုက်၏။ မအေးကြည်ရော ငွေယုန်ပါ ဆရာညွန့်ထံ ပြေးလာကြသည်။

"နီးသဟ . . .နီးသဟ . . . မြန်မြန်သိမ်း"

ဆရာညွန့်ရော မအေးကြည်ပါ အပြေးအလွှားသိမ်းဆည်း ထုပ်ပိုးကြသည်။ ငွေယုန်သည်ပင်လျှင် နီးရာပစ္စည်းကိုဆွဲကာ တစ်နေရာတွင်စုပုံထား၏။

မီးမှာ ဆရာညွန့်တို့အိမ်၏အနောက်ဘက် သုံးအိမ်ခြားအိမ်မှ စတင်လောင်ကျွမ်းရာ တစ်ခဏတွင်းမှာပင် ဆရာညွန့်တို့အိမ်နှင့် နှစ်အိမ်ခြားအိမ်သို့ ကူးစက်လောင်ကျွမ်းသည်။ မီး၏အပူအရှိန် အပူငွေ့ပင်လျှင် ဆရာညွန့်တို့အိမ်ဘက်သို့ဟပ်ကာ ပူလောင်နေ၏။

ဆရာညွန့်သည် ပစ်ချ၍ဖြစ်သည့် အထုပ်အပိုးတို့ကို အိမ်ပေါ်မှ ပစ်ချသည်။ ပစ်ချ၍မဖြစ်သော သေတ္တာ စသည်တို့ကို ထမ်း၍ချကာ လှည်းပေါ်တွင်တင်၏။ ပစ်ချထားသည့် အထုပ်အပိုးတို့ကိုလည်း လှည်းပေါ်တွင်တင်သည်။

"မြန်မြန်လုပ်ဟေ့ . . .မီးနီးလာပြီ . . ."

ဆရာညွန့်က ထုပ်ရင်းပိုးရင်း ပစ်ရင်း ခတ်ရင်း လှည်းပေါ်သို့တင်ရင်း အော်ဟစ်၏။

မီးသည် ဆရာညွန့်တို့အိမ်နှင့် တစ်အိမ်ခြားကို ကူးစက်လောင်နေလေပြီ။

ပြေးကြလွှားကြ၊ အော်ဟစ်ကြ၊ ငိုယိုကြသံများသည် ဆူပွက်၍နေ၏။

လှည်းပေါ်သို့ ပစ္စည်းအတော်ရောက်သည်နှင့် တစ်ပြိုင်နက် ဆရာညွန့်တို့အိမ်၏အနောက်ဘက်မှ မီးညွန့်မီးစွယ်သည် လေဟုန်ဖြင့် ပြန့်လွင့်ကာ ဆရာညွန့်တို့၏ အိမ်၏အရှေ့ဘက်အိမ်သို့ ကူးစက်ပြန်သည်။ မီးနှစ်ဖက်ညှပ်၍နေပြီတည်း။

"မအေးကြည် . . .လာဟေ့ . . .မသယ်နဲ့တော့ . . .လူတွေပါ မီးထဲပါကုန်လိမ့်မယ် . . ."

ဆရာညွန့်က ပြောပြောဆိုဆို မအေးကြည်ကို လက်ဆွဲလျက် ငွေယုန်ကိုချီကာ အိမ်ပေါ်မှဆင်းခဲ့သည်။ ငွေယုန်ကို လှည်းပေါ်သို့တင်ပြီး မအေးကြည်ကို လှည်းပေါ်သို့တက်စေကာ နွားနှစ်ကောင်ကို အမြန်တပ်၏။ အခြားခိုင်းနွားလေးကောင်နှင့် နွားအိုကြီးကို ကြိုးဖြေ၍ လွှတ်လိုက်သည်။

ဆရာညွန့်သည် လှည်းပေါ်သို့ခုန်တက်ကာ အပြေးစိုင်းနှင်ခဲ့သည်။

"အမယ်လေး...အကျိုးနည်းပါပြီ..."

ဆရာညွန့်က အော်ဟစ်ရင်း နွားကြိုးကိုဆွဲ၍ ရပ်လိုက်၏။

မီးမှာဝိုင်းဝိုင်းလည်၍ နေချေပြီ။ မီးလောင်သည့်အိမ်များမှ လွင့်စဉ်ကျလာသည့် အမိုးများ, ထရံများသည် လှည်းလမ်းကို ပိတ်ကာ မီးတောက်တန်ကြီးဖြစ်နေ၏။ လှည်းမထွက်နိုင်တော့ချေတကား။

ဆရာညွန့်သည် လှည်းပေါ်မှခုန်ဆင်းကာ နွားများကို ထမ်းပိုးမှ ဖြုတ်လွှတ်လိုက်သည်။

"မအေးကြည် မြန်မြန်ဆင်း...သမီးလာ..."

ဆရာညွန့်သည် သမီးကိုချီလျက် မယားကိုလက်ဆွဲကာ မီးလွတ်ရာ အကြိုအကြားမှ ကိုယ်လွတ်ရုန်းပြေးကြရတော့သည်။ ပစ္စည်းဟူ၍ ခါးဝတ်ခါးစားသာပါတော့သည်။

မီးနှင့်လွတ်ရာဝေးရာသို့ ရောက်ကြသောအခါ သားအမိသားအဖ သုံးယောက်တို့ရပ်ကာ မီးဘက်ဆီသို့ ငေးမျှော်ကြည့်ရှုနေကြ၏။

ဆရာညွန့်တို့၏ နှစ်ဆောင်ပြိုင်အိမ်ကြီးကား မီးဝါးမျိုခြင်း ခံနေရပြီကို မြင်ကြရသည်။ ဆရာညွန့်သည် မျက်ရည်တွေတွေကျနေ၏။ မအေးကြည်နှင့် ငွေယုန်တို့ကား တရှုပ်ရှုပ်ငိုနေကြသည်။

မီးတွေ...မီးတွေ...ဆရာညွန့်တို့ရပ်ကွက်ရှိ အိမ်ခြေ ၂၀ ခန့်သည် မီးဟုန်းဟုန်းတောက်၍ နေချေပြီ။

ပြေးကြ၊ လွှားကြ၊ အော်ကြ၊ ငိုကြဖြင့် အမင်္ဂလာမြင်ကွင်းများကို မြင်ကြရသည်။ အမင်္ဂလာအသံများကို ကြားကြရသည်။

"မထူးပါဘူးကွာ...သင်္ခါရချည်းပဲ...၊ လူလည်းသင်္ခါရ၊ ပစ္စည်းလည်း သင်္ခါရပဲ..."ဟု ဆရာညွန့်ကဆိုကာ မအေးကြည်နှင့် ငွေယုန်ကိုခေါ်လျက် မီးတောက်မီးလျှံတွေကို ကျောပေးလျှောက်ခဲ့ကြသည်။

ပျဉ်သာဘုရားအနီးရှိ ဇရပ်တစ်ခုအတွင်းသို့ဝင်လာ ဆရာညွန့်တို့ သုံးယောက်စတည်းချကြ၏။ ထိုဇရပ်အတွင်းမှာ မီးလောင်ခံရသည့် အိမ်များမှ မိသားစုတွေလည်း ရောက်နေကြ၏။ တစ်ယောက်ကိုတစ်ယောက် မချိသောမျက်နှာ၊ မျက်ရည်ဝဲသော မျက်လုံးများဖြင့် ကြည့်ကြသည်။

မီးကျ၍သွားချိန်တွင် ဆရာညွန့်တစ်ယောက်တည်း မီးလောင်ပြင်သို့ လျှောက်၍ကြည့်၏။ မိမိတို့၏အိမ်ကြီးမှာ ပြာပုံဖြစ်နေချေပြီ။ မဝိုင်း၏ အထိမ်းအမှတ်ထားသော လှည်းဟောင်းကြီးသည်ပင်လျှင် မီးလောင်ကျွမ်းသွားပြီဖြစ်၏။ ထို့အတူ ပစ္စည်းများတင်ထားသော လှည်းသည်လည်း ပြာဖြစ်၍ နေချေပြီ။

ဆရာညွန့်သည် နွားများကို လိုက်၍ရှာ၏။ ကြိုးဖြေ၍လွှတ်လိုက်သော ခိုင်းနွားလေးကောင်ကိုကား ပြန်တွေ့၏။ လှည်းတပ်သည့် နွာနှစ်ကောင်ကို လှည်းမှဖြုတ်၍ လွှတ်လိုက်သော်လည်း ထွက်ပေါက်မရသဖြင့် မီးဟပ်ကာ လဲနေသည်ကို တွေ့ရ၏။

မဝိုင်း၏အထိမ်းအမှတ် နွားအိုကြီးမှာလည်း တစ်နေရာတွင် လဲကာ အသက်ပျောက်၍နေသည်ကို တွေ့ရသည်။

ဆရာညွန့်နှင့်တကွ မီးလောင်ခံရသူ အိမ်ထောင် ၂၀ တို့ကား တစ်ခဏ အတွင်းမှာပင် ဘဝပြောင်း၍သွားသလို ဖြစ်ကြရသည်။ ကုန်းကောက်စရာ မရှိသောအခြေသို့ ရောက်ကြရ၏။

ဆရာညွန့်သည် မီးလောင်လွတ်သော နွားလေးကောင်ကို မောင်းကာ စတည်းချသည့် ဇရပ်သို့လာခဲ့၏။

"တခြားနွားတွေကော"ဟု မအေးကြည်က ဆီး၍မေးရာ ဆရာညွန့်သည် နှုတ်ဖြင့်မဖြေနိုင်ဘဲ ခေါင်းကိုသာခါယမ်း၍ပြ၏။ နှုတ်ဖြင့်ဖြေရန် ဆရာညွန့်မှာ အင်အားမရှိတော့သလို ဖြစ်နေသည်။

မီးလောင်ပြီးသည်နှင့်တစ်ပြိုင်နက်ပင် အလင်းရောင်စာကြည့်တိုက် အမှုဆောင်များက ဆော်ဩကာ စာကြည့်တိုက်တွင် အစည်းအဝေးကျင်းပ၏။ ရပ်ကွက်တိုင်းမှ အကြီးအကဲများ စုံညီရောက်ကြသည်။

မီးလောင်ခံရသူများကို လောလောဆယ်ကူညီရန် စီမံစိုင်းပြင်းကြ၏။ မီးလောင်ခံရသူများမှာ အိမ်ခြေ ၂၀ ခန့်၊ လူတစ်ရာကျော်ခန့်ဖြစ်ရာ ထိုသူများ အတွက် ထမင်းဟင်းကို ချက်ချင်း စုဆောင်းချက်ပြုတ်ကာ တည်းခိုစခန်း ချနေသည့် နေရာများသို့ လိုက်လံကျွေးမွေး၏။

ထို့ပြင် အဝတ်အစား၊ အသုံးအဆောင်၊ ငွေကြေးများ ကောက်ခံ စုဆောင်းကြကာ ဝေငှပေးသည်။

ထို့ပြင် နီးစပ်ရာ မိတ်ဆွေသင်္ဂဟများကလည်း ရင်းနှီးရာ ခင်မင်ရာ သူများကို ပစ္စည်းအသုံးအဆောင်များ ပေးကြ၏။

မီးလောင်ခံရသည့် ညတွင်ပင် ဆရာညွှန့်တို့မိသားစုမှာ ပစ္စည်း ပရိဘောဂ တော်တော် ပြည့်ပြည့်စုံစုံ ရပေပြီ။ အိပ်ရာ၊ စောင်၊ အဝတ်အစား၊ အိုး၊ ခွက်၊ ဆန်,ဆီ,ဆား၊ ငါးခြောက်၊ ငါးပိ စသည်ဖြင့် နေ့စဉ်သုံးရန် စားသောက်ရန် ပစ္စည်းများကို ရင်းနှီးသူများက လာရောက်ပေးပို့ကြသည်။

အချို့ကလည်း မိမိ၏အိမ်တွင် လာရောက်နေထိုင်ရန် ဆရာညွှန့်တို့ ကို ခေါ်ကြ၏။

ဆရာညွှန့်က "ဒီပျဉ်သာဇရပ်မှာပဲ နေဦးမယ်...၊ မကြာခင် မီးလောင် ပြင်မှာ အိမ်ပြန်ဆောက်မယ်၊ ပစ္စည်းတွေ အားလုံးဆုံးပေမယ့် စုဆောင်းထား တဲ့ ရွှေကလေး ငွေကလေးတော့ ပါပါသေးတယ်"ဟု ပြောပြ၏။ ဆရာညွှန့် တို့အိမ်ခြေ ၂၀ မီးလောင်ခံရပြီးနောက် ရက်အနည်းငယ် အတွင်းတွင်ပင် "အင်္ဂလိပ်နှင့်ဂျပန် စစ်တိုက်နေပြီ"ဟူသော သတင်းကို ကြားကြရသည်။ "မြွေပူရာ ကင်းမှောင့်"ဆိုသကဲ့သို့ မီးလောင်ခံရ၍ စိတ်မကောင်းဖြစ်နေကြ ရသည့်အထဲတွင် ထပ်ကာ စစ်သတင်းဆိုးကို ကြားရပြန်သည်။

လဆုတ် ၃ ရက်နေ့ ကြုံပြန်ပြီဖြစ်သဖြင့် ဆရာညွှန့်သည် မဝိုင်း၏ အုတ်ဂူသို့ ရောက်သွားပြန်၏။

"အစ်မဝိုင်းရေ...အစ်မဝိုင်းနဲ့ ကျွန်တော် ကြိုးကြိုးစားစား ရှာဖွေစု ဆောင်းထားတဲ့ ပစ္စည်းတွေတော့ မီးလောင်လို့ ထက်တက်ပြောင်ပြီဗျ... အစ်မဝိုင်းနဲ့အတူစီးတဲ့ လှည်းလည်း မီးထဲပါသွားပြီ၊ အစ်မဝိုင်း ရှိစဉ်က လှည်းတပ်မောင်းတဲ့ နွားအိုကြီးလည်း သေသွားပြီ၊ ကျွန်တော်တစ်ယောက်ပဲ ကျန်တော့တယ်...အစ်မဝိုင်းရဲ့...၊ ကျွန်တော်လည်း အစ်မဝိုင်းနောက် လိုက် ချင်လှပါပြီ။ မြန်မြန်ခေါ်လှည့်ပါတော့ အစ်မဝိုင်းရယ်..."

ဆရာညွှန့်သည် မျက်ရည်အသွယ်သွယ်ကျရင်း တမ်းတတိုင်တည်ရှာ သည်။

○

# (၄၈)

တစ်နေ့တွင် ဆရာညွှန့်တို့ တည်းခိုနေထိုင်ရာ ပျဉ်သာဇရပ်ထဲသို့ ကိုချစ် ရောက်လာ၏။

"ကျွန်တော် သာစည်မြို့ကို ရောက်ခဲ့တယ်၊ မဝိုင်းအမေလို့ပြောတာပဲ၊ အရီးအေးလှတဲ့၊ အဲဒီအဘွားကြီးနဲ့ တွေ့လို့ ဆရာညွှန့်အကြောင်းမေးတယ်၊ မဝိုင်းအကြောင်း ပြောပြောပြီး မျက်ရည်ကျတယ်၊ ဆရာညွှန့်တို့ မီးလောင်ခံရတဲ့အကြောင်းကို ကျွန်တော်က ပြောပြတော့ စုတ်တသတ်သတ်နဲ့ အဘွားကြီး တော်တော်စိတ်မကောင်းဖြစ်ရှာတယ်၊ ဆရာညွှန့်အတွက်တဲ့ ငွေတစ်ရာလည်း ပေးလိုက်တယ်၊ စာလည်းပေးလိုက်တယ်..."

ကိုချစ်က စုံလင်စွာ ပြောပြကာ အရီးအေးလှ ပေးလိုက်သည့် ငွေတစ်ရာနှင့် စာကို ဆရာညွှန့်အား ပေး၏။

ဆရာညွှန့်သည် စာကိုဖတ်ကြည့်သည်။

လူကလေး...

လူကလေးတို့ မီးလောင်ခံရကြောင်း သိရလို့...အမေ စိတ်မကောင်းပါဘူး၊ မျက်ရည်ကျမိတယ်၊ လူကလေးတို့ဆီ အမေလာခဲ့ချင်ပါရဲ့...၊ အမေလည်း အသက်ကြီးလာလို့ ကောင်းကောင်းမကျန်းမာဘူး၊ ဒါကြောင့် အမေ မလာနိုင်တာပါ။

အမေ့သမီး မဝိုင်းကိုတော့ အမေ ဘယ်တော့မှ မမေ့ပါဘူး။ အမေလည်း မဝိုင်းနောက်လိုက်ရဖို့ နီးနေပါပြီ။

လူကလေးအတွက် ငွေတစ်ရာ ပေးလိုက်တယ်၊ တစ်ခါတလေ လူကလေးလည်း အမေဆီ လာခဲ့ပါဦး၊ လူကလေးလာမှပဲ အမေတော့ လူကလေးနဲ့ တွေ့ရတော့မှာပါ။

အရီးအေးလှ။

ဆရာညွှန့် စာဖတ်ပြီးလျှင် ကိုချစ်က မေး၏။

"နေစမ်းပါဦး...အဲဒီ အရီးအေးလှနဲ့ ဘယ်တုန်းက သိကြတာတုန်း၊ မဝိုင်းကို သူက မွေးစားတယ်ဆိုတာ ဟုတ်သလား..."

"ဟုတ်တယ်ပဲ ပြောပါတော့ဗျာ...အစ်မဝိုင်းကို သူ့သမီးအရင်းနဲ့ မခြား ချစ်တယ်၊ အစ်မဝိုင်း မမာနေတုန်းက သူလာသေးတယ်၊ သူ့လက်ပေါ်မှာပဲ အစ်မဝိုင်း ဆုံးရှာတယ်၊ ငိုလိုက်တာ မပြောပါနဲ့တော့..."

"သိကြတာ ကြာပြီပေါ့နော်..."

"ဟုတ်ကဲ့...ကြာပါပြီ၊ မီးရထားလမ်းမဖောက်ခင်က ကျွန်တော်နဲ့ မဝိုင်း သာစည်ကိုလှည်းနဲ့သွားပြီး အာလူးရောင်းကြတုန်းကတည်းက သိကြတာပဲ...၊ သူ့သမီးနဲ့ တူတယ်ဆိုပြီး မဝိုင်းကို အင်မတန် ချစ်ရှာတယ်။ တယ်ပြီး စေတနာကောင်းတဲ့ အမယ်ကြီးပါပဲဗျာ"

"သူက မနေပဲလား"

"မနေ မဟုတ်ပါဘူး ဗမာပါ။ ဗမာနဲ့ နေဆိုတာကတော့ ခင်ဗျားသိတဲ့ အတိုင်း တမျိုးထဲ တစ်နွယ်ထဲဆိုတော့ ရုပ်ချင်းလည်း အင်မတန် တူသပေါ့ ဗျာ။ ဒီတော့ သူ့သမီးနဲ့ မဝိုင်းနဲ့ တူတယ်ဆိုတာလည်း ဟုတ်မှာပါပဲ။ ဒါထက် နေစမ်းပါဦး...၊ ခင်ဗျားနဲ့ ဒီအမယ်ကြီးနဲ့ သာစည်မှာ ဘယ်လို တွေ့ကြပုံတုန်း..."

"ကျွန်တော်က သာစည်ဈေးထဲက ဆိုင်တစ်ဆိုင်မှာ ဝယ်ခြမ်းနေတယ်၊ ဆိုင်ရှင်က မေးတယ်ဗျ...၊ ဘယ်အရပ်ကတုန်း...တဲ့။ ကျွန်တော်က အောင်ပန်းကလို့ပြောတော့ အဲဒီဆိုင်ရှင်က သူ့ဆိုင်နီးချင်းကို လှမ်းပြီး 'ဟောဒီမှာ အရီးအေးလှရေ့...ဟောဒီလူ အောင်ပန်းကတဲ့။ အရီးအေးလှ မကြာမကြာ ပြောပြောနေတဲ့ မဝိုင်းတို့မြို့ကရှင့်...'ဟု ပြောလိုက်တော့ ကျွန်တော့်ဆီကို ပျာပျာသလဲပြေးလာပြီး ခင်ဗျားတို့အကြောင်း မေးတော့တာပါပဲဗျာ..."

○

ထို့နောက် ရက်အနည်းငယ်ခန့်အကြာတွင် ကိုသုတသည် ဆရာညွန့် တည်းခိုနေထိုင်သည့် ဇရပ်သို့ ရောက်လာ၏။ ကိုသုတကား ဆရာညွန့်၏ တူဝမ်းကွဲတော်လျက် ပင်းတယတွင် နေသူဖြစ်သည်။

"ဦးလေးတို့မြို့မှာ မီးလောင်တဲ့အကြောင်းကြားတယ်၊ ဦးလေးတို့အိမ် ပါ,မပါ မသိလို့ စုံစမ်းကြည့်ရတယ်၊ ဦးလေးတို့အိမ် မီးထဲပါကြောင်း မနေ့ ကမှ သိရတယ်၊ အမေ စိတ်မကောင်းလွန်းလို့ မျက်ရည်နဲ့မျက်ခွက်ဖြစ်နေပါ တယ်၊ ဦးလေးတို့ကို ပင်းတယပါအောင် ခေါ်ခဲ့ပါတဲ့၊ ကျွန်တော် တစ်ခါတည်း မော်တော်ကား ခေါ်လာပါတယ်၊ ကိုင်း...ဦးလေးတို့ လိုက်ဖို့သာ ပြင်ကြပေ တော့"ဟု ကိုသုတက ပြော၏။

"ဦးလေးတော့ ကိုယ့်အိမ်နေရာမှာပဲ အိမ်ပြန်ဆောက်ပြီး နေတော့မယ် ကြံပါတယ်ကွာ..."ဟု ဆရာညွန့်က ပြောသည်။

"အိမ်ဆောက်တာက နောက်မှဆောက်ပေါ့ ဦးလေးရဲ့...ဂျပန်နဲ့ အင်္ဂလိပ် စစ်လည်းဖြစ်နေကြပြီ၊ တော်တော်ကြာရင် တိုက်ပွဲခိုက်ပွဲတွေဖြစ် ပြီး ပြေးရ လွှားရ ဖြစ်ချင်ဖြစ်ဦးမှာ၊ ဒီတော့ ဆွေမျိုးတစ်သိုက် စုဝေးနေရင် ကောင်းပါတယ်၊ အမေကလည်း ဦးလေးကို အင်မတန်တွေ့ချင်နေတယ်၊ အမေ လိုက်လာမလို့ဟာ ကောင်းကောင်းမမာလို့ မလိုက်နိုင်တာ၊ ဦးလေး အိမ်ဆောက်ဖို့က နောက်တော့မှ အခြေအနေကြည့်ဆောက်တာပေါ့၊ စစ် ကာလအတွင်းမှာ တိုက်ပွဲတွေဖြစ်ရင် အိမ်တွေလည်း မီးလောင်ချင်လောင် ကုန်တာ၊ ဒီတော့ အိမ်ဆောက်ဖို့ အရင်မလိုပါနဲ့ဦး၊ နှစ်ခါပြန် မီးလောင်ခံ နေရပါဦးမယ်..."

ဆရာညွန့်သည် ကိုသုတ၏စကားကို နားထောင်ကာ စဉ်းစားနေ သည်။ အစ်မတစ်ဝမ်းကွဲတော်သူ ဒေါ်ခိုင်နှင့် မတွေ့ရသည်မှာလည်း နှစ် ပရိစ္ဆေဒ ကြာညောင်းလှပြီ။ မတော်တဆ စစ်ကာလအတွင်းတွင် အသစ် ဆောက်သည့်အိမ်ကလေး မီးထဲပါသွားမည်ကိုလည်း စိုးရိမ်မိလေသည်။

ဆရာညွန့်သည် အတန်စဉ်းစားပြီးနောက် "လိုက်တာပေါ့လေ၊ ငါ့အစ်မ နဲ့ မတွေ့ရတာလည်းကြာလှပြီ...၊ မင်းမှာ မော်တော်ကားပါတယ်မဟုတ် လား..."ဟု မေး၏။

"ပါပါတယ်၊ ပြင်ကြ ဆင်ကြပေတော့...၊ အခုပဲ သွားမယ်..."

"အထူးပြင်စရာ မလိုလှပါဘူးကွယ်...၊ ပစ္စည်းလည်း များများစားစား ရှိတာမှ မဟုတ်ဘဲ...၊ သူပေးလူပေး ပစ္စည်းကလေး နည်းနည်းပါးပါး။ ကိုင်း...မအေးကြည်၊ ပင်းတယက ငါ့တူ လာခေါ်နေတယ်...လိုက်သွားကြရအောင်၊ ရှိတဲ့ပစ္စည်းကလေးတွေ ထုပ်ပိုးပေတော့..."ဟု ဆရာညွှန့်က မအေးကြည်ကို ပြောလိုက်သည်။

မအေးကြည်က ပစ္စည်းကလေးများကို ထုပ်ပိုးသည်။ ထိုအထုပ်အပိုးကလေးများကို ကိုသုတက မော်တော်ကားပေါ်သို့တင်၏။ ပစ္စည်းကလေးများတင်ပြီးကြသောအခါ မော်တော်ကားပေါ်သို့ အားလုံးတက်ကြလျက် မော်တော်ကား ထွက်ခဲ့လေသည်။

ငွေယုန်မှာ မော်တော်ကား မစီးစဖူးစီးရသဖြင့် ဝမ်းသာအားရဖြစ်နေ၏။

အောင်ပန်းနှင့် ပင်းတယမှာ ၂၄ မိုင်ဝေးသည်။ တောင်ကုန်းမြင့်မြင့်ကြီးများပေါ်တွင် ဖောက်လုပ်ထားသည့် ကွေ့ကွေ့ကောက်ကောက် လမ်းမျိုးမဟုတ်ပေ။ တောင်ကုန်းငယ်များကိုသာ ဖြတ်သန်းမောင်းနှင်ရသဖြင့် လမ်းညီလမ်းဖြောင့်တို့က များ၏။

ပွေးလှမြို့မှ ရှစ်မိုင်ကွာသော ပင်းတယမြို့သို့ ရောက်သောအခါ ဆရာညွှန့်သည် မြို့၏အနေအထားကို တအံ့တသြ ငေးမောကြည့်ရှုနေ၏။

"မင်းတို့မြို့က တယ်လှတဲ့မြို့ပါကလားကွ"ဟု ဆရာညွှန့်က တအံ့တသြပြောလိုက်သည်။

ဆရာညွှန့် ပြောမည်ဆိုက ပြောစရာပင်။ ဆရာညွှန့်တို့စီးလာသည့် မော်တော်ကားသည် ယင်းတယမြို့အရှေ့ဘက်ရှိ ရေကန်ကြီး၏ အရှေ့ဘက်မှ လမ်းပေါ်တွင် မောင်းလာသည်။ ဆရာညွှန့်သည် မော်တော်ကားပေါ်မှ လှမ်းကြည့်ရာ ကြီးမားကျယ်ဝန်းလှသော ရေကန်ကြီးကိုမြင်ရ၏။ ထိုရေကန်ကြီး၏ အနောက်ဘက် ဆင်ခြေလျော တောင်စောင်းတွင် ဆောက်လုပ်ထားသည့် တိုက်တာ နေအိမ်အဆောက်အအုံ အားလုံးတို့ကို အထင်းသား မြင်နေရသည်။ ထိုနေအိမ်အဆောက်အအုံတို့၏ အနောက်ဘက်တွင် ကစ်လျက် တောင်တန်းမြင့်မြင့်ကြီးက နောက်ခံကားသဖွယ် တည်နေ၏။ တောင်တန်း

ပေါ်တွင် သပ္ပာယ်လှစွာသော ဖြူဖြူဖွေးဖွေး စေတီပုထိုးတို့ကိုလည်း ဖူးမြင်ရသည်။

အထူးသဖြင့်ကား ရွှေဥမင်လိုဏ်ဂူအဝရှိ တန်ဆောင်းကြီးနှင့် စောင်းတန်းများကိုလည်းကောင်း၊ တန်းဆောင်းတစ်လျှောက်တွင် ပုလဲသွယ်ပမာ တန်း၍တည်ထားသည့် စေတီများကိုလည်းကောင်း ဖူးတွေ့ရပေရာ၊ ဆရာညွန့်သည် ဤရေကန်၊ ဤမြို့၊ ဤတောင်တန်း၊ ဤစေတီများကို မျက်တောင်မခတ် ငေးစိုက်ကာ ကြည့်ရှုနေသည်။

မြို့တွင်းသို့ မော်တော်ကားဝင်လာပြီးနောက် ကိုသုတတို့အိမ်ရှေ့တွင် ရပ်လိုက်သည်နှင့် တစ်ပြိုင်နက် ကိုသုတ၏မိခင် ဒေါ်ခိုင်က ဆီးကြို၏။

"မောင်ညွန့်တို့လာကြ...လာကြ...၊ တွေ့ရတာ ဝမ်းသာလိုက်တာကွယ်...၊ အစ်မကလည်း ကောင်းကောင်းမမာတော့ မလာနိုင်ဘူးကွယ်၊ မင်းတို့လာမှပဲ တွေ့ရမှာဆိုပြီး လူကလေးကို အခေါ်ခိုင်းရတာ..."

ဆရာညွန့်တို့သည် အိမ်ပေါ်သို့တက်ကြကာ နှစ်ပေါင်းများစွာက ကွဲကွာနေသည့် မောင်နှမနှစ်ယောက်သည် ရှေးဟောင်းနှောင်းဖြစ်တို့ကိုလည်းကောင်း၊ ဆရာညွန့်တို့ မီးလောင်ခံရသည့်အကြောင်းများကိုလည်းကောင်း မမောနိုင်ဘဲ ပြောဆိုနေကြလေသည်။

○

## (၄၉)

ကိုသုတအိမ်သို့ ဆရာညွန့်တို့ရောက်၍ လအနည်းငယ်ခန့် အကြာတွင် ပင်းတယတစ်မြို့လုံး လှုပ်လှုပ်ရှားရှားဖြစ်နေသည်။

ကိုသုတသည် အိမ်ထဲသို့ပြေးဝင်လာကာ "ဘယ်သူမှ အပြင်မထွက်ကြနဲ့၊ အိမ်ထဲမှာနေ...၊ တရုတ်စစ်သားတွေ ဒီမြို့ဆီကို လာနေကြပြီ"ဟု အလန့်တကြားပြော၏။

"ဟဲ့...ဘယ်လိုတုန်း...စစ်ဖြစ်တာက အင်္ဂလိပ်နဲ့ ဂျပန်ဆို...တရုတ်စစ်သားက ဘယ်ကရောက်လာတာတုံး"ဟု ဆရာညွန့်က တအံ့တသြမေးလိုက်၏။

"ဒီလို ဦးလေးရေ့...၊ တရုတ်က အင်္ဂလိပ်နဲ့ မဟာမိတ်ဖြစ်လို့ အင်္ဂလိပ်ဘက်က ကူတိုက်တယ်၊ အင်္ဂလိပ်တွေ အခြေမလှလို့ တရုတ်တွေလည်း တပ်ဆုတ်ပြေးရတာပေါ့၊ အဲဒီလို တပ်ဆုတ်ရင်း ကျွန်တော်တို့မြို့ကို ရောက်လာတာ၊ အိမ်ထဲက အိမ်ပြင်ကို ဘယ်သူမှမထွက်ကြနဲ့..."

ကိုသုတက ပြောပြောဆိုဆို အိမ်ပေါ်မှဆင်းမည်ပြုရာ ဒေါ်ခိုင်က "ဟဲ့...အမေတို့ကိုတော့ ပြောပြီး လူလေးကတော့ ဘယ်သွားမှာတုံး"ဟု အထိတ်တလန့်မေးလိုက်၏။

"ကျွန်တော်ကတော့ အခြေအနေကြည့်ရဦးမယ် အမေ...၊ လူမျိုးကွဲစစ်သားဆိုတော့ အခက်သားကလား၊ ကျွန်တော်တို့မြို့ကို ဒုက္ခမပေးအောင် တတ်နိုင်သမျှ စီစဉ်ရမှာပဲ..."

"ကြည့်လည်းလုပ်ပါ လူကလေးရယ်...၊ စစ်သားဆိုတော့ လက်နက်တွေပါလာမှာပေါ့၊ သူတို့စိတ်မထင်လို့ လူကလေးကို သတ်ဖြတ်ပစ်ပါဦးမယ်..."

"စိတ်ချပါအမေ...၊ ကျွန်တော်နားလည်ပါတယ်၊ ကျွန်တော်က တစ်ယောက်တည်းလုပ်မှာမဟုတ်ပါဘူး၊ ဒီမြို့က လူကြီးတွေနဲ့ တိုင်ပင်လုပ်မှာပါ..."

ကိုသုတက ပြောပြောဆိုဆို အိမ်ပေါ်မှ ဆင်းသွား၏။ ဒေါ်ခိုင်ကားသားအတွက် စိတ်မအေးနိုင်ဘဲ တထိတ်ထိတ်ဖြင့် ကျန်ရစ်ရှာသည်။

ပင်းတယမြို့မှ ဦးခွန်စော၊ ဦးမြသီ၊ ဦးစံဘ၊ ကိုထွန်းကြည်၊ ကိုချစ်ဖေလေး၊ ကိုသုတ စသည်တို့သည် တိုင်ပင်ကြကာ တရုတ်တပ်များ ရောက်အလာတွင် ကြံသကားကျွေးမွေးဧည့်ခံရန် စီစဉ်ကြသည်။

ကြံသကာပုတ်များကို သယ်ပိုးကြလျက် ဈေးတောင်ဘက် ဦးရွှေတောင်၏အိမ်တန်းလျားရှေ့တွင် တန်းစီချထားကာ စောင့်ကြိုနေကြသည်။

တရုတ်တပ်ကြီးလာနေပြီ။ ကန်ပေါင်ရိုး တာလမ်းမကြီးမှ တန်းစီ၍ဝင်လာကြ၏။ ရှေ့ဆုံးမှ စစ်သားများသည် ဘရင်းဂန်း၊ ရိုင်ဖယ်သေနတ်များကို မောင်းတင်၍ ချိန်ရွယ်ကာ ချီတက်လာကြ၏။ သူတို့အား ခုခံတိုက်ခိုက်မည့်သူ ရှိပါက ပြန်လည်တိုက်ခိုက်ရန် အသင့်ပြင်ဆင်လာကြခြင်းဖြစ်သည်။ မျက်နှာထားကြီးများကား တင်းမာခက်ထန်လျက်။

ပင်းတယမြို့သားတို့က သူတို့ကို မေတ္တာဖြင့် တိုက်ခိုက်လျက် ကြံသကာဖြင့် ခုခံလေသည်။ ဓနု ဗမာတို့၏ ပင်ကိုစိတ်ကောင်းစေတနာကောင်းကြောင့် ကျွေးမွေးခြင်းလည်းပါ၏။ လူမျိုးကွဲ စစ်သားတွေဖြစ်လေသောကြောင့် သောင်းကျန်းမှု ရမ်းကားမှုမပြုအောင် အချိုသတ်ခြင်းလည်းပါသည်။

တရုတ်တပ်ကြီးကား တပ်သားအရေအတွက် ရာပေါင်းများစွာတည်း။ ယင်းသည့်တပ်သားတို့ကို ကြံသကာ အစေ့အငဝေငှလိုက်သောအခါ အားရပါးရ စားသောက်ကြလျက် သူတို့၏ မျက်နှာမှာ ကြံသကာလိုချိုသွားသည်။ မောင်းတင်ကာ အသင့်ချိန်ရွယ်ထားကြသည့် သေနတ်များကိုလည်း မောင်းဖြုတ်လျက် ချိန်ရွယ်ခြင်းလည်း မပြုတော့ပေ။

တရုတ်တပ်သားကြီးသည် ပင်းတယမြို့ ဈေးအတွင်းမှာ စခန်းချကြ၏။ ဈေးအတွင်း ပြည့်လျှံအန်ထွက်နေသည်။ သူတို့တင် လက်နက်မျိုးစုံ ယာဉ်မျိုးစုံ ပါသည်သာမက ဆင်များပင် ပါလာသေး၏။ ထိုဆင်များကား ဗမာပြည်အတွင်း သစ်လုပ်ငန်း တစ်ခုခုမှ သိမ်းယူလာကြခြင်း ဖြစ်ပေလိမ့်မည်။

တရုတ်တပ်ကြီး ရောက်လာကြသည်မှာ ညနေစောင်းအချိန်ဖြစ်ရာ ဈေးထဲတွင် စခန်းချပြီးနောက် စစ်သားများသည် မြို့အတွင်းသို့ လှည့်လည်မွှေနှောက်ကြတော့၏။ အိမ်များပေါ်သို့တက်ကာ သူတို့ အလိုရှိသည့်ပစ္စည်းများကို ယူသွားကြသည်။ အိမ်ရှင်များက သူတို့ကိုကြောက်သဖြင့် ဘာကိုမျှ မပြောဝံ့။ အချို့အိမ်ရှင်များက မခံမရပ်နိုင်ဖြစ်ကာ ပြောဆို တားမြစ်လျှင် ရိုက်နှက်ထိုးကြိတ်၍ သွားကြ၏။ လူမျိုးကွဲစစ်သားတို့၏ အကျင့်ပေါ်ခြင်းတည်း။

ကန်ကြီး၏အရှေ့ဘက်မှ သေနတ်သံများ ကြားကြရာ တစ်မြို့လုံး ထိတ်လန့်တုန်လှုပ်သွားကြသည်။ ကိုသုတသည် အခြားသူများနှင့်အတူ သွားရောက်ကြည့်ရှု၏။ တရုတ်တပ်သားတို့သည် နွားများကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်နေကြသည်ကို တွေ့ရ၏။

မြို့ခံလူကြီးများ ချက်ချင်း စည်းဝေးတိုင်ပင်ကြရသည်။ ဆုံးဖြတ်ချက်တစ်ခုကိုလည်း ချကြ၏။ ထိုဆုံးဖြတ်ချက်အတိုင်း မြို့ခံလူကြီးများသည် ပင်းတယမြို့ရှိ တရုတ်လက်ဖက်ရည်ဆိုင်မှ တရုတ်များကိုခေါ်ကာ တရုတ်စစ်ဗိုလ်ကြီးထံ သွားကြရ၏။ လက်ဖက်ရည်ဆိုင် တရုတ်များက စကားပြန်အဖြစ် ပြောပေးကြသည်။

"တရုတ်စစ်သားတွေဟာ အိမ်တွေကိုဝင်ပြီး သူတို့ယူချင်တာတွေ ယူကြပါတယ်၊ ဒီလိုလုပ်တာဟာ မကောင်းပါဘူး..."ဟု လူကြီးများက တရုတ်စစ်ဗိုလ်ကြီးကို ပြောပြ၏။

"ဒီလိုမလုပ်ရအောင် ကျွန်တော် တားမြစ်ပါ့မယ်"ဟု စစ်ဗိုလ်ကြီးက ပြန်ပြောသည်။

"နောက်ပြီးတော့ တရုတ်စစ်သားတွေပဲ နွားတွေကို သေနတ်နဲ့ပစ်သတ်နေကြပါတယ်..."

"နွားတွေကို ပစ်သတ်တာကတော့ ညစာစားဖို့အတွက်ပါ၊ ကျွန်တော်တို့မှာ ရိက္ခာလုံလောက်အောင်မပါဘူး..."

"နွားတွေကို မသတ်ပါစေနဲ့၊ နွားရှင်တွေ အင်မတန် နစ်နာပါတယ်၊ တရုတ်စစ်သားတွေ အားလုံးကို ကျွန်တော်တို့မြို့က ညစာထမင်းကျွေးပါ့မယ်..."

"ကောင်းပါပြီ၊ နောက်ထပ်နွား မသတ်စေရပါဘူး..."

တရုတ်စစ်ဗိုလ်ကြီး၏ ဝန်ခံချက်အတိုင်းပင် တရုတ်စစ်သားတွေသည် စခန်းချသည့် ဈေးအတွင်းသို့ ပြန်လည်ဝင်ရောက်နေထိုင်ကြ၏။ ပစ္စည်းလု၊ နွားသတ်မှု နောက်ထပ်မဖြစ်ပွားတော့ချေ။

သို့သော် မြို့သူမြို့သားများကား မသက်သာလှ။ တရုတ်စစ်သားအားလုံး၏ ညစာအတွက် ချက်ရပြုတ်ရသည်မှာ ချွေးတလုံးလုံးနှင့် ဖြစ်ကြရတော့သည်။

ချက်ပြုတ်ပြီးနောက် တပ်သားအားလုံးကို ဝဝလင်လင် ကျွေးမွေးကြ၏။

ထိုညတွင်ကား မည်သူမျှ ကောင်းကောင်းမအိပ်ရဲဘဲ တထိတ်ထိတ် တလန့်လန့် ကျီးလန့်စာစား ဖြစ်နေကြသည်။

စစ်သားများသည် လက်နက်ပါသည်။ လူမျိုးကွဲတွေ ဖြစ်သဖြင့် ညှာတာထောက်ထားမှု ရှိကြမည်မဟုတ်။ သူတို့သည် ဤမြို့သို့ရောက်စက ပြုမူပုံမျိုး ပြုမူကြလေဦးမည်လားဟု ထိတ်လန့်စိုးရိမ်နေကြ၏။ အထူးသဖြင့် မိန်းကလေး မိန်းမပျိုရှိသောအိမ်က ပိုမိုစိုးရိမ်ကြသည်။ ကာလပျက် ခေတ်ပျက်ကို ပင်းတယမြို့သူမြို့သားတို့ စတင်တွေ့ကြုံကြရခြင်းတည်း။

တရုတ်စစ်သားများကို ထမင်းကျွေးပြီးသောအခါတွင်မှ ကိုသုတသည် အိမ်သို့ပြန်လာခဲ့၏။

"လူကလေးရယ်...သွားနေတာကြာလိုက်တာ၊ အမေဖြင့် စိတ်တထင့်ထင့်နဲ့ ပူလိုက်ရတာမပြောပါနဲ့တော့..."ဟု ဒေါ်ခိုင်က ဆီး၍ပြော၏။

"တရုတ်စစ်သားတွေကို ထမင်းချက်ကျွေးနေရတယ် အမေ... မြို့သူမြို့သားတွေကို ဒုက္ခမပေးအောင် ချော့ရတာ အမေရဲ့..."

"ဒို့ အောင်ပန်းမြို့ကိုလည်း ဒီတရုတ်စစ်သားတွေ ရောက်ခဲ့မှာပေါ့နော်"ဟု ဆရာညွန့်ကပြော၏။

"ရောက်မှာပေါ့ ဦးလေးရဲ့၊ အောင်ပန်းဘက်က လာတာပ...တော်တော်ရမ်းကားတဲ့ အကောင်တွေ...အိမ်တွေတက်ပြီး ယူချင်တာတွေယူ၊ နွားတွေကို သေနတ်နဲ့ပစ်သတ်၊ ဒီလိုမတရားလုပ်တာတွေ ရပ်သွားအောင် သူတို့စစ်ဗိုလ်ကြီးကို သွားပြောရတယ်၊ ထမင်းလည်းကျွေးပါ့မယ်လို့ ပြောရတယ်၊ ဒီတော့မှ မတရားလုပ်တာတွေ ရပ်သွားတယ်"

"တို့အောင်ပန်းကို သူတို့ ရောက်တုန်းကလည်း ဒီလိုလုပ်မှာပဲထင်ပါရဲ့ကွာ"ဟု ဆရာညွန့်ကပြောသည်။

"လုပ်မှာပေါ့ ဦးလေးရဲ့...၊ မကောင်းတဲ့လူတွေဟာ နေရာတကာမှာပဲ မကောင်းလုပ်တော့မှာပေါ့၊ ဦးလေးတို့ ဒီပြောင်းလာမိတာကောင်းတယ်၊ အောင်ပန်းမှာဆိုရင် ဦးလေးတို့ သားအမိသားအဖသုံးယောက်လည်း မျက်စိသူငယ်ဖြစ်နေမှာ၊ ဒီမှာတော့ ကျွန်တော်တို့လည်းရှိလို့ အားရှိတာပေါ့..."

"အေး...ဟုတ်သကွ...မင်းတို့သားအမိကို ကျေးဇူးတင်ပါသကွာ"ဟု ဆရာညွန့်ကပြောသည်။

"အမယ်လေး...ကျေးဇူးတင်ဖို့မလိုပါဘူး မောင်ညွန့်ရယ်...ဆွေမျိုးသားချင်းဆိုတာ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်က ကူညီရမြဲမဟုတ်ပဲ"ဟု ဒေါ်ခိုင်ကပြော၏။

ထိုညတွင် ပင်းတယတစ်မြို့လုံး တထိတ်ထိတ် တလန့်လန့်ဖြစ်နေကြရာ နံနက်ဝေလီဝေလင်းအချိန်တွင် သေနတ်သံကြားသဖြင့် ပိုမိုထိတ်လန့်ကြကာ မျက်လုံးမျက်ဆန်ပြူးကြတော့သည်။

"ဟဲ့...လူလေး...သေနတ်သံကြားတယ်...ဘယ်မှမသွားနဲ့နော်..."

မိခင်က စိုးရိမ်တကြီးတားသဖြင့်သာ ကိုသုတမှာ အောင့်အည်းချုပ်တည်းနေရ၏။

ကိုသုတ၏ သဘောအလျောက်ဆိုလျှင် သေနတ်သံကြားကတည်းက ပြေးသွားကြည့်ရှုမည် အမှန်တည်း။

"မိုးလင်းနေပါပြီ အမေ...လူတွေလည်း ဥဒဟိုသွားနေတာပဲ...၊

ကျွန်တော်သွားပြီး စနည်းနာလိုက်ဦးမယ်နော်...”ဟု ကိုသုတက မိခင်ကို ပန်ကြား၏။

“ဝေးဝေးကနေကြည့်၊ စစ်သားတွေအနား မကပ်နဲ့၊ အကျိုးအကြောင်း သူများကိုမေးပြီး ပြန်လာခဲ့ပါလား လူကလေးရယ်...”

ကိုသုတသည် အိမ်ပေါ်မှ သုတ်သုတ်ဆင်းသွားပြီး ခဏမျှအကြာတွင် ပြန်ရောက်လာကာ အမေရေ...စိတ်အေးအေးသာ နေတော့...တရုတ်စစ်သား တွေ ထွက်သွားကြပြီ၊ တစ်ယောက်မှမရှိတော့ဘူး”ဟု ဝမ်းသာအားရပြော သည်။

○

# (၅၀)

တရုတ်စစ်တပ်များ ထွက်ခွာသွားကြပြီးသည့် နောက်နေ့တွင် ထူးခြားသော လူတစ်ယောက်သည် ပင်းတယမြို့သို့ ရောက်လာ၏။ ထိုသူကား သခင်တင်ဦး ဆိုသူတည်း။

သခင်တင်ဦးသည် ရန်ကုန်သားဖြစ်သူ ကားဒရိုင်ဘာ ကိုအုန်းမောင်၏အိမ်တွင် တည်း၏။ ကိုအုန်းမောင်က ပင်းတယမြို့ပေါ်ရှိ အရေးပါသောသူများကို လိုက်ခေါ်ရာ ကိုသုတကိုလည်း ခေါ်သဖြင့် ကိုသုတသည် ကိုအုန်းမောင်အိမ်သို့ သွားသည်။

ကိုအုန်းမောင်၏အိမ်သို့ ကိုသုတ ရောက်သွားသောအခါ ဦးခွန်စောနှင့် မြို့မျက်နှာဖုံးလူကြီးများကို တွေ့ရ၏။

သခင်တင်ဦးက ထိုလူကြီးများနှင့် အတွင်းကျိတ်တိုင်ပင်နှီးနှောသည်။

သခင်တင်ဦးက ပြော၏။ "ကျွန်တော်က ဂျပန်စစ်တပ်အတွက် အထောက်တော်ပါ။ ဂျပန်သူလျှိုလို့ခေါ်ရင်လည်း ဟုတ်ပါတယ်။ ဂျပန်ဆက်သွယ်ရေးတပ်က ကျွန်တော့်ကို လွှတ်လိုက်တာပါ။ အင်္ဂလိပ်စစ်တပ်နဲ့တရုတ်စစ်တပ်တွေ ဆုတ်ခွာကြတဲ့သတင်းကိုယူပြီး ဂျပန်ထောက်လှမ်းရေးတပ်ရင်းကို ပို့ရပါတယ်။ မနေ့က ဒီမြို့ကထွက်သွားတဲ့ တရုတ်တပ်တွေနောက်ကို လိုက်ပြီး ကျွန်တော် သတင်းယူရပါတယ်။ ကျွန်တော် လာရှိုးအထိသွားဖို့ တာဝန်ကျပါတယ်။ အရေးတကြီး အကူအညီ တောင်းချင်တာကတော့

ကျွန်တော်နဲ့အတူ လားရှိုးအထိ လိုက်နိုင်မယ့်အဖော်တစ်ယောက် လိုချင်ပါတယ်”

သခင်တင်ဦးက ယင်းသို့ပြောပြီးနောက် ဂျပန်ငွေစက္ကူများကို ထုတ်ပြသည်။ ဂျပန်စာဖြင့်ရေးကာ ဂျပန်တပ်မှူး တံဆိပ်ဝိုင်းကလေးခတ်နှိပ်ထားသော လက်မှတ်တစ်စောင်ကိုလည်း ထုတ်ပြသည်။

သခင်တင်ဦး အကူအညီတောင်းသည့်ကိစ္စကို မြို့ခံပုဂ္ဂိုလ်များ ညှိနှိုင်းတိုင်းပင်ကြ၏။ ဘီ အိုင် အေ ဗမာ့တပ်မတော်နှင့် လက်တွဲကာ အင်္ဂလိပ်ကို တိုက်သည့် ဂျပန်များအား ကူညီသင့်သည်ဟု အညီအညွှတ် သဘောတူညီကြသည်။

“ကိုင်း…ဘယ်သူလိုက်နိုင်မလဲ၊ ကူညီရမယ့် ဝတ္တရားရှိတယ်”ဟု ဦးခွန်စောက မေး၏။

ရောက်လာကြသူများသည် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ မည်သူကမှ တစ်ခွန်းတစ်ပါဒ မပြောဘဲ တိတ်ဆိတ်နေကြ၏။

“ကိုင်း…ပြောကြလေ၊ ဘယ်သူလိုက်နိုင်မလဲ”

ဦးခွန်စောက ထပ်၍ မေး၏။

“ကျွန်တော်လိုက်မယ်…”

တစ်ယောက်သောသူ၏ အသံပေါ်ထွက်လာရာ အသံရှင်ကို အားလုံးဝိုင်းအုံ ကြည့်ရှုကြသည်။

ထိုအသံရှင်ကား ကိုသုတ ဖြစ်သည်။

“ကိုသုတ လိုက်မယ်လား၊ ကောင်းပါလေ့ဗျာ ဝမ်းသာပါတယ်၊ ကျေးဇူးလည်းတင်ပါတယ်”

အားလုံးက တစ်ယောက်တစ်ပေါက် ပြောကြလေသည်။

“တစ်ခုတော့ရှိပါတယ်…”ဟု ကိုသုတကပြော၏။ “ကျွန်တော် အမေ့ကိုတော့ အခွင့်တောင်းရပါဦးမယ်၊ အမေက ခွင့်ပြုရင်တော့ ကျွန်တော် လိုက်ပါ့မယ်”

“ဟာ…ကိုသုတအမေက ခွင့်ပြုအောင် အကျိုးအကြောင်းပြောပြပေါ့ဗျ၊ ဒီကိစ္စက တစ်ယောက်ယောက် မလိုက်လို့ ဖြစ်တဲ့ကိစ္စမှ မဟုတ်ဘဲ၊ ကိုသုတအမေ ခွင့်ပြုအောင် ကျွန်တော်တို့ပါ ဝိုင်းပြီးပြောပါ့မယ်…”

"ကျွန်တော်တို့ နက်ဖြန်မနက်စောစော ထွက်ပါ့မယ်"ဟု သခင်တင်ဦး ကပြော၏။

ကိုသုတ အိမ်သို့ပြန်သွားရာ ဒေါ်ခိုင်ကဆီးပြီး "လူကလေး ဘယ်သွားတာလဲ၊ ကာလကြီးက ဗရုတ်ဗရက်နဲ့ကွယ်၊ ထိတ်စရာ လန့်စရာကောင်းပါဘိသနဲ့၊ ဟိုသွား...ဒီသွား မသွားစမ်းပါနဲ့၊ အိမ်မှာသာနေစမ်းပါ..."ဟု ပြောရာ ကိုသုတမှာ သူပြောမည့်စကားကို မပြောရဲအောင် ဖြစ်နေလေသည်။ သို့သော် မပြော၍လည်း မဖြစ်သဖြင့် အရဲစွန့်ကာ ပြောလိုက်ရ၏။

"အမေ... နက်ဖြန်ခါ ကျွန်တော် ခရီးထွက်မလို့"

"ဟေ...ဟုတ်လား ဘယ်ကိုသွားမှာလဲ၊ ပြောရင်းဆိုရင်းပဲ အမေ့စကားကို နားမထောင်တော့ဘူးလားကွယ်"ဟု ဒေါ်ခိုင်က စိတ်မချမ်းမြေ့သံဖြင့်ပြောသည်။

"မဝေးပါဘူး အမေရဲ့၊ လားရှိုးတင်ပါ"

"အမယ်လေး...လားရှိုးဆိုတာ နီးတဲ့ခရီးလား လူကလေးရယ်၊ ဟိုရှမ်းပြည်မြောက်ပိုင်းကြီးမှာတောင် ပါပဲကလား..."

"မဝေးပါဘူး အမေရဲ့၊ မော်တော်ကားနဲ့သွားရင် ခဏကလေးနဲ့ ရောက်နိုင်ပါတယ်"

"သွားရမယ့်ကိစ္စက ပြောပါဦး..."

အမှန်အတိုင်းဖွင့်၍ မပြောသင့်ဟု ကိုသုတ သဘောရကာ "ကုန်သည်တစ်ယောက်နဲ့ အဖော်လိုက်ရမှာပါ၊ မကြာပါဘူး မော်တော်ကားနဲ့သွားမှာပါ၊ ကျွန်တော် မြန်မြန်ပြန်ခဲ့ပါ့မယ်"ဟု ပြောလိုက်သည်။

"အေး...မြန်မြန်သွား မြန်မြန်ပြန်ခဲ့၊ ကြာနေရင်တော့ အမေ စိတ်ပူနေမှာပဲ၊ အမေကလည်း ကောင်းကောင်းမာတာ မဟုတ်ဘူး"

"ဟုတ်ကဲ့အမေ၊ ကျွန်တော် မြန်မြန်ပြန်ခဲ့ပါ့မယ်..."ဟု မိခင် စိတ်ချမ်းသာအောင် ခွင့်ပြုအောင် ပြောလိုက်ရသော်လည်း ကိုသုတ သွားရမည့်ခရီးမှာ မြန်မြန်ပြန်လာရမည့်ခရီး မဟုတ်ကြောင်း သိပြီးဖြစ်သည်။

ကိုသုတသည် စွန့်စွန့်စားစား သွားလာဆောင်ရွက်လိုသူဖြစ်သည့်ပြင် မနေ့က ရောက်လာကြသည့် တရုတ်စစ်သားများ ရမ်းကားသောင်းကျန်းကြ

ပုံကို မျက်မြင်ကိုယ်တွေ့ဖြစ်ရာ ခံပြင်းလှသဖြင့် တရုတ်ကိုတိုက်မည့် ဂျပန်ကို ကူညီလိုခြင်းဖြစ်သည်။

ထို့ပြင် ဂျပန်မှာ ဗမာတို့၏ မဟာမိတ်ဟု ယုံကြည်နေကြသော အချိန်လည်းဖြစ်၏။

နောက်နေ့ နံနက်စောစောတွင် ကိုသုတသည် မိခင်နှင့်ဦးလေးဖြစ်သူ ဆရာညွန့်တို့ကို ကန်တော့၏။

"အေး...လူကလေး ဘေးမသီရန်မခဘဲ မြန်မြန်ပြန်ရောက်ပါစေလို့ အမေ ဆုတောင်းပါသကွယ်..."ဟု ဒေါ်ခိုင်ကဆို၏။

ဆရာညွန့်ကမူကား "သတိဝီရိယထားသွားပေ့၊ သတိဆိုတာ ပိုတယ်မရှိဘူး၊ လိုတယ်သာရှိတာ၊ ရတနာသုံးပါးကိုလည်း မမေ့နဲ့..."ဟု မှာလိုက်သည်။

ကိုအုန်းမောင်၏ အိမ်သို့ ကိုသုတရောက်သွားသောအခါ ခရီးထွက်ရန် အသင့်ပြင်ဆင်ပြီးဖြစ်နေသော သခင်တင်ဦးကို တွေ့ရလေရာ အချိန်မနှောင်းစေရန် ချက်ချင်းထွက်ခဲ့ကြလေသည်။

သခင်တင်ဦးနှင့် ကိုသုတတို့သည် ခြေလျင်ခရီးဖြင့် လာခဲ့ကြရာ ရွှေပုထိုး၊ မိုင်းအင်၊ ကောင်းဘို့ရွာများသို့ ရောက်ကြသည့်အခါတွင် ရွာလုံခြုံရေး ကာကွယ်ရေးအတွက်ထားသည့် ကင်းသမားများနှင့် တွေ့ရလေရာ ကိုသုတနှင့် သခင်တင်ဦးကို စစ်ဆေးမေးမြန်းကြ၏။

ကိုသုတမှာ ဤနယ်များသို့ ရောက်ဖူးသူဖြစ်ရာ အချို့ကင်းသမားများက ကိုသုတကို သိကြသဖြင့် ချောချောမောမော ဖြစ်ရလေသည်။ အကယ်၍ ကိုသုတသာမပါဘဲ သခင်တင်ဦးတစ်ယောက်တည်းသာဖြစ်ပါက ဤရွာများတွင်ပင် ချုပ်နှောင်တားဆီးခြင်း ခံရကောင်းခံရပေလိမ့်မည်။

သခင်တင်ဦးနှင့် ကိုသုတတို့ ကောင်းဘို့ရွာမှ ထွက်ခဲ့ကြပြီးနောက် နေဝင်ရီတရောအချိန်တွင် အလယ်ချောင်းရွာအနီးသို့ ရောက်လာကြရာ တစ်ရွာလုံးမှာ ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေသဖြင့် အံ့သြကြရသည်။

"သတိထားဝင်ဗျို့၊ ဒီရွာ တော်တော်ထူးတယ်"ဟု ကိုသုတက ပြောကာ သခင်တင်ဦးနှင့်အတူ ဝင်သွားကြရာ ရွာတွင်းသို့ ဝင်မိသည်နှင့်တစ်ပြိုင်နက် ...

"လက်မြှောက်လိုက်…"ဟူသော အော်သံကြီးနှင့်အတူ ချုံကွယ်မှ ထ၍ရပ်လိုက်သော သေနတ်သမားတို့ကို တွေ့ကြရသည်။

သခင်တင်ဦးနှင့် ကိုသုတတို့ကား သေနတ်ရန်ကြောင့် လက်မြှောက်လိုက်ကြရ၏။ သေနတ်သမားတို့သည် ကိုသုတတို့ဆီသို့ သေနတ်ချိန်ရင်း ချဉ်းကပ်လာကြသည်။

"ဟား…ဟား…ဟား…ကိုသုတပါကလား၊ ခင်ဗျားကလည်း ကွမ်းတုံ တရုတ်ဘောင်းဘီပြာကြီးနဲ့ဆိုတော့ တရုတ်မှတ်နေတာကိုးဗျ၊ ပြောစမ်းပါဦး၊ ဘာကိစ္စလာတာလဲ…"

ကင်းသမားတစ်ယောက်က ရယ်မောကာပြောမှ ကိုသုတတို့မှာ သက်မကြီးချကာ "ကိစ္စထူးရှိလို့ လာရတာပဗျာ။ သူကြီးအိမ် သွားမယ်ဗျို့။ သူကြီးအိမ်ကျတော့မှ အကျိုးအကြောင်း ပြောပြမယ်"ဟု ကိုသုတက ပြောလိုက်၏။

သူကြီးအိမ်သို့ ရောက်ကြသောအခါ ကိုသုတတို့က သူကြီးနှင့် ရွာသားတို့အား အကျိုးအကြောင်း ပြောပြ၏။

သခင်တင်ဦးက ဂျပန်လက်မှတ်နှင့် ဂျပန်ငွေစက္ကူများကို ထုတ်ပြရာ အားလုံးအံ့သြလျက် ဝမ်းသာအားရ ဖြစ်ကြသည်။

"ရှေ့ကိုဆက်သွားရမဲ့ ခရီးအတွက်တော့ ကျွန်တော် လမ်းကောင်းကောင်း မကျွမ်းဘူး။ ဒီတော့ လမ်းပြတစ်ယောက်လောက်တော့ ထည့်လိုက်မှဖြစ်မယ်"ဟု ကိုသုတက သူကြီးကို ပြောပြသည်။

"ဟုတ်ပါတယ်၊ လမ်းပြတစ်ယောက်တော့ ထည့်ပေးပါ။ ကျွန်တော် ငွေပေးပါ့မယ်…"ဟု သခင်တင်ဦးကဆို၏။

"ကောင်းပါပြီ၊ လမ်းပြလည်း ထည့်လိုက်ပါ့မယ်၊ လမ်းမှာ စားသောက်သွားဖို့ ထမင်းထုပ်လည်း ပေးလိုက်ပါ့မယ်…"ဟု သူကြီးကဆို၏။

နောက်နေ့ နံနက်စောစောတွင် သခင်တင်ဦးနှင့် ကိုသုတသာလျှင်မက လမ်းပြတစ်ယောက်ပါ ခရီးထွက်ခဲ့ကြရာ သူကြီးပေးလိုက်သည့် ထမင်းထုပ်များလည်း ပါလာကြသည်။

"ကျွန်တော်တို့ လုပ်ရမယ့်ကိစ္စက အင်္ဂလိပ်နဲ့ တရုတ်တပ်တွေလှုပ်ရှားတဲ့သတင်းကို လိုက်ယူရမှာ၊ အဲဒီလို သတင်းယူပြီးတော့ လားရှိုးကိုသွားရမယ်…"ဟု သခင်တင်ဦးက ပြောသည်။

"လားရှိုးကို ဘယ်လိုသွားကြမလဲ…၊ ကျွန်တော်တော့ ဒီခရီးကို မရောက်ဖူးဘူး"ဟု ကိုသုတက လမ်းပြကို မေး၏။

"လွယ်ပါတယ်…၊ ရပ်စောက်ကို သွားရမယ်၊ ရပ်စောက်မြောက်ဘက်မှာရှိတဲ့ အင်းတော၊ ကျောက်ဂူ၊ နမ့်လမ်ကိုဖြတ်ပြီး လားရှိုးသွားရမှာပဲ…"ဟု လမ်းပြက ပြောပြ၏။

ကိုသုတတို့ သုံးယောက်သည် တစ်ရွာဝင် တစ်ရွာထွက်ဖြင့် ခရီးဆက်ခဲ့ကြ၏။ ရွာများကို တွေ့သော်လည်း ရွာသူရွာသားများကို မတွေ့ရဘဲ ကျိုးနှင့်ဖုတ်ဖုတ် ဖြစ်နေသည်။ ရွာတွင်းတွင် မြေပဲ။ စပါး၊ ဆန်တို့ ပြန့်ကျဲဖိတ်စဉ်နေသည်များကိုသာ တွေ့ကြရ၏။

"တရုတ်စစ်သားတွေ ရွာကိုဝင်မွှေသွားတယ် ထင်တယ်။ လူတွေကတော့ ပုန်းရှောင်နေကြရဟန်တူရဲ့…ဒါကြောင့် လူတွေကို မတွေ့ရတာပေါ့…"ဟု ကိုသုတက ပြော၏။

"ဟုတ်မှာပေါ့…၊ ကျွန်တော်တို့ အလယ်ချောင်းရွာမှာလည်း ဒီအတိုင်း လုပ်သွားတာပဲ…၊ ရွာကာကွယ်ရေးသေနတ် နည်းနည်းပါးပါးတော့ ရှိပါရဲ့၊ သို့ပေမဲ့ အင်အားချင်း မျှတာမဟုတ်တော့ သေနတ်ကို ဖွက်ထားလိုက်ရတယ်၊ သေနတ်ကို သူတို့မြင်ရင် သိမ်းသွားမှာလည်း စိုးရသေးတာကိုး…၊ အဲ…ကိုသုတတို့ လာကြတော့ ကိုသုတကလည်း တရုတ်ဘောင်းဘီပြာဝတ်ထားလို့ တရုတ်ထင်ပြီး ပစ်သတ်မယ်လုပ်ကြတာ…၊ တော်ပါသေးရဲ့…ကိုသုတမှန်း သိပေလို့သာပေါ့။ ကျုပ်တို့ မသိတဲ့လူတွေဆိုရင် ပစ်သတ်လိုက်မှာပဲ…"ဟု လမ်းပြက ပြောသည်။

ထိုနေ့ နေ့လယ်တွင် ကိုသုတတို့ သုံးယောက် ရပ်စောက်မြို့သို့ ရောက်လာကြ၏။ ရပ်စောက်မြို့တွင်ကား လူသူရှိလျက် ကာကွယ်ရေးကင်းတပ်သားများကို တွေ့ရ၏။

"အလို…ကိုသုတတို့ပါကလား…ဘယ်သွားကြမှာတုံး…"

ကာကွယ်ရေး ကင်းတပ်များကို ဦးစီးအုပ်ချုပ်နေသော ဦးခွန်အုပ်က မေး၏။ ကိုသုတက အကျိုးအကြောင်းပြောပြရာ ဦးခွန်အုပ်က တရုတ်တပ်များအကြောင်းကို အသေအချာ ပြောပြလိုက်၏။

ဆက်လက်ခရီးထွက်ခဲ့ကြပြန်ရာ ညတွင် မုန်ဟိန်းရွာသို့ ရောက်ကြ

လျက် သူကြီးအိမ်တွင် ဝင်ရောက်တည်းခိုကာ သူကြီးအား အကျိုးအကြောင်း ပြောပြရသည်။

သူကြီးကလည်း တရုတ်တပ်များ၏ အဝင်အထွက် အသွားအလာကို စေ့စုံစွာ ပြောပြ၏။

"ဒီလိုဆိုရင် တရုတ်တပ်တွေနဲ့ တယ်မဝေးတော့ဘူးပေါ့…" သခင်တင်ဦးက မေး၏။

"မဝေးတော့ဘူး၊ နက်ဖြန်ဆိုရင် ခင်ဗျားတို့နဲ့ တွေ့ရလိမ်မယ်ထင်တယ်…"

"ကျွန်တော် အလယ်ချောင်းရွာကို ပြန်ချင်ပြီ။ ကျွန်တော့်အိမ်မှာ ကလေးတွေချည့် ကျန်ရစ်ခဲ့တယ်။ ကလေးတွေကို စိတ်မချဘူး။ ကလေးတွေ အမေဆုံးတာက သုံးလလောက်ပဲ ရှိသေးတယ်တယ်…"ဟု အလယ်ချောင်းရွာသား လမ်းပြက ပြော၏။

"ဒီရွာမှာ လမ်းပြမယ့်သူ မရနိုင်ဘူးလား…"ဟု ကိုသုတက မုန်ဟိန်းရွာသူကြီးကို မေးလိုက်သည်။

"ရနိုင်ပါတယ်…၊ ကျွန်တော် ရှာပေးပါ့မယ်"ဟု သူကြီးကပြော၏။

နောက်နေ့နံနက်တွင် မုန်ဟိန်းရွာသား လမ်းပြနှင့် သခင်တင်ဦး၊ ကိုသုတတို့ ခရီးဆက်ကြသည်။ အလယ်ချောင်းရွာမှ လိုက်လာသော လမ်းပြကို ငွေပေး၍ ပြန်လွှတ်လိုက်၏။

မုန်ဟိန်းရွာမှ ထွက်ခဲ့ကြရာတွင် လှည်းလမ်းမကြီးအတိုင်း လျှောက်လာကြသည်။

"ဟော…ကြည့်စမ်း…ကြည့်စမ်း…"

ကိုသုတက ပြသဖြင့် ကြည့်ကြရာ ဆင်ခြေရာများကို တွေ့ကြရ၏။ လောလောလတ်လတ်ဖြစ်သော ဆင်ချေးများကိုလည်း တွေ့ကြသည်။

"တရုတ်တပ်တွေနဲ့ မဝေးတော့ဘူး၊ ရှေ့နားမှာပဲ ရှိလိမ့်မယ်။ သတိဝီရိယထားပြီး သွားကြမှဖြစ်မယ်…"ဟု သခင်တင်ဦးက ပြောသည်။

သုံးဦးသား သတိကြီးစွာထား၍ သွားကြ၏။

"ဟိုမှာ…ဟိုမှာ…"

လမ်းပြက လက်ညှိုးထိုးကာ တီးတိုးပြောသဖြင့် ကြည့်လိုက်ကြရာ ရှေ့မနီးမဝေးရှိ လမ်းကွေ့ချိုးတွင် တရုတ်စစ်သားတစ်ယောက် ရိုင်ဖယ်သေနတ်ထမ်းကာ ကင်းစောင့်နေသည်ကို တွေ့ကြရ၏။ အချိန်ကား နံနက် ၁၀ နာရီခန့်ဖြစ်သည်။

"တရုတ်စစ်သားတွေ ထမင်းချက်စားနေကြတာနဲ့ တူတယ်"ဟု ကိုသုတက ပြော၏။

သုံးယောက်သားသည် တရုတ်ကင်းစောင့် မမြင်အောင် လမ်းဘေးရှိ ခြုံများထဲသို့ တိုးဝင်ပုန်းအောင်းနေကြရ၏။

"ကျွန်တော်တို့ အင်းတောကို သွားရမှာကတော့ ဒီလမ်းမကြီးအတိုင်း သွားရမှာ"ဟု လမ်းပြကပြော၏။

"လမ်းမကြီးအတိုင်း သွားလို့တော့ မဖြစ်ဘူး၊ တရုတ်တွေလက်ထဲ ရောက်သွားရမှာ"ဟု လမ်းပြကပြော၏။

"လမ်းမကြီးအတိုင်း သွားလို့တော့ မဖြစ်ဘူး၊ တရုတ်တွေလက်ထဲ ရောက်သွားမှာပေါ့...၊ ဒီအနီးအနားမှာ ရွာကော မရှိဘူးလား..."ဟု သခင်တင်ဦးက မေးရာ "မရှိဘူး"ဟု လမ်းပြကပြောသည်။

"တခြားလမ်းရှာပြီး သွားကြမှဖြစ်မယ်...၊ ရှာကြည့်ကြသေးတာပေါ့၊ လမ်းမတွေ့ရင်လည်း လမ်းမဟုတ်တဲ့ နေရာကပဲ ကြံဖန်သွားကြတာပေါ့"ဟု ကိုသုတက ပြော၏။

သုံးယောက်သားသည် လမ်းမကြီး၏အနောက်ဘက်ရှိ တောကြိုချိုကြားမှ ဖြတ်သန်းကာ လမ်းရှာရင်း လျှောက်လာကြ၏။ ကံအားလျော်စွာပင် လူသွားလမ်းကလေးတစ်ခုတွေ့ရာ ထိုလမ်းအတိုင်း အနောက်မြောက်ဘက်ဆီသို့ လျှောက်လာကြရာ နေဝင်ခါနီးအချိန်တွင် အင်တောချောင်းဖျားရွာသို့ ရောက်လာကြလျက် သူကြီးအိမ်တွင် တည်းခိုညအိပ်ကြရသည်။

နောက်နေ့နံနက်တွင် လမ်းပြဟောင်းကို ပြန်လွှတ်လျက် လမ်းပြသစ်ဖြင့် ခရီးဆက်ခဲ့ကြပြန်၏။ မူလအစီအစဉ်မှာ အင်တော၊ ကျောက်ဂူ၊ နမ့်လန်မှ လားရှိုးသို့သွားရန် ဖြစ်သော်လည်း ရှေ့တွင် တရုတ်တပ်များခံနေသဖြင့် မေမြို့သို့ ဦးတည်သွားရန် ဆုံးဖြတ်လိုက်ကြသည်။

လမ်းခရီးရှိ ဆင်တောင်ကို တက်ခဲ့ကြပြီးနောက် တောင်ထိပ်ရှိ ဟဲလယ်ရွာသူကြီးအိမ်တွင် တည်းခိုကာ တစ်ညအိပ်ကြရပြန်၏။

နောက်နေ့နံနက်တွင် လမ်းပြဟောင်းကို ပြန်လွှတ်ကာ လမ်းပြသစ်ဖြင့် ခရီးဆက်ကြပြန်သည်။

ညအချိန် စခန်းချကြသည့် ရွာများမှ သူကြီးများ၊ ရွာသားများကို အင်္ဂလိပ်နှင့် တရုတ်တပ်တို့၏ သတင်းများ စုံစမ်းမေးမြန်းကြည့်ရာ သတင်းအတော်စုံလင်အောင် ရကြ၏။

အင်္ဂလိပ်တပ်များသည် ဧရာဝတီမြစ် ငုပ်လျှိုးသွားသော "ငုပ်"ဟုခေါ်သည့်နေရာသို့ လွန်ခဲ့သည့် သုံးလေးရက်က ဆိုက်ရောက်လာကြပြီး မသယ်ပိုးနိုင်သည့် လက်နက်ခဲယမ်းမီးကျောက်တို့ကို "ငုပ်"အတွင်းသို့ ပစ်ချလိုက်ကြကာ စစ်သားများကမူ တောတောင်ကြီးရှိရာသို့ ခိုအောင်းပျောက်ကွယ်သွားကြကြောင်း သတင်းများ ကြားကြရသည်။

ကိုသုတတို့သုံးယောက် အလယ်ရွာမှ ထွက်ခဲ့ကြပြီး ရှမ်းပြည်မြောက်ပိုင်းသို့ လမ်းပြနှင့်အတူ လာခဲ့ကြရာ နံနက် ၁၀ နာရီခန့်တွင် ဧရာဝတီမြစ်ကို ဖြတ်ကူးရမည့် ကူးတို့ဆိပ်သို့ ရောက်လာကြလျက် ပါလာသည့်ထမင်းထုပ်များကို ဖြေကာ နံနက်စာစားကြသည်။

ဧရာဝတီကူးတို့ဆိပ်မှ လမ်းပြကို ပြန်လွှတ်လိုက်ကာ သခင်တင်ဦးနှင့် ကိုသုတတို့သည် ဧရာဝတီမြစ်ကို ဝါးဖောင်ဖြင့် ကူးကြရသည်။ မြစ်တစ်ဖက်ကမ်းသို့ ရောက်သောအခါ မတ်စောက်လှသော ကျောက်တောင်ကြီးကို တက်ကြရ၏။

"သခင်တင်ဦး...သတိထားတက်နော်...ခြေချော် လက်ချော်သွားရင် ဆောင်ရွက်ရမယ့် တာဝန်တွေကို မဆောင်ရွက်နိုင်ဘဲ ဖြစ်သွားမယ်...ဟ"ဟု ကိုသုတက သတိပေး၏။

"ဟုတ်ပါ့ဗျာ...ဒီကျောက်တောင်ကြီးကလည်း မြင့်လိုက်တာ...လွန်ရော...၊ ဟောဟိုမှာ ကြည့်စမ်းပါဦး..."

သခင်တင်ဦးက လက်ညှိုးညွှန်၍ပြသဖြင့် ကိုသုတ ကြည့်လိုက်ရာ မြင့်မားနက်ရှိုင်းလှသော ကျောက်တောင်ကြီး၏ ခြေရင်းတွင် ကွေ့ကွေ့

ကောက်ကောက် စီးဆင်းနေသော ဒုဋ္ဌဝတီမြစ်ကို ချည်မျှင်ကလေးသဖွယ် မြင်ရသည်။

သခင်တင်ဦးနှင့် ကိုသုတတို့သည် ကျောက်တောင်ကြီးကို တတက်တည်း တက်လာခဲ့ကြရ၏။ မောကလည်းမော နေကလည်းပူသဖြင့် ခေတ္တခိုနားစရာ ရှာရိုလိုရှိငြား လှမ်းမျှော်ကြည့်ရှုကြ၏။ ရွာအစအနကိုမျှ မမြင်မတွေ့ကြရပေ။ မောလိုက် ရေသောက်လိုက် ပြုကြရာ ပါလာသမျှ ရေကလေး ကုန်ခန်းသွား၏။

"ကျွန်တော်တော့ ရေငတ်လှပြီဗျာ"ဟု သခင်တင်ဦးက ပြော၏။

"ဟုတ်တယ်...ကျွန်တော်လည်း ရေသောက်ချင်လွန်းလို့ ရင်တွေပူပြီး အာခေါင်တွေ ခြောက်နေပြီ"

နှစ်ယောက်သား ရေတွေ့လိုတွေ့ငြား ရှာဖွေကြ၏။ ဘယ်မှာမျှမတွေ့သဖြင့် စိတ်ပျက်အားငယ်ကြသည်။ ရေငတ်လွန်းသဖြင့် လဲမတတ် ပြိုမတတ်ပင် ဖြစ်လာကြ၏။

"ဟော...တွေ့ပြီ...တွေ့ပြီ...ရေ...ရေ..."

သခင်တင်ဦးက ဝမ်းသာအားရအော်၍ ပြောသဖြင့် ကိုသုတကြည့်လိုက်ရာ တစ်နေရာရှိ ချိုင့်ခွက်တစ်ခုတွင် ရေကလေး တင်နေသည်ကို တွေ့ရ၏။

"ဟာ...ဒီရေကို သောက်လို့မဖြစ်ပါဘူး၊ ပိုးလောက်လန်းကောင်တွေနဲ့၊ အန္တရာယ်ဖြစ်မှာ စိုးရတယ်"ဟု ကိုသုတက ပြောလိုက်သည်။

"ကျွန်တော်တော့ ရေငတ်လွန်းလို့ မနေနိုင်တော့ဘူးဗျာ၊ နောက်တော့မှ ဖြစ်ချင်ရာ ဖြစ်ပေစေတော့"

သခင်တင်ဦးက ပြောပြောဆိုဆို ပါလာသည့် ဝါးကျည်တောက်တွင် လုံချည်ဖုံးကာ ရေကိုစစ်၍ သောက်၏။

"ကိုသုတကော သောက်ပါဦးလား"

"မသောက်ဘူးဗျာ...ခရီးသွားရင်း ရောဂါရနေမှာစိုးတယ်"

"ရေငတ်လွန်းလို့ လဲနေရင်ကောဗျာ"

"ကျွန်တော်လဲမှ မလဲသေးဘဲ၊ လဲတော့မှ လဲတဲ့ရောက်ရားကြည့်လုပ်ရမှာပေါ့"ဟု ကိုသုတကဆိုကာ ခရီးဆက်ခဲ့ကြသည်။

ညနေစောင်းအချိန်တွင် တောင်ထိပ်သို့ ရောက်လာကြ၏။ ရွာတွေ့ နီး တွေ့နီးဖြင့် မြေလမ်းကလေးအတိုင်း လိုက်လာကြသည်။

"ဟော...တွေ့ပြီ...တွေ့ပြီ"

ကိုသုတက အော်ဟစ်ရင်း ခြေကုန်သုတ်တော့၏။ သခင်တင်ဦး လှမ်းကြည့်လိုက်ရာ ရွာကိုမြင်ရသည်။

ကိုသုတ ရွာထဲသို့ ရောက်လာလျှင် ရှေးဦးစွာ တွေ့ရသည့် အိမ်တစ်အိမ်သို့ ပြေးဝင်သွားကာ "ရေ...ရေ...ရေပေးစမ်းပါဗျို့"ဟု မောရင်း ဟိုက်ရင်း အော်ပြောလိုက်၏။

အိမ်ရှင်က ရေတစ်ခွက် ခပ်ပေးရင်း"ဖြည်းဖြည်း, ဖြည်းဖြည်းသောက် နော်၊ ရေငတ်လွန်းလို့ မောနေတုန်း ရေသိပ်သောက်လိုက်ရင် အမောဆို့ပြီး သေသွားတတ်တယ်"ဟု ကိုသုတ၏အကဲကို ခတ်မိသဖြင့် ပြောသည်။

ကိုသုတသည် ရေကိုမသောက်သေးဘဲ စိန်းစိန်းကြည့်နေ၏။

"ရေအသက် တစ်မနက်ဆိုတာ တယ်မှန်သဗျာ"ဟု ကိုသုတက အသံသဲ့သဲ့ဖြင့် ပြောလိုက်သည်။

နောက်မှ လိုက်လာသည့် သခင်တင်ဦးသည်လည်း ကိုသုတ၏အနီး သို့ ရောက်လာကာ "ကျွန်တော့်ကိုလည်း ရေပေးစမ်းပါဦး"ဟု အိမ်ရှင်ကို တောင်း၏။

အိမ်ရှင်က ရေခပ်ပေးရင်း "ဘယ်ကလာကြတာတုံး"ဟု မေးသည်။

သခင်တင်ဦးက ဤနေ့လာခဲ့သည့် ခရီးစဉ်ကို ပြောပြသည်။

နှစ်ယောက်သား ရေသောက်ပြီးကြသောအခါ သူကြီးအိမ်ကိုမေး၍ လာခဲ့ကြ၏။ သူကြီးနှင့်တွေ့ကြသောအခါ အကျိုးအကြောင်း ရှင်းလင်း ပြောပြကြ၏။

ဘော်ရွာသူကြီးကား ဗမာလူမျိုးဖြစ်၏။ ကိုသုတတို့ ဖြတ်သန်းလာ ခဲ့သမျှ ရွာများမှ သူကြီးများမှာ ခနေအမျိုးသား၊ ရှမ်းအမျိုးသားများသာ ဖြစ်ကြလေသည်။

"ခင်ဗျားတို့ အဝတ်အစားကလည်း မည်းလှ သလှပါပြီဗျာ၊ လဲကြ စမ်းပါဦး"ဟု သူကြီးကဆိုကာ အဝတ်အစားများ ထုတ်ပေးသဖြင့် သခင်

တင်ဦးနှင့် ကိုသုတတို့သည် အဝတ်ဟောင်းချွတ်၍ အဝတ်သစ်လဲလိုက်ရာ သေသေသပ်သပ် ပြောင်ပြောင်ရောင်ရောင် ဖြစ်လာကြသည်။

"သူကြီးတို့ရွာနဲ့ မေမြို့ ဘယ်လောက်ဝေးသေးသလဲ"ဟု ကိုသုတက မေးလိုက်၏။

"ဆယ့်ခုနှစ်မိုင်ပဲ ဝေးပါတယ်၊ နက်ဖြန်ခါ ကျွန်တော် မေမြို့ကိုကိစ္စရှိလို့သွားမယ်၊ ခင်ဗျားတို့လည်း လိုက်ခဲ့ကြတာပေါ့"

"လိုက်မယ်...လိုက်မယ်"ဟု သခင်တင်ဦးနှင့် ကိုသုတတို့ကသံပြိုင်ပြောလိုက်ကြသည်။

နောက်နေ့နံနက်စာကို ဘော်ရွာသူကြီး၏အိမ်တွင် စားသောက်ကြပြီးနောက် ထွက်ခွာခဲ့ကြရာ မေမြို့သို့ ရောက်ကြလျက် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းတွင် တည်းခိုညအိပ်ကြသည်။

နောက်နေ့တွင် သခင်တင်ဦး၊ ကိုသုတနှင့် ဘော်ရွာသူကြီးတို့သည် မေမြို့တွင် ရောက်နေပြီဖြစ်သော ဂျပန်တပ်ရှိရာသို့ သွားကြ၏။

မီးလောင်ကျွမ်းထားသော မေမြို့ဈေးကြီးကိုလည်းကောင်း၊ ဗုံးဒဏ်ကြောင့် ပြိုပျက်နေသော တိုက်တာနေအိမ် အဆောက်အအုံတို့ကိုလည်းကောင်း ကိုသုတတို့ တွေ့မြင်ကြရသည်။

ကိုသုတတို့ သုံးယောက် ဂျပန်စစ်ရုံးအဝသို့ ရောက်ကြသောအခါ အစောင့်ဂျပန်စစ်သားက လက်ဟန်ခြေဟန်ပြကာ ဦးညွှတ်အလေးပြုခိုင်းတော့၏။

"ဘယ့်နှယ်လဲ...သခင်တင်ဦး၊ ဂျပန်စစ်သားတွေဟာ လာလာချင်းဆောက်နဲ့ထွင်း လုပ်ပါပကောဗျ"ဟု ကိုသုတက မကျေနပ်သံဖြင့် ပြောလိုက်၏။

ကိုသုတမှာ ဂျပန်စစ်သားကို နဖူးတွေ့ ဒူးတွေ့ ဤတစ်ကြိမ်သည် ရှေးဦးစွာ တွေ့ဖူးခြင်းဖြစ်သဖြင့် အထူးအဆန်းကြီးတစ်ရပ်သဖွယ် ဖြစ်နေသည်။

သခင်တင်ဦးကား ဂျပန်စစ်သားများနှင့် ဆက်ဆံဖူးလှပြီဖြစ်၍ ရိုး၍နေ၏။

သခင်တင်ဦးက ဂျပန်စစ်သားအကြိုက်လိုက်ကာ ဦးညွှတ်အလေးပြုရသည့် နည်းတူ ကိုသုတမှာလည်း မလွှဲမရှောင်သာသဖြင့် အလေးပြုရတော့သည်။

သို့သော်...ဘော်ရှာသူကြီးကား ဂျပန့်အကြောင်း မသိသေးသူဖြစ်သဖြင့် ဦးမညွှတ်ဘဲနေရာ ဂျပန်စစ်သားက ဆဲဆိုကြိမ်းမောင်းတွန်းထိုးခြင်း ပြုလေတော့သည်။

"ခွေးမသားတွေ...တော်လိမ့်မလားမှတ်ပါ၊ တရုတ်စစ်သားတွေနဲ့ ဘာမှမထူးဘူး"ဟု ဘော်ရှေသူကြီးက ဆဲရေး ရေရွတ်လိုက်သည်။

သခင်တင်ဦးက သူ့တွင်ပါသည့် ဂျပန်လက်မှတ်ကို ထုတ်ပြရာ အစောင့်စစ်သားက ဘာမျှမပြောဘဲ ခေါင်းကိုသာ တွင်တွင်ခါပြလေတော့သည်။

သို့ဖြင့် အဆင်မပြေဖြစ်ကြရာ သခင်တင်ဦးတို့ သုံးယောက်မှာ ပြန်လှည့်၍ ထွက်ခွာရခဲ့ကြရ၏။

ယင်းသို့ဖြင့် မြို့တွင်းသို့ လှည့်လည်စဉ် ဂျပန်များ စခန်းချနေသည့် အဆောက်အအုံတစ်ခုသို့ ရောက်လာကြ၏။ ထိုအဆောက်အအုံ၏ ဝင်းဝတွင် အစောင့်ဂျပန် အဘိုးကြီးတစ်ယောက်ကို တွေ့ရလေရာ သခင်တင်ဦးက ဂျပန်လက်မှတ်ကို ထုတ်၍ပြ၏။

"ဟုတ်ပါတယ်...ဟုတ်ပါတယ်၊ ဒီရုံးက ဗိုလ်ကြီးနဲ့ တွေ့ရမှာပါ"

ဗမာစကား ပီသလှသော ဂျပန်အဘိုးကြီး၏ စကားကို ကြားရသောအခါ သခင်တင်ဦးတို့ အံ့သြသွားကြသည်။

"ခင်ဗျားကတော့ ဗမာစကား တယ်တတ်ပါကလား"ဟု ကိုသုတက ပြောလိုက်၏။

"ဟာ...တတ်တာပေါ့၊ ကျွန်တော်က ရွှေဘိုမှာ အကြာကြီးနေခဲ့ဖူးတာပဲ"ဟု ဂျပန်အဘိုးကြီးက ပြောသည်။

"ခင်ဗျားတို့ ဂျပန်စစ်သားတွေ တော်တော်ရိုင်းတယ်။ ခုတင်က ဂျပန်စစ်သားတစ်ယောက်က ကျုပ်ကို တွန်းလား ထိုးလား လုပ်တယ်"ဟု ဘော်ရှာသူကြီးက မကျေနပ်သံဖြင့် ပြောပြသည်။

"ဟုတ်ကဲ့...လူဆိုတာ အမျိုးမျိုးပေါ့ဗျာ၊ ရိုင်းတဲ့လူလည်း ရှိုင်းတာ

ပဲ ယဉ်တဲ့လူလည်း ယဉ်ပါတယ်၊ ဂျပန်တွေဟာ လူရိုင်းတွေ မဟုတ်ပါဘူး၊ ယဉ်ကျေးတဲ့ လူမျိုးတွေပါ”ဟု ဂျပန်အဘိုးကြီးက သိဒ္ဓိတင်၍ပြော၏။

“ကိုင်း…ကျွန်တော့်ကိစ္စအတွက် ဘယ်ကိုသွားရမှာလဲ”ဟု သခင်တင်ဦးက ဂျပန်အဘိုးကြီးကို မေးလိုက်သည်။

“လာပါ…လာပါ…ကျွန်တော် ပြပါ့မယ်”

ဂျပန်အဘိုးကြီး ခေါ်ဆောင်ရာသို့ သခင်တင်ဦးတို့သုံးယောက် လိုက်သွားကြသည်။ ဂျပန်ဗိုလ်ကြီးတစ်ဦး၏ထံသို့ ရောက်ကြရာ ဂျပန်အဘိုးကြီးက စကားပြန်လုပ်လျက် သခင်တင်ဦး ပြောပြလိုသည့် စကားများကို ဂျပန်ဗိုလ်ကြီးအား ပြောပြပေးသည်။

သခင်တင်ဦးက အင်္ဂလိပ်နှင့် တရုတ်တပ်များ လှုပ်ရှားမှု၊ ယင်းတို့ ခိုအောင်းစတည်းချရာနေရာ စသည့် သတင်းအစုံအလင်ကို ပြောပြရာ ဂျပန်စစ်ဗိုလ်ကြီးသည် မြေပုံကိုဖြန့်ကာ သခင်တင်ဦး ပြောပြသည့်နေရာများကို ခဲတံဖြင့်ဝိုင်း၍ မှတ်ထားသည်။ ထို့နောက် သခင်တင်ဦးနှင့် ကိုသုတတို့ကို ဂျပန်ငွေစက္ကူများ ထုတ်ပေးသည်။

သခင်တင်ဦးနှင့် ကိုသုတတို့သည် ဂျပန်ဆက်သွယ်ရေးတပ်တွင် နေထိုင်စားသောက်ကြရသည်။ နှစ်ရက်အကြာတွင် ဂျပန်ဆက်သွယ်ရေးတပ်မှာ မေမြို့မှ နောင်ချိုသို့ ပြောင်းရွှေ့ရာ သခင်တင်ဦးနှင့် ကိုသုတတို့လည်း လိုက်ပါသွားကြရ၏။

သခင်တင်ဦးနှင့် ကိုသုတတို့သည် နောင်ချိုပတ်ဝန်းကျင်တစ်ဝိုက်တွင် လှည့်လည်ကာ အင်္ဂလိပ်စစ်တပ်သတင်း၊ တရုတ်စစ်တပ်သတင်းတို့ကို စနည်းနာကြရ၏။ ရလေသမျှသော သတင်းတို့ကို ဂျပန်ဗိုလ်ကြီးအား ပြန်လည်ပြောပြ အစီရင်ခံရလေသည်။

တစ်ဖန် နောင်ချိုမှ ကျောက်မဲသို့ ပြောင်းရွှေ့ကြရပြန်၏။ သခင်တင်ဦးနှင့် ကိုသုတတို့ကား ဂျပန်တပ် ပြောင်းတိုင်း ပြောင်းတိုင်း လိုက်ပါကြရသည်။

ယင်းသို့ဖြင့် ကိုသုတမှာ မိမိ၏ဇာတိသို့ ပြန်မရောက်နိုင်ဘဲ ဂျပန်များနောက်သို့ တကောက်ကောက်လိုက်ရင်း နေ့ရက်တွေ ကြာညောင်းကုန်လွန်ခဲ့လေသည်။

○

## (၅၁)

ကိုသုတ၏မိခင် ဒေါ်ခိုင်ကား အိပ်ရာထဲတွင် ဗုန်းဗုန်းလဲရှာပြီ ဖြစ်လေသည်။

"လူကလေး…လူကလေး…တရုတ်စစ်သားတွေသတ်လို့ သေပြီထင်ပါရဲ့…လူကလေးရယ်"

ဒေါ်ခိုင်သည် မကြာခဏ သူ့သား ကိုသုတကို တသမြည်တမ်းနေ၏။

ဆရာညွန့်က သူ့အစ်မ ဒေါ်ခိုင်ကို ဆေးတိုက်သည်။

"မသောက်ပါရစေနဲ့…မောင်ညွန့်ရယ်…၊ အစ်မဝေဒနာက ရိုးရိုးဝေဒနာမှ မဟုတ်ဘ…"…စိတ္တဇဝေဒနာကွယ့်…စိတ္တဇဝေဒနာ…စိတ္တဇဝေဒနာကို ဆေးဆရာကုလို့ မရဘူးတဲ့ကွယ့်…"

"အစ်မသား ပြန်လာမှာပေါ့…အစ်မရယ်…ဒီလောက်ပူမနေပါနဲ့…" ဟု ဆရာညွန့် ပြော၏။

"လူကလေး အသက်ရှင်လျက် ရှိသေးရင် မင်းပြောသလို ပြန်လာမှာပေါ့…မောင်ညွန့်ရဲ့…၊ ခုတော့ သေလို့သာ ပြန်မလာနိုင်တာပေါ့…၊ သေသွားတဲ့လူ ပြန်လာတယ်လို့ ဘယ်မှာရှိဖူးလို့လဲ…၊ မင့်မိန်းမ မဝိုင်း သေသွားတာ ပြန်လာသေးရဲ့လား…၊ လူကလေးရေ…အမေလည်း မင့်နောက်ကို လိုက်ခဲ့မယ်ကွယ်…"

ဒေါ်ခိုင်က တမ်းတရင်း ရှိုက်ကြီးတငင် ငိုရှာသည်။

ဆရာညွန့်မှာ ဒေါ်ခိုင်ကို သနားသည်က တဝ၊ မောင်သုတအတွက် စိုးရိမ်ပူပန်သည်ကတတန်၊ မဝိုင်းကို သတိရသည်က တထွေဖြင့် မျက်ရည်အတွေတွေ ကျနေလေတော့သည်။

"မအေးကြည်ရေ...လာစမ်းပါဦး..."

ဒေါ်ခိုင်က ခေါ်သဖြင့် ဆရာညွှန့်၏ဇနီး မအေးကြည်အနီးသို့ ရောက်လာ၏။

"လူကလေးအတွက် ရည်စူးပြီး ဘုရားရေချမ်း ကပ်လိုက်စမ်းပါ... မအေးကြည်ရယ်...၊ နောက်ပြီးတော့ ဖယောင်းတိုင်လည်း ထွန်းလိုက်ပါ...၊ လူကလေးရေ...အမျှ...အမျှ"

ဒေါ်ခိုင်မှာ အရှူးသဖွယ် တမ်းတနေရှာလေသည်။

ဒေါ်ခိုင်၏ဝေဒနကား တစ်နေ့ထက်တစ်နေ့ ဆိုး၍ဆိုး၍ လာလေရာ နောက်ဆုံးတွင် အဆိုးဆုံးဆိုးလျက် အစာရေစာ မဝင်တော့ဘဲ အိပ်ရာထက်တွင် ပက်လက်ကလေး ဖြစ်နေရှာ၏။ စကားလည်း မပြောနိုင်တော့ချေ။ မျက်စိကလေး ကလယ်ကလယ်ဖြင့် ကြည့်နေရှာ၏။ သူ့သား ကိုသုတရောက်၍ လာလေမည်လားဟု ကြည့်ဟန်တူလေသည်။ တစ်ခါတစ်ရံတွင် မျက်ရည်တွေ ဝဲနေ၏။

ဆရာညွှန့်သည် ဒေါ်ခိုင်ကိုကြည့်ကာ မပိုင်းသေခါနီးတွင် ဖြစ်ပုံမျိုးဖြစ်နေပြီဟု တွေးမိရာ ဒေါ်ခိုင်၏လက်များကို မကြာခဏ ဆုပ်နယ်၍ကြည့်မိ၏။ ဒေါ်ခိုင်ကား အသက်ငွေ့ငွေ့မျှသာ ကျန်တော့သည်။

"အမယ်လေး...လာမှလာလေသေးရဲ့ကွယ်..."

ဆရာညွှန့်က ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းရောကာ ပြောလိုက်သည်။

ကိုသုတသည် အိမ်ပေါ်သို့ အလျားဖားလျား တက်လာ၏။ မိခင်ကိုမြင်လိုက်ရသောအခါ ဘာစကားမျှ မပြောနိုင်တော့ဘဲ ကြက်သေ,သေကာငေးစိုက်ကြည့်ရှုနေရှာသည်။

"မင်းအမေတော့ မြင်တဲ့အတိုင်းပဲ...မင့်စိတ်ကြောင့် ဒီလိုဖြစ်ရတာ...၊ မင်းအသက်မီတာ တော်သေးတာပေါ့...၊ မင့်ကို စောင့်နေလို့ အသက်မထွက်သေးတာ..."ဟု ဆရာညွှန့်က ကရုဏာဒေါသော ပြောလိုက်သည်။

ကိုသုတသည် ဒေါ်ခိုင်၏မျက်နှာအနီးတွင် ကျုံ့ကျုံ့ကလေးထိုင်ကာ "အမေ...အမေ...ကျွန်တော် ပြန်လာပြီလေ..."ဟု ခပ်ကျယ်ကျယ် အော်၍ ပြောလိုက်သည်။

ဒေါ်ခိုင်သည် စကားမပြောနိုင်သော်လည်း နားကြား၍ မျက်စိမြင်နေပေသေးသည်။ ကိုသုတကို စိုက်၍ကြည့်ပြီးနောက် မျက်ရည်တွေ တတွေတွေ ကျဆင်းလာသည်။

ကိုသုတက မိခင်၏မျက်ရည်များကို သုတ်ပေး၏။

"မင့်ကို တရုတ်စစ်သားတွေသတ်လို့ သေပြီလို့ အယူရှိပြီး စိတ္တဇရောဂါကပ်တော့တာပါပဲကွာ..."ဟု ဆရာညွန့်က ပြောပြသည်။

"အမေ...အမေ...ကျွန်တော် မသေပါဘူးအမေရဲ့...၊ အမေ့သား လူမိုက်ကြီး ပြန်လာပြီလေ..."

ကိုသုတက သူ့အမေကြားစေရန် အော်၍ပြော၏။

ဒေါ်ခိုင် ကြားဟန်တူသည်။ ခေါင်းကို မသိမသာ ညိတ်၏။ မျက်လုံးများလည်း အတော်ကလေး ကြည်လင်၍လာသည်။

ထို့နောက် ဒေါ်ခိုင် ပါးစပ်တလှုပ်လှုပ်ပြု၏။ အသံကား ထွက်မလာချေ။

"အမေ ရေများသောက်ချင်သလား မသိဘူး ဦးလေး..."ဟု ကိုသုတက ဆရာညွန့်အား ပြောလိုက်၏။

ဆရာညွန့်က ရေကို ဇွန်းစကလေးနှင့်တို့ကာ ဒေါ်ခိုင်၏ပါးစပ်ထဲသို့ ညှစ်ချပေး၏။ ဒေါ်ခိုင်က တမြို့မြို့သောက်သည်။

"မင်းရောက်လာတာသိလို့ ရေသောက်တာ...၊ အရင်ကဆိုရင် ရေတောင်မသောက်ဘူး...၊ အစာစားဖို့တော့ ဝေးရော..."ဟု ဆရာညွန့်က ပြော၏။

"အမေ...ကျွန်တော် ဘယ်မှမသွားတော့ဘူးနော်...၊ အမေ ကျန်းမာအောင် ကျွန်တော်ပြုစုပါ့မယ်...၊ အမေလည်း ကျန်းမာလာမှာပါဘဲ..."ဟု ကိုသုတက အားပေးစကားပြောရာ ဒေါ်ခိုင်က ခေါင်းညိတ်၍ပြ၏။

ဒေါ်ခိုင်၏ စိတ္တဇရောဂါအတွက် ဆေးကောင်းကြီးတစ်လက် ရောက်လာပြီဖြစ်ရာ တစ်ချိန်ထက်တစ်ချိန်၊ တစ်နေ့ထက်တစ်နေ့ တဖြည်းဖြည်း သက်သာလာလေရာ နောက်ဆုံးတွင် အစာကလေး အနည်းငယ် ဝင်လာလျက် ထူနိုင်ထိုင်နိုင်ဖြစ်ကာ သေမင်း၏ခံတွင်းမှ ထွက်ခဲ့ရလေသည်။

တစ်နေ့တွင် ဆရာညွန့်က ကိုသုတကို မေး၏။

"ပြောစမ်းပါဦး...မင်း ဘာပြုလို့ ဒီလောက်ကြာနေရတာလဲ...မင်း ရောက်စကတော့ မင့်အမေကို ဂရုစိုက်နေရတာနဲ့ မေးဖို့အချိန်မရဘူး..."

ကိုသုတ ရှင်းလင်းပြောပြသည်ကို ဆရာညွန့်ရော ဒေါ်ခိုင်ပါ နားစိုက်၍ထောင်နေကြသည်။

"ဒီလို ဦးလေးရေ့...သခင်တင်ဦးနဲ့ ကျွန်တော် မေမြို့ရောက်အောင် ကုန်းကြောင်းသွားကြရတယ်..."

"ဟ...သွားခါနီး မင်းပြောတာကတော့ ကုန်သည်တစ်ယောက်နဲ့ လားရှိုးသွားရမယ်ဆို...၊ မော်တော်ကားနဲ့ သွားရမယ်လို့ မင်းပြောတယ်။ ခုတော့ ဘာပြုလို့ ကုန်းကြောင်းလျှောက်သွားရတာလဲ..."ဟု ဆရာညွန့်က မေး၏။

"အမေ စိတ်ချအောင်လို့ ကျွန်တော် လိမ်ပြောမိတာပါ...၊ သခင်တင်ဦးက ကုန်သည်မဟုတ်ပါဘူး။ ဂျပန်စစ်တပ်က စုံထောက်ပါ...၊ အဲဒီ သခင်တင်ဦးနဲ့ ကျွန်တော် မေမြို့ရောက်တော့ ဂျပန်စစ်တပ်နဲ့အတူ နေရတယ်။ ဂျပန်တပ်ပြောင်းတိုင်း ကျွန်တော်တို့ အတူလိုက်နေရပါတယ်..."

"ဒီလိုမှန်းသိရင် အမေ ဘယ်လွှတ်မလဲကွယ်..."ဟု ခေါ်ခိုင်က ပြော၏။

"အဲ...နောက်ဆုံးတော့ ကျောက်မဲက ဂျပန်စစ်တပ် ပြောင်းရပြန် ရော...၊ ကျွန်တော်တို့လည်း လိုက်ရတာပေါ့...၊ သီပေါမရောက်ခင် လမ်း ကျတော့ ဆီဒင်ကားနှစ်စင်းနဲ့ လူတွေကို တွေ့ရတယ်။ အဲဒီလူတွေက တောင်ကြီးကတဲ့။ သူတို့ကားကို လူဆိုးတွေက သေနတ်နဲ့ပစ်လို့ ပြန်လှည့် လာရကြောင်း ဂျပန်စစ်ဗိုလ်ကိုတိုင်ပြီး ဂျပန်စစ်တပ်နဲ့အတူ သူတို့လည်း လိုက်လာကြတယ်။ သီပေါမြို့ကိုဖြတ်ပြီး မိုင်းရယ်မြို့ကို ရောက်လာကြပြန် ရော..."

"မင်းတို့ဟာက ပြောင်းလို့ ရွှေ့လို့ပဲ မပြီးနိုင်ပါပဲကလားကွာ..."ဟု ဆရာညွန့်က ပြောလိုက်သည်။

ဟုတ်တယ် ဦးလေးရဲ့...၊ စစ်တပ်ဆိုတာ ဒီအတိုင်းပဲ...၊ အဲ... နောက်နေ့ကျတော့ မိုင်းရယ်က ခရီးထွက်ခဲ့ကြပြန်ရော၊ မိုင်းနောင်မြို့ကို သွားဖို့ ထွက်လာခဲ့ကြတာ။ တောင်ကြီးက စစ်ပြေးတွေလည်း ဆီဒင်ကား

နှစ်စီးနဲ့ ပါလာကြတယ်။ ကျေးသီးမံစံမြို့ရောက်တော့ တောင်ကြီးက ကား နှစ်စီးက တောင်ကြီးဘက်ပြန်သွားဖို့ စီစဉ်ကြတယ်။ ကျေးသီးမံစံမြို့က လမ်းဆုံကိုး…၊ ကျွန်တော်လည်း ဂျပန်ဗိုလ်ကြီးထံမှာ ခွင့်တောင်းပြီး အဲဒီ တောင်ကြီးကကားနဲ့ ပြန်လိုက်ခဲ့ရတယ်။ လမ်းမှာရှိတဲ့ မိုင်းကိုင်၊ လဲချား၊ ပင်လုံ၊ လွယ်လင်မြို့တွေကို ဖြတ်ပြီး တောင်ကြီး ရောက်လာခဲ့တာပဲ…၊ တောင်ကြီးရောက်ပြန်တော့ ကျွန်တော်စီးလာတဲ့ ကားရှင်ရဲ့အိမ်သူအိမ်သား တွေက ညောင်ရွှေနားက မိုင်းသောက်ပြောင်းသွားကြတယ်လို့ သတင်းကြား ရတော့ ချက်ချင်းပဲ ညောင်ရွှေကို ထွက်ခဲ့ကြတယ်။ ကျွန်တော်က ညောင်ရွှေ မှာဆင်းနေပြီး၊ အဆင်သင့်ပဲ ကျွန်တော်တို့ ပင်းတယက ကိုမြသီနဲ့ ကိုဘရွှေ တို့ ကြံသကာလာဝယ်တဲ့ကားနဲ့ ကြုံတာနဲ့ လိုက်ခဲ့ရတာ…”

“အမယ်လေး…မင်းပြောတာတွေ ကြားရတာနဲ့ပဲ အမေဖြင့် မောလှ ပါပြီ လူလေးရယ်…၊ နောက်တော့ဖြင့် အမေ့ကိုပစ်ပြီး ဘယ်ကိုမျှ မသွားပါ နဲ့တော့…၊ အမေသေမှ မင်းသွားချင်ရာသွားပါ…”ဟု ဒေါ်ခိုင်က မျက်ရည် ကလေး စမ်းစမ်းဖြင့် ပြောရှာသည်။

“စိတ်ချပါ အမေရယ်…၊ နောက်ဆိုရင် အမေ့စကားကို ကျွန်တော် တသဝေမတိမ်း နားထောင်ပါတော့မယ်”ဟု ကိုသုတက ဝန်ခံကတိပေးလိုက် လေသည်။

○

# (၅၂)

ဆရာညွန့်၊ မအေးကြည်နှင့် ငွေယုန်တို့သည် စစ်ကာလအတွင်း ပင်းတယ မြို့တွင် နေထိုင်ကြကာ စစ်ပြီးသည်နှင့် တစ်ပြိုင်နက် အောင်ပန်းမြို့သို့ ပြောင်းရွှေ့လာကြသည်။

အောင်ပန်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ဆရာညွန့်သည် မဝိုင်း၏ အုတ်ဂူသို့ ပြေးသွားသည်။

"အစ်မဝိုင်းရေ…ကျွန်တော်တို့ အောင်ပန်းပြန်ရောက်ကြပြီဗျ…၊ အစ်မဝိုင်း မရှိတော့သလို အစ်မဝိုင်းနဲ့ အတူနေခဲ့တဲ့အိမ်လည်း မရှိတော့ဘူး၊ အစ်မဝိုင်းနဲ့အတူ စီးခဲ့တဲ့လှည်းလည်း မရှိတော့ဘူး၊ အစ်မဝိုင်းရှိစဉ်က လှည်း တပ်မောင်းတဲ့ နွားကြီးလည်း မရှိတော့ဘူး၊ အားလုံး ပျောက်ပျက်သေဆုံး ကုန်ကြပြီဗျ…"

ဆရာညွန့်သည် သူပြောလိုသည့် စကားတို့ကို မဝိုင်းအား တိုင်တည် ပြောကြားသည်။ ယင်းသို့ ပြောသည့်အခါတွင် မဝိုင်းကို မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက် မြင်လာလျက် မဝိုင်းနှင့် တကယ်တွေ့ဆုံနေရသလို စိတ်ထဲက ထင်မြင်လာသည်။

ဆရာညွန့်သည် မီးလောင်ပြင်နေရာ ကွက်လပ်တွင် အိမ်ပြန်ဆောက်၏။ မဝိုင်းနှင့် နေခဲ့ကြသည့် အိမ်ပုံစံမျိုးတူအောင် ဆောက်သည်။ အိမ်ပုံစံကား တူပါ၏။ အိမ်အရွယ်ချင်းကား မတူတော့ချေ။ မဝိုင်းနဲ့အတူ နေခဲ့ရစဉ်က အိမ်ကြီးလောက် မကြီးတော့ချေ။

အချိန်သည် တရွေ့ရွေ့ ကုန်လွန်ခဲ့သည်။ ခေတ်သည်လည်း အဆင့်ဆင့်ပြောင်းခဲ့လေပြီ။ လူတို့သည်လည်း ကြီးရင့်အိုမင်းလာကြလေသည်။

ဗမာပြည်လွတ်လပ်ရေးရသည့်နှစ်တွင် ဆရာညွှန့်၏အသက်မှာ ၅၆ နှစ် ရှိပြီဖြစ်လျက် မအေးကြည်၏အသက်မှာ ၃၅ နှစ်ရှိလာကာ ငွေယုန်မှာ ၁၅ နှစ်သမီးအရွယ်သို့ ရောက်လာပြီဖြစ်သည်။

တစ်နေ့တွင် ဆရာညွှန့်သည် ကျောင်းဆရာကြီး ဦးစိန်နှစ်၏အိမ်သို့ ရောက်သွား၏။ လူကြီးများပီပီ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေကြသည်။

ယင်းသို့ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောနေကြရာက ဦးစိန်နှစ်က တစ်စုံတစ်ခုကို သတိရကာ ပြောလိုက်သည်။

"ဗမာပြည်တော့ဖြင့် လွတ်လပ်ရေး ရနေပြီ။ ပြည်ထောင်စုသားတွေ တစ်လုံးတစ်စည်းတည်းဖြစ်တာ ဝမ်းသာစရာပဲ...၊ အင်္ဂလိပ်ခေတ်ကတော့ အင်္ဂလိပ်က သွေးခွဲထားလို့ ပြည်ထောင်စုသားတွေ အစိတ်စိတ်အမြွှာမြွှာ အကွဲကွဲအပြားပြား ဖြစ်ခဲ့ကြရတယ်...။ လူချင်းအနေဝေးပြီး ကွဲပြားနေတော့ စိတ်ဓာတ်ချင်းလည်း ကွဲပြားသွားကြတယ်။ ညီအစ်ကိုအရင်းတွေ ဖြစ်ပါရက်နဲ့ သူစိမ်းတစ်ရံဆံတွေ ဖြစ်ကုန်ကြရတယ်။ ကျွန်ဖြစ်ရတာဟာ တော်တော်ကြောက်စရာ ကောင်းတယ်နော်၊ ကျွန်ဖြစ်ရရင် အိမ်မှာစေခိုင်းထားတဲ့ ငွေဝယ်ကျွန်အတိုင်းပဲ...။ အရှင်သခင်ဖြစ်တဲ့ အုပ်ချုပ်သူ အစိုးရခိုင်းတာကို လုပ်ရတယ်၊ ကျွေးသလောက် စားရတယ်၊ အရေးအခွင့်တွေ အားလုံးဆုံးရှုံးကုန်တာပဲ...၊ ဒီတော့ ရထားတဲ့ လွတ်လပ်ရေး ထာဝစဉ်ခိုင်ခံ့ တည်မြဲအောင်လုပ်ဖို့ အင်မတန်အရေးကြီးတယ်။ ပြည်ထောင်စုသားချင်း ဥမကွဲသိုက်မပျက်ဆိုတာလို ညီအစ်ကိုအရင်းလို ချစ်ခင်ကြင်နာကြပြီး တစ်လုံးတစ်စည်းတည်းဖြစ်ဖို့ အရေးကြီးတယ်..."

ဦးစိန်နှစ်ကား နှစ်ပေါင်းများစွာကပင် ရှမ်းပြည် အောင်ပန်းမြို့သို့ လာရောက်နေထိုင်သူ ဗမာအမျိုးသားဖြစ်ရာ ရှမ်းဗမာ သွေးစည်းညီညွတ်မှုကို တတ်နိုင်သမျှ ဆောင်ရွက်ခဲ့သူပီပီ ပြည်ထောင်စုသားချင်း စည်းလုံးမှု စကားများကို ပြောလိုက်သည်။

ဆရာညွှန့်သည် ဦးစိန်နှစ်၏စကားတို့ကို စိတ်ဝင်စားစွာ နားထောင်နေပြီးနောက် စိတ်ထဲတွင်ပေါ်လာသည့် အကြောင်းကို ပြောလိုက်၏။

ဟိုရှေးက ဗမာရှင်ဘုရင်တွေ လက်ထက်မှာ ကျွန်တော်တို့ရှမ်းတွေနဲ့ ဗမာတွေဟာ အင်မတန် ချစ်ကြည်ခဲ့ကြတာတွေ ရာဇဝင်မှာ တွေ့နိုင်ပါတယ်။ အရေးကြီး သွေးနီးဆိုသလို ကြုံရပုံကတော့ သီပေါမင်း ပါတော်မူတုန်းကပေါ့၊ အဲဒီတုန်းက ညောင်ရွှေစော်ဘွားကြီး ဆာစပ်မောင် အမှူးပြုတဲ့ စော်ဘွားကြီးလေးဦးဟာ မဟာမြတ်မုနိဘုရားတန်ဆောင်းအတွင်းက စောင့်နေကြတယ်။ သီပေါမင်း ဘုရားဖူးဝင်ရင် ရှမ်းပြည်ကို ခေါ်ဆောင်သွားဖို့ပဲ။ သို့ပေမဲ့ သီပေါမင်းကို ဖမ်းသွားတဲ့ အင်္ဂလိပ်တွေက မဟာမြတ်မုနိဘုရားဖူးခွင့်မပြုတော့ စော်ဘွားကြီးတွေ အကြံမအောင်မမြင် ဖြစ်သွားရတယ်။ သို့ပေမဲ့ သီပေါမင်း ပါတော်မူပြီး လူမျိုးကွဲအင်္ဂလိပ်တွေ အုပ်ချုပ်တာကို မခံနိုင်လို့ ရှမ်းပြည်က စော်ဘွားကြီးတွေဟာ အင်္ဂလိပ်ကို ပုန်ကန်တိုက်ခိုက်ကြပါတယ်။ ဒါဟာ ရှမ်းနဲ့ဗမာ ဘယ့်လောက် ချစ်ခင်တယ်၊ လေးစားတယ်၊ သွေးစည်းညီညွတ်တယ်ဆိုတာပြတဲ့ သာဓကကြီး တစ်ရပ်ပါပဲ ...”

“ဆရာညွန့် ပြောတာ ဟုတ်တာပေါ့ ...ကျွန်တော် ရှမ်းပြည်ရောက်လာတော့ ရှမ်းအမျိုးသားတွေအကြောင်း လေ့လာစုံစမ်းကြည့်တယ်။ ရှေးက ရှမ်းနဲ့ဗမာ ဆက်ဆံရေးကို မေးမြန်းလေ့လာတယ်။ ခုတင်က ဆရာညွန့်ပြောတဲ့ ညောင်ရွှေစော်ဘွားကြီး ဆာစဝ်မောင်ကို မင်းတုန်းမင်းကြီးက သားတော်အဖြစ် မွေးစားပြီး ငယ်စဉ်က မန္တလေးမြို့မှာပဲ နေစေသတဲ့။ မန္တလေးမြို့မှာပဲ သီပေါမင်းသား စတဲ့ သားတော်တွေနဲ့အတူ ပညာသင်ကြားစေသတဲ့။ နောက်... ညောင်ရွှေစော်ဘွားကြီး ရာထူးကို ဆက်ခံစိုးစံရတဲ့ အခါကျတော့ စော်ဘွားကြီးရဲ့ ဟော်တော်ကို မန္တလေးနန်းတော်ပုံစံအတိုင်း ဆောက်လုပ်ခွင့်ကို ဗမာရှင်ဘုရင်ကပေးတယ်။ ပထမဆောက်လုပ်တဲ့ မန္တလေးနန်းတော်ပုံစံ ဟော်တော်ကြီး မီးလောင်သွားလို့ နောက်အသစ်ဆောက်တဲ့ ဟော်တော်ကလည်း မန္တလေးနန်းတော်ပုံစံအတိုင်းပါပဲ...။ ခုထက်ထိ ညောင်ရွှေမြို့မှာ ရှိနေပါတယ်။ ဒီတော့ ဗမာရှင်ဘုရင်တွေ လက်ထက်က ရှမ်းနဲ့ဗမာ ဘယ်လောက်ချစ်ကြည်ရင်းနှီးခဲ့တယ်ဆိုတာ ထင်ရှားပါတယ်...”

“ဆရာပြောတော့ ကျွန်တော် တစ်ခုသတိရတယ်။ ဗမာရာဇဝင်ထဲမှာ ရှမ်းဘုရင် သိုဟန်ဘွားကို မင်းကြီးရန်နောင်က သတ်ပစ်တယ်ဆိုတာကတော့ နည်းနည်းအရုပ်ဆိုးတယ်နော် ...”

ဆရာညွန့်၏စကားကို ကြားရသောအခါ ဆရာကြီးဦးစိန်နှစ် လှုပ်လှုပ်ရှားရှား ပြန်လာသည်။ စိတ်အားထက်သန် တက်ကြွသည့် အမူအရာဖြင့် မျက်လုံးများ ဝင်းဝင်းတောက်လာသည်။ ထို့နောက် ဦးစိန်နှစ်က ရှင်းပြ၏။

"ဒီကိစ္စနဲ့ ပတ်သက်လို့ စကားစပ်မိတိုင်း ကျွန်တော ပြောပြရပါတယ်...၊ ကျောင်းမှာလည်း ရာဇဝင်သင်တဲ့အခါ သိုဟန်ဘွားကို မင်းကြီးရန်နောင် သတ်ရတဲ့အကြောင်းရင်းကို သေသေချာချာ ရှင်းပြခဲ့ရဘူးပေါင်းများလှပါပြီ။ သိုဟန်ဘွားကို မင်းကြီးရန်နောင်သတ်တာဟာ ရှမ်းကိုဗမာကသတ်တာ မဟုတ်ပါဘူး...။ တိုင်းပြည်ကောင်းစားစေချင်တဲ့ တိုင်းချစ်ပြည်ချစ် ပုဂ္ဂိုလ်ကြီးတစ်ဦးက ရှင်ဘုရင်ဆိုးကို သတ်ပစ်တာပါ..."

ဦးစိန်နှစ် ပြောသည့်စကားကို ဆရာညွန့်က စိတ်ဝင်စားစွာ နားထောင်နေသည်။

"သိုဟန်ဘွားအကြောင်း ဆရာညွန့် ရာဇဝင်စာအုပ်ထဲမှာ ဖတ်ဖူးမှာပေါ့။ ရဟန်းတော်တွေကို သတ်တယ်၊ ပိဋကသုံးပုံကို မီးတိုက်ပစ်တယ်၊ စေတီပုထိုးတွေကို ဖျက်ဆီးတယ်၊ ဒီလောက် ယုတ်မာဆိုးညစ်တဲ့ မင်းမျိုးကို ဗမာတွေက မကြိုက်သလို ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်တဲ့ ရှမ်းတွေကလည်း ကြိုက်မှာမဟုတ်ပါဘူး၊ နောက်ပြီးတော့ သိုဟန်ဘွားဟာ ဗမာပြည်မှာ အုပ်စိုးနေတဲ့ ဘုရင်ပါ။ ရှမ်းပြည်မှာ အုပ်စိုးတဲ့ ရှင်ဘုရင်မဟုတ်ပါဘူး၊ ဗမာပြည်က ဘုရင်မကောင်းရင် ဗမာတွေက သုတ်သင်ဖယ်ရှားရ မည့် ဝတ္တရားရှိပါတယ်။ ရှမ်းပြည်က ဘုရင်မကောင်းရင် ရှမ်းပြည်က သုတ်သင်ပယ်ရှားရမဲ့ ဝတ္တရားရှိပါတယ်။ ရှမ်းပြည်မှာ အုပ်စိုးနေတဲ့ ဗမာလူမျိုးဘုရင်ရှိတယ် ဆိုပါတော့ အဲဒီဗမာလူမျိုးဘုရင်ကလည်း သိုဟန်ဘွားလိုဆိုးသွမ်းညစ်ညမ်းနေတယ်ဆိုရင် ရှမ်းတွေက သုတ်သင်ပစ်မှာပါပဲ..."

"ဟုတ်တယ်ပေါ့..."ဟု ဆရာညွန့်က ဝန်ခံသည်။

"အဲ...အရေးအကြီးဆုံး သိမှတ်ဖို့ အချက်ကတော့ မင်းကြီးရန်နောင်ဟာ သူကိုယ်တိုင် ဘုရင်လုပ်ချင်လို့ သိုဟန်ဘွားကိုသတ်တာ မဟုတ်ပါဘူး၊ သိုဟန်ဘွားဟာ ရှမ်းလူမျိုးဖြစ်နေလို့ သတ်တာလည်း မဟုတ်ပါဘူး။ မင်းဆိုး မင်းညစ်ဖြစ်လို့ သတ်တာပါ။ အထင်ရှားဆုံးသာဓက,က မင်းကြီး

ရန်နောင်ဟာ သိုဟန်ဘွားကိုသတ်ပြီး ရှမ်းလူမျိုး ခုံမိုင်းငယ်ကို ဘုရင်တင်မြှောက်ပါတယ်။ မင်းကြီးရန်နောင် ကိုယ်တိုင်ကတော့ ရဟန်းဝတ်သွားပါတယ်..."

"ဟုတ်ပါ့...မင်းကြီးရန်နောင်ရဲ့ စေတနာက အရှင်းသားပဲ..."ဟု ဆရာညွန့်က ပြော၏။

"ဗမာဘုရင်တွေ လက်ထက်က ရှမ်းနဲ့ဗမာ ချစ်ကြည်ရင်းနှီးမှုရှိတဲ့အပြင် ဗုဒ္ဓဘာသာ သာသနာထွန်းကားရေးအတွက်လည်း လက်တွဲပြီးဆောင်ရွက်ခဲ့ကြလို့ ပုဂံပြည်မှာ ဘုရားစေတီတွေ လက်ညှိုးထိုးလို့ မလွဲသလို ရှမ်းပြည်မှာလည်း ကျောင်းကန်ဘုရားတွေဟာ လက်ညှိုးထိုးလို့ မလွဲပါဘူး"

"ဟုတ်သဗျ...၊ ကျွန်တော်တို့ ဘိုးဘေးများပြောတာ အဆင့်ဆင့်မှတ်သားရဖူးတာကတော့ ဗမာရှင်ဘုရင်တွေ လက်ထက်က တံဆိပ်တော်ရဆရာတော်ဘုရားကြီးတွေကို ရှမ်းပြည်လွှတ်ပြီး သာသနာပြုစေသတဲ့ဗျ...၊ အဲဒီဆရာတော်ဘုရားကြီးတွေက ရှမ်းလူမျိုး ရဟန်း သာမဏေတွေကို ပိဋကသုံးပုံသင်ပေးပြီး သာသနာတော် စည်ပင်ထွန်းကားအောင် လုပ်တော်မူကြသတဲ့..."

"ဟုတ်မှာပဲ...။ အခုပစ္စုပ္ပန်ခေတ်မှာတောင် ရှမ်းအမျိုးသား၊ မနုအမျိုးသားရဟန်းတွေဟာ မန္တလေးတို့၊ ပခုက္ကူတို့၊ ရန်ကုန်တို့သွားပြီး ပိဋကသုံးပုံသင်ကြားကြပါတယ်။ အခု ရှမ်းပြည်မှာရှိကြတဲ့ ဆရာတော်ဘုရားကြီးတွေဟာ ဗမာပြည်သွားပြီး စာပေသင်ကြားခဲ့ဖူးတာ များပါတယ်။ နောက်ပြီးတော့ ညောင်ရွှေမြို့နားက အင်းလေးကန်နားမှာ ဖောင်တော်ဦးဘုရားရှိပါတယ်။ ဟဲဟိုးနားမှာလည်း နယ်ခြားဖောင်တော်ဦးဘုရား ရှိပါတယ်။ ရှမ်းပြည်မြောက်ပိုင်း နန့်ဆန်မှာလည်း ဖောင်တော်ဦးဘုရား ရှိတာပါပဲ။ နောက်ပြီးတော့ ရှမ်းပြည်မြို့တိုင်းလိုလို ဘုရားသမိုင်းတွေကို လေ့လာရင် အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လည်ရာမှာ တည်ခဲ့တဲ့ ဘုရားတွေလို့ အဆိုရှိပါတယ်၊ ဒါတွေထောက်ရင် ရှေးကဗမာဘုရင်တွေဟာ ချစ်ကြည်ရင်းနှီးရေးနဲ့ သာသနာပြုရေးအတွက် ရှမ်းပြည်ကို ရောက်လာကြကြောင်း အထောက်အထား အခိုင်အလုံတွေ ဖြစ်ပါတယ်..."

ဆရာညွန့်က စဉ်းစားနေပြီးနောက် "အနော်ရထာမင်းက နှင်ထုတ်လိုက်လို့ ရှမ်းမင်းသမီး စောမွန်လှ ဒုက္ခရောက်ရတာမျိုးတော့ မကောင်းဘူးပေါ့နော်..."ဟု ပြောလိုက်သည်။

"ကျွန်တော် ထင်တာကတော့ စောမွန်လှ ဖြစ်ရပ်ကို ဇာတ်သမားတွေ လုပ်ကြပြီး ဇာတ်နာအောင် လွမ်းအောင် ဖန်တီးခဲ့ကြရာက နောင်လာနောက်သားတွေက အမှန်ပဲလို့ မှတ်ယူသွားကြတယ်လို့ ထင်တာပဲ၊ ဒီလိုသာဓကတွေ အများကြီးရှိပါတယ်။ ဗမာရာဇဝင်မှာ ထင်ရှားကျော်ကြားလှတဲ့ ကျန်စစ်မင်းကြီးကို ဇာတ်သမားတွေ မဟုတ်မဟပ် လုပ်ဇာတ်ခင်းလိုက်ကြတာဟာ ကျန်စစ်မင်းကြီးက လူဆိုးလူကြမ်းကြီးဖြစ်၊ လူဆိုးကုလားကလေး ရွှေဖျဉ်းညီနောင်က သူရဲကောင်းဇာတ်လိုက်ကြီးတွေ ဖြစ်ကုန်ကြတော့တာပဲ၊ ဆရာညွန့်ပြောသလို အနော်ရထာမင်းက စောမွန်လှကို တကယ်နှိပ်စက်ရိုးမှန်ရင်လည်း ဒါဟာ မလိုလားအပ်တဲ့ ပဒေသရာဇ် ဧကရာဇ် စနစ်ဆိုးကြောင့် ဖြစ်ရတာပါ။ စနစ်ဆိုး ခေတ်ဆိုးကြောင့် အင်္ဂလိပ်လက်ထက်တလျှောက်လုံးမှာ ရှမ်းနဲ့ဗမာ သွေးကွဲခဲ့ရပါတယ်။ နောက်ပြီးတော့ အင်္ဂလိပ်ခေတ်ဆိုးက ရာဇဝင်ကြွေးတွေကို ကျွန်တော်တို့ ဗမာတွေက ဆပ်စရာလည်းရှိပါသေးတယ်..."

"ရာဇဝင်ကြွေးဆိုတာက ဘယ်လိုတုံး..." ဆရာညွန့်က မေးလိုက်၏။

"အင်္ဂလိပ်အုပ်စိုးနေတဲ့ခေတ်က ရှမ်းပြည်ကို ဗမာလူကောင်းသူကောင်းတွေလာဖို့ မလွယ်ပါဘူး၊ ရှမ်းလူမျိုးတွေကို မျက်စိဖွင့်ပေးမယ့် ဗမာကောင်းတွေလာရင် ရှမ်းပြည်ဥပဒေပုဒ်မ ၁၀ က၊ မောင်းထုတ်ပါတယ်။ ဒီတော့ အင်္ဂလိပ်ခေတ်က ရှမ်းပြည်ကို ဘယ်လိုဗမာတွေ ရောက်လာကြသလဲဆိုတော့ သူခိုးဓားပြ လူဆိုးသူဆိုး ဝါးရမ်းပြေးတွေ၊ စီးပွားရေးသမား ခေါင်းပုံဖြတ်လူတန်းစားတွေ၊ မော်တော်ကားဒရိုင်ဘာတွေ၊ စပယ်ယာတွေ၊ အဲဒီလိုလူမျိုးတွေကသာ ရောက်လာကြတော့ ရှမ်းတွေက ဗမာတွေကို လူဆိုးသူခိုး၊ ခေါင်းပုံဖြတ်၊ ဂျပိုးတေလေတွေလို့ ထင်နေကြတာ များပါတယ်။ သူတို့တွေ့ကြုံနေရတာကလည်း အဲဒီလိုလူမျိုးတွေပဲကိုး..."

"ဟုတ်သဗျ...၊ ကျွန်တော်တို့ မနုလူမျိုးတွေ ရှမ်းနယ် ရှမ်းရွာကို

ရောက်သွားကြရင် ရှမ်းတွေက ဗမာတွေလာတယ်...၊ သတိထားနေကြ၊ ဗမာတွေက ခိုးတတ်တယ်...လို့ အပြောခံရသဗျ..."

"အဲဒါပဲ ချင့်ကြည့်တော့၊ ဒီတော့ ဗမာတွေဟာ အင်္ဂလိပ်လက်ထက်က ရှမ်းပြည်ရောက်လာကြတဲ့ လူဆိုးလူညစ်မျိုးတွေ မဟုတ်ပါဘူး၊ လူကောင်း သူကောင်းတွေပါ၊ ရှမ်းလူမျိုးတွေအပေါ်မှာ ညီရင်းအစ်ကိုနဲ့မခြားစေတနာထားပါတယ်ဆိုတာ လက်တွေ့လုပ်ပြဖို့ အများကြီးလိုတယ်။ ကျွန်တော် ရှမ်းပြည်လာပြီး နှစ်ပေါင်းများစွာ ကျောင်းဆရာ လုပ်နေတာဟာ ဒီစေတနာ ဒီရည်ရွယ်ချက်တွေ ပါပါတယ်။ ဒီတော့ ဗမာတိုင်း ဗမာတိုင်းဟာ ရှမ်းလူမျိုးတွေအပေါ်မှာ စေတနာအကောင်းဆုံးထားပြီး အင်္ဂလိပ်ခေတ်က ရာဇဝင်ကြွေးတွေကို ကျေလည်အောင်ဆပ်ဖို့ အများကြီးလိုပါတယ်..."

ဦးစိန်နှစ်နှင့် ဆရာညွန့်တို့ စကားပြောနေကြစဉ်တွင် အသက်အစိတ်ခန့်ရှိ အမျိုးသမီးတစ်ဦး ဦးစိန်နှစ်၏အိမ်ပေါ်သို့ တက်လာသဖြင့် ဦးစိန်နှစ်နှင့် ဆရာညွန့်တို့ စကားပြတ်သွားကြသည်။

"မကြင်အေး...ကိစ္စထူးများ ရှိသလားဟေ့..."ဟု ဦးစိန်နှစ်က မေးလိုက်၏။

"ကိစ္စထူးရှိပါတယ် ဆရာကြီး...၊ ဆရာ့တပည့် ကိုတင်မောင် နှိပ်စက်လွန်းလို့ ဆရာကြီးကို တိုင်ရအောင်လာတာပါ..."

"ဟေ...ဟုတ်လား...တင်မောင်က ဘယ်လိုများ နှိပ်စက်လို့လဲ..."

"မနေ့ကရှင့်...အာလူးရောင်းမယ်ဆိုပြီး အိမ်ကအာလူးတွေကို လှည်းနဲ့တိုက်သွားတယ်။ တော်တော်နဲ့ ပြန်မလာဘူး။ နေစုတ်စုတ်ဝင်မှ ပြန်လာတယ်။ ပြန်လာပြန်တော့လည်း အားလူးတစ်လုံးမှ ပါမလာဘူး၊ ငွေလည်းတစ်ပြားမှ ပါမလာဘူး..."

"ဟေ...ဘယ်လိုဖြစ်လို့လဲ..."ဟု ဦးစိန်နှစ်က အံ့ဩသံဖြင့် မေးလိုက်၏။

"အာလူးရောင်းလို့ရတဲ့ငွေ အားလုံး ကစားဝိုင်းမှာ ကစားပစ်ခဲ့လို့ကုန်ခဲ့တယ် ဆရာကြီးရဲ့"

"ဖြစ်မှ ဖြစ်ရလေကွာ... ဘုန်းကြီးပျံ ကစားဝိုင်းမှာ ကစားတာလား..."

"ဟုတ်တယ်ရှင့်..."

"အေး...ဒို့အရပ်သူ အရပ်သားတွေမှာလည်း ဒီကစားဝိုင်းကိစ္စက တော်တော်ပြဿနာကြီးနေတယ်။ ဘုရားပွဲတို့ ဘုန်းကြီးပျံတို့ဆိုရင် ကစားဝိုင်းတွေက သောက်သောက်လဲလို့။ ပွဲတစ်ပွဲဆိုရင် ကစားဝိုင်းလေလံက သိန်းချီရသကိုး။ ဒိုင်တွေကလည်း သိန်းချီမြတ်တာပဲ။ ဒီတော့ ကစားကြတဲ့ တောင်သူလယ်သမား ဆင်းရဲသားတွေဟာ သိန်းချီရှုံးကြတာပေါ့ကွာ...၊ ကစားဒိုင်တွေကတော့ဟေ...ပွဲတစ်ပွဲပြီးတိုင်း ပြီးတိုင်း ပျဉ်ထောင်အိမ်ကြီးတွေ တိုးတိုးလာတော့တာပဲ။ တစ်နှစ် တစ်နှစ်မှာ ဘုရားပွဲတို့ ဘုန်းကြီးပျံပွဲတို့ကလည်း လေးငါးခြောက်ပွဲရှိတော့ ဆင်းရဲသားငွေတွေ သန်းချီပြီးထွက်တော့တာပေါ့ကွာ...၊ ဒီကစားဝိုင်းတွေ ပပျောက်အောင် လုပ်နိုင်မှ ဆင်းရဲသားတွေ ချမ်းသာမှာကွ..."ဟု ဦးစိန်နှစ်က ပြော၏။

"ဟုတ်တယ်...၊ ကစားဝိုင်းတွေ နှိပ်စက်တဲ့ နှစ်ပေါင်းပရိစ္ဆေဒဟာ ကြာလှပြီ။ ဘယ်တော့များမှ ဒီကစားဝိုင်းတွေ ပျောက်မယ်မပြောတတ်တော့ဘူး..."ဟု ဆရာညွန့်က ဝင်၍ပြော၏။

"ကိုတင်မောင် ကစားပစ်ခဲ့လို့ ဝယ်စရာ ချမ်းစရာ ပိုက်ဆံတစ်ပြားမှ မရှိတော့ဘူးရှင့်...၊ ဒီနေ့ထမင်းတောင် ချက်မစားရဘူး..."

"ဖြစ်မှ ဖြစ်ရလေကွယ်...၊ တင်မောင်ကို ငါ့ဆီလွှတ်လိုက်၊ ငါဆုံးမမယ်...၊ ရော့...ငွေတစ်ဆယ်ယူသွား၊ ထမင်းချက်စား..."

ဦးစိန်နှစ်က ပြောပြောဆိုဆို အင်္ကျီအိတ်တွင်းမှ တစ်ဆယ်တန်တစ်ချပ်ထုတ်ကာ မကြင်အေးကို ပေးရာ မကြင်အေးသည် ငွေစက္ကူကိုယူပြီး သုတ်သုတ်ပျာပျာ ဆင်းသွားလေသည်။

○

# (၃၃)

အတက်ရှိလျှင် အကျလည်း ရှိတတ်မြဲ ဓမ္မတာအတိုင်း ဆရာညွန့်မှာ မဝိုင်းရှိစဉ်က အရာရာတွင် အောင်မြင်ကာ တက်ခဲ့သလောက် ယခုအခါတွင် အကျဘက်သို့ ရောက်လာလေသည်။

အသက်ကလည်း တဖြည်းဖြည်း ကြီးရင့်လာပြီဖြစ်ရာ ဆရာညွန့်မှာ လယ်ယာလုပ်ငန်းကို မလုပ်နိုင်တော့ပေ။ ဒေါ်အေးကြည်က လူငှားများဖြင့် ဖြစ်တတ်သလို လယ်လုပ်ပြီး လူငှားများနှင့် ခွဲဝေယူရလေရာ စားရေး နေရေးအတွက် ဖူလုံအောင် မရပေ။

သမီးဖြစ်သူ မငွေယုန်က ဆေးလိပ်,လိပ်ကာ မိဖများကို ကျွေးမွေးရသည်။ မငွေယုန်သည် ဆေးလိပ်ခုံတစ်ခုံတွင် ရက်အတော်ကြာအောင် သင်လုပ် လုပ်ရသေးသည်။ သင်လုပ် လုပ်နေစဉ် အခကြေးငွေ မရပေ။ အတော်အတန် လိပ်တတ်သောအခါတွင်မှ အခကြေးငွေရလေရာ မကျွမ်းကျင်လှသေးသဖြင့် တစ်နေ့လုံးလိပ်ပါမှ ဆေးလိပ် ၁၀၀ ခန့်သာပြီး၏။

မငွေယုန်ကား သူ့ဖခင် ဆရာညွန့်ကဲ့သို့ပင် လုံ့လဝီရိယရှိသူ ဖြစ်သည်။ ဆေးလိပ်ကို မနားမနေ ကြိုးစား၍ လိပ်၏။ နေ့ရောညပါလိပ်၏။ တဖြည်းဖြည်း ကျွမ်းကျင်လာလေရာ တစ်နေ့လျှင် ၂၀၀၊ ၃၀၀၊ ၄၀၀ စသည်ဖြင့် ပြီးစီးလာလျက် တစ်နှစ်ခန့် လိပ်မိသောအခါတွင်ကား တစ်နေ့ ဆေးလိပ် ၁၀၀၀ အထိ ပြီးစီးလေသည်။ ဆေးလိပ် ၁၀၀၀ ပြီးရန်အတွက်

နေ့ရောညပါ လိပ်ရလေရော ခါးတွေ ရင်တွေ တောင့်တင်းကိုက်ခဲနေ၏။ ကတ်ကြေးကိုင်ရသည့် လက်တွင် အဖုတွေ၊ အနာတွေ ဖြစ်နေလျက် ထမင်းကိုပင် ညာလက်ဖြင့် မစားနိုင်ဘဲ ဘယ်လက်ဖြင့် စားရလေသည်။

မငွေယုန် ဆေးလိပ်ခုံမှ အိမ်သို့ပြန်လာလျှင် ဆရာညွန့်က မငွေယုန်၏လက်မှ အနာအဆာများကို အမြဲတမ်း ဆေးထည့်ပေးရလေသည်။

"သမီးလည်း ပင်ပန်းလှပြီ၊ အဖေကလည်း အိုလာလို့ ဘာမှမလုပ်နိုင်၊ သမီး ပင်ပန်းတာကို အဖေ ကြည့်ရတာ စိတ်မချမ်းသာပါဘူးကွယ်" ဟု ဆရာညွန့်က မျက်ရည်ကလေးရွဲကာ မကြာ မကြာ ပြောတတ်သည်။

ဒေါ်အေးကြည်က လူငှားများနှင့် လယ်လုပ်သည်မှာ ဝမ်းစာစပါးသာသာရ၏။ ဆန်အတွက် စိတ်အေးရပေပြီ။

မငွေယုန် ဆေးလိပ်,လိပ်ခရသည်ကို ဆီ, ဆား, ငရုတ်, ကြက်သွန်စသည်များ ဝယ်ရသည်။ ငွေပိုငွေလျှံကလေး အတန်အသင့်ရှိပါက ကျစ်ကျစ်ပါအောင်ထုပ်၍ စုထားသည်။ နှစ်ကာလကြာလာသောအခါ အထုပ်ကလေးမှ အထုပ်ကြီးဖြစ်လာကာ အပ်ချုပ်စက်တစ်လုံး ဝယ်နိုင်၏။

ဆရာညွန့်မှာ ပညာစုံသူဖြစ်ရာ စက်ချုပ်လည်းတတ်သည်။ ထို့ကြောင့် သမီးကို စက်ချုပ်သင်ပေး၏။ ငွေယုံကလည်း လုံ့လဝီရိယရှိသူ ဉာဏ်ရှိသူဖြစ်ရာ မကြာမီတွင်ပင် အင်္ကျီချုပ် ကျွမ်းကျွမ်းကျင်ကျင်တတ်လျက် အပ်နှံကြသည့် အဝတ်အထည်တို့ကို အခစားနားဖြင့် ချုပ်လုပ်ပေး၏။ အင်္ကျီချုပ်ခြင်းက ဆေးလိပ်,လိပ်ခြင်းထက် တွက်သားကိုက်လေရာ အင်္ကျီချုပ်ရန်အပ်သူရှိလျှင် အင်္ကျီကိုသာချုပ်လျက် ဆေးလိပ်မလိပ်ချေ။ အင်္ကျီချုပ်ရန်အပ်သူမရှိမှ ဆေးလိပ်,လိပ်၏။ တစ်ခါတစ်ရံတွင် နေ့တွင် ဆေးလိပ်,လိပ်လျက် ညတွင် အင်္ကျီချုပ်သည်။

ယင်းသို့ဖြင့် သားအမိ သားအဖသုံးယောက် ကုန်းကာ ရုန်းကာရှာဖွေကာဖြင့် ဝမ်းစာအတွက် အသက်ဆက်၍ လာခဲ့သည်မှာ အချိန်ကာလကြာညောင်းခဲ့လေသည်။

မငွေယုန်မှာ ၃၆ နှစ်သမီးအရွယ် ရောက်လာလျက် ဒေါ်အေးကြည်မှာ ၅၆ နှစ်ရွယ် ရောက်လာကာ ဆရာညွန့်မှာ ၇၇ နှစ်အရွယ် အိုမင်းရင့်ရော်လှပေပြီ။

လူအိုဖြစ်သဖြင့် လူအိုနာကပ်လာ၏။ တစ်ခါ တစ်ခါတွင် ခြေက လေး လက်ကလေးများ ဖောရောင်လာသည်။ ဆရာညွန့်မှာ ဆေးဆရာဖြစ် သည့်အတိုင်း ကိုယ်တိုင် ဆေးဝါးဖော်စပ်ကာ စားသဖြင့် ဖောရောင်သော ဝေဒနာမှာ တိုးချည် ဆုတ်ချည် တက်ချည် ကျချည် ဖြစ်နေသည်။

မငွေယုန်သည် ဆရာညွန့်၏အနီးတွင်ထိုင်ကာ ဖခင်၏ဝေဒနာကို ကြည့်ရင်း စိတ်မချမ်းမသာ ဖြစ်၍နေလေသည်။

"အဖေ…ဒီနှစ်တော့ အမေနဲ့အတူ ကျွန်မ လယ်ပဲလုပ်တော့မယ်" ဟု မငွေယုန်က ပြောရာ ဆရာညွန့်က "လယ်လုပ်တာ အင်မတန်ပင်ပန်း ပါတယ် သမီးရယ်၊ သမီး လုပ်နိုင်မှာ မဟုတ်ပါဘူး"ဟု ပြော၏။

"ကျွန်မ လုပ်နိုင်ပါတယ် အဖေ…အမေတောင် လုပ်နေသေးတာပဲ၊ ကျွန်မ ဘာပြုလို့ မလုပ်နိုင်ရမှာလဲ၊ ဆန်ဟာ အင်မတန်အရေးကြီးတယ် အဖေ၊ ကျွန်မတို့ ဝမ်းစာအတွက်ရော၊ တခြားလူတွေ စားဖို့အတွက်ပါ၊ ဆန်ရဖို့ အရေးကြီးတယ်၊ ဒီတော့ ကျွန်မလည်း အမေနဲ့အတူတူ လယ်လုပ် ပါရစေ"

ဆရာညွန့်က ဘာမျှ ပြန်မပြောဘဲ ဆိတ်ဆိတ်နေ၏။ နှုတ်ကဆိတ် သော်လည်း စိတ်က မဆိတ်ဘဲ တွေးတောနေသည်။ သမီး လယ်လုပ်ရမည့် အတွက် စိတ်မကောင်း ဖြစ်နေ၏။ မိမိကိုယ်တိုင်သာ ထ၍လုပ်လိုက်ချင် သည်။ သို့သော် စိတ်သွားရာ ကိုယ်မပါသော ဘဝသို့ ရောက်နေပြီဖြစ်၏။ ငယ်စဉ်က မနားမနေ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အင်အားတွေ ယခုဘယ် ရောက်ကုန်လေသနည်းဟု ဆရာညွန့် တွေးကာ အားသစ် အင်သစ်တွေပေါ် လာချင်၏။ သို့သော် ဆရာညွန့်၏ဆန္ဒ ဘာတစ်ခုမျှ မပြည့်စုံတော့ချေ။

"ဪ…ကိုယ့်ကိုယ်ကို ကိုယ်မပိုင်တဲ့ အနတ္တဆိုတာ ဒါပါက လား"ဟု ဆရာညွန့် သဘောပေါက်မိလေသည်။

ငယ်စဉ်က အားအင်တွေ ပျက်စီးဆိတ်သုဉ်းကုန်ပြီဖြစ်သော မမြဲမှု အနိစ္စသဘောကိုလည်း ထင်မြင်လာ၏။

"အိမ်း…လူ့ဘဝဆိုတာ ဒုက္ခအမျိုးမျိုးတွေ စုပေါင်းနေတဲ့ ဘဝပါပဲ ကလား"ဟု ဆရာညွန့် ညည်းညူမြည်တမ်းလိုက်သည်။

○

## (၃၄)

တန်ခူးလအတွင်းတွင် မိုးဖြိုင်ဖြိုင် ရွာ၍လာရာ တောင်သူလယ်သမားတို့သည် မိုးရေကို ရွှေရေ ငွေရေတွေ သဘောထားကာ နှစ်သိမ့်လှသောကြည့်ခြင်းဖြင့် ကြည့်ကြသည်။ ပီတိအဖြစ်ကြီးဖြစ်ကာ ပြုံးကြရွှင်ကြသည်။

မငွေယုန်သည် ခမောက်တစ်ချပ်ကို ဆောင်းကာ မိုးရေထဲတွင်ပင် အိမ်မှ ထွက်ခဲ့၏။ ကိုဖိုးထင်တို့၏ အိမ်သို့ရောက်သောအခါ အိမ်ပေါ်သို့ တက်ခဲ့သည်။

"ဟဲ့... ငွေယုန်၊ မိုးရွာကြီးထဲမှာ ဘာလုပ်လာတာတုန်း... ထိုင်ထိုင်၊ ဟောဒီမှာ အခါးရည်သောက်"

ကိုဖိုးထင်က ငွေယုန်ကို မေးရင်း လက်ဖက်ရည်ကြမ်းဖြင့် ဧည့်ခံ၏။ ငွေယုန်သည် လက်ဖက်ရည်ကြမ်း ပူပူကလေးကို သောက်ကာ အချမ်းဖြေလိုက်သည်။

"ကိုဖိုးထင်မှာ ကျွဲရှိပါတယ်နော်"ဟု ငွေယုန်က မေးလိုက်၏။

"အေး... ရှိပါတယ်၊ ဒီကျွဲတွေနဲ့ပဲ အလုပ်လုပ်နေရတာပဲ၊ ငါ့မှာ ကျွဲခြောက်ကောင်ရှိတယ်၊ ဘာပြုလို့ မေးတာတုံး"ဟု ကိုဖိုးထင်က ပြန်၍ မေးသည်။

"ကျွန်မတို့ သားအမိ လယ်လုပ်မလို့။ ကျွန်မတို့မှာ ကျွဲမရှိဘူး။ ဒီတော့ ကိုဖိုးထင် ကျွဲနဲ့ ကျွန်မတို့ လယ်ကို ထယ်ထိုးပေးပါ၊ ထွန်လည်းပေးပါ"

"ဪ... ဒီကိစ္စအတွက် နင် အခုလာရတာလား"

"ဟုတ်ပါတယ်"

"ဒီကိစ္စပြောတာများ မိုးရွာကြီးထဲ လာရသလားဟယ်...၊ ဘယ်တော့ ပြောပြော ဖြစ်တဲ့ဟာပဲ"

"ကိုဖိုးထင်က တခြားလယ်ကို လက်ခံလိုက်မှာစိုးလို့ သူများအရင် ဦးအောင် လာရတာပါ"

"အေး...ဒါတော့ ဟုတ်သဟဲ့၊ ကျွဲမရှိတဲ့ လူတွေကတော့ ငါ့ကျွဲနဲ့ လုပ်ကြတာ များသကိုး။ ဒါထက် နင်တို့လုပ်မှာက ဘယ်နှစ်ကေလဲ"

"ခြောက်ကေပါ"

"အေး...ငါ လုပ်ပေးပါ့မယ်၊ ဘာမှ မပူနဲ့၊ နင်တို့ သားအမိ မိန်းမ သားချည်း လုပ်ရမှာဖြစ်တော့ ငါ ဂရုတစိုက် လုပ်ပေးမှာပေါ့ဟယ်၊ ဒါထက် ဆရာညွှန့်ကော ဘယ်လိုနေသလဲ"

"အဖေကတော့...လူကြီးရောဂါပေါ့ရှင်၊ တစ်နေ့ရှေ တစ်နေ့ငွေပဲ အသက်ကလည်း ကြီးလှပြီ မဟုတ်လား"

"နင့်အဖေ့အသက် ဘယ်လောက်တုံး"

"ခုနှစ်ဆယ့်ခုနစ်နှစ်ရှင့်"

"ရှစ်ဆယ်နီးပါးပေါ့၊ ကြီးလှပြီပဲ၊ နင့်အဖေ ငယ်စဉ်ကတော့ အင်မ တန် အလုပ်လုပ်ခဲ့တာပေါ့ကွာ၊ သူတို့ ငယ်စဉ်က အာလူးတွေကို လှည်းနဲ့ တင်ပြီး ဗမာပြည်သွားရောင်းသတဲ့ကွ၊ ခုကာလ လူတွေတော့ ဒီလောက် ပင်ပန်းတဲ့အလုပ်ကို လုပ်ကြမယ် မထင်ပါဘူး။ အေး...ခုတော့လည်း ခေတ် အလျောက် မီးရထားတို့၊ မော်တော်ကားတို့ကလည်း ရှိနေတာကိုး"

"ဒါထက် ကျွန်မတို့ လယ်ခြောက်ကေကို ထယ်ထိုးတဲ့ အတွက်နဲ့ ထွန်တဲ့အတွက် ဘယ်လောက်ပေးရမှာလဲ"ဟု မငွေယုန်က မေးလိုက်၏။

"ကျွဲအတွက်က စပါးဆယ်တင်းပေးကွာ၊ ငါ့အတွက်က စပါးဆယ့် ငါးတင်း ထားပေါ့။ စုစုပေါင်း စပါးအစိတ် ပေးပေတော့"

"မများဘူးလား ရှင့်"

"မများပါဘူး...ငွေယုန်ရာ၊ တစ်လလောက် လုပ်ရမဲ့အလုပ်ကွ။ တစ် လလုပ်ရမယ့် အလုပ်အတွက် စပါးအစိတ်ဟာ မများဘူးနော်၊ လူရောကျွဲ ရော သေလုမျောပါး ပင်ပန်းအောင် လုပ်ရမှာ"

"လျှော့ပါဦးလားရှင်"

"မဆစ်ပါနဲ့ ငွေယုန်ရယ်၊ ငါ အလုပ်လုပ်တာ နင် မြင်ရတော့မှ စပါးအစိတ်ဟာ နည်းတောင် နည်းသေးတယ်လို့ နင် ထင်လာပါလိမ့်မယ်"

"ဘယ်တော့လောက် စမှာလဲ..."

"စောပါသေးတယ်ကွယ်...၊ အခုမှ တန်ခူးလရှိသေးတယ်။ မိုးက လည်း ဆက်ချင်မှ ဆက်ဦးမှာ၊ ထွန်းနေတုန်း မိုးပြတ်သွားရင် မကောင်း ဘူး။ ဒီတော့ ဝါဆိုလဆန်းစလောက်မှ စထွန်တာပေါ့...၊ ဝါဆိုလကုန်ရင် ပြီးပါတယ်။ စိုက်ရမှာက ဝါခေါင်လကုန်လောက်မှပါ..."

"သိပ်များ နောက်ကျနေမလားရှင်..."ဟု မငွေယုန်က စိုးရိမ်သံဖြင့် မေးလိုက်သည်။

"ပူမနေစမ်းပါနဲ့ ငွေယုန်ရာ...၊ ငါက ဆယ့်ငါးနှစ်သားလောက်က စပြီး လယ်ထဲမှာလုပ်လာတာ အခုအသက်ငါးဆယ် ကျော်လာပြီကွ...၊ လယ် အလုပ်ကို အနှစ်လေးဆယ်လောက် လုပ်လာခဲ့တဲ့လူပါ၊ နင်က ဒီနှစ်မှ လယ်ထဲဆင်းမှာဖြစ်တော့ လယ်အကြောင်း ဘာမှနားမလည်သေးလို့ ပူနေ တာပါ...၊ ငါပြောတာ မယုံရင် နင့်အမေကိုမေး။ နင့်အမေကတော့ လယ် လုပ်လာတဲ့ နှစ်ပရိစ္ဆေဒ တော်တော်ကြာနေပြီ..."

"ဒီလိုဆိုရင် ကျွန်မ ပြန်မယ်နော်...။ မေ့လည်း မနေနဲ့ဦး...၊ ဒါထက် လယ်မထွန်ခင် ကျွန်မတို့ ဘာတွေလုပ်ထားရဦးမလဲ..."

"ဒါတော့ နင့်အမေ နားလည်ပါတယ်။ လယ်ထဲက အမှိုက်သရိုက် တွေရှင်းထား၊ တခြားသစ်ပင်တွေ ဘာတွေ ပေါ်နေတာရှိရင်လည်း ခုတ်ပစ် ပေါ့"

"ဟုတ်ကဲ့...ကျွန်မတို့ လုပ်ထားပါ့မယ်...၊ သွားပြီနော်..."

မငွေယုန်သည် ကိုဖိုးထင်ကို နှုတ်ဆက်ကာ ပြန်ခဲ့၏။ ကိစ္စတစ်ခု ပြီးသွားပြီဖြစ်သဖြင့် အတန်ငယ် စိတ်ပေါ့သွားသည်။

နောက်နေ့များတွင် မငွေယုန်သည် မိခင်ဒေါ်အေးကြည်နှင့် အတူ လယ်ထဲသို့သွားကာ ကိုဖိုးထင် ပြောလိုက်သည့်အတိုင်းလုပ်၏။ လယ်ကိစ္စ လုပ်စရာမရှိသော အချိန်များတွင် မငွေယုန်သည် အနားမနေဘဲ အကျႌချုပ် သည်။

မိုးကား ပြတ်သည်ဟုမရှိဘဲ ဆက်ကာ ဆက်ကာ ရွာလေရာ မငွေယုန်တို့၏လယ်နှင့်တကွ မြေနိမ့်လယ်အားလုံးတို့မှာ ရေတွေဖွေးဖွေးလျှပ်၍ နေလေသည်။ လယ်သမားတို့သည်လည်း လယ်ကွင်းမှာ ရေတွေလျှံသလို ဝမ်းသာခြင်းပီတိ လျှံနေကြလေသည်။

ဝါဆိုလဆန်း ၁ ရက်နေ့ နံနက်စောစောတွင် မငွေယုန်သည် ကိုဖိုးထင်၏အိမ်သို့ သွားပြန်သည်။

"ကိုင်း…ကိုဖိုးထင်…၊ ဒီနေ့ ဝါဆိုလဆန်းတစ်ရက်နေ့ရှင့်…။ ဒီနေ့ကစပြီး ထယ်ထိုးတော့နော်…"ဟု မငွေယုန်က ပြော၏။

ကိုဖိုးထင်သည် ခေတ္တမျှ စဉ်းစားနေပြီးနောက်"ဝါဆို ဝါခေါင် တစ်ရက်ရှောင်လို့ လူကြီးသူမ, ပြောခဲ့တဲ့စကားရှိသကွဲ…၊ ဒီတော့ ဝါဆို လဆန်းတစ်ရက်နေ့ မလုပ်သေးဘူးကွယ်…၊ နက်ဖြန်မှ စကြပါစို့ရဲ့…" ဟု ပြော၏။

"ဝါဆိုလဆန်း တစ်ရက်မို့ အလုပ်မလုပ်ရင် အဲဒီနေ့မှာ ထမင်းကော မစားဘူးလား…"ဟု မငွေယုန်က ပြန်ပေးလိုက်သည်။

"အေးကွယ်…ငွေယုန်ပြောလည်း ပြောစရာပဲ…ဒို့ကတော့ ရှေးအယူအဆတွေကို အရိုးစွဲနေပြီဖြစ်လို့ ဖျောက်ပစ်ဖို့ မလွယ်တော့ပါဘူးကွယ်၊ ငွေယုန်တို့ လက်ထက်ကြတော့ ဖျောက်သင့်တာတွေ ဖျောက်ပစ်ကြပေါ့…"

"ဒီလိုဆိုရင်…နက်ဖြန်မှ ကိုဖိုးထင် ထယ်ထိုးနိုင်မယ်ပေါ့…"

"အေး…နက်ဖြန်တော့ ငါ စောစောလာခဲ့ပါ့မယ်…၊ နင်တို့သားအမိလည်း လာခဲ့ကြပေါ့…"

"စိတ်ချ…ကျွန်မတို့သားအမိကတော့ နေ့တိုင်းလိုလို လယ်ထဲရောက်နေတာ…"

○

နောက်နေ့နံနက် ၃ နာရီခန့်တွင် မငွေယုန်သည် အိပ်ရာမှထကာ ထမင်းဟင်းချက်ပြုတ်လေသည်။

တဒုန်းဒုန်းခုတ်သံ ထစ်သံ ထောင်းသံ ထုသံတို့ကို ကြားရသောဆရာညွန့်သည် အိပ်ရာမှထကာ မီးဖိုအနီးသို့လာလျက် မငွေယုန် လုပ်ကိုင်ချက်ပြုတ်နေသည်များကို ငေးစိုက်ကြည့်ရှုနေသည်။

"ဒီကနေ့ လယ်စပြီး ထယ်ထိုးမယ် အဖေ..."ဟု မငွေယုန်က ပြောလိုက်၏။

"အိမ်း...လုပ်ကြ...လုပ်ကြ...သမီးတို့လုပ်ရမယ့်ခေတ် ရောက်လာပြီကိုး...၊ အဖေတော့ ဘာအလုပ်မှ မလုပ်နိုင်တော့ဘူး၊ အလုပ်မလုပ်နိုင်တဲ့လူဟာ လူ့ပြည်မှာ နေ့ဖို့လည်း မကောင်းတော့ပါဘူး သမီးရယ်..." ဟု ဆရာညွန့်က စိတ်လျှော့သံဖြင့် ပြောလိုက်သည်။

"ဒီလိုလည်းဘယ်ဟုတ်မလဲ...အဖေရယ်...၊ အဖေ့လက်က မလုပ်နိုင်ပေမယ့် စိတ်ကလုပ်နိုင်ပါသေးတယ်...။ သမီးတို့ကို သွန်သင်ဆုံးမနိုင်တယ်၊ သင့်တာ မသင့်တာ၊ ကောင်းတာ မကောင်းတာကို ပြောပြနိုင်တယ် မဟုတ်လား...အဖေ..."

"အေးဟဲ့...သမီးပြောတာ ဟုတ်တုတ်တုတ်ပဲ...။ သို့ပေမဲ့ သမီးရယ်...လူတွေဟာ သစ်ပင်လိုပါပဲ...၊ သမီးတို့ အခုစိုက်ပျိုးကြမယ့် စပါးပင်ပဲ ဆိုပါတော့၊ ခြောက်လလောက်အတွင်း ရှင်သန်အသီးအနှံထွက်ပြီး သေကုန်ကြတာပဲ မဟုတ်လား။ လူတွေဟာလည်း အလွန်ဆုံး နှစ်တစ်ရာအတွင်းမှာ သေကြရတာပဲ၊ အဲ...တစ်ခုတော့ရှိတယ်၊ မသေမီ လူ့ဘဝမှာ နေရတဲ့အခိုက် မိမိအကျိုး သူတစ်ပါးအကျိုးဆောင်ရွက်သွားနိုင်တဲ့ လူဆိုရင်တော့ လူဖြစ်ကျိုးနပ်တယ်လို့ ခေါ်ရမှာပေါ့...။ စပါးပင်ကလေးတွေဟာ ခြောက်လလောက်သာ အသက်ရှင်ရပေမယ့် လူတွေအတွက် စပါးနှံတွေထားခဲ့တယ်၊ ကျွဲနွားတွေစားဖို့ ကောက်ရိုးတွေထားခဲ့တယ်၊ လူဖြစ်လာပြီး ကိုယ့်အကျိုး သူတစ်ပါးအကျိုး ဘာမှမဆောင်ရွက်တဲ့လူဟာ စပါးပင်လောက်မှ အဖိုးမတန်ဘူးပေါ့...သမီးရယ်..."

"ဟုတ်တယ် အဖေ...၊ အဖေ့လက်က အလုပ်မလုပ်နိုင်ပေမယ့် အခုလိုပြောပြနိုင်တာဟာပဲ အလုပ်ပဲပေါ့အဖေရဲ့..."

"အဖေ ဘယ်တော့မှ မသေဘဲ ပြောပြနေချင်ပါတယ်၊ သို့ပေမဲ့ သမီးရယ်...စပါးပင်ကလေးတွေလိုပေါ့...အဖေလည်း...သေရမှာပဲ..."

မိုးလင်းသည်နှင့်တစ်ပြိုင်နက် မငွေယုန်နှင့် ဒေါ်အေးကြည်တို့သည် ထမင်းတောင်းရွက်ကာ လယ်ထဲသို့ လာခဲ့ကြ၏။ လယ်ထဲသို့ရောက်သော အခါ ထယ်ထိုးပေးမည့် ကိုဖိုးထင် ရောက်မလာသေးပေ။

"အမေ…ကိုဖိုးထင်ကြီး ခုထက်ထိမလာသေးပါလား…"ဟု မငွေယုန်က စိုးရိမ်သံဖြင့် ပြောလိုက်သည်။

"လာမှာပေါ့…သမီးရယ်…စောပါသေးတယ်…မနက်စာထမင်းကြော် ကလေးစားပြီးမှ လာမယ်ထင်ပါရဲ့…"

"ကျွန်မတို့မှာ ထမင်းပါသားပဲ အမေရဲ့…ကျွန်မတို့က ကျွေးမှာပေါ့"

"ဒို့က နေ့လယ်စာမှကျွေးမှာ၊ မနက်စာတော့ သူ့အိမ်က စားလာ လိမ့်မယ်…"

"ဟော…ဟိုဟာ ကိုဖိုးထင်ကြီး မဟုတ်လား အမေ…"ဟု မငွေယုန် က ဝမ်းမြောက်စမ်းသာမေးလိုက်သည်။

ကိုဖိုးထင်ရောက်၍လာရာ "အမယ်လေး…နောက်ကျလိုက်တာ ကိုဖိုးထင်ရယ်…၊ ကျွန်မတို့ဖြင့် ရောက်နေတာကြာလှပြီ…"ဟု မငွေယုန်က ဆို၏။

ကိုဖိုးထင်သည် ဘာစကားမျှ ပြန်၍မပြောဘဲ ထယ်တွင် ကျွဲတပ် ကာ အားစိုက်အင်စိုက် ထိုးလေသည်။

မငွေယုန်သည် ထယ်ထိုးပုံကို မျက်တောင်မခတ် စိုက်ကာကြည့်နေ၏။ အတန်ကြာကြည့်ပြီးနောက် "ကိုဖိုးထင်ကျွန်မ ထယ်ထိုးကြည့်ချင်တယ်"ဟု မငွေယုန်က ပြောလိုက်လေသည်။

"ပေါက်ပေါက်ရှာရှာ သမီးရယ်…၊ ဒါ သမီးအလုပ်မှ မဟုတ်ဘဲနဲ့" ဟု ဒေါ်အေးကြည်က ပြော၏။

မငွေယုန်က မနေဘဲ လယ်ကွက်ထဲသို့ ဆင်းသွား၏။ ကိုဖိုးထင်၏ အနီးသို့ရောက်သောအခါ "ကျွန်မ ထယ်ထိုးကြည့်စမ်းပါရစေ…၊ ထိုးဖူး တယ်ရှိအောင်လို့ပေါ့…"ဟု ငွေယုန်ကပြောကာ ထယ်ဝင်၍ထိုး၏။ ကိုဖိုးထင် က မငွေယုန်၏အနီးမှ လိုက်လာကာ ပြသပေးသည်။

"ဒီအလုပ်ကို မိန်းမတွေလုပ်လည်း ဖြစ်မှာပါပဲ…"ဟု မငွေယုန်က ပြော၏။

"ဖြစ်တော့ဖြစ်မှာပေါ့ကွယ်…၊ သို့ပေမဲ့ တယ်ပင်ပန်းတယ်၊ ပင်ပန်း လွန်းအားကြီးတော့ မိန်းမတွေ မလုပ်နိုင်ဘူးပေါ့…"ဟု ကိုဖိုးထင်ကဆို၏။

"ကျွန်မတို့ နေ့စဉ်လုပ်နေရတဲ့ လက်ဆုံနဲ့ စပါးထောင်းတာတို့၊ ထင်းဖြတ်ထင်းခွဲရတာတို့လည်း ပင်ပန်းတာပဲရှင့်..."

"အေး...ဟုတ်သကွယ့်၊ ဒို့ငယ်ငယ်တုန်းက အရီးကြောင်ဆိုတဲ့ မိန်းမကြီးဟာ လယ်ကို ယောကျ်ားတွေလုပ်တာလို အားလုံးကုန်ခြေသိမ်းခေါင်းပိုက်လုပ်သကွ...၊ ဒါကြောင့် လူတွေက သူ့ကို အရီးကြောင်လို့မခေါ်ကြတော့ဘူး၊ အရီးကျားလို့ခေါ်ကြတယ်၊ ကျားကြီးလိုပဲ တယ်သန်မာတဲ့ မိန်းမကြီးကိုကွ..."

မွန်းတည့်ချိန်လောက်တွင် ထယ်ထိုးခြင်းကို ခေတ္တရပ်နားကာ ကိုဖိုးထင်၊ မငွေယုန်နှင့် ဒေါ်အေးကြည်တို့ ထမင်းစားကြသည်။

"ဟင်းကလေးတွေကဖြင့် တယ်ကောင်းသကွယ်...ငွေယုန်ချက်တာလားဟေ..."ဟု ကိုဖိုးထင်က မေး၏။

"ဟုတ်ပါတယ်...ကျွန်မချက်တာပါ..."ဟု မငွေယုန်က ပြောသည်။

"အေး...တို့တောင်သူလယ်သားတွေကတော့ကွာ...အလုပ်လုပ်ရတာပင်ပန်းတော့ ဗိုက်ချောင်ပြီး ဘာဟင်းနဲ့စားစား ချိုတာပဲကွာ...၊ ဟင်းကောင်းရင်တော့ ဘယ်ပြောစရာ ရှိတော့မလဲကွာ၊ ထမင်းစားလို့ တကယ်ကောင်းလာတော့ ပါးစပ်ထဲမှာ တကယ်ချိုလာတယ်ကွ...ဒီတော့ ဒို့မနေလူမျိုးတွေပြောတဲ့ ထမင်းစားလို့ ချိုတယ်ဆိုတာ တယ်မှန်တဲ့စကားပဲကွ..."

ထမင်းစားပြီးလျှင် ကိုဖိုးထင် ထယ်ဆက်၍ ထိုးပြန်သည်။ ညနေနေဝင်ကာနီးတွင်မှ သုံးဦးသား အိမ်သို့ပြန်ခဲ့ကြ၏။

ယင်းသို့ဖြင့် ထယ်ထိုးသည့်လုပ်ငန်းကို ၁၅ ရက်ခန့်လုပ်ရလေသည်။ ဒေါ်အေးကြည်နှင့် မငွေယုန်တို့သည် နံနက်တိုင်း ထမင်းတောင်းရွက်ကာ လယ်ထဲသို့ရောက်ကြရသည်။ ဒေါ်အေးကြည်တို့ သားအမိမှာ ထမင်းပို့သည့်ကိစ္စမှလွဲ၍ လယ်ထဲတွင် အခြားလုပ်ဆောင်စရာ မရှိလှသော်လည်း ကိုဖိုးထင်အတွက် လယ်သံယောဇဉ်ကြောင့် နေ့စဉ်လာကြခြင်းဖြစ်သည်။ ထို့ပြင် မိမိတို့ကိုယ်တိုင် လာရောက်ကြည့်ရှုလျှင် ကိုဖိုးထင် ကြိုးကြိုးစားစား မနိမကပ်ဘဲ အလုပ်လုပ်လိမ့်မည်ဟု အယူရှိကာ လာကြခြင်းလည်း ဖြစ်၏။ ထို့မှတစ်ပါး မိမိတို့၏ လယ်လုပ်ငန်းခွင်ကို စတင်လုပ်ဆောင်နေပြီဟူသော အသိဖြင့် ကိုဖိုးထင် ထယ်ထိုးသည်ကို ကြည့်မြင်နေရခြင်းအတွက် ပီတိ

သောမနဿ ဖြစ်ကြရသည်။ ထို့ကြောင့် ဒေါ်အေးကြည်နှင့် မငွေယုန်တို့ နေထွက်က နေဝင်ထိ လယ်ထဲသို့ ထာဝစဉ် လာရောက်ကြခြင်းဖြစ်သည်။

၁၅ ရက်ခန့် ထယ်ထိုးပြီးနောက် ၁၅ ရက်ခန့် ထွန်ရပြန်သည်။

ကိုဖိုးထင် လယ်ထွန်နေသည့်အနီးသို့ မငွေယုန် ချဉ်းကပ်သွားကာ "ကျွန်မ လယ်ထွန်ကြည့်ချင်တယ်"ဟု ဆို၏။

"လာပြန်ပလား...၊ ယောကျ်ားအလုပ်ကို တော်တော်လုပ်ချင်တဲ့ မိန်းကလေးပါကလားဟ..."ဟု ကိုဖိုးထင်က ပြစ်တင်စကားပြော၏။

"ယောကျ်ားအလုပ်၊ မိန်းမအလုပ်ရယ်လို့ မရှိပါဘူးရှင်...၊ အဆင်သင့် သလို လုပ်ကြရတာပဲ၊ ဘယ်အလုပ်ဖြစ်ဖြစ် တတ်ထားရင် ကောင်းတာချည့် ပါပဲ၊ တစ်နှစ်နှစ်မှာ ကိုဖိုးထင်ကလည်း အကြောင်းမညီညွတ်လို့ လုပ်မပေး နိုင်ဘူးဆိုပါတော့၊ တခြားလူကိုလည်း ခေါ်မရဘူးဆိုပါတော့၊ အဲဒီအခါမျိုး မှာ ကျွန်မကိုယ်တိုင် ထယ်ထိုးသင့် ထိုးမယ်၊ ထွန်သင့် ထွန်မယ်ရှင်...၊ ကိုဖိုးထင် ပြောတဲ့ အရီးကြောင်ဆိုတဲ့ မိန်းကြီးလိုပေါ့..."

"အရီးကြောင်မရှိလို့ အရီးကြွက်ပေါ်လာပြန်တာပေါ့နော်...ဟဲ...ဟဲ"

ကိုဖိုးထင်က ရယ်ကာမောကာဖြင့် မငွေယုန်ကို လယ်ထွန်သင်ပေးရပြန် သည်။ မငွေယုန်ကလည်း မဖြစ်မနေကြိုးကြိုးစားစားဖြင့် လယ်ထွန်ခြင်းအလုပ် ကို လက်တွေ့လုပ်ကြည့်သည်။

ထယ်ထိုးခြင်း၊ ထွန်ခြင်းကိစ္စအရပ်ရပ် ပြီးစီးသွားသောအခါ မငွေ ယုန်သည် ဖခင်ကို ဝမ်းသာအားရပြော၏။

"အဖေ...ကျွန်မတို့လယ်ကို ထယ်လည်းထိုးပြီးပြီ၊ ထွန်လို့လည်း ပြီးပြီး၊ ကိုဖိုးထင်ကြီး အလုပ်အကိုင် တော်တယ် အဖေ၊ ညက်မှုန်နေတာပဲ"

"အိမ်း...အဖေက အိုမင်းမစွမ်းဖြစ်နေလို့သာပေါ့ သမီးရယ်...၊ အဖေသာ လုပ်နိုင်ကိုင်နိုင်ရှိသေးရင် အဖေကိုယ်တိုင် လုပ်မှာပေါ့၊ အဖေငယ် စဉ်ကဆိုရင် သူများလုပ်တာထက်တောင် ပိုလုပ်ခဲ့သေးတယ်၊ အိုလာတော့ လည်း မလုပ်နိုင်တော့ဘူး၊ အိုမင်းမစွမ်းဆိုတဲ့ စကားဟာ တယ်မှန်သကွယ်၊ အိုလာတော့ ဘာကိုမှ မစွမ်းတော့ဘူး..."

မငွေယုန်တို့သားအမိမှာ နောက်ထပ် အလုပ်တစ်ခု လုပ်ရလေသည်။ လယ်ခြောက်ကေအတွက် မျိုးစပါးသုံးတင်းခွဲကို ဆားရည်စိမ်ရလေသည်။

စည်ပိုင်းကြီးတစ်လုံးထဲတွင် ဆားငါးပိသသာနှင့် ရေကို ရောဖျော်ထားသည်။ ဆန်ဆေးတောင်းတွင် စပါးအလောတော်ထည့်ကာ ဆားရည်ထဲတွင်နှစ်လျက် စပါးကို မွှေနှောက်ပေးရသည်။ စပါးအဖျင်းအမှော်တို့သည် ရေပေါ်သို့ပေါ်လာရာ ထိုစပါးညံ့ စပါးဖျင်းတို့ကို ယူပစ်ရသည်။

ယင်းသို့ ဆန်ဆေးတောင်း တစ်တောင်းစာ တစ်တောင်းစာ ဆားရည်တွင်နှစ်ကာ အဖျင်း အမှော်တို့ကိုလည်း သုတ်သင်ဖယ်ရှားပစ်ပြီးနောက် ဆားရည်စိမ်ပြီးစပါးတို့ကို ဂုန်နီအိတ်ထဲတွင် ထည့်ရသည်။ စပါးသုံးတင်းခွဲ ဆာရည်စိမ်ပြီး ဂုန်အိတ်တွင် ထည့်ပြီးနောက် ထိုစပါးအိတ်တို့ကို ရေထဲတွင် နှစ်ညအိပ် စိမ်ထားရပြန်သည်။

ရေစိမ်ထားသော စပါးများ အညှောက်ကလေးတွေ ပေါက်လာသောအခါတွင် ဒေါ်အေးကြည်သည် ပျိုးခင်းတွင် ကိုယ်တိုင်ကြဲ၍စိုက်၏။ ဒေါ်အေးကြည်ကား လယ်အလုပ်ကို လုပ်ကိုင်ခဲ့သည်မှာ နှစ်အတော်ကြာပြီဖြစ်ရာ အရာရာကို လုပ်တတ်ကိုင်တတ်ရှိနေပြီ။

ဒေါ်အေးကြည် ပျိုးကြဲ၍ ညှောင်းသလောက် ညာသလောက်ရှိပြန်သောအခါ မငွေယုန်က မိခင်ကို ကူညီရာလည်းရောက်အောင် အလုပ်လည်း တတ်မြောက်ကျွမ်းကျင်အောင် ပျိုးဝင်၍ကြဲ၏။

"ဟဲ့သမီး...ပျိုးကြဲတာ နေရာအနှံ့လည်းရောက်ပစေ၊ မျိုးစေ့အကျဲအစိပ်လည်း ညီပစေနော်"ဟု ဒေါ်အေးကြည်က နည်းလမ်းညွှန်ပြ၏။

"အမေကြိတုန်းက ကျွန်မ သေသေချာချာကြည့်ထားလို့ သဘောပေါက်နေပါပြီအမေ..."ဟု မငွေယုန်က ပြန်ပြော၏။

"ယောကျ်ားရှိတဲ့ အိမ်ဆိုရင်တော့ ယောကျ်ားတွေ ပျိုးကြဲကြတာပဲ၊ အမေတို့အိမ်မှာတော့ သမီးအဖေက မလုပ်နိုင်တော့ မိန်းမတွေ ကြဲနေရတယ်"ဟု ဒေါ်အေးကြည်က ပြော၏။

"ကျွန်မတို့သားအမိတော့ ကိုဖိုးထင်ပြောတဲ့ အရီးကြောင်တွေ ဖြစ်နေကြပြီအမေ..."

သားအမိနှစ်ယောက် တစ်ယောက်တစ်လက်ဖြင့် ပျိုးကြဲ၍ ပြီးသောအခါတွင်ကား လက်မောင်း လက်ရန်းတွေ နာကျင်ကိုက်ခဲ့ကာ မလှုပ်နိုင်

မရှားနိုင်ဖြစ်ကြရသည်။ ထမင်းကိုပင်လျှင် ညာလက်ဖြင့် မစားနိုင်ဘဲ ဘယ်လက်ဖြင့်စားကြရ၏။

ထိုအဖြစ်သနစ်ကို မြင်ရသော ဆရာညွှန့်သည် မျက်စိမျက်နှာမသာဘဲ သက်ပြင်းကြီး တချချ လုပ်ရှာသည်။

တော်ပါသေး၏။ ဝါဆိုလအတွင်း ပျိုးကြဲပြီးနောက် ပျိုးပင်ကလေးများ ပေါက်ချိန်ကို စောင့်စားရင်း ဝါခေါင်လ တစ်လလုံး အနားယူလိုက်ကြရလေသည်။

ဝါခေါင်လကုန်၍ တော်သလင်းလဆန်းလျှင် ပျိုးပင်ကလေးများ အညွန့်တလူလူဖြင့် ထွက်ပေါ်လာကြကာ ကောက်စိုက်ရန် အချိန်သို့ ကျရောက်လာပြီဖြစ်၏။

"အမေ...ကောက်စိုက်သမ ဘယ်နှစ်ယောက်ခေါ်ရမလဲ..."ဟု မငွေယုန်ကမေး၏။

"ဆယ်ယောက်လောက် စိုက်ရင်တော့ သုံးရက်လောက်နဲ့ ပြီးမှာပဲ"

"ဆယ်ယောက် စိုက်ရင် ကျွန်မတို့သားအမိနှစ်ယောက်အပြင် ကောက်စိုက်သမ ရှစ်ယောက်ခေါ်ရလိမ့်မယ်၊ ဒီတော့ အကုန်နည်းအောင် ငါးယောက်ပဲ စိုက်ပါအမေ...၊ ငါးယောက်စိုက်ရင် ခြောက်ရက်ကြာတော့ ပြီးမှာပေါ့၊ ငါးယောက်စိုက်တော့ ကောက်စိုက်သမသုံးယောက်ပဲ ခေါ်ရတာပေါ့..."

"သမီးက တယ်ပြီး ဆယ်လီကျေတာကိုး..."

"ဆယ်လီကျေရတာပေါ့ အမေရဲ့၊ အကုန်နည်းမှ ကိုယ့်အတွက် အရများမယ် မဟုတ်လား...၊ ဒီတော့ ကောက်စိုက်သမ သုံးယောက်ခေါ်ပြီး ကျွန်မတို့သားအမိပါ ငါးယောက်စိုက်မယ်အမေ..."

"သမီးသဘောပဲ..."

ယင်းသို့ဖြင့် ကောက်စိုက်သမ သုံးယောက်ခေါ်ကာ မငွေယုန်ရော ဒေါ်အေးကြည်ပါ စိုက်ကြသည်။ မှန်းဆထားသည့်အတိုင်းပင် ခြောက်ရက် စိုက်ကြရ၏။ ကောက်စိုက်သမတစ်ယောက်အတွက် တစ်နေ့လျှင် စပါးငါးပြည် ပေးရမည်ဖြစ်သည်။

"အဖေ...ကျွန်မတို့လယ် အားလုံး စိုက်ပြီးပြီ"ဟု မငွေယုန်က ဝမ်းသာအားရဖြင့် ဖခင်အားပြောပြ၏။

"အေး...ဒီလိုကြားရတာ ဝမ်းသာစရာပ...၊ သို့ပေမဲ့ အဖေတော့ ဝမ်းမသာနိုင်ပါဘူးသမီးရယ်...၊ သမီးတို့ ပင်ပန်းတာကို မကြည့်ရက်ပါဘူး" ဟု ဆရာညွန့်က မျက်ရည်ကလေး စမ်းစမ်းဖြင့် ပြောရှာသည်။

ကောက်စိုက်ပြီးနောက် တစ်လခွဲခန့်အကြာတွင်ကား ရွှေဝါရောင် စပါးကလေးများသည် တစ်တောင့်ထွားခန့်မြင့်အောင် ဝေဝေဆာဆာ လန်းလန်း ဆန်းဆန်း ထွက်ပေါ်ရှင်သန်နေကြသည်ကို ဒေါ်အေးကြည်နှင့် မငွေယုန်တို့ ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ကြရ၏။

ဒေါ်အေးကြည်နှင့် မငွေယုန်တို့သည် ပေါင်းမြက် ကင်းစင်စေရန် ဆယ်ရက်ခန့်ကြာ ထွန်လိုက်ကြရသည်မှာလည်း မသက်သာလှပေ။

မငွေယုန်သည် မိမိတို့လုပ်သမျှ လုပ်ငန်းပြီးစီးသမျှ တာဝန်တို့ကို ဖခင် အားပြောပြလို၏။ သို့သော် ပြောပြလျှင် လူနာဖခင်အိုကြီးမှာ စိတ်မချမ်း မသာ ဖြစ်ရှာသာရှိမည်ဟု တွေးမိကာ ဘာကိုမျှ မပြောတော့ဘဲ အောင့်အည်း မျိုသိပ်ထားရလေသည်။

မငွေယုန်တို့သားအမိ ကြားထွန်လိုက်ပြီးနောက် လယ်ထဲမှ ရေများ ကို ထုတ်ပစ်ကြရသည်။ ရေထုတ်ပြီးနောက် ဓာတ်မြေဩဇာပက်ကြရ၏။

"ဟဲ့ သမီး...မြေဩဇာတစ်အိတ် ဘယ်လောက်ပေးခဲ့ရသလဲ..."ဟု ဒေါ်အေးကြည်က လယ်ထဲတွင် ဓာတ်မြေဩဇာ ပက်ရင်းမေးလိုက်၏။

"ခြောက်ကျပ်နဲ့ ပြားခြောက်ဆယ်ပေးရတယ် အမေ...၊ ပြည်သူ့ဆိုင် က ဝယ်တာ၊ မြေဩဇာကို မိန်းမလာဝယ်တော့ မယုံသင်္ကာဖြစ်ပြီး မေးသေး စမ်းသေးတယ်၊ ကျွန်မက တောင်သူလယ်သမား ကောင်စီဝင်ထားတဲ့ လက် မှတ်ထုတ်ပေးတော့မှ ရောင်းတယ်၊ မိန်းမဖြစ်လျက်နဲ့ လယ်လုပ်နေတာကို အံ့ဩတယ်အမေ၊ နောက်ပြီးတော့ ကျွန်မတို့ကို ချီးကျူးတယ်..."

"အေး...မိန်းမလည်း လူပဲကွယ်၊ လူတွေလုပ်တတ်တဲ့ အလုပ်တွေ ကို မိန်းမလည်း လုပ်တတ်တာပေါ့..."

မငွေယုန်တို့လယ်တွင် ဓာတ်မြေဩဇာ ပက်ပြီးနောက် ခုနစ်ရက် ခန့်ကြာသောအခါ လယ်ထဲသို့ ရေပြန်သွင်းကြရပြန်၏။

"ဖုံးတုန်းလုံးတုန်း၊ တန်ဆောင်မုန်း"ဟူသော ရှေးမြန်မာလယ်သမား ကြီးတို့ ပြောစမှတ်ပြုခဲ့ကြသည့်စကားသည် ယနေ့လည်း ဤအတိုင်းပင်

မှန်လျက်ရှိသည်။ ခနုတို့ဌာနီရှမ်းပြည်တွင်လည်း အနှီစကားအတိုင်းပင်တည်း။

တန်ဆောင်မုန်းလတွင် စပါးပင်တွေ ဖုံးကြ လုံးကြလေရာ မငွေယုန်တို့ သားအမိနှစ်ယောက်အပါအဝင် လယ်သမားအားလုံးတို့သည် ရွှင်ပြုံးကြည်သာ၊ မျက်နှာချိုမြ၊ နှလုံးဟာဒယ အေးမြကြရသည်။ အရွယ်ရောက်ခါနီးသားပျိုသမီးပျိုများကို ရှုမြင်နေကြရသလို အရိပ်တကြည့်ကြည့်ဖြင့် ပီတိသောမနသအဖြစ်ကြီး ဖြစ်ကြရသည်။

တန်ဆောင်မုန်းလကုန်လောက်တွင် စပါးပင်တို့သည် ဖုံးရာလုံးရာမှ အနှံတလူလူထွက်ကာ အရွယ်ရောက်လာပြီဖြစ်သော လုလင်ပျို လုံမပျိုတို့ပမာ ဝင့်ကြွားတက်ကြွ လှချင်တိုင်းလှ၍ နေကြလေသည်။

လယ်တိုင်း လယ်တိုင်းတွင် စပါးတွေ ပင်လယ်ဝေ၍ နေလေသည်။ လယ်ပင်လယ်ကြီး လယ်ပြင်ကျယ်ကြီးကား ရှုမဆုံးအောင်ပင်တည်း။

လယ်ကွင်းတို့သည် ရေစမ်းတွေပြည့်လျှံနေသည့် ပင်လယ်ပြင်ကြီးနှင့် တကယ်ပင်တူလှစွာ၏။ လေအဝှေ့တွင် စပါးပင်တွေ အတန်းလိုက် အတန်းလိုက် အကွက်လိုက် အကွက်လိုက် ယိမ်းယိုင် လှုပ်ရှားနေကြပုံများမှာ ပင်လယ်ပြာတွင် လှိုင်းဂယက်တွေ ထနေသည်နှင့် တစ်သွင်တည်း တစ်ဆင်တည်းပင်ဖြစ်သည်။

လယ်သမားတို့သည် အားရကြ၏။ ရွှင်မြူးကြ၏။ ကြည်နူးကြ၏။ ဝမ်းစာစပါး ဖူလုံလောက်ငသည့်အပြင် လှူရမည်၊ တန်းရမည်၊ ဝယ်ရမည်၊ ခြမ်းရမည်။

မြေကြီးက ရွှေသီးခြင်းပင်တည်း။

နတ်တော်လအတွင်းတွင် မငွေယုန်တို့ လယ်ရော အခြားလယ်များပါ ရိတ်ကြလေပြီ။ မြေကြီးက သီးသည့်ရွှေကို ဆွတ်ယူကြခြင်းဖြစ်သည်။

မငွေယုန်တို့ သားအမိသည် ကောက်ရိတ်သမား သုံးယောက်ကိုသာ ငှားကာ မိမိတို့ပါဝင်၍ရိတ်၏။ ကောက်ရိတ်သမား သုံးယောက်တို့ကိုအား နေ့စာ ညစာ ကျွေးရလေသည်။

ကောက်ရိတ်ပြီးလျှင် စပါးခြောက်စေရန်အတွက် ငါးရက်ခန့် နေလှန်းထားရလေသည်။ ထိုရက်ကလေးတွေမှာ မငွေယုန်တို့သားအမိ ခေတ္တအနားယူကြရလေသည်။

စပါးတွေ ခြောက်သွေ့သွားလျှင် ကောက်လှိုင်းတို့ကို တလင်းပြင်သို့ သယ်ယူရ၏။ တလင်းပြင်တွင် လူငှားသုံးယောက်နှင့်အတူ မငွေယုန်တို့သားအမိနှစ်ယောက် မနေမနား စပါးပုတ်ကြရသည်။

မငွေယုန်တို့အရပ်မှာ ဗမာပြည်ကဲ့သို့ စပါးကို နွားကျွဲတို့ဖြင့် နယ်ခြင်းမပြု၊ ကျောက်တုံးပေါ်တွင်ဖြစ်စေ၊ သစ်တုံးပေါ်တွင်ဖြစ်စေ၊ ကပ်စင်ပေါ်တွင်ဖြစ်စေ ကောက်လှိုင်းကို ရိုက်ပုတ်ကာ အနှံခြွေကြလေသည်။

စပါးပုတ်ရင်း၊ ပုတ်ရင်း စပါးတို့သည် များ၍ များ၍လာ၏။ စပါးပုံသည် မြင့်၍မြင့်၍လာ၏။ ယင်းသို့ စပါးပုံ မြင့်လာသလောက် လယ်သမားတို့၏ ဝမ်းသာခြင်း ပီတိအလျှံသည် မြင့်လာကာ အပြုံးပန်းကြီးတွေ တမြိုင်မြိုင် ပွင့်ကြလေတော့သတည်း။

စပါးပုတ်ပြီးလျှင် မငွေယုန်တို့သားအမိသည် လူငှားမခေါ်တော့ဘဲ ကိုယ်တိုင်စပါးလှေ့ကြသည်။ နောက်ပိတ်ဆုံး တာဝန်ကျသည့်လုပ်ငန်းဖြစ်လေသောကြောင့် အားတက်လှသည်။ သွက်လက်လှ၏။ မြန်ဆန်လှ၏။ ပန်းပြေးသမားသည် ပန်းဝင်ခါနီးတွင် လျင်မြန်ပုံမျိုးတည်း။

အားလုံးကိစ္စအရပ်ရပ် ပြီးစီးသွားသောအခါ မငွေယုန်တို့သားအမိသည် စပါးပုံကြီးအနီးတွင် ထိုင်ကာ မမှိတ်သော မျက်စိဖြင့် ကြည့်ကြရင်း ပီတိအဖြစ်ကြီးဖြစ်၍နေလေသည်။

"အမေရေ...ဒီစပါးပုံကြီးကို မြင်ရတော့ မောသမျှ ပန်းသမျှတွေ အားလုံးပြေသွားတာပဲ အမေရဲ့..."ဟု မငွေယုန်က အားတက်ရွှင်မြူးသံကြီးဖြင့် ပြောလိုက်သည်။

"အေးဟဲ့...အမေလည်းဒီလိုပဲ...၊ သို့ပေမဲ့ သမီးအဖေမြင်ရင်တော့ စိတ်ချမ်းသာဦးမှာမဟုတ်ဘူး အမေတို့ သားအမိလယ်လုပ်နေတာကို သူက မကြည့်ရက်နိုင်ရှာဘဲ ကိုး..."

"ဟုတ်တယ်...အမေ၊ ကျွန်မတို့လယ်အကြောင်း ပြောရင် အဖေ စိတ်မကောင်းဖြစ်လိမ့်မယ်၊ ဒီတော့ အဖေ့ကို လယ်အကြောင်း ဘာမျှမပြောနဲ့နော်...၊ ကျွန်မလည်းမပြောဘူး..."

ဆရာညွှန့်သည် ကြားနေရသည့်အသံများကို နားစွင့်၍ ထောင်နေ၏။ ထိုအသံများကား လှည်းသံ၊ လူသံ၊ စကားပြောသံ၊ ရယ်မောသံများဖြစ်သည်။

ဆရာညွန့်သည် လဲလျောင်းနေရာမှ ထိုင်လိုက်သည်။ အနီးတွင်ရှိသည့် တောင်ဝှေးကိုယူကာ ထောက်ပြီး မတ်တတ်ရပ်၏။ ထို့နောက် အခန်းထဲမှ တဖြည်းဖြည်းထွက်ခဲ့သည်။ အိမ်ရှေ့ဝရန်တာသို့ ရောက်လာသောအခါ မတ်မတ်ကြီးရပ်လျက် မြင်ကွင်းကို အာရုံစူးစိုက်ကြည့်ရှုနေ၏။

ဒေါ်အေးကြည်နှင့် မငွေယုန်တို့သည် လှည်းပေါ်မှ စပါးအိတ်များကို သယ်ကာ အိမ်အောက်ထပ်သို့ သွင်းနေ၏။ မငွေယုန်တို့နှင့်အတူ အခြားသူများလည်း ကူညီဝန်းဝိုင်း သည်ပိုးနေကြသည်။

"မှီရသောမျက်နှာသည် ရွှင်၏"ဟု စကားစဉ်ရှိ၏။ မငွေယုန်တို့ကား မှီထက်အဖိုးတန်သည့် မှီထက်အရာရောက်သည့် မှီထက်အကျိုးပြုသည့် စပါးများရကြသည်ဖြစ်ရာ မှီရသည်ထက် ရွှင်ကြ၏။ ချိုကြ၏။ ပြုံးကြ၏။ ရယ်ကြ၏။

စကားတပြောပြောဖြင့် စပါးသယ်ကြသည်။ ရယ်လိုက် ပြောလိုက် ဟားတိုက်လိုက်ဖြင့် ပျော်ရွှင်နေကြသည်။ မငွေယုန်တို့အတွက် အပျော်ဆုံးနေ့တည်း။

"အဟွတ်...အဟွတ်..."

ချောင်းဆိုးသံကြားသဖြင့် မငွေယုန်တို့ မော့်ကြည့်လိုက်ကြရာ ဝရန်တာတွင် မတ်မတ်ကြီးရပ်ကြည့်နေသော ဆရာညွန့်ကို မြင်နေကြရ၏။

မငွေယုန်တို့သားအမိ ထိတ်လန့် ပူပင်သွားကြသည်။ စပါးတွေကို မြင်သွားသော ဆရာညွန့်သည် မယားနှင့်သမီးပင်ပန်းပုံကို တွေးကာ စိတ်မကောင်းဖြစ်ရှာဦးတော့မည်ဟု မငွေယုန်တို့ တွေးတောပူပန်ကြ၏။

"ဟဲ့...စပါး ဘယ်လောက်ရတုန်း..."ဟု ဆရာညွန့်က မေးလိုက်၏။

"တင်းနှစ်ရာကျော်ရတယ် အဖေ..."

မငွေယုန်ကပြောရင်း သူ့ဖခင်ကိုကြည့်လိုက်ရာ ဆရာညွန့်၏မျက်နှာမှာ အတိုင်းမသိသော ပီတိဖြင့် ပြုံးပြုံးကြီးဖြစ်နေသည်ကို တွေ့ရလေသတည်း။

၀

## (၅၅)

အရှေ့ဘက်တွင်ကား ရှမ်းအမျိုးသားတို့ဒေသ ကမ္ဘောဇပြည်နယ်၊ အနောက်ဘက်တွင်ကား ဗမာပြည်မ၊ ယင်းဒေသနှစ်ရပ်တို့၏ အကြားရှိ ဓနုအမျိုးသားများ၊ တောင်ရိုးအမျိုးသားများနေထိုင်ရာဒေသကို မြေလတ်နယ် ဟုခေါ်သည်။ မြေလတ်နယ်ကား ဗမာပြည်မနှင့် တောင်တန်းတသွယ်သာခြား သတည်း။

မြေလတ်နယ် ၁၆ နယ်ရှိ၏။ ယင်းသည်တို့ကား ၁။ ရေဦးနယ်၊ ၂။ ရွာငံနယ်၊ ၃။ မြင်းကျတိုးနယ်၊ ၄။ နမ်းခုံနယ်၊ ၅။ ပင်းတယနယ်၊ ၆။ ဘော်ဆိုင်းနယ်၊ ၇။ ပွေးလှနယ်၊ ၈။ ကျုံးနယ်၊ ၉။ ကျောက်ထပ်နယ်၊ ၁၀။ သာမိုင်းခမ်းနယ်၊ (ညောင်ရွှေမြို့၊ ကလောမြို့များပါသည်။) ၁၁။ဘော် နင်းနယ်(ဟဲဟိုးမြို့ပါသည်။) ၁၂။ ပင်မှီနယ်၊ ၁၃။ လွယ်အယ်–လုံးပိုးနယ်၊ ၁၄။ နောင်တရားနယ်၊ ၁၅။ လွယ်လုံ–ပင်လောင်းနယ်၊ ၁၆။ လွယ်မောနယ် တို့ဖြစ်သတည်း။

ယင်းသည့်မြေလတ် ၁၆ နယ်နေ ဓနုနှင့် တောင်းရိုးအမျိုးသားတို့ ကား၊ အိပ်သည့်မျက်စိ၊ စားသည့်ပါးစပ်၊ ထိုသည့် အချိန်မှလွဲလျှင် လက် နှင့်အလုပ် မပြတ်တမ်း လုပ်ကိုင်ဆောင်ရွက်နေတတ်ကြသူများဖြစ်သည်။

ရှမ်း–တောင်ရိုး သွေးစပ် ဆရာညွှန့်နှင့် ဇနီးမဝိုင်းတို့ ဘဝသက်တမ်း တစ်လျှောက်တွင် မည်ကဲ့သို့ ကြိုးပမ်းဆောင်ရွက်ကာ အလုပ်လုပ်ခဲ့ပုံကို

ဖော်ပြခဲ့ပေပြီ။ ဆရာညွန့်နှင့် မဝိုင်းတို့နည်းတူပင်လျှင် အခြားခနေ၊ တောင်ရိုးတို့သည်လည်း မနားမနေ အလုပ်လုပ်ကြသည်ချည်းသာတည်း။

ရှေးခေတ်က ဆရာညွန့်နှင့် မဝိုင်းတို့ အပင်အပန်း အလုပ်လုပ်ခဲ့ကြသည့် နည်းတူပင်လျှင် ယခုခေတ်တွင်လည်း မငွေယုန်တို့ သားအမိ အလုပ်လုပ်ကြလျက်ပင်ဖြစ်သည်။ မငွေယုန်တို့သားအမိသည် လယ်ခြောက်ကမှ စပါးတင်း ၂၀၀ ကျော်ထွက်အောင် လက်တွေ့အလုပ်လုပ်၍ ပြကြခြင်းဖြစ်၏။

မိန်းမသားများဖြစ်ကြသော ဒေါ်အေးကြည်နှင့် မငွေယုန်တို့ပင်လျှင် ဤမျှ အလုပ်လုပ်ကြသေးလျှင် ယောကျ်ားရင့်မကြီးများဖြစ်ကြသည့် ခနေ တောင်ရိုးအမျိုးသားတို့ကား အဘယ်မျှအလုပ်လုပ်ကြမည်ကို စဉ်းစားချင့်ချိန်၍ ကြည့်ရှုဖြင့်ပင် သိနိုင်၏။ သာဓကေ အထင်အရှား ပြစရာတွေလည်း အမြောက်အမြားရှိပေသည်။

ဗမာပြည်ထောင်စုတစ်ဝှမ်းလုံး အိမ်တိုင်း အိမ်တိုင်း အသုံးပြုကြသည့် လက်ဖက်ခြောက်မြောက်မြားလှစွာတို့တွင် ပင်လောင်းနယ်၊ ပင်းတယနယ် စသည်တို့မှထွက်သော လက်ဖက်ခြောက်အများအပြား ပါဝင်ကြသည်။

ပြည်ထောင်စုသားတိုင်း၏ လက်တွင် အမြဲကိုင်စွဲသောက်ရှုကြသော ဆေးပေါ့လိပ်များကို လိပ်သည့် သနပ်ဖက်မှာ ပင်းတယနယ်၊ မြိုင်နယ်၊ ပင်လောင်းနယ် စသည့် မြေလတ်နယ်တို့မှ အများဆုံးထွက်လေသည်။

အောင်ပန်းလိမ္မော်ကား နိုင်ငံတစ်ဝှမ်းလုံး နားမဲ့သတင်းကြီးမားလှ၏။ ထိုအောင်ပန်းလိမ္မော်ကား မြေလတ်နယ်မှ ထွက်သည့် လိမ္မော်တည်း။

ညှော်သည်လာလျှင် ပြည်ထောင်စုသားတို့က လက်ဖက်ကလေး ချင်းသုပ်ကလေးဖြင့် ညှော်ခံမြဲဖြစ်၏။ ထိုသုပ်သောချင်း၊ ဟင်းခတ်ရသောချင်း၊ ဆေးဝါးဖော်စပ်ရသောချင်းတို့ကို မြင်းကျတိုးနယ်၊ ရွာင်နယ် စသည်တို့မှ တောင်ပုံယာပုံထွက်လေသည်။

ဟင်းချက်ရာတွင် မပါလျှင်မပြီးသည့် ကြက်သွန်ဖြူမှာ ပင်းတယနယ်၊ တီကျစ်နယ်၊ အောင်ပန်းနယ် စသည်တို့မှ ထွက်၏။

"ဟင်းလိမ္မာ"ဟုခေါ်ရလောက်အောင် ဟင်းတိုင်းတွင် ထည့်ရသည့် ခရမ်းချဉ်သီးများမှာ အောင်ပန်း၊ တီကျစ်၊ ပင်းတယ စသည့်နယ်တို့မှ

ထွက်လေရာ မြန်မာပြည်အရပ်ရပ်သို့ မီးရထား မော်တော်ကားများဖြင့် မနား တမ်း ပို့ဆောင်နေရလေသည်။

အိမ်တိုင်း, အိမ်တိုင်းတွင် တစ်နေ့လျှင် နှစ်ကြိမ်၊ သုံးကြိမ်သောက် ကြသည့် ကော်ဖီစေ့မှာ မြိုင်၊ ရှာငံ၊ ယင်းတယ၊ ပင်လောင်း စသည့်နယ် တို့မှ သုံး၍မကုန် ယူ၍မခန်း ထွက်လေသည်။

"ကာဖီသောက်လျှင် နံပြားကလေးလည်း ပါဦးမှ"ဟု ပြောစမှတ်ပြု ကြသည့် နံပြားလုပ်ရာ၊ ပေါင်မုန့်အမျိုးမျိုးလုပ်ရာတို့တွင် သုံးသည့်ဂျုံမှာ အောင်ပန်း၊ ကျုံး၊ ပင်းတယ၊ ပွေးလှ စသည့်နယ်တို့မှ ထွက်လေသည်။

"ထမင်းကပူ၊ ဟင်းကပူ၊ ရှူးရှူးရှမ်းငရုတ်သာပလေး"ဟု စာဆိုတော် ကြီး ဝန်ကြီးပဒေသရာဇာပင်လျှင် စာဖွဲ့ရသည့် ရှမ်းငရုတ်စပ်စပ်ကလေးတို့ မှာ လုံးပိုး၊ တီကျစ်၊ နောင်တရား၊ နမ်းတိမ်း စသည့်နယ်တို့မှ ရဲရဲနီအောင် ထွက်လေသည်။ ထိုနယ်များသို့ သွားရောက်ကြည့်ရှုလျှင် အိမ်ခေါင်မိုးတိုင်း ရဲရဲနီနေသည်ကို တွေ့ရမည်ဖြစ်၏။ အိမ်ခေါင်မိုးတွေနှင့် အပြည့်လှန်းထား သော ငရုတ်များသာတည်း။

မြန်မာပြည်မတွင် မြေပဲစိုက်လိုက မျိုးမြေပဲကို ရှမ်းပြည်မှ ယူကြ ရသည်။ ယင်းသည့်ပြည်မသို့ နှစ်စဉ်နှစ်တိုင်း မျိုးပေးနေသည့် မြေပဲမှာ ပင်းတယ၊ အောင်ပန်း၊ နမ်းတိန်း၊ တီကျစ်၊ နောင်တရား စသည့် မြေလတ် နယ်တို့မှ ထွက်၏။

အထူးခြားဆုံးတစ်ရပ်ကား မြေလတ်နယ်ထွက် မုန်လာထုပ်ဟု ခေါ်ကြ သည့် "ဂေါ်ဖီထုပ်"တည်း။ နှစ်စဉ်နှစ်တိုင်း နယုန်လမှသည် တပို့တွဲလအထိ ကိုးလလုံးလုံး တစ်နေ့ တစ်နေ့လျှင် ဂေါ်ဖီထုပ်ပေါင်း သုံးသောင်းမျှကို မြေလတ်နယ်မှ မြန်မာပြည်မသို့ တင်ပို့ပေးနေ၏။ တစ်နှစ်လုံးအတွက် ဂေါ်ဖီ ထုပ်ပေါင်း ရှစ်သန်းမျှတည်း။

စံတင်လောက်အောင် အထူးခြားဆုံးကား အားလူးတည်း။ မြေလတ် နယ်မှ တစ်နှစ်တစ်နှစ်လျှင် အာလူးတန်ချိန် သုံးသောင်းမှ လေးသောင်းအထိ ထွက်၏။

ပိဿာချိန်အားဖြင့်ဆိုလျှင် သန်း ၂၀၊ ၂၅ သန်းအထိ ဖြစ်၏။

တစ်နည်းအားဖြင့်ဆိုလျှင် ပြည်ထောင်စုသားတိုင်းအား တစ်နှစ်လျှင် တစ်ပိဿာစီ မြေလတ်နယ်မှ အားလူးဖြန့်ဖြူးပေးပို့နေသည်ဟု ဆိုနိုင်၏။

မြေလတ်နယ်တွင် ဆိုရိုးစကားရှိ၏။ "ချွေးနှီးစာကို စားရမှ ပိုချို တယ်"။

မြေလတ်နယ်သားတို့ကား လုပ်အားကို အစွမ်းကုန်ထုတ်ကာ ပြည်ထောင်စုတစ်ရပ်လုံး၏အကျိုးကို ဆောင်ရွက်နေသူနေများတည်း။

ဝ

(၅၆)

ဆရာညွန့်သည် အိပ်ရာထက်တွင် ခွေခွေလေး လှဲနေရာမှ တစ်စုံတစ်ခုသော အသံကို ကြားရသလိုလိုရှိသဖြင့် နားစွင့်ထောင်နေ၏။

"ဟဲ့...သမီး...ဆိုင်းတီးသံ ကြားသလားလို့..."ဟု ဆရာညွန့်က မေးလိုက်သည်။

"ဟုတ်တယ်...အဖေ ဒီနေ့ လွတ်လတ်ရေးနေ့ အဖေရဲ့...လွတ်လပ်ရေးနေ့ အခမ်းအနားပွဲလုပ်မလို့ တီးမှုတ်နေကြတာ..."ဟု မငွေယုန်က ပြောပြသည်။

"ဘယ်နှစ်ခုနှစ်တုံး..."

"ထောင့်ကိုးရာခြောက်ဆယ်ပြည့်နှစ် အဖေ..."

"ဗမာခုနှစ်ကို မေးတာပါ..."

"ထောင့်သုံးရာသုံးဆယ်ပြည့်နှစ် အဖေ..."

"လနဲ့ရက်ကကော..."

"ပြာသိုလဆုတ် ၂ ရက်နေ့...အဖေရဲ့..."

ဆရာညွန့်သည် နှုတ်က တိတ်သွားပြီးနောက် စိတ်ကတွေးတောနေလေသည်။

"သြော်...နက်ဖြန်ခါ ပြာသိုလဆုတ် သုံးရက်နေ့ဆိုတော့ အစ်မပိုင်းသေတဲ့နေ့ပါပဲကလား၊ အစ်မပိုင်း သေတာက ထောင့်နှစ်ရာကိုးဆယ့်နှစ်ခုနှစ် ပြာသိုလဆုတ် သုံးရက်နေ့ဆိုတော့ အစ်မပိုင်းသေတာ သုံးဆယ့်ရှစ်နှစ်တင်း

တင်းပြည့်ပါပေါ့ကလား။ နက်ဖြန်တော့ဖြင့် အစ်မပိုင်းဂူကို သွားဖြစ်အောင် သွားမှပဲ . . .”

“အဖေ နေကောင်းရဲ့လား . . .”ဟု မငွေယုန်က မေးလိုက်သဖြင့် ဆရာညွှန့်သည် စိတ်ကူးပြတ်သွားကာ “အေး . . .နေကောင်းပါတယ် . . .” နက်ဖြန်လည်း အဖေ နေကောင်းဦးမှာပါပဲကွယ် . . .”ဟု သူ့အဓိပ္ပာယ်နှင့်သူ ပြောလိုက်သည်။

“အဖေ နေကောင်းရင် ကျွန်မ လွှတ်လပ်ရေးပွဲကို သွားလိုက်ဦးမယ် နော် . . .”

“အေး . . .သွား . . .သွား . . .တစ်နှစ်မှတစ်ခါသာ ရကြုံတဲ့ပွဲပဲ သွားမှ ပေါ့ . . .”

မငွေယုန်သည် အဝတ်အစားလဲကာ လွတ်လပ်ရေးပွဲ ကျင်းပသည့် နေရာသို့ လာခဲ့လေသည်။

အောင်ပန်းမြို့၏ အနောက်တောင်ဖက်ရှိ ကွက်လပ်ကွင်းပြင်ကြီးတွင် လူတွေ ကျိတ်ကျိတ်တိုးမျှ စည်ကား ပြည့်နှက်နေလေသည်။

ဇာတ်စင်ကြီးတစ်ခုလည်း ဟိန်းလောက်အောင် ဆောက်ထား၏။ အသံချဲ့စက်ဖြင့် သီချင်းများ အတီးအမှုတ်များ ဖွင့်ထားလေရာ ထိုထိုအသံတို့သည် ပတ်ဝန်းကျင် တစ်ခွင်တစ်ပြင်လုံးကို ပျံ့နှံ့သွားလေသည်။ ပရိသတ်ကြီးကား လှုပ်လှုပ်ရွရွဖြင့် ဇာတ်စင်ဆီသို့ အာရုံစိုက်ကာ ကြည့်ရှုနေကြသည်။

ပွဲစ၍ထွက်လေပြီ။ ကျောင်းသူကျောင်းသားတို့၏ ယိမ်း၊ ဓားသိုင်း အက၊ လူမမယ်ကလေးနှစ်ယောက် မြိုင်ထအက စသည် စသည်များတည်း။

တပို့တွဲလ၏ အအေးဓာတ်ကား လွန်ကဲလှသည်။ ယင်းသည့်အအေး ဒဏ်ကို ခံကာ ပရိသတ်သည် ဖွဲဖြင့်ကြည့်ကြ၏။

အချို့ကလည်း မီးဖိုကာ မီးလှုံရင်းကြည့်ကြသည်။

အောင်ပန်းမြို့အနီး အမြောက်တပ်မှ ရဲဘော်များ တင်ဆက်သည့် ပြဇာတ်မှာလည်း ပစ္စက္ခခေတ်၏ သင်ခန်းစာကို ပေးပေသည်။ သားမှာ သောင်းကျန်းသူ လုပ်သွားသဖြင့် မိခင်အိုမှာ သားအတွက် ရတက်မအေးနိုင် ဘဲ ပူဆွေးသောက ရောက်ရပုံကို တင်ဆက်သည့်ပြဇာတ်ဖြစ်သည်။

မငွေယုန်သည် မီးဖိုတစ်ဖိုအနီးတွင် ထိုင်ကာ မီးလှုံရင်း ရဲဘော်တို့၏ ပြဇာတ်ကို စိတ်ဝင်စားစွာ ကြည့်နေသည်။

သားအတွက် ရတာက်မအေးရှာသော မိခင်အိုကြီးကို မငွေယုန်ကြည့်ရင်း မိမိ၏ဖခင်အိုကြီးကို မျက်စိထဲတွင် တရေးရေး ထင်မြင်လာကာ မိဘချင်းစာလျက် ပြဇာတ်ထဲက အမယ်အိုကို ပို၍သနားလာသည်။ ဒုက္ခသည် အမယ်အိုကိုကြည့်ရင်း မငွေယုန် မျက်ရည်ဝဲလာသည်။

ပြဇာတ်ပြီးသွားသည့်နောက် အခြားအကအခုန်တွေ တစ်ခုပြီးတစ်ခု ကပြကြသဖြင့် မငွေယုန် အာရုံပြောင်းသွားပြန်သည်။

ပြဇာတ်တစ်ခု ကပြမည်ဖြစ်ကြောင်း ကျေညာရာ ပရိသတ်များ အာရုံစူးစိုက်နေကြသည်။ ထိုပြဇာတ်ကား ပြဇာတ်ထူးဟူ၍ပင် ခေါ်ရချေမည်။

အောင်ပန်းမြို့တွင် နေထိုင်ကြသည့် ဓနု၊ တောင်ရိုး၊ ပအို့ဝ်၊ မြန်မာတို့ စုပေါင်းကပြကြသည့် ပြဇာတ်ဖြစ်သည်။ ပြည်ထောင်စုပီသသော ပြဇာတ်တည်း။

ပြဇာတ်စ၍ ထွက်လေပြီ။ အင်္ဂလိပ်ခေတ်က ဓနုဇနီးမောင်နှံတို့၏ ဖြစ်ရပ်တည်း။ လင်ဖြစ်သူ ယာထဲမှ ပြန်လာသောအခါ ထမင်းပွဲ အဆင်သင့်ဖြစ်မနေနိုင်ချေ။ အကြောင်းမူကား ဆီမရှိသဖြင့် ဇနီးဖြစ်သူက ဟင်းချက်မထား နိုင်သောကြောင့်တည်း။

လင်လုပ်သူသည် ယာထွက် အာလူးရောင်းရန်သွား၏။ အာလူးရောင်းပြီးလျှင် ဆီဝယ်ခဲ့ရန်ဖြစ်သည်။ လင်ပြန်လာ၏။ ဆီပါမလာ။ အာလူးလည်းပါမလာ။ ဖြစ်ပုံကား အာလူးရောင်းရသော ငွေကလေးကုန်အောင် ကစားဝိုင်းတွင် ကစားခဲ့သောကြောင့်တည်း။

ပရိသတ်သည် ထိုအဖြစ်ကိုကြည့်ကာ စိတ်ဝင်စားကြသည်။ အင်္ဂလိပ်ကျွန်ခေတ်က ဤဖြစ်ရပ်မျိုး ကြိမ်ဖန်များစွာ တွေ့ကြဖူးသောကြောင့်တည်း။

လင်မယားနှစ်ယောက် ခိုက်ရန်ဖြစ်နေကြစဉ် ရန်ကုန်တွင် ပညာသင်နေသည့် ညီကလေး ရောက်လာသဖြင့် ရန်ပွဲငြိမ်းသွား၏။ ညီကလေးက အင်္ဂလိပ်နှင့်ဂျပန် စစ်ဖြစ်နေပြီဖြစ်သဖြင့် အမျိုးသားချင်း သွေးစည်းရန် ဓနု၊ တောင်ရိုး၊ ပအို့ဝ် စသူတို့ကို တိုက်တွန်း၏။ ညီကလေး၏ စကားကို နားမထောင်၊ သွေးစည်းကြခြင်း မပြု။

ဂျပန်တွေ ရောက်လာ၍ နှိပ်စက်ညှဉ်းပန်းခြင်းခံကြရသောအခါတွင်မှ "အရေးကြီး သွေးနီးရာပါ"ဟူသောစကားအတိုင်း အမျိုးသားချင်း သွေးစည်းမိကြတော့သည်။ ဂျပန်ကို လက်တွဲကာ တော်လှန်တိုက်ခိုက်ကြသည်။ ပရိသတ်ကြီး၏ လက်ခုပ်သံကား တဖြောင်းဖြောင်းတည်း။

စစ်ပြီးကာလသို့ရောက်လာ၏။ ပင်လုံစာချုပ် သရုပ်ဖော်အခန်းကို ကပြကြသည်။ ပင်လုံစာချုပ်မှာ ဤရှမ်းပြည်နယ်အတွင်းတွင် ချုပ်ဆိုသည့် သွေးစည်းရေးစာချုပ်ဖြစ်သဖြင့် ကပြသူများက သရုပ်ပေါ်အောင် ကပြနိုင်သလောက် ပွဲကြည့်ပရိသတ်လည်း အထူးစိတ်ဝင်စားကြသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ ကျဆုံးသည့်အခန်းသို့ ရောက်သောအခါ ပြဇာတ်ကနေသည့် သူများပင် ငိုသံပါလာကြသည်။ မျက်ရည်ဝဲကြသည်။ ပွဲကြည့်ပရိသတ်မှာလည်း မျက်ရည်ကျသူကျကြ၏။

ပြည်ထောင်စုတစ်ရပ်လုံး လွတ်လပ်ရေးရကာ ပျော်ကြ ရွှင်ကြသည့် အခန်းဖြင့် ဇာတ်သိမ်း၏။

ခနု၊ တောင်ရိုး၊ ပအိုဝ်၊ ပလောင်၊ ဗမာတို့နေထိုင်ရာမြို့တွင် ပြည်ထောင်စုသားတို့ သွေးစည်းညီညွတ်ရေးအတွက် ပြည်ထောင်စုသားတို့ သရုပ်ဖော် ကပြကြသည့် ပြဇာတ်တည်း။

ပြဇာတ်ပြီးလျှင် ခနုအမျိုးသမီးကလေးနှစ်ယောက်သည် တစ်ယောက်က မင်းသားလို ဝတ်စားလျက်၊ တစ်ယောက်က မင်းသမီးလိုဆင်ယင်လျက် ထွက်လာကြကာ မြိုင်ထသီဆို ကပြကြသည်မှာ တကယ့် သဘင်ရည်ဝပြီး မင်းသားကြီး မင်းသမီးကြီးတို့နှင့် တစ်သွေမတိမ်းတည်း။

အရုပ်ကလေးတွေလို လှကြလျက်၊ အရုပ်ကလေးတွေလို ကကြသည်။ အသံကလေးတွေကလည်း သာယာငြိမ့်ညောင်းလှသည်။

ထူးသည်မှာလား စကားပြောရာတွင် ဝဲသော ခနုမလေးများသည် သီချင်းဆိုရာတွင် နည်းနည်းကလေးမျှ မဝဲဘဲ မြန်မာဇာတ်မင်းသမီးကြီးများ ဆိုပုံမျိုး သီဆိုနိုင်ကြခြင်းပင်ဖြစ်သည်။

မြိုင်ထပြီးလျှင် ခနုမလေးများသည်ပင် အငြိမ့်မင်းသမီးကလေးတွေ အဖြစ် တစ်ယောက်ပြီးတစ်ယောက် ကပြကြ၏။ ခနုမကလေးသုံးယောက်တည်း။

တကယ့် ဗမာအငြိမ့်မင်းသမီးကြီးများနှင့်မခြား တစ်သားတည်းပင် တည်း။

မငွေယုန်သည် အငြိမ့်ကသည်ကို ကြည့်ရင်း အတိတ်ဆီသို့ စိတ် ရောက်သွား၏။

ငွေယုန် ၁၆ နှစ်သမီးအရွယ်လောက်တွင် အောင်ဘညိုဇာတ်အဖွဲ့ တည်းခိုနေသည့် ပျဉ်သာကျောင်းဝိုင်းအတွင်းရှိ ဇရပ်ထဲသို့ ဝင်သွားသည်။

"သမီး...ဘာကိစ္စရှိသလဲ..."ဟု ဇာတ်မင်းသား အောင်ဘညိုက ငွေယုန်ကို မေး၏။

ငွေယုန်သည် အောင်ဘညိုအနီးတွင် ကျုံ့ကျုံ့ကလေးထိုင်ကာ"ကျွန်မ ကို အဆိုအက သင်ပေးပါရှင်..."ဟု တောင်းပန်သည်။

အောင်ဘညိုသည် ငွေယုန်ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီးနောက် "သြော်...သမီးက အဆိုအကဝါသနာပါသကိုး၊ အဖေတို့ ဒီမြို့မှာ ငါးရက် လောက်ကရဦးမယ်၊ အဲဒီငါးရက်အတွင်း သမီး ကြိုးစားသင်...၊ ဟော့... စပယ်စိန်ရေ...လာစမ်းပါဦး..."ဟု ငွေယုန်ကိုပြောရင်းက မင်းသမီး စပယ်စိန်ကို လှမ်းခေါ်လိုက်သည်။

စပယ်စိန်သည် အောင်ဘညို၏အနီးတွင် လာ၍ထိုင်၏။

"ဟောဒီ သမီးက အဆို,အက သင်ချင်လို့ပါတဲ့ကွယ်...၊ အားတဲ့ အချိန်မှာ သင်ပေးလိုက်စမ်းပါ..."ဟု အောင်ဘညိုက ငွေယုန်ကို စပယ်စိန် အား အပ်သည်။

စပယ်စိန်သည် ငွေယုန်ကို အဆိုအက သင်ပေး၏။ ငွေကလည်း လိုလိုချင်ချင် သင်ယူသည်။ ငွေယုန်သာလျှင်မက ဝါသနာအိုးမကလေး မချိုလည်းသင်၏။

ယင်းသို့ဖြင့် ငွေယုန် မချို စသော ခနမကလေးများသည် ဇာတ်လာ တိုင်း အငြိမ့်လာတိုင်း သင်ယူကြလေရာ ကတတ် ဆိုတတ်ဖြစ်လာကြသည်။

ပွဲလမ်းသဘင်ရှိလျှင် ငွေယုန်တို့ မချိုတို့ ပါမြဲဖြစ်၏။

ငွေယုန်သည် ရှေးဟောင်းနှောင်းဖြစ်ကို ပြန်လည် စဉ်းစားရင်း ဇာတ်ခုံပေါ်သို့ အာရုံရောက်သွား၏။

ခနေမကလေး "ဒေါင်းမ"က အငြိမ့်မင်းသမီးလုပ်ကာ က,နေသည်ကို တွေ့ရ၏။

ဒေါင်းမ,အကြည် စသည့် ခနေမကလေးများသည်လည်း အောင်ပန်းမြို့သို့ ဇာတ်လာတိုင်း, အငြိမ့်လာတိုင်း၊ တောင်းပန်တိုးလျှိုးပြုကာ အက အခုန်၊ အဆိုအပြောကို ငွေယုန်တို့ ငယ်စဉ်ကကဲ့သို့ပင် သင်ယူကြသဖြင့် ယခုကဲ့သို့ တတ်မြောက်ကြခြင်းဖြစ်၏။

ထို့ပြင် နေ့လူမျိုးတို့သည် မြန်မာစကားကိုပင် ပြောကြသည့် မြန်မာမျိုးနွယ် ဖြစ်လေသောကြောင့် ဗမာ့အနုပညာတစ်ရပ်ဖြစ်သော အဆိုအကကို မြန်မာတို့ကဲ့သို့ ကျွမ်းကျင်တတ်မြောက်ကြခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်ပေသည်။

**ခနေအငြိမ့်မင်းသမီးကလေးသုံးယောက် သီဆိုကပြပြီးသည်နှင့် တစ်ပြိုင်နက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ်**ဖြင့် ကျင်းပသည့် ပွဲသဘင်သည်လည်း ပြီးဆုံးခြင်းသို့ ရောက်လာသည်။

သန်းခေါင်ကျော် နာရီပြန်တစ်ချက်ခန့်ဖြစ်၏။ အရိုးခိုက်အောင် အေးလှသောဒဏ်ကို အောင့်အည်း ကြိတ်မှိတ်ကာခံရင်း ပွဲလာပရိသတ်တို့ ပြန်ကြလေသည်။

ငွေယုန်သည် နာရီပြန်တစ်ချက်ခွဲလောက်တွင်မှ အိမ်သို့ပြန်ရောက်ရာ၊ ဒေါ်အေးကြည်က တံခါးဖွင့်ပေးရင်း "ညဥ့်နက်လိုက်တာ သမီးရယ်၊ အေးတာကလည်း အလွန်ပဲ၊ စောစောပြန်ခဲ့ရောပေါ့"ဟု ဆို၏။

"ကြည့်ကောင်းလွန်းလို့ ကြည့်နေတာ အမေ"ဟု ငွေယုန်က ပြောပြီး အိပ်ရာသို့ဝင်ကာ ဗိန်းပိတ်အောင် စောင်ခြုံ၍ အိပ်လိုက်လေသည်။

○

# (၅၇)

ဆရာညွန့်သည် အိပ်ရာမှထကာ အနီးရှိ တောင်ဝှေးကို ဆွဲကိုင်၍ ထောက်ရင်း မတ်တတ်ရပ်လိုက်သည်။ ကတုန်ကယင် လဲမလို ပြိုမတတ် ဖြစ်နေသဖြင့် သတိကြီးစွာ ထားနေရ၏။

မွန်းတည့်အချိန်ခန့်ဖြစ်ရာ တစ်အိမ်လုံး ငြိမ်သက်တိတ်ဆိတ်နေ၏။ မငွေယုန်မှာ ညက ပွဲကြည့်ထားသဖြင့် အိပ်စက်နေသည်။ ဒေါ်အေးကြည်မှာ ကိစ္စတစ်ခုရှိသဖြင့် အပြင်သို့ သွားနေခိုက်ဖြစ်၏။

ဆရာညွန့်သည် တောင်ဝှေးကို ထောက်ကာ ထောက်ကာ အားပြုရင်း တဖြည်းဖြည်း အိမ်ပေါ်မှဆင်းခဲ့လျက် အိမ်၏အရှေ့ဘက်ရှိ လမ်းအတိုင်း မြောက်ဘက်သို့ လျှောက်ခဲ့သည်။

ယင်းသို့ တောင်ဝှေးကို ထောက်ကာ ထောက်ကာ လျှောက်လာရင်း အကြောင်းတိုက်ဆိုင်သဖြင့် စကားထာတစ်ခုကို ဆရာညွန့် သတိရမိသည်။

"နံနက်မှာ လေးချောင်းတယ်၊ နေ့လယ်မှာ ခြေနှစ်ချောင်း၊ ညနေစောင်းတော့ သုံးချောင်းထောက်၊ အတန်ကြာလျှင် ပျောက်"

ထိုစကားထာ၏ အဓိပ္ပာယ်ကိုလည်း ဆရာညွန့် စိတ်ထဲတွင် ပေါ်နေ၏။

လူငယ်ဘဝတွင် လေးဘက်တွား၍ သွား၏။ ထို့နောက် ခြေနှစ်ချောင်းဖြင့် ရပ်ကာ တစ်သက်လုံးသွားလာခဲ့ကြသည်။ ညနေစောင်းအချိန်နှင့်တူသော

လူအိုလူမင်းဘဝတွင် တောင်ဝှေးထောက်ကာ ခြေသုံးချောင်းဖြင့် လမ်းသွားသလိုပြုရ၏။ အတန်ကြာလျှင် သေဆုံးပျောက်ကွယ်ကြရသည်။

"အင်း...ငါလည်း အတန်ကြာရင် ပျောက်မှာပါပဲလေ"

ဆရာညွှန့်သည် ညည်းတွားရင်း တနုံ့နုံ့ဖြင့် လျှောက်မြဲလျှောက်လာခဲ့၏။ လဲမလို ပြိုမတတ် ခဏခဏဖြစ်သဖြင့် မလဲမပြိုစေရန် သတိကြီးစွာထား၍ လျှောက်ခဲ့ရသည်။

အတော်ကြာကြီး လျှောက်ခဲ့သောအခါတွင်မှ မြို့၏အပြင်သို့ရောက်လာသည်။ သန်တုန်းမြန်တုန်းကဆိုလျှင် ဤခရီးကို တအောင့်မျှဖြင့် ရောက်ခဲ့သော်လည်း ယခုမူကား ပိုးနသန် လမ်းသွားသလို သွားနေရသဖြင့် အချိန်အကြာကြီး လျှောက်လာခဲ့ရသည်။

"အင်း...စိတ်ရှိရာ ကိုယ်မပါတော့တဲ့ ဘဝပါတကား"

ယင်းသို့ ညည်းတွားရင်း အနောက်ဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်ရာ ကျောက်တောရွာဟောင်းနေရာကို မြင်ရ၏။ ကလေးအရွယ် ငယ်စဉ်အခါက မိဘများနှင့်အတူ ချမ်းမြေ့ပျော်ရွှင်စွာ နေခဲ့ရသည်များကို ဆရာညွှန့် ပြန်လည်သတိရသည်။

ယခုအခါတွင်ကား မိဘများလည်း သေဆုံး ပျောက်သုဉ်းကုန်ကြပြီ။ ကျောက်တောရွာသည်ပင်လျှင် လူနေအိမ်ခြေများ ပြောင်းရွှေ့သွားကြပြီဖြစ်သဖြင့် ရွာဆိုးကုန်း–ရွာပျက်ကုန်း ဖြစ်၍နေပေပြီ။

"အင်း...ဘယ်ဒင်းမှ မမြဲပါကလား"

ဆရာညွှန့် တီးတိုးရေရွတ်ရင်း ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ခဲ့ရသည်ကို သတိရ၏။ ရှင်ပြုခဲ့သည်ကိုကား မျက်စိထဲတွင် ကွင်းကွင်းထင်ထင် ပေါ်နေသည်။

"အို...အမောင်လေး၊ အရေးနောင်ခါ၊ မဆိုသာဘူး၊ ကြာရင် မယ်နှင့်ဝေးတော့မယ်"

ရွှဲလိုက် သီချင်းကို ဆရာညွှန့် ကြားယောင်လာသည်။

"မဝေးရတော့ပါဘူး...အစ်မဝိုင်းရေ၊ အခု လာနေပါပြီ"ဟု တီးတိုးပြောလိုက်သည်။

ဆရာညွှန့်သည် တရွေ့ရွေ့လျှောက်ခဲ့ရင်း အတိတ်ကဖြစ်ရပ်တို့သည် တစ်ခုပြီးလျှင်တစ်ခု ပေါ်လာကြကုန်သည်။

ရှင်လူထွက်ပြီးနောက် လူပျိုစိတ်ကြောင့် မပိုင်းထံ သွားချင်လျက် မသွားရဲ မလာဝံ့ ဖြစ်ရသည်ကို သတိရ၏။ မပိုင်းနှင့်အတူ သာမိုင်းခမ်းမြို့ ဘုရားပွဲကို ကြည့်နေကြစဉ် ဇော်ဘွားကြီး၏ ကိုယ်ရံတော်နှင့် ရန်ခိုက်ဒေါသ ဖြစ်ကာ ကြိမ်ဒဏ်အချက် ၂၀ အရိုက်ခံရသည်များကိုလည်း ပြန်လည်စဉ်းစား မိ၏။ ကြိမ်ရိုက်ဒဏ်ရာကို မပိုင်းက ဆေးဝါးလူပေးစဉ် လူငယ်တို့၏ အချစ် စိတ်ကြောင့် မပိုင်းကို ပွေ့ဖက်ထားခဲ့သည်ကိုလည်း မြင်ယောင်လာ၏။ မပိုင်းနှင့် မင်္ဂလာဆောင်ကြခြင်းကို ပြန်လည် စဉ်းစားလိုက်သောအခါတွင် ကား မနေ့တစ်နေ့ကမှ ဖြစ်ရသလိုပင် စိတ်ထဲတွင် ထင်လာတော့သည်။

"ဩော်...လူ့ဘဝဟာ အိပ်မက်မက်နေတာနဲ့ တယ်တူပါကလားနော်၊ အိပ်မက်မက်တဲ့လူ နိုးလာတော့ အိပ်မက်ဆိုတာ တကယ့်ဟာ မဟုတ်ကြောင်း သိရသလို၊ တကယ်ဖြစ်ခဲ့ ပျက်ခဲ့တာတွေဟာလည်း ပြန်စဉ်းစားလိုက်တော့ အိပ်မက်နဲ့ ဘာမှ မခြားတော့ပါကလား"

ပြောသာပြောသည်၊ ဆရာညွှန့်မှာ စဉ်းစားမြဲ စဉ်းစားလျက်ပင်ဖြစ် သည်။

မပိုင်းနှင့် မင်္ဂလာဆောင်ပြီးသည့်ညက အိပ်ရာဝင်ရာတွင် မပိုင်းက စောင်ကြီးကို ခေါင်းမြီးခြုံ၍ အိပ်နေသဖြင့် "အစ်မပိုင်း...ကျုန်တော် အိပ် ချင်လှပြီဗျ"ဟုဆိုကာ မပိုင်း၏ စောင်ခြုံထဲသို့ အတင်းတိုးဝင်အိပ်စက်ခဲ့ သည်များကို ကွင်းကွင်းထင်ထင် မြင်မိပြန်သည်။

ထို့နောက် မပိုင်းနှင့်အတူ လယ်ယာလုပ်ငန်းများ လုပ်ခဲ့ရပုံ၊ မြန်မာ ပြည်ဘက်သွားပြီး နှစ်ယောက်သား အာလူးရောင်းခဲ့ပုံ၊ မပိုင်း သေခါနီးတွင် မိမိအား မိန်းမယူရန် အတန်တန်မှာခဲ့ပုံ၊ မပိုင်း သေသွားပြီးနောက် မပိုင်း ၏ဂူသို့ တစ်လတစ်ခေါက် ရောက်ခဲ့ပုံတို့သည် တစ်ခုပြီးလျှင်တစ်ခု ဆရာ ညွှန့်၏ စိတ်အာရုံတွင် ပေါ်၍ ပေါ်၍ လာသည်။

"အင်း...အနှစ် ခုနစ်ဆယ်ကျော် ဖြစ်ခဲ့ပျက်ခဲ့တာတွေကို ပြန်စဉ်းစား လိုက်တော့ မနေ့တစ်နေ့က ဖြစ်သလိုပါပဲကလား၊ အနှစ်ခုနစ်ဆယ်ဆိုတာ

ကုန်သွားတဲ့အခါကျတော့ ကြာလိုက်တယ်လို့ မထင်ရဘူး၊ ကြာလည်းမကြာပါဘူးလေ၊ ခဏကလေးပါပဲ”

ဆရာညွန့်သည် တီးတိုးပြောရင်း အတိတ်က ဖြစ်ရပ်တွေ ပျောက်သွားကာ ပစ္စက္ခအာရုံသို့ ရောက်လာသည်။

မပိုင်း၏ အုတ်ဂူအနီးသို့ ရောက်လာပြီဖြစ်၏။ အုတ်ဂူမျက်နှာပြင်ပေါ်က မပိုင်း၏ ပုံတူ မို့မို့ကလေးက လက်ယှပ်ခေါ်နေသယောင် ထင်ရသည်။ အုတ်ဂူအနီးသို့ရောက်လာလေ...ဆရာညွန့် ခြေလှမ်းသွက်လာလေ။ သို့သော် ဆရာညွန့်၏ ခြေလှမ်းကား ခြေလှမ်းမှန်မှန်မဟုတ်၊ လေးကွက်သိုင်းနင်းနေသော ကယိမ်းကယိုင် ခြေလှမ်းတည်း။

“အစ်မပိုင်းရေ...ကျွန်တော် **ရောက်လာပြီလေ၊** ကျွန်တော့်ကို ထပြီး **နှုတ်ဆက်ပါဦး...အစ်မပိုင်းရဲ့**”

ဆရာညွန့်သည် မပိုင်း၏ အုတ်ဂူအနီးတွင် တောင်ဇေးထောက်လျက် မတ်မတ်ရပ်ကာ အားအင်ရှိသမျှ အော်၍ပြောလိုက်၏။ သို့သော် ဆရာညွန့်မှာ အားအင်ကုန်ခန်းနေပြီဖြစ်ရကား အသံကျယ်ကျယ်လောင်လောင် ထွက်မလာတော့ဘဲ အသံထွက်သည်ဆိုရုံမျှသာ ထွက်လေတော့သည်။

ဆရာညွန့်သည် မပိုင်း၏ အလောင်းကို မြှုပ်နှံ သင်္ဂြိုဟ်ထားရာ အုတ်ဂူကို မျက်တောင်မခတ် စိုက်ကြည့်ရင်း ရင်ထဲမှာ လှိုက်၍ လှိုက်၍ လာ၏။ ဖို၍ ဖို၍ လာသည်။ ရှိုက်၍ ရှိုက်၍ နေသည်။

ဆရာညွန့်၏ ပါးရိုး, နားထင်ရိုး, မျက်ခုံးရိုးတွေ နာကျင်ကိုက်ခဲလာ၏။ မျက်လုံးအစုံမှ မျက်ရည်ပူတွေ အိုင်ထွန်းထွက်ကျလာသည်။ မျက်ရည်တွေ ပိတ်ဖုံးနေသဖြင့် မပိုင်း၏ အုတ်ဂူကို မမြင်ရတော့။ ဘာကိုမှလဲ မမြင်ရတော့ချေ။

နားထဲတွင် တဝီဝီမြည်သံတွေ ကြားနေရသည်။ ထိုမြည်သံတွေ ဆိတ်သွားသော်လည်း အခြားအသံများကို မကြားရတော့။

ဆရာညွန့်ကား တုန်တုန်ခိုက်ခိုက်ဖြစ်နေသည်။ ယိမ်းယိုင်လှုပ်ရှားနေ၏။ လူနှင့်မတူတော့၊ သံပတ်ပေးထားသည့် အရုပ်သံပတ်ကုန်ခါနီးတွင် မလှုပ်တစ်ချက် လှုပ်တစ်ချက် လှုပ်ပုံမျိုးနှင့်သာ တူတော့သည်။

ဟုတ်၏။ ဆရာညွန့်ကား သံပတ်ကုန်ပြီတည်း။ ခဲထားသည့် ရှိသမျှ အားအင်ကလေးကုန်ခန်း ဆိတ်သုဉ်းသွားပြီဖြစ်ရာ တောင်ဝှေး လက်ကလွတ် ကျသွားသည်နှင့် မရှေးမနှောင်းပင် မပိုင်း၏အုတ်ဂူပေါ်သို့ ဆရာညွန့်၏ ကိုယ်ခန္ဓာ လဲကျသွားကာ မထသော အိပ်ခြင်းဖြင့် အိပ်လေတော့သတည်း။

လူမိခင်၏ဝမ်းမှ ပေါ်ထွက်လာခဲ့ကြသော လူသားမှန်သမျှတို့သည် မြေမိခင်၏ဝမ်းသို့ ဝင်ရောက်ပျောက်ကွယ်ကြစမြဲဖြစ်သည့် သဘာဝဓမ္မကို ဆရာညွန့်က လက်တွေ့ပြသွားချေပြီ။

○

ဦးမာလာနှင့် အရီးနန်းကြာတို့သည် ဆရာခေါင်နှင့်အတူ ထမင်းစား နေကြစဉ် မပိုင်း၏ အကဲကလေးကိုခတ်ရန် မပိုင်းကို တွေ့ချင် မြင်ချင်စိတ် ထက်သန်နေကြ၏။ မပိုင်း၏ အရိပ်အခြည်ကိုမျှ မမြင်ရသည့်အတွက် စိတ် ထင့်ကြကာ စိုးရိမ်မှုသန်းမိကြသည်။ မိမိတို့ ရောက်လာကတည်းက မပိုင်း ၏ အစအနကိုမျှ မမြင်ရသည်ကိုထောက်လျှင် မိမိတို့သားအား မပိုင်းက မစုံမက်၍ ဖြစ်လေသလားဟု လူရိုးကြီးများပီပီ တွေးကာ စိုးရိမ်ပူပန်နေ ကြသည်။

ဦးမာလာနှင့် အရီးနန်းကြာတို့ ထမင်းစားပြီးကြသောအခါ ဆရာခေါင် နှင့် အရီးစုံကို နှုတ်ဆက်ပြီးနောက် ပြန်ခါနီးတွင် ဦးမာလာသည် မနေနိုင် တော့သဖြင့် "မပိုင်းကော မမြင်ပါကလား...၊ မပိုင်း နေထိုင်ကောင်းရဲ့လား" ဟု ချွေးမလောင်း၏သတင်းကို မေးလိုက်သည်။

"နေကောင်းပါတယ်။ မီးဖိုခန်းထဲမှာ ဆေးကြောသိမ်းဆည်းနေပါ တယ်"ဟု အရီးစုံက အလိုက်သင့် ပြောလိုက်၏။

ဦးမာလာနှင့် အရီးနန်းကြာတို့သည် ဆရာခေါင်တို့အိမ်မှ ပြန်ခဲ့ ကြ၏။

ကျောက်တောရွာတွင် ကျန်ရစ်ခဲ့သည့် မောင်ညွှန့်မှာ သူ့မိဘနှစ်ပါး လာခဲလှသည်ဟု လည်ပင်းတရှည်ရှည်ဖြင့် မျှော်၍ နေရှာသည်။ ကြာလွန်း ပုံကို ထောက်သော် အဆင်မပြေ ဖြစ်နေသလောဟု မောင်ညွှန့် တွေးကာ စိတ်ပူပန်၍ နေသည်။

ဦးမာလာနှင့် အရီးနန်းကြာတို့ ပြန်လာသည်ကို လှမ်း၍မြင်လိုက် သော မောင်ညွှန့်သည် အိမ်ပေါ်မှ သဲပြေးရှင်ပြေး ဆင်းခဲ့ကာ ဖနောင့်နှင့် တင်ပါး တစ်သားတည်းဖြစ်အောင် ပြေးသွားသည်။

"ဘယ်လိုလဲ... အဖ... နေရာကျခဲ့လား"ဟု မောင်ညွှန့်က အသက် မရှူနိုင်ဘဲ မေးလိုက်၏။

"အိမ်း... နေရာကျပါလိမ့်မယ် ထင်ပကွာ"ဟု ဦးမာလာက မတင် မကျ ပြောလိုက်သည်။

"အဖ ပြောပုံက ဘယ်လိုလဲ အဖရ...၊ နေရာကျရင် ကျတယ်၊ မကျရင် မကျဘူး ရှင်းရှင်းပြောစမ်းပါ"ဟု မောင်ညွှန့်က အငမ်းမရမေးသည်။